www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၁၆၆၀၃၁၂

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၂၂၃၀၃၁၂

အကြိမ် – ပထမအကြိမ်၊
၂၀၁၂ ခုနှစ်၊ မေလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
ကိုယ်ယစ်မှုး/သျှင်မ၊ –ရန်ကုန်။ ရွှေသမင်စာပေ၊
၂၀၁၂။
၃၅၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ကိုယ်ယစ်မှုး




အခန်း [ ၁ ]

သင်တန်းတစ်ခုလုံး တိတ်ကျသွားသည်။ ကိုယ့်ဆီမှာ အာရုံတွေ ပြုလာပြီမှန်း သိလိုက်ကာ ထိပ်ထား ခါးလေး မတ်သွား၏။

အမြဲတမ်း နှာတံရှုံးပေါ်မှာ ပျင်းရိပျင်းတွဲ မေးတင်နေတတ်သည့် မျက်မှန်ကို ကမန်းကတန်း ပင့်တင် နေရာချလိုက်ရင်း ...

"အဟမ်း .."

"ဟဲ့ .. သိရင်လည်း မြန်မြန်ဖြေလိုက်လေ"

"အေးပါ .."

ထိပ်ထား နေရာမှ ထရပ်လိုက်ရကာ ...

"အဲဒါ ရုရှားပုံပြင် မဟုတ်ပါဘူး တီချယ်"

"မဟုတ်ဘူးဆိုတာ မင်း ပြောပြီးပြီလေ၊ ဟုတ်တာ ဘာလဲလို့ မေးနေတာ"

"ပုံပြင်က ထောင့်နှစ်ရာနှစ်ဆယ် အစောပိုင်းကာလမှာ ဖက်ဆစ်ဆန်တဲ့ အရိုင်းစစ်သားတွေကို ဘယ်လိုမွေးမြူ လေ့ကျင့်ခဲ့တဲ့အကြောင်း ပြည့်စုံတော့တဲ့ စာတမ်းတချို့ကို ဖတ်ပြီး စိတ်ကူးနဲ့ ပုံဖော်ခဲ့တဲ့ ပုံပြင်ဆန်ဆန် ဒဏ္ဍာရီပါ၊ ဒါကို ဂျပန်စစ်သမိုင်းထဲက ကောက်နုတ်ချက် တချို့လို့ ဖော်ပြပြီး ရုရှားစာရေးဆရာကြီးက ရေးခဲ့တာပါ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ခြင်းက ကြာရှည်စွာ ရပ်တည်နေဆဲ ...။

သင်တန်းဆရာမ ဒေါ်ခင်ခင်ငြိမ်း မျက်နှာပေါ်မှာ အကဲခတ်ဖို့ မလွယ်သော တည်ငြိမ်ခြင်းတို့ဖြင့် မျက်ဝန်းတွေကတော့ စူးရဲနေကြ၏။

မြတ်သောထိပ်ထား ...၊

ဒီမိန်းကလေးကို စပြီး သိကတည်းက ထူးခြားနေခဲ့သည်၊ သူမ ရှေ့မှာ ဘာသာပြန်ဝတ္ထု၊ ပုံပြင်၊ ဘာအကြောင်းပဲဖြစ်ဖြစ် ပြောလိုက်မိ တိုင်း နည်းနည်းတော့ ဝင်ထောက်သွားတတ်သည်။

ဒေါသထွက်လို့ ပြန်မေးလိုက်ရင်လည်း ကိုယ်က ပြန်ပြီး ဆရာ ခေါ်ရတော့မတတ်...၊ မြန်မာနိုင်ငံမှာနေတဲ့ မြန်မာလူမျိုးတွေ ...၊

နိုင်ငံခြားဘာသာစကားတွေကို ပြန်လည် ပို့ချပေးနေကြပေမယ့် နေရာတကာတိုင်းတော့ အပ်ချမတ်ချ သိနေမလား ...၊

"မင်း အဲဒီလို သိနေတာတွေကို တီချယ် ချီးကျူးပါတယ်"

စိတ်ထဲမှာ ဘာတွေဖြစ်ဖြစ် ကိုယ်မှားသွားတာကို ဝန်ခံလိုက်ရ သည်။ သူမကိုလည်း ချီးကျူးပေးရ၏။

ကိုယ့်တပည့်တွေရှေ့မှာ ဆရာဆိုတဲ့ သိက္ခာ နည်းနည်းပါးပါး ပဲ့ကြွေသွားခဲ့သော်လည်း ချီးကျူးဂုဏ်ပြုသည့်အပြုံးနှင့်သာ ...၊

"မင်း ကြည့်ရတာ စာတွေ တော်တော်ဖတ်တယ် ထင်တယ် ဘာသာစကားတွေရော ဘယ်နှစ်မျိုးလောက် လေ့လာဖူးလဲ"

မေးလိုက်သည်နှင့် သူမက မဟုတ်ဘဲ ဘေးကတစ်ယောက်ထံမှ ဖြေသံသည် ...

"ကိုရီးယားကလွဲရင် သူ တခြားဘာသာစကားတွေ အားလုံး ကျွမ်းတယ် တီချယ် ...၊ စာဖတ်လိုက်ရင်လည်း မြန်မာစာ၊ အင်္ဂလိပ်စာ ဘာဖြစ်ဖြစ် တစ်မျက်နှာဆို နှစ်ခေါက်သုံးခေါက်လောက် စိုက်ကြည့်ပြီး မှတ်လိုက်တာနဲ့ ရပြီ"

"ဩော် .. ဩော် ..."





'ပြောကြည့်ရအောင်' လို့တော့ စိတ်ထဲမှာ ပြောမိသေးသည်။ ဒါပေ မယ့် သူ့ထက် ကိုယ်သာဖို့က မသေချာ ...။

"ကောင်းတာပေါ့ ...၊ ဒါဖြင့် မင်း ဒီမှာ သင်တန်းလာတက်နေတာ အံ့သြဖို့ကောင်းနေပြီ၊ ကိုရီးယား ပြောင်းတက်သင့်တာ"

"သူက သမီးတက်တဲ့သင်တန်း လိုက်တက်တာ တီချယ်၊ မြန်မာ ပြည်ရောက်လာပြီးမှ သူငယ်ချင်း မရှိသေးတော့ ပျင်းလို့တဲ့"

ကြည့်စမ်း .. နိုင်ငံတကာ သွားလာနေတာလား၊ ဘယ်နိုင်ငံမှာ ကြီးပြင်းခဲ့တာလဲ ...၊ ဒီလိုပုံစံနဲ့ မလိမ်မိုးမလိမ္မာစတိုင်လ်ထွင်ပြီး သင် တန်းကလူတွေကို ဒေါက်ဖြုတ်ချင်တာလား ...။

ဒီတစ်ခါ ဟန်ဆောင်နိုင်ခြင်းကင်းစွာ ဒေါ်ခင်ခင်ငြိမ်း မျက်နှာ တင်းသွားသည်။ ကာယကံရှင်မဟုတ်ဘဲ ဝင်ဖြေပေးနေသည့် ဆံတိုမလေး ကိုရော ဟိုမရောက်ဒီမရောက် အဲဒီကပြားမလေးကိုပါ မျက်မှောင်ကုတ် ကြည့်လိုက်ပြီး ဂျပန်လို နှုတ်ဆက်၍ အတန်းလွှတ်ပေးလိုက်သည်။

သင်တန်းပြီးချိန်မှာ တီးတိုးစကားသံတွေ ထွက်လာကာ ကောင် လေးတွေက ထိပ်ထား ကို ကြည့်သွားကြတာ ပြုံးစိစိ ...။

"ကြည့်ပါလား .. စာချုပိုးရုပ်လေး"

"ဟုတ်တယ် .. တီချယ် တော်တော် လည်ပင်းအစ်သွားတာ"

အနားက ဖြတ်သွားရင်း ပြောသံတွေ ထိပ်ထား နားထဲမှာ ကျန် ရစ်၏။

"ချိုချို ..."

"ဟင် .. ဘာလဲ"

"နင်ကလည်း အများကြီး သွားပြောလိုက်တာကိုး"

"ဘာဖြစ်လို့လဲ"

"လိုမှ မလိုတာ နင်ကလည်း ...၊ ငါ့ကို ဝိုင်းပြောကုန်ကြပြီ"

ချိုချို က အပြစ်ရှိသည့်မျက်နှာမျိုး မဖြစ်ဘဲ ရယ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းပြောကြတာမှ မဟုတ်တာဟာ"

"စာဂျပိုးလို့ ပြောသွားတာလေ၊ ဂျပိုးဆိုတာ အိပ်ရာတွေအောက်မှာ ပုန်းပြီး ကိုက်တဲ့အကောင်လား .."

ချိုချို က နှုတ်ခမ်းပေါ်မှာ စာအုပ်လေးကပ်ပြီး တခစ်ခစ် ရယ်သည်။

"ဘာရယ်တာလဲ .."

"နင့်ကို ရယ်တာပေါ့၊ နင် ဂျပိုးကောင် မမြင်ဖူးဘူးလား"

"ဟင့်အင်း .."

"ခစ် .. ခစ် .. ပုန်းပြီးတော့ပဲ ကိုက်ရတယ်လို့ ထိပ်ထား ရယ်.."

သူမက ရယ်လို့ မပြီးနိုင် ..၊ ပြီးတော့ ဖြူနုဝင်းအိနေသည့် ထိပ်ထားရဲ့လက်ဖဝါးလေးကို ဆုပ်ကိုင်ဖျစ်လိုက်ရင်း ...

"ဂျပိုးဆိုတာ ကြမ်းပိုးကို အသံထွက်ပြောင်းပြီး ခေါ်တာပဲဟာ၊ နင့်ကို ဂျပိုးနဲ့နှိုင်းတာ မဟုတ်ပါဘူး၊ စာဖတ်ဝါသနာပါတာကို ပြောချင်တာပါ"

"စာဖတ်တာနဲ့ ကြမ်းပိုးကောင်က ဘယ်လို ပတ်သက်နေလို့လဲ၊ အဲဒါ ငါ မေးတာ"

BURMESE CLASSIC .com

"ဒုက္ခပါပဲ .. ခစ် .. ခစ် .."

ချိုချို့ လိုပဲ ထိပ်ထား ရယ်တော့ ရယ်ချင်ပေမယ့် ဘာကိုရယ်ရမှန်း မသိသေးသဖြင့် မျက်တောင်လေး တဖျတ်ဖျတ်နှင့် မအီမလည် ဖြစ်နေရှာသည်။

"မြန်မာစကားတော့ ကျွမ်းကျင်ပြီး ဝေါဟာရမကြွယ်တဲ့ မြန်မာမလေးပါလား ထိပ်ထား ရယ် .. နင့်မေးပုံနဲ့တော့ ခက်တော့တာပဲ၊ အလွယ်ပြောနေကြပြီး သေချာရှင်းဖို့ ခက်တဲ့ မြန်မာစာ၊ မြန်မာစကားက အတိသယရတွေ၊ ဝက်ဝုတ္တိတွေနဲ့ အရမ်း ကောက်ကွေ့တာ"

"ကောက်ကွေ့တယ် .."





"လုပ်ပြန်ပြီ"

ချိုချို က လမ်းသွားနေရင်း ခေါင်းလေးကုတ်၍ ပြုံးတော့ ပြုံးနေလျက်နှင့် ...

"ကောက်ကွေ့တယ်ဆိုတာ အဖွဲ့အနွဲ့ လွန်တာတွေ၊ တင်စားတာ ထပ်တူပြုတာ .. အများကြီးပဲဟာ .. မိန်းမလှလေးတစ်ယောက် ခြေလှမ်းလာတာကို လေညှင်းလေးတစ်စ တိုက်ခတ်လာသလိုပဲလို့ တင်စားတာမျိုး၊ ခြေသံကို သစ်ရွက်ကြွေသံနဲ့ ထပ်တူပြုပြီး ဖွဲ့နွဲ့ကြတာ အများကြီးပဲဟာ ..၊ ချစ်သူ လိုချင်ရင် ရှုဝံကြယ်ကို လှမ်းဆွတ်ပေးမယ်ဆိုတာတွေ ကြားဖူးလား .."

"ဟင့်အင်း"

"သီချင်းတွေထဲမှာလေ"

"ဟင့်အင်း"

"အဲဒီလို အများကြီး ကြားဖူးနားဝရှိထားတော့ ပြောရတဲ့လူ အားရှိတာပေါ့"

"ဟုတ်လား .."

ချိုချို မျက်နှာမဲ့ရခြင်းသို့ရောက်ကာ မျက်မှန်လေးနဲ့ သူငယ်ချင်းမသစ်တသစ်လေးကို အပြစ်လည်း မတင်ရက် ..၊

ရွှဲ့ပြောတာလည်း ပြောမှန်းမသိတော့ သူမပဲ နောက်ထပ် ချာဂျင် အပြည့် ထပ်သွင်း၍ ...

"နောက်ထပ် ရှိသေးတယ်ဟာ .. မဖြစ်နိုင်တာတွေကို မရမက တင်စားကြ၊ နိုင်းနှိုင်းပြောကြတာတွေ.. ဆင်းရဲတဲ့လူတွေဆိုရင် 'အမလေး စီးပွားရေးကလည်း မကောင်းလိုက်တာမှ ဝါးလုံးခေါင်းထဲ ဆင်ဝင်တာ ကျနေတာပဲ' လို့ ညည်းကြတယ်"

"ဟင်!... ဝါးလုံးခေါင်းထဲ ဝင်မယ် ဟုတ်လား၊ ဝါးလုံးခေါင်းဆိုတာ ဒီလောက် ထိပ်ဝအပေါက်လေးကို ပြောတာလား"

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား က လမ်းပေါ်ကို ရောက်နေကာမှ လက်ညှိုးနဲ့ လက်မလေး ကွင်းဝိုင်းလုပ်ပြီး နှစ်ယောက်မျက်နှာရှေ့မှာ ထိုးထိုးထောင်ထောင်လုပ် မေးနေသေးသည်။

"ထိပ်ထား .. ဟဲ့ .."

ချိုချို က ထိပ်ထား လက်လေးကို ဖျတ်ခနဲ ဖိဆုပ်လိုက်ပြီး အောက်ဖိချသည်။

"ပါးစပ်က မေးပါဟယ်၊ အဲဒီလိုကြီး လုပ်မပြပါနဲ့၊ နင်ကတော့ တကယ်ပဲ"

"ဒါလုပ်တာ ဘာဖြစ်လို့လဲ"

ဆိုပြီး ထပ်ထောင်လာတော့ ချိုချို ချက်ချင်းပဲ ဖယ်ချလိုက်ရပြန်ကာ ...

"အဲဒါတွေ မိန်းကလေးတွေ မလုပ်ရဘူး၊ နောက်မှ ငါ ရှင်းပြပါ့မယ်"

"မဟုတ်ဘူးလေ .. ငါ မေးချင်တာက အဲဒီလောက် အဆါက်.."

"သြော် .. လက်ကြီး မပါနဲ့ဆိုမှ"

သုံးကြိမ်မြောက် ကြွတက်လာပြီးမှ ထိပ်ထား ကိုယ့်လက်လေးကို လက်သီးဆုပ်လေး ပြန်လုပ်ထားမိကာ ...

"ဆင်ကြီးတစ်ကောင်လုံး ဘယ်လိုလုပ် ဝင်လို့ရမှာလဲလို့ .."

"ဟုတ်တယ်လေ.. ငါပြောခဲ့ပြီးပြီပဲ၊ မဖြစ်နိုင်တာတွေကို တင်စားကြပါတယ်ဆိုမှ .."

"အေးပါ .. စီးပွားရေးနဲ့ ဝါးလုံးပေါက်ရယ် .. ဆင်ရယ်လေ .. ဘာမှလည်း မဆိုင်ဘူး"

"မဆိုင်ပေမယ့် စီးပွားရေးကျပ်လွန်းတာကို တဆုံးထိ ပြောလိုက်တာဟာ .."

"သြော် ..."





ထိပ်ထား နားလည်သွားရှာပြီ ...၊

ချိုချို သက်ပြင်းလေးချ၍ ပြုံးမိ၏။ ထိပ်ထား ကတော့ မျက်တောင်ဖျားလေးတွေ စင်းချရင်း တလှုပ်လှုပ်လျှောက်နေရင်း ...

"အဲဒီလောက်ထိ စီးပွားရေးကျပ်ကြတာလား"

ဟု တိုးတိုးလေး ရေရွတ်လေသည်။ ပြီးတော့ ...

"ချိုချို .. နင် ငါ့ကို အခုပြောပြတဲ့ မြန်မာစာအဖွဲ့အနွဲ့တွေ ပြန်သင်ပေးနော်"

"သင်ပေးမယ်.. စိတ်ချ၊ နင် ငါနဲ့ ဘယ်သွားသွား လိုက်..၊ ငါတို့အိမ်ကို ခဏခဏ လာလည်၊ သင်ပေးစရာမလိုဘဲ တတ်သွားလိမ့်မယ်"

နှစ်ယောက်စလုံး အပြင်ရောက်လာကြတော့ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် အသက်ငါးဆယ်လောက် လူကြီးတစ်ယောက် အနားရောက်လာကာ ...

"ဘယ်လိုလဲ သမီး .. ပျော်ရဲ့လား"

"ပျော်တယ် ကယ်ကြီး"

ပျော်တယ်ဆိုပြီး တစ်စက်မှ အပြုံးအရယ်မရှိသည့် မျက်နှာလေးကို လူကြီးက မျက်မှောင်ကုတ်ကြည့်သည်။ ထိပ်ထား လက်ထဲက ပလတ်စတစ်အိတ်ပါးလေးကို လှမ်းယူရင်း ...

"သမီး မသိတာ တစ်ခုခု တွေ့လာလို့လား"

"တစ်ခုခု မဟုတ်ဘူး .. အများကြီးပဲ"

"ဟုတ်လား .."

ချိုချို ကတော့ ဘေးကနေကြည့်ပြီး အံ့သြနေမိသည်။ ကားပေါ်တက်ပြီး လက်ပြသွားတာကို ငေး၍ ထိပ်ထား ရဲ့ဘဝလေးကိုလည်း အားကျမိ၏။ သူမလေးက ဘယ်လိုအဆင့်အတန်း၊ ဘယ်လိုမိဘမျိုးက မွေးဖွားလာသူလေးမှန်းတော့ မသိ ...။

ဒါပေမယ့် မြန်မာနိုင်ငံကို ပြန်ရောက်လာတာ သိပ်မကြာသေး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သော ..၊ နိုင်ငံများစွာမှာ နေထိုင်သွားလာနေခဲ့သည့် မြန်မာမလေး ဖြစ်သည်။ မိဘနှစ်ပါးစလုံး မြန်မာစစ်စစ်လို့ပဲ ပြောသည်။ သူမကလည်း မြန်မာလို ချစ်စရာကောင်းတာမျိုးပါ။ သို့သော် သူမ ပိုပြီး ကျွမ်းကျင်တာက နိုင်ငံခြားဘာသာစကားတွေ ဖြစ်နေ၏။

"မာမိ ဆုံးသွားကတည်းက ငါ ကယ်ကြီး နဲ့ပဲ အတူတူနေရတာ" တဲ့ ..။ ကယ်ကြီး ဆိုတာ အန်ကယ်လ်ကို ခေါ်ခြင်း ဖြစ်သည်။ ထိုလူကြီးနာမည်မှာ ဦးမင်းမြတ်သွင် ဖြစ်ကာ ဖအေရဲ့ညီအရင်းမို့ ဦးလေးအရင်း ဖြစ်၏။

"ကယ်ကြီး က ဒက်ဒီ စီးပွားရေးတွေ ရှိထားသမျှ နိုင်ငံတွေကို ဒက်ဒီ ညွှန်ကြားတဲ့အတိုင်း သွားနေရတာလေ ..၊ ငါ့ကိုလည်း အသိပညာ၊ အတတ်ပညာတွေ တိုးအောင်ဆိုပြီး ကယ်ကြီး နဲ့ပဲ ထားတယ်၊ ကျောင်းချိန်တွေကလွဲရင် ဘယ်သွားသွား လိုက်ခိုင်းတယ်၊ ကယ်ကြီးကလည်း ဒက်ဒီစိတ်နဲ့ တထပ်တည်းပါပဲဟာ၊ ငါ စာဖတ်ဝါသနာပါတဲ့ အကျင့်တွေ၊ ဘာစာဖြစ်ဖြစ် ခဏအတွင်း မှတ်နိုင်တာ၊ မမေ့အောင် သိမ်းတတ်တာ၊ အဲဒါတွေက ကယ်ကြီး ရဲ့ထရိန်နင်တွေပဲ" တဲ့ ..။

ထိပ်ထား နဲ့သူမ စပြီး ခင်မင်ခဲ့တာလည်း ကွန်ပျူတာသင်တန်းတစ်ခုမှာဖြစ်ကာ ခုလိုပဲ သင်ပေးတဲ့ဆရာတွေ အံ့သြလောက်အောင် အားလုံး တော်နေသူလေးမို့ ကိုယ်ကပဲ စပြီး သူငယ်ချင်းဖြစ်ဖို့ ကြိုးစားမိတာပင် ..။

ထိပ်ထား က နုနုဖတ်ဖတ် ဖြူဖျော့ဖျော့လေးဖြစ်ကာ ခန္ဓာကိုယ်လည်း မြင့်မြင့်မားမား လှလှပပလေး မဟုတ်ပေ ..။ မနိမ့်မမြင့်အရပ်လေးနှင့် ပိန်သည့်တက်ကို ပါသေးသည်။ မျက်မှန်ပါဝါထူထူနှင့်မို့ တမင်တကာ လှပအောင်ပြင်ဆင်မထားတတ်သည့် သူမပုံစံလေးက နိုင်ငံတကာမှာ သွားလာနေထိုင်ဖူးသူလေးလို့ ပြောရင်တောင် ယုံချင်စရာ မရှိ ..။

သူမ တတ်ကျွမ်းနေသည့် ပညာရပ်တွေ၊ နူးနူးညံ့ညံ့ စကားပြောပုံ





လေးတွေကို ခြုံငုံသုံးသပ်ကြည့်မှ သူမ အဆင့်အတန်းကို ယုံကြည်နိုင်ဖွယ်ရှိသည်။ တကောက်ကောက်လိုက်ပြီး စောင့်ရှောက်နေသည့် ဦးလေးဖြစ်သူကလည်း ဒီတူမတစ်ယောက်အတွက် ဖန်ဆင်းရှင်တစ်ပါးလို ရွှေဆို ရွှေ၊ ငွေဆိုငွေ ဖြည့်ဆည်းဖို့အသင့် ..။

"ချိုချို .."

"ဟင်!..."

"အမလေး ငေးနေလိုက်တာ၊ ဘာလဲ .. ဟိုတစ်ယောက်က ပြန်လှည့်လာမယ် ပြောသွားလို့လား"

နောက်သင်တန်း တက်ဖို့ ရှိနေတဲ့ မေသူ က သူမ ရပ်နေတဲ့နေရာက လှမ်းပြောမှ ချိုချို က သူမဆီကို လျှောက်သွားရင်း ရယ်ပြကာ ...

"မဟုတ်ပါဘူး .. ငါ သူ့အကြောင်းတွေးရင်း မျောလွင့်သွားလို့"

"ဟုတ်တယ်နော် .. နာမည်လေးကလည်း ချစ်စရာလေး၊ လူကလည်း ချစ်စရာလေးပါ၊ သူ့ပုံစံလေးက သိပ်လည်း မလှချင်သလိုပဲ၊ မာနမကြီးတတ်မှန်းလည်း သိသာတယ်နော်"

"ဟုတ်တယ် .. ငါ သူ့ကို သတိထားမိတော့ သင်တန်းထဲမှာလေ၊ နောက်ဆုံးခုံမှာ တစ်ယောက်တည်း သိလား"

"ဘယ်သင်တန်းမှာလဲ"

"ကွန်ပျူတာသင်တန်းမှာ ..၊ လူမပြည့်တဲ့နေ့တွေလည်း ရှေ့ကိုတိုးမလာဘူး ဟိုး .. နောက်လေးမှာပဲ၊ တီချယ်က ခေါ်တော့မှ ရှေ့ကိုရောက်လာတယ်၊ ပြီးတော့ သူ့ကို လှည့်ကြည့်ကြတဲ့ မိန်းကလေးတွေကိုရော ယောကျ်ားလေးတွေကိုရော အားလုံးကို လူစေ့အောင် ကြည့်ပြီး ပြုံးပြတယ် သိလား"

"ဟုတ်လား .."

"ဟုတ်တယ် .. အရမ်း မျက်နှာပြောင်တဲ့ကောင်တွေတောင် ကြောင်တောင်တောင် ဖြစ်ကုန်တာဟ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြရင်း သတိရသွားသလို ချိုချို က ပြုံးနေသည်။

"မထင်ရဘူး သိလား .. အရမ်းတော်တာပဲ၊ ပြီးတော့ သင်တန်းထဲမှာ စစ္စတန်ပုံးပျက်သွားတော့ ဟက်ဒစ်ပျက်တာလို့ ပြောပြီး သူ ဝင်ကြည့်ပေးတယ် သိလား .. အဲဒါ ဆားဗစ်စင်တာထဲ မရောက်ဘဲ ပြန်ကောင်းသွားတယ်"

"သူ ဘာလို့ ဒီလောက် တော်နေတာလဲ မသိဘူးနော်၊ ဒါဆို သင်တန်းတက်နေတာတွေက သူ တတ်ရဲ့သားနဲ့ ပျင်းလို့ လိုက်ထိုင်နေတာလား"

"အေး .. ငါတို့အမြင်မှာ အဲဒီလိုပဲ သတ်မှတ်ရမှာပဲ၊ ဒါပေမယ့် သူကတော့ သူ မသိသေးတာတွေ အများကြီးပဲဆိုပြီး စိတ်ဆင်းရဲနေရှာတာ"

"အံ့ရော .."

ထိပ်ထား အကြောင်းကို သိထားသလောက်ကြီးတော့ မပြောဖြစ်ခဲ့ပါ။ ဒါပေမယ့် တော်နေတာတွေကိုတော့ ပြောနေရင်း မပြီးနိုင်အောင် အားပါနေခဲ့သည်။

မြတ်သောထိပ်ထားလေး သည် မျက်နှာလေး မြင်တာနဲ့ ချစ်ခင်ချင်အောင် ဖြူစင်သည်။

အသံလေးကြားလိုက်တာနှင့် သူမလေးသဘောအတိုင်း ခေါင်းညိတ်ချင်၏။ ရယ်လိုက်ပြီဆို မျက်ခွံလေးတွေ မို့တက်လာသလိုရှိကာ ကလေးဆန်ပုံလေးက ချစ်ဖို့ကောင်းသည်။

အားလုံးပြည့်စုံစွာ ရှိနေပြီးတာတောင်မှ ဘာမှမရှိသေးဘူးထင်နေသော သူမမှာ ...၊

BURMESE CLASSIC .com





## အခန်း [၂]

မွေးနေ့ကိတ်သေးသေးလေးပေါ်မှာ ဖယောင်းတိုင်သေးသေးလေးတွေ ထွန်းပြီး မွေးနေ့ဆုတောင်းသီချင်းလေးတွေ ဆို၊ လက်ခုပ်တီး၊ အားလုံးက တဟားဟား တဝါးဝါးနှင့် ပျော်စရာကြီးဖြစ်နေ၏။

မီးမှုတ်လိုက်တော့ မီးခိုးဖြူဖြူတွေက ထွက်လာသည့် သော့နံ့တွေကိုလည်း ဘယ်သူကမှ နံတယ်ဆိုပြီး နှာခေါင်းရှုံ့တာ မမြင် ..။

ချိုချို့ အတွက် မွေးနေ့လက်ဆောင်ဘူးလေးကိုင်ရင်း ထိပ်ထားအားလုံးကို လိုက်ငေးနေမိသည်။

"ဘိုးဘိုးပေးတဲ့ လက်ဆောင်ကလည်း စိပ်ပုတီး ပိစိလေး"

"ပိစိလေးမှ မြေးမက စိပ်ချင်မှာပေါ့၊ အရှည်ကြီးဆို ပျင်းလှပါတယ်ဆိုပြီး ပစ်ထားမှာကိုး"

"ဘွားဘွားကလည်း ရွှေစက်တော်တံဆိပ်ပါတဲ့ ယောဂီတဘက်လေး .."

"အမလေး .. အဲဒါမှ ငါ့မြေး ဘုရားသွားကျောင်းတက် လှလှပပလေး အဆင်ပြေမှာ၊ မန်းရွှေစက်တော်တံဆိပ်နဲ့ ၂၄ ပစ္စည်း ပဋ္ဌာန်းကော်ပိုင်းနဲ့ ဘယ်လောက် ကျက်သရေရှိလိုက်သလဲ၊ ငါ့မြေး ဘုရားမေ့ဘုရားမေ့ မဖြစ်အောင်လို့ .."



www.burmeseclassic.com

"ဟွန်း .. မကောင်းပါဘူး"

ချိုချို က နှုတ်ခမ်းစူနေကာ ကုလားထိုင်ပေါ်မှာ ခန့်ညားစွာ ထိုင်နေကြသည့် အဘိုးအဘွားတွေက ချစ်စနိုး ပြုံးရယ်လျက် ...

"ကဲပါ .. ငါတို့ကို ကိတ်မုန့်ကျွေးပါဦး မီချို ရာ .. အလုပ်မသွားခင် အဲဒါလေး မှုတ်ချပြီး လက်ဖက်ရည်ဆိုင် ပြေးထိုင်ရမယ်၊ ဒီနေ့ မုန့်ဖိုးသက်သာအောင်လို့"

"အံမာ .. ကိုကြီးက လက်ဆောင်မပေးဘဲနဲ့ စားချင်လို့လား"

"လောလောဆယ် ကြွေးမှတ်ထားလေ .. ကိုကြီးက လခထုတ်မှ ပိုက်ဆံရမှာဥစ္စာ"

"မမေ့နဲ့နော်"

"မမေ့ပါဘူး .. ကိုကြီး ငါ့ညီမအတွက် ကြည့်ထားပြီးသား"

"ဟုတ်လား .. ပြောကြည့် .. ဘာလေးလဲ"

"ကီးချိန်းလေးလေ .. တအားလှတယ်၊ နင်က ကီးချိန်းတွေ ဝယ်ပြီး သိမ်းတတ်တာ ကိုကြီး သိတာပေါ့၊ အဲဒါလေးတွေက သိပ်လည်း ဈေးမများဘူး၊ တစ်ခုမှ သုံးရာတည်း"

"သွား .. ကိုကြီးကို မကျွေးတော့ဘူး"

အားလုံး ဝိုင်းရယ်ကြတော့ ထိပ်ထား လည်း ရယ်မိသည်။

"ကဲပါ သမီးရယ် .. ညည်းအစ်ကိုက 'စ' နေတာကို၊ ကိတ်မုန့် ကျွေးလိုက် မြန်မြန် .. မစားရရင် သွားမှာမဟုတ်ဘူး"

"ဒီကောင်ကိုက မကြီးမငယ်နဲ့ .."

အဖေနဲ့အမေက ဝင်ပြောမှ ချိုချို မျက်နှာကို လျှော့သည်။

"သမီးသူငယ်ချင်းတောင်မှ အကောင်းစား ဝယ်လာတာ"

ဟု အတွန့်တက်ပြီးမှ ကိတ်မုန့်လေးကို တုန်တုန်ချိုချို လှီးကျွေး၏။ အစ်ကိုဖြစ်သူကလည်း သွားအဖြီးသားနှင့် ပါးစပ်တစ်လုံး ပြည့်အောင် ဟပေးထားသည်။





ပြီးတော့မှ ထမင်းချိုင့်နဲ့ အိတ်တစ်ဖက်ဆွဲ ထရပ်ကာ ထိပ်ထား ိုင်နေတာကို လှည့်ကြည့်ပြီး နှုတ်ဆက်သည်။

"တွေ့လား .. ညည်းသူငယ်ချင်း ကိုကြီးကို ကြေးနိုင်းနေပြီ၊ ောက်ဆို သူ့ကို ကီးချိန်းလောက်ပဲ ပေး .. သိလား၊ ကိုကြီးကို စာနာ ေးသောအားဖြင့် .."

ပြောပြီး ထိပ်ထား ခေါင်းကို ပုတ်သွားသေးသည်။

ချိုချို နဲ့ သူ့အစ်ကိုက အသက် ကိုးနှစ်တောင် ကွာသည်။ တစ်အိမ် ုံး အသားမည်းကြပြီး ချိုချို က ဖြူဖြူလေး ဖြစ်သည့်ပြင် အငယ်ဆုံးမို့ ိုင်းအုံချစ်နေကြတာ ဖြစ်မည်။

ထိပ်ထား က မိသားစု နွေးထွေးတာလေးကို အထင်ကြီး လေးစား ငေးနေရင်း ချိုချို က ဆွဲခေါ်မှ ရှေ့ကို တိုးသွားဖြစ်သည်။

"လာ .. နင့်ကို ငါက အလယ်သားလေး ခွဲကျွေးမယ်"

"ချိုချို .. ငါ့ဘူးထဲမှာ ကီးချိန်းလေးပဲနော်"

"အံမယ် .. ဘာမှ ပါစရာမလိုဘူး၊ ကိုကြီးကို အမြင်ကတ်လို့ ခင်ပြောတာ"

"ဟုတ်လို့လား .."

"ဟုတ်တယ် သမီးရေ့ .. မီချို က သမီးကိုတော့ အသေခင်တာ..၊ ်မှာလည်း သမီးအကြောင်းချည်းပဲ ပြောနေတာ၊ ထမင်းတောင် ကြင့်အောင် မစားဘူး၊ သူ့အစ်ကိုကလည်း ညီမကို စတာလွန်တော့ ွေ့လိုက်ရင် အဲဒီအတိုင်းပဲ"

"ထိပ်ထား က တမင်နောက်နေတာပါ အန်တီ .. သိပါတယ်၊ ို ကိုရော အန်တီတို့အားလုံးကိုပါ ထိပ်ထား ခင်တယ်၊ နွေးထွေးတဲ့ ားစုလေးကို ထိုင်ကြည့်နေရတာ စိတ်လည်း ချမ်းသာတယ်"

"ဩော် .. သမီးလေးက တစ်ဦးတည်းသော သမီးလား"

"ဟုတ်ပါတယ် .. မာမီကတော့ ဆုံးသွားပြီ"

www.burmeseclassic.com



"ဒက်ဒီ ရှိသေးတယ်ပေါ့"

"ဟုတ်ကဲ့"

"ကဲပါ အမေရယ် .. ဒီနေ့ သမီးက ထိပ်ထား ကို စာအုပ်တန်းတွေ ရှိသမျှ လိုက်ပြပေးမလို့ ချိန်းထားတာ"

ချိုချို က စကားဖြတ်ပြီး ကိတ်မုန့်ကို တကယ် ခွဲကျွေးသည်။

"ကိတ်မုန့်က နင့်အတွက်တော့ ခံတွင်းတွေ့မှာ မဟုတ်ဘူးနော်"

"ကောင်းပါတယ် .. ဘာဖြစ်လို့လဲ"

"နင်က အကောင်းစားတွေပဲ စားသောက်လာခဲ့ရတဲ့လူလေ"

"အစားကောင်း စားတယ်ဆိုတာ ပါးစပ်ကပဲ ဆုံးဖြတ်တာတဲ့ .. ဒက်ဒီက ပြောတယ်၊ ငါ စင်ကာပူရောက်ကာစက အစားအသောက်တွေ မကြိုက်လို့လေ၊ နောက်တော့ ဘာဖြစ်ဖြစ် စားလို့ ရသွားတာပဲ၊ အားလုံးက သူ့အချိုးအဆနဲ့ စီမံထားတဲ့အတိုင်း ကောင်းနေတာပဲဟာ"

ထိပ်ထား က အစားစားရင်း စကားပြောတာလေးလည်း သေသေသပ်သပ်ရှိသည်။ တစ်အိမ်လုံးကလည်း သူမကို ခင်သွားကြတာပင် ..

"မြေးရေ .. နောက်လည်း မကြာမကြာ လာနော် .. ဘိုးဘိုးတို့က ဒီမြေးပေါက်စမကိုပဲ ချစ်နေရတာ၊ နှစ်ယောက်ချစ်ရတော့ ပိုပြီး စိုပြေတာပေါ့"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

ထိပ်ထား က ခေါင်းလေးညိတ်ကာ လက်ဆောင်ဘူးလေးကို ချိုချို့ လက်ထဲ ထည့်ပေးလိုက်သည်။ ချိုချို က သေချာကိုင်ကြည့်ပြီးမှ...

"ခု ဖွင့်ရမလား"

"ဖွင့်လေ .."

ဖွင့်လိုက်တော့ ဘူးအရွယ်လေးအတိုင်း အထဲမှာ ဖိုင်ဘာသေတ္တာလေးက သုံးလက်မအရှည်လောက်ရှိကာ ခလုတ်လေးတွေလည်း ပါ၏။

"ဘာလေးလဲဟင် .."





"နာရီလေ"

"နာရီ .."

"ဟုတ်တယ်"

ထိပ်ထား က သေတ္တာပုံလေးရဲ့ အပေါ်ဖုံးပုံစံ အကြည်ပြားလေးကို သန်ချလိုက်ပြီး ခလုတ်လေးတစ်ခု နှိပ်လိုက်တော့ သေတ္တာကိုယ်ထည်မှာ နာရီပုံ စက်ဝိုင်းလေးတွေ လင်းခနဲ ဖြစ်လာ၏။

အားလုံးက အချိန်ကိုက် သွားနေကြတာ ဖြစ်၏။

"ဒါ .. ဒီအရုပ်လေးကရော .."

"နှိုးစက်လေ .. ဒီမှာ နာရီချိန်ပြီး သတ်မှတ်တဲ့အချိန် ရောက်ရင် သူ နှိုးလိမ့်မယ်"

ခလုတ်လေးတွေကို ဖွင့်ပိတ်ပြသည်နှင့် ငုတ်တုတ်လေး ထိုင်နေသည့် လူရွှင်တော်ရုပ်လေးက ငေါက်ခနဲ ထရပ်ကာ ကြေးမောင်းလေးကို တီး၍ အိပ်ရာထဖို့ အော်တော့သည်။

"get up"

"get up"

"ဟယ်!... ချစ်စရာလေး .. အသံလေးက"

"ဟာ!... ငါ့မြေးလက်ဆောင်က အဆန်းပဲကွ .."

ချိုချို လက်ခုပ်လေးတီး၍ ထခုန်မတတ် ဖြစ်သွား၏။ မပိတ်ချင်း နှိုးနေသည့် ကလေးသံလေးက မောင်းသံညက်ညက်လေးနှင့် အသံညီကာ အိပ်ချင်နေလည်း ဘယ်လိုလူမှ ဆက်အိပ်နေလို့ ရမည်ဆောင် ...။

"နင် ကြိုက်လား .."

"ကြိုက်တာပေါ့ ထိပ်ထား ရယ် .. ဒါမျိုးလေး မြင်လည်း မမြင်ဖူးဘူး ကြားလည်း မကြားဖူးဘူး၊ နင် ဒီမှာ ဝယ်တာလားဟင်"

"မဟုတ်ဘူး .. ဒါက ငါ့မွေးနေ့ အမေရိကားမှာ လုပ်တုန်းက

www.burmeseclassic.com



ဒက်ဒီမိတ်ဆွေတစ်ယောက် လက်ဆောင်ပေးတာ၊ ကစားစရာတွေ လုပ်တဲ့ ကုမ္ပဏီတစ်ခုက ပထမဆုံးထွင်တဲ့ ဒီဇိုင်းသစ်တဲ့၊ ငါ့ကိုပေးတော့ သူ့လက်ထဲမှာပဲ ဆယ့်သုံးနှစ် ကြာနေပြီ"

"ဟယ် .."

"အရမ်းကောင်းတာ ..၊ ချာကျင်သွားတာ တစ်ချက်ပဲ ဂရုစိုက်၊ ရေစို ပြုတ်ကျ ဘာမှမဖြစ်ဘူး"

"အမလေး ပစ္စည်းကလည်း တကယ့် နိုင်ငံခြားပစ္စည်းစစ်စစ်ပဲ၊ ကစားစရာတောင်မှနော်"

ချိုချို က လက်ဆောင်ဘူးလေးကို သေချာပြန်ပိတ်ပြီး နမ်းလိုက်သေးသည်။ နှစ်ယောက်အတူတူ အပြင်ထွက်လာတဲ့အထိ ချိုချို ပျော်နေတာ မပြီးနိုင် ..။

"ငါ နင့်ကို အရမ်း ကျေးဇူးတင်တာပဲ သိလား .. မုန့် ထပ်ဝယ်ကျွေးဦးမယ်"

"ငါမှ မစားချင်တော့တာ .. တော်ပါပြီ၊ စာအုပ်ဆိုင်တွေ သွားမယ်ဆို .."

"နင့်မှာ ကားပါလာသလား"

ချိုချို က ဟိုရှာဒီရှာကြည့်ရင်း မေးသည်။

"နင်ပဲ မယူခဲ့နဲ့၊ နှစ်ယောက်တည်း လျှောက်သွားမယ်ဆို"

"ဟုတ်တယ် .. ဒါပေမယ့် နင့်ကယ်ကြီးက လွှတ်မယ် မထင်လို့"

"ငါ့ကို ဘယ်သွားသွား .. ဘာလုပ်လုပ် ဒက်ဒီကအစ မပိတ်ပင်ဘူး၊ စိတ်မချလို့ တကောက်ကောက်လိုက်ကြည့်တာမျိုးလည်း မလုပ်ဘူး၊ မသိအောင် ဘာမှမလုပ်ဖို့ပဲ ပြောတယ်၊ သွားမယ်ဆို သွားမယ့်နေရာ ပြောသွားရုံပဲ၊ ဒီရောက်မှ ငါ နည်းနည်းစိမ်းနေမှန်း သိလို့ ကယ်ကြီး လိုက်နေပေးတာ"

"လာ .. ဟိုမှာ ကားမှတ်တိုင်က .."





ချိုချို က တခြားဘက်ကို ခြေဦးလှည့်နေသည့် ထိပ်ထား လက်လေးကို ဆွဲလိုက်ပြီး ကားမှတ်တိုင်ဘက် လျှောက်ခဲ့ရင်း ...

"အံ့သြစရာပဲနော် ..၊ အေးလေ .. နင့်ကို ယုံကြည်တာ ဖြစ်မှာပေါ့၊ အိမ်မှာဆို ဘွားဘွားတို့ အဆိုးဆုံးပဲ၊ ထိုင်ရာကထလိုက်တာနဲ့ 'ဒါက ဘယ်လဲ'လို့ မေးပြီ၊ ပြတင်းပေါက်နား ခဏရပ်ငေးကြည့်ပါလား 'ဘာကြည့်နေတာလဲ .. ဘယ်သူရှိလို့လဲ'ဆိုပြီး အနားကို ဗျတ်ခနဲ ရောက်လာရော ..၊ တခြားနေရာမှာသာ ထိုင်မလွှယ် ထမလွယ်နဲ့ အသက်ကြီးလာတာကို တညည်းညည်း၊ အဲဒါမျိုးဆို မြန်ပြီးသားပဲ"

မဲ့ရွဲ့ပြောနေတာကို ထိပ်ထား က မျက်မှန်လေးပင့်ရင်း ရယ်သည်။

"ငါလည်း ခုချိန်ထိ ရည်းစားမပြောနဲ့ ဧည့်ပြားတောင် မစားဖူးပါဘူးဟယ်၊ အဲဒါကိုပဲ မယုံတာ"

"မယုံတာ မဟုတ်ပါဘူး၊ ချစ်လို့ ဖြစ် .."

ထိပ်ထား က စကားပြောရင်း ဘာကို သတိရသွားမှန်း မသိဘဲ ရပ်သွားကာ ...

"ဧည့်ပြားတောင် မစားဖူးဘူးဆိုတာ တကယ်လား"

"ဟမ်!..."

"ရည်းစားထားဖို့က ဧည့်ပြားစားဖူးမှ ဖြစ်တာလားဟင်.. ဒီမှာ အဲဒီလိုလား .."

"ထိပ်ထား ရယ် .. ငါတော့ သေချင်တယ် .."

ပြောတာက စိတ်ညစ်သွားသည့်အသံနှင့်ဖြစ်ကာ ချိုချို က ဗိုက်လေးနှိပ်ပြီး ရယ်၏။

"ကဲ .. ဖြေစမ်းပါ၊ သူများမေးရင် ရယ်ဖို့ပဲ"

"ဟဲ့ .. နင်က ရယ်စရာကြီး လာမေးတာကိုး .. နေပါဦး ထိပ်ထား ရယ် .. နင် မြန်မာစစ်စစ်ရော ဟုတ်ရဲ့လား ..၊ နိုင်ငံခြားတို့ ဘယ်အရွယ်ကတည်းက ရောက်သွားတာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ နှစ်နှစ်သမီးကတည်းက စရောက်ဖူးတာ"

"ဟင်!..."

ချိုချို အရယ်ရပ်သွားသည်။

"တစ်ခေါက်ပြန်လာပြီး ဒီမှာ ပထမတန်းအောင်တာနဲ့ ဟိုမှာ
နေဖြစ်တော့တာ၊ မာမီ မဆုံးခင်ကတော့ ခဏခဏ ပြန်လာရပါတယ်
မာမီ ဆုံးသွားတော့ မရောက်တော့တာ ကြာပြီ .."

"ဒါဆိုလည်း ငါ မပြောတော့ပါဘူး .. အရှုံးပေးပါပြီ မယ်မသ
ရယ် .."

"နင်ကလည်း ငါ့ကို စိတ်ရှည်လက်ရှည် ပြောပြပါ"

"ဟုတ်ပါပြီ .. အားလုံး အရှည်ကြီးထားမယ်၊ ကဲ .. နေပူတယ်
ဒီဘက်တိုး"

မုတ်တိုင်မှာ အမိုးရိပ်အောက်ကို ဆွဲခေါ်တော့ ထိပ်ထား က တ
နေရာကို ငေးရင်း ပါလာကာ ...

"ဟိုမှာ အချောင်းတွေထောင်နေတာ ဘာသည်လဲဟင် .. စားစရ
ဆိုရင် စားကြည့်ရအောင်"

ကြည့်လိုက်တော့ အချဉ်ပေါင်းမဆလာသည် .. ချိုချို က လှမ်း
ခေါ်လိုက်ပြီး ...

"ချဉ်တော့ ချဉ်တယ် .. ဒါက ငွေးသီးပေါင်း .. ဒါက မရန်း
ဒါက သရက် ထင်တယ်၊ နင် ဘာစားမလဲ .."

"အကုန်စားကြည့်မယ်လေ .. နည်းနည်းစီ .."

"ဟာ!... တစ်ခုလုံး ယူရတာလေ .. နည်းနည်းစီ မရဘူး၊ အမျိုး
ဆို တပုံကြီး ဖြစ်နေမှာပေါ့"

"ဈေးကြီးလို့လားဟင်"

"ခက်တော့တာပဲ ထိပ်ထား ရယ် .. နင် စားနိုင်မှာ မဟုတ်လို့
ပြောတာ၊ ကဲ .. တစ်ခုစီပေး ဦးလေး"





မုန့်ဖိုးရှင်းတော့လည်း ထိပ်ထား က ပိုက်ဆံ သိပ်မကိုင်တတ်ပေ။
ချိုချို့ လက်ထဲကို ပိုက်ဆံအိတ်လေး ထည့်ပေးပြီး ရှင်းခိုင်း၏။

ထိုစဉ် သူတို့ရှေ့ကို လူရိပ်တစ်ရိပ် ဘွားခနဲ ကျလာသလိုကြီး
ရောက်လာကာ ...

"နော့ .. နော့ကို နည်းနည်း ကျွေး .."

"ဟယ်!..."

"အဲမာ .. လုတယ် ကြည့်စမ်း"

ထိပ်ထား မစားရသေးသည့်အိတ်ကို ဆတ်ခနဲ ဆွဲလု၏။ ပြီးတော့
ထွက်ပြေးသွားတာလည်း မဟုတ်ဘဲ ချဉ်ပေါင်းတွေကို အိတ်ဖွင့်ပြီး ပြုံး
ပြုံး ငုံ့ကြည့်သည်။

ဒါသတ္တကကာ ချိုချို ပြန်ဆွဲလုမလို့ ရှေ့တိုးလိုက်ပေမယ့် ငုံ့ကြည့်
နေသည့် ပါးစပ်ထဲက သွားရည်တွေ ချဉ်ပေါင်းအိတ်ထဲ အတန်းလိုက်
ကျသွားတာကို မြင်လိုက်ပြီး ...

"ကုန်ပါပြီ"

ဟု တမ်းတမ်းတတ ရေရွတ်ပြီး တက်ခေါက်သည်။ ကောင်လေး
က အသက်ဆယ့်လေးငါးနှစ်လောက် ရှိနိုင်လျက် မုန့်အိတ်ကိုင်သည့်
လက်က မငြိမ်သလို မေးဖျားက ဆတ်ခနဲ ဆတ်ခနဲ ရွဲ့ခါသွားတတ်၏။

ပြီးတော့ ဘယ်ဘက်ပါးတစ်ခြမ်းလုံးမှာ ဖုထစ်ချိုင့်ခွက်ရာတွေနှင့်
အကျည်းတန် အရုပ်ဆိုးလွန်း၏။

"အဲဒါ ဒီလိုလုပ်တိုင်း ရနေလို့ လုပ်တာ၊ ခဲနဲ့ကို ကောက်ထုမယ်"

"ချိုချို .. ချို မလုပ်ပါနဲ့ .. သူ တကယ် စားချင်လို့ ဖြစ်မှာပါ"

ချိုချို ခဲလိုက်ရှာတော့ ထိပ်ထား က အတင်း ပြန်ဆွဲထားသည်။
ကောင်လေးက သူ့ကို ရိုက်နှက်မယ်ဆိုတာလည်း သိပုံမပေါ်ဘဲ ထိပ်
ထား တို့ ဘာဖြစ်နေလဲဆိုတာကို သေချာပြန်ကြည့်နေသေးသည်။

အနားမှာရှိသည့် လူတချို့ကပါ လှမ်းကြည့်နေကြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တောင်းစားတဲ့အမျိုး မဟုတ်လောက်ပါဘူး၊ ဝတ်စားထားတာ သန့်သန့်ပြန့်ပြန့်ပဲ"

အားလုံး ဝိုင်းကြည့်နေကြတုန်း ...

"ဟိုမှာ .. ဟိုမှာ .. မြန်မြန်ဆွဲတင်စမ်း"

မာစီးဒီးအဖြူရောင်လေး ထိုးရပ်သွားကာ ကားပေါ်ကနေ ဒရိုင်ဘာနှင့် လူငယ်တစ်ယောက် အပြေးအလွှား ဆင်းလာကြ၏။ အမျိုးသမီးကြီးက ကားထဲကနေ ရှုံ့မဲ့ကြည့်ရင်း ...

"အဲမယ် .. ရှန်းနေတယ် .. ဆွဲချုပ်လိုက်"

"လိုက်ဘူး .. မ .. လိုက် .. ဘူး ..၊ မေး .. မေး .. ရေး .."

"ငြိမ်ငြိမ်နေစမ်း၊ ဟိုမှာ မင်းအမေ လာခေါ်တာပဲ .. မမြင်ဘူးလား"

"လိုက်ဘူး .. လွှတ် .. လိုက်ဘူး .. ကွာ .."

သားသတ်ရုံပို့မယ့် ဝက်တစ်ကောင်လို မြင်မကောင်းအောင် ဆွဲချုပ် ပွေ့ချီ၍ ကားပေါ်တင်ကြ၏။ အော်တဲ့သူကလည်း အသံပြာအောင် အော်၏။

"ဘာတွေလဲ .. ချစမ်း၊ ချ .. ခုချ"

"နော် စားဖို့ .. ပေးဘူး .."

"ဂျိမ်း .."

ရှန်းရင်းဆန်ခတ် အားလုံးက ကားတံခါးပိတ်သံနောက်မှာ ပျောက်ကွယ်သွားကြ၏။

"ဒီလိုကျတော့လည်း သနား .. ဟင်!..."

သနားပါတယ်လို့ ဆုံးအောင် မပြောဖြစ်လိုက်ဘဲ မျက်ရည်ရောင်တွေ လက်နေသည့် ထိပ်ထား ရဲ့မျက်ဝန်းလေးတွေကြောင့် ချိုချို အံ့ဩသွား၏။

သူမ မျက်လုံးတွေအတိုင်း လိုက်ကြည့်လိုက်တော့ အချဉ်ပေါင်းတွေ ပြန့်ကျဲ ကျန်ရစ်သည့် ကားလမ်းနံဘေး ပလက်ဖောင်းအစပ် ..၊





"ထိပ်ထား ရယ် .. နင်ကလည်း"

"ငါ တစ်ခါမှ ဒီလို ဝမ်းမနည်းဖူးဘူးဟာ .. အရမ်းသနားတာပဲ၊ သူ့ခမျာ ဘာမှမပါတဲ့ အိတ်ခွံကို အတင်းဆွဲဆုပ်ပြီး ပါသွားရှာတာ"

ပြောနေပြီး မျက်တောင်တွေ တဖျတ်ဖျတ် ခတ်၏။ သူမ မျက်ရည်ကျတော့မည်။

"ကဲပါဟာ .. ဒီလိုပဲ ဘဝတွေ အမျိုးမျိုး ရှိကြတာပဲ"

"သူ့အမေ ပါရဲ့သားနဲ့ သူ့သားလေးကို မသနားဘူးနော်"

"သူ့ကို အရှက်ခွဲရလားဆိုပြီး ဒေါကန်နေတာ မတွေ့ဘူးလား၊ ပိုက်ဆံချမ်းသာရက်နဲ့ သားသမီးကို ပစ်ထားပြီးတော့ .."

ချိုချို က ကြားထဲက စိတ်တိုနေသည်။ ထိပ်ထား က ချိုချို့ လက်ကလေးကို ကိုင်၍ ...

"နင်တို့အိမ်ကျတော့လည်း မိဘနှစ်ပါးရော အဘိုးအဘွားရော အရမ်းကြင်နာတာပဲနော်"

"အေးလေ .. ငါကသာ ချုပ်ချယ်တယ်လို့ ထင်နေတာ၊ ဘေးလူတွေဆို ငါ့ကို အိမ်က အရမ်းချစ်ကြတာပဲလို့ ပြောပြီး အားကျနေကြတာ၊ ငါလည်း ဒါမျိုးတွေမြင်ရမှ ကိုယ့်ကိုယ်ကိုယ် ကံကောင်းမှန်း သိတော့တယ်"

ပြောပြီးမှ ထိပ်ထား က ငေးနေသဖြင့် စိတ်မကောင်းဖြစ်သွားကာ ...

"ထိပ်ထား .. နင့်မှာ မိသားစုနည်းနေလို့ စိတ်မကောင်း ဖြစ်သွားတာလားဟင်"

"မဟုတ်ပါဘူး"

ထိပ်ထား မှာ အဲဒီလို တစ်ခုခုကို ငတ်မွတ်စွာ တောင့်တနေတတ်တဲ့ ပုလောင်စိတ်တော့ နည်းခဲ့တာ ကိုယ့်ကိုယ်ကိုယ် သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မာမီ အစောကြီးတည်းက ဆုံးသွားပေမယ့် အားမငယ်တတ်အောင် ဒက်ဒီက သင်ပေးထားတယ်"

ထိပ်ထား ဒက်ဒီ့မျက်နှာ ခန့်ချောကြီးကို သတိရလာမိသည်။ ဒက်ဒီဟာ အိမ်ထောင်ဆက်တွေများပြီး ချမ်းသာသလောက် အပျော်အပါး ဖက်သည်လို့ တချို့က သတ်မှတ်ပေမယ့် ထိပ်ထား ဘယ်တော့မှ ဒက်ဒီ့ကို အဲဒီလို မမြင် ...။

ထိပ်ထား အပေါ်မှာ ဒက်ဒီ ချစ်တာကို သိသည်။ ဘယ်လောက်ထိ ချစ်သလဲဆိုတာကို သူများထက် ပိုသိသည်။ သမီးအတွက်ဆို ထောင့်စေ့အောင် မြင်တတ်သည့် ဖခင်မျိုး ဖြစ်သည်။

"ဒက်ဒီက စီးပွားရှာနေတာ သမီးဘဝ ပြည့်စုံမှုရရုံလေး မဟုတ်ဘူး၊ ချမ်းသာတဲ့လူတွေချင်း ကိုယ့်ကို မော်ကြည့်ရမယ်၊ စီးပွားရေးအမြင်ဆိုရင် ကိုယ့်ခြေလှမ်းကို သူများက မျက်ခြည်ပြတ်မခံရဲတဲ့အထိ အားလုံးဂရုစိုက် အလေးထားနေရလောက်အောင် တော်ရမယ် .. ထက်ရမယ်၊ ဒက်ဒီ ကြိုးစားနေတာ အဲဒီလို အောင်မြင်ဖို့ .."

"စိတ် အမြဲတမ်း တက်ကြွလန်းဆန်းနေဖို့အတွက် ဒက်ဒီ လိုချင်တဲ့ သာယာမှုမျိုးကို ဒက်ဒီ ရှာတယ်၊ အဲဒါ သမီးလေးအတွက် ထားတဲ့ ဒက်ဒီ့ရင်ထဲက နေရာကို ဖဲ့ပေးတာ မဟုတ်ဘူး .. သမီး နားလည်ပါ၊ မိခင်မေတ္တာ ငတ်မွတ်ခဲ့လို့ ဒက်ဒီက စီးပွားရေးကိုပဲ လုံးပမ်းပြီး ဂရုမစိုက်သလိုနေလို့ စသဖြင့်သော ကိုယ်ကျိုးမဖြစ်တဲ့ စိတ်ကူးတွေ သမီးခေါင်းထဲ လုံးဝ မထည့်ရဘူး၊ လူဆိုတာ မိခင်ဝမ်းထဲက ကျွတ်ပြီဆိုကတည်းက ကမ္ဘာမြေပေါ်ကို ခြေစုံရပ်နိုင်ဖို့ ကြိုးစားကြရတာ၊ မေတ္တာတရားတွေ ဥပေက္ခာတွေကို ခွဲခြမ်းစိတ်ဖြာနေဖို့ မဟုတ်ဘူး၊ မိခင်မေတ္တာဆိုတာ ဘဝမှာ ကောင်းကောင်းရပ်တည်ဖို့အတွက် နေပူမရောက်ခင် လိုအပ်တဲ့အရိပ်တစ်ခုပဲ၊ အရိပ်အောက်မှာရပ်နေရင် ခရီးရောက်နိုင်မလား .."





ထိပ်ထား ကပဲ ဒက်ဒီ့ကို ချစ်ခင်ယုံကြည်နေခဲ့၍လား မသိ ...၊ ဒက်ဒီ ပြောသမျှ တစ်ခွန်းဆိုတစ်ခွန်း နားထဲရောက်သည်။ မှတ်ထားပြီးပြီဆို ဘယ်တော့မှ မမေ့ ...။

ဒါကို သူများက ပယ်ဖျက်ဖို့ ဘယ်လို ဒဿနတွေနဲ့ပဲ နှိုင်းယှဉ်လာလာ ဒက်ဒီပဲ မှန်သည်။ ဒက်ဒီ ပြောတဲ့အတိုင်းပဲ ထိပ်ထား ရှိနေခဲ့၏။ အဲဒါက ဒီနေ့ထိ မပျက်ယွင်းခဲ့ပေ ...၊

ထို့ကြောင့် မေတ္တာကိုသာမက ထိပ်ထား ရင်ထဲမှာ တစ်စုံတစ်ရာကို တမ်းတငတ်မွတ်ရင်း ပူလောင်ခံစားနေရတာမျိုး ဖြစ်ခဲ့ဖူးတာ သိပ်မရှိ...။

"ဒက်ဒီက သမီးကိုတော့ ဒက်ဒီ့လို ဖြစ်စေချင်တာ မဟုတ်ဘူး၊ ဒက်ဒီ ဘာတွေလုပ်နေသလဲဆိုတာ သိထားရင် ရပြီ၊ လူငယ်ပီပီ အသိပညာ .. အတတ်ပညာတွေ ဘာမဆို သမီး တီးမိခေါက်မိ ရှိနေရမယ်၊ ကိုယ် ဝါသနာအပါဆုံး တစ်ခုခုမှာ သူမတူအောင် ထူးချွန်ရမယ်၊ အဲဒါ ဒက်ဒီ ဖြစ်စေချင်ဆုံးပဲ၊ ရယူမှုတစ်ခုအတွက် ကြိုးစားပြီဆိုရင် ရောင့်ရဲနိုင်တဲ့စိတ်ကိုပါ ဆုတ်ပစ်လိုက်၊ တတ်ပြီးရင် တတ်၊ တော်ပြီးရင်း တော်ရမယ်"

ဒက်ဒီ ဒီစကားတွေပြောတုန်းက ကယ်ကြီးနဲ့ သမီး နေရမယ်၊ မလွှမ်းတတ်ရဘူးဆိုသည့် အမိန့်ကိုပါ ထည့်ပေးလိုက်သေးသည်။

ဒက်ဒီ့ စကားတွေကိုပြောပြရင်း ထိပ်ထား ပြုံးနေတာကို ချိုချို က ခေါင်းတညိတ်ညိတ်နှင့် ဘယ်လိုတွေ သဘောပေါက်နေသည် မသိ..။

"ကောင်းတာပေါ့ဟာ .. တချို့ဆိုရင် မိဘက ဘယ်လောက်ကောင်းအောင်နေနေ တစ်ချက်လေး အမှားအယွင်းဖြစ်လိုက်တာနဲ့ သားသမီးက အပြစ်ထောက်၊ စိတ်ဝမ်းကွဲ၊ မိဘကလည်း သားသမီး ပေါ်မှာရင် သည်းမခံဘဲနဲ့ ကိုယ်ဖြစ်ကိုယ်ခံဆိုပြီး ပစ်စလက်ခတ် ထားကြတာလေ၊ နင့်ကို ငါက အဲဒါတွေ အထင်ကြီးတာ သိလား ..၊ နင့်အဆဆိုရင် သားသမီးဘက်က ဝေဖန် အပြစ်ထောက်လို့ ရသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com

နင်ကတော့ နားလည်တတ်တယ်၊ ချစ်လည်း ချစ်တယ်၊ နင်တို့သားအဖ အတွက် အေးချမ်းတာပေါ့"

"ဒက်ဒီက ငါ့ကို ဘာမှ ဝေဖန်ဖို့မလိုအောင် ကောင်းတယ်၊ သူ့နောက်ထပ် အိမ်ထောင်ပြုတာတွေ ရှိပေမယ့် ဒက်ဒီရင်သွေးဆိုလို့ ငါပဲ ရှိတာ"

"ဟုတ်လား .. တစ်ယောက်မှာမှ ကလေးမရှိခဲ့ဘူးပေါ့"

"ဒက်ဒီက မယူတော့တာ"

ကြားရတာက သိပ်တော့ နားဝင်မချိုပါ။ ယောက်ျားတစ်ယောက်မှာ အိမ်ထောင်ဘယ်နှစ်ဆက်လောက် ပြုနိုင်သည့် အခွင့်အရေးရှိသလဲ မသိပေမယ့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့နားထဲမှာ 'ရိုးမြေကျ' ဆိုသည့် စကားသည်သာ မင်္ဂလာအရှိဆုံး ...။

ထိပ်ထား ရဲ့အဖေကတော့ နိုင်ငံခြားမှာ အနေကြာပြီး စွက်ဖက်ယဉ်ကျေးမှုတွေ လိုင်းဝင်သွားတာ ဖြစ်မည်ထင်သည်။

ဘာပဲဖြစ်ဖြစ် ထိပ်ထား က သူ့အဖေကို ချစ်ခင်လေးစားခြင်း မပျက် ...၊ စိတ်ချမ်းသာအောင် နေတတ်တာတော့ ကောင်းပါသည်။ ကိုယ်သာဆိုရင်တော့ ...၊

ချိုချို ပင့်သက်လေး ရှိုက်မိသည်။ ထိပ်ထား နဲ့ သူမရဲ့ မတူညီမှုတွေ စတင်လာပြီ ဖြစ်၏။ ဒါပေမယ့် ထိပ်ထား ကို သူမ ခင်တွယ်နေမိသည်။ ဒါတွေကြောင့်လည်း ယုတ်လျော့ပျက်ပြားမှာ မဟုတ် ...။

ဒီနေ့ အတွေ့အကြုံများ၏အစမှာ စာအုပ်ဆိုင်တွေဆီ မရောက်ခင်မှာပဲ အတော် စုံလင်နေပါပြီ ...၊ ချိုချို ပေါ့ပါးစွာ ပြုံးလိုက်မိကာ ...

"သွားမယ် .. ဟိုမှာ ကားလာနေပြီ"





## အခန်း [၃]

"ကိုကြီး စိတ်အေးအေးထားပါ၊ သမီးလေးက ငယ်ပါသေးတယ်"

"အေးလို့မရဘူး ညီလေး .. ဒီသမီးတစ်ယောက်ပဲရှိတာ၊ ငါ စိတ်ပူ ...ကလည်း သူ့အတွက်ပဲရှိတာ၊ ဘာမဆို ကိုယ်လိုသလို ငါ ဖန်တီးနိုင် ...ယ်၊ သမီးအဟွက် လိုအပ်တာမှန်သမျှကိုလည်း ငါ ဖြည့်ဆည်းပေးနိုင် ...ယ်၊ အိမ်ထောင်ရေးကိစ္စမှာ ပိုချင်လို့လည်း မရဘူး၊ လိုချင်လို့လည်း ...ရဘူး"

စခရင်မ်မှာပေါ်နေသည့် အစ်ကိုဖြစ်သူရဲ့မျက်နှာကို မြင်ရတာ ...းမင်းမြတ်သွင် အံ့သြချင်နေမိသည်။ မဟာနဖူးထောင့်ကျယ်နှင့် ထူ ...ည့်နီမြန်းသော နှုတ်ခမ်းဖူးသည် သူ့ရှေး ဦးမြတ်ထွတ်ခေါင် ၏ ...းခြားစွာ ကြည်စင်ခန့်ညားနေတတ်သော ဥပမိရုပ် ဖြစ်၏။

ပြောလိုက်သမျှမှာ သြဇာဂုဏ်မြောက်သည်။ မျက်နှာပေါ်မှာ ...စ်စုံတစ်ခုကို စိုးရိမ်ကြောင့်ကြနေတတ်တာမျိုးလည်း မရှိခဲ့ ...၊

ခု မြင်နေရတာက ညဝတ်အင်္ကျီ အနီရဲပွပွကြီးနှင့် ကိုကြီးမျက်နှာ ... မျက်ခုံးထူထူတွေ တွန့်ကုတ်နေလျက် မျက်ဝန်းတွေက ဆွေးရိပ် ...မ်းနေသလိုလို ...၊



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာအပေါ်မှာ အလေးအနက် တွေးတောနေရပုံလည်း ဖြစ်လျက် ...

"ငါ့သမီးအတွက် အိမ်ထောင်ဖက်ဖြစ်သင့်ဆုံး ယောကျ်ားဟာ သူ တစ်ယောက်ပဲ ရှိတယ်၊ ဒါပေမယ့် သူ့ကို ငါ့သမက်ဖြစ်လာအောင် ငါ ဖန်တီးလို့ မရဘူး"

"မြန်မာလူမျိုးချင်းပဲ လက်ထပ်ပေးချင်လို့ ကမ်းလှမ်းတာမှန်း ကိုရာဇ လည်း သိနေတာပဲ ကိုကြီး၊ သူက သူ့သားကို လူမျိုးခြားနဲ့ ရည်ရွယ်နေလို့လား .."

"ဒီလို မဟုတ်ဘူးလေ .. လူကြီးချင်းက အရင်ကတည်းက ပွင့်လင်းကြပြီးသား၊ အရင်တည်းကိုက လက်မခံခဲ့တာ ကိုသု"

ကိုသု ကိုမှ ဘာဖြစ်လို့ သမီးအတွက် ရည်ရွယ်နေရတာလဲလို့ မေးချင်လာမိသည်။ ဒီကောင်က နိုင်ငံတကာပတ်ပြီး ကမ္ဘာကျော်နေပေမယ့် စီးပွားရေးပညာရှင်လည်း မဟုတ် ..။

အားကစားဘက်မှာ ထူးချွန်သည်၊ ကိုယ်တိုင် ပြိုင်ပွဲဝင်ကာ ဆုတံဆိပ်တွေ သိမ်းမနိုင်အောင် စုဆောင်းရခြင်းကို ဝါသနာထုံတဲ့သူ ..၊

ပြိုင်ပွဲသံကြားပြီဆို ဘယ်နိုင်ငံဖြစ်ဖြစ် လိုက်တတ်တာ ကမ္ဘာပဲ ပတ်ရပတ်ရ ဘာကိုမှလည်း ဂရုမစိုက် ..။

"ကျွန်တော် တစ်ခုတော့ ပြောချင်တယ် ကိုကြီး"

စိတ်ထဲမှာရှိတာကို ပြောပြချင်တာမို့ အတွေးဝင်လာတဲ့အတိုင်း...

"ကလေးအတွက် မပင်ပန်းရအောင် ကိုကြီး ငဲ့ပြီး ကိုကြီးလို စီးပွားရေးနယ်ပယ်ထဲကို မသွင်းဘဲ ထားခဲ့တယ်"

"အင်းလေ .. ဘာဖြစ်လို့လဲ"

"ကိုသု ကိုလည်း သူ့အဖေက ဒီတိုင်းပဲ မွေးမြူခဲ့တာ"

"ဒီတော့ မင်းက ကိုသု ကို ဘာအားကိုးလောက်စရာရှိလို့လဲလို့ မြင်လိုက်တာလား"





"ဒီလိုလည်း မဟုတ်ပါဘူး၊ ဒါပေမယ့် နှစ်ယောက်ပေါင်းပြီး ကိုယ်ထင်ရာ ကိုယ်လုပ်နေကြရင် .."

"အဲဒီလို လုပ်နေပြီး ထိုင်စားသွားလည်း နှစ်ဖက်မိဘရဲ့ စီးပွားရေး အမွေပစ္စည်းတွေနဲ့ သူတို့တင်မကဘူး မြေးမြစ်တီတွတ်တွေထိ အေးဆေးနေသွားလို့ ရပါတယ်၊ ဒါပေမယ့် မင်းတူမကို မခိုင်းဘဲထားတာပဲ ရှိတာ၊ အခု ငါ့ရဲ့စီးပွားရေးအားလုံးကို သူ မသိတာ ရှိလား ..၊ မကိုင်တွယ်နိုင်ဘူးလို့ရော မင်း ထင်လား"

"သမီးကတော့ ထူးခြားတဲ့ကလေးပဲ ကိုကြီး .. သိပ်ကိုတော်တဲ့ ရှမီရှင်လေးပါ"

ကိုယ့်ဘက်ကျတော့ အမွှန်းတင်ပါလားဆိုသည့် ချစ်စနိုးအကြည့်တွေနှင့် စခရင်မ်ပေါ်မှာ ဦးမြတ်ထွတ်ခေါင် မျက်နှာကြီး ပြုံးသွား၏။ ပြီးမှ ...

"ကိုသု ကို အဲဒီလိုကလေး ဖြစ်မယ်လို့တော့ မထင်ဘူးလား"

"ကိုကြီးက ထင်နေတယ်ဆိုရင်ရော ထင်တဲ့မျက်လုံးနဲ့ပဲ ကြည့်နေတာမျိုး ဖြစ်မနေနိုင်ဘူးလား၊ ကျွန်တော်က ကိုကြီး အထင်ကြီးလွန်းနေမှာ စိုးတာပါ၊ ပြီးတော့ သမီးလေးက တော်ပေမယ့် မထက်ဘူး၊ သဘောထား နူးညံ့တယ်၊ သနားလွယ်တယ်၊ စဉ်းစားတတ်တယ်၊ ကိုသု ဆိုတဲ့ကောင်က မာကျောတဲ့ပုံ ရှိမယ်ထင်တယ်၊ ပြီးတော့ နာမည်ကျော် အားကစားသမား၊ တောက်ပလွန်းတဲ့ အရာဝတ္ထုတစ်ခုရဲ့ဘေးမှာ သိပ်တောက်တဲ့အရာက မှေးမှိန်သွားတတ်တယ်၊ သူ တကယ် အရည်အချင်းကောင်းတွေ ပြည့်နက်နေရင်တောင် သမီးကို စိတ်ချမ်းသာမှုပေးမယ့်လူမျိုး မဟုတ်ရင် ကိုကြီး ဘာတွေမှ မက်မောမနေပါနဲ့၊ ကျွန်တော့် ကလေးအတွက် ဂုဏ်တွေ၊ ကျော်ကြားမှုတွေ ဒီလောက်လည်း အလျှင်စလိုကြီး မလိုအပ်သေးပါဘူး"

"လိုအပ်မယ့်အရာကို လိုအပ်လာမှရှာရင် ပိုခက်ခဲတယ် ညီလေး



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကြိုပြီး တွက်မိနိုင်မှလည်း လူတော်တစ်ယောက်ဖြစ်မှာ၊ သမီးလေးအတွက် ကြင်နာနိုင်မယ့်လူ လိုအပ်သလို အဲဒီလူဟာ ငါတို့ သမီးထက် အစစအရာရာ သာလွန်မြင့်မားနေရမယ်၊ အဲဒါ ငါ့သမီးအတွက် ငါ့ရဲ့ အပြင်းပြဆုံး ရည်မှန်းချက်ပဲ"

"အဲဒီလူက ကိုသု တစ်ယောက်ပဲ ဖြစ်နိုင်မှာလား"

"မှန်တယ် .. သူ သမီးထက် အသက်ပိုကြီးပေမယ့် မိန်းကလေးတစ်ယောက် သဘောကျ နှစ်သက်နိုင်မယ့် ရုပ်ရည်လက္ခဏာ ရှိတယ်၊ တစ်ဘဝလုံးအတွက် ယုံကြည်အားကိုးထိုက်တဲ့လူ .."

"ကမ္ဘာပတ်နေတဲ့ ယောက်ျားတစ်ယောက်ဆိုတာ ကိုကြီး ထည့်တွက်ရဲ့လား .."

"ငါလည်း အတွေးတူပဲလေ .. ဒါပေမယ့် .."

ဦးမြတ်ထွတ်ခေါင် မျက်နှာက ရှက်ရွံ့သလိုလို မလုံလဲသလိုနှင့် ပြုံးတုံ့တုံ့ ခပ်လွဲလွဲဖြစ်သွားကာ ...

"ငါနဲ့ လုံးဝမတူတဲ့ အကျင့်တစ်ခု ရှိတယ်၊ အဲဒါကြောင့် ငါ့သမီးအတွက် သူ့ကို ရွေးချယ်ဖို့ မျှော်မှန်းခဲ့တာ"

ဦးမင်းမြတ်သွင် သဘောပေါက်သွားသည်။ ထို့ကြောင့် ကိုသုကို ရွေးချယ်ဖို့ စဉ်းစားစေလိုခြင်း၊ ကိုယ့်ရဲ့ဆွေးနွေးခန်းကို တစ်ခန်းရပ်လိုက်မိကာ ...

"အခု ကိုကြီး ဘာကို စိတ်ပူနေတာလဲ ..၊ ကိုသု နဲ့ ကိုကြီး ပြောဆိုမိခဲ့တာ ရှိလို့လား"

"သူ မက္ကဆီကိုက ပြန်ရောက်လာတုန်း ငါ့ဆီ ဝင်တွေ့တယ်၊ ကိုရာဇ ကလည်း အနည်းအကျဉ်း ပြောပြထားပုံပါပဲ၊ ဒါပေမယ့် သူနဲ့ငါ အဲဒီကိစ္စ ဘာမှမပါဘဲ သူ့ဝါသနာအကြောင်းတွေပဲ ပြောဖြစ်သွားတာ၊ အဲဒါကြောင့် သူလည်း သမီးလိုလူပဲဆိုတာ ငါ ရိပ်မိတာပေါ့၊ ဝါသနာပါရာကို လုပ်နေပေမယ့် ကိုရာဇ ကလည်း သူ့ရဲ့ တစ်ဦးတည်းသော





သားကို ဒီတိုင်း လွှတ်လပ်သလို နေခွင့်ပြုခဲ့တာ မဟုတ်ဘူး၊ သားအဲဖနှစ်ယောက်ကြားမှာ ဆက်နွယ်မှုတွေ ရှိတယ်၊ နားလည်မှု၊ ယုံကြည်တွေပေါ့"

"ပြောပါဦး .. သူနဲ့လည်း ကိုကြီး ပြောဆိုကြည့်ပြီးပြီ၊ ဒီအကြောင်းလည်း မပါဘူးဆိုတော့ .."

"သူ့အဖေဆီက ဒီနေ့ပဲ ငါ့ကို အကြောင်းပြန်တယ်၊ သူ့သားက လက်မခံဘူး"

"ဘာ!..."

အစ်ကိုကြီးဆိုတာကို မေ့ကာ ဒေါသက ဆောင့်ခုန်ထွက်၏။ အူလိုက်သည်းလိုက် ပြောချင်လာတာကျတော့ စခရင်မ်ပေါ်က မျက်နှာကို ကြည့်ပြောရတာ အားမလိုအားမရဖြစ်ကာ ထိုင်မလိုထမလိုနှင့် လူရော ခုံပါ ရှေ့ထပ်တိုးမိသည်။

"နိုင်ငံခြားမှာနေတာဖြစ်ဖြစ် .. တခြားကမ္ဘာဖြစ်ဖြစ် ကိုယ်က သမီးရှင်နော် ကိုကြီး၊ ကိုယ့်ကလေးကလည်း ဒီလို အငြင်းခံရမယ့် မိန်းကလေးမျိုးလား၊ နေပါဦး .. သူက အိမ်ထောင်မပြုချင်တာလား၊ ကလေးကို လက်မထပ်နိုင်ဘူးလို့ ငြင်းတာလား"

"သမီးကို .."

"ဟာဗျာ .. ခံရခက်လိုက်တာ"

ဦးမင်းမြတ်သွင် ဒေါပွနေသလောက် ဦးမြတ်ထွတ်ခေါင် က အေးအေးနေလျက် ...

"ခံရမခက်ဘူး ၊. ငါက စိတ်မကောင်းတာ၊ ဘာပဲဖြစ်ဖြစ် ငါ ကြိုးစားဦးမှာပဲ ညီလေး"

"ဟာ!... ကိုကြီးက အဓိပ္ပာယ်မရှိ .."

"အဓိပ္ပာယ်မရှိတာ မင်းအစ်ကို မလုပ်ခဲ့သေးဘူး မင်းမြတ်"

"မဟုတ်ပါဘူး ...၊ ကျွန်တော်က သမီးလေး အိမ်ထောင်ရေးကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ"

"အိမ်ထောင်ရေးမို့ ငါ ရင်ပူနေတာပဲ ညီ ..၊ ငါ့ရဲ့တစ်သက်မှ ဖြစ်ချင်တာကို ဖြစ်ခွင့်မရလို့ ပူလောင်ရတာ ဒီတစ်ခါပဲ ရှိတယ်၊ အဲ သမီးလေးအတွက်မို့လို့ပဲ၊ တို့ရဲ့ဘုရားလောင်းတော် လေးတော်တင်ခ မှာ ကြင်ရာတော်ရွေးတော့ ဘယ်လောက်ထိ ပုတ်ခတ် ဇော်ကားခံခဲ့ သလဲ၊ ဒါပေမယ့် တခြားကြင်ရာတော်တွေ ရှာလို့ရတယ်ဆိုပြီး ပြော လဲခဲ့လို့လား"

"အဲဒါက .."

"မနိုင်းအပ်ပေမယ့် သိသာအောင် ပြောပြတာပါ၊ အရင်ဘဝ ပဋ္ဌာန်းဆက်ရှိခဲ့ကြသလား ..၊ မရှိခဲ့ကြဘူးလားဆိုတာတော့ မသိနိုင် ဘူး၊ ဒါပေမယ့် ငါ့ဘမီးနဲ့ အသင့်တော်ဆုံး အိမ်ထောင်ဘက်ဟာ ကို ကလွဲပြီး တခြားလူ မဖြစ်နိုင်ဘူး .. မဖြစ်ရဘူး၊ ငါ့ရဲ့မျှော်လင့်ချက် ငါ မဖြစ်ဖြစ်အောင် ကြိုးစားသွားမှာ"

"ဒါပေမယ့် ကိုယ်က သမီးရှင်ဆိုတာ .."

"ကိုရာဇ နဲ့ငါ အများကြီးပွင့်လင်းလို့ရတယ် ညီလေး၊ ယောက် ချင်းပေမယ့် မိန်းမသားချင်း ပွင့်လင်းကြသလိုမျိုး ငါတို့ ဖြစ်တယ သမီးလေးကို မင်း ဂရုစိုက်ပါ"

"ဒီမှာတော့ သူ စိတ်ဝင်စားတာတွေ တော်တော်များနေသလို ကိုကြီး၊ ဘယ်မှ သွားမယ် ... လာမယ် မပြောဘူး၊ တော်ကြာ ဒီမှာ နေချင်တယ်ဖြစ်လာရင် ကိုကြီးရဲ့ ကိုသု လိုကောင်က .."

"အများကြီး မမေးနဲ့ဦးကွ၊ ငါက မသေချာတာတွေ ထိုင်တွက် အချိန်ကုန်မခံချင်ဘူး၊ သမီးနဲ့ နန်း အဆင်ပြေရဲ့လား .."

"ပြေမယ် ထင်ပါတယ်၊ သမီးက အိမ်ကပ်တယ်မှ မရှိတာ၊ မန နဲ့တောင် သိပ်မဆုံဖြစ်သေးဘူး၊ သူ့တူမနှစ်ယောက်နဲ့ပဲ ပြောဆိုနေ တာ တွေ့တယ်၊ ဒါ ကိုကြီး မပူပါနဲ့ .. သမီးက အမြဲတမ်း တော်က





နေရမယ့် ငွေကြယ်ပွင့်လေးပါ၊ အားလုံးက ကိုယ့်နေရာကိုယ် သိရမှာ ပေါ့"

ညီအစ်ကိုနှစ်ယောက် ဆွေးနွေးပြောဆိုပြီးလို့ နားကျပ်ဖြုတ်လိုက် တဲ့အချိန်မှာ အပြင်က တစ်စုံတစ်ခု ပြိုလဲသံကို ကြားလိုက်ရ၏။

တံခါးဖွင့်ကြည့်လိုက်တော့ ရှေ့မှာ ဘယ်သူမှ မရှိပေမယ့် ဒေါ်နန်း ရဲ့တူမအကြီး စင်ဒရဲ ၏ကျောပြင်ကို လှစ်ခနဲ မြင်လိုက်ရသည်။

တူမနှစ်ယောက်မှာ တစ်ယောက်က စင်ဒရဲ၊ စီးပွားရေးနဲ့ကျောင်း ပြီးထားသူဖြစ်ကာ တစ်ယောက်က ထိပ်ထား နဲ့ မတိမ်းမယိမ်း၊ လော နဲ့ ကျောင်းပြီးထားသည့် မွန်ဆွန်း ..။

မွန်ဆွန်း က အလှအပကြိုက်သည်၊ ကလေးဆန်လွန်းကာ ဘာ ဖြစ်ဖြစ် ပက်ခနဲပြော .. ကောက်ခနဲ ထသွား ..၊ အမူအရာကိုက အမြဲ တမ်းအက်ရှင် ဖြစ်နေတတ်သည်။

စင်ဒရဲ က ကုမ္ပဏီတစ်ခုမှာ မန်နေဂျာရာထူး လျှောက်ထားလျက် ဘာမှမဖြစ်သေးဘဲ အုပ်ချုပ်သူမျက်လုံးနှင့် ခန့်ခန့်ညားညား နေချင်ပုံ ရှိ၏။ ဒါပေမယ့် သူမ အကြည့်တွေက မတည်ငြိမ်၊ လျှို့ဝှက်စွာ နေ တတ်သူ လူအမျိုးအစားတွေမှာ သူမကတော့ လျှို့ဝှက်တတ်ရုံသက် သက် ဟုတ်ပုံမရ ..။

ပျောက်ကွယ်သွားသည့် ကျောပြင်နေရာကိုပဲ စူးစိုက်ကြည့်နေဆဲ နှင့် မိန်းကလေးနှစ်ယောက်ရဲ့စရိုက်တွေကို နှိုင်းယှဉ်ကြည့်မိခဲ့သည်။

ပြီးတော့ ဦးမင်းမြတ်သွင် နှုတ်ခမ်းခပ်တွန့်တွန့်နှင့် အံကြိတ်လိုက် သလိုလို မဲ့လိုက်သလိုလို ..၊

ဒီအိမ်မှာ ဘယ်သူမှ လျှို့ဝှက်စွာ နေထိုင်ခွင့် မရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၄ |

"သမီး ဒီနေ့ ကယ်ကြီးကို တစ်ခုခု လှမ်းပြောလို့ မရဘူးနော်[illegible] ကယ်ကြီး ဘဏ်ကိစ္စ အရေးတကြီးလုပ်စရာရှိတယ်၊ နေခဲ့လို့ ဖြစ်မလား"

"ဖြစ်ပါတယ်"

ကားပေါ်က ဆင်းလိုက်တာနှင့် ဦးမင်းမြတ်သွင် က ပတ်ဝ[illegible] ကျင်ကို အကဲခတ်ပြီးဖြစ်ကာ အိမ်ထဲက ပြေးထွက်လာသည့် ချို[illegible] ဆိုသည့် မိန်းကလေးကို လှမ်းကြည့်ပြီးမှ ...

"သမီးကို လာပြန်ကြိုရမှာဆို ကယ်ကြီး ဘဏ်ကိစ္စ မနက်ဖြ[illegible] ရွှေ့လို့ရတယ်၊ လုပ်ပြီဆိုရင် ဒီဘက် ပြန်လှည့်လို့ရမှာ မဟုတ်ဘူး"

"သွားပါဆို ကယ်ကြီးကလည်း .. ထိပ်ထား ဘာဖြစ်မှုးလို့လဲ"

"ကောင်းပြီ .."

ဦးမင်းမြတ်သွင် က လက်တင်ထားတာကို ပြန်ရုတ်ပြီး မှန်တ[illegible] လိုက်သည်။ ပြီးတော့ လက်ပြပြီး မောင်းထွက်သွား၏။

ချိုချို က အနားရောက်လာကာ ...

"ထိပ်ထား .. နင့်ဦးလေး ဘာပြောသွားတာလဲ"

"အပြန် လာကြိုဖို့ပါ"

"သြော် .. အဆန်းပါလား၊ ထိပ်ထား စိတ်ပူစရာတစ်ခုခု လုပ်ထ[illegible] ပြီ ထင်တယ်"





ထိပ်ထား က ရယ်လိုက်ပြီး နှစ်ယောက်အတူတူ လမ်းကလေး [illegible]မှာ ယှဉ်တွဲလျှောက်ရင်း ...

"ငါလုပ်သမျှ နင် သိသားပဲ၊ တွေးကြည့်လေ .."

"အင်း.. တွေးကြည့်ဆိုရင် မနေ့က ဘုရားအဆင်းမှာ ကောင်ချော[illegible]းတစ်ယောက်နဲ့ တိုက်မိတယ်၊ မျက်မှန်ပြုတ်ကျမလိုဖြစ်လို့ဖြစ်ပြီး [illegible]ထား လန့်ဖျန့်သွားတုန်း ကောင်လေးက သေသေချာချာ ရပ်ကြည့် [illegible] စောင့်ပြီး တောင်းပန်သွားတယ်၊ ပြီးတော့ အဲ့ဒီကအပြန် .."

"တော်ပါပြီ .. စိတ်ဝင်စားဖို့လည်း မကောင်းဘဲနဲ့"

"နင် စိတ်မဝင်စားတာပါ၊ ငါကတော့ ဝင်စားတယ်"

"ဘာကိုလဲ .."

"ကောင်လေးကို .. အဟွန်း"

"ငါတို့ ဘယ်သွားမှာလဲ ..၊ စာအုပ်ဆိုင်တွေ လိုက်ပို့မယ်ဆိုပြီး [illegible]ရက်တည်း"

"နင်ကလည်း .. နင်က ဝါသနာပါတာလုပ်နေပြီး ငါက ပျင်း[illegible]ပေါ့"

"နင်လည်း စာဖတ်ပေါ့"

"ဖတ်မှ မဖတ်ချင်တာ"

"နင် အခု ထွက်လာတာ အထဲမှာ ဘယ်သူရှိလဲ၊ နှုတ်လည်း [illegible]က်ခဲ့ဘူး"

"သွားမယ်လို့ ပြောပြီးသားလေ .. နင့်ကို ထိုင်စောင့်နေတာဥစ္စာ၊ [illegible]ဓလာသေးတာနဲ့ ဟိုတစ်ခါက အချဉ်ပေါင်းလုစားတဲ့ သွက်ချာပါဒ [illegible]င်ဂေါအကြောင်း ပြောနေသေးတယ်"

"သနားပါတယ် နင်ကလည်း .. အဲဒီလို မပြောပါနဲ့"

"သြော် .. ဒီလောက် ရွဲ့ချိတ်နေတာကို"

"ပြောလေကဲလေ တွေ့လား .. အရမ်းကြီး မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကတော့ ဘာဖြစ်ဖြစ် ဖေးဖေးမမလေး ပြောပါဆိုတာချည်းပဲ ဒီကောင်လေးက .."

ချိုချို စကားမဆုံးလိုက်ခင် ...

"အရူးဆိုလည်း ဟုတ်တယ်၊ သွက်ချာပါဒဆိုတာလည်း မှန်တာပဲ အဲဒါ နင်က နာစရာလား၊ အမလေး .. သူကပဲ ဒေါသထွက်ရသေးတယ်"

အသက်ကြီးကြီး မိန်းမတစ်ယောက်၏ အော်ကြီးဟစ်ကျယ် ပြောသံက လမ်းပေါ်ထိ ပျံ့လွင့်လာသည်။ ပြီးတော့ မပီမသ စကားပြောသံ..

ဒီအသံကို ထိပ်ထား တို့ ကြားဖူးခဲ့သည်။ ကြားလိုက်တာနှင့် ဘယ်မှာ ကြားဖူးခဲ့တာမှန်းလည်း ချက်ချင်း သိလိုက်၏။ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ ခြေလှမ်းတွေ ပြိုင်တူ ရပ်လေသည်၊

"ဟဲ့ ကြည့်စမ်း .. ထမင်းပန်းကန်ကို တိုက်ချလိုက်တာ သေချင်ဆိုး ကောင်လေး၊ ငါ့ကို စမ်းတယ်ပေါ့"

"ဟား .. အား!... နာတယ် .. နာတယ် .. ဖယ် .. တွား ..."

"ဟဲ့ .. ဆွဲထားစမ်း၊ လိုက်ဆွဲ .."

ဝုန်းဒိုင်းကြဲအသံများနှင့် ပြေးဆင်းလာသည့်ကောင်လေးကို မြင် လိုက်ရသည်။ ရေနံချေးဝနေသော ပျဉ်ထောင်အိမ်မြင့်ကြီးထဲကနေ ပြေး ထွက်လာပုံက အရက်သမားလို ခပ်ယိုင်ယိုင် ...။

"ဟိတ်ကောင် .. ရပ်စမ်း"

အသားမည်းမည်းနှင့် လူဝကြီးတစ်ယောက် ပြေးလိုက်လာ၏။ ဒီတစ်ခါလည်း တိုက်ဆိုင်ပြန်ကာ ထိုကောင်လေးသည် ထိပ်ထား တို့ နှစ်ယောက်နားရောက်တော့ ဆက်မပြေးဘဲ နောက်ကျောဘက် ရောက် အောင် ပြေးကွယ်သည်။

"အား!..."

"ထိပ်ထား .."

ထိပ်ထား နောက်ကို ဝင်ကာ နောက်ကနေ ခါးကိုကိုင်၍ ဒိုင်း





ဒယ် ထင်သလို ဆွဲကိုင်နေရာ ချိုချို စိတ်ပူသွား၏။

"ဟိတ် .. လွှတ်လိုက်စမ်း .. ဟဲ့ကောင် ..."

"ဟိုကောင် မိန်းကလေးတွေကို ပြဿနာရှာပြန်ပြီ"

ချိုချို လန့်အော်တော့ လူကြီးက ပိုမြန်အောင်ပြေးလာသည်။ ထိပ် ား နောက်က ကောင်လေးကို လက်တစ်ဖက်ကနေဆွဲထုတ်လိုက်ပြီး...

"ကဲ .. ကွာ"

"ခွပ် .."

"အား!..."

ထိုးချက်က ပြင်းသလို အော်သံကြီးကလည်း နာနာကျင်ကျင် ...၊ ာင်လေး ခွေခနဲ လဲကျသွားသည်။ ထိပ်ထား ရဲ့ရင်ထဲမှာပါ ကျင်ရှ းခဲ့ပြီး ...

"မလုပ်ပါနဲ့တော့ အန်ကယ်လ် .. သွေးတွေ ထွက်လာပြီ .."

"ထိပ်ထား .. သွားမဆွဲနဲ့လေ"

ချိုချို က လက်ကို ဆွဲလှုပ်၍ သတိပေးသည်။ ထိပ်ထား က ပြန် ချပစ်၏။

"လိုက်ဘူးကွာ ..၊ ဟီး .. ဟီး .. ငါ့ကို ရိုက်ကြမှာ ..၊ မေး .. မေး .. ဟီး .. ဟီး .."

"ဘာ .. မေ လဲ .. မရိုက်စေချင်ရင် လူလိုနေ .. လူလိုမနေလို့ ထု ာင်းနေရတာ"

"ဖောင်း .."

"အား!... နာတယ်"

"မရိုက်ပါနဲ့ အန်ကယ်လ်.. ထိပ်ထား တို့ ဘာမှလည်းမဖြစ်ပါဘူး"

"ခေါ်ခဲ့ .. ခေါ်ခဲ့ .. အမလေး .. သင်းကို သနားလို့ မရဘူး"

အိမ်ထဲကနေ မိန်းမကြီးက ထဘီတိုတိုပြင်ဝတ်ရင်း ထွက်လာ ာ့ လက်တစ်ဖက်နဲ့ 'မ' ကိုင်ထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား ပြောလိုက်တာကို ကြားလိုက်ပုံရှိကာ ကျေးရှူးမတင်သည့်ပြင် ပိုမို စိတ်တိုသွားသည့်မျက်နှာနှင့် ...

"သနားစရာလို့ ဘေးက ကြည့်ပြောနေတာ၊ ဒီတိရစ္ဆာန်လေးကြောင့် လူတွေ ဘယ်လောက် စိတ်ညစ်နေရသလဲ ဘယ်သူမှ မသိဘူး၊ ကဲ .. ရှင်က ဘာနားထောင်လို့ ကောင်းနေတာလဲ၊ ခေါ်လို့မရရင် ဒရွှတ်တိုက်ဆွဲခေါ် .."

ကြိမ်းမောင်း ပြောဆိုသံတွေ၊ ငိုသံအော်သံတွေ ထိပ်ထား ရင်ထဲမှာ ဂယက်ထ ကျန်ခဲ့၏။

အိမ်ကကြီးပေမယ့် ခြံက သိပ်မကျယ်၊ ကိုယ်ပိုင်ကားစီးတဲ့ပုံစံမျိုးလည်း မတွေ့ရပေ ..။ ဟိုနေ့ကတော့ ကားနဲ့ လာခေါ်သွားကြတာ ဖြစ်သည်။ ဒီကောင်လေးနဲ့ ဒီလူတွေ ဘယ်လိုတော်စပ်နေကြတာလဲ..၊

ပြန်ကြည့်လိုက်တော့ ချိုချို တို့နဲ့ ကျောချင်းကပ် လမ်းထိပ်လေးပဲ ဖြစ်၏။ ခုပဲ ပြောနေကြတာ သူ့အကြောင်း၊ သူကလည်း ကိုယ့်ဆီကိုပဲ ပြေးလာခဲ့သည်။ ကိုယ့်ပတ်ဝန်းကျင် မဟုတ်ပေမယ့် ဒီနေရာဟာ ချိုချို နဲ့ပတ်သက်ပြီး ထိပ်ထား မကြာခဏ သွားလာနေတဲ့နေရာ ဖြစ်သည်။

ဆုံစည်းမိနေသည့် တိုက်ဆိုင်မှုတွေကို အံ့သြရင်း ထိပ်ထား ထိုအိမ်ကိုပဲ သမင်လည်ပြန် ကြည့်လာခဲ့မိသည်။

ခြေလက်တွေထက် ပို၍ ညိုမှောင်နေသော မျက်နှာကြမ်းကြမ်းနှင့် ရောဂါသည်ကောင်လေးသည် ဘယ်လိုမှမသက်ဆိုင်သော အရပ်မျက်နှာတစ်ခုကနေ ထိပ်ထား ရဲ့အတွေးထဲကို စူးနင့်စွာ ဝင်လာခဲ့၏။

အလွယ်တကူ မေ့ထားလိုက်ဖို့ မလွယ်တာတော့ သေချာသွားခဲ့ပြီ ..။





အခန်း (၅)

ထမင်းဝိုင်းမှာ လူအားလုံးစုံတော့ အိမ်ရှင် ဒေါ်နန်း က အိမ်ရှင်ပေမယ့် ဒုတိယ ညာဘက်မှာထိုင်လျက် သူ ထိုင်နေကျခုံမှာ ဦးမင်းမြတ်သွင် ကို နေရာပေးခဲ့သည်။

ထိပ်ထား နဲ့ကျတော့ ဦးမင်းမြတ်သွင် ရဲ့ တစ်ဖက်တစ်ချက်မှာ ပုံစံကျ၏။ ထမင်းစားပွဲက ဘဲဥပုံ မရှည်မဝိုင်း ..၊ သိပ်မသိသာပေမယ့် ရုတ်တရက်ကြည့်ရင်တော့ ဦးမင်းမြတ်သွင် က အိမ်ရှင် ဖြစ်နေ၏။

တူမနှစ်ယောက်ဖြစ်သည့် စင်ဒရဲ တို့ကလည်း ထိပ်ထား တို့ဘဝရေးကို မသိမသာ မျက်လုံးဝေ့သည်။ ဒေါ်နန်း ကတော့ စကားပြောပြေပြစ်သလောက် မျက်နှာပြင်က ပျော့ပျောင်းခြင်း မရှိ ..။

"ထည့်စား သမီးလေး .. သမီးက နိုင်ငံတကာရောက်နေတဲ့သူဆိုတော့ ဘာကြိုက်မယ်ဆိုတာ ဘယ်လိုမှ မမှန်းတတ်တာနဲ့ ကောင်မလေးတွေကို မမှာခဲ့ရဘူးလေ"

"မွန်ဆွန်း က မေးပါတယ်၊ ဘာဖြစ်ဖြစ် ရတယ်ဆိုလို့ပါ"

"ဟာ .. ရပါတယ်၊ ထိပ်ထား က စားလို့ကောင်းရင် ပိုကြိုက်တယ်၊ မကောင်းဘူးထင်ရင်လည်း စားလို့ရတယ်၊ ဘာမှမဖြစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်း က ခေါင်းညိတ်သည်။ ကရင်သွေးပါသည့် ဒေါ်နန်း က ဖြူဖြူနုနုနှင့် ကိုယ်လုံးကလည်း လှသည်။ အသက်လေးဆယ်ကျော်ဆိုပေမယ့် နဖတ်မနေတာတောင် ယဉ်ယဉ်ခန့်ခန့်လေးမို့ ဘယ်လိုပဲကြည့်ကြည့် လှသည်လို့ပဲ ပြောရမည်သာ ..။

ဆံပင် ဘယ်လောက်ရှည်သည်တော့ မသိ ..၊ နောက်မှာ ခပ်ဖိဖိ ထုံးဖွဲ့ထားတာပဲ မြင်ရတတ်ကာ ကပ်ပန်းတစ်မျိုးမျိုးတော့ ဝတ်စုံနဲ့ လိုက်အောင် အမြဲ ပန်ထားတတ်သည်။ ရင်ဖုံးရင်စေ့ ဘာပဲဝတ်ဝတ် ကိုယ်ပေါ်မှာ ကပ်ကပ်ချပ်ချပ်လေးမို့ ကြည့်ကောင်းနေ၏။

မိတ်ကပ် နှုတ်ခမ်းနီကတော့ တူဝရီးသုံးယောက်စလုံး၏ မျက်နှာပေါ်မှာ အချိန်ပြည့် ရှိနေတတ်ကာ တစ်မျိုးစီ ကိုယ်စီလှကြ၏။

ထိပ်ထား က ဟင်းတွေကို စိတ်မဝင်စားဘဲ သူတို့ကိုကြည့်ပြီး ပြုံးနေသဖြင့် ညီအစ်မနှစ်ယောက် မျက်နှာတွေပျက်ကာ ခါးတောင့်သွားသလိုလို ထိုင်နေရင်း ဖင်ပြင်ရင်းနှင့် လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။

"ထိပ်ထား .. တစ်ခုခု လိုအပ်နေလို့လားဟင်"

မွန်ဆွန်း က မနေတတ်တော့ဘဲ လှမ်းကြည့်မေး၏။ စင်ဒရဲ က မကြိုက် ..။

ဒါပေမယ့် ထိပ်ထား ဟာ သူတို့ ထင်သလို ဆက်ဆံခွင့်ရှိတဲ့သူ မဟုတ်မှန်းလည်း သိနေရာ ...

"သြော် .. ဆွန်း ကလည်း ရပါတယ်လို့ ပြောနေတဲ့ဥစ္စာ၊ အဟွန်း.. လိုအပ်နေတာရှိရင် ဒီမျက်နှာမျိုးလေး နေပါ့မလား"

ဘယ်လိုခန့်မှန်းရမှန်း မသိသည့် ထိပ်ထား ရဲ့ ပြုံးရယ်ခြင်းကို စင်ဒရဲ က မသိမသာ သွေးတိုးစမ်းကြည့်တာ ဖြစ်သည်။

ထိပ်ထား က မျက်မှန်လေး ပင့်လိုက်ပြီး သွားလေးတွေပေါ်အောင် ရယ်သည်။

"ဟုတ်ပါတယ် ဆွန်း ရဲ့ .. မလိုပါဘူး .. ဟင်းတွေအားလုံး





ကောင်းပါတယ်၊ ထိပ်ထား ဒီလိုဟင်းတွေ ငယ်ငယ်တုန်းကပဲ စားခဲ့ရတာ၊ မာမီရှိတုန်းကဆို မာ့မီက ဘယ်လောက်အလုပ်များနေနေ မိသားစုစားဖို့အတွက် သူကိုယ်တိုင်ပဲ ချက်တာ"

ဒေါ်နန်း မျက်နှာပျက်သွားတာကို ညီအစ်မနှစ်ယောက်ကိုပဲ ပြောပြနေသည့် ထိပ်ထား က ဂရုမစိုက်မိ..။

"မှတ်မိနေတယ် သိလား ..၊ ဒက်ဒီက အလုပ်တွေရှုပ်နေတော့ ပြန်ချိန်မမှန် -- စားချိန်မမှန်နဲ့ မာ့မီကလည်း ထမင်းဝိုင်း ဖွယ်ဖွယ်ရာရာ ပြင်ပြီး စောင့် ..၊ ဒက်ဒီ ပြန်လာပြီဆို စကားများကြရော .."

ဦးမင်းမြတ်သွင် က မျက်နှာငံ့ချပြီး ထမင်းပန်းကန်ထဲမှာ အာရုံမရှိဘဲ မွှေနှောက်နေသည့် ဒေါ်နန်း ကို ဖျတ်ခနဲ ဝေ့ကြည့်၏။

ဒေါ်နန်း သည် ဦးမြတ်ထွတ်ခေါင် တရားဝင် လက်ထပ်ယူထားသည့် ဇနီးတစ်ယောက်မို့ ထိပ်ထား ရဲ့စကားတွေကြောင့် အားနာဖို့တော့ ကောင်း၏။ သို့သော် ...

"ဘာတွေဖြစ်နေနေ .. မာမီ ဒေါသထွက်ပြီး ဘယ်လောက်ပြောပြော ဒက်ဒီက စိတ်ဆိုးလည်း ခဏပါပဲ၊ ပြီးတော့ ပြောသေးတယ်၊ တစ်လောကလုံးမှာ ငါ ဂရုစိုက်ရတာ ငါ့မိန်းမတစ်ယောက်ပဲ ရှိတယ်တဲ့ .."

"ဟုတ်တယ် .. ခေတ်စနစ်တွေ တိုးတက်တယ်၊ ဘာဖြစ်တယ်နဲ့ ယောကျ်ားတွေ ပြုစုခံချင်တဲ့စိတ်ကူးတွေကတော့ ဒီတိုင်းပါပဲ"

ဒေါ်နန်း က ခပ်ပြုံးပြုံး ဝင်ပြောကာ ...

"သမီးလေးကရော နိုင်ငံခြားမှာပဲ အနေများပြီး အမျိုးသမီးတွေ မီးဖိုချောင်ထဲကနေ သနပ်ခါးလိမ်း ပန်းပန်ပြီး ယောကျ်ားပြန်အလာကို မျှော်ရတဲ့ရာစုနှစ်တွေအကြောင်း စိတ်ဝင်စားတုန်းပဲလား"

"ဟင်!..."

ထိပ်ထား က သူမပြောခဲ့သမျှ အမှတ်တမဲ့တွေပဲဖြစ်ကာ ခုချမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောမိသည့်အကြောင်းအရာဟာ ဒေါ်နန်း နှင့် တိုက်ရိုက်ငြိတွယ်သွားခဲ့မှန်း သတိရသွား၍ ...

"ဆောရီးပါ အန်တီ .. ထိပ်ထား က မာမီအကြောင်းကိုပဲ ပြောချင်တာ၊ ကျန်တာ ဘာမှမပါပါဘူး"

"ရပါတယ် သမီးရယ် .."

ဒေါ်နန်း က ခပ်သဲ့သဲ့ပြုံးကာ ပုစွန်နဲ့ ကြက်ဟင်းခါးသီးကြော်ပန်းကန်ကို လှည့်ယူပြီး တစ်ဇွန်း ခပ်လိုက်၏။ ပြီးတော့ ထိပ်ထားကိုလည်း ဟင်းပန်းကန်ကို မေးဆတ်ပြကာ ...

"စားကြည့် .. သမီး၊ ခါးနေပေမယ့် ကောင်းတယ်၊ မကြိုက်လည်း မျှတအောင် နည်းနည်းတော့ စားပေါ့"

သူမကိုယ်တိုင် ထိပ်ထား ရှေ့ပြန်ရောက်အောင် သေချာလှည့်ပို့ပေး၍ ...

"ယောကျ်ားမရှိလို့ အကန်းရေတွင်းကျစကား ပြောတယ်ဆိုဆိုထမင်းရည်ပူ လျှာလွှဲတယ်ပြောပြော အန်တီကတော့ မီးဖိုချောင်အလုပ်ကို စိတ်အပျက်ဆုံးပဲ၊ ဟင်းတစ်ခွက်ဖြစ်အောင် ချက်တာ ဘာမှမခက်ခဲပေမယ့် ဖြစ်လာရတဲ့အချိန်တွေက တန်ဖိုးရှိတယ်၊ ဒီအချိန်အတွက်တခြား အရေးကြီးတာတွေ အများကြီး လုပ်လို့ရတယ်၊ အိမ်ဖော်တစ်ယောက်ကို တစ်လလုံး ခိုင်းမှ လေးသောင်းလောက် ပေးလိုက်ရတာ၊ ဘာမှ နှစ်နာဖို့ မရှိဘူး"

"ဟုတ်လား .. ထိပ်ထား ကတော့လေ မာမီ ချက်တာတွေ စားခဲ့ရတာကို ကြိုက်တော့ ခုထိ သတိရနေတုန်းပဲ၊ မာမီအကြောင်း ပြောမိလို့ အန်တီ့ကို ထိနိုက်တယ်ဆိုရင် တောင်းပန်ပါတယ်နော်"

ကြက်ဟင်းခါးသီးဟင်းကို ခပ်ထည့်စားရင်း ထမင်းလုတ်ကို ပါးစောင်လေးမှာ ကပ်ထားလိုက်၍ ...

"အနောက်နိုင်ငံတွေမှာလည်း မပြည့်စုံတဲ့ မိသားစုတွေလောက်ပဲ





လင်ရောမယားရော အလုပ်လုပ်ကြတာ အန်တီ ရဲ့ ..၊ အေးချမ်းတဲ့မိသားစုတွေဆိုရင် အိမ်ရှင်မက မီးဖိုချောင်ဝင်တာပဲ၊ သူတို့ဆီမှာ အိမ်အကူခေါ်ရတဲ့ စရိတ်ကလည်း အရမ်းကြီးတော့ ကိုယ်တိုင် ချက်ပြုတ်ကြတာ မိသားစု နွေးထွေးမှု ပိုတယ်လို့လည်း ယူဆကြတာ ရှိတယ်၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယဉ်ကျေးမှုတွေ ပြောင်းပြန်ရောက်နေသလိုပဲနော်၊ ပြီးတော့လေ အဲဒီဘက်မှာ ကလေးတွေအတွက် သတ်မှတ်ထားတဲ့ စည်းကမ်းဥပဒေတွေလည်း များတယ်၊ ကလေးတွေအတွက် လုံခြုံတာပေါ့၊ ဒီမှာဆိုရင် ကလေးကို ရိုက်နှက်နေလိုက်တာ အရမ်းကို ကြောက်စရာကောင်းတယ်၊ ဟိုလေ .. ကြား .. ကြားဘယ်နှစ်ကြား မဝင်ရဆိုလား.."

တစ်နေ့ကုန် မှတ်သားရတာတွေ များတော့ ချိုချို ပြောတာတွေထဲမှာ ဒါကိုကျမှ ရောထွေးနေသဖြင့် ထိပ်ထား မျက်မှောင်လေးကုတ်၍ မရမက စဉ်းစား၏။

"ကြားသုံးကြား မဝင်ရ ပါ"

"အယ် .. ဟုတ်တယ် .."

မွန်ဆွန်း ပြောလိုက်တော့ ဝမ်းသာခြင်း၊ အထင်ကြီးခြင်းတွေနှင့် ထိပ်ထား လှည့်ကြည့်ပြီး ခေါင်းညိတ်၏။ ပြီးမှ စိတ်ပျက်သလိုလေး မဲ့သွားကာ ...

"ဒါလေးတောင် မမှတ်မိဘူး .. ထိပ်ထား ညံ့လိုက်တာ"

ဟု ညည်းရှာသည်။

"မပြောရဘူးလေ သမီး .. သမီးဒက်ဒီက ကိုယ့်ကိုယ်ကိုယ်မကျေမနပ် အပြစ်တင်တာမျိုး မကြိုက်ဘူးမို့လား .."

စိတ်ဓာတ်ရေးရာကိုပဲ အထူးတလည် မြှင့်တင် ပျိုးထောင်ခဲ့တာမို့ ဦးမင်းမြတ်သွင် က သတိပေး၏။

ဒေါ်နန်း က ဟွန့်ခနဲ ရယ်သံထွက်အောင် တမင်ပြု၍ ဇွန်းခက်ရင်းကို ချထားလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကိုယ် အပြစ်တင်တာ မကောင်းဘူးလို့ ဆုံးမထားရင် ကိုယ့်နိုင်ငံကို အပြစ်မြင်တာလည်း မကောင်းဘူးလို့ ကိုကိုက သင်ရမှာပေါ့၊ အန့်တီကတော့ သမီးလေး ရောက်လာကတည်းက ဘာတွေ လိုအပ်နေသလဲဆိုတာ ကြည့်ထားတာနော်၊ သမီးက မိခင်နဲ့ အနီးကပ် မနေခဲ့ရဘူးမို့လား.. အဲဒါကြောင့် ကိုယ့်မိဘလို သဘောထားပြီး အန့်တီ သင်ပြရင် နာခံရမှာ"

ရင်းနှီးချစ်ခင်သည့်လေသံနှင့် ပြုံးပြုံးလေး ပြောသည်။ ထိပ်ထား ကလည်း ဖြူစင်စွာ ပြုံး၍ ခေါင်းညိတ်သည်။

"နာခံမှာပေါ့ .. ထိပ်ထား သူငယ်ချင်းဆိုရင် သူ့အမေက အရမ်း အလိုလိုက်ထားတော့ ဒေါသထွက်ရင် ရိုက်လည်း မရိုက်ရက်ဘူး၊ ဘာ ပြောလဲ သိလား .. နင် အမေဖြစ်လာမှ သိမယ်တဲ့၊ ကိုယ်တိုင် မိဘဖြစ် လာမှ မိဘမေတ္တာကို နားလည်လာမှာတဲ့"

ဒေါ်နန်း မျက်နှာ ဟန်မဆောင်နိုင်အောင် ပျက်သွားခဲ့သည်။ သူ ကတော့ သားသမီးမမွေးနိုင်ခဲ့သည့် မိန်းမပါ ...၊ ဒါကြောင့် မိဘလို နေရာမယူနဲ့လို့ ပြောချလိုက်တာလား ...။

ထိပ်ထား ဆိုသည့် မိန်းကလေးသည် သူ့မျက်နှာ ဖြူစင်ပုံလေး အတိုင်း ကြည့်မည်ဆိုလျှင် ပြောလိုက်သည့်စကားဟာ ရိုးသားစွာလား.. ပြက်ရယ်ပြုသည်လား ရုတ်တရက် ဝေခွဲရခက်လောက်အောင် ကောက် ကြောင်းမဲ့လွန်းသည်။

ခုလည်း သူမမျက်နှာကို စိုက်ကြည့်လိုက်မိပေမယ့် ဒေါ်နန်း မဝေ ခွဲနိုင် ...၊ ရက်၍ နင့်သည်းသော ဝေဒနာတစ်ရပ်ဟာ မိထွေးဖြစ်နေရခြင်း ကြောင့် ပို၍ ခံရခက်၏။

တကယ်ဆို ကိုယ်ဟာ သားသမီးမမွေးနိုင်ခဲ့တာ မဟုတ် ...၊ မမွေးခဲ့ ရတာ ဖြစ်သည်။

မိခင်တစ်ယောက် ဖြစ်ခွင့်မရခဲ့တာ ဘယ်သူ့ကြောင့်လဲ ...။





အခြေအနေတစ်ခုမှာ အုံဖွဲ့ခဲ့ခြင်းဟာ နေ့လယ်ပိုင်း အနားယူတဲ့ အချိန်ထိ ပြင်းထန်စွာ နှိပ်စက်နေဆဲ ...၊ အဒေါ်ဖြစ်သူ မျက်နှာကို အကဲခတ်၍ စင်ဒရဲ က အနားမှာ သွားထိုင်လိုက်တာ ...

"ဒေါ်ဒေါ်ကို သမီး အားမရလိုက်တာ အရမ်းပဲ၊ သူ့အဖေကို ကြောက်နေရပေမယ့် သူ့သမီးကိုတော့ ဒီလောက်ထိ .."

"တော်စမ်း .. စင်ဒရဲ"

စိတ်ညစ်နေခြင်းက ပေါက်ကွဲခွင့်ရသွားသလို ဒေါ်နန်း ဒရင်းမ် ဘက်ဒ်ပေါ်ကနေ ထရပ်လိုက်သည်။

"ဒီကောင်မလေးကို စကားအပိုတွေ သွားပြောမိတာကိုက ငါ့ အမှား .. ဘာဖြစ်ဖြစ် ငါ့မှာ ပြောခွင့်မရှိဘူး၊ စိတ်လိုက်မာန်ပါ ဘာမှ ဆုံးဖြတ်လို့ မရဘူး၊ နင်တို့လည်း သတိထား ..မဝေဖန်နဲ့၊ မစပ်စုနဲ့၊ ဒီကောင်မလေး မျက်နှာညိုတာနဲ့ အားလုံး ဒုက္ခရောက်မယ်"

"ဒေါ်ဒေါ် .. အခု ဘဏ်လုပ်ငန်းတွေက ဒေါ်ဒေါ့်ရဲ့ .."

"စင်ဒရဲ .."

ဒေါ်နန်း သူမရှေ့မှာ မားမားရပ်ပြီး ခေါ်လိုက်တော့ စင်ဒရဲ မျက် နှာငယ်၍ တိတ်ကျသွားသည်။

"ညည်းတို့ ဒီလောက်ထိ အရိပ်သုံးပါး နားမလည်ဘူးလား"

"သမီးတို့က .."

"တိတ်တိတ်နေ .. ပြောတာကို နားထောင်၊ လူဖြစ်ဖြစ် တိရစ္ဆာန် ဖြစ်ဖြစ် ဖိအားတစ်ခုခုရဲ့ စိုးမိုးမှုအောက်မှာ ငြိမ်ဝပ်ပိပြားနေရပြီဆိုရင် အဲဒါ တွန်းလှန်နိုင်စွမ်းမဲ့နေလို့ပဲ၊ ဘောလုံးတစ်လုံးတောင်မှ ဘယ် လောက်လိမ့်နေနေ အတားအဆီးရှိနေရင် ရပ်သွားမှာပဲ၊ အဲဒါကို ဖယ် ရှားလိုက်တာနဲ့ သူ ဆက်လိမ့်သွားမယ်၊ သည်းခံနေရပါတယ်ဆိုမှ ဘာ ဖြစ်လို့ သည်းခံနေတာလဲလို့ မေးရလား .."

"အဲဒီသဘောလည်း မဟုတ်ပါဘူး ဒေါ်ဒေါ် .. သမီးက ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လေးစား ချစ်ခင်နေရတဲ့ အဒေါ်တစ်ယောက်ကို ဒီအရွယ် မိန်းကလေးက ..''

''ဘယ်အရွယ်ပဲဖြစ်ဖြစ် လူကို ဂရုမစိုက်လည်း ကိုင်ထားတဲ့ လက်မှတ်ကိုတော့ ဂရုစိုက်ရတာပဲ''

ဒေါ်နန်း မျက်နှာမှာ နာကျင်မှုများနှင့် အေးစက်တင်းမာနေခဲ့သည်၊ နူးညံ့လှပသည့် ကောက်ကြောင်းအားလုံး ရှုပ်ထွေးနေခဲ့လျက်...

''ဘဏ်လုပ်ငန်းတွေ ထူထောင်ထားခဲ့တာ ငါ့အတွက် မဟုတ်ဘူး သူ့သမီးအတွက် .. ဒီမှာတင်မကဘူး တခြားနိုင်ငံတွေမှာလည်း ရှိတယ်၊ ငါ့လို အဖြစ်ဆိုးနေတဲ့ မိန်းမမျိုးတွေပေါ့''

''ဟင်!... ဒေါ်ဒေါ် ပြောတာ ဘယ်လို ..''

စင်ဒရဲ နေရာမှ လိုက်ထရပ်ကာ ဒေါ်နန်း လှည့်ထွက်သွားသည့် ပြတင်းပေါက်နားထိ လိုက်ပါသွားခဲ့ပြီး ...

''ဦးမြတ်ထွတ်ခေါင် ဆိုတဲ့ သူဌေးကြီးက အဲဒီလိုလား..၊ ဒီလောက်ထိ ချမ်းသာတယ်ပေါ့''

ဒေါ်နန်း ဆီကို သူမတို့ ရောက်လာတာ မကြာသေးပေမယ့် တစ်နှစ်ကျော်လောက်တော့ရှိပြီ ထင်သည်။ ဒါပေမယ့် ဒီအကြောင်းတွေကို ဒေါ်နန်း ပြောမပြခဲ့ပါ ..။

အဒေါ်ယောက်ျားက နိုင်ငံခြားမှာ စီးပွားအခြေကျနေသဖြင့် ခဏခဏ ပြန်မလာနိုင်တော့ဘဲ ငွေတွေပို့နေခဲ့သည်။ နောက်တော့ ဘဏ်လုပ်ငန်း ထူထောင်ပေးခဲ့သည်။

သိထားတာ ဒါပဲ ဖြစ်၏။

လုပ်ငန်းကိစ္စ ငွေကြေးအကြောင်းအရာတွေ တစ်ခါတလေ ပြောနေတာတွေ့လျှင် အဒေါ်မျက်နှာမှာ ကျေနပ်ပျော်ပျောင်းနေခြင်း သိပ်မရှိတတ်တာ သတိထားမိပေမယ့်လည်း မမေးဖြစ် ..၊

ထို့ပြင် ကိုယ့်အဒေါ် အပျိုကြီးဟာ အလုပ်အကိုင်နဲ့ ပညာတတ်





စ်ယောက် ဖြစ်သည်။ မချမ်းသာပေမယ့် ပြည့်စုံမှု ရှိသည်။

'မိနန်း တို့ သူဌေးမှ မရရင် ၄က်ပျောတုံးဖက်ပြီး သေတော့မှာ' အမေတို့ စနောက်ပြောနေကြတာတောင် ကြားခဲ့ရသေးသည်။

ရတော့လည်း သူဌေးကြီးနဲ့ပဲ မဟုတ်ဘူးလား ..။

''ချမ်းသာမှုကို ငါ မက်မောခဲ့နေသရွေ့ ဦးမြတ်ထွတ်ခေါင် ကို ည်းခံနေရဦးမှာပဲ''

စင်ဒရဲ တွေးနေတုန်း ဒေါ်နန်း ရဲ့ မကျေနပ်မှုတွေ ပွင့်အံထွက်လာည်။ ပြတင်းရဲ့အပြင်ကို ငေးနေသဖြင့် လိုက်ကြည့်လိုက်တော့ ထိပ် း နဲ့ ဦးမင်းမြတ်သွင် တို့ လက်ပ်တော့ပ်တစ်လုံးနှင့် တစ်ယောက်က ရှိမှတ်နေပေးသည်။ တစ်ယောက်က လှုပ်ရှားနေသည့်လက်ကို တ်တွေပေါ်မှာ မဟုတ်ဘဲ ဒီတိုင်း ပွတ်သပ်ရွေ့လျားနေသလို ဘာ ရိုက်ထည့် တွက်ချက်နေမှန်း မသိ ..။

တူဝရီးနှစ်ယောက်က ခြံထဲက တူဝရီးတွေဆီ ငေးစိုက်နေမိကြ က် ...

''ဦးမင်းမြတ်သွင် .. သူက ကိုကို့ထက် ပိုဆိုးတယ်၊ သူ့တူမကြောင့် ထောင်မပြုဘဲ နေတယ်၊ အနားယူနေသင့်တဲ့ သူ့ကျန်းမာရေး သူ မစိုက်ဘဲ သူ့ဘဝကို သူ့အစ်ကိုအတွက် မြှုပ်နှံပြီး တူမရဲ့ ဘေးမှာ ကောက်ကောက်လိုက်တယ်၊ အဲဒီကောင်မလေး လက်ညှိုးထိုးသမျှ ပွင့်စေအောင် ဖန်တီးပေးနေတာ သူပဲ''

''သူဌေးကြီးရဲ့ ညီအရင်းလား ဒေါ်ဒေါ်''

''ဟုတ်တယ် .. သူတို့ညီအစ်ကိုရဲ့ အမွေပစ္စည်းတွေကို ဒီကောင်မ ပဲ ရမှာ၊ ကောင်မလေး ဘယ်နိုင်ငံရောက်ရောက် ငါ့လိုပဲ မျက်နှာ မခံရဲတဲ့ အုပ်ထိန်းသူတွေ အားလုံး အဆင်သင့် ရှိနေကြတာ၊ အဲဒီလို မိုးနိုင်မှုတွေကြောင့်ပေါ့၊ နောက်ပြီး သူ့သမီး ပါးစပ်ထဲမှာ ဘယ်မှာ တုန်းက ဘယ်သူက ဘယ်လိုကောင်းလိုက်တာလို့ ပါသွားပြီဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိန်းမ ရာထူးကြီးသွားပြီ"

စင်ဒရဲ မျက်ခုံးတွေ ပင့်တက်သွားသည်။

ဒါဆို သူဌေးက သူ့ကိုယ်သူ အပျော်ရှာသလိုလို လိုအပ်သလိုလို တကယ်တမ်းကျတော့ သူ့သမီးအတွက် တစ်ရွာတစ်ကျိ ဆောက် တာမျိုးပေါ့..။

"ဒါ တကယ်တော့ မဆန်းပါဘူး၊ ငွေရှိရင် ကမ္ဘာကြီးကိုတော ဆေးရောင်ခြယ်ပေးလို့ ရတယ်၊ ငါလည်း ငွေရှိနိုင်ဖို့အတွက် ငါ့မ တွေကို ချပြီး အညှဲခံလိုက်တာ"

'ကိုကို'ဆိုတာ ပါးစပ်ကမချဘဲ ဘယ်နေ့၊ ဘယ်လ ရောက် မလဲလို့ မျှော်နေခဲ့တာ ဘယ်သူလဲ ..၊ စင်ဒရဲ ဒေါနန်း မျက်နှာတစေ ကို မရဲတရဲကြည့်ရင်း တွေးလိုက်မိသည်။

အပျိုကြီးဆိုတော့လည်း စခဲ့တုန်းကတော့ မြတ်နိုး အားကိုး တွေနဲ့သာ ဖြစ်ပါလိမ့်မည်။

ဒီညီအစ်ကိုတွေ ဘယ်လို ကကြိုးဆင်နေသည်မှန်း သိလာက ဤသို့ ..၊

"သူ့သမီးကို သူ့ထက်ပိုပြီး နိုင်ငံကျော် ကမ္ဘာကျော် ဖြစ်စေ တာ၊ သမီးကတော့ ပညာကြွယ်ပြီး လှုကမထယ်ဘူး"

"ဟုတ်တယ်နော် .. မလာခင်တုန်းက သူဌေးကြီးသမီးဆိုလို့ သ တို့ဖြင့် အရမ်းကို တွေးထားတာ၊ မြင်လိုက်ရတော့ ဘာမှလည်း မဟု ဘူး၊ မျက်နှာက ဖြူဖျော့ဖျော့၊ ဆံပင်က အဖျားတွေ ထိပ်ဖွေတွေ ပါးပါးလေးရယ် .. လှအောင်ပြင်ထားတာလည်း မဟုတ်ဘဲနဲ့ နှစ် ခွဲပြီး သားရေပင်နဲ့ ဖြစ်သလို စည်းထားတာကြီး၊ အင်္ကျီဝတ်တာ လည်း အရောင်မထွက်သလိုပဲ"

"မထွက်ဘူးထင်ရင် ညည်းသွားကိုင်ကြည့်လိုက်ပါလား၊ သူ ဝတ်ထားတတ်တဲ့ အပေါ်အင်္ကျီ ခပ်မွဲမွဲတွေရဲ့ တန်ဖိုးကို .."





ဒါတော့ သူမ လက်ခံပါသည်၊ ဒီလိုလှုပဲ ဒီလောက်တော့ ရှိမှာပေါ့။ ပြောချင်တာက ကိုယ့်ဘဝအခြေအနေနဲ့ သင့်တင့်လျောက်ပတ်အောင် ဝတ်စားနေထိုင်မတတ်တာကိုပဲ ဖြစ်သည်။

"ထိပ်ထား က ဘာသာစကားတွေ အားလုံးနီးပါး ကျွမ်းကျင်တယ်ဆိုတာ တကယ်လားဟင်"

"ဟုတ်ဟုတ်မဟုတ်ဟုတ် ညည်းတို့ သူ့ကို စပ်စုဖို့ မကြိုးစားနဲ့၊ ကိုယ့်ကြောင့်လည်း ဘာမှ အနှောင့်အယှက်ဖြစ်မသွားအောင် နေ၊ လောလောဆယ် သူက 'နီးရာဓား'ပဲ"

"ဟုတ်ကဲ့ပါ"

"ဟွန်း .. တစ်နေ့နေ့တော့ အလှည့်ဆိုတာ ရောက်လာဦးမှာပါ"

ရိုးစင်းဟောင်းနွမ်းသည့် ကြိမ်းဝါးခြင်း ဖြစ်သည်။ ဒါပေမယ့် ဒေါ်နန်း ၏ဆန္ဒတွေ ဘယ်လောက်ထိ ပြင်းပြနေတာ စကားသံထဲမှာ ပါနေသည်။

ခိုင်မာခြင်းတွေ အပြည့် ..။

ထိပ်ထား တို့ကတော့ မှတ်သား တွက်ချက်နေကြဆဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၆ |

"လာပါ ထိပ်ထား ရယ် .. ဟိုမိန်းမကြီးက ဒီလောက် ပါးစပ်ကြမ်းတာ၊ ဟိုနေ့ကလည်း ငါတို့ကို ဘယ်လောက်ပြောချင်နေလဲ နင် သိလား"

"အေးပါ .. ငါ ခဏပဲ ရပ်ကြည့်မှာ"

"မရပ်နဲ့ .. ကိုယ်နဲ့ မဆိုင်ဘူး"

"ဒါဆို ဖြည်းဖြည်းလျှောက်ဟာ"

ချိုချို ရှုံ့မဲ့ခေါင်းကုတ်၏။ သင်တန်းချိန်ကနီးနေပြီ၊ တစ်ချိန်လွတ်သွားလျှင် ထိပ်ထား က ပြဿနာမရှိပေမယ့် သူမအတွက် အများကြီးနစ်နာမှာ ဖြစ်၏။ ထိပ်ထား က ချိုချို နာရီကြည့်လိုက်တာကို မြင်ကာ—

"လာပါဟာ .. ဒီနေ့ J2 EE ငါ နင့်ကို နည်းနည်းပါးပါး သင်ပေးနိုင်ပါတယ်၊ လွတ်သွားလည်း မပူနဲ့"

"အင်းပါ ... ကဲ .."

ဒီနည်းလမ်းများဖြင့် ဟိုသင်တန်းမှာ ပျက်ရက်ဖြစ်၊ ဒီသင်တန်းမှာ ပျက်ရက်ဖြစ်၊ ချိုချို တို့ ထိပ်ထား အားကိုးနှင့် ဟုတ်ချင်တိုင်း ဟုတ်နေ၏။

"အစ်မ .."

ထိုအိမ်ထဲက ထွက်လာသည့် အသက်သုံးဆယ်လောက် အမျိုးသမီးတစ်ယောက်ကို ထိပ်ထား က လှမ်းခေါ်သည်။ ချိုချို ဘာမှန်းမသိလိုက်ဘဲ သူမနောက်က ကမန်းကတန်း လိုက်ရ၏။ အမျိုးသမီးက ရှက်နှာစူမှုပွနှင့်ဖြစ်ကာ ရပ်စောင့်ပေးဖော်တော့ ရ၏။

"အစ်မက ဒီကလားဟင်"

သူမက ဆလင်းဘက်ခ်အသိုလေးနှင့် ပလတ်စတစ်အဝါရောင် အိတ်ပါးလေးတစ်လုံး ကိုင်ထား၏။

"မဟုတ်ပါဘူး .. ဒီမှာ စာသင်ပေးဖို့ လာတာ"

"သြော် .. တီချယ်၊ ဟို ဘယ်သူ့ကို သင်ပေးရတာလဲဟင်"

ထပ်မေးလိုက်တော့ ထိပ်ထား တို့နှစ်ယောက်ကို သူမက သတိထားမိသလို သေချာပြန်ကြည့်၍ ...

"ရှုးနေတဲ့ ကောင်လေးပါ .. မရူးဘူးလို့ ပြောတာပဲ၊ အကြောက ဆွဲနေသေးတယ်၊ အရူးက အော် .. လူတွေက ပါးစပ်ကြမ်းနဲ့ ဘယ်လိုမှ သည်းမခံနိုင်လို့ ထွက်လာတာ၊ တစ်ပတ်လောက် လုပ်ပေးထားတာလည်း နေ့ပစေတော့"

"အစ်မကို အိမ်ရှင်တွေက ဝတ္တရားမကျေပြွန်လို့လား"

"ဘာတွေမှန်းကို မသိဘူး .. အလုပ်ခန့်တာက တစ်အိမ်၊ လာဆင်းရတော့ တစ်အိမ်၊ ဆက်ဆံရေး ညံ့လိုက်တာလည်း မပြောပါနဲ့တော့၊ ညီမတို့က အလုပ်ရှာနေတာလား .. သိချင်ရင် ဝင်သာမေးပေတော့၊ စိတ်ဝင်စားရင် လုပ်ကြည့်ပေါ့"

ပြောပြီးတာနှင့် လျှောက်ထွက်သွားပုံကြည့်ရတာ 'နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်' လို့များ သတိဆွဲထားသလား မသိ ..။

"ထိပ်ထား ဘာလုပ်မလို့လဲ"

"သွားမေးမလို့"

"ဟဲ့ .. အယ် .. နေဦး"

တားဆီးဖို့ပေမယ့် ထိပ်ထား လှည့်ဝင်သွားတဲ့အတိုင်း ချိုချို ဘာန်းတန်း ပါလေသည်။ ဖိနပ်ချွတ်အဆင့်အောက်ကို ဝင်လိုက်၏





ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဟိုနေ့က အမျိုးသမီးကြီးကို တံခါးနှစ်ချပ်ဖွင့်သွားသည့်နောက်မှာ ဘွားခနဲ မြင်လိုက်ရ၏။

"ဘာကိစ္စလဲ"

"ဟွန်း .. ဒီမှာ ဂိုက် လိုသလားလို့ပါ"

"ဂိုက် မဟုတ်ဘူး .. မူကြိုသင်တတ်ရင် ရတယ်၊ ညည်းတို့က လုပ်မလို့လား"

"သူ မဟုတ်ပါဘူး .. ထိပ်ထား ပါ"

နှစ်ယောက်စလုံးကို ကြည့်လိုက်သည့်မျက်လုံးက ထိပ်ထား ဆီ ပြန်ရောက်၏။ ထိပ်ထား ကတော့ အိမ်ထဲကိုပဲ အာရုံရောက်နေတာမို့...

"ညည်းက မိုင်း ကို သိနေပုံပဲ၊ အလုပ် တကယ်လုပ်မှာလား .. မိုင်း နဲ့ တွေ့ချင်တာလား"

"တွေ့ချင်စရာလား အန်တီရယ် .."

ကြားနေရတာ အကြားမတော် ဖြစ်လာသည်။ မိုင်း လို့ ခေါ်လိုက်သည့် ရောဂါသည်လေးက ကြပ်တင်ထားသလို အသားရောင် မည်းခြောက်ခြောက်၊ မျက်နှာပေါ်မှာလည်း ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်နှင့် ..၊ ဒီအဆင်နဲ့ ဒီအဆင်ကို မေးသည့်မျက်နှာပုံစံက သည်းခံဖို့ စိတ်ကူးတွေကို ပျက်စေခဲ့လျက်...

"သိနေတာက ဟိုးတစ်ခါ သမီးတို့လက်ထဲက မုန့်ကို သူ လုသွားတုန်း .."

"ချိုချို ကလည်း .."

ပြောကိုပြောပစ်ဖို့သာ ထိပ်ထား က လက်ကိုဖိဆွဲ၍ ပိတ်ပင်လိုက်သဖြင့် မပြီးဆုံးလိုက် ..။

"မြင်ဖူးလိုက်တာပါ ..၊ ခုနက ဒီကထွက်သွားတဲ့ ဆရာမလည်း ပြောသွားတာနဲ့လေ"

"အင်း .."





မိန်းမကြီးက ချိုချို ပြောတာကို သိပ်ဘဝင်ကျပုံမရဘဲ အင်း .. သံ ...ကြီးနှင့် ခေါင်းညိတ်သည်။ ဒါပေမယ့် တံခါးနားကနေ ဖယ်ပေးဖို့ ...ခေါ်ဖို့ ဘာမှ စိတ်ကူးရှိပုံ မရ ..။

"အေး .. ဘာစိတ်ကူးနဲ့ဖြစ်ဖြစ် ဒီမှာ စာသင်ပေးချင်တယ်ဆိုရင် ...့ မနက်ဖြန် ငါ ပေးတဲ့လိပ်စာအတိုင်း လာခဲ့ .."

"ဒီကို မဟုတ်ဘူးလား ..၊ မိုင်း ဆိုတာက ဒီမှာ .."

"ဟုတ်တယ် .. ဒီမှာပဲ၊ ဒါပေမယ့် ငါ ပြောသလို လုပ်ပါ၊ ညည်း ...သည်း ဘယ်နှစ်ရက် သင်နိုင်မှာမို့လို့လဲ၊ နောက်ထပ်တစ်ယောက် ...င်းရမယ်ဆိုရင် ဘယ်လို သတ်မှတ်ချက်ထားရမယ်ဆိုတာ ငါ ...ပင်ရမယ့်လူတွေ ရှိသေးတယ်"

"အခု မိုင်း နဲ့ ခဏတွေ့လို့ ရမလားဟင်၊ သတ်မှတ်ချက်တွေ ...လာပြီဆိုရင် ထိပ်ထား ကလည်း မသေချာဘဲ မလုပ်ချင်လို့ပါ၊ သူ့ ...ခြေအနေကို သိချင်လို့"

"အမလေး .. အရူးလို့ပဲ သတ်မှတ်လိုက်ရင် ရပြီ၊ မရူးဘူးပြော ...ည်း ရူးတယ်လို့ ထင်နေကြတာပဲ၊ တွေ့စရာ မလိုဘူး"

"မား မ .. မား မ နော် ရှိလယ် .."

"ဟင်!..."

မိုင်း ရဲ့အသံကို ကြားလိုက်ရသဖြင့် ထိပ်ထား ဆတ်ခနဲ ခေါင်း ...ည်သွားသည်။ လူကို ရှာမတွေ့ဘဲ ...

"ကြီးကြီး .. ငါ့ကို ကားဖွင့်ပေးပါ၊ ငါ ထွက် ရှင်လို့ .."

တံခါးထုသံတွေပါ ကြားလိုက်ရသည်။ ထိပ်ထား နှုတ်ခမ်းလေး ...သွားကာ မိုင်း သူ့မကို အထဲကနေ လှမ်းမြင်နေမှန်း ..၊ ပြီးတော့ ...ချာမှတ်မိနေမှန်းလည်း သိလိုက်၏။

ထို့ကြောင့် ဆုံးဖြတ်ချက်က ခိုင်မာသွားခဲ့ပြန်ကာ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"အဲဒါကတော့ ကယ်ကြီး သဘောမကျဘူး သမီး၊ သမီး သွားချင်ရာကို လမ်းခင်းပြီးသားဖြစ်အောင် ကယ်ကြီး တို့ ဖန်ဆင်းပေးနေကြတာ၊ သမီး သိချင် မှတ်ချင်သမျှ သိရမှတ်ရအောင်လို့ လူမှုနယ်ပယ်ကို ကိုယ်တိုင်ခြေဆန့်နိုင်မှ တကယ် လက်တွေ့သိနိုင်မှာတွေ ရှိနေလို့၊ ခုလို သူများကို အချိန်တွေပေးပြီး တစ်စုံတစ်ရာသော အခြေအနေတစ်ခုမှာ ပေးဆပ်နစ်မွန်းနေဖို့ မဟုတ်ဘူး"

"ကယ်ကြီး .."

"သမီးက ငယ်ပါသေးတယ်၊ ဘွဲ့ရပညာတတ်တစ်ယောက်ဆိုတဲ့ အရွယ်ပေမယ့် သမီးဘဝက ခြေထောက်တစ်ချောင်းတည်းနဲ့ ခိုင်ခိုင်ရပ်ခဲ့ရတာ၊ အဲဒါကို ပြေးခုန်ပစ်ကျွမ်းကျင်တဲ့အထိ သမီး ကိုယ့်ဘဝကို အားမငယ်တတ်အောင် ကယ်ကြီးတို့ ဘယ်လောက်ထိ ကြိုးပမ်းခဲ့ကြသလဲ"

"ဒါလည်း လူတစ်ယောက်ရဲ့ဘဝပဲမို့လား ကယ်ကြီးရယ် .."

"လူတွေ အများကြီး၊ ဘဝတွေ အများကြီး ရှိတယ်လေ၊ လူတိုင်းမှာ ရှိနေတဲ့ အခက်အခဲကိုယ်စီကို ကိုယ့်ခေါင်းထဲထည့်ပြီး ပရိုရမ်ရေးဖို့





မလိုဘူး၊ ခုကိစ္စက ဘာဖြစ်နေမှန်း မသိတဲ့ လူငယ်ပေါက်စတစ်ယောက်နဲ့ စိတ်ဓာတ်မပြည့်ဝတဲ့ လူစုတွေထဲမှာ .."

ပြောပြနေရင်း ထိပ်ထား မျက်နှာလေး ငိုင်ကျသွားတာကို မြင်တော့ ပြောလက်စက ဒီမှာပဲ ရပ်လေသည်။

"သမီးက ဒါကိုပဲ စိတ်ထဲမှာ အဓိကဖြစ်နေတာလား"

ထိပ်ထား ဖျတ်ခနဲ လှည့်ကြည့်ပြီး စိတ်ကောက်နေတယ်ထင်မှာ ဒိုးရိမ်သွားတာမျိုး ခေါင်းခါလိုက်တာ ပျာပျာသလဲနှင့် ...

"အရမ်းကြီး စွဲလမ်းနေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ကယ်ကြီးရယ် .. မိုင်း ဆိုတဲ့ ကောင်လေးအဖြစ်ကို ထိပ်ထား အရမ်း စိတ်ဝင်စားခဲ့တာ၊ ပြီးတော့ သူ့အသံလေးကြားရတိုင်း ထိပ်ထား ကို လက်ယပ်ခေါ်ပြီး ကယ်ပါ ယူပါ အော်နေသလို ပူပူလောင်လောင်ကြီး ခံစားရတယ်၊ အဲဒီလိုခံစားချက်မျိုး တစ်ခါမှ မခံစားဘူးတော့ ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်အောင် ထူးဆန်းနေတာ"

"ဟင်း .."

ဦးမင်းမြတ်သွင် သက်ပြင်းရှည်ကြီးချကာ ခါးနှစ်ဖက်ထောက်၍ ရင်ဘတ်ဖွင့်ရင်း ရှေ့ကို လျှောက်ထွက်သွား၏။

"ကယ်ကြီး သိပြီ .. ဒါကို သမီးက ကူညီချင်နေတယ်၊ သူ့ဘဝကို ဒီ့ထက်ပိုပြီး သေချာ သိချင်တယ်"

သူ နားလည်လိုက်တဲ့အတိုင်း ပြောမိပြီး ရင်ထဲမှာရှိတာကိုတော့ ထိမ်ချန်ထားလိုက်သည်။ တကယ်ဆို သူ့ကျန်းမာရေးအရ မနားတမ်း လှုပ်ရှားသွားလာနေခြင်းဟာ တစ်နေ့ထက်တစ်နေ့ အန္တရာယ်တွင်းထဲကို တိုးဝင်နေတာနှင့် တူနေ၏။

ထို့ပြင် ခုချိန်မှာ သူ အရင်ဆုံးဖြစ်မြောက်ချင်တာက ထိပ်ထားရဲ့အိမ်ထောင်ရေး ...၊ ကိုသု ဆိုတဲ့ လူရွယ်တစ်ယောက်ကိုပဲ သမီးနဲ့ထိုက်တန်သူလို့ ကိုကြီး သပ်ရိုက်သလို စွဲထားသဖြင့် အခက်တွေ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ပတ်ဝန်းကျင်မှာ အတော်ဆုံးဆိုတဲ့ လူငယ်လူရွယ်တွေ မရှိတာလည်း မဟုတ် ..၊ ကိုကြီးရဲ့အရည်အချင်းကို သူ ယုံပါသည်။ ကိုသုကို တကယ့် ချီးမွမ်းထိုက်၍သာ ချီးမွမ်းသည်။ မက်မောထိုက်၍သာ မက်မောမှန်း သိပေမယ့် ကာယကံရှင်က လိုလိုလားလား မရှိတာကို ဘယ်အချိန်ထိ မျှော်လင့်နေမှာလဲ ..။

"ကယ်ကြီး ဘာဖြစ်လို့ သက်ပြင်းချနေတာလဲ"

"ဘာဖြစ်လို့ဆိုတာတော့ အကြောင်းတစ်ခုတည်း မဟုတ်တဲ့အတွက် ပြောရခက်တယ်၊ ဒါပေမယ့် သမီးအတွက်ချည်းပါပဲ"

"မိုင်း နဲ့ကိစ္စကို စိတ်ပူတာဆိုရင် .."

"မပူပါနဲ့ ထိပ်ထား ကို ယုံပါလို့ ပြောမလို့လား"

"ဟုတ်တယ် .."

ဦးမင်းမြတ်သွင် က မပြုံးချင်ပေမယ့် ပြုံးရိပ်ထင်အောင် အားယူလိုက်ရင်း ...

"ကယ်ကြီး စီစဉ်ပေးမယ်၊ ဒီကောင်လေးကို သမီး ကူညီပါ၊ တစ်ခုပဲ သတိထား"

"ပြောလေ ကယ်ကြီး"

"ကိုယ်က သူများကို ပျော်ရွှင်စေချင်လို့ ခေါင်းပေါ်ကနေ ပန်းတွေ ကြဲဖြန့်ပေးတယ်၊ ပုရွက်ကောင်တွေ ပါသွားလို့ စေတနာက ဝေဒနာ ဖြစ်ရမှာမျိုး"

"စိတ်ချပါ .. ကယ်ကြီး ဆုံးမတာဆိုရင် ထိပ်ထား ဘယ်တော့မှ အမှတ်တမဲ့ ယူထားခဲ့တာ မရှိဘူး၊ စွဲစွဲမြဲမြဲ မှတ်ထားပါမယ်၊ တခြား ပြောဖို့ ရှိသေးလားဟင်"

ဦးမင်းမြတ်သွင် စဉ်းစားနေသည့်မျက်နှာနှင့် ခပ်လွှဲလွှဲနေရင်း ခဏငြိမ်သွား၏။ ပြီးမှ ...

"သမီး မုန့်ဖိုး ဘာလို့ ထပ်မယူတာလဲ"





"မလိုသေးလို့ပါ .. ဒီမှာ ထုတ်ထားတဲ့ငွေတွေတောင် အန်တီ့ကို အပ်ထားလိုက်တယ်၊ ကယ်ကြီးကို ထိပ်ထား ပြောသားပဲ၊ အများကြီး ဆတ်ပါနဲ့လို့"

"ဟုတ်တယ် .. သမီး မသုံးတတ်တာကို သိတယ်၊ ဒါပေမယ့် ဒီရောက်မှ ကယ်ကြီးနဲ့ သမီး တစ်နေကုန် မတွေ့ဖြစ်ကြတာတွေ ရှိတယ်လေ၊ ကယ်ကြီးလဲ အလုပ်ရှိတာ ပြေးလုပ်ရတယ်၊ သမီးကလည်း ချိုချို နဲ့ သင်တန်းတွေ လိုက်တက်နေတာ၊ အချိန်မရွေး ငွေလိုလာရင် သမီး ဒီမှာကျတော့ မကျွမ်းကျင်ဘူး၊ ငွေကြေးကိစ္စတွေ ကယ်ကြီး လုပ်ပေးမှ ဖြစ်မှာလေ"

"အဲဒါ အခု ပြဿနာရှိလို့လားဟင် .. ကယ်ကြီး"

ဦးမင်းမြတ်သွင် က ဝရန်တာတန်းနားထိ လျှောက်သွားပြီးမှ ထိပ်ထား ဘက်ကို ပြန်လှည့်၍ ...

"ပြဿနာလို့ ပြောရမယ်ထင်တယ်၊ ငွေကြေးကိစ္စတွေ မနန်း ပြောလာတယ်၊ ဒီက ဘဏ်လုပ်ငန်းတွေကို သူပဲ ဦးစီးထားတာဆိုတော့.."

"ထိပ်ထား .. သိပြီ .."

"ဟွန်း .. သမီး အပြင်မှာပဲ လွတ်လွတ်လပ်လပ် ရှုးစမ်း ရှာဖွေနေချင်တဲ့စိတ်တွေ များသွားတာ ထင်တယ်"

"ဟုတ်ပါတယ် ကယ်ကြီး .. ချမ်းသာတယ်ဆိုတာ လူအထင်ကြီးရောပေမယ့် လူအထင်ကြီးခံရအောင်တော့ ဘယ်သူမှ ပိုက်ဆံနဲ့ ယပ်ခတ်ပြီး လမ်းပေါ်မှာ လျှောက်မပြဘူး၊ ထိပ်ထား မှားသွားပါတယ်"

"ဒီလောက်ထိ မဟုတ်သေးပါဘူး၊ သမီးကို ကယ်ကြီးက ထောင့်နေအောင်မြင်တတ်တဲ့ သမီးရဲ့ဖျတ်လတ်မှုတွေ လျော့ပါးသွားမှာ စိုးလို့"

"နောက် မဖြစ်စေရပါဘူး၊ ဘာကိစ္စမှာမှ ဒီလိုမဖြစ်စေရဘူးလို့ ထိပ်ထား ကတိပေးပါတယ်၊ ကယ်ကြီး ခုတလော နေကောင်းရဲ့လား၊ ခဏခဏ မူးနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ကြီးက ဒီလိုပဲလေ၊ ဖြစ်လာရင် ဆေးသောက်လိုက်တာပဲ"

"ထိပ်ထား ကယ်ကြီးကို ဒီရောက်လာမှ ကိုယ်တိုင် ဆေးမတိုက်ဖြစ်ဘူး၊ အဲ့ဒါ .."

"ငါ့သမီးကတော့ကွာ .. ကယ်ကြီးကို ကလေးကျနေတာပဲ"

"ဩော် .. ကလေးတော့ မဟုတ်ဘူးပေါ့"

ထိပ်ထား က ဦးမင်းမြတ်သွင် ရဲ့ ပခုံးတစ်ဖက်မှာ ခေါင်းလေးစောင်းတင်၍ လက်မောင်းကို ဖက်ထားလိုက်ကာ ...

"ထိပ်ထား ကလေ ကယ်ကြီးက မိန်းမ မယူဘဲ ထိပ်ထား ကို ထိန်းကျောင်းပြုစုရင်း ဘဝကို အထီးကျန်နေလာခဲ့တော့ ခုလို ဆေးပေးမီးယူ လိုအပ်လာတဲ့အချိန်မှာ နောင်တတွေရပြီး ကြေကွဲနေမှာစိုးတယ်၊ ဒက်ဒီ့ကို ချစ်သလိုမျိုး ကယ်ကြီးကိုလည်း ထိပ်ထား ချစ်တာပဲ၊ အဖေနှစ်ယောက်လို့လည်း သဘောထားတယ်၊ မိဘနှစ်ပါးလို့ အရာထားပြီးအားလည်း မငယ်ခဲ့ဘူး"

ဦးမင်းမြတ်သွင် က သဘောကျသည့် မျက်နှာကြီးနှင့် ထိပ်ထား ခေါင်းလေးကိုဖိပွတ်၏။ ပြီးတော့ ပခုံးလေးပေါ်မှာလက်တင်ထားလျက်...

"ကယ်ကြီးက အထီးကျန်ခြောက်သွေ့နေတဲ့ မျက်နှာကြီးနဲ့များနေဖူးလို့လား သမီးရယ် .."

"ဒါကတော့ ထိပ်ထား စိတ်ဆင်းရဲမှာစိုးလို့ ဟန်ဆောင်နေတာဖြစ်ချင်ဖြစ်မှာပေါ့"

"ဟန်ဆောင်ချိန်ကို မရပါဘူး သမီးရယ် .. ငါ့သမီးက ယဉ်ကျေးတယ် .. လိမ္မာတယ် .. နူးညံ့သိမ်မွေ့တဲ့ကလေး၊ ပြောစရာရှိရင် ပြောရဲတဲ့ သွက်လက်မှုတွေလည်း ရှိတယ်၊ ဒီကလေးပေါက်စလေးကို ထိန်းနေရတာ ဘယ်လိုလုပ် ငြီးငွေ့ပါ့မလဲ၊ ညည်းကို မမကြီးက မွေးလိုက်ကတည်းက နီးဖြူဖြူထဲက နီတျာရဲလေးကို ဘယ်နှစ်ကြိမ်လောက်နမ်းနေမိခဲ့မှန်း မသိဘူး၊ အဲဒီတည်းက ကိုယ့်ရင်သွေးလေးလို ချစ်ခဲ့ရတာ





းလည်ရဲ့လား .."

ထိပ်ထား က လက်မောင်းကို ထပ်တိုးဖက်၍ အသံလေးထွက်အောင် ရယ်၏။

"ဒါပေမယ့် မိန်းကလေးတစ်ယောက်ရဲ့ဘဝဟာ မိဘဘိုးဘွားညီအစ်ကိုမောင်နှမတွေက ချစ်နေကြရုံနဲ့ မပြည့်စုံနိုင်ဘူး သမီးရဲ့ .."

"ကယ်ကြီးနော် .. စကားလမ်းကြောင်း ပြောင်းသွားပြီ၊ အဲဒါတွေပြောဖို့ မစနဲ့ .."

ထိပ်ထား က လည်သည်၊ စကားစလိုက်တာနှင့် ခေါင်းခါပြီးဖြစ်တာ ...

"ဒက်ဒီကလည်း မေးလ် ပို့ထားတယ် .. ပညာရှာဖို့ပဲတဲ့၊ ချစ်သူရှာရဘူးတဲ့၊ သဘောတူပြီးသား ရှိတယ်တဲ့၊ လွန်ကျူးကုန်မှာစိုးလို့ ကြိုပြောထားတာတဲ့၊ ဒက်ဒီက သေတဲ့အထိ ငါ့သမီးနဲ့ ဘယ်တော့မှ ပဋိပက္ခ မဖြစ်ခဲ့ဖူးဘူးဆိုတဲ့ ပီတိနဲ့ သေသွားချင်တာတဲ့၊ ကောင်းတာကိုခိုင်းရင် လက်ခံရမယ်တဲ့ ...၊ ကဲ .."

'တဲ့ ..'တွေ အများကြီးနဲ့ မပြီးဆုံးအောင် တွဲဆက်ပြောရင်း ထိပ်ထား ရှုံ့မဲ့နေ၏။ သိပြီးသားတွေမို့ ဦးမင်းမြတ်သွင် က ပြုံးနေကာ ...

"ဘယ်သူနဲ့လို့တော့ မပြောဘူးလား"

"မပြောဘူး"

မပြောဘူးဆိုတော့လည်း သူလည်း ပြောဖို့ စိတ်မကူးတော့ပါ။ ဒါပေမယ့် ...

"သမီး ဒက်ဒီနဲ့ အရင်းနှီးဆုံး မိတ်ဆွေတွေထဲကပဲ ဖြစ်မှာပေါ့၊ စဉ်းစားကြည့်ပါလား"

"မစဉ်းစားချင်ပါဘူး ကယ်ကြီးကလည်း"

"ဘာလဲ .. သမီးက သမီးဒက်ဒီ သဘောတူတာကို နာခံဖို့ စိတ်ကူးတာလား၊ ခုခေတ် လူငယ်တွေအတိုင်း ကိုယ်ချစ်တာပဲ ယူမယ်



www.burmeseclassic.com

www.burmeseclassic.com



ယူမှာပေါ့ဆိုတာမျိုး''

''မဟုတ်ပါဘူး .. ထိပ်ထား ဘာမှကို စိတ်မဝင်စားတာ၊ လေ
လောဆယ် ခရီးသွားနေရတာကို ဝါသနာပါတယ်၊ ဘဝတစ်လျှော
လုံးမှာ ကိုယ် ဝါသနာပါတာရော ဒက်ဒီနဲ့ ကယ်ကြီးတို့ ဖြစ်စေချင်
အတိုင်း ဖြစ်ဖို့ရော တစ်ချိန်လုံး လက်တွေ့တွေ၊ စာတွေ့တွေနဲ့ နပမ်းလုံး
ခဲ့ရတာ စိတ်လွတ်ကိုယ်လွတ် သွားလာလှုပ်ရှားခွင့်ရခဲ့တာ ဘာကြ
သေးလို့လဲ''

''ကြာပါပြီ သမီးရာ.. ညည်း ယူထားတဲ့ဘွဲ့က တစ်ခုနှစ်ခုမှ မ
တော့တာ၊ ပညာလိုချင်တာ ညည်းဆန္ဒနဲ့ညည်းနော်၊ ယောက်ျားယူဖို့က
''မလုပ်ပါနဲ့ .. ဒက်ဒီကို ပြောပေးပါ ကယ်ကြီးရယ် .. ထိပ်ထ
က စိတ်မချရလောက်အောင် လုတာလည်း မဟုတ်ဘူး၊ ထိပ်ထ
ကိုယ်တိုင်လည်း ရည်းစားထားဖို့ လုံးဝကို စိတ်မကူးဘူး၊ အဲဒါ က
ပေးပါတယ်၊ အိမ်ထောင်ရေးတွေ မစီစဉ်ဖို့နော် .. ကယ်ကြီး ပြောပေ

''ရည်းစားထားတာ ဘယ်လိုလဲတော့ ကယ်ကြီး မသိဘူး၊ ဒါ
မယ့် ချစ်သူတွေ့သွားကြတဲ့လူတွေ ပြောတဲ့ အတွေ့အကြုံအရတေ
စိတ်ကူးတွေရင့်သန်နေတိုင်း အချစ်ကို ရှာဖွေယူလို့ မရဘူး၊ မထင်မှ
မရည်ရွယ်ဘဲ ဖွဲ့ဖွဲ့လမ်းလမ်း ထဖြစ်ပြီး အကြောင်းပြချက်မဲ့ ချစ်သွား
တာတွေ အများကြီးတဲ့၊ သမီးက စိတ်မကူးပေမယ့် သူ့အလိုလို ေ
လာရင်ရော ..''

''တွေ့ဖို့ မရှိဘူး''

ထိပ်ထား က မျက်နှာလေး သေချာမော့ပြီး အခိုင်အမာ ပြော
ပြီးတော့ ...

''ဒက်ဒီကို ပြန်ကျပ်ပေးလိုက်မယ်၊ ထိပ်ထား ကို ယူစေချင်
ကယ်ကြီးကို အရင်လက်ထမ်ပေးလိုက်လို့''

''ဟေ .. ဘာဆိုင်လို့လဲ''





''ကယ်ကြီးကို တစ်ယောက်တည်း မထားခဲ့ချင်လို့ပေါ့၊ ထိပ်ထား ကို ငဲ့ပြီး ကယ်ကြီးက လူပျိုကြီးလုပ်ခဲ့တာ၊ ထိပ်ထား အလှည့်ကျမှ ရက်ရက်စက်စက် ထားခဲ့လို့ ဖြစ်မလား''

''ဘာဖြစ်လဲ .. ခုလိုပဲ ကယ်ကြီးတို့ အတူနေလို့ ရတာယ်လေ''

''မတူပါဘူး .. ကယ်ကြီး လျှော့ကပ်ပြောမနေနဲ့၊ ဒက်ဒီက ဒက်ဒီပေမယ့် ထိပ်ထား က ကယ်ကြီးနဲ့ပဲ မိဘလို .. သူငယ်ချင်းလို အမျိုးမျိုး ချစ်ခဲ့ရတာ၊ ထိပ်ထား ပရိုဂရမ်မင်း အောင်တုန်းက ကယ်ကြီး လူမမာ ဖြစ်တဲ့အထိ အတူတူ လေ့ကျင့်ပေးခဲ့တာလေ၊ အဲဒီတုန်းက ထိပ်ထား ဆုံးဖြတ်ထားတာ သိလား ..''

''ပြောပါဦး .. ဘာတဲ့လဲ''

''ကယ်ကြီးက ငါ့ကို သိပ်ချစ်တာပဲ၊ ငါလည်း ကယ်ကြီးနဲ့ ရှင်ကွဲတော့ ဘယ်တော့မှ မခွဲဘူးလို့''

ဦးမင်းမြတ်သွင် ရင်ထဲမှာ နင့်ခနဲ ဖြစ်၏။

ဒါတွေဟာ အပိုမပါဘူးဆိုတာ သူ နားလည်နေသည်။ ကိုကြီးက မိဘမို့ စောင့်ရှောက်မွေးမြူခဲ့သလို တယုတယ ပြုစု ထိန်းကျောင်းခဲ့ရတာ သူပဲဖြစ်သည်။ ဒီသံယောဇဉ်တွေကို ဖြတ်တောက်ဖို့ လွယ်မလား..၊

''ကယ်ကြီး .. ကြားရဲ့လား''

သူ ငြိမ်သွားတာကို ထိပ်ထား က လက်မောင်းကိုလှုပ်၍ အတင်း မော့ကြည့် မေး၏။

''ကြားပါတယ်ဗျာ .. ငါ့သမီး ယောက်ျား ဖြောင့်ဖြောင့်ယူနိုင်အောင် ခဏတဖြုတ် သေပေးလို့ရရင်လည်း အကောင်းသား''

''ဟာ၊... မရပါဘူး၊ ဦးဖွ .. ခဏမှ မသေရဘူး .. အဲဒါတွေ မပြောနဲ့တော့''

ထိပ်ထား မျက်နှာလေးက ချစ်စဖွယ် ပြုံးချိုနေလျက် ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၈]

"လာ .. ကလေးမတို့ ထိုင်ကြ"

မျက်နှာမြင်လိုက်တာနှင့် ဒေါ်ကြင်ကြင် ပျာပျာသလဲ ဆီးကြိုသည်။ ထိုအခါကျမှ ချိုချို အံ့သြခြင်းနှင့်အတူ တကယ်ကို တရားကျမိရင်း ခေါင်းညိတ်မိခြင်း ဖြစ်၏။

လမ်းမှာတုန်းက ထိပ်ထား က ပြောသား ..၊

"လာပါ .. ကယ်ကြီးက အားလုံး အဆင်ပြေအောင် လုပ်ပေးမယ်လို့ ပြောတယ်၊ ငါ့ကယ်ကြီး အရည်အချင်းကို ငါ ယုံပြီးသား၊ ဒီတစ်ခါ ငါတို့ကို လုံးဝ မောင်းမထုတ်စေရဘူး" တဲ့ ..။

ထိပ်ထား ပြောတာကိုတောင် လိုနေသေးသည်ပဲ ..။

ဒေါ်ကြင်ကြင် က နေရာကျပြီးသား ထိုင်ခုံတွေကိုပဲ ဟိုရွှေ့ဒီရွှေ့နှင့် စားပွဲခုံပေါ်က ရှုပ်နေသည့် ပစ္စည်းတချို့ကိုလည်း ကပျာကယာ ရှင်းလင်း ဖယ်ရှား၏။

"အဒေါ်တစ်သက်လုံး ဒေါသတွေထွက် အလိုကျတာ ဘာမှမရှိနဲ့ ဒီလိုပဲ လှုပ်ရှားရုန်းကန်ခဲ့ရတာ၊ တူမကြီးရဲ့ဦးလေး ရောက်လာမှပဲ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ဖြစ်သွားခဲ့တယ်၊ သူ ပြောတာတွေက မှန်တယ်





..၊ မိဘကလည်း မွေးတော့မွေးထားပြီး မကြင်နာတာ ပစ်စလက်ခတ်ထားတတ်တာတွေ ရှိတယ်၊ ကိုယ်က မွေးပေးမယ့် သူများက ကျွေးမွေးစောင့်ရှောက်ထားတာမျိုး၊ သားသမီးကလည်း မိဘကိုတော့ မသိတတ်ဘဲ တခြားလူတွေအပေါ် ကျေးဇူး ကူညီပံ့ပိုးနေတတ်တာတွေ သူ ဘက်ပြသွားမှ အဒေါ်တို့ တွေးမိခဲ့တယ်"

ဦးမင်းမြတ်သွင် ဘာတွေပြောခဲ့မှန်း ချိုချို မသိပါ၊ ဒါပေမယ့် ပြောပြသွားရုံသက်သက်တော့ မဖြစ်နိုင် ..။

"ဒီက ငါ့တူမ မိုင်း ကို ကူညီချင်တဲ့ စေတနာပေါ့၊ အဒေါ်က အထင်လွဲပြီး မဖွယ်မရာတွေ ပြောဆိုဆက်ဆံခဲ့မိတယ်လေ၊ အဲဒါကို ဦးမင်းမြတ်သွင် က ရှင်းပြသွားတယ်၊ မိုင်း အတွက်လည်း အကူအညီတွေ ပေးခဲ့ပါတယ်၊ သူ ပြောသလို တွေးကြည့်လိုက်တော့ ဒါက ပဋ္ဌာန်းဆက်တွေပေါ့ကွယ်၊ အဒေါ်က မိုင်း ရဲ့မိဘ မဟုတ်ဘူး၊ ဘာမှလည်း တော်စပ်ဘူး၊ ဒါပေမယ့် မိုင်း ကို ငယ်ငယ်ကတည်းက အဒေါ်ပဲ ထိန်းကျောင်းခဲ့ရတာ"

ဟင်!...

ထိပ်ထား နဲ့ ချိုချို တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ ဒါတွေကို 'နှင့်ကယ်ကြီးလဲ သိမှာပဲ၊ ပြောမပြဘူးလား' လို့ မေးချင် လျှာထဲမှာ ယားနေသည်။

ထိပ်ထား က တကယ် သိထားပုံ မပေါ်ပါ..၊

"အဒေါ်က ဘာမှမတော်ဘဲနဲ့ .."

"ဟုတ်တယ် .. သူ့မိဘတွေက ထိန်းခိုင်းထားတာ"

ထိပ်ထား အံ့သြကာ ဒေါ်ကြင်ကြင့် ကို သေချာကြည့်မိသည်။ သောက်ရက်စက်နေတာ မိခင် မဟုတ်ဘူးဆိုတာကို အံ့သြစရာ မရှိ .. ။

ဒါပေမယ့် ကိုယ်တိုင် ငယ်ငယ်ကတည်းက ကျွေးမွေးပြုစုလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကလေးတစ်ယောက်ဆိုရင်လည်း သံယောဇဉ်ဆိုတာတော့ ရှိသင့်သည် မဟုတ်ဘူးလား ..။

"ဒါဆို ချို တစ်ခုလောက် မေးပါရစေ အဒေါ်၊ သူ့မိဘတွေက သူ ဒီလိုဖြစ်နေလို့ သပ်သပ်ခွဲထားတာလား"

"ခွဲထားတာကတော့ အကြောင်းရှိမယ် ထင်တယ်၊ ဒီလိုဖြစ်နေ လို့တော့ မဟုတ်ပါဘူး"

ဒေါ်ကြင်ကြင် က သူမတို့အတွက် ကော်ဖီတွေဘာတွေတော့ မတိုက်ပါ။ ရှိလည်းရှိပုံ မပေါ်ပေ ..၊ ကွတ်ကီမုန့်ထုပ် ဖွင့်လက်စလေး ပန်းကန်တစ်ခုထဲ သွန်ထည့်လာပြီး စားပွဲပေါ်ချ၍ သူပါ ဝင်ထိုင်လိုက် သည်။

ဧည့်ခန်းက ကျယ်ပေမယ့် ကုလားထိုင်တွေနဲ့ စားပွဲအပြင် ဒေါ်ကြင်ကြင် မုန့်ထုပ်တွေ လှမ်းယူလိုက်သော မနိမ့်မမြင့် ဗီရိုကားကား ကြီးတစ်လုံးပဲ ရှိသည်။

ပြတင်းပေါက်တွေမှာ မှန်တပ်ထားတာကလည်း ဟိုဘက် ဒီဘက် လှမ်းမမြင်နိုင်လောက်အောင် ဖျူနောက် မှုန်ဝါးနေပြီဖြစ်၏။

အပြင်ကကြည့်တော့ အိမ်က သိပ်မဆိုးဘဲ အထဲမှာ ဘာပစ္စည်း မရှိသည့်ပြင် နေရာထိုင်ခင်းတွေက စုတ်ပြတ်၍ ဖရိုဖရဲ ..။

ထိပ်ထား တို့ မသိမသာ အကဲခတ်ရင်း ပဟေဠိတွေ ဖြစ်နေကြ ဒေါ်ကြင်ကြင် က ဆက်ပြောသွားခဲ့သဖြင့် ...

"အဒေါ်ကလည်း သူတို့ဆီမှာ လုပ်တာ သိပ်ကြာတယ်လို့ ပြော မရဘူး၊ ဒီကောင်လေး ဒုက္ခိတဖြစ်သွားမှဆိုတော့ .."

"သူက ဘာဖြစ်တာလဲဟင်၊ မွေးရာပါလား"

ချိုချို ကပဲ ဝင်မေးသည်။ ဒေါ်ကြင်ကြင် က ခေါင်းခါ၍ ဇဝေ မျက်နှာနှင့် ...

"မဟုတ်ဘူးလို့ ပြောသံကြားတာပဲ၊ အဒေါ် သူ့ကို ထိန်းတော့





ရှစ်နှစ်သား"

"အဒေါ်ကို ထိန်းခိုင်းကတည်းက ဒီမှာပဲလား"

"မဟုတ်ပါဘူး .. သူတို့ခြံထဲမှာပဲ၊ ဒါပေမယ့် သိပ်မကြာဘူး သူတို့ ပြောင်းကြတယ်၊ ကလေးနဲ့ ငါ့ကိုတော့ ဟိုမှာထား .. ဒီမှာထားပေါ့၊ အိမ်ကိုရောက်လာတာ တစ်နှစ်တောင် မပြည့်သေးဘူး"

"ဘာဖြစ်လို့ အဲဒီလိုလုပ်တာလဲ မသိဘူးနော်"

ချိုချို ကချည်း မေးနေတာ ဒိုင်ခံ ..၊ ဒေါ်ကြင်ကြင် က ရိုင်းစိုင်း တတ်သည့်အကျင့်ရှိသူပီပီ သူ့စိတ်မရှည်လျှင် မရှည်သလို အဒေါ်ဖြစ် လိုက်၊ 'ငါ' ဖြစ်သွားလိုက် ..။

"မကြင်နာလို့ပေါ့ကွယ် .. ငါလည်း အဲဒါကြောင့် ဒီကောင်လေး ဂရုမစိုက်တော့တာ၊ ညည်းတို့ စဉ်းစားကြည့်ပါလား .. ကလေး ထိန်းခိုင်းပြီး စရိတ်စက လုံလောက်အောင် မပေးဘူး၊ ငါတို့လင်မယား အိမ်တစ်လုံး လခမပေးဘဲ နေရတာလောက်ပဲ၊ ဘာမှ လောက်င အောင် မရခဲ့ဘူး၊ အခု ငါ့ယောက်ျားက အပြင်မှာ ကျပန်းထွက်လုပ်နေ တာ"

ဒီကောင်လေးကို ရှာဖွေကျွေးနေရတာမျိုးပေါ့၊ ဒါကိုတော့ တော် သူ သည်းခံနိုင်ဖို့ မလွယ် ..၊ ဒေါ်ကြင်ကြင့် မျက်နှာက တင်းမာလာ အိမ်ထဲဆီ လှည့်၍ မျက်စောင်းထိုးလိုက်သေးသည်။

"ကိုချက်ကြီး ကို မိုင်း ထွက်ပြေးရင် ဖမ်းနိုင်အောင်ဆိုပြီး ဒီမှာ ခိုင်းလိုက်တာ၊ အစတုန်းက ခြံထဲမှာ မာလီလုပ်နေတာလေ၊ အဲဒါ ကောင်လေး ထွက်ပြေးလို့ ရှာမတွေ့တော့ရင် သူတို့ကို ဖုန်းဆက်ရ တယ်၊ သူတို့ကိုယ်တိုင် ထွက်ရှာရပြီဆို ကျုပ်တို့ကို ဆူလိုက် ပြောလိုက် ရစရာမရှိဘူး၊ ဒေါသမဖြစ်ဘဲ ဘယ်သူနေမှာလဲ ..၊ ဒီကောင်လေး ငါ့အတွက်တော့ ဂြိုဟ်ကောင်လေးပဲလို့ တွေးပြီး စိတ်က ဆယ့်လေး သီလောက် ညစ်နေရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်ရာသီလုံးလုံး ညစ်နေရတယ်ဆိုလည်း ပြည့်စုံမှာပါ .. ထိပ်ထား သက်ပြင်းလေးချသည်။ ပြီးတော့ မိုင်း ရှိနေသည်ထင်ရသော အိမ်တွင်းထဲကို လှမ်းကြည့်မိ၏။

"ပတ်ဝန်းကျင် ဘယ်လိုပဲမြင်မြင် ငါကတော့ မကျေနပ်တိုင်း ထုနက် ကျိန်ဆဲနေတာပဲ၊ သူ့မိဘကတောင် မကြင်နာလို့ ပစ်ထားတာ လေ၊ အဲဒီအချိန်မှာ ဒီကောင်လေးကို စေတနာရှိတဲ့လူ ပေါ်လာလို့ သူ ပြောသွားတဲ့စကားတွေကိုပါ ကြားရပြီး ငါ အံ့သြတာပေါ့"

စပြောခဲ့သည့် အကြောင်းရင်းက ခုမှ အစအဆုံး လိပ်ပတ်လည် လာသည်။ ကယ်ကြီးက ထိပ်ထား ဘယ်လောက်ထိ မိုင်း ကို သနား စာနာစိတ်တွေ ဖြစ်ခဲ့တဲ့အကြောင်း ပြောပြသွားတာ ဖြစ်နိုင်၏။

ပြီးတော့ 'ပေးကမ်းခြင်းသည် အောင်နိုင်ခြင်း' ဆိုတာကို သက်သေ ပြသွားလိမ့်မည်။

"သူက စာမတတ်ဘူးပေါ့နော်"

ထိပ်ထား မေးလိုက်တော့ ဒေါ်ကြင်ကြင် က ခေါင်းခါ၍ ...

"ပိုက်ဆံရှိတဲ့လူတွေပဲအေ .. သင်ပေးထားမှာပေါ့"

"ဒါဆို အခု ဘာမှ မရေးတတ်တာရော .."

ထပ်မေးလိုက်မှ မျက်နှာပျက်သွားကာ ဖြေမလိုပြင်ပြီးမှ တုံ့ဆိုင်း ဆိုင်းနှင့် ...

"သူတို့အိမ်က ခပ်ရှုပ်ရှုပ်ပါပဲအေ .. မိုင်း ကလည်း ရူးသလို ကြောင်သလိုဖြစ်နေပေမယ့် ရူးတာမှ မဟုတ်တာ၊ သူလည်း သူ့ ဘယ်လိုထားတာ .. ဘာလုပ်နေကြတာတွေကို သိနေမှာပေါ့၊ ဘာ ရေးနိုင်းလို့မရတာကိုက မရေးချင်လို့ မရေးတာဖြစ်မှာပါ"

"ဟင်!..."

ချိုချို နဲ့ ထိပ်ထား ပြိုင်တူ အသံထွက်သွားကာ ...

"ဘာတွေ အရေးတကြီး ရေးဖို့ လိုနေလို့လဲ .. မိုင်း က ဝေ





သည်ပဲ၊ စောင့်ရှောက်ဖို့၊ ဆေးကုဖို့ပဲ လိုတာကို"

"သူတို့ လိုလို့ နေမှာပေါ့၊ ငါကတော့ ပိုက်ဆံလောက်ငအောင် ချမပေးတာကလွဲရင် ဘာမှ စိတ်မဝင်စားဘူး၊ မိုင်း ကို စာသင်ပေးဖို့၊ စာရေးနိုင်းဖို့ အစက ငါ့ကိုနိုင်းတာ၊ တစ်ပြားတစ်ချပ်မှ မရဘဲနဲ့ ဘာ လုပ်ရမှာလဲ ..၊ အဲဒါကြောင့် ကျွန်မလည်း စာကောင်းကောင်းမတတ်ဘူး လို့ ပြောလိုက်တယ်"

သြော် ချိုချို ကတော့ အခြေအနေကို ထိပ်ထား နားလည်တာထက် ပြီး နားလည်လိုက်ပြီဖြစ်၏။ ဘာဖြစ်လို့လဲဆိုလျှင် ဒါက အိမ်ရှင် အိမ်ဖော်တွေနဲ့ ပတ်သက်သော သူမ အများကြီး မြင်တွေ့ ကြားသိနေရ သည့် ရှုပ်ထွေးမှုတွေ ..။

ကျေးကောင်းကျွန်ကောင်းရဖို့ဆိုတာ အရှင်သခင်ဆိုတဲ့ဘက်က စာနာထောက်ထားတတ်ဖို့၊ ပေးကမ်းစွန့်ကြဲတတ်ဖို့၊ မေတ္တာတရားနဲ့ သက်ဆိုင်ခြင်းတွေ အများကြီး ထားတတ်ဖို့ လိုသည်။

လောကရဲ့ ဆန့်ကျင်ဘက်သဘောတရားတွေထဲမှာ အပေးအယူ ဆိုတာလည်း အသွားအပြန် ဆန့်ကျင်ဘက် သဘောတရားတစ်ခုပဲ ဖြစ်၏။

ကိုယ်က လိုချင်ပြီဆို ပေးကမ်း လမ်းခင်းရတာမျိုး၊ အရှင်သခင်နဲ့ အစေခံကျွန်ဆိုတဲ့ ဟိုတုန်းတည်းက ကွဲပြားခဲ့တဲ့ဘဝတွေမှာ ဒီ့ထက်ပိုပြီး အနက် သိမ်မွေ့ပါသည်။

ဒေါ်ကြင်ကြင် တို့ကတော့ 'နင်ကောင်းရင် ငါ မဆိုးဘူး' ဆိုတဲ့ အလုပ်သမားမျိုး ဖြစ်နိုင်၏။

"အဒေါ် .. အခု မိုင်း ကို စာသင်ပေးမယ်ဆိုရင် ထိပ်ထား က သူတို့နဲ့ သွားတွေ့ရမှာလား"

"အို .. အခု မလိုတော့ဘူး၊ ဒီကောင်လေးအတွက် သူတို့ ထောက် ပံ့ထားတာထက်တောင် တူမကြီးရဲ့ဦးလေးက အများကြီး ပိုပေးခဲ့သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့ကုန်ကျစရိတ်ကို တင်ပြနေဖို့ မလိုတော့ဘူး၊ လာသင်ကြ
ဆရာမတွေလည်း မြဲတယ်မှ မရှိတာ၊ ဘယ်သူသင်လို့မှလည်း မိုင်
က နာခံတာ မဟုတ်ဘူး၊ အဲဒါကြောင့် စာသင်တဲ့ကိစ္စက အဓိက
မဟုတ်ဘဲ၊ ငါတူမတို့ ဒီမှာ အချိန်မရွေး ဝင်ထွက်နိုင်တယ်၊ တစ်နေ့လုံ
ငါက တစ်ယောက်တည်းနေတာ၊ မိုင်း အိပ်နေလို့ ခဏစောင့်နော်
သူနဲ့ အဆင်ပြေလို့ကတော့ အချိန်မရွေး လာတွေ့၊ စာသင်ပေးချင်လည်
သင်၊ ဝယ်ခြမ်း ကျွေးမွေးချင်လည်း ဝယ်လာခဲ့၊ အပြင်ကိုတော့
ထုတ်သွားလို့ မရဘူး"

ထိပ်ထား စိတ်ချမ်းသာသွားသည်။ သူမ ဘဝတစ်လျှောက်လုံ
အထစ်အငေါ့ မရှိ၊ စိတ်ဆင်းရဲဖွယ် မတွေ့ရအောင် အစစ ပံ့ပိုး ဂရုစိုက်
နေခဲ့သည့် ကယ်ကြီးကို သတိရပြီး ဆုတောင်းမေတ္တာတွေ ပို့နေမိသေ
သည်။

ကယ်ကြီးဟာ ထိပ်ထား အတွက် တစ်လောကလုံးမှာ ဘာမ
ဖြစ်စေနိုင်သည့် ဖန်ဆင်းရှင် ..၊

ဒက်ဒီကတော့ အမြဲတမ်းအတွက် ဒက်ဒီပဲမို့ ဦးလေးဖြစ်ပေမ
မိဘသဖွယ် မေတ္တာကြီးမားသော ကယ်ကြီး ကသာ ..။





အခန်း [၉]

"ဈေးသည်ခေါ်ပြီးမှ ဘယ်ကိုလဲ မဦး ရဲ့ .. လာပါ အတူတူ စားရအောင်"

"မစားတော့ဘူး မမလေး .. ကျွန်မ အလုပ်ရှိသေးလို့ပါ"

"ဟာ!... ခဏပဲဟာ၊ မဦး မီးပူတိုက်ရမှာမို့လား၊ ဒါ စားပြီးမှ တိုက်ပါ"

ခြံတံခါးဖွင့်ပြီး ဈေးသည်ကို ပန်းခြံအစပ် ပလက်ဖောင်းအုတ်ခုံလေးထဲထိ သွင်း၍ ထိပ်ထား က မဦး လက်ကိုလည်း ဆွဲထား၏။

"ပဲပြားအစာသွပ်ဆိုတာ ဘယ်လိုလုပ်တာလဲဟင်၊ ဒါကရော.."

"အဲဒါက ငါးဖယ် မမလေးရဲ့ .."

မဦး ကလည်း စားရတော့မည်ဆိုတော့ ဝမ်းသာအားရ ပြန်ထိုင်ကာ ထိပ်ထား ကို ရှင်းပြ၏။

"ပဲပြားကို ထပ်ခြမ်းခွဲ ရင်ဖွင့်လိုက်ပြီး ဒါတွေ.. ဒါတွေ ထည့်ပေးလိုက်တာ"

"ဒါတွေက ဘာတွေလဲ"

"ဒါက ဂေါ်ဖီကို ပါးပါးလေး လှီးထားတာ၊ ဒါတွေက အချဉ်အငန် အစပ်တွေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား...ဂေါ်ဖီကို အဲဒီလောက်ပါးပါးလေး လှီးလို့ရတယ်.."

ဈေးသည်အမျိုးသမီးက ထိပ်ထား မေးနေတာကို ကြည့်ပြီး ရယ်ကာ ...

"လှီးလို့ရတာပေါ့ ညီမရဲ့ .. ဒါပေမယ့် ဒါကတော့ ခြစ်ထားတာပါ"

"ဘာနဲ့ ခြစ်တာလဲဟင်"

"လက်ကိုင်ခြစ်လေးနဲ့ ခြစ်ထားတာပေါ့"

"ဪ .. ချစ်စရာလေးတွေ"

"နေဦး အစ်မ .. အစပ်တွေ အရမ်းမထည့်နဲ့၊ မမလေး စားနိုင်ရဲ့လား .. စားချင်သလို ပြောလေ"

ဈေးသည်လက်ကို လှမ်းကိုင်လိုက်ပြီး မဦး က စိုးရိမ်နေ၏။ ထိပ်ထား က မေးလေးပင့်၍ ကလေးတွေ စိန်ခေါ်သလို ပြုံးလိုက်ပြီး–

"ရတယ် အစ်မ .. လုပ်သာလုပ်၊ သူများတွေ စားတဲ့ ထုံးစံအတိုင်း"

ပဲပြားကို ဈေးမေးပြီး တစ်ထောင်ဖိုး လုပ်ခိုင်းသဖြင့် မဦး မျက်လုံးပြူးသွား၏။

"မမလေး ကုန်မှာ မဟုတ်ဘူး၊ ငါးရာဖိုးတောင် များလှပြီ"

"နင်ရော စားမှာလေ"

"စားလည်း မကုန်ပါဘူး မမလေးရယ် .. မမလေး မကုန်ပါဘူး ကျွန်မ သိတယ်၊ ငါးဖယ် အစာသွပ်လည်း ပါသေးတယ်လေ"

ဒီနေရာမှာ မဦး ကို ဆရာတင်ရသည်။ နှစ်မျိုးကို ချင့်ချိန်ဝယ်ပြီး မဦး က ဈေးသည်ပြန်တော့ တံခါးပြေးပိတ်၏။

"မမလေး စားလို့မကုန်ရင် ကျွန်မကို ခေါ်လိုက်နော် .. အလုပ်သွားလုပ်လိုက်ဦးမယ်"

"ဟာ!... မဟုတ်တာ .. အတူတူစားမှာပါဆို၊ လာ .. ဒီမှာ ထိုင်"

ခုံတန်းမှာလည်း မဟုတ်၊ ဒန်းပေါ်လည်း မထိုင်ဘဲ ဈေးသည်





ချရောင်းသွားသည့်နေရာမှာပဲ ထိပ်ထား က ထိုင်ရာမထ အိတ်ပြန်ဖွင့်သည်။ မဦး လက်ကို ဆွဲ၍ အနားမှာ ထိုင်စေပြီးမှ ...

"ရော့ .. ဒီမှာ ယူစား၊ ရွေးဖယ်နေဖို့မှ မလိုတာ၊ ကိုင်မိတာကို ယူစားလိုက်တော့"

"ဟို.. ကျွန်မ .. မကောင်းပါဘူး မမလေးရယ် .. မမလေး မကုန်ရင်သာ .."

"ပြောပြန်ပြီ .. ဘာမကောင်းတာရှိသလဲ၊ အိမ်မှာလည်း မဦး ချက်ပြုတ်တာပဲ စားနေကြတဲ့ဟာ .. စားပါဆို .. လာ .."

ထိပ်ထား ကိုင်ထားတဲ့အိတ်ထဲကို အတူတူ နှိုက်စားဖို့အတွက် မဦး မရဲရှာပါ။ မရမက တိုက်တွန်းမှ ယူစားတော့လည်း ပလုတ်ပလောင်းနှင့် ...။

"ကောင်းလိုက်တာ .. စပ်စပ်ချဉ်ချဉ်လေး .. မမလေး စားနိုင်ရဲ့လားဟင်၊ ဗိုက်နာဦးမယ်"

"နာတော့လည်း နာပေါ့၊ သူများတွေတောင် စားကြတဲ့ဟာ၊ စားလို့ကောင်းတာဆို စားမှာပဲ"

မဦး စားတာကို ကြည့်နေပြီး ကျေနပ်သည့်အပြုံးနှင့် ပခုံးချင်းတိုက်လိုက် .. လက်ချင်း ဆွဲမိလိုက် ...။

ထိပ်ထား မျက်နှာလေးကို မဦး သတိထားကြည့်မိကာ စားလို့ကောင်းနေခြင်းနှင့်ထပ်တူ ချစ်ခင်လေးစားခြင်းတွေပါ ဖြစ်လာမိသည်။

အလုပ်သမားပီပီ အိမ်ထဲမှာပဲ အလုပ်တွေနဲ့ အချိန်ကုန်နေရကာ ဒီလို အပြင်ကဈေးသည် ခေါ်စားဖို့၊ အပြင်ကို သွားလာရင်း စားသောက်ဖို့ဆိုတာ အဝေးကြီးပင် ...။ ထို့ပြင် မမစင် နဲ့ မမဆွန်း တို့ကို ကြောက်ရတာ၊ ဟဲ့ လို့ ခေါ်လိုက်တာတောင် မော်မကြည့်ရဲဘဲ ခေါင်းငုံ့သွားရ၏။

ထိပ်ထား ရောက်လာတော့ သူတို့အားလုံး ထိပ်ထား ဆိုသည့် မမလေးကို ဂရုစိုက် ရှိသေနေကြပြန်သည်။ မမလေးကတော့ သူတို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကျင်ဘက်ပါလား ..။

"ဟဲ့ .. မဦး"

"အမလေး .."

ခေါင်းချင်းဆိုင်သလို ဖြစ်နေတုန်း စင်ဒရဲ အနားရောက်လာတာကို မသိလိုက်ကြ ..။ မဦး လန့်ဖျန့်သွားကာ ပါးစပ်ထဲရောက်ပြီးမှ ငါးဖယ်တုံးကလေးက ပြန်ခုန်ချ၏။ ချက်ချင်း အုတ်ခုံလေးမှာ ထိုင်ရာကနေ ဖုတ်ဖက်ခါရင်း ထရပ်လိုက်သည်။

"နင့်ကိုယ်နင် ဘာမှတ်လို့ ဒီမှာ သူဌေးနဲ့ ပခုံးချင်းယှဉ်ပြီး ထိုင်နေတာလဲ"

"မဟုတ်ပါဘူး .. ကျွန်မ ..."

"ဘာမဟုတ်တာလဲ .. လမ်းဘေးဈေးသည်တွေ ခေါ်သွင်းပြီး ထိပ်ထား စားဖြစ်အောင် နင် မြှူဆွယ်လိုက်တာမို့လား .. ကပ်စားချင်လို့လေ .."

"မဟုတ်ရပါဘူး မမစင် ရယ် .. လုံးဝ မဟုတ်ပါဘူး"

"မစင် .."

ထိပ်ထား က နေရာက ထရပ်လိုက်ပြီး ကျန်နေသေးသည့် မုန့်အိတ်ကို မဦး လက်ထဲ ထည့်လိုက်ကာ ...

"မဦး သွားတော့ .."

မဦး ချက်ချင်း မသွားရဲရှာ ..၊ စင်ဒရဲ ကို ကြောက်ကြောက်ရွံ့ရွံ့ မော့ကြည့်နေသေးသည်။ စူးရဲပြူးဝိုင်းနေသည့် မျက်ဝန်းတွေက အသံတိတ် ငြိမ်သက်နေကြကာမှ အပြေးအလွှား ထွက်သွား၏။

စင်ဒရဲ နဲ့ ထိပ်ထား မျက်လုံးချင်း ဆုံသွားကာ ငါးစက္ကန့်လောက် ငြိမ်သက်နေခဲ့ကြ၏။ ပြီးမှ ...

"တစ်ဖက်သားကို ပါးစပ်ထဲကအစား ပြန်ပြုတ်ကျလောက်တဲ့ အထိ လှမ်းမိုး အုပ်စိုးထားနိုင်တာ မကောင်းပါဘူး"





"ဒါတောင်မှ အခု သူ ဘောင်ကျော်ပြီး လုပ်သွားတာ ထိပ်ထား အမြင်ပဲလေ"

"မစင် ဘာကိုမြင်လို့ ပြောတာလဲ .. ဈေးသည်အသံကြားလို့ ထိပ်ထား ခေါ်ခိုင်းတာ၊ မစားပါရစေနဲ့ဆိုတာကို ထိပ်ထား အတင်းကျွေးခဲ့တာ၊ သူ့ မြှူဆွယ်တိုင်း ဈေးသည် လိုက်ခေါ်ရအောင် ထိပ်ထား ကလေးပေါက်စလေးမှ မဟုတ်ဘဲ"

စင်ဒရဲ မျက်နှာမှာ ချစ်စနိုး ရယ်တာလား .. လှောင်ရယ်တာလား မသိဘဲ လှစ်ခနဲ ပြုံး၍ မျက်နှာလွှဲပစ်လိုက်ပြီးမှ ပြန်လှည့်လာတော့ မတည်မပြုံး ..။

"လူက ကလေးပေါက်စ မဟုတ်ပေမယ့် ထိပ်ထား ဒီကအထာသဘာဝတွေ ဘာမှမသိလို့ ရောက်လာကတည်းက လိုက်လှေ့လာနေရတာ တစ်ရက်မှ မနားရဘူးမို့လား၊ အဲဒါကြောင့် တို့က ကလေးပေါက်စလေးကို ပူသလိုပဲ ပူနေရတာပါ"

"အဲလို ဖြစ်သွားတာလား .. ဒါဆိုရင်တော့ မစင် က ထိပ်ထားကိုပဲ စိတ်ပူနေလွန်းလို့ ဖြစ်မှာပါ၊ ထိပ်ထား က ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပြီးသား၊ တိုင်းပြည်အုပ်ချုပ်နေတဲ့ ဘုရင်တွေတောင် ငါ့တိုင်းပြည် ဘာတွေဖြစ်နေသလဲဆိုတာ သိချင်လို့ သူခိုးနဲ့ မိတ်ဖွဲ့ရ၊ လယ်သမားကျွေးတဲ့ ဆန်ကွဲဆုပ်တွေ မျိုခဲ့ရနဲ့ .."

"သြော် .. ထိပ်ထား က အိုင်တီပညာရှင်ပဲကွာ .. ကလစ်တစ်ချက်နှိပ်တာနဲ့ ကမ္ဘာကြီးကို ပြောင်းပြန်လည်စေနိုင်တယ်ဆို၊ ရှေးခေတ်ဟောင်းက သာဓကတွေနဲ့ မယှဉ်နဲ့လေ"

ထိပ်ထား က စင်ဒရဲ မျက်နှာပေါ်က အပြုံးရဲ့နောက်ကွယ်က စာသားတွေကို မျက်လုံးထဲမှာ မြင်အောင် စိုက်ကြည့်ပြီး ပြုံးလိုက်သည်။

"အခု အဲဒီလို မဖြစ်နိုင်သေးလို့ အထက်ဖားအောက်ဖိကိစ္စတွေ ကျန်နေသေးတာပေါ့ မစင် ရဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကို စိုက်ကြည့်ပြီး ပြောလိုက်သဖြင့် စင်ဒရဲ ကွက်ခနဲ မျက်နှာပျက်သွား၏။ ထိပ်ထားကာ ရယ်ကာ ...

"အုပ်ချုပ်သူတိုင်းမှာ အကြံပေးဆိုတာ ရှိတယ်၊ ဘုရင်မှာလည်း ပညာရှိအမတ်ဆိုတာ ရှိနေတာပဲ၊ သိကြားမင်းတောင်မှ ကျောက်ဖျာ တင်းလာရင် လူ့ပြည်မှာ ဘာတွေဖြစ်နေလို့လဲဆိုတာ ပြန်ကြည့်ရတယ်၊ မသိလို့ မေးတိုင်း ပညာမဲ့လိုက်တာလို့ မကဲ့ရဲ့ရဘူး၊ ထိပ်ထား က မသိသေးတဲ့လူကို ပြောပြချင်တယ်၊ အများကြီး သိထားတဲ့လူကို ဆရာတင်တာပါ"

စင်ဒရဲ မျက်နှာ နီမြန်းလာခဲ့လျက် ...

"ဒါပေမယ့် တို့ရဲ့ အိမ်ဖော်တစ်ယောက်အကြောင်းကိုတော့ ထိပ်ထား က တို့ထက် ပိုမသိနိုင်ဘူးလေ၊ တို့က စိုးရိမ်လို့ပြောတာ၊ အလုပ်သမားဆိုတာ ကိုးဆယ့်ကိုးရာခိုင်နှုန်းက အရေးပေးရင်း ရောင့်တက်တယ်"

"မစင်တို့ အိမ်သားတွေထဲ ထိပ်ထား က ဝင်မပါပါဘူး၊ ထိပ်ထား လုပ်နေတာကိုလည်း မစင် တို့ ဝင်မစွက်ဖက်ပါနဲ့၊ ဥပမာ ခုနကလို အဖြစ်မျိုး"

"ဘာဖြစ်သွားလို့လဲ ထိပ်ထား ရယ် - အိမ်ဖော်နဲ့ လက်ဆုံစားနေတာ ညီမရဲ့ဘုန်းကံ နိမ့်ပါးတာပေါ့၊ ဒါ ဖြစ်လည်း မဖြစ်သင့်ဘူး"

"အလုပ်သမားက သူတောင်းစားမှ မဟုတ်တာ၊ ပြီးတော့ လက်ဆုံမစားလည်း သူ ချက်ပြုတ်တာတွေ ထိပ်ထား တို့ စားနေတာပဲ၊ မစင်ခုနကလုပ်လိုက်တာ မဦး တစ်ယောက်တည်းကိုဆူလိုက်တာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ .."

"သူ ငြင်းနေတဲ့ကြားက ထိပ်ထား အတင်းခေါ်ကျွေးလို့ စားရှာတာ၊ မစင် ထိပ်ထား ရှေ့မှာ သူစားမယ့်အစားကို ပုတ်ချပစ်တဲ့အထိ လုပ်လိုက်တာ ဘယ်သဘော သက်ရောက်သွားတယ် ထင်သလဲ"





စင်ဒရဲ မျက်နှာ ချက်ချင်း ပျာပျာသလဲ ဖြစ်သွားသည်။ ထိပ်ထားကို သူမ ပြန်လှန်မေးခွန်းတွေနဲ့ ထိုးနှက်ဖို့တောင် ကြိုးစားမိသေး၏။

အဒေါ်တစ်ယောက်လုံးက သေချာမှာထားခဲ့တာကို ဘာဖြစ်လို့ မေ့သွားရတာလဲ ..၊ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိရင်း ...

"အဲဒီလို တကယ် မရည်ရွယ်ပါဘူး ထိပ်ထား ရယ် .. တို့ကို ခွင့်လွှတ်ပါနော် .. တို့က ညီမလေးကို စိုးရိမ်စိတ် မွန်သွားခဲ့တာပါ၊ စိတ်မဆိုးပါနဲ့"

"မဆိုးပါဘူး .. အထူးသဖြင့် စားသောက်နေတဲ့အချိန်မှာ မစင် အဲဒီလို ရက်စက်တတ်တဲ့ အပြုအမူမျိုး ထပ်မလုပ်မိဖို့ပဲ ပြောချင်တာ"

"အင်းပါ - တို့ ကတိပေးပါတယ်"

ထိပ်ထား နေရာက ထွက်သွားတော့ စင်ဒရဲ မသွားရသေးခင် မွန်ဆွန်း ပြေးလာ၏။ သူမ တစ်နေရာကနေ ကြားလိုက်ပုံလည်း ရှိကာ...

"ပြောချသွားပြန်ပြီလား .. မမကိုက မမှတ်တာ၊ အဲ့တစ်ယောက် ခေါ်ခေါ့ကိုတောင် ဂရုစိုက်ရမှန်း သိတာ မဟုတ်ဘူး"

စင်ဒရဲ နီရဲသော မျက်နှာနှင့် အံကြိတ်နေကာ ...

"သင်း မိုးကောင်းတုန်း ရွာပါစေ"

"မိုးမကောင်းတဲ့အချိန်ကိုများ စောင့်ဦးမလို့လား၊ ထိပ်ထား က သူဌေးသမီး ပညာတတ်၊ ကင်းကင်းနေဖို့ပဲ ကြိုးစား"

မွန်ဆွန်း ဖြစ်နေတာက ကရဏာဒေါသတွေပါ။ မဦး ဆိုတဲ့ မိန်းမကိုက အချိုးမပြေတာ ..၊ ဒီမှာ အမြဲနေကြတဲ့လူတွေ ဒီလောက် မော်မကြည့်ရဲအောင် နှိပ်ကွပ်ထားတာတောင် သူတို့ ညီအစ်မကိုကျတော့ 'မမစင်' - 'မမဆွန်း' လို့ ခေါ်သည်။ ထိပ်ထား ကျတော့ 'မမလေး' တဲ့-။

တွေ့မယ် - အဲဒီမိန်းမ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၀ ]

ဒီနေ့တော့ ချိုချို မပါခဲ့ပေ ... သင်တန်းပြီးမှ အပြန်ဝင်ခေါ်မည်လို့ ပြောပြီး ဒီကနေ တစ်ယောက်တည်း ပြန်ထွက်သွား၏။

ဒေါ်ကြင်ကြင် ကလည်း ထိပ်ထား ဝယ်လာပေးသည့် ရယ်ဒီမိတ် အသားအူးတွေ ယူပြီး နောက်ဖေးဝင်သွားသည်။

ဧည့်ခန်းမှာ မိုင်း နဲ့ ထိပ်ထား ပဲ ကျန်၏။

"မိုင်း စာ ကောင်းကောင်းမရေးရင် နောက်နေ့ ထိပ်ထား မလာ တော့ဘူးနော် .. ဒါပဲ"

"ဟွန်း .. ဟွန်း .. ဟင့်အင်း .. လာခဲ့ .."

မိုင်း က ကိုင်ထားသည့်ဘောလ်ပင်နဲ့ကို လွှတ်ချပြီး ခေါင်းရော လက်ရော ခါနေ၏။ ထိပ်ထား က ဘောလ်ပင်နဲ့ကို ယူကာ သူ့လက်ထဲ ပြန်ထည့်ပေး၍ ...

"သေချာ ပြန်ကိုင် .. ဒီလို ဒီလို ကြည့် ...၊ အသက်ဝဝရှူ.. ဟုတ် ပြီ၊ လက်ကို ဟိုဘက်ဒီဘက် ပါမသွားစေနဲ့၊ ဟုတ်ပြီ .. ဒီမှာ ချကြည့်၊ လက်ကို အတင်းကြီး ဖိဆုပ် အားစိုက်မနေပါနဲ့၊ ပေါ့ပေါ့ပါးပါး ထား၊ မိုင်း က ထိပ်ထား ပြောတာကို နားလည်တယ်မို့လား .."

"အင်း .. လည်တယ်"





တစ်ခါတစ်ခါကျတော့လည်း စကားပြောတာ ပီပီသသ ဖြစ်သွား တတ်၏။ သူ့ခမျာ လေဖြန်းသလိုဖြစ်ပြီး စကားပြော မပီတော့တာ ဖြစ်သည်။

လက်တွေကိုလည်း သူ့ဟာသူ ထိန်းမရတော့ဘဲ ဘာစာမှ မရေး နိုင်တော့ပေ။ ထိပ်ထား ချိုချို နဲ့အတူ သင်တန်းတွေ လိုက်မတက်တော့ ဘဲ မိုင်း ကို စာသင်ပေးရင်း သူ့ဘဝလေးကို သူ့ဟာသူ ပြောပြလာနိုင် အောင် ကြိုးစားပေးနေခြင်း ဖြစ်သည်။

မိုင်း ကလည်း ထိပ်ထား နဲ့ကျမှ ပြုံးပြုံးရွှင်ရွှင်နှင့် ဆာတယ်လို့ လည်း မပူ၊ အပြင်ထွက်ပြေးဖို့လည်း မကြိုးစားတော့သဖြင့် ဒေါ်ကြင် ကြင် သဘောတွေ ကျနေတော့သည်။

ထို့ပြင် ထိပ်ထား ရောက်လာတိုင်း မနက်ပိုင်းဆို ဟင်းချက်စရာ တွေ ပါလာတတ်ကာ နေ့လယ်ပိုင်းဆို မုန့်ပဲသွားရည်စာတွေ အပြည့်...။

"ကဲ .. မုန့်တွေပဲ လက်ညှိုးထိုးမနေနဲ့၊ ကိုယ့်နာမည်ကို အပြည့် အစုံ ရေးပြ၊ မိုင်း ဆိုတာ မရဘူး၊ မိုင်း ရဲ့ ကြင်ကြင် ကလည်း မသိဘူး ဘဲ၊ မိုင်း စာရေးတတ်နေတာ ထိပ်ထား သိတယ်နော် .. ရေးပြရမယ်"

မိုင်း က ဒီနေ့တော့ ထိပ်ထား မျက်နှာတင်းနေတာကို တကြည့် ကြည့်နှင့် ကြိုးစားရှာသည်။

မိုင်း ဆိုတဲ့ တစ်လုံးကို မျဉ်းဖြောင့်မျဉ်းကောက်တွေနှင့် ဆက်မိ တာ မဆက်မိတာတွေ ရုပ်ယှက်ခတ်ရင်း ဖြစ်မြောက်အောင် ရေးနိုင် သည်။ နောက်တစ်လုံးက ဘယ်လိုရေးပြပြ ထိပ်ထား ဖတ်လို့ မရပေ။

ပြီးတော့ မိုင်း ရဲ့ရှေ့မှာ တပ်ရမှာလား .. နောက်က ထည့်ရမှာ လား၊ ဒီလိုလည်း မဟုတ်ဘဲ တစ်လုံးသပ်သပ်ချည်းပဲ ရေးနေသဖြင့် စိတ်လျှော့လိုက်ရ၏။

"ဒီနေ့ ပင်ပန်းနေပြီ .. ပေး .. ဒီမုန့်ကို စားချင်နေတာမို့လား၊ ထိပ်ထား ဖောက်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မုန့်စားတိုင်း ထိပ်ထား အကူအညီ ပါနေရသဖြင့် မိုင်း က ပါးစပ်လေးတပြင်ပြင်နှင့် စားဖို့ စောင့်ရင်း ထိပ်ထား မျက်နှာလေးကိုလည်း ကြည့်သည်။

ထိပ်ထား ကတော့ မုန့်ကို ကိုင်ထားသည့် မိုင်း ရဲ့လက်ချောင်းတွေနဲ့ မျက်နှာမည်းမည်းကြီးကို မကြာခဏ ယှဉ်ကြည့်ဖြစ်၏။

မျက်ခုံးတွေ တချို့တဝက်ပျက်ကာ တချို့က တစ်ဝက်လောက်ထိဒီတိုင်း ရှိနေ၏။ မျက်လုံးနှစ်လုံးက နက်မှောင် စူးရဲနေမှန်း သိသာပေမယ့် မျက်နှာကြီး မည်းညစ်ကာ ဟိုရွဲ့ဒီရွဲ့ ဖြစ်နေသည့်အောက်မှာ ကြည့်ရှုကောင်းတာလည်း ဘာမှ မကျန်တော့ပါ။

"ဒိတ် .. ထား .. ဒါး .."

"ဟင် .."

"ဒိတ် .. ဒါး .. ဟုတ်"

"ထိပ်ထား ပါ .. ပီအောင် ခေါ်ကြည့် .."

ဘယ်လိုခေါ်ခေါ် မပီပြင်တော့ ထိပ်ထား ရယ်လိုက်မိသည်။ မိုင်း က မျက်နှာငယ်လေးနှင့် မရယ်ဘဲ ဖြစ်နေကာမှ ...

"နောက်ဆို စကားတွေ ပီလာအောင် ထိပ်ထား သင်ပေးမှာပေါ့၊ မိုင်း က တတ်ချင်ရဲ့လား"

"အင်း .."

"ဒါဆို ဘာမှမခက်ဘူး၊ နောက်ပိုင်းမှာ အဆင်ပြေတာနဲ့ မိုင်း ကို ဆရာဝန်နဲ့ ပြပေးဦးမယ်"

"ဟာ .. နာတယ်"

ဖင်ပွတ်ပြီး ခေါင်းခါသည်။ ပြီးတော့ ထိပ်ထား မျက်မှောင်ကုတ်ကြည့်နေသဖြင့် လက်ပြန်ရုတ်၍ ခေါင်းခါပြန်သည်။ ခါနေရင်း ပြန်ညိတ်တော့ ထိပ်ထား က ပြုံး၍ ...

"ထိပ်ထား ကို ခင်တယ်မို့လား"





"အင်း .."

"ဒါဆို ပြောစကား နားထောင်၊ ဒီရောဂါပျောက်မှ မိုင်း ဖြစ်ချင်တာတွေ ဖြစ်မှာပေါ့၊ မိုင်း ရဲ့မိဘတွေနဲ့ အတူမနေချင်ဘူးလား"

မိုင်း က ခေါင်းမညိတ်သဖြင့် ထိပ်ထား အံ့သြသွား၏။

"ဟင် .. မေးတာကို ဖြေလေ၊ သူတို့က မိုင်း နေကောင်းသွားရင် ပြန်ခေါ်မှာပေါ့၊ ဒါမှ .."

"ဟုတ်ဘူး .. ဟုတ်ဘူး .. ခေါ်ဘူး .. လိုက်ချင်ဘူး"

"ဘယ်ကိုလဲ .. မိုင်း ရဲ့မိဘတွေဆီကိုလား"

"ဟုတ်ဘူး"

မိုင်း မျက်ရည်တွေကျလာပြီး ချက်ချင်း ငိုချလိုက်သည်။ ထိပ်ထား ကိုယ်နားမလည်နိုင်တာတွေကို ဘေးချိတ်ကာ မိုင်း ရဲ့ဘေးကို တိုးသွား၍ ချော့မော့မိ၏။

မိုင်း က ကလေးလို မျက်ရည်တွေကို ပွတ်ဆွဲသုတ်ကာ 'လိုက်ဘူး' ဆိုတာပဲ ပြောနေ၏။ ပြီးတော့ ...

"မေး .. မေး ရေ .. ဟီး .. ဟီး"

မေး ဆိုတာတော့ အမေကို တမ်းတနေတာမှန်း ထိပ်ထား သိသည်။ ဒါပေမယ့် 'ဘူး' ချည်းပဲ ခါနေတာတွေက ဘာကိုမှန်း မသိ ..။

အမေကို ချစ်နေသားနဲ့ ဘာဖြစ်လို့ အတူမနေချင်တာလဲ ..။

ပထွေးရှိလို့များ ..၊ ပထွေး နှိပ်စက်တာကို ခံရဖူးတာလား၊ ခေါ်ကြင်ကြင် ပြောတဲ့ စကားတွေထဲမှာတော့ သူ့အမေမှာ နောက်အိမ်ထောင်နဲ့ဆိုတာ မပါခဲ့ပေ ..။

မိုင်း နဲ့ပတ်သက်ပြီး တစ်နေ့တခြား တွေးစရာတွေသာ များခဲ့ရပြီး သေချာတာ ဘာမှမရှိ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၁ ]

"ဟုတ်တယ် မနန်း .. M3 ဘဏ်ကို သမီးလေးနာမည်နဲ့ လွှဲ
လုပ်နေတယ်၊ အဲဒီကိစ္စ နောက်သုံးလအတွင်းမှာ ပြီးမြောက်လိမ့်မယ်
ဘာဖြစ်လို့လဲ .."

"ဘာဖြစ်လို့လဲလို့ ကိုမင်းမြတ် မေးရသေးတယ်ရှင် .. ဒါတွေ
ကိုကို ပိုင်ဆိုင်ထားတယ်ဆိုတာ နန်း သိတယ်၊ နန်း က ဒီကနေ စီး
အုပ်ချုပ်ခွင့်ပဲ ရှိတယ်ဆိုတာလည်း ကျေနပ်နေခဲ့တာပါ"

"သမီးကို လွှဲမှာတော့ မကျေနပ်ဘူးလို့ ပြောချင်တာလား"

ခုပဲ မေးလ်နဲ့ ရောက်လာသည့် ညွှန်ကြားချက်တွေကို ဒေါ်နန်း
ကိုယ်တိုင် ဖတ်ခဲ့ရသည်။ ညီအစ်ကိုချင်း တိုင်ပင်လုပ်ကိုင်ပြီး အားလုံး
သေချာ ပြီးစီးနေမှ ကိုယ့်ကို အသိပေးတာ ဖြစ်သည်။

ကွန်ပျူတာဆီကို စူးခနဲ တစ်ချက် ဝေ့ကြည့်ပြီးမှ ...

"ကလေးဆန်သွားတယ်ဆိုလည်း မတတ်နိုင်ဘူးလို့ ပြောရမှာပဲ
ကိုကို လုပ်ပုံတွေက နန်း ကို ချောင်ထိုးလွန်းတယ်"

"အဲဒါ မင်း သူနဲ့ပဲ ပြောသင့်တယ်၊ သူပိုင်တဲ့ပစ္စည်းတွေကို သူ
စီမံတာ၊ ငါ ပြောင်းလဲခွင့် မရှိဘူး"





"ကိုမင်းမြတ် .."

ဦးမင်းမြတ်သွင် က ခြေလှမ်းပြင်သည်။ ဒေါ်နန်း က တားဆီး
လိုက်ကာ ...

"အဲဒီလိုပြောလို့ရအောင် ကိုမင်းမြတ် ဒီတာဝန်ကိုယူပြီး မြန်မာ
ပြည် ပြန်လာတာလား"

"မင်း ဘာပြောတာလဲ"

ဦးမင်းမြတ်သွင် မျက်နှာတင်းတင်းနှင့် ပြန်လှည့်လာ၏။

"ကာယကံရှင်က ကွယ်ရာကနေ ကြိုးကိုင်ပြီးတော့လေ .. နန်း
က ဘယ်သူ့ကိုမှ ပြောလို့မရအောင်"

"သူ မေးလ်နဲ့ပို့ရင် မင်းလည်း မေးလ် ပြန်ပို့ပေါ့၊ ဒီမှာ မနန်း..
ကိုကြီး ပိုင်ဆိုင်သမျှတွေကို ငါ စီမံခွင့်မရှိပေမယ့် ငါ့တူမအရင်း ထိပ်
ထား ရဲ့ ကံကြမ္မာကို စီမံခွင့်ရှိတယ်၊ သူ့အဖေကိုယ်တိုင်က အပြည့်အဝ
ပေးခဲ့တဲ့ အခွင့်အရေး၊ အဲဒါကြောင့် ငါ့သမီးနဲ့ ပတ်သက်သမျှ ငါ
အားလုံး လုပ်ပေးမယ်၊ မင်းဘက်က အခွင့်အရေးရှိတယ်ထင်ရင် ရှိတဲ့
ဘက်က ပြော .."

"ဘဏ်ကိစ္စကို နန်း သဘောမတူနိုင်ဘူး"

ဒေါ်နန်း က တင်းမာရဲတင်းစွာ ပြောချ၏။

"မင်း ပြောခွင့်ရှိတယ်ထင်ရင် ပြောပေါ့"

အရှိက်ထိမယ့်စကားမို့ ဒေါ်နန်း က ကြိတ်တွက်ပြီးသားပါ။

"အခွင့်အရေးဆိုတာ ယူတတ်တဲ့သူ ရပါတယ်၊ ကျွန်မက ဧည့်
သည်ကို ဧည့်သည်လိုနေမှာပဲထင်ပြီး လျှော့တွက်ခဲ့မိတာ"

"ကိုယ့်ရဲ့မွေးရပ်မြေကို ပြန်လာတာ ဧည့်သည်ဆိုလဲ ဖြစ်တယ်၊
အိမ်ရှင် လုပ်မလို့ဆိုလည်း ရတာပဲ၊ သဘာဝမကျတာ ဘာမှမရှိဘူး၊
ဟောဒီအိမ်ပေါ်မှာ ငါ့သမီးက တစ်ဦးတည်း အိမ်ရှင် ဖြစ်ချင်ပါတယ်
ဆိုရင်တောင် ရအောင်လုပ်ဖို့ ငါ့မှာ တာဝန်ရှိတယ်၊ အဲ့ဒါ 'မြတ်သော



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား' ရဲ့ အာဏာစက် .."

"ကိုမင်းမြတ် .."

"ပြောပါ"

ဒေါ်နန်း အသားတုန်အောင် ပွင့်အန်နေသည့် ဒေါသတွေကို မျိုသိပ်၍ ဦးမင်းမြတ် ကို စူးစိုက်ကြည့်သည်။

"နန်း ဆိုတဲ့ မိန်းမကလည်း အာဏာစက် မပြင်းပေမယ့် အခြေ အနေမဲ့မို့လို့ သူ့ဘွေးကို မှီခိုရုံသက်သက်နဲ့ ပုဆိုးစဆွဲနေခဲ့တာ မဟုတ် ပါဘူး"

"အဲဒီလို မိန်းမမျိုးတွေလည်း ဦးမြတ်ထွတ်ခေါင် ရဲ့စာရင်းထဲမှ မပါဘူးဆိုတာ မင်း သိပါတယ်၊ စတုတ္ထမြောက် သတို့သမီးဖြစ်တဲ့ မင်းတစ်ယောက်ကလွဲရင် အားလုံးက ရာထူးဌာနန္တရနဲ့ အခြေမြင့် အ မြင့်တွေပဲ"

ဒေါ်နန်း အံကြိတ်ခြင်းကို သိသာအောင် ပြုသည်။ ဦးမင်းမြ ဂရုမစိုက်စွာ ကြည့်၏။ သူ သွားရောက် နေထိုင်ဖူးခဲ့သည့် ကိုကြီး ပတ်သက်ကြသမျှ သမီးလေးအပေါ် တာဝန်ကျေရုံအပြင် လိုက် နွေးထွေးဖို့သာ ကြိုးစားခဲ့ကြတာ ဖြစ်၏။ ထို့ပြင် ...

"သမီး မျက်နှာသိတာနဲ့ အစ်ကိုထွတ် ကလည်း မေလေး ကို ငြိုငြင်မှာလေ၊ ဒါကြောင့် သမီးကို စိတ်ချမ်းသာစေချင်တယ်၊ အစ်ကို ထွတ် မျက်နှာကြောင့်ရော သမီးကလည်း ချစ်စရာလေးမို့ပါ" ဆိုတ မျိုး ..။

အားလုံးက နူးညံ့ပြည့်ဝကြသည်။ ကိုယ်နေတဲ့နေရာမှာ ကိုယ့် အရိပ် ကိုယ်သာ သခင်မို့ မကျေနပ်ချက်ဆိုသည့် လေသံမျိုး ဘယ်သူ့ ကမှ မကြားရခဲ့ပေ ..။

ကိုကြီးကိုယ်တိုင်က ဘယ်နိုင်ငံမှာဖြစ်ဖြစ် သူ့ရဲ့အင်အားနဲ့ သူ ပတ်ဝန်းကျင်မှာ လွှမ်းမိုးနိုင်အောင် ကြိုးစားသည်။ ဇနီးဆိုသည့် နေရာ





ာ ဆိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့သည်။ ထိုအရိပ်သည် သမီးဖြစ်သူ အတွက်ပါ လုံခြုံစေရမည်ဆိုသည့် ရည်ရွယ်ချက်နှင့် ..။

"ကိုယ့်သမီးလေး ရောက်လာလိမ့်မယ်၊ မင်းဘက်က တတ်နိုင် သမျှ နွေးထွေးမှုပေးနိုင်လိမ့်မယ်လို့ ကိုယ် မျှော်လင့်ပါရစေ"

သမီး မရောက်ခင် မေးလ် ပို့လိုက်တာနှင့် 'မြတ်သောထိပ်ထား' အတွက် ရွှေလမ်းငွေလမ်း ခင်းထားကြပြီးသား ..။

အားလုံးထဲမှာ ထူးခြားသော လျှို့ဝှက်ဆက်ဆံရေးနှင့် ကြုံဆိုခဲ့တာ ဒေါ်နန်း တစ်ယောက်သာ ..၊ ကိုယ် ပိုင်ဆိုင်ခွင့် ရှိထားသလောက်နှင့် တင်းတိမ်နိုင် ..။

ပစ္စည်းဥစ္စာသာမက မေတ္တာကိုပါ တစ်ယောက်တည်း လိုချင်၏။

"ကိုကိုက နန်း ကို အလျှံပယ် ထူထောင်ပေးထားတာ နန်း ကို ကြည့်ရုံစေချင်တာသက်သက်မှ မဟုတ်ဘဲ၊ ကိုကို့သမီး ကမ္ဘာပတ်လို့ နေအောင် တစ်ရွာ တစ်ကျီဆောက်တာ၊ ဘယ်နိုင်ငံရောက်ရောက် ကိုယ့်အိမ် ကိုယ့်ရာလို နေနိုင်အောင် နယ်ချဲ့တာမျိုး .."

ဒီစကားတွေနဲ့ မကြာခဏ စကားနာထိုးတာလည်း သူ အသိ ..၊ လည်း ထိပ်ထား အတွက် ဘဏ်မှာ ငွေထုတ်တိုင်း ဒေါ်နန်း မျက်နှာ ပျက်သည်။ ကြိတ်မနိုင်ခဲမရ သက်ပြင်းချသံတွေကို သူ မသိဘဲ နေ လော ..။

ဦးမင်းမြတ်သွင် မျက်နှာပေါ်မှာ ရှေ့ဖြစ်နောက်ဖြစ်တွေကြောင့် ပြောင်းလဲခြင်းတွေ အမျိုးမျိုး ဖြစ်ပေါ်လျက် ...

"မင်းကို နောက်တစ်ခု ပြောချင်သေးတယ် မနန်း .. အဲဒီစကား ကို မင်းကတော့ ကြားချင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် နောက်လည်း အတူနေဖြစ်ကြဦးမှာဆိုတော့ မင်းနဲ့ငါ ခုလို ဖြစ်ရတာမျိုး သမီးနဲ့ မဖြစ် အောင် မင်း ဆင်ခြင်ဖို့ လိုတယ်"

'ကျွန်မကတော့ ရှင်တို့နဲ့ မနေနိုင်ဘူး' လို့ ပက်ခနဲ ပြောပစ်လိုင်



www.burmeseclassic.com

www.burmeseclassic.com



ချင်သည်။ ဒါပေမယ့် ကိုယ့်ဘက်မှာ ခွန်အားမဲ့နေခဲ့သည်မို့ ...

"ကျွန်မ ဘာလုပ်ရမယ်ဆိုတာ သိနေပြီးသားပါ၊ ရှင့်အစ်ကို ဘာ ညွှန်ကြားချက်တွေ ထပ်ရှိထားသေးလဲဆိုတာပဲ ပြောပါ"

ဒေါ်နန်း က မကျေနပ်ခြင်းကို ပြန်မျိုမချတော့ဘဲ မျက်နှာမှာရော လျှာပေါ်မှာပါ အဆင်သင့်တင်၍ ပြင်ဆင်ထားပြီးသည့်လေသံနှင့် ...

"ယောက်ျားကောင်း မောင်းမတစ်ထောင် ဆိုတဲ့ စံနှုန်းအတိုင်း ဦးမြတ်ထွတ်ခေါင် က အကွက်ရွှေ့တော်ပေမယ့် မိန်းမသားတွေကတော့ ခြေလှမ်းမှားလို့ မဖြစ်တဲ့အမျိုးပါ၊ အဲဒါကြောင့် .."

"ကျေးဇူးပဲ"

ဦးမင်းမြတ်သွင် က မကြားချင်သည့် မျက်နှာတင်းတင်းနှင့် ခပ်ရိုင်းရိုင်း ပိတ်ပြော၏။ ပြီးမှ ထပ်၍ ...

"သမီးလေးနဲ့ လူကြီးချင်းသဘောတူထားတဲ့ ကောင်လေး ရောက်လာလိမ့်မယ်၊ အဲဒီအတွက် ငါတို့ ပြန်ဖြစ်မှာ မဟုတ်သေးဘူး၊ သူတို့ချင်း အဆင်ပြေသွားရင် လက်ထပ်ဖို့ထိ ဒီမှာပဲ ဖြစ်နိုင်သလို ဟိုကို ပြန်ချင်လည်း ပြန်မယ်"

"သဘောတူပေမယ့် မသေချာသေးဘူးလို့ ပြောတာလား"

"ဟုတ်တယ် .. ကာယကံရှင်တွေရဲ့ဆန္ဒကို ပထမ ဦးစားပေးထားလိုက်တာ"

နှစ်ယောက်စလုံးဘက်ကို ပြောလိုက်တာပေမယ့် တကယ်က ကိုသု ဆိုသည့် လူရွယ်ဘက်က မသေချာခြင်း ဖြစ်သည်။ ထို့ကြောင့် ဒီကိစ္စကို လူကြီးချင်းသာ သိပြီး သမီးကိုတောင် အသိပေးမထားခဲ့ ...။

ကိုသု လာမှာက လက်ထပ်မည့်မိန်းကလေးကို စိတ်ဝင်တစား လာကြည့်မှာသက်သက် မဟုတ်ကြောင်း ကိုကြီး ထည့်ပြောထားသည်။

နှစ်ဖက်လူကြီးတွေ သဘောတူနေကြပေမယ့် ဒီလူ ဒီအရွယ်တွေကို အမိန့်တစ်ရပ်နဲ့ ကွဲစေ ညားစေလို့ မဖြစ် ..။





ကိုယ့်သမီးက အဖြူထည်လေးမို့ မိဘက အကျအန စီစဉ်လိုက်ပြီဆိုရင်တော့ ငြင်းမှာ မဟုတ်သော်လည်း ကိုသု ဆိုသည့် လူရွယ်ဘက်က အဆင်ပြေဖို့ မသေချာ ..။

ထိုသူ ရောက်လာမည့်အချိန်မှာ လူငယ်တွေ တွေ့ဆုံခြင်းက ဘယ်လိုပြောင်းလဲခြင်းတွေနဲ့ ပဋိလက်ဆန်ဦးမည်ဆိုတာ ဘယ်သူ သိနိုင်မှာလဲ ..။

သမီးလေးကို သူ အလွန်တန်ဖိုးထား မြတ်နိုးသော်လည်း ဖအေ ဖြစ်တဲ့သူကလည်း တန်ဖိုးထားလွန်း၍သာ ထိုက်တန်သူကို ရှာဖွေခဲ့တာ ဟုလို့ ဖြေသိမ့်ရင်း ..။

နဖူးစာရွာလည်တာပဲ ဖြစ်ပါစေ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၂ ]

"မြေးက တစ်ခါတည်း ဝင်စားလိုက်ပါလား၊ ဘာဖြစ်လဲကွယ်-မိသားစုဝင်လို ရင်းနှီးနေကြပြီဟာ"

ချိုချို့ ရဲ့ မိဘဘိုးဘွားတွေက ထိပ်ထား ကို ခင်နေကြသည်။

စားသောက်ဖွယ်တွေ ယူယူလာတတ်ပြီး ဘာကျွေးကျွေး စားတယ် သိပ်မရှိသော ထိပ်ထား ကို သူတို့ စားသောက်ပွဲနှင့်ကြုံတိုင်း အားမလျှော့စတမ်း ခေါ်ကျွေးနေကျ ..။

"မစားတော့ဘူး ဘွား .. ထိပ်ထား ဒီနေ့ အိမ်ပြန်နောက်ကျလို့ မရလို့ပါ"

နေရာမှ ထရပ်လိုက်ရင်း အားလုံးကို နှုတ်ဆက်၍ ...

"ငါပြန်မယ် ချို .. မနက် အိပ်ရာထဲကတည်းက ကယ်ကြီးက အရင်ထွက်သွားတော့ ဒီနေ့ မျက်နှာချင်း မဆုံဖြစ်သေးဘူး၊ ကယ်ကြီး သိပ်လည်း နေမကောင်းဘူးဟ"

"အေးလေ .. ငါ လိုက်ပို့မယ်"

"သမီးရေ ထီးပါ ယူသွားကြ၊ လမ်းမှာ မိုးမိလိမ့်မယ်"

ပြောသံနှင့်အတူ ချိုချို့ အမေက အိမ်ရှေ့အထိ ထီးလိုက်ပေးသည်။





"သမီး နောက်တစ်ခါဆို အန်တီတို့နဲ့ ထမင်းလက်ဆုံစားဖို့ မငြင်းရဘူးနော်၊ ကြိုပြောလိုက်မယ်"

"ဟုတ်ကဲ့ပါ"

တကယ်တမ်း မြန်မာပြည်ကို ရောက်လာကာမှ ဘယ်မှလည်း သိပ်မသွားလာဖြစ်ဘဲ ချိုချို တို့ အိမ်မှာပဲ အနေများခဲ့၏။ ခုကျတော့ မိုင်း တို့ အိမ် တိုးလာပြန်သည်။

"ငါလည်း ပျော်ရာမှာ နေသလို ဖြစ်နေပြီ ချို .. ကယ်ကြီး ကြည့်ရတာ ပြန်ချင်နေပြီထင်တယ်၊ သူ့ရောဂါနဲ့က ဟိုမှာနေတာပဲ အဆင်ပြေမှာဟ၊ ငါ ခုပြန်ရင် ကယ်ကြီးကို မေးမယ်၊ ပြန်ဖို့ ပြင်ဆိုလည်း ပြင်ရတော့မှာပဲ"

"ဘာရောဂါမို့လို့လဲ ထိပ်ထား ရယ် .. ကယ်ကြီးပုံစံက လတ်လတ်ဆတ်ဆတ် ခန့်ချောကြီးပါ၊ ရောဂါဆိုးရှိနေတဲ့ပုံလည်း မပေါ်ပါဘူး၊ နင် ပြန်တော့မယ်ပြောလိုက်တာ ငါ ခုတောင် ငိုချင်သွားတယ်"

"ဒါကတော့ ငါက လာကတည်းက ဧည့်သည်လို လာခဲ့တာပဲဟာ .. အချိန်တန်ရင် ပြန်ရမှာပေါ့၊ နင်လည်း နေခဲ့တော့လေ၊ အဝေးကြီး တစ်ယောက်တည်း ပြန်ရဦးမယ်"

"နင် ကယ်ကြီးကို ဖုန်းဆက်မခေါ်တော့ဘူးလား"

"ကယ်ကြီး မအားပါဘူးဆို .."

"ဒါဆို ကားငှားလိုက်လေ၊ လမ်းပေါ်မှာ နင် တစ်ယောက်တည်း ဖြစ်နေမှာပေါ့၊ ငါ စောင့်နေမယ်"

"ရပါတယ်ဟာ .. ငါ မကြောက်တတ်တာ နင် သိသားနဲ့"

"ဒါဆိုလည်း ထီးယူသွား"

ချိုချို က စိတ်မချရှာပါ ..၊ ဒီတိုင်းရပ်နေလျှင် ပြန်မသွားမှာစိုးသဖြင့် ထီးကိုကိုင်၍ ထိပ်ထား သူ့မြင်ကွင်းထဲက လွတ်တဲ့တစ်နေရာသို့ ထွက်လာခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာရောက်တော့မှ ပန်းတစ်ဖက်မှာ ချိတ်ထားသည့်အိတ်ကို ဖြုတ်ယူကာ ဖုန်းထုတ်လိုက်၏။ ကားလာကြိုဖို့ ပြောချင်တာ မဟုတ်ပေ ..၊ မနက်တည်းက ကယ်ကြီးနဲ့ မဆုံလိုက်သဖြင့် ဘာတွေ အလုပ်ရှုပ်နေလဲဆိုတာကို သိချင်သည်။

ပြီးတော့ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရတာ တစ်နေကုန် ဘဝင်မကျခဲ့ ..။

"မိုးရွာမလား မသိဘူး .. မြန်မြန်လျှောက်"

ကျောနောက်ကနေ အပြေးတပိုင်း လျှောက်သွားရင်း ပြောသွားကြသံ ကြားသည်။ ထို့အတူ မိုးသက်လေ တစ်ချက်ဝေ့သွားပြီး သိပ်မကြာလိုက်ခင် မိုးစက်မှုန်တွေ ပါလာ၏။

ကယ်ကြီးဆီကို ဖုန်းခေါ်ပြီးမှ ပခုံးနဲ့ ပါးကြားမှာ ဖုန်းကို ကပ်ထားလိုက်ရင်း ထီးဖွင့်ဖို့ လုပ်ရ၏။

"သမီး .."

"ကယ်ကြီး .. ကယ်ကြီး ခဏလေး"

"သမီး ကယ်ကြီး နေမကောင်းဘူး၊ တအားမူးနေလို့"

"ဟင်!... ကယ်ကြီး ဘယ်မှာလဲ .. အခု ဘာလုပ်နေတာလဲ"

ဖုန်းထဲက အသံတစ်မျိုး ကြားလိုက်ရကာ ကယ်ကြီးဆီက ဘာမှ တုံ့ပြန်သံ မလာတော့ပေ ..။

"ကယ်ကြီး .. ကယ်ကြီး .. ဟလို .. ကြားလား .. ကယ်ကြီး ပြောလေ"

ဖုန်းထဲမှာ အသံတွေ ကြားနေရကာ ကယ်ကြီး ဘာမှမပြောသဖြင့် အောင်မြင်စွာ မဖွင့်ရသေးသည့် ထီးကို ဒီတိုင်း ကိုင်ထားလိုက်သည်။ ဖုန်းကို နားမှာ သေချာပြန်ကပ်ထားလိုက်ရင်း ...

"ဟလို .. ဟလို .."

"ဘာဖြစ်သွားတာလဲ"





"သတိမရတော့ဘူး"

"စမ်းကြည့်ပါဦး"

"အသက်မရှိတော့ဘူး ထင်တယ်၊ အာရုံကြောပြတ်သွားတာ ဖြစ်မယ်"

အတင်း နားထောင်နေမိသဖြင့် ဖုန်းထဲက နောက်ထပ်ဝင်လာသည့် အသံတွေကို ကြားလိုက်ရသည်။

"ကားထဲ ပြန်မထည့်နဲ့ .. ဆေးရုံပို့လိုက်ရအောင်"

"သေပါပြီ .. သေချာတယ်"

"ဟိုမှာ ဖုန်းကောက်လိုက်ဦး"

"ဘယ်ကလဲ မသိဘူး .. ကားစာအုပ်မှာ ရှာကြည့်"

လူသံတွေ ပိုများလာကာ တဝေါဝေါနှင့် အသံတွေ မပီမသ ဖြစ်လာ၏။

ထိပ်ထား လက်ထဲက ထီးသည် ဖွင့်သည်ပိတ်သည် မပြည့်သော ပုံခံနှင့် တဖျတ်ဖျတ် ခါနေရင်း လျှောခနဲ ပြုတ်ကျသွား၏။

မိုးစက်တွေ ပိုစိပ်လာကာ ထိပ်ထား ရဲ့ဆံပင်တွေ ပခုံးပေါ်ကို အင်အားနှင့် ရိုက်ပုတ်လာကြသည်။

ဒါဟာ ဘဝပျက်စေတဲ့ မိုး ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၃ ]

"မိန်းမက သတ္တိတော့ ကောင်းသား၊ မျက်ရည်သာ ကြိတ်ကျနေတယ်၊ ငြိမ်ငြိမ်သက်သက်ပဲ"

ဒေါ်နန်း က တူမနှစ်ယောက်ရှေ့မှာ အောင်နိုင်သူ မဲ့ပြုံးနှင့် ...

"လူတစ်ယောက်ကို ငါ့စိတ်ထဲမှာ ငြိုငြင်လာပြီဆိုရင် အဲဒီလူ သိပ်မကြာဘူး ငါ့ပတ်ဝန်းကျင်ကနေ ထွက်သွားရတာပဲ၊ အဲဒါ ငါ့ရဲ့ ထူးခြားတဲ့ပါရမီ"

"ဟုတ်တယ် .. ဟိုတလောက ဒေါ်ဒေါ်နဲ့ စကားများကြတယ်ဆိုလို့ ဆွန်း တို့ လန့်သွားတာပဲ၊ အဲဒီသတင်း သူ့ဌေးကြီးနားထဲ ရောက်သွားရင် မလွယ်ဘူးလေ"

"ငါ့အတွက် မလွယ်တာတွေက သူ့အလိုလို ရှင်းသွားတာပဲလေ၊ ကိုကိုဆီ သူ ဘာမှ တို့ထောင်ဖို့ အချိန်ရမှာ မဟုတ်ဘူး၊ သူ ကွန်ပျူတာ သုံးတဲ့အချိန်တွေ ငါ သိတာပဲ၊ ဖွင့်လည်း ကြည့်ပြီးပြီ၊ ဖျက်လည်း ဖျက်ဆီးလိုက်ပြီ၊ ငါ သိသင့်တာတွေ သိလိုက်တယ်၊ သူ သိသင့်တာတွေ ဘာမှ မရှိတော့ဘူး"





"သူ ဆိုတာ ထိပ်ထား လား ဒေါ်ဒေါ်"

"ဟုတ်တယ် .. ကိုမင်းမြတ် နဲ့ ကိုကို တိုင်ပင်ထားသမျှတွေ သူ့သမီး မသိတာတွေ ရှိသေးတယ်၊ အဲဒါတွေ ဘယ်တော့မှ သိခွင့်မရအောင် ငါ ဖျက်လိုက်တာ၊ သူ ကိုယ်နဲ့ မကွာထားတဲ့ လက်ပ်တော့ပ်က သူ့တူမ မမြင်ခင် ငါ့လက်ထဲ ရောက်တာလေ"

"ဒေါ်ဒေါ် ကွန်ပျူတာက Passward သိမှ ဖွင့်လို့ရတာ မဟုတ်ဘူးလား"

"သူခိုး ခိုးခံရတဲ့လူတွေလည်း သူခိုးအတွက် မီးခံသေတ္တာ အဆင်သင့် ဖွင့်ပြီး စောင့်နေကြတာမှ မဟုတ်တာအေ၊ ခိုးချင်တဲ့သူက ရအောင်ကြံရတာပဲ၊ သူ ငါ့အိမ်မှာနေတာ ငါ မသိအောင် ဘယ်လောက် လျှို့ဝှက်နိုင်မှာလဲ၊ အခု အားလုံး အစဖျောက်ပစ်လိုက်ပြီ၊ လက်ပ်တော့ပ်ရော ဦးမင်းမြတ် ဆိုတဲ့လူ့ သိမ်းဆည်းသမျှ အားလုံးရောပဲ"

"ကောင်းတယ် .."

"မကောင်းတာ ရှိသေးတယ်"

"ဘာလဲဟင်"

ဒေါ်နန်း က ပတ်လည်ဝန်းရံနေသည့် ပန်းပင်တွေကိုပဲ စိတ်မချသလို လှည့်ပတ်ကြည့်ကာ ...

"ညည်းတို့တွေ နေတတ်အောင် နေကြ၊ ငါ့ကိစ္စတွေကို ဘာမှ ဝင်မပါနဲ့ .. ဘာမှလည်း မမေးနဲ့၊ အထူးသဖြင့် ထိပ်ထား သူ့ဦးလေး အကြောင်း ဘာမေးမေး ညည်းတို့ ဖြေဖို့ မလိုဘူး"

"အဲဒါတော့ သိပါတယ် ဒေါ်ဒေါ်ရယ် .. ထိပ်ထား လို မိန်းမကို ဘာမှလည်း မပြောရဲပါဘူး၊ လည်လိုက်တာမှ မျက်လုံးရော ပါးစပ်ရော ကော်တပ်ထားသလား အောက်မေ့ရတယ်"

ဆွန်း က တော်တော် လန့်နေပုံရှိကာ စင်ဒရဲ က လျှို့ဝှက်တတ်သူ ပီပီ သူမ အကဲခတ်ရသလောက်နှင့် ဆက်စပ် စဉ်းစားနေလျက် ..



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ် လုပ်လိုက်တာတွေ သူ သိသွားရင် ရှောခ်ရှိတယ် ထင်တယ်၊ သူ့ဖြေးကြီး အဲဒါတွေ သိကုန်ရင် .."

"စင်ဒရဲ .. ခုပဲ ညည်းတို့ကို ငါ ပြောထားတယ်၊ နားမလည်ဘူးလား"

ဒေါ်နန်း စိတ်တိုသွားတာ သိကာ ဆွန်း က စင်ဒရဲ လက်ကိုတံတောင်နဲ့လှမ်းတို့၏။ စင်ဒရဲ ကလည်း ကိုယ့်အဒေါ် ဒုက္ခရောက်မှာစိုးသလို အဒေါ်ကို မှီခိုနေရသည့် သူမတို့အတွက်ပါ ထည့်တွက်ပြီးစိတ်ပူသွားတာ ဖြစ်သည်။

ကိုယ့်ကို ကိုင်တွယ်သုံးစွဲခွင့်ပေးထားတာ စိတ်ကြိုက်၊ သူတို့တွေရောက်လာတယ်ဆိုတာလည်း တစ်နှစ် တစ်ခေါက်တောင် ပုံမှန်မဟုတ်ပေ ..။

လာပြီး သုံးဖြုန်းနေတယ်ဆိုတာ ကိုယ်က ဘာနာစရာ ရှိလို့လဲသူတို့ပိုင်လို့ သူတို့ သုံးဖြုန်းတာလို့ ဥပေက္ခာထားလိုက်ရင် ပြီးပြီ ..။

စာရွက်စာတမ်းနဲ့ လက်ဗွေ ခြေဗွေခတ်နှိပ်ပြီး ပိုင်ဆိုင်ခွင့် မရခဲ့ပေမယ့် မြန်မာပြည်မှာ ကိုယ်ပဲနေတာ၊ ကိုယ်ပဲ ချုပ်ကိုင် သုံးစွဲနေတာမဟုတ်ဘူးလား ..။

ဒီလူတွေကို ကြည့်မရလည်း ခွေးရိုက်ချင်ရင် ခွေးရှင်မျက်နှာကြည့်ရမည်။ ရင်ထဲမှာ သဘာဝကျတာတွေ မကျတာတွေ တန်းစီတွေးနေပေမယ့် ဒေါ်နန်း ရှေ့မှာ စောဒကတက် မပြောရဲခဲ့ပါ။

"ဒေါ်ဒေါ် .. ဒါဆို ထိပ်ထား ပြန်ရတော့မှာပေါ့"

"ပြန်ပြန် မပြန်ပြန် သူ့အပိုင်း .."

ဆွန်း တစ်ခွန်းမေးမိလိုက် အအော်ခံရလိုက်နှင့် နောက်ကျမှကိုယ့်ကိုယ်ကိုယ် သတိရသည်။ ဘာမှမမေးတော့ဘဲ နေဖို့ ..။





အခန်း (၁၄)

"ငိုချင်နေတယ်မို့လား ထိပ်ထား ရယ် .. နင်ကလည်း ငိုပစ်လိုက်ပါ၊ အခု ငါတို့နှစ်ယောက်တည်း ရှိတဲ့ဥစ္စာ"

ထိပ်ထား က မျက်ရည်တွေ ပြည့်ဝိုင်းနေပေမယ့် ခေါင်းခါသည်။ ရှိုက်သံ လုံးဝ မထွက်ဘဲ မျက်ရည်တွေပဲ ကျနေလျက် ဟိုဘက်လှည့်ပစ်လိုက် ဒီဘက်လှည့်ပစ်လိုက် ..။

မျက်တောင်တွေ ခတ်ထုတ်ရင်း မျက်ရည်တိတ်ဖို့ ကြိုးစားနေဘာလည်း သနားစရာပင် ..၊ ဘုရားရင်ပြင်တော်ပေါ်မှာ အေးချမ်းနေပေမယ့် ဒီနေ့မှာတော့ ထိပ်ထား ရဲ့မျက်ရည်တွေနဲ့ ပူလောင်နေခဲ့၏။

"နင့်ကယ်ကြီးကို နင် ဘယ်လောက်ချစ်တယ်ဆိုတာ ငါ သိပါတယ် ထိပ်ထား ရယ် .. နင်တို့တူဝရီးရဲ့သံယောဇဉ်ကို ငါ့အိမ်က လူတွေတောင် သိကြတယ်၊ အားလုံးပဲ စိတ်မကောင်းဖြစ်နေကြတာ၊ ဝမ်းနည်းလို့ ငိုတာ ဘာဖြစ်လဲ ..၊ နင် အဲဒီလို မျိုသိပ်ထားရင် ပိုပြီး ကြာရှည်ခံစားနေရမှာ သိလား"

ရှိုက်ငိုပစ်လိုက်ပါလားလို့ ဘယ်လိုပြောပြော ထိပ်ထား က မငို..။

"ခံစားရပါစေ .. ကယ်ကြီးအတွက် ငါ ခံစားချင်တယ်"

"ထိပ်ထား ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီရောက်ကတည်းက ငါ့အတွက် ကယ်ကြီး လိုလေသေးမရှိ လုပ်ပေးသလောက် ကယ်ကြီးကို ငါ ဘာမှ ဂရုမစိုက်ခဲ့ဘူး၊ စိတ်မချလို့ ငါ့နောက်က လိုက်ကြည့်တာတောင် အပြစ်တင်ခဲ့သေးတယ်၊ ကယ်ကြီး ဆုံးတဲ့အချိန်မှာ ငါ အနားမှာ မရှိခဲ့တာရယ်၊ ကယ်ကြီးလို လူတစ်ယောက် လမ်းဘေးမှာ ပက်ပက်စက်စက် .."

မွန်းကျပ်လာတော့ ထိပ်ထား မခံစားနိုင်ရှာ ..၊ တဆတ်ဆတ် ခုန်လာသည့် နှုတ်ခမ်းသားလေးကို ဖိကိုက်ရှိုက်ရင်း အသံမထွက်သော်လည်း ချိုချို့ ပခုံးတစ်ဖက်ပေါ်မှာ နဖူးလေး ငိုက်ကျသွားခဲ့၏။

"အဲဒါကို မေ့နိုင်အောင် ကြိုးစားပါဟာ၊ သူ ဆင်းဆင်းရဲရဲနဲ့ လမ်းဘေးမှာ ဖြစ်သွားတာမှ မဟုတ်တာ၊ သွားလာရင်း ရုတ်တရက်ဖြစ်သွားတာက ဒီလိုတွေ ရှိတတ်ပါတယ်"

"မဟုတ်ဘူး .. ကယ်ကြီး ဒီမှာ မနေချင်ဘူး၊ အဲဒါ ငါ သိတယ်၊ ဒက်ဒီ့ကို ကယ်ကြီး သိပ်ချစ်တာ၊ ဒက်ဒီ့နားမှာပဲ သူ ခေါင်းချချင်ခဲ့တာ၊ ငါ့ကြောင့်ပါ ချိုချို ရယ် .. ငါ့ကြောင့် ကယ်ကြီး အသက်တိုခဲ့တာ"

ထိပ်ထား ဘယ်လိုမှ မဖြေနိုင် ..၊ အသက်ထွက်ခါနီးအချိန်ထိ 'သမီး'လို့ ခေါ်သွားသေးသည်။ 'ကယ်ကြီး နေမကောင်းဘူး'တဲ့ ..၊

ကယ်ကြီးပါးစပ်က ဒီလို တစ်ခါမှ ဖွင့်မပြောခဲ့ဘူးပေ၊ မျက်နှာမကြည်လင်လို့ မေးရင်တောင်မှ 'ဘာမှမဖြစ်ဘူး'လို့ ပြုံးဆင် ပြုံးရယ်ပြီး ဖြေတတ်တဲ့သူ ..။ ဘယ်လိုမှ မဟန်နိုင်သည့်အခြေအနေကျမှ ဖွင့်ပြောပြီး နှုတ်ဆက်သွားခဲ့၏။ 'အားငယ်တတ်တဲ့လူ မတိုးတက်ဘူး'တဲ့ ..၊

ထိပ်ထား မျက်ရည်ကျနေရပြီ ကယ်ကြီးရယ် .. နှစ်ယောက်တည်း လာခဲ့ကြပြီး ထိပ်ထား ကို ဘာဖြစ်လို့ စိတ်ချလက်ချထားသွားတာလဲ..၊

"တိတ်ပါ ထိပ်ထား ရယ် .. နော်"

ငိုနိုင်းမိလိုက်၊ တိတ်ခိုင်းလိုက်နှင့် ချိုချို လည်း မျက်ရည်သုတ်နေရတာ မနိုင်တော့ပေ ..။





ကာယကံရှင်က ရှိုက်မငိုဘဲ သူမ နှပ်တရှုံ့ရှုံ့နှင့် ဖြစ်လာခဲ့၏။

"ရော .."

တစ်သျှူး နှစ်စ သုံးစ ပူးထပ်ပြီး ထိပ်ထား လက်ထဲ ထည့်ပေးကာ ည့်ကိုယ်ကိုယ်လည်း သုတ်၍ ...

"နင် ဟိုအိမ်မှာ သူတို့နဲ့ မနေချင်ရင် ငါတို့အိမ်မှာ လာနေပါလား၊ ယ်ကြီး ရက်လည်တဲ့အထိတော့ နေရဦးမှာလေ"

"ဟုတ်တယ် .. ဒက်ဒီ့ကိုလည်း အကြောင်းကြားထားတယ်၊ ချိန်မီ ရောက်ပါ့မလား မသိဘူး"

"ဘာဖြစ်လို့လဲ .."

"ဒက်ဒီ ဂျပန်ကို ရောက်နေတယ်၊ ဘာအလုပ်ကိစ္စလဲဆိုတာ ငါ တယ် ချို့ရဲ့ .. အဲဒီအလုပ်မပြီးဘဲ ဒက်ဒီ စိတ်ထိခိုက်သွားလို့ မဖြစ် အဲဒါကြောင့် စောင့်နေတာ"

"နင့်ဒက်ဒီနဲ့ ခုထိ စကားမပြောရသေးဘူးပေါ့"

"ဟုတ်တယ် .. သေရေးရှင်ရေးဆိုပေမယ့် အားလုံးက ပြီးသွားပြီ၊ လုပ်သင့်တယ်ဆိုတာ ငါ သိရမယ်၊ အဲဒီအတွက် ကယ်ကြီး ငါ့ကို ပြစ်တင်မှာ မဟုတ်ပါဘူး"

ထိပ်ထား ကို ကြည့်နေရင်း ကိုယ်နဲ့ရွယ်တူ နုနုနယ်နယ် မိန်းလေးတစ်ယောက်လို့တောင် ထင်မို့ ခက်လာသည်။

ဒီအချိန်မှာ ရင်ဘတ်စည်တီး ငိုကြွေးနေသင့်သည်၊ အမေ့ကို ခေါ်၊ ဘယ်သူ့ကို အကြောင်းကြားမယ် .. စသဖြင့် ပျာလောင်ခတ်နေ ၏။ သူမကတော့ ဒီလို မဟုတ်ခဲ့ပေ ..။

အိမ်က မေမေတို့ ဘိုးဘိုးတို့ကတော့ ပြောဖူးသည်။

"ဒီကောင်မလေးက ထူးခြားတယ်" တဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၅ ]

"သမီးက မယုံလို့လား"

"ယုံနိုင်စရာမှ မရှိတာ အန်တီ ..၊ လက်ပ်တော့ပ် ကားထဲမှာ ပ သွားလို့ ပျောက်သွားတာ ထားလိုက်တော့၊ ကျန်တဲ့အိတ်ကိုတော့ .."

"အိတ်ရော ဘာရော သူနဲ့ပတ်သက်သမျှတွေ အကုန်လုံး သမီး ရဲ့ကယ်ကြီးက သွားလေရာ သယ်သွားတာပါ၊ အဲဒါ ဘာဖြစ်လို့ သေချာနေတာလဲဆိုတော့ သူ ဒီလို လုပ်နေတာတွေ့တိုင်း အန်တီက စိတ်မကောင်းဖြစ်ခဲ့ရလို့လေ ..၊ မရင်းနှီးကြပေမယ့် တစိမ်းတွေလည်း မဟုတ်ဘူးမို့လား .. ယုံကြည်မှုလေးတော့ ရှိသင့်တယ် ထင်တာ"

မယုံကြည်တာတောင်မှ အခု အားလုံး ဖျောက်ဖျက်ခံလိုက်ရပြီ ဖြစ်သည်။ ကယ်ကြီးနဲ့ သူမအတွက် အရေးကြီးသည့် စာရွက်စာတမ်း တွေ၊ နိုင်ငံကူးလက်မှတ်တွေ၊ ဘာတစ်ခုမှ အစအန မကျန် ..။

ဒါတွေအားလုံးထိ ပျောက်ပျက်ကုန်စရာ ဘာအကြောင်းမှ မရှိသ ဒေါ်နန်း ခေါင်းခါလိုက်သည့်အောက်မှာ ဘာခြေရာမှ အစရှာမရတော့ ပေ ..။ ဒါ ဘာအကြံနဲ့လဲ .. ဘာဖြစ်စေချင်တာလဲ ..။

နူးညံ့မှုဆိုတာ သည်းခံခြင်း ဘယ်အမှတ်မှာ ပျက်ပြယ်ခြင်းဖြစ်ေ သည် မသိ ..၊ စုပြုံ ကျပ်ခဲလာသည့် ခံစားချက်တွေကို ထိန်းချုပ်နိုင်စွမ်း





၏။ ထိပ်ထား မျက်ဝန်းလေးတွေမှာ တဖျတ်ဖျတ် အရောင်ထွက်နေ ို့ရှိကာ ဒေါ်နန်း ကို စူးစိုက်ကြည့်ရင်း ...

"ဟုတ်ပါတယ် .. ကယ်ကြီးရဲ့ဘေးကို ထိပ်ထား အရောက် က်ကျခဲ့တဲ့အတွက် အားလုံး နောက်ကျသွားတာ ဖြစ်သင့်ပါတယ်၊ ကယ်ကြီး တစ်နေရာကနေ မြင်နေကြားနေရမယ်ဆိုရင် သူ ဝင် ချင်တဲ့စကားတွေ ရှိနေမှာပဲ၊ အဲဒီစကားတွေကို ထိပ်ထား သိခွင့်ရ င် ကြိုးစားမယ် .."

ဒေါ်နန်း မျက်မှောင်ကုတ်သွားကာ ခပ်လှမ်းလှမ်းမှာရှိနေကြသည့် း တို့ မျက်လုံးပြူးကုန်၏။ ဘာလဲ .. သရဲနဲ့ စကားပြောမလို့လား..။ သူ တတ်ထားတဲ့ ပညာတွေထဲမှာ သေသွားတဲ့လူကို ပြန်ခေါ် မြန်းနိုင်တဲ့ ဆော့ဖ်ဝဲမျိုးများ တီထွင်ထားတာ ရှိလို့လား ..၊ ဒါမှ တ် အရွယ်လေးငယ်ငယ် ပညာတွေ လောဘဇောတိုက် သင်ထား မှတ်ရတွတ်ရလွန်းပြီး ဂေါက်တောက်တောက် ဖြစ်သွားတာလား..။

ညီအစ်မနှစ်ယောက် ကိုယ်စီကိုယ်ငှ တွေးဖြစ်ကြရင်း ဦးမင်းမြတ် ခဲ့သည့်အိပ်ခန်းထဲ ထိပ်ထား ဝင်သွားမှန်း သိလိုက်ကြတော့ တံတွေး ကြ၏။

"ဒေါ်ဒေါ် .."

အနားက ကပ်လျှောက်သွားရင်း ဒေါ်နန်း က လှည့်ကြည့်သည်။ ောင်အောက်မှာ ညီအစ်မနှစ်ယောက်မျက်နှာက ကျိုးတိကြောင်တိ ..၊ စိတ်ထဲမှာ တစ်ခါတလေ မချမ်းမြေ့ဖြစ်မိတာ အဲဒါတွေလည်း သည်၊ ကိုယ့်တူမလေးတွေမို့ လက်ဝတ်ရတနာ အဝတ်အစားကအစ ျား လိုက်မမီအောင် ဆင်ခဲ့သည်။

အလှအပဆိုလည်း ကြိုက်သလောက် ပြင်၊ လှအောင် နေခိုင်းခဲ့ လှလည်း လှကြသည်ပင် ..၊ ဒါပေမယ့် သိပ်လည်း မလှပါဘူးလို့ တဲ့လူတိုင်း သတ်မှတ်သွားကြသည့် ထိပ်ထား နဲ့ ယှဉ်ကြည့်လိုက်

www.burmeseclassic.com



တော့ ဘယ်လိုကွာဟချက်တွေ ဖြစ်သွားခဲ့သည် မသိ ..။ ကိုယ့်တူမလေး ပဲ မနေတတ် မပြောတတ်တာလား ..၊ ပြင်လွန်းလို့ မထူးခြားတော့တာ လား .. သို့မဟုတ် ကိုယ်ကိုယ်တိုင်ပဲ ထိပ်ထား အပေါ် အထင်ကြီးစိတ် ဖြစ်နေတာလား ..။

ထည်ဝါပုံချင်းက ဘာမှမဆိုင်သလိုပင် ..၊ ဥပမာ ထိပ်ထား နဲ့ စကားပြောဖြစ်ပြီဆို ခုလိုမျိုး တော်ရာမှာ ရပ်နေပြီး ဘာမှ ဝင်မပါရဲ မပြောရဲတာမျိုး ..။ စင်ဒရဲ ဆို သူများနဲ့ကျတော့ ငါအကြီး ငါပြောတာ အမှန်ဆိုတာမျိုး ခပ်စွာစွာ ခပ်ထက်ထက် ..၊

ထိပ်ထား နဲ့ စကားပြောဖို့ဆိုရင် ရှောင်ပြီ ..။

"ဟဲ့ .. ဘာပြုံးပြဲဖြစ်နေတာလဲ .. ဘာလဲပြော"

ဆွန်း က မေးမလို့ ပြင်ပြီးမှ အဆေါ်ဖြစ်သူ မျက်နှာတင်းနေသဖြင့် နှာခေါင်းလေးရှုံ့ ခေါင်းကုတ်လျက် ...

"ဘာမှမဟုတ်တော့ပါဘူး၊ ဟို .."

ဒေါ်နန်း ချာခနဲ လှည့်ထွက်လာခဲ့၏။ ထိပ်ထား ဆိုတဲ့ ကောင် မလေး ဒီလိုပြောရဲနေမယ်ဆိုရင် ကြာရင် ကိုယ့်ကို ဘယ်လောက်ထိ စော်ကားလာနိုင်သလဲ ..။

သူ ဒီလောက်ထိ သည်းခံနေသင့်သလား ..၊ မလွန်ဆန်နိုင်ခြင်းခံ သည့် အခြေအနေကို မုန်းတီးကာ တက်ခေါက်လိုက်မိသည်။

တစ်သက်လုံး မျိုသိပ် ကြိတ်မှိတ်လာခဲ့ရသည့် ခါးသည်းမှုတွေကို ဘယ်အချိန်ထိ ဆက်လက် ခံစားနေရဦးမှာလဲ ..၊

နာရေးကိစ္စနှင့်ပတ်သက်ပြီး ကိုကို ပြန်လာခဲ့ရင်တော့ ..၊

ဒေါ်နန်း ပင့်သက်ရှိုက်၍ အံကြိတ်သည်၊ တစ်နေ့နေ့တော့ ရှိ လာလိမ့်မည်။





အခန်း [ ၁၆ ]

"ရှင်!..."

ထိပ်ထား ရဲ့ အလန့်တကြားသံကြောင့် ချိုချို ထိတ်ခနဲ ဖြစ်သွား ၏၊ ဒီနေ့ ဂျပန်မှာ ဒက်ဒီတို့ အစည်းအဝေးပြီးပြီဆိုပြီး အင်တာနက်ဆိုင် ဝင်ခဲ့ကြသည်။

ကိုယ်လည်း တစ်ခုံယူထားပြီး ထိပ်ထား ဆီပဲ စိတ်ရောက်နေ သဖြင့် ဘာမှလည်း မလုပ်ဖြစ်သေး ..၊ ကြည့်လိုက်တော့ ထိပ်ထား မျက်လုံး လေးပြူးလျက် နှုတ်ခမ်းနှစ်လွှာ ပွင့်ဟသွားတာ ပြန်မစေ့နိုင် ..၊ ပြီးတော့ မျက်ရည်တွေ ပြည့်တက်လာပြီး တဖြောဖြော ဆင်းကုန်ကြ၏။

"ထိပ်ထား .. ထိပ်ထား .. ဘာဖြစ်လို့လဲ"

နားကျပ်တွေကို ဖိကိုင်ရင်း ဖြုတ်လည်း မဖြုတ် ..၊ ဘာမှလည်း ပြန်မပြောဘဲ မေးတာကို မကြားသလို ဖြစ်နေ၏။

"ထိပ်ထား .."

နားကျပ်ကို ဖြုတ်မလားလို့ ကိုင်လိုက်တော့ ဟိုဘက်က စကားသံ သာ ကြားလိုက်ရပြီး ပြန်တပ်ပေးမလို့လုပ်မှ အားလုံး တိတ်ကျသွား၏။

"ချို .. ချို .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘာဖြစ်သွားတာလဲ၊ နင့်ဒက်ဒီ ဘာပြောလိုက်လို့လဲ"
ထိပ်ထား ခေါင်းလေးခါနေကာ နားကျပ်ကို ဖြုတ်၏။ ပြီးတော့

"ဒက်ဒီ ဆုံးပြန်ပြီ"

"ဘုရားရေ .."

ချိုချို ရင်ဘတ်လေး ဖိလိုက်မိသည်။ သူမက မတ်တတ်ရပ်နေတာ မို့ ထိပ်ထား သည် သူ့ခါးကိုဖက်၍ မျက်နှာလေး ကပ်ထားလိုက်ပြီး

"ငါ .. ငါ ဘာတွေ ဖြစ်နေတာလဲ ..၊ ဘာဖြစ်ချင်လို့လဲ မသိတော့ ဘူး၊ ငါ မယုံနိုင်ဘူး ချို ရယ် .."

ထိပ်ထား ရဲ့ ရှိုက်သံလေးက လူကြီးက တုတ်နဲ့ရွယ်ထားသဖြင့် အသံမထွက်ရဲသည့် ကလေးငယ်လေးလို နားထောင်ရက်ဖွယ် မရှိပေ

သူငယ်ချင်းကိုဖက်၍ ဆိုင်ထဲမှာပဲ ချိုချို မျက်ရည်ကျမိသည်။

"လာ .. ငါတို့ တစ်နေရာ သွားရအောင်နော်၊ သူများတွေ ကြည့် ကုန်ကြပြီ"

"မဖြစ်သေးဘူး ချို .. ငါ ဆက်သွယ်ကြည့်ရမယ့်လူတွေ ရှိသေး တယ်၊ လေယာဉ်ပျက်ကျတာဆိုတော့ တခြားစည့်သည်တွေ ပါဦးမှာ အဲဒီထဲမှာ ဒက်ဒီ့ပီအေနဲ့ ရှေ့နေ ပါသလား မပါဘူးလား"

ထိပ်ထား မျက်နှာလေးမော့ကာ မျက်ရည်တွေသုတ်၍ ကွန်ပျူတာ ဘက် ပြန်လှည့်၏။ သိရသမျှ ဘာမှ စိတ်ချမ်းမြေ့ဖွယ် မရှိပေ ..။

သူဌေး ဦးမြတ်ထွတ်ခေါင် သည် ပြဿနာတစ်ရပ် အရေးကြီးရှင်း ဖို့ အစည်းအဝေးပြီးတာနှင့် လေယာဉ်ပေါ်တက်သွားခဲ့ကြောင်း ..။

လေယာဉ်ပေါ်မှာလည်း နိုင်ငံခြားကိုယ်စားလှယ်တော်တွေချည်း အားလုံး ဆယ့်နှစ်ယောက်သာပါကြောင်းနှင့် နောက်ထပ် ထိတ်လန့် ဖွယ် ကြားရသည်မှာ ထိုပြဿနာဟာ လုပ်ငန်းထဲမှာ ကြီးမားသော လိမ် လည်မှုကြီး ဖြစ်ပေါ်ခဲ့၍ ခေါ်လာ သန်းပေါင်းများစွာ ဆုံးရှုံးသွားခဲ့သည့် ပြဿနာဖြစ်ကြောင်းပင် ..။





ဒါပေမယ့် ထိုပြဿနာကြောင့် တိုက်ရိုက် ဆုံးရှုံးနစ်နာသွားခဲ့သည့် သူဌေး ဘယ်သူဖြစ်ကြောင်း လောလောဆယ် မသိရသေးဟု ဆိုသည်။

ဘာပဲဖြစ်ဖြစ် နိုင်ငံကျော် စီးပွားရေးလုပ်ငန်းရှင်ကြီးများမို့ ဒီ သတင်းကို မကြာမီ သတင်းမီဒီယာတွေက ဖြန့်တော့မှာဖြစ်ကြောင်းပါ ပြောပြသွား၏။

သတင်းပေးသူသည် ဦးမြတ်ထွတ်ခေါင် ၏ လူရင်းတပည့်လည်း ဖြစ်ကာ စိတ်ရင်းလည်းမှန်သော ဒရိုင်ဘာ ကိုဇော် ဖြစ်သည်။ ကိုဇော့် ကို မလေးမှာ အတိဒုက္ခရောက်နေတာတွေ၍ ဒက်ဒီက ကယ်တင်စောင့် ရှောက်ထားခဲ့ရင်း ကားမောင်းသည့်နေရာထိ ပေးထားခဲ့တာဖြစ်သည်။

ကိုဇော် က ဦးမင်းမြတ်သွင် ကို အမြန်ပြန်လာစေလိုကြောင်းနှင့် ထိပ်ထား ကိုပါ လိုက်ခဲ့စေချင်တာ ထည့်ပြောသည်။ ထို့ပြင် သူ့စကား တွေအရ ပြဿနာထဲမှာ တကယ်ထိခိုက်တဲ့သူဟာ ဒက်ဒီပဲ ဖြစ်နေရာ...

"ငါ့မှာ ပတ်စ်ပို့တွေလည်း တစ်ခုမှ မရှိတော့ဘူး"

"ပတ်စ်ပို့တွေ .."

ဘယ်နှစ်ခုလောက်တောင် ရှိထားလို့လဲလို့ တွေးမိပေမယ့် ထိပ် ထား က ဒါကို အဓိကပြောနေတာ မဟုတ်တော့ ပြောတဲ့ထဲမှာ မပါ ..။

"ဒက်ဒီနဲ့ ကယ်ကြီး လုပ်ထားတဲ့ကိစ္စတွေ၊ မှတ်တမ်းတွေ ငါ့မှာ ဘာမှ ဆုပ်ဖမ်းစရာ မရှိတော့ဘဲနဲ့ .."

စကားမဆုံးခင် အံကြိတ်မိ၏။ လက်ပ်တော့ပ်တစ်ခုလုံး ဖျက်ဆီး ခံလိုက်ရသည်။ စာရွက်စာတမ်းတွေ အားလုံး ပျောက်ဖျက်ခံရ၏။

ဒက်ဒီပါ မရှိတော့ဘူးဆိုတော့ ဒါဟာ ထားလိုက်လို့ရသည့် ပြဿနာ မဟုတ်တော့ပေ ..။

"ငါ အခု အိမ်ပြန်မှ ဖြစ်မယ်"

ပခုံးမှာ လွယ်အိတ်လေး ကောက်ချိတ်ကာ ထိပ်ထား နေရာမှ ထရပ်၏။ ချိုချို လိုက်ထမိရင်း ထိပ်ထား နောက် ဆက်လိုက်သွားရ



www.burmeseclassic.com

www.burmeseclassic.com



မလား၊ အိမ်ကို ခွဲထွက်ပြန်ရတော့မလား မဝေခွဲနိုင် ..။ ခုလိုအချိန်မျိုး
ထိပ်ထား တစ်ယောက်တည်းကို မထားခဲ့ရက်ခြင်း ဖြစ်သည်။

"နင် ပြန်တော့ ချို .. ငါ အရမ်း အရေးကြီးနေလို့"

ချိုချို့ စေတနာကို နားလည်ပေမယ့် ထိပ်ထား တစ်ယောက်တည်
ပဲ အိမ်ပြန်လာခဲ့သည်၊ သို့သော် အလာကောင်းပေမယ့် အခါ
မကောင်း..။ အိမ်မှာ ဒေါ်နန်း မရှိပေ ..၊ စင်ဒရဲ နဲ့အတူ ထွက်သွားတ
ပြန်မလာသေးဘူးလို့ ဆွန်း က ပြော၏။ ညနေတည်းက စိတ်လှုပ်ရှာ
စွာ စောင့်ရသော်လည်း ည ကိုးနာရီထိုးခါနီးမှ ပြန်ရောက်လာကြ

ဧည့်ခန်းမှာ မျက်နှာချင်းဆိုင် တွေ့လိုက်သည်နှင့် ထိပ်ထား
ထရပ်လိုက်ကာ ဒေါ်နန်း ခြေလှမ်းတုံ့သွား၏။

တိုက်ဆိုင်သည်မှာ ထိပ်ထား က အနီရောင်ဆွယ်တာကို ဝတ်ထ
လျက် ဒေါ်နန်း သည် ကြက်သွေးရောင်ရင့်ရင့် ကိုယ်ကျပ်နှင့် အစိမ်းရ
ရောင် အပြောင်သားပျော့ပျော့ အပေါ်ထပ်ကို ထပ်ဝတ်ထားသည်။

မျက်ဝန်းတို့သည် ပူလောင်နေသည့် မီးလျှံများနှင့် အစိမ်းရ
ရောင် နဂါးငွေ့တန်းတို့လို အသံတိတ် စူးစိုက်သွားခဲ့ကြပြီး ...

"မင်း ငါ့ကို စောင့်နေတာလား"

ဒေါ်နန်း က ခပ်ရင့်ရင့် ခြေဆင်းနှင့် စကားခင်းလိုက်၏။
စကားကို ကြားလိုက်တာနှင့် ထိပ်ထား သိလိုက်သည်။ ဒက်ဒီ ဆုံးသွား
ဆိုတာ သူမ သိနေပြီ ဟု ..၊

"ဟုတ်တယ် .. အန်တီ့ကို မေးစရာရှိလို့"

"မင်း မေးမှာတွေကို ငါ စိတ်မဝင်စားဘူး ထိပ်ထား .. အခု
ပြောမှာတွေကို နားထောင်၊ မင်းအဖေ ဆုံးသွားပြီ၊ မင်း အဲဒါကို ပြော
ချင်တာလား"

"မဟုတ်ဘူး"

"မဟုတ်ဘူးဆိုရင် မလိုတော့ဘူး၊ မင်း မေးတာတွေကို ဖြေဖို့





သည်း ငါ့ဘက်မှာ လျှို့ဝှက်ခဲ့တာ ဘာမှမရှိဘူး၊ မင်းကို မင်းအဖေက
နိုင်ငံတကာမှာ လှည့်လည်နေထိုင်လို့ရအောင် ခြေနင်းစကြာ တပ်ပေး
ထားတယ်၊ ငါကတော့ မြန်မာပြည်မှာပဲ ထားရာနေ ကျွေးတာပဲ စားရ
တဲ့ဘဝပါ၊ ဒါပေမယ့် နားတွေ မျက်စိတွေ ရှိတယ်၊ မင်းအဖေ ဘယ်
သောက်ဝေးဝေးမှာ ရောက်နေနေ သူ့သတင်းကို ငါ သိရအောင်တော့
ဘတ်နိုင်သေးတယ်"

"ထိပ်ထား အန်တီ့အရည်အချင်းတွေကို မသိချင်ပါဘူး၊ ကယ်ကြီး
ရဲ့ပစ္စည်းတွေကို အန်တီ .."

"မမေးနဲ့လို့ ပြောပြီးပြီလေ၊ ဘာလဲ .. မင်းက ငါပြောခဲ့တာကို
ယုံတာလား .."

"မနေ့တနေ့ကထိ ယုံခဲ့သေးတယ်၊ အခု ထိပ်ထား ရှေ့မှာ ရပ်နေ
တဲ့ ဒေါ်နန်း ရဲ့ပုံရိပ်ကို ဘယ်လိုမှ မယုံနိုင်ဘူး၊ ကိုယ့်ကိုယ်ကိုယ် အန်တီ
ပြန်ကြည့်ပါလား"

"သိတယ် .. ပြောင်းလဲတယ်လေ၊ မင်းအဖေကြောင့် ငါ အခု
ဘဝပျက်ပြီပဲ၊ ဘာတွေ ပြောင်းလဲသွားသလဲ ထပ်သိချင်သေးလား"

ထိပ်ထား မမေးပါ ..၊ ပြောတာကိုပဲ တိတ်ဆိတ်စွာ စောင့်ကြည့်နေ
ခဲ့မိ၏။ ဒေါ်နန်း က လက်ကိုင်အိတ်ကို ဆန့်ချထားသည့်လက်နှင့်
ကိုင်၍ ပေါင်ပေါ်မှာ ဖိကပ်ထားကာ တစ်လှမ်းချင်း လျှောက်ဝင်လာ၏။

စင်ဒရဲ က တံခါးကို သေချာသော့ခတ်ပိတ်သည်။ ပြန်လှည့်လာ
တော့ မော့ချီနေသည့်မျက်နှာနှင့် ထိပ်ထား ကို မဲ့ရွဲ့ကြည့်ပြီး မျက်စောင်း
ထိုးသွားသေး၏။

'သမီးလေး' လို့ ပါးစပ်ကမချခဲ့သော ဒေါ်နန်း သည် ဒီည လက်
နက်ဆွဲ၍ ဘီလူးဆိုင်း တီးလာခဲ့သည်။

ဒါ လောကရဲ့ ပဥ္စလက်တွေလား ..၊ ဒေါ်နန်း က ထိပ်ထား ရှေ့ထိ
ရဲတင်းစွာ တိုးကပ်လာပြီးမှ ရပ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေ မင်းနာမည်နဲ့ ဒီကဘဏ်တွေကို လွှဲလိုက်တယ်"

ထိပ်ထား မျက်ခုံးလေးတွေ ဆတ်ခနဲ ကျုံ့သွား၏။ ဒါ သူမ မသိခဲ့သည့်ကိစ္စ ..၊

"မင်းရဲ့ကယ်ကြီးနဲ့ အတိုင်အဖောက် အပေးအယူတွေ မှုပြီး ငါ့မျက်နှာကို မထောက်ဘဲနဲ့လေ .."

ကြားနေရသည့် စကားသံ၏ နာကျင်နှုန်းများအရ ဒါ တကယ်ပဲဆိုတာ တွက်မိလိုက်သည်။ ဒက်ဒီ ဒီလိုလုပ်ဖို့ရှိနေတာကိုလည်း ထိပ်ထား သိပြီးသားမို့ ဘာမှမပြောဖြစ် ..။

"အဲဒါ အတည်မဖြစ်သေးပေမယ့် လုပ်ကိုင်ဆောင်ရွက်ကြတဲ့ အပိုင်းက အားလုံး ပြည့်စုံအောင်မြင်ခဲ့ပြီးပြီ၊ ဒါကြောင့် အခု M3 နာမည်နဲ့ ပိုင်ဆိုင်မှုအားလုံးကို သုံးစွဲလုပ်ကိုင်ခွင့်တွေ အချိန်အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်တယ်"

ဒီသတင်းတွေ ထပ်ဖြစ်ကုန်တာ မိုးချုပ်သွားတဲ့ အချိန်ပိုင်းလေးမှာလား ..၊ ဒေါ်နန်း ကို ဘယ်သူ သတင်းပို့နေတာလဲ ..။

ထိပ်ထား အတွက် ဘာတစ်ခုမှ ပြန်လှန်ချေပဖို့ အကွက်မရှိ ..။

"အေး .. သေသွားပြီဆိုတော့ သူ့ရဲ့မကောင်းသတင်းတွေ ငါ မပြောချင်ပါဘူး၊ ဒါပေမယ့် နိုင်ငံကျော် အောင်မြင်သွားတဲ့ လိမ်လည်မှုကြီးဟာ ဘယ်သူ အလိမ်ခံရတာလဲ၊ ဘယ်သူက လိမ်တာလဲဆိုတာ မင်း နားထောင်ကြည့်လိုက်ပေါ့"

"ဒက်ဒီ့သိက္ခာကို အန်တီ မစော်ကားပါနဲ့၊ ဒီလိုအလုပ်မျိုး ဒက်ဒီ ဘယ်တော့မှ မလုပ်ဘူး"

"မင်း မစွာပါနဲ့ .. ဦးမြတ်ထွတ်ခေါင် က ငါ့ယောကျ်ား၊ သူ့အတွက် ကျဆင်းသမျှ ဂုဏ်ကျက်သရေက ငါ့ရဲ့ပွဲကြွေခြင်းတွေပဲ၊ ဒါပေမယ့် နာကျင်ခဲ့တာတွေတော့ ရှိတယ် ထိပ်ထား၊ အခု ငါ သူ့အတွက် ရှိုက်ငင်ငိုကြွေးပြီး လွမ်းမနေပါဘူး၊ သူက သူ့သမီးအတွက် ငါ့ကို လှေ





ကားထစ် လုပ်ထားခဲ့တာ၊ ငါ့စေတနာ မေတ္တာကို ချနင်းခဲ့လို့ အခု သူ ဒီလိုဖြစ်တာ၊ ဒီမှာ ထိပ်ထား .. ငါတို့အားလုံးဟာ မာကျောငြိမ်သက်နေတဲ့ ကျောက်ဖျာကြီးပေါ်မှာ ရပ်နေကြတာ မဟုတ်ဘူး .. လည်ပတ်နေတဲ့ ကမ္ဘာကြီးပေါ်မှာ ရှိခဲ့ကြတာ၊ အဲဒါ သံသရာစက်ဝန်းပဲ၊ မင်းအတွက် မနက်ဖြန်တွေ အကျည်းတန်တော့မယ်ဆိုတာ ငါ ဒီညတည်းက ပြောလိုက်မယ်၊ မယုံမရှိနဲ့ .."

ပြောပြီးတာနှင့် နောက်ထပ် ထိပ်ထား ဘာမှမပြောနိုင်တော့အောင် ခြေသံပြင်းပြင်းနှင့် လျှောက်ထွက်လာခဲ့သည်။

ထိုခြေလှမ်းတွေဟာ ထိပ်ထား နဲ့ သူ့အတွက် ထာဝရ ကျောခိုင်းခြင်းပဲဆိုတာ ဒီည ခြံဝင်းထဲကို ပြန်ဝင်မလာခင်ကတည်းက ဒေါ်နန်း ဆုံးဖြတ်ခဲ့သည်။

နိုင်ငံကျော် ကမ္ဘာကျော်အောင် တော်ကြ ထက်ကြသည့် ဝါသနာရှင် လုပ်ငန်းရှင်တွေဟာ သူတို့တွေကို လူတိုင်း စိတ်ဝင်စားကြသလို ဒီလိုပြဿနာတွေ ရှိပြီဆို သာမန်လူတန်းစားတွေထက် ထိချက် ပိုပြင်းကြ၏။

ဦးမြတ်ထွတ်ခေါင် ရဲ့အဖြစ်က သူနဲ့တကွသော လုပ်ငန်းပါတနာတွေ၊ အတွင်းရေးမှူးတွေကအစ အတူတူ ပျောက်ကွယ်နဲ့ကြတာမို့ ဘယ်ဟာ အမှန်တရားလဲဆိုတာ ပြန်လည် ပေါ်ပေါက်လာဖို့က မလွယ်တော့ပေ ..။

ထိုပြင် ကမ္ဘာကျော်အောင် ချမ်းသာခဲ့သော သူ့ရဲ့လုပ်ငန်းစည်းစိမ် မှန်သမျှတို့သည်လည်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၁၇ ]

ကမ္ဘာကျော်အောင် ချမ်းသာခဲ့သူမျှတို့ဟာ ကမ္ဘာကျော် ကြေကွဲခြင်းများနှင့် ဆုံးခန်းမတိုင်မီ အဆုံးသတ်ခဲ့သည်။

သူဌေးကြီး ဦးမြတ်ထွတ်ခေါင် (ခေါ်) မားစ်ဟွန် နှင့် အကျိုးတူလုပ်ငန်းရှင်များ၏ နာရေးသတင်းသည် လုပ်ငန်းအားလုံး ရပ်စဲစေခြင်း၊ ပျက်စီးဆုံးရှုံးခြင်း စသည့် သတင်းများနှင့် နိုင်ငံအနှံ့မှာ မသိချင် မမြင်ချင်မှ အဆုံး ...။

ဂျာနယ် အစောင်စောင်မှာ ပါသည်၊ အင်တာနက်ပေါ်မှာလည်း တွေ့ရ၏။ ချိုချို တစ်ယောက်တည်း အင်တာနက်ဆိုင်ထဲက ထွက်လာရင်း မနက်တည်းက ဝယ်လာခဲ့သည့် ဂျာနယ်တစ်စောင်နှင့် လှုပ်လီလှုပ်လဲ့ ဟိုဒီငေးနေမိသည်။

ထိပ်ထား ကို မတွေ့ရတာ တစ်ပတ်လောက်ရှိပြီဖြစ်ကာ အိမ်ကလူကြီးတွေကလည်း သူ့ကိုပဲ မေးနေကြ၏။ ထို့ကြောင့် ဒီနေ့တော့ ဂျာနယ်တွေမှာပါသည့်သတင်းကိုပဲ ပြလိုက်ဖို့ ဝယ်လာခဲ့တာဖြစ်သည်။

အင်တာနက်မှာ တင်ထားတာတွေကတော့ အကျိုးတူ ပြိုင်ဘက်တွေဘက်က မလိုလားစွာ သာသာထိုးထိုး ဖြန့်ကားရေးထားတာတွေပဲနေမှာပါ ...။





ကာယကံရှင်တွေကလည်း တကွဲတပြားစီ သေဆုံးကုန်ကြပြီဖြစ်ကာ ထိပ်ထား တစ်ယောက်မှာလည်း အတောင်ကျိုးတဲ့ ငှက်တစ်ကောင်နှင့် ဘာမှမခြား ...။ ဒါတွေ ဟုတ်သည်မဟုတ်ဘူးဆိုသည့် အဖြေမှန်ဟာ အချိန်အကန့်အသက် ပျောက်ဆုံးနေဦးမှာ သေချာလေသည်။

ထိပ်ထား အတွက် လိုအပ်သမျှကို သူမ ကူညီချင်သည်။ ဒါကြောင့်လည်း ဟိုသတင်း ဒီသတင်းကြားတိုင်း ထိပ်ထား ရောက်လာလေးလို့ မျှော်နေမိတာဖြစ်သည်။

ဘိုးဘိုးတို့ကလည်း ပြောနေတာပါ၊ 'မိတ်ဆွေကောင်းဆိုတာ ကိုယ် ဒုက္ခရောက်နေတဲ့အချိန်မှာ တကယ် ကူညီကယ်တင်တဲ့သူကို ခေါ်တာကွယ့်၊ သူ့အတွက်ဆိုရင်လည်း ကိုယ်က အနစ်နာခံ ကူညီရတယ်၊ အဲဒါမှ မိတ်ဆွေကောင်း' တဲ့ ...။

ခုတော့ အားလုံးက မျှော်လင့်နေကြပေမယ့် ထိပ်ထား က ပေါ်မလာပါ။ တကယ်တမ်း ပတ်ဝန်းကျင် မမြင်နိုင်သော ဘောကျပ်နံကျပ်ထဲမှာ ထိပ်ထား ပိတ်မိနေသည့်အဖြစ်ဟာ မနေ့တစ်နေ့ကတော့ ရွှေမင်းသမီး ...၊

"သားမွေးယပ်နဲ့ခတ်တဲ့လေကိုတောင် အသားတွေ ကျိန်းလှပါတယ်ဆိုတဲ့ တပင်တိုင်မြနန်းစံဘဝကို လွမ်းမနေနဲ့ ထိပ်ထား၊ ဟိုတုန်းက လိပ်ပြာတောင်ပံခတ်လိုက်တာတောင် လန့်ပါတယ်ဆိုလည်း အခုဒုံးကျင်းထဲကို ပြေးဝင်စမ်းလို့ ငါက ခိုင်းရင် မင်း ပြေးဝင်ရတော့မှာ.."

အားလုံးရဲ့ရှေ့မှာ ထိပ်ထား ခြေစုံရပ်နေခဲ့သည်။ တစ်ယောက်တစ်ခွန်း ပြောနေသမျှ သက်မဲ့ရုပ်တစ်ရုပ်လို နားထောင်ပေးခဲ့၏။ ဒါပေမယ့် ...

"ထိပ်ထား အဲဒီလောက် အခြေအနေ မဆိုးသေးဘူး အန်တီ၊ ထိပ်ထား မှာ ပညာတတ်တယ်၊ ဘာလက်မှတ် ဘာအထောက်အထားမှ မပြနိုင်လို့ လောလောဆယ် အလုပ်မဲ့အကိုင်မဲ့ ဖြစ်နေလည်း ထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



တတ်ထားတဲ့ပညာက ထိပ်ထား အတွက် ရေ့နေကောင်းတစ်ယောက် ဖြစ်လာမှာပါ"

"အဲဒီတော့ ဆက်ပြောစမ်းပါ၊ ဒီနေ့ မင်းနဲ့ငါ အပြတ်ရှင်းတာပေါ့၊ ဟိုမှာရော ဒီမှာရော နာရေးတွေလည်း အားလုံးပြီးပြီ၊ မင်းကို ကယ်တင်ဖို့ တောင်မင်း မြောက်မင်း ဘယ်မင်းမှ မရှိတော့ဘူး၊ မင်း ဘာလုပ်မှာလဲ"

"ထိပ်ထား ဒီမှာပဲ အချိန်ကာလ တစ်ခုထိ .."

"ငါ လက်မခံနိုင်ဘူး"

စကားတောင် ဆုံးအောင်ပြောခွင့်မပေးဘဲ ဒေါ်နန်း က ခြေချင်းချိတ် ထိုင်နေရင်းကနေ ထရပ်သည်။

"ဒီအချိန်မှာ ဦးမြတ်ထွတ်ခေါင် ရဲ့ ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး မင်း ဘာမှ မဟာလိုက်နဲ့၊ စီးထားတဲ့ဖိနပ်တောင် ချွတ်ထားခဲ့ရလိမ့်မယ်၊ အခု ငါ့ဘဝကို ငါ ရပ်တည်ထားနိုင်တာ အစကတည်းက နန်း ဆိုတဲ့မိန်းမ အခြေမဲ့အနေမဲ့ မဟုတ်ဘူးဆိုတာ သက်သေပဲ၊ မင်းနဲ့ ဒီခြံမြေ ဘာမှ မဆိုင်ဘူး၊ မင်းနဲ့ ငါကလည်း မသိခဲ့ဖူးတဲ့ တစိမ်းတွေပေါ့"

ပြောပြီး ခပ်မိန့်မိန့် လက်ပိုက်၍ မဲ့သည်။

"မင်းကို ဒီနေ့ထိ မလိုလားစွာကြည့်နေခဲ့ရတာလည်း နာရေးကိစ္စ ရှိနေလို့၊ အဲဒီတော့ မိုးလင်းကသွား မိုးချုပ်မှပြန်လာတဲ့ မင်းရဲ့ပုံရိပ်ကို မနက်ဖြန်ကစပြီး ငါ မမြင်ချင်ဘူး"

ထိပ်ထား ကျောပိုးအိတ်သိုင်းကြိုးလေးကို တင်းခနဲ ဖိဆုပ်မိ၏။ သူမ ဘာတွေသိနေ တတ်နေနေ ရောက်လာတာမကြာသေးသည့် ညှေ့သည်အဖြစ်ထက် ပိုပြီး ဒီလိုစကားတွေအတွက် သူမမှာ ချေပဖို့ မရှိပေ။ ဒီမှာ သွားလာလည်ပတ်ရင်း သူမ စုဆောင်းမိခဲ့သမျှမှာ ဒီနေ့လို နေ့မျိုးအတွက် ဘယ်လိုရင်ဆိုင်မလဲဆိုတာ မပါ..။

ထို့ပြင် အဖေ တစ်ယောက်လုံးနှင့် ဦးလေးအရင်းကြီးကို တစ်ပြိုင်





ည်း ဆုံးရှုံးခဲ့ရသော ရင်ထဲကမီးလောင်ပြင်မှာ အပူရှိန်ပြင်းနေဆဲ ...။

"ထိပ်ထား တစ်ခုလောက် ပြောပါရစေ"

လှည့်ထွက်သွားပြီးမှ ဒေါ်နန်း ခြေလှမ်းတွေရပ်သွားသည်။ ထိပ်ထား ဒီတိုင်း မရွေ့မလျားရှိနေဆဲနှင့် ...

"အမေရိကားကိုပြန်နိုင်ဖို့ ထိပ်ထား ကြိုးစားမှာပါ၊ လောလောဆယ် ာမှမတတ်နိုင်တဲ့အခြေအနေမို့လို့ ဒီမှာ ခဏနေခွင့်ပြုပါ၊ နောက်ဖေး မီးစက်ကြီးနောက်က ဂိုဒေါင်စုတ်ကြီးထဲမှာ ဖြစ်ဖြစ် .."

ဒေါ်နန်း မျက်နှာ ဖျတ်ခနဲ ပြောင်းသွားသည်။

"ဘာ!..."

ထိပ်ထား ဘက်ကို တဖြည်းဖြည်း ပြန်လှည့်လိုက်ပြီး ...

"မင်း စိတ်ကူးယဉ်နေတာလား ထိပ်ထား၊ အိမ်ပေါ်ဖြစ်ဖြစ် အိမ် ာက်ဖြစ်ဖြစ် ဒါက ငါ့ရဲ့ပိုင်နက်၊ မင်း ခြံထဲမှာနေလည်း ဝင်ရင်ထွက် င် မင်းရဲ့မျက်နှာကို ငါ မြင်နေရမှာပဲ၊ ငါလေ မင်းကိုမြင်ရတိုင်း မင်း အဖေရဲ့ အသုံးချရက်ခဲ့တဲ့ဥပေက္ခာတွေကို ရင်နာတယ်၊ မင်းဦးလေးရဲ့ ာက်မာတင်းစီးတဲ့အကြည့်တွေ၊ အပြောတွေကို နာကြည်းတယ်၊ မင်း ို့အားလုံးက ငါ့အတွက် နဂါးမျက်စောင်းပဲ ထိပ်ထား၊ ဒါပေမယ့် အခု ငါ့အလှည့် .."

"ယူပါ .. အန်တီအလှည့်မို့လို့ ကြိုက်သလို တုံ့ပြန်ပါ၊ ထိပ်ထား ာက်ဖေးမှာနေပြီး နောက်ဖေးမလွယ်ပေါက်ကပဲ အဝင်အထွက်လုပ် မယ်၊ အထဲမှာဖြစ်ဖြစ် အပြင်မှာဖြစ်ဖြစ် အန်တီနဲ့ လုံးဝ မဆုံမိအောင် နေမယ်လို့လည်း ကတိပေးပါတယ်"

ဒေါ်နန်း ကိုယ့်နားကိုတောင် မယုံနိုင် ...။

ရက်ပိုင်းလေးအတွင်းမှာ အခြေအနေတွေ ပြောင်းပြန်လှည့်လိုက် သလို ပြောင်းလဲကုန်တာ အံ့သြစရာပေမယ့် ဒါ ဖြစ်တတ်တဲ့ လောက သဘာဝတွေပဲ ..။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ရဲ့စိတ်ကို ဒီလောက်အချိန်လေးအတွင်းမှာ ပြောင်းလဲစေနိုင်တာ ဟုတ်ပါ့မလား ..၊ တူဝရီးတွေ မျက်လုံးချင်းဆုံသွားကြ၏။ စင်ဒရဲ တို့လည်း အံ့သြနေတာ မဖုံးနိုင်မဖိနိုင် ..။

နောက်ဖေးဂိုဒေါင်ကြီးက သွပ်တွေပတ်လည်ကာထားတာဖြစ်ကာ အမိုးမိုးထားသည့်ပေါ်မှာ လေတိုက်တိုင်း အသံတွေမြည်လို့ သံစ်တုံးအတို အစတွေ ဝါးလုံးတွေနဲ့ ပစ်တင် ကပ်ဖိထားတာတွေလည်း ရှိ၏။

အထဲမှာ ကားပစ္စည်းဟောင်း အတိုအစတွေရော တစ်ယောက်အိပ် ခုတင် အပျက်နှစ်လုံးကို ထိုးကြိတ်ထည့်ထားသဖြင့် ခြေချစရာတောင်မှ မရှိ ..၊ ပိုဆိုးတာက နောက်ဖေးမလွှယ်ပေါက်ဆိုတာ ဖြစ်သည်။

သူများတွေလို လူဝင်ပေါက်ပုံစံ ထည့်ထားတာမဟုတ်ပေ။ ခွေးတိုး ပေါက်သာသာပဲရှိတာ ဟိုဘက်အပြင်မှာလည်း ချုံတွေထပ်နေ၏။

"အေးလေ .. ငါ စဉ်းစားဦးမယ်၊ မင်းကို နေခွင့်ပြုဖို့ နောက်ထပ် ငါ့ဘက်က ခိုင်းချင်တာ .. ဖြစ်ချင်တာတွေ တိုင်တာယ်လုပ်ကြည့်မယ် တန်ရာတန်ရာပေါ့"

ထိပ်ထား မျက်နှာ တစ်ချက်မှမပျက်ပါ။ အမေက မွေးပေးခဲ့တာ အားလုံးကို အရှုံးပေးဖို့မဟုတ်၊ ရင်ဆိုင်ဖို့သာ ဖြစ်သည်။

ဒီနေ့ ခြေထောက်တွေ ခိုင်ခိုင်ရပ်နိုင်မှ မနက်ဖြန်အတွက် ခြေလှမ်း နိုင်မည်။ ထို့ကြောင့် ..၊





အခန်း [ ၁၈ ]

"ဖြစ်ရလေ ထိပ်ထား ရယ် .."

ပေါက်ပြဲရောင်ကိုင်းနေသည့် လက်ဖဝါးလေးတွေကို **စွတ်ဆွဲ၍ ဖြန့်** ကြည့်ကာ ချုံချုံ မျက်ရည်တွေ ချက်ချင်းပြိုကျလာ၏။

"ဘာဖြစ်တာလဲ၊ ငါတောင်မှ ဘာမှမဖြစ်ဘူး"

လက်ကိုပြန်ဆွဲရုပ်ကာ ထိပ်ထား အသံလေး တုန်သွား၏။ မျက်နှာ လေးတင်းနေသော်လည်း မျက်ဝန်းတွေလက်တောက်နေတာ မျက်ရည် ကြောင့်မှန်း ချုံချုံ သိနေ၏။

"အဲဒီနေ့မှာပဲ ငါ့ရဲ့စိတ်တွေ ပိုပြီး မာကျောခဲ့တာ ချို၊ ငါ့အတွက် ကျောတစ်နေရာကို ငါ့အင်အားနဲ့ ရယူခဲ့တာ"

"နင့်ရဲ့အင်အားက ဒီလောက်မနိမ့်ပါဘူး ထိပ်ထား၊ ကားသချိုင်းလို အမှိုက်ပုံလိုနေရာကို တစ်ယောက်တည်း 'မ'ထုတ် ရှင်းလင်းပြီး ခွေးအိပ် သလို အိပ်ရလောက်အောင် နင် ဖြစ်စရာမလိုဘူး၊ ငါ့အိမ်မှာ လာနေပါ၊ ငါတို့တစ်အိမ်လုံး နင့်ကို ကြိုဆိုနေကြတာပါဟာ ..၊ ခဏလေးလည်း မဟုတ်ဘူး၊ နင့်စိတ်ကြိုက် နင် အဆင်ပြေတဲ့အထိ တစ်သက်လုံးဖြစ် ဖြစ်ဟာ ငါ ရှိနေသရွေ့ နင် နေခွင့်ရမယ်၊ ငါအိပ်တဲ့အိပ်ရာထက် နင့်ကို ကောင်းအောင် ပြင်ပေးမယ်၊ ငါလေ .."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ချိုချို"

ထိပ်ထား မျက်ရည်မကျအောင် ထိန်းနေရင်း ခေါင်းထဲမှာ ကျပ်ခဲလာ၏။ မိန်းကလေးပီပီ အားပါးတရငိုချလိုက်ချင်ပေမယ့် မျက်ရည်တွေနဲ့အတူ ခွန်အားတွေပါ ပဲ့ကြွေပါသွားမှာ စိုးသည်။

သူမဘဝက မိန်းမသားဖြစ်ပေမယ့် မိန်းမဆန်နေလို့ မရ ..။

"ငါ ငိုတတ်အောင် မလုပ်ပါနဲ့ .. ငါ့ကို မသနားဖို့ တောင်းပန်ပါတယ်၊ တကယ်ကူညီချင်တယ်ဆိုရင် ငါ့ဘဝရပ်တည်ဖို့အတွက် အလုပ်တစ်နေရာလောက် ရှာပေးပါ"

ထိပ်ထား စကားပြောနိုင်တာတောင် ချိုချို ကြိတ်ရှိုက်နေရသဖြင့် ဘာမှမပြောနိုင်သေးပေ။

တွေ့ကြတာ သိပ်မကြာသေးဘူးလို့ ပြောနိုင်ပေမယ့် ထိပ်ထား တို့ တူဝရီးနဲ့ ရင်းနှီးခဲ့တာ၊ သူတို့ရဲ့ဘဝကို နားလည်ခဲ့တာက အချိန်ကာလထက် အများကြီး ပိုခဲ့သည်။

နေလိုလလိုထွန်းလင်းနေရင်း ချက်ချင်း နေကွယ် လမိုက် ဖြစ်သွားခဲ့တာကို မကြည့်ရက်နိုင်။ ပြီးတော့ ထိပ်ထား က သဘောမနော ဖြူစင်သူလေးပါ။

"ငါ အလုပ်ရမှ ဖြစ်မယ်၊ စားသောက်ဖို့အတွက် ငါ့မှာ ဘာမှမရှိတော့ဘူး၊ တစ်ခုတော့ ရှိတာပေါ့ဟာ .. ငါ ဘာတွေတတ်နေနေ အဲဒီပညာကို သုံးခွင့်ရမှာ မဟုတ်ဘူး၊ ပြီးတော့ ဒက်ဒီ့သမီးအဖြစ်နဲ့ လောလောဆယ် ရပ်တည်ဖို့လည်း မလွယ်ဘူး"

"ဟုတ်တယ် .. ဒါပေမယ့်ဟာ နင့်ဒယ်ဒီကို လေးစားနေတဲ့ မိတ်ဆွေကောင်းတွေလည်း ရှိဦးမှာပါ၊ မြန်မာပြည်မှာ သူဌေးချင်း သိနေကြမှာပါ၊ ဘာလက်မှတ်မှမလိုဘဲ အလုပ်ရဖို့အတွက် အကြောင်းသိ ဓာတ်သိမှ .."

"ဟင့်အင်း .. မဟုတ်ဘူး"





ထိပ်ထား က မြက်ခင်းပေါ်မှာ တင်ပလ္လင်ခွေထိုင်နေရင်းကနေ ဒူးထောင်လိုက်ပြီး ခပ်လုံ့လုံ့ ပြန်ချသည်၊ ပြီးတော့ လက်နှစ်ဖက်ပစ်ထောက်ရင်း ကန်ဘောင်ပေါ်ကလူတွေကို လှမ်းငေး၍...

"ဒက်ဒီ့ အမည်းစက်ဖြစ်ခဲ့တာကို ငါ ရင်မဆိုင်ရဲလို့ မဟုတ်ဘူး၊ ဘာတွေက ပြီးသွားပြီ၊ ငါ့ကြောင့် ဒက်ဒီ ထပ်ပြီး သိက္ခာမကျစေရဒီနာမည် တပြုပြုနဲ့ ဘယ်သူ့ခြေရင်းမှ သနားမခံဘူးဆိုတာ ငါ့ရဲ့တဲ့ဆုံးဖြတ်ချက်ပဲ၊ ငါ့ကို နားလည်ပါဟာ"

"သိပ်နားလည်တာပေါ့ ထိပ်ထား ရယ် .. ဒါပေမယ့် နင်က မိန်းသားလေ .. ယောကျ်ားတွေလို ကြုံရာကျရာ အလုပ်ဝင်လုပ်လို့ ဖြစ်း၊ ယောကျ်ားတွေလို အလုပ်ကြမ်းလုပ်ပြီးတော့ရော ဘယ်လောက်ခံနိုင်မှာလဲ"

ချိုချို က ထိပ်ထား နောက်ပစ်ထားသည့်လက်လေးတွေဆီ ကြည့်ပြီး ...

"ငါ ကြိုးစားကြည့်ပါဦးမယ်၊ နင် ထင်ရာတွေ လျှောက်မလုပ်ပါနဲ့ထား ရယ် .. ငါလေ ငါ့အစ်ကိုနဲ့လည်း မှာထားပါတယ်၊ နင် ပိုက်ဆံ ငါ့ဆီက ချေးထားလေဟာ .. နော်၊ အားငယ်တတ်တတ် မတတ် အားမငယ်ပါနဲ့လို့ ထပ်ပြောချင်တယ်၊ နင့်ဘေးမှာ ငါတို့မိသားစုယ်"

ထိပ်ထား ကြည်နူးစွာ ပြုံးမိသည်။

ဒါဟာ တန်ဖိုးအကြီးဆုံးသော အားမြသည့်မေတ္တာတရား ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၉ ]

"ဘယ်လို ဒေါ်ဒေါ် .. ထိပ်ထား နဲ့လက်ထပ်မယ့်သူ ဟုတ်လာ

"ဟုတ်တယ် .. ဒါပေမယ့် သူတို့ချင်းတောင် မတွေ့ဘူးသေးဘူ ပြောတာပဲ၊ ကောင်လေးက အားကစားတွေပဲလိုက်စားပြီး ခရီးချည် ထွက်နေတာတဲ့၊ ကိုမင်းမြတ် မသေခင် မေးလ်ရောက်ထားတဲ့ပုံ ဆိုရင် အင်း .. သိပ်တော့မသေချာဘူး"

"ဘာလဲဟင် .."

"ဟိုသူဌေးသားက ထိပ်ထား ကို စိတ်မဝင်စားဘူး ထင်တ လူငယ်ချင်း ကြည်ဖြူကြဖို့ သူတို့ အရမ်းမျှော်လင့်နေတာ၊ ဟွန်း ကိုကို .. ကိုကို .. သူ့သမီးအဲတွက်ကျတော့ ကြိုက်မရက် ငိုက်မရက် လား"

"ဒေါ်ဒေါ် အဲဒီလူက အခု လာဦးမှာမို့လို့လား"

"ဘယ်သိမလဲ၊ ထိပ်ထား ဆိုတာ အခု ကျင်းထဲကပုရွက်ဆိတ် သွားပြီ၊ ဖြစ်နိုင်ဖို့တော့ မရှိပါဘူး"

"အေးနော် .. ပိုက်ဆံချမ်းသာတုန်းကတောင် လူက ပေါ်ပြူလာ တဲ့ရုပ်မျိုး မဟုတ်ဘဲနဲ့ တစ်ခါတလေ မျက်မှန်ကြီးတဝင်းဝင်းက ပါသေ





ဆွန်း က မျက်မှန်ပုံ လုပ်ပြပြီး ကျကျနန ကဲ့ရဲ့နေ၏။ စင်ဒရဲ က ဒေါ်နန်း ထွက်သွားတာကို အမိအရ လှမ်းမေးလိုက်သေးသည်။

"ဒေါ်ဒေါ် နာမည်က ကိုသု ပဲလားဟင်၊ နိုင်ငံခြားမှာ အနေများတဲ့ ပြီးတော့ တောနာမည်ကြီး"

"မသိဘူး .. အဲဒါပဲ တွေ့တယ်"

ညီအစ်မနှစ်ယောက် ကျန်ခဲ့တော့ အမိကပြောကြတာက ဆွန်း အလှအပတွေအကြောင်း၊ စင်ဒရဲ က စီးပွားရေး ကြီးပွားရေး ..။

"သူဌေးကြီး ဦးမြတ်ထွတ်ခေါင် ကိုယ်တိုင် သူ့သမီးအတွက် မျှော် နေတာဆိုတော့ နည်းနည်းနောနောအဆင့် မဖြစ်နိုင်ဘူးနော်၊ သူတို့ က် မဟုတ်ရင်တောင် နိမ့်မှာမဟုတ်ဘူး"

"မမက ဘာတွေ စိတ်ဝင်စားနေတာလဲ ..၊ သူဌေးသမီးကိုတောင် ကြိုက်ပါဘူးဆိုတဲ့ လူကို ..."

"ဟဲ့ သူဌေးသမီးက သိပ်မှမလှတာ၊ နင်သာ သူ့လောက်ချမ်းသာ သူ့ပုံစံမျိုးပဲ နေမလား"

"ဘယ်နေမလဲ .. ဆွန်း တို့ မြေလျှိုးမိုးပျံပြီးသားပဲ"

"သိတယ်"

စင်ဒရဲ က ညီမကိုလည်း မျက်စောင်းရွယ်သေးသည်။ နေရာတကာ ပဖို့ပဲတွေးပြီး ဒီကောင်မလေး ဘဝအတွက်ကျတော့ ဘာမှ လေး းနက်နက် စဉ်းစားတာ မရှိ ..။

ခြံထဲမှာ စကားပြောဖြစ်ကြတာဖြစ်ကာ မှောင်ရိပ်သမ်းနေတာ င် အိမ်ထဲဝင်ဖို့ သတိမရနိုင်ဘဲ စင်ဒရဲ ခေါင်းထဲမှာ လောဘတွေ ထူနေ၏။

"ဆွန်း"

"ဟင် .."

"အဲဒီတစ်ယောက်က ထိပ်ထား ကို မမြင်ဖူးတာသေချာရင် ငါတို့



www.burmeseclassic.com

ကြီးပွားဖို့လမ်း ရှိတယ်ဟ"

"ဘာ!..."

ပြန်မေးလိုက်ပေမယ့် ဆွန်း တစ်ခါတည်း သဘောပေါက်သွား
ဒါပေမယ့် နှာခေါင်းရှုံ့လျက် ...

"ဖြစ်နိုင်ခြေ မရှိဘဲနဲ့ .."

"ဘာလို့မဖြစ်နိုင်ရမှာလဲ .. ဒေါ်ဒေါ် ပြောသွားတယ်လေ၊ ကို
ရဲ့အဖေက ထိပ်ထား ကို သွားတွေ့ဖို့ ပြောထားတယ်တဲ့၊ သား
မဆုံဘဲ ကိုသု က ဒီရောက်လာမှာဆိုတော့ .."

"အယ် .. ဟုတ်တယ်နော်"

ညီအစ်မနှစ်ယောက် မျက်လုံးတွေ တောက်ပ ပြုံးအီသွားကြ
သို့သော် ...

"မမြင်ဖူးပေမယ့် ထိပ်ထား က ကျွန်မပါလို့ပြောလိုက်ရင် ရ
တယ်နော်"

"ဟင်!..."

"ထိပ်ထား .. နင် ..."

အမှိုက်ခြင်းလေးနှင့် နောက်မှာ ဘွားခနဲရောက်လာသဖြင့် ဆွ
ဖျတ်ခနဲ ထရပ်၏။

စင်ဒရဲ ကတော့ အစတည်းက ရပ်နေပြီးဖြစ်ကာ...

"နင်က ငါတို့စကားပြောနေတာကို ခိုးနားထောင်တယ်ပေါ့"

"မထောင်ပါဘူး၊ ဒါ ထိပ်ထား ခြံထဲမှာ အမှိုက်ကောက်ရတဲ့အ

ဟုတ်နေတာမို့ စင်ဒရဲ ဘာမှမပြောနိုင်။ နေ့ဘက်မှာ အလုပ်လု
ရမှာမို့ ညနေ သို့မဟုတ် မနက်စောစောမှာ ခြံထဲကအမှိုက်တွေ တ
လုံး လိုက်ကောက်ရမည်ဟု ဒေါ်ဒေါ် ခိုင်းထား၏။

"နင် ဘာတွေကြားလိုက်သလဲ"

တည့်တည့်ပဲ မေးမိသည်။ ထိပ်ထား က ပြုံးလိုက်တော့ ဆွန်း





အားမလိုအားမရနှင့် ...

"ဒေါ်ဒေါ် ရှိနေကတည်းက နင် ဒီမှာရှိနေတာပေါ့"

"ဟင့်အင်း .. ခုနကမှပါ၊ ထိပ်ထား အကြောင်း ပြောနေမှန်းသိလို့
နားထောင်လိုက်တာ၊ ဟုတ်တယ် .. အဲဒီ သူဌေးသားနဲ့ ထိပ်ထား မသိကြ
ဘူး၊ သူ ထိပ်ထား ကို သိနေမှာမဟုတ်တာလည်း သေချာပါတယ်၊
ဒါပေမယ့် ဒီရောက်လာပြီဆိုရင်တော့ .."

"ဘာလဲ .. နင်က ငါလည်း တတ်နိုင်သေးတယ်ဆိုတာမျိုး မရှိမဲ့ရှိမဲ့
ပါဝါလေး ထုတ်ပြချင်တာလား"

ထိပ်ထား က ဆတ်ခနဲ ခေါင်းညိတ်၏။

"ဟုတ်တယ် .. ဒါက ထိပ်ထား ဆုံးဖြတ်ခွင့်ရှိနေတဲ့ကိစ္စလေ၊ ထိပ်
ထား က မလှလို့ သူ လှည့်ပြန်သွားရင်လည်း ထိပ်ထား ကတော့ အစ
ကတည်းက သိလည်း မသိဘူး၊ တပ်မက်ခဲ့တာလည်း မဟုတ်တော့
ဒါ ပြဿနာမရှိပါဘူး၊ မစင် တို့ မက်မောနေတယ်ဆိုရင်တော့ စောစော
ကလို ကြံစည်ကြမယ်ဆိုရင် ပြဿနာရှိတယ်"

နားထောင်နေကြပေမယ့် စင်ဒရဲ တို့ မျက်နှာတွေ ရှုံ့တွတွ နီတီတီ
နှင့် ဖြစ်သည်။ ပြောနေကြတာတွေကိုလည်း သူမက အားလုံးကြားသွား
ပြီဖြစ်ကာ စကားလမ်းကြောင်း ဘယ်ကိုဦးတည်နေမှန်းလည်း မသိသေး
သဖြင့် ရှက်ရှက်နဲ့ပဲ ငြိမ်နေမိကြ၏။

ထိပ်ထား က မျက်မှန်လေးပင့်၍ မျက်နှာမော့သည်။ ပြီးတော့ နဖူး
ကဆံပင်တွေကို သပ်တင်လိုက်ရင်း ...

"ဒီသူဌေးကို ထိပ်ထား က ခေါင်းလောင်းထိုးပြီး လှူပစ်နိုင်ပါ
တယ်"

"ဟွန်း .. ငါးမရ ရေချိုးပြန်တာမျိုးပါ၊ နင့်မှာ ရေချိုးခွင့်တောင်မရှိ
တာ သိရဲ့လား၊ ဟိုက နင့်ကိုမြင်တာနဲ့ လောကကြီးကိုပါ စိတ်ကုန်သွား
ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ငါ စိတ်မဝင်စားဖူးလို့ပြောပြီးပြီပဲ ဆွန်း၊ ဒါပေမယ့် ငါရှိနေသရွေ့ နှင်တို့ကြံစည်လို့ မရဘူး၊ ငါ့အယောင်ဆောင်ဖို့က ငါ့ပါးစပ်ပိတ်ထားပေးမှ ရမှာ၊ တကယ် အတည်လုပ်ကြတော့မှာဆိုရင်တော့ ငါနဲ့ ဆွေးနွေးလို့ရပါတယ်."

ထိပ်ထား မျက်မှန်ထပ်တင်ပြီး လှည့်ထွက်သွား၏။ ဆွန်း ဒေါသတွေနှင့် ဆူပွကျန်ခဲ့လျက် ...

"ညနေစောင်း မှောင်ရီဖျိုးဖျမှာ သင်းကျတော့ မြွေပါးကင်းပါးနဲ့ မသေဘူး"

ဟု ကျိန်ဆဲ၍ ...

"ပြောသွားတာ ကြားလား၊ သူကများ အလဲအလှယ်လုပ်ချင်သေးတယ်၊ အောက်ကနေပြီး ကြောက်ပြီလား မေးတဲ့ မိန်းမ"

"စဉ်းစားဖို့တော့ လိုတယ်ဟ၊ ကိုသု ဆိုတဲ့ သူ့ဒွေးသားကို သူတကယ် စိတ်မဝင်စားတာ သေချာတယ်၊ ဘယ်တော့မှ သူ မပြောဘဲနေမယ်ဆိုရင် .."

စင်ဒရဲ က ဘာတွေစိတ်ကူးနေသည် မသိ ..၊ အမှတ်တမဲ့ စိတ်ကူးလိုက်တာက ဖြစ်နိုင်ခြေရှိလာသဖြင့် ကျေနပ်နေပုံလည်း ရှိကာ ...

"ငါတို့ ဒေါ်ဒေါ်နဲ့တိုင်ပင်မှ ရမယ်၊ သူနဲ့ အလဲအလှယ်လုပ်ဖို့က ဒေါ်ဒေါ်ပဲ တတ်နိုင်မှာ"

ဟု ပြောကာ ဆွန်း ရဲ့လက်ကို ဆွဲ၍ ..။





အခန်း ၂၀

နောက်ဖေးလမ်းကြားထဲကို ဝင်ခါနီးမှ ရပ်ထားသည့်ကားထဲက မျက်နှာ ဒီဘက်ကိုလှမ်းကြည့်နေသဖြင့် ထိပ်ထား ခြေလှမ်းတုံ့သွား၏။

အမြဲတမ်း လူရှင်းနေခဲ့တာမို့ ပြဿနာမရှိခဲ့ဘဲ ဒီနေ့ကျမှ ဒီကား ဘာလုပ်နေတာလဲ ..၊

ခြေထောက်တွေက ဦးတည်ရာမဲ့သွားကာ ကားလမ်းမကြီးပေါ်မှာလို တစ်နေရာလှည့်သွားဖို့လည်း မလွယ်။ ပခုံးတစ်ဖက်က အိတ်ကို အပ်ဆွဲတင်မိလိုက်၊ ဖိနပ် ဘာမှမဖြစ်ဘဲ ငုံ့ကြည့်ခါထုတ်နှင့် အကြောင်းရှာနေမိသည်။

လမ်းထဲဝင်တာက ကိုယ်ဝင်ရမယ့်တံခါးပေါက်ကို သွားဖို့အတွက်ဆိုမယ့် ဒီဘေးလူတွေမြင်ပြီး ပြဿနာရှာလျှင် သူခိုးစွပ်စွဲလည်း ခံရမည်။ အချုပ်ထဲဆွဲထည့်မယ်ဆိုလည်း ကိုယ့်မှာ ဖြေရှင်းဖို့က မလွယ် ..။

ကိုယ့်အိမ်ထဲ ကိုယ်ဝင်တာဆိုရင် ရှေ့က ဘာလို့မဝင်လဲလို့ မေးလာမည့်မေးခွန်းအတွက် ဖြေရှင်းချက် မရှိသရွေ့ ..၊

"ချာတိတ်"

ဘေးမှာ ပြောင်လက်နေသည့်ရှူးဖိနပ်အနက်ရောင်နှင့် နက်ပြာရင့်ဘောင်းဘီရှည်၏ခြေရင်းဖျားက မြင်ကွင်းထဲ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား သိလိုက်သည်။ ဒါ ဟိုကားပေါ်က လူ ...၊

သူ ကြည့်နေလို့ ခြေလှမ်းမှားပြီး ဒုက္ခရောက်နေရတဲ့အထဲ ထွက် မသွားဘဲ အနားရောက်လာသဖြင့် ထောင်းခနဲ စိတ်တိုသွား၏။

"ဘာလဲ"

"မင်း ဘာလုပ်နေတာလဲ"

"ဘာလုပ်လုပ် .. ရှင့်အပူ မပါပါဘူး"

သူ့မျက်နှာမှာ အလကားနေရင်း စိတ်တိုနေတာကို အံ့ဩသွားသလို မျက်မှောင်တစ်ချက်ကုတ်လျက် ...

"နည်းနည်းမေးချင်လို့ပါ၊ မင်းက ဒီနားမှာ နီးစပ်သလားလို့"

ဒီအိမ်ကလားလို့ မမေးသဖြင့် ထိပ်ထား မျက်နှာလေး အေးစက်စက် ပြုံးရိပ်ထင်၏။

ကိုယ့်ပုံစံက ပလတ်စတစ်ကောက်တဲ့လူတစ်ယောက်ရဲ့ပုံတူ ဖြစ်နေ ပြီလား ...၊

"ဘာမေးမလို့လဲ"

"ဒေါ်နန်း .. အဲ .. ခြံနံပါတ် 18 .."

ဒီခြံပဲလို့ မေးငေါ့ပြလိုက်တာနှင့် ပြီးပေမယ့် ...

"မသိဘူး .. ကျွန်မ ပလတ်စတစ်တွေပဲ မြင်တာ၊ လူတွေကို မသိဘူး"

မျက်နှာလည်း တစ်ချက်မှမမော့၊ ပြောဆိုပုံက ဂျစ်တီဂျစ်ကန်နှင့်–

သူ ကောင်မလေးကို သေချာစိုက်ကြည့်မိသည်။ ပုံစံက ဖြူဖြူနုနု လေး၊ ပြီးတော့ ပခုံးမှာချိတ်ထားသည့်အိတ်က U.S.A made စစ်စစ်

သူ့ခါးမှာပတ်ထားသည့်ခါးပတ်နှင့် တံဆိပ်တူ။

ကိုယ့်ကိုယ်ကိုယ် ပလတ်စတစ်ကောက်သူလို့ပြောနေသဖြင့် ကြည့် လိုက်မိတာကို ရုတ်တရက် မျက်လုံးမလွှဲဖြစ် ...။

"မင်းက ပလတ်စတစ်ကောက်နေတာလား"





မေးလိုက်တော့ ချက်ချင်းဝန်ခံကာ စော်စောကမျက်နှာမူလိုက်တဲ့ အတိုင်း သူမက ဦးတည်သွား၏။

"ဟုတ်တယ် .. ဒီနေ့မှ ဒီဘက်ကို လမ်းကြောင်းလာရှာတာ၊ တွက် ခြေကိုက်မယ်ထင်မှ မနက်ဖြန် လာကောက်မှာ"

လမ်းကြားထဲကို တကယ်ဝင်သွားသည်။ သူ လိုက်ကြည့်ရင်း မျက် လုံးတွေ တွန့်ကုတ်နေခဲ့၏။ ပြီးတော့ ပြုံးချင်ချင်ဖြစ်သွားသည့်မျက်နှာ နှင့် ပြန်လှည့်ခဲ့သည်။

မသိရင် မေး ...၊ မစင်ရင် ဆေး တဲ့။

'မေးပါများ စကားရ'ဆိုတာလည်း ရှိသည်။ သူ့မှာတော့ ဘာမှ မေးမရပါလား ...၊ ကားပေါ်ပြန်တက်၍ ဘက်ခ်ပြန်ဆုတ်လိုက်မှ သူ ရပ်ထားသည့်ခြံထဲက ကားတစ်စီးထွက်သွားကာ ပွင့်နေသည့်ခြံတံခါး တစ်ဖန် ပြန်ပိတ်၏။

ထိုအခါကျမှ ခြံနံပါတ်ရေးထားသည့်နေရာကို လှမ်းမြင်လိုက်သည်။ ဒီခြံပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၁ ]

"အန်တီကတော့ မိတွေးဖြစ်နေတဲ့အတွက် နေရာတကာမှာ အတိမ်းအစောင်းဖြစ်သွားဖို့တွေရှိတော့ သူတို့သားအဖ၊ တူဝရီးတွေကြားထဲမှာ ဘာမှလည်း ဝင်မပြောခဲ့ဘူး၊ မေးမြန်းစပ်စုတာလည်း မလုပ်ခဲ့ဘူး၊ အဲဒီအတွက် မောင်သု ကို မသိခဲ့တာ ဆောရီးပါ"

ဒေါ်နန်း က မသိခဲ့တာတွေကို ဖုံးကွယ်ဖို့အတွက် ပါးနပ်စွာရှောင်ထွက်သည်။ ရောက်လာမလားလို့တွေးထားခဲ့ပေမယ့် ရောက်လာလိမ့်မည်လို့ သေချာမတွက်ခဲ့သည့်အတွက် ခုလို မျက်စိရှေ့ရောက်လာတော့ လှုပ်ရှားသွားသည့်စိတ်ကို တော်တော် ထိန်းချုပ်နေရ၏။

သူငွေး ဦးရာဇမာန် ၏ တစ်ဦးတည်းသောသား ..၊ နာမည်က သုရာဇဝင်။ မြင့်မားထွားကျိုင်းပုံက မြန်မာမဆန်သလို ရှိ၏။ ဆံပင်ခပ်အုပ်အုပ်က အဖျားတွေမှာ နီကျင်ကျင်ဖြစ်နေသည်။

အသားလတ်ရုံပေမယ့် မေးရိုးကားတာ သိသာ၏။ မျက်ခုံးက ထူသလို ခပ်ရှည်ရှည်ဖြစ်ကာ အဖျားနည်းနည်း ကော့ချင်၏။

နှုတ်ခမ်းစေ့ပြီး မျက်မှောင်ကုတ်ထားပုံက အပြစ်ရှိနေသူတစ်ယောက်ဆိုလျှင် မျက်လုံးချင်းဆုံပြီး ကြည့်ရဲဖို့ မလွယ် ..။

အတော်လေး မာနကြီး၍ ခက်ထန်မည့်လူမျိုး။





သူ့ကိုယ်သူ မိတ်ဆက်ပြီး ဒီမှာထိုင်လိုက်ကတည်းက ဘာမှမပြောသဖြင့် ကိုယ်ပဲပြောနေရတော့ အမှားပါသွားမှာ စိုးရိမ်နေမိသည်။

ထိပ်ထား ကို သူ မြင်ဖူးထားသလား၊ မမြင်ဖူးဘူးတာ တကယ်လား၊

အခု ထိပ်ထား ကို တစ်ခွန်းမှမမေးဘဲ တစ်အိမ်လုံးကို တစ်ချက်ဝေ့ကြည့်လိုက်ရုံနှင့် ငြိမ်သက်သွားခဲ့တာ ဘာလဲ ..။

ထိပ်ထား ဆိုတာကို စိတ်မဝင်စားတာလား၊ ထဲမင် မာနကြီးတာလား။ တစ်ယောက်တည်းပြောရင်း တွေးရင်းနှင့် တစ်ခုမှလည်း အဖြေမရှိ ..။

"ငါ့တူ အခု ဒီရောက်လာတာက ထိပ်ထား နဲ့ကိစ္စအတွက်လား ဒါမှမဟုတ် တခြားအကြောင်းတစ်ခုခုနဲ့များလား၊ စပ်စုတာမဟုတ်ဘူးနော် .. လိုအပ်တာရှိရင် ကူညီရအောင်လို့ပါ၊ ဒီမှာ ကိုမင်းမြတ် ရှိနေရင်တော့ ဒါတွေကို အန်တီ မေးနေဖို့ လိုချင်မှလိုမှာ၊ အခုက ကိုယ်ပဲ မိဘလုပ်နေရတော့မှာဆိုတော့ .."

"ဟုတ်ကဲ့ .. ကျွန်တော် မြတ်သောထိပ်ထား နဲ့ စကားနည်းနည်း ပြောချင်ပါတယ်"

"ဩော် .. ဟုတ်တာပေါ့"

ဒေါ်နန်း ခေါင်းညိတ်လိုက်ရသော်လည်း ရင်ထဲမှာ ဒိုင်းခနဲမြည်၏။ ထိပ်ထား ကို ဓာတ်ပုံဖြစ်ဖြစ် မြင်ဖူးထားတယ်ဆိုလျှင် ဒီမှာ ကြံစည်ခဲ့တာတွေ မျောပြီ ..။

"ထိပ်ထား က စိတ်ညစ်ပြီး အပြင်ချည်းပဲထွက်နေတော့ အထဲမှာ ရှိရဲ့လားတောင် မသိဘူး၊ တကယ်လို့ မရှိရင် သူရှိနေတဲ့နေရာကို အန်တီတူမလေး သိမယ်ထင်တယ်၊ သား လိုက်သွားလို့ ရတယ်လေ၊ သူ့ကို သား သိတယ်မို့လား"

"မသိဘူး"

ဝမ်းသာသွားတာ ရင်ထဲမှာ အတိုင်းထက်အလွန်။ ဒါဆို ပွဲသိမ်းပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသု ရောက်လာလျှင် ဆွန်း က ထိပ်ထား အဖြစ်ရှိနေဖို့ ထိပ်ထား ကိုယ်တိုင် ကျေနပ်သဘောတူပြီးသား ..။

အလဲအလှယ်ကလည်း ဘာမှမခဲယဉ်းသော ညနေတိုင်း အမှိုက်ကောက်ရခြင်းအလုပ်ကို ရပ်သိမ်းပေးရုံ ..။

"ဒက်ဒီ ခတ်ပုံပို့ပေးဖူးတယ်၊ နှစ်နှစ်လောက်ရှိပြီ ထင်တယ်၊ မမှတ်မိတော့ဘူး၊ အိမ်ထောင်ရေးကို ခုချိန်ထိ စိတ်ဝင်စားလို့မရတဲ့ အကြောင်းက ဒက်ဒီ စီစဉ်ပေးတာကိုပဲ လက်ခံရဖို့ရှိနေတာ အမိကပဲ"

"သားက ကိုယ်တိုင် ချစ်တဲ့သူကို လိုချင်တာလား"

"ဒါက အဖြစ်သင့်ဆုံးပဲလေ၊ ဖြစ်သင့်ပေမယ့် ဒီတိုင်းဖြစ်လာဖို့လည်း မလွယ်ဘူး၊ ကျွန်တော့်မှာ အချစ်ထက် စိတ်ဝင်စားစရာတွေ ရှိတယ်"

ရင်ထဲမှာ အောင့်သက်သက် ကျန်ရစ်၏။ ထိပ်ထား အတွက် ပြောနေတာဆို ဒါ သတင်းကောင်းပဲဖြစ်ပေမယ့် ကိုယ့်တူမအတွက်ဆိုတော့...

"အန်တီ ထင်တာတော့ သားက လက်မထပ်ချင်တဲ့အကြောင်း ထိပ်ထား နဲ့ လာဆွေးနွေးတာဖြစ်မယ် .. ဟုတ်လား"

"ကျွန်တော် သူနဲ့ပဲ ပြောပါရစေ"

"ကောင်းပါပြီကွယ်"

ဒေါ်နန်း ဒီတစ်ခါ ပေါ့ပါးစွာ ပြုံးမိ၏။ ခုလောက်ဆို ဆွန်း က အလှဆုံးပြင်ဆင်ပြီး စောင့်နေလောက်ပြီမို့ ...

"စင်ဒရဲ ရေ .."

"ရှင် .. ဒေါ်ဒေါ်"

"အဲထဲမှာ ထိပ်ထား ရှိလား သွားကြည့်ပေးစမ်းပါကွယ်၊ ရှိရင် တစ်ခါတည်း ခေါ်ခဲ့"

အသံပဲကြားရကာ တစ်အောင့်ကြာတော့ မိန်းကလေးနှစ်ယောက် ထွက်လာကြ၏။ သုရာဇဝင် ၏မျက်လုံးတွေ နှစ်ယောက်စလုံးထံ လှမ်းရောက်သွားသည်။





တစ်ယောက်က ဆံပင်ကျော့လောက် ဖြန့်ချထားလျက် တစ်ယောက်က ပခုံးလောက်သာသာ ရွှေနီရောင်လက်လက်နေသည့် ဆံနွယ်လျှော့ပျော့နှင့် ..၊ မျက်ဝန်းလေးတွေ မှောင်လဲ့ကာ နှုတ်ခမ်းမှာ ဝတ်ထားသည့်ဝတ်စုံအတိုင်း ပန်းရင့်ရောင် ဆိုးထား၏။

နှစ်ယောက်ထဲမှာ သူမက ထင်းနေအောင်လှနေလျက် ကိုယ်ကျပ်ခါးရှည်အင်္ကျီမှာ ချိတ်ထားသည့်ခါးပတ်ကြိုးက ပေါင်လယ်လောက်ထိ ကျကာ ပြုံးပြက်လက်နေသည်။

ကိုယ့်ကိုစိုက်ကြည့်လိုက်တော့ ဆွန်း ရင်ခုန်သွား၏။ အပြင်မှာ ကိုသု ရောက်နေပြီဆိုတာနှင့် မှန်ရှေ့ပြေးထိုင်ကာ ကမန်းကတန်း ပြင်ဆင်လိုက်ရတာ လှမှလှရဲ့လား ..၊

ကိုယ့်အဒေါ်ရဲ့အရည်အချင်းကို ယုံပြီးသားမို့ သူမ ထိပ်ထား အဖြစ်နိုင်နိုင်စွာ သရုပ်ဆောင်ခွင့်ရပြီဆိုတာလည်း နားလည်နေသည်။

ဒီလူနဲ့ လက်ထပ်ပြီးတာနှင့် နိုင်ငံခြားပဲလိုက်သွားဖြစ်မလား၊ ဒီမှာဆိုရင်လည်း ဒေါ်ဒေါ့်ထက် မနိမ့်ကျနိုင်သောအဆင့်အတန်းတစ်ခုမှာ သူမ နေရာယူနိုင်ပြီ။

ပျော်လွန်းလို့ ရင်ထဲမှာ မြောက်ကြွနေသည်။ သို့သော် ကိုသု မျက်လုံးတွေက စင်ဒရဲ ဆီ ပြန်ရောက်သွားပြီး ခြေဆုံးခေါင်းဆုံး ကူးလူးနေတော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်မိ၏။

"ထိုင်ကြ သမီးတို့"

ဒေါ်နန်း က သုရာဇဝင် နှင့် ဘေးတိုက်မှာ ဆွန်း တို့ကို ထိုင်စေတာ ...

"သူက စင်ဒရဲ တဲ့ .. အန်တီ့တူမလေးပါ၊ သူကတော့ ထိပ်ထား"

ထိပ်ထား ပါဆိုမှ သူ့မျက်လုံး ဆွန်း ထံ ပြန်ရောက်၏။ ပြီးတော့ ပြုံးသလို တည်သလို နှုတ်ခမ်းတွေက ပြောသေးသည်။

"သူက ထိပ်ထား လား .. စိတ်ညစ်နေတယ်ဆိုလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကို ပုံဖော်ကြည့်ရမှန်းမသိ ဖြစ်နေတာ" တဲ့ …။

'ဒီလောက်ထိ ပြင်ထားရသလား' ဆိုသည့် အပြစ်တင်အကြည့်တွေ ဒေါ်ဒေါ်ဆီက ပြေးဝင်လာသည်။ ဆွန်း မျက်နှာလေး ပျက်သွားလျက် —

"အရမ်းမွန်းကျပ်လွန်းလို့ ထင်ရာတွေ လုပ်နေတာပါ"

လို့ မော့မကြည့်ဘဲ မပွင့်တပွင့်ပြောမိ၏။ သူက စိုက်ကြည့်နေဆဲ ဆွန်း နေရခက်နေသဖြင့် …

"ကဲ လူငယ်ချင်းပြောကြပေါ့၊ ကိုမင်းမြတ် လည်း ပြောသံကြား ပါတယ်၊ လူငယ်ချင်း အဆင်ပြေဖို့ အဓိကတဲ့၊ အန်တီတို့က မင်းတို့ချင်း အဆင်ပြေမှ ဦးဆောင်လမ်းပြရုံပဲလေ"

ဒေါ်နန်း တို့ ထွက်သွားကြတော့ ဆွန်း နေရာမှာပဲ ဗုံးဗုံးလဲသေချင် စိတ်ပေါက်သွား၏။ သူ ဆွန်း ကို အကြာကြီး တိတ်ဆိတ်စွာ ကြည့်နေ ပြီးမှ …

"မင်းက တော်တော်လှတာပဲ" လို့ စပြောသည်။ ထို့ပြင် …

"ကိုယ် ပုံဖော်ကြည့်ခဲ့တာက ခပ်ကုတ်ကုတ် စာဂျပိုးပုံစံလေး" လို့ ပြောပြန်၏။

"ဒက်ဒီ ပြောတုန်းက အရမ်းတော်တဲ့ သူ့မိတ်ဆွေရဲ့သမီး၊ ဖအေလို ပဲ အရမ်းတော်တဲ့ကောင်မလေး တဲ့၊ ကိုယ် စိတ်ဝင်စားလို့မရတာ အဲဒါ"

သူ စိတ်ဝင်စားဖို့အတွက် မတော်မတတ်အောင် နေပေးရဦးမှာ လား။ ကိုယ့်အတွက် သတင်းကောင်းပေမယ့် ဆွန်း ဝမ်းမသာနိုင်ဘဲ ဖြစ်နေ၏။

"ပညာတော်လေ အစွန်းရောက်လေလို့ ကိုယ် မြင်တယ်၊ သိပ်တော့ မလှဘူးလို့ သိထားတဲ့ကောင်မလေးတစ်ယောက်ကို ပုံဖော်ကြည့်တော့ ကိုယ်မကြိုက်တဲ့ဒီဇိုင်း ထွက်လာတယ်၊ အဲဒါ လှတာ မလှတာကို ပြောတာ မဟုတ်ဘူး၊ သူ့ရဲ့ လိုက်ဖ်စတိုင်လ်ပေါ့"

ဘုရား!.. ဘုရား …၊





'သူ' လို့ ပြောနေတဲ့ အဲဒီကောင်မလေးက အခု ရှေ့မှာထိုင်နေတယ် ဆိုတာကို မေ့နေပြီလား၊ ဒါမှမဟုတ် ဆွန်း ကို သိသွားလို့ တမင် ဖဲ့နေ တာလား …၊ မဟုတ်ဘူး .. သူ မသိပါဘူး၊ စိတ်မလှုပ်ရှားနဲ့ ဆွန်း၊ တည်တည် နေစမ်း၊ ကိုယ့်ကိုယ်ကိုယ် အားပေး၍ တဲတွေးမိုချမိသည်။

သူက ဆိုဖာမှာ မှီ၍ လက်ပိုက်လိုက်သေးသည်။

"ခုခေတ်မှာ မိန်းကလေးတိုင်း လှနေကြတာပဲ၊ မလှတဲ့မိန်းကလေး တည်း လှအောင်လုပ်လို့ ရတယ်၊ အဲဒီထဲမှာ ရုပ်မဆိုးဘဲနဲ့ သိပ်မလှဘဲ ဖြစ်နေတာ လှအောင်မနေတာပဲ မဟုတ်ဘူးလား၊ အစွန်းရောက်တယ် ဆိုတာ အဲဒါမျိုး၊ တစ်စုံတစ်ခုကိုပဲ တပ်မက်တောင့်တနေတဲ့လူက တခြား ဘာကိုမှ မမက်တော့ဘူး၊ ကိုယ့်အတွက် ဘာမှမပေးနိုင်မယ့် မိန်းကလေးတစ်ယောက်ကို ကိုယ် ဘာလုပ်ရမလဲ"

"ရှင်ကရော အားကစားတွေပဲ လိုက်စားနေပြီး ဘာမှစိတ်မဝင်စား တာ အစွန်းရောက်နေတာ မဟုတ်ဘူးလား"

ထိပ်ထား ဘက်က နာတာမဟုတ်သော်လည်း ကိုယ်က ထိပ်ထား ဖြစ်နေပြီမို့ ဒါကိုမေးမှ ဖြစ်မည်။ သူက မျက်တောင်ဖျားတွေ ခပ်မှေးမှေး ခင်းကြည့်လျက် …

"မရောက်ဘူးလို့ ကိုယ့်ကိုယ်တိုင်တော့ ထင်တာပဲ၊ အိမ်ထောင်ရေး ဆိုတာကို ကိုယ့်ခေါင်းထဲရောက်နေလို့ အခု မင်းကြားနေရတဲ့စကားတွေ ကိုယ်ပြောနိုင်တာပေါ့၊ လက်ထပ်ဖို့ကို စိတ်မဝင်စားတာထက် မလိုချင် တာလို့ ပြောရင် ပိုမှန်တယ်"

"အဲဒါတွေ ဆွန်း ကို .. အဲ .. ထိပ်ထား ကို လာပြောတာလား"

"ပြောဖို့အတွက်နဲ့ ဒီထိ လာစရာလား၊ မင်းနဲ့ကိုယ် ခုမှတွေ့ဖူးကြ တာ ကိုယ့်စိတ်ကူးတွေအကြောင်း ပြောဖို့ မလိုဘူးလား"

"ဒါပေမယ့် ရှင် မလိုချင်တာတွေပဲ ပြောနေတာ"

"မင်းကရော ကိုယ့်ကို လိုချင်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဆွန်း မျက်နှာလေး နီသွားသည်။ သူက ဘာမှထပ်မပြောဘဲ စော
နေတော့ ပိုဆိုး၏။

"ထိပ်ထား က အားကိုးရာမဲ့နေတဲ့ မိန်းကလေးပါ"

"မှန်ပါတယ် .. ဒါပေမယ့် မင်း ခုချိန်မှာ အားကိုးရာနေမယ်လို့
ကိုယ် မထင်ခဲ့တာတော့ မှားသွားတယ်ထင်တယ်"

လှုပ်လာပြန်ပြီ ...၊

"ခုချိန် မင်းရင်ထဲမှာ အပြင်းပြဆုံးဖြစ်နေမှာက မင်းအဖေအတွက်
အမှန်တရားတွေကို ရှာဖွေဖို့ပဲလို့ ထင်ခဲ့တာ"

"ကျွန်မ ဘာတတ်နိုင်တော့လို့လဲ၊ သူများစိတ်ဆင်းရဲနေတုန်းမှာ
ရှင် တစ်ခုချင်းမေးပြီး ခနိုးခနဲ့တွေ ပြောနေဖို့မကောင်းဘူး သိလား"

သူ့နှုတ်ခမ်းမှာ ပြုံးရိပ်ထင်သွားသည်။ ဒက်ဒီပဲ အပြောကြီးသွားတာ
လား၊ ဦးမြတ်ထွတ်ခေါင် ကိုယ်တိုင် သူ့သမီးကို အထင်တကြီး အမွှမ်း
တင်လွန်းတာလား ...၊

တစ်ခုခုတော့ လွဲနေပြီ ထင်သည်။ မြင်နေရတာတော့ သာမန်ထက်
ဘာမှပိုမိုထူးခြားမှုမရှိသော မိန်းကလေးပဲ ဖြစ်၏။

နောက်တစ်ခုက သူ ဘယ်အရပ် ဘယ်နိုင်ငံကနေ လှည့်ဝင်လာတာ
လဲလို့ မမေး ...၊ အကယ်၍ ဒက်ဒီ့ဆီကို အရင်ဝင်တွေ့ပြီးမှ သူ ဒီကို
လာတာဆိုလျှင် ကိုယ့်အဖေရဲ့သတင်းအကြောင်း အဆိုးအကောင်းတွေ
မေးလို့ရမှာပဲဆိုတာ သိရမည်၊ မေးရမည်။

ဘာဆိုဘာမှမမေးဘဲ ငုတ်တုတ်ထိုင်ပြီး အားငယ်စိတ်တွေဖြစ်နေ
တိုင်း အလှပြင်သည်ဆိုတာ ဘယ်လိုဖြေသိမ့်ခြင်းမျိုးလဲ ...။

သူ လူကဲခတ်ညံ့တာတော့ မဖြစ်နိုင် ...။





အခန်း [၂၂]

"အင်း .. မင်း တင်ထားတဲ့ဒီဇိုင်းကြမ်းတွေကတော့ စိတ်ဝင်စား
စရာပဲ"

ကျေနပ်သွားသည့်လေသံကြောင့် အဆင်ပြေနိုင်သည်လို့တွက်ကာ
ထိပ်ထား ဝမ်းသာသွားသည်။ သို့သော် သူဌေး ဒေါ်သဇင်မြင့် က ကွန်
ပျူတာကိုပိတ်၍ ဒီဘက်လှည့်လာကာ ...

"မင်းရဲ့အရည်အချင်းကို မြင်လိုက်ရတော့ တကယ်တော်တယ်ဆို
တာကို အန်တီ လက်ခံပြီ၊ လက်မခံနိုင်တာက တရားဝင်ခန့်အပ်ဖို့
အတွက် CV ဖောင် ဖြည့်မထားနိုင်တဲ့ မင်းရဲ့အခက်အခဲအကြောင်း .."

"အန်တီ အဲဒါတွေ သမီး အန်တီ့ကို အားလုံး ပြောပြီးပြီလေ"

ချိုချို ဝင်ပြောလိုက်တော့ ဒေါ်သဇင်မြင့် က ပြုံးပြပြီး ခေါင်းခါ
သည်။ ချိုချို ဆိုသည့် မိန်းကလေးကို သူ့အစ်ကိုနှင့်ပတ်သက်ပြီး မျက်
မှန်းတမ်းမိနေခဲ့၏။ သူမလေးကလည်း ဒါကိုမှီတွယ်ပြီး သူငယ်ချင်း
အတွက် အလုပ်တစ်နေရာရဖို့ ကြိုးစားလာတာ ဖြစ်သည်။

"ဒီလိုပါ၊ သမီးရဲ့အစ်ကိုကြောင်မှ ဒီက ဆားဗစ်စင်တာမှာ ဆာဗီးစ
အဆင့်ပဲ ရှိသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ထိပ်ထား ကို ပြန်ကြည့်၍ …

"သူက ပရိုဂရမ်မာလုပ်မယ့်သူ .. CV ဖောင်ဆိုတာ ဘိုင်အိုဂရ လောက် မကျယ်ပြန့်ပါဘူး၊ တစ်လုံးနှစ်လုံး ဖြည့်စွက်ပေးရမှာလေးပဲ"

"ဟုတ်ပါတယ် အန်တီ၊ အဲဒါ အခု ကောက်ဖြည့်သွားလို့လည် ရပါတယ်၊ ဒါပေမယ့် …"

ထိပ်ထားပြောတာကိုလည်း သူဌေးက လက်မခံပါ ..။

"ချိုချို ပြောပြထားလို့ သိပြီးပါပြီ၊ သမီးရဲ့ပါစင်နယ်ကိစ္စမို့လ အန်တီတို့နဲ့လည်း မဆိုင်ပါဘူး၊ ဒါပေမယ့် ဘယ်အလုပ်မဆို အနည်းဆုံ မှတ်ပုံတင် သန်းခေါင်စာရင်းတော့ ပါမှရတာ၊ အဲဒါက အလုပ်သဘော အရ လိုက်လျောလို့မရတဲ့ ပထမအချက်ပေါ့၊ နောက်တစ်ခုက ဂိမ်းစီးတ ဆိုပေမယ့် အန်တီတို့က သေးသေးကွေးကွေးလေး လုပ်နေကြတာ မဟုတ်ဘူး၊ နေရာ အခမ်းအနားနဲ့ ခေတ်မီစက်ကိရိယာတွေဆင်ပြီ သိန်းပေါင်းမြောက်မြားစွာ ရင်းနှီးထားတာ၊ စည်းကမ်းနဲ့ပတ်သက်ပြီ နည်းနည်းမှ တိမ်းစောင်းခံလို့ မဖြစ်ဘူး၊ တကယ့်အဓိကကတော့ နောက် ထပ် ပရိုဂရမ်မာတွေ ထပ်မလိုချင်တော့တာ၊ မင်းရဲ့တီထွင်မှုတွေက အန်တီ သဘောကျပါတယ်"

"ဒီထက် ရှင်းရှင်း သိပါရစေ အန်တီ၊ ကျွန်မကို အလုပ်မပေးနိုင တာ ကိုယ်ရေးရာဇဝင် မတင်ပြနိုင်လို့လား၊ နောက်ထပ် လူမလိုချင်တာ လား .."

"လူမလိုချင်တာလို့ ပြောရမှာပဲ၊ အဲဒါကြောင့် မင်းရဲ့ချို့ယွင်းချက် အတွက် အန်တီ စဉ်းစားမပေးနိုင်တာ၊ ဒါပေမယ့် မင်းခေါင်းထဲမှာ အသစ် အသစ်သော တီထွင်မှုတွေရှိနေမယ်ဆိုတာကိုလည်း သိနေတယ် ဝမ်းစာအတွက် တကယ်လိုအပ်တာဆိုရင် မင်း ရေးလာမယ့် ပရိုဂရမ်မာ ဆော့ဝဲတွေကို အန်တီ လက်ခံပေးနိုင်တယ်၊ မင်း ဘယ်ထိလုပ်နိုင်မလဲ ဂိမ်းဆော့ဖ်ဝဲ .. ဖုန်းဆော့ဖ်ဝဲ ဘာဖြစ်ဖြစ် အန်တီ့မှာ လုပ်ငန်းတွေ အများ





ပဲ၊ မင်း စိတ်ဝင်စားတယ်ဆိုရင် ညှိကြတာပေါ့"

စဉ်းစားပါမည်ဆိုသည့်အဖြေ ပေးထားခဲ့ပြီး ထိပ်ထား တို့ ပြန်ထွက် ကြသည်။ ချိုချို ကတော့ မကျေနပ်ပါ။ ကိုယ်တိုင် အာမခံပြီး ခေါ်လာ တာကို ကိုယ့်အစ်ကိုရဲ့သိက္ခာကိုတောင် ချပြလိုက်သေးသည်။

လိုချင်နေတာကို မလိုချင်သလိုလိုနှင့် ပညာရှင်တွေကို တမင်ချိုးနှိမ် လွှတ်လိုက်တာ ..။

"လုပ်မနေနဲ့ ထိပ်ထား၊ နင် ဖုန်းဆော့ဖ်ဝဲတွေတောင် တစ်ယောက် း ရေးနိုင်တယ်ဆို .. ဆော့ဖ်ဝဲတွေထွင်ပြီး အင်တာနက်တင်လိုက်၊ င်ပေါ်ရင် စင်တော်က ကောက်မှာပဲ"

"စင်တော်ကကောက်လာမယ့်အချိန်ကိုမှ ငါ မစောင့်နိုင်တာ ချိုချို .. လောလောဆယ် စားဖို့ ငွေလိုတယ်၊ အမေရိကားကိုပြန်နိုင်မှ ဖြစ်မယ်၊ ငါ့အတွက် အခု အရေးတကြီး လိုအပ်နေတာ ငွေ .."

ကိုယ့်အဖြစ်က ဈေးအပေါဆုံး ထမင်းဟင်း၊ တစ်ခါတလေ ခပ်ညံ့ လက်သုပ်တွေ မုန့်ဟင်းခါးတွေနှင့် တင်းတိမ်နေရသည်။

စားသောက်ရသည့်ကိစ္စက အရေးမကြီးသေးဘူးဆိုရင်တောင် တစ်တစ်နေ့ ရေချိုးလို့ရသည့် သန့်စင်ခန်းရှာရတာ အခဆင်းရဲဆုံးဖြစ်၏။

အိမ်ကထွက်ပြီဆို သူ့အိတ်လေးက လုံလုံပပမရှိဘဲ ရေလဲအဝတ်နှင့် ဆပ်ပြာ သွားပွတ်တံတွေ အစုံပလုံပေါင်းစည်းလျက် ဖောင်းကားနေ တတ်သည်။

အပြန်ဆိုလျှင် ရေစိုအဝတ်ကြောင့် အိတ်က စိုစိစိဖြစ်နေတာ ဘာ ကြီးနဲ့တူနေမှန်းတောင် မသိ ..။

ကိုယ့်ကိုယ်ကိုယ် သူဖုန်းစားတစ်ယောက်လား၊ ဝရမ်းပြေးလား .. ဘယ်လိုနေရာချရမှန်းလည်း မသိတော့ပါ။

ဘယ်လို အထာကျလို့ရသည့် နေထိုင်ခြင်းတွေကနေ လွတ်မြောက် သူမ ကြိုးစားရမည်။



www.burmeseclassic.com

"နင်လည်း ပညာတတ်တစ်ယောက်ပဲ ထိပ်ထား၊ နင့်အဖေ လော လောဆယ် ပြဿနာရှိနေပေမယ့် အသိုင်းအဝိုင်းကြီးတွေ ရှိနေတာပဲ မြန်မာနိုင်ငံမှာပဲ အခြေချဖို့ ကြိုးစားပါလားဟယ်"

"ငါ ဟိုကိုပြန်ဖို့က ဒက်ဒီ့ဂုဏ်သိက္ခာအတွက် ချို၊ နေရေးထိုင်ရေး ကြောင့် မဟုတ်ဘူး၊ ငါ ဘယ်ဘဝရောက်သွားသွား ဒက်ဒီ့အတွက် ပြ ရန်းထွက်ရမယ်၊ ဒက်ဒီ့အတွက် ငါ အများကြီး လုပ်စရာတွေ ရှိသေး တယ်"

"ဒါဆို နင်နဲ့ပေးစားမယ်ဆိုတဲ့လူ ရောက်လာရင် မေးလို့ရတာပဲ နင့်အဖေ ဖြစ်ပျက်သမျှ အချင်းချင်းတွေကတော့ တစ်ခုခုကို သိနေမှာ သေချာတယ်၊ ပြီးတော့ သူ့အဖေက နင့်ဆီကိုလွှတ်လိုက်ပြီဆိုကတည်း က နင့်အဖေရဲ့ဂုဏ်သိက္ခာကို ယုံကြည်နေဆဲမို့လို့ပေါ့"

"ငါ တွေးမိတယ်၊ ဒါပေမယ့် ကိုသု ဆိုတဲ့ နာမည်ကိုတောင် ငါ သူတို့ပြောသံကြားလို့ သိခဲ့ရတာ၊ ကယ်ကြီးကတောင် ဘာမှပြောခဲ့ဖူးတာ မဟုတ်ဘူး၊ သူ ဘယ်သူ့သား၊ ဘယ်အရပ်မျက်နှာက အဲဒါလဲ မသိဘူး ဒက်ဒီနဲ့ သူတို့ ဘယ်လိုရင်းနှီးခဲ့မှန်းလည်း မသိဘူး၊ ပိုဆိုးတာက နင့်ကို ငါ ပြောပြီးပြီလေ၊ သူက ငါ့ကို ငြင်းခဲ့သေးတယ်တဲ့၊ ခုမှ ဘာလာလုပ် မှန်း မသိဘဲနဲ့ .."

"ဘာလာလုပ်မှန်း သိလို့ပဲ သူတို့လိုချင်နေတာကို၊ နင် အမှိုက် ကောက်ရတဲ့ဒုက္ခနဲ့ လဲယူလိုက်သေးတယ်မို့လား"

"ငါ တစ်နေကုန် ပင်ပင်ပန်းပန်းနဲ့ ပြန်သွားပြီးမှ ပေတစ်ရာ ပတ် လည်လောက်ခြံကြီးကို အနံ့အပြား အမှိုက်လိုက်ကောက်ရတာလေ၊ အဲ ဒုက္ခကနေလွှတ်ဖို့က သူ့ငွေးကိုရဖို့ထက် ပိုပြီး ငါ့အတွက် တန်ဖိုးကြီး တယ်၊ သူ ငြင်းသလိုပဲ မမြင်မစမ်းနဲ့လူကို ငါလည်း စိတ်မဝင်စားပါဘူး အဲဒါကြောင့် သူ့ဆီကနေ ဒက်ဒီပြဿနာကို စုံစမ်းဖို့လည်း လက်လျှော့ ထားလိုက်တယ်"





"ငါကလည်း အဲဒါကို နင် သိစေချင်လို့ပြောတာပါ၊ ခု ပြောတာ ည်း ဟုတ်တာပဲ၊ ဒါနဲ့ အခု အဲဒီလူ ရောက်နေပြီလား"

"မသိပါဘူးဟာ၊ ငါက နောက်ဖေးကနေ ဝင်ရထွက်ရတာ၊ ပတ် န်းကျင်ကြည့်ပြီး သွားလာနေရတာနဲ့ သူတို့အိမ်ဘက်ကိုလည်း မကြည့် ပါဘူး၊ ခုဆို ပိုကင်းတာပေါ့၊ ငါ ကတိပေးထားတာကို တည်ရမယ်"

"သူတို့ကလည်း ရက်စက်လိုက်တာနော်၊ ချက်ချင်းကြီး ပြောင်းလဲ လိုက်တာ ကုလားကားကြည့်ရတဲ့အတိုင်းပဲ၊ မိထွေးပီသရုံတင်မက ူး လူမဆန်တာ"

ထိပ်ထား က တစ်ခုခုပြောမလို့ပြင်ပြီးမှ ရှေ့မှာ ခလုတ်တိုက်ပြီး ပ်ထိုးလဲသွားသည့်ကလေးလေးကို ကပျာကယာ ပြေးထူသည်။

ကလေး လွတ်ကျသွားသော မဖောက်ရသေးသော ကွတ်ကီးထုပ် သေးကိုရော ကလေးရဲ့အင်္ကျီတွေကို ဖုတ်ဖတ်ခါပေးလိုက်သေး၏။

"နိုး .. နိုး .. မငိုရဘူး၊ နာလည်း မနာဘဲနဲ့ .. ကလေးက ယောက်ျား ေး မဟုတ်ဘူးလား"

ငိုမဲ့မဲ့ဖြစ်သွားသည့် ကလေးမျက်နှာလေး တစ်ပိုင်းတစ်စနှင့် ရပ် သွားအောင် သူပဲ ချော့မော့နေသည်။

"ကျေးဇူးပါ ညီမရယ်"

ဆားမှာ အထုပ်အပိုးတွေနှင့် ကလေးကို ထူပေးဖို့ မတတ်နိုင်ရှာ သည့် မိခင်ဖြစ်သူက ကျေနပ်ဝမ်းသာစွာ ပြောသွားသည်။

ထိပ်ထား က ကောင်လေး ထွက်သွားတဲ့ဆီ လိုက်ကြည့်နေပြီးမှ တွ ပြန်လှည့်လျှောက်ရင်း ...

"သူတို့ဘက်ကကြည့်တော့လည်း သူတို့မှာ အမှန်တရားရှိနေမှာ ပါ ချို ရယ် .. လူတိုင်းဟာ ငွေရှိရင် ငွေဂုဏ်မောက်တယ်၊ ပညာတတ် တော့ ပညာဂုဏ်မောက်တာပဲ"

"ဟာ!... အဲဒီလိုလူတွေထဲမှာ နင်တို့ မပါပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ နင်က ငါ့တို့ကို ခင်နေတဲ့သူလေ၊ အမြဲတမ်း ပခုံးချ
ယှဉ်ကြည့်ပြီး မရောင့်ရဲနိုင်တဲ့သူအတွက်ကတော့ သူ မော့ကြည့်ရ
ငုံ့ကြည့်တဲ့သူကို အထက်စီးက ကြည့်တယ်၊ စီးမိုးတယ်လို့ ထင်မ
သူ ပြန်ငုံ့ကြည့်နိုင်တာနဲ့ ပြန်နင်းမယ်လို့ တေးမှတ်ထားမယ် .. ဒါပဲ
ငါ ဖြေနိုင်ပါတယ် .. ပုထုဇဉ်မို့ လောဘ ဒေါသ မကင်းနိုင်တာပဲရှိမ
ချမ်းသာခြင်းမျိုးစုံကို ငါ ခံစားခဲ့ဖူးတယ် ချို၊ ဆင်းရဲတာကို မခံစား
တာက သပ်သပ်၊ ချမ်းသာချင်တဲ့စိတ်တွေ ပြင်းပြမနေတာတော့ သေ
တယ်၊ ပြီးတော့ ငါ့ကိုယ်ငါ ယုံကြည်တယ်၊ 'မြတ်သောထိပ်ထား'
ဘယ်တော့မှ နိမ့်ကျတဲ့ဘဝနဲ့ အဆုံးမသတ်ဘူး"

နုးညံ့ဖြူနုသည့်မျက်နှာလေးမှာ ယုံကြည်ချက်တွေ အပြည့် ..။





အခန်း ၂၃

"အရမ်းကြည့်ကောင်းတာပဲ မမရယ် .. နော်၊ လူက မြင့်မြင့်ဖြောင့်ဖြောင့်နဲ့ ရင်အုပ်ကျယ်ပေမယ့် မမောက်ဘူး၊ အရပ်မြင့်သလောက် ဗိုက်က ရှပ်နေတာပဲ၊ လမ်းလျှောက်သွားတော့လည်း မိတယ်"

တစ်ညလုံး ညီအစ်မနှစ်ယောက် ပြောခဲ့ကြတာ ဒီစကားတွေ။

မိုးလင်းတော့လည်း သုရာဇဝင် ဆိုတဲ့လူ ကော်ဖီသောက်တာ၊ မုန့်စားတာ၊ စီးကရက်မီးညှိတာကအစ လိုက်ကြည့်မိလွန်းလို့ မျက်လုံးထဲမှာ ပုံရိပ်ထင်နေပြီလားတောင် မသိ ..။

သူကလည်း စကားလာမပြောဘဲ အပြင်ပဲထွက်နေတတ်ကာ ဆွန်းကလည်း လိပ်ပြာမလုံတဲ့သူမို့ ရင်မဆိုင်မိလေ ကြိုက်လေ။

ချောင်းကြည့်နေရတာကမှ လွတ်လပ်သည်လို့ ညီအစ်မချင်းပြော၍ ရယ်မိကြသေးသည်။ အခု စကားပြောဖြစ်တယ်ဆို စလာသည့်စကားက မတည့်ရာ မတည့်ကြောင်း။

"ညနေက ရှော့ပင်ထွက်ကြတာ ပျော်လား" တဲ့။

သူ ဘယ်နေရာကမြင်လိုက်တာလဲ၊ ပြောပုံက ဘာလဲ၊ ဆွန်း မျက်နှာလေး ညိုသွားတော့ သူက ပြုံး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ ဟာက်ပီးဝေါလ်မှာတွေ့တော့ ကိုယ် နှုတ်ဆက်မလို့ပါ၊ မင်းတို့ ဆော့နေတာ အနှောင့်အယှက်ပေးသလို ဖြစ်မှာစိုးလို့"

ထပ်ပြောလိုက်သည်နှင့် ဆွန်း ဘယ်လိုမှဟန်ဆောင်ထိန်းချုပ်လို့မရတော့ဘဲရှိကာ ...

"ထိပ်ထား ဆိုတာ ပညာတတ်တစ်ယောက်ပဲ ကိုသု၊ တငိုငိုတရယ်ရယ်လုပ်နေရင်း ကိုယ့်ကိုယ်ကိုယ် နစ်မွန်းအောင် လုပ်နေရမှာလား"

"ဘယ်လိုနေနေ နေတတ်တာ ကောင်းပါတယ်၊ ဒက်ဒီ မှာလိုက်တာတွေများလွန်းလို့ ကိုယ်က စိတ်ညစ်နေတာ၊ မင်း စိတ်ဆင်းရဲ အားငယ်နေမှာစိုးလို့ ဘယ်လိုစောင့်ရှောက်ပါ၊ အားပေးပါဆိုတာတွေ.. ဟွန်း.. ခုကျတော့ ကိုယ် သက်သာတာပေါ့"

မခိုးတွန့်တာ၊ လက်ဖြန့်ပြောတာ သူ့စတိုင်လ်ပဲလား မသိ၊ ဆွန်းကတော့ ကိုယ့်ကို ကပ်ဖဲ့လှောင်ရယ်နေသည်လို့ပဲ မြင်သည်။ ပြီးတော့ ပြုံးနေတာ မပြီးနိုင် မစီးနိုင် ...။

"ဒါဆို ကိုသု က ထိပ်ထား အတွက် သက်သက်လာတာပေါ့"

"ဟုတ်တယ် .. သာရေးဆိုတာက မသိသလို နေလို့ရတယ်လေ၊ ဟိုမှာ နာရေးတွေဖြစ်ထားတော့ မင်း တစ်ယောက်တည်း ဒီမှာ ဒိတ်ခိသလို ဖြစ်နေမှာလို့ ဒက်ဒီက တွက်တာ .."

"ဒါဆို ဟိုကိစ္စတွေက အားလုံးပြီးသွားပြီပေါ့"

"ဘယ်ကိစ္စတွေလဲ"

"သူ့ရွေး .. အဲ .. ဒက်ဒီ ဖြစ်တဲ့ကိစ္စ"

"ဘာကိစ္စ ဆိုတာ မင်း သိပြီးပြီပဲ၊ မင်း စုံစမ်းဖို့ အကူအညီတောင်းထားတဲ့ရှေ့နေနဲ့ ဒက်ဒီ စကားပြောဖြစ်ကြတယ်"

သုရာဇဝင် စိုက်ကြည့်နေသည့်မျက်လုံးတွေအောက်မှာ ဆွန်း မော့နေရမလား၊ မျက်နှာလွှဲပြီး မျက်ရည်ကျနေသင့်သလား၊ ဘယ်လိုမှလည်း မနေတတ်ပေ ...။





ရှေ့နေနဲ့ ဘာတွေပြောဖြစ်ကြသလဲဆိုတာလည်း မေးဖို့ မေ့၏။

"မင်း ထပ်မမေးတာ ကျေးဇူးပဲ ထိပ်ထား"

သူက ကောက်ခနဲပြောပြီး ဆွန်း ထိုင်နေသည့်ခုံတန်းလေးအစွန်းမှာ ခြေလှမ်းရှေ့ရပ်လိုက်၏။

"နာရေး ဆိုတဲ့ အကြောင်းပြချက်ကို မလွန်ဆန်သင့်ဘူးထင်လို့ ကိုယ် လာခဲ့တာ၊ စီးပွားရေးကိစ္စတွေကို ကိုယ် စိတ်မဝင်စားဘူး၊ အဲဒါကြောင့် မေးလည်း မမေးခဲ့ဘူး"

"ထိပ်ထား ကလည်း မမေးတော့ပါဘူး၊ အခြေအနေ အချိန်အခါဆိုတာ ရေများရေနိုင် မီးများမီးနိုင်ပဲ"

"ဒါဆို ဟိုမှာ ရှေ့နေနဲ့ခိုင်းထားတဲ့ကိစ္စတွေကို ရပ်ခိုင်းလိုက်မှာလား"

မှားသွားပြန်ပြီ သူ့မ စကား ...၊

ဆွန်း ထိတ်ခနဲ ဖြစ်သွားသည်။ သူ စိတ်မဝင်စားတဲ့အကြောင်းတွေဆေါ် စီးမျောသွားကာ သူ့အကြိုက်ပဲ ပြောမိသည့်ပါးစပ် ...၊

"ဒီလိုမဟုတ်ပါဘူး၊ သိသင့်တာတွေတော့ သိထားချင်တယ်၊ ထိပ်ထား တစ်ယောက်တည်းအင်အားနဲ့ ဘာမှလည်း ဆက်လုပ်နိုင်မှာမဟုတ်ဘူးလေ"

"အင်အားနဲ့ အရည်အချင်း မင်း ဘာကို ယုံကြည်သလဲ"

"အခြေအနေ အချိန်အခါဆိုတာ ထည့်မတွက်လို့မှ မရတာ"

"ကိုယ်မေးတာကိုပဲ ဖြေပါ၊ မင်း ဆုပ်ကိုင်ထားတဲ့ အမှန်တရားပေါ့"

"ဆွန်း .. အဲ .. ထိပ်ထား လောဘမကြီးချင်ဘူး"

"မင်းအဖေ မင်းအတွက် ရှာဖွေစုဆောင်းခဲ့တာတွေ သူများလုပ်ကြံဖြတ်ခုတ်သွားမှာမျိုးဆိုရင်ရော ဒီတိုင်း ဆုံးရှုံးခံလိုက်မှာလား .."

"ကိုသု က စိတ်မဝင်စားဘူးဆိုပြီး ဘာဖြစ်လို့ ဒါတွေပဲ လှည့်ပတ်မေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက်ပါ"

ပြောပုံက ဟိုလိုလို ဒီလိုလို။ ပြီးတော့ ...

စီးကရက်မီးညှိပြီး နှစ်လုပ်သုံးလုပ်လောက် လျှောက်ထွက်သွားကာ ခြံထဲကို လှည့်ပတ်ကြည့်ရင်း မီးခိုးငွေ့တွေနဲ့ သူ့ပုံရိပ် လုံးထွေးနေ၏။

"ကိုသု .."

"ပြော .."

ခပ်စောင်းစောင်း ရပ်နေရင်း ပြန်ငဲ့ကြည့်၏။ ဆွန်း က နေရာမှ ထသွားကာ ...

"ကိုသု အခု ထိပ်ထား ကို ပြန်ခေါ်သွားမယ်ဆိုရင် သိပ်ကောင်းမှာပဲ"

"ဘာလုပ်ချင်လို့လဲ"

"ဟိုကကိစ္စတွေ သိချင်လို့ပါ၊ ကိုသု ကရော ထိပ်ထား ကို နှစ်သိမ့်ပြီး ဒီမှာပဲ ထားခဲ့မှာမို့လို့လား"

သူ့မျက်နှာ ပြုံးရိပ်ထင်သွားသည်။

"မင်းကိုခေါ်သွားမယ်လို့ ကိုယ် ပြောလိုက်မိသလား"

"ကိုသု နဲ့ ထိပ်ထား ကို လက်ထပ်ပေးမှာလို့ ဒက်ဒီတို့ ပြောနေကြတာပဲ၊ ကိုသု လည်း အဲဒီအတွက် လာတာဆို .."

"ဒက်ဒီ ပြောတော့ အန်ကယ်လ်က သူ့သမီးကို ဘာမှပြောမထားဘူး ဆိုပဲ"

သွားပြန်ပြီ၊ ရှုပ်ကုန်ပြီဆို မရှင်းတတ်ဘဲနဲ့ ဒီသပွတ်အူထွေးကိုပဲ ခဏခဏ ဆွဲလှဲကိုင်မိနေသည်။

ညကပဲ ဒေါ်ဒေါ် လာကြိမ်းသွားသေးသည်။

"ညည်းတို့ သိုမြ လုပ်မနေနဲ့၊ ပြောမှားဆိုမှားတွေဖြစ်ကုန်ရင် အားလုံး သိက္ခာတွေ ကုန်ပြီ" တဲ့။





ဆွန်း ရှက်စိတ်နှင့်မှုန်သွားကာ မထူးစိတ်ပိုက်၍ ...

"ကယ်ကြီးက ပြောပြထားတာပါ၊ ဒက်ဒီနဲ့ မပြောဖြစ်တာတွေ ကယ်ကြီးဆီက အကုန်သိရတယ်"

"သော် ..."

သူက ပြောလိုက်ပြီး ခေါင်းလည်း ညိတ်သည်။ ပြီးမှ ...

"ဒက်ဒီကတော့ ကိုယ့်ကို ဆုံးဖြတ်ခွင့်ပေးထားတယ်၊ အန်ကယ်လ်ချက် က သူ့သမီး မသိစေချင်သေးတာလည်း မင်းဘက်က ကာကွယ်ထားတာမျိုး ဖြစ်မှာပါ၊ အကယ်၍သာ အခု မင်းက ကြိုမသိခဲ့ရင် ကိုယ့်ကို မင်းအဖေရဲ့အနားက မိတ်ဆွေတစ်ယောက်လို ပွင့်လင်းမယ်၊ ကိုယ်သည့်ပြန်သွားလည်း ငါ့ကို မလိုချင်လို့ ထားခဲ့တာဆိုတဲ့ ရှက်ဒေါသတွေ ဖြစ်တော့ဘူး"

"ကိုသု က ပြန်သွားချင်လို့လား"

"မင်း သိနေတယ်ဆိုတော့ ကိုယ် စဉ်းစားမှာပါ၊ လာခဲ့တဲ့အစီအစဉ်အထိ ကိုယ့်သဘော တစ်ခုမှမပါခဲ့တာကို မင်းက လက်ခံပေးတယ်ဆိုရင်ပေါ့"

လက်ခံတယ်လို့ ခေါင်းညိတ်လိုက်ရမလား .. ဒေါသမာနတွေ ပြရမလား ...၊

ထိပ်ထား ဆိုရင် ဒီနေရာမှာ ဘယ်လိုတုံ့ပြန်မလဲ ...၊

သူမ စဉ်းစားနေတုန်း သုရာဇဝင် က ပျောက်ကွယ်သွားပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၄ ]

ခြေလှမ်းတိုင်းက ဦးတည်ချက် မဲ့နေသည်။ ဘာဖြစ်ဖြစ် မျှော်သိပ် မထားတတ်ခဲ့ဘဲ ခုကျမှ အရာရာကို မျှော်သိပ်နေရ၏။

ဘောင်းဘီအိတ်တွေထဲ လက်ထည့်ရင်း ကားမပါ၊ ထီးမကိုင်ဘဲ လမ်းဘေးအစပ်ကနေ ဒီတိုင်း လျှောက်နေခဲ့မိသည်။

ဘာမှန်းမသိဘဲ အချိန်တွေကုန်နေတာကို အမုန်းဆုံးပဲဖြစ်ကာ ဒါကိုပဲ တွေးမိတိုင်း မျက်မှောင်ကုတ်သွားလိုက်၊ သက်ပြင်းရှိုက်လိုက်။

မိုးဖွားလေးတွေက ရေမှုန်ရေမွှားလေးတွေလို ပါးလျားလှပစွာ ခုန်ဆင်းလာကြသည်။ ညနေဆည်းဆာရဲ့နေရောင်နှင့် ရေမှုန်လေးတွေက ရောင်စုံပဝါပါးလေး လွင့်နေသလိုမျိုး ဖျတ်ခနဲ လက်ခနဲ လှချင်တိုင်း လှနေကြသည်။

တချို့က တိုက်မြင့်ကြီးတွေပေါ်ကနေ ဓာတ်ပုံရိုက်နေကြ၏။

သူကတော့ လူရှင်းသည့်လမ်းသွယ်ကြီးတစ်ခုထိ ချိုးဝင်ရင်း ဖုန်းထုတ်ခေါ်လိုက်သည်။

"ကျော်ရဲ .. ဘယ်လိုလဲ"

"... ... ..."

"အေး ပြီးရော.၊ ဒက်ဒီနဲ့ငါ အဲဒီကိစ္စပြောဖို့ အဆင်မပြေလောက်ဘူး"





"... ... ..."

"ဟုတ်တယ် .. အခု ငါ တာဝန်သိသိနဲ့ ထွက်လာတာပဲ၊ ဒါပေမယ့် သက်ထပ်ဖို့စိတ်ကူးမပါဘူးဆိုတာ ငါက ပြောတာမဟုတ်ဘဲ မင်းကနေ သိသွားစေချင်တာ"

"... ... ..."

"ဟုတ်လား .. ဒါပေမယ့် ငါ ပြန်လို့မဖြစ်သေးဘူး၊ အဲဒါလည်း တွားရားကျေချင်တာသက်သက်ပဲ"

ပြောရင်း သူ ရယ်မိသည်။

"အေး .. ဒက်ဒီက တွေ့မယ်ဆိုရင် မင်း ငါ့ကို ပြန်ပြော.ညကျ ငါ လာခဲ့မယ်၊ အဆင်မပြေဘူးဆိုရင်တော့ ဒက်ဒီ့ကို ငါ မေးခိုင်းတာပဲ မင်း မေးပေး"

"... ... ..."

"ရှိလို့ပေါ့ကွ .. ဒက်ဒီနဲ့ငါ့ကြားမှာ ဒီတိုင်းသွားနေရင် ကြီးမားတဲ့ ပျက်စီးမှုတွေ ဖြစ်လာဖို့ ရှိတယ်"

သူ ဖုန်းပြောနေရင်း တိုက်ခန်းတစ်ခုရှေ့မှာ ခဏဝင်ရပ်လိုက်သည်။ ဘောင်းဘီကိုဖေ့ကြည့်တော့ လမ်းသည် တစ်ဖက်ခြမ်းမှာ အီလက်ထရစ် ပစ္စည်းတာတွေ၊ ပိုက်ဆက်အရောင်းဆိုင်တွေပဲရှိကာ သူ ရပ်နေသည့် တစ်ခြမ်းက ပိတ်ထားသည့်တိုက်ခန်းတွေပဲ များ၏။

တချို့တိုက်ခန်းတွေက လူနေတိုက်ခန်းတွေ ...၊

ထို့ကြောင့် လူသိပ်မရှုပ်ဘဲ ကားအဝင်အထွက်တွေမပြတ် ရှိနေသည်။ လမ်းကကျယ်တော့ ရှင်းရှင်းလင်းလင်းရှိသည်လို့ပဲ ပြောရမလား။

"အင်း .. တွေ့တယ်"

"... ... ..."

"မင်း ဒါပဲ မေးတတ်လား"

"... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် .. ပါဆယ်ထုပ်လုပ်ပြီး ပို့ပေးလိုက်မယ်၊ မြန်မာပြည်တွင်ပဲဆိုတော့ ခုရောက်ချင် ခုရမယ်"

ဖုန်းထဲက ကျော်ရဲ ရယ်သံကြီးကြောင့် ပါးစပ်ပြဲပြဲ သွားတန်းရှည်တွေနှင့် မျက်နှာဖြူဖြူကို မြင်ယောင်သွားသည်။ ဒီကောင် ဟိုတုန်းကလိုပဲ အစအနောက်တွေ သန်နေတုန်း ..။

ထိုစဉ် ခွေးပေါက်စလေးတွေ တစ်အုပ်ကြီးခြံရံလျက် ပိန်လှီသော ခွေးမကြီးတစ်ကောင် သူရပ်နေသည့်ဘက်ကို ဝင်လာသဖြင့် ခြေလှမ်းရွေ့ရင်း ရှောင်ပေးလိုက်မိသည်။

"ဟင် .. စားချင်လို့လား"

နောက်ကစကားသံကို သူ ခုမှကြားသည်။ လှည့်ကြည့်လိုက်တော့ ပေါက်စီတစ်လုံးနှင့် အိတ်ကိုပေါင်ပေါ်မှာတင်လျက် တစ်လုံးကိုတော့ စားသောက်လျက်တန်းလန်းနှင့် မိန်းကလေးတစ်ယောက် ..။

မှောက်လျက်ရှိနေသည့် ဖိုင်ဘာပုံးခွံအစုတ်ကြီးပေါ်မှာ တင်ပါးထိုင်နေတာဖြစ်ကာ ဒူးနှစ်ဖက်ပေါ်မှာ ကျောပိုးအိတ်အသေးလေးတစ်လုံးနှင့် ထိုအပေါ်မှာ ပေါက်စီအိတ်ကို တင်ထားတာ ဖြစ်သည်။ သူ့ဘက်ကြည့်တော့ ကောင်မလေးရဲ့ ဘေးတိုက်မျက်နှာက ဖြူဖြူနုနုလေး။

"နင်စားချင်နေတာ အရေးမကြီးဘူး၊ ငါကလည်း ဒီညစာ ဒါပဲပြီး ရေသောက် ဗိုက်မှောက်ရမှာ"

မော့မျှော်နေသည့်ခွေးမကြီးမျက်နှာ နီးအောင် သူမက မျက်နှာလေးငုံ့၍ တိုးတိုးလေး ပြော၏။ နှစ်ဖက်ခွဲစည်းထားသည့် အညိုရောင်လှသော ရွှေရောင်ဆံပင် မတိုမရှည်လေးတွေပါ၊ သူမရဲ့မေးရိုးနှစ်ဖက်အောက်မှာ ကပ်ထိ လှုပ်ခတ်သွားသေးသည်။

ပြီးတော့ ခွေးမကြီး လျှာသပ်မျှော်နေတာကို ကြည့်ပြီး နှုတ်ခမ်းလေး တလှုပ်လှုပ်ဝါးရင်း ပြုံးလိုက်ကာ ...

"အရမ်းစားချင်နေတာလား၊ အေးပါ .. နင်က ကလေးလေး





သားတော့ ပိုဆာတာပေါ့၊ ရော .."

သူမပါးစပ်ထဲကို နည်းနည်း ထပ်ထည့်ပြီး ခွေးကို ဖွဲ့ကျွေး၏။ ခွေးပေါက်လေးတွေက မိခင်နို့ကိုပဲ အငမ်းမရလိုက်ဆွဲနေကြကာ ကြီးကတော့ သူမ ဖွဲ့ချကျွေးနေသည့် ပေါက်စီကိုပဲ စားလို့မဝနိုင်..၊

"တော်တော့ .. ငါ့အတွက်က ကုန်ပြီ၊ ဒါက မိုင်း အတွက်၊ နင့်လိုပဲ တာလည်း ငါ ကျွေးမှ စားရတာ"

ပြောပြီး ပေါက်စီတစ်လုံးနဲ့အိတ်ကို ကျောပိုးအိတ်ထဲထိ ထည့်သိမ်းလိုက်၏။

"သွားတော့ .. နော် ဒီလိုပဲပေါ့၊ စားချင်ချင် မစားချင်ချင် ဝဝမဝဝ တာလေးနဲ့ ဝအောင် စားတတ်ရတယ်"

သူမက ထရပ်လိုက်ပြီး ပြန်ငုံ့၍ ဆုံးမနေသေးသည်။ တခြားလူ တစ်ယောက်ကြည့်နေတာကို မသိတာလား .. ဂရုမစိုက်တာလား မသိ။

သုရာဇဝင် မျက်လုံးမလွှဲတမ်းကြည့်နေပေမယ့် သူမက တစ်ချက်မှ ကြည့်။ ဖုန်းပြန်ထည့်လိုက်ပြီး ခြေသလုံးသာသာ အဖြူရောင်စကတ်ရှည် တီရှပ်အဖြူ အပြာကျားလေးနှင့် သူမကို သေချာ အကဲခတ်မိ၏။

လမ်းဘေးမှာ ကျကျနန မုန့်ထိုင်စားနေတာဖြစ်သော်လည်း ဖြူနု သန့်စင်နေသည့်မျက်နှာလေးက သူမအဆင့်အတန်းကို ဖော်ပြနေသလို ။ ခွေးအုပ်က-သူမ ခြေလှမ်းအတိုင်း တမော့မော့နှင့်ပါလာကာ သူမ ပြုံး၍ နှုတ်ဆက်နေသည်။ ပြီးတော့ သူ့ဘေးမှာ နီးသွားကာမှ ...

"လိုက် .. လိုက် .."

အတော်ဝေးဝေးက စီခနဲ ဆူညံသံတစ်ချက် ကြားလိုက်၏။ သူတို့ ဘေးကို မောကြီးပန်းကြီး ပြေးလွှားရောက်လာသော ဆယ်နှစ်သား ယောက် ကောင်လေးတစ်ယောက်သည် ဒီနားမှာ ခိုနားဖို့မဟုတ်ဘဲ သုတ်တိုက်ပြီး အွန့်ခနဲ လဲ၏။

ထိုအခါ လက်ထဲကနေ အရာတစ်ခု လွင့်ထွက်လာကာ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ယောက်အလယ်ကို ဖြတ်သန်းလျှင် ...

ရှေ့သို့ ..၊ မှန့်ထုပ်လေးမှန်း သိလိုက်ပေမယ့် ဖျတ်ခနဲ ဖိနင်းလိုက်သည့် ခြေထောက်တစ်ဖက်အောက်မှာ ချက်ချင်း ပျောက်ကွယ်သွား၏။

ထိပ်ထား အခြေအနေကိုရိပ်မိသွားကာ လူးလဲထလိုက်သည့် ကလေးကိုဆွဲ၍ နှစ်ယောက်ကြားမှာ ထည့်လိုက်သည်။

ပြီးတော့ ထီးဖွင့်၍ ဟိုလုပ် ဒီလုပ် ..၊

ယောက်ျားသုံးယောက် မကြာမီ အပြေးအလွှားရောက်လာကာ ဟိုဒီလိုက်ရှာကြည့်ရင်း လမ်းမကြီးဘက်ကို ဆက်လိုက်သွားကြ၏။

"မင်းက ဘာလုပ်တာလဲ .."

"ရှင်ကရော ဘာလုပ်တာလဲ"

ပက်ခနဲ ပြန်မေးကာ ထိန်းချုပ်ထားရသည့်ဒေါသနှင့် မုန့်ထုပ် နင်းထားသည့် သူ့ခြေထောက်ကို အတင်း တွန်းဖယ်ပစ်လိုက်သည်။

ကလေးက မုန့်ထုပ်ကို ဖျတ်ခနဲကောက်လိုက်ပြီး ပေကျံသွားတာကို ပါးစပ်နဲ့မှုတ်လိုက်၊ အင်္ကျီရင်ဘတ်လေးနဲ့ သုတ်လိုက် ..။

"တွေ့လား .. သူ့ခမျာ စားချင်လွန်းလို့ ခိုးယူလာတာ၊ စားစရာကိုရှင်က ခြေထောက်နဲ့ .."

"ခြေထောက်နဲ့မကဘူး .. လမ်းပေါ်ရောက်အောင် ကန်ထုတ်ပစ်ရမှာ၊ စားချင်ကိုင်း ခိုးစားရတယ်လို့ ဘယ်မိဘကမှ သင်မထားဘူး၊ ဘယ်နိုင်ငံဥပဒေမှာမှ ခွင့်ပြုမထားဘူး"

"သိတယ်လေ .. ခိုးတာ မကောင်းဘူးဆိုတာ၊ အပြစ်ရှိမှန်းသိလို့ သူလည်း ထွက်ပြေးလာတာပေါ့"

ထိပ်ထား အရစ်မြင့်မြင့်နှင့် မျက်နှာကြီးကို မော့ကြည့်ပြီး အသံတု အောင် ပြန်အော်သည်။

ပြီးတော့ ကလေးလက်မောင်းလေးကို ဆုပ်ကိုင်ပြီး ငုံ့ကြည့်ရင်း–

"သူများပစ္စည်း ဘာဖြစ်လို့ ခိုးစားရတာလဲ မောင်လေး၊ ဟိုလူတွေ





သွားရင် စားရမှာလည်း မဟုတ်ဘူး၊ အရိုက်လည်း ခံရဦးမှာ"

ကောင်လေးက ဒေါသမျက်နှာနှင့် ငုံ့ကြည့်နေသည့်လူထံ မရဲတရဲ မော့ကြည့်ပြီးမှ ထိပ်ထား ဆီ ပြန်လှည့်၍ ...

"သား ရှေ့သို့မစားဘူးလို့ပါ၊ ဒါ စားဖူးသွားရင် မခိုးတော့ပါဘူး"

"မောင်လေးမှာ အဖေတို့ အမေတို့ မရှိတော့ဘူးလား"

"ရှိတယ် .. အမေက အနှိပ်လိုက်တယ်၊ အဖေက အလုပ်မလုပ်နိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ .."

"ဆီးချိုဖြစ်ပြီး ခြေထောက်နှစ်ဖက်စလုံး ဖြတ်လိုက်ရတာ"

ထိပ်ထား စိတ်မကောင်း ဖြစ်သွား၏။ အသံတိတ် ငုံ့ကြည့်နေသည့် သူ့ကိုပါ မျက်နှာတင်းတင်းနှင့် မော့ကြည့်မိလျက်သားဖြစ်ကာ ...

"နောက်ကို မခိုးနဲ့နော် .. ခိုးစားတယ်ဆိုတာ လွယ်တယ်ထင်ရပေမယ့် မကောင်းဘူး"

"ဟုတ်ကဲ့ပါ"

"ဘယ်လောက်စားစား ဘယ်တော့မှလည်း ဝတယ်မထင်ဘူး၊ ခိုးစားရတဲ့ဘဝမှာမဲ့ အကြာကြီး ကျင်လည်နေရတတ်တယ်၊ ကလေးက မိုက်ရဘူး .. နားလည်လား"

ကလေးကို အလွန်အမင်း ကြင်နာသနားသည့် မျက်ဝန်းလေးတွေနှင့် ချော့မော့ကာ ငါးရာတန်လေးတစ်ရွက်တောင် ထုတ်ပေးလိုက်သေးသည်။ စောစောကပဲ ပေါက်စီတစ်လုံးနှင့် ညစာပြီးရတော့မှာလို့ သူ့မပြောနေတာကို ကြားခဲ့သဖြင့် သုရာဇဝင် မျက်မှောင်ကုတ်သွားသည်။

"သွား .. သွား .. လွတ်မယ့်နေရာလေးကနေ ပြန်တော့၊ တော်ကြာ ဟိုလူတွေ ပြန်လှည့်လာလိမ့်မယ်"

ရှေ့နားမှာ မုန့်စုံရောင်းသည့် တိုက်ခန်းကျယ်ကြီးတစ်ခုရှိတာကို ဒီနားက မကြာမကြာ ဖြတ်သွားနေခဲ့သည်မို့ ထိပ်ထား သိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ကလေး ထွက်သွားသည်အထိ တော်တော်အောင့်အည်းသည်းခံနေရပုံ ရှိလျက် ...

"မင်းက ပလတ်စတစ်ကောက်လိုက်၊ ခွေးတွေကို ဒါနပြုလိုက်နဲ့ ခိုးတဲ့သူကိုပါ သနားလိုက်သေးတယ်၊ အံ့သြစရာပဲ"

"ဘာ!..."

ပြောလိုက်ကာမှ သူ့မျက်နှာကို ပြန်မော့ကြည့်မိ၏။ ဒီမျက်နှာကို မြင်ဖူးတာ ဒါ ပထမဆုံးမှန်း ကိုယ့်ဟာကိုယ် သေချာနေသည်။

ဒါပေမယ့် ပလတ်စတစ်ကောက်သူလို့ ထိပ်ထား ပြောခဲ့ဖူးတာလည်း တစ်ခါပဲ ရှိခဲ့ဖူးလျက် ...၊ ထိုစကားကို ...

"မင်း ပြောခဲ့တာပဲလေ၊ ခွေးတွေကျွေးတာ .. သူခိုးအားပေးတာကတော့ ခုမှမြင်တာ"

"ကလေးငယ်လေးတစ်ယောက်ကို သူခိုး သူခိုးနဲ့ ရှင့်ပါးစပ် တစ်လုံးကြီး မပြောပါနဲ့၊ ကလေးက မိဘအခြေမခိုင်လို့ အစားမက်တဲ့စိတ်နဲ့ မှားယွင်းခဲ့တာ၊ ရှင်ကမှ သူများစားမယ့်အစာကို စာနာစိတ်ကင်းမဲ့စွာ မိုက်မိုက်ရိုင်းရိုင်း နင်းပစ်တဲ့သူ"

"ဟော့.. မင်း ပါးစပ်တစ်လုံးကြီး ပြောချလိုက်တာရော ကောင်းလား"

"ကောင်းတယ် ... ရှင် လုပ်လိုက်တာပဲလေ"

"ပစ္စည်းတစ်ခုခုထင်ပြီး ဖမ်းနင်းလိုက်တာ၊ ရေညှိတွေ ရေပုတ်တွေတို့ သိတာ မဟုတ်ဘူး"

"ဟွန်း .."

ကြည့်စမ်း ...၊ 'လူကြီးပြီး အချိန်မစီးတဲ့လူ' ဆိုသည့် အဓိပ္ပာယ်မျိုး ပြင်သစ်ဘာသာနှင့် မတိုးမကျယ်ပြော၍ မဲ့ရွဲ့သွားသည်။

နားမလည်တဲ့သူဆို တော်သေးသည်။ သေချာသိလိုက်သဖြင့် မချင့်မရဲ ကျန်ခဲ့ရ၏။ ဒီမိန်းကလေး ဘာလဲ ...။





## အခန်း | ၂၅ |

"မက် .. မွန် ..."

"အင်း .. ဟုတ်တယ်၊ မက်မွန် မဟုတ်ဘူး၊ မျက်မှန်လို့ ပီအောင်ဆို .."

ဘောမှာချထားသည့် မျက်မှန်လေးကို မိုင်း က သေချာကောက်ယူကြည့်၏။ ပြီးတော့ ထိပ်ထား ကို တပ်ပေးဖို့ကြိုးစားရင်း လက်ကဟိုဒီယမ်းခါနေသဖြင့် မအောင်မြင် ..။

"ထားလိုက်ပါ မိုင်း ရယ် .. ခုနက မိုင်း ကို ပုံပြင်ဖတ်ပြနေလို့ ဘပ်ထားတာ ထိပ်ထား က .."

ကိုယ့်ကိုယ်ကိုယ် ထိပ်ထား လို့ မပြောဖြစ်အောင် ကြိုးစားနေတာမို့ သွတ်ခနဲ ပြောမိတိုင်း ဒီနေရာမှာ စကားထောက်သွားတတ်၏။

'ထိပ်ထား' ချည်းပဲ တစ်လျှောက်လုံး မိုးမွန်အောင် ပြောလာတာမို့ ပြောင်းလဲ ပြင်ဆင်ရတာလည်း မလွယ်ပါ ..။

"တို့ကလေ အနီးရော အဝေးရော မှုန်တာ၊ တစ်ခုခုကို အာရုံစိုက်ကြည့်ရတော့မယ်ဆိုရင် မျက်မှန်တပ်ရတယ်၊ ဒီတိုင်းဆိုရင်တော့ သွားသာလို့ ရနေတာပဲ၊ မတပ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. နော့ကို .. နော့ကို မင်ရလား"

"သြော် .. မြင်ရတာပေါ့ မိုင်း ရယ် .. နီးနီးလေး ထိုင်နေတာပဲဟာ စာဖတ်ရ ရေးရတာလည်း မဟုတ်ဘူး"

စကားပြောနေရင်း မှောင်ရိပ်သမ်းလာတာကိုလည်း ကြည့်ရသေးသည်။ ဒီမှာဝင်နေခဲ့ဦးမယ်ပြောတိုင်း ချိုချို က မျက်နှာပျက်တတ်လို့ နောက်ပိုင်းမှာတော့ ချိုချို နဲ့ပါ မဆုံဖြစ်အောင် နေခဲ့တော့သည်။

ကိုယ့်အခြေအနေက ကြာလေ ဆိုးလေ ဖြစ်လာသည်မို့ တခြားသူကို အပူမပေးချင်။ မိုင်း ဆီကိုလည်း သုံးရက်လောက်နေမှ တစ်ခါလောက်ပဲ ရောက်ဖြစ်တော့တာပါ။

လူကိုမြင်ပြီဆို မုန့်တောင်းတတ်တာကြောင့် မိုင်း အတွက် စားစရာလေး ဝယ်လာနိုင်တဲ့နေ့ကျမှပဲ လာဖြစ်ခဲ့သည်။

ထိပ်ထား အခြေအနေကို သိနေ၍လားမသိ၊ ဒေါ်ကြင်ကြင် ကလည်း ပုံစံအချိုးတွေ ပြောင်းနေခဲ့၏။

"သူ့အမေက ညည်း ဒီမှာဝင်ထွက်နေတာ ကလေးကို စာသင်ဖို့ မဟုတ်မှန်း သိသွားပြီ"

စဉ်းစားမိတုန်းပဲ ဒေါ်ကြင်ကြင် က လက်သုတ်ပဝါတစ်ထည်နှင့် လက်သုတ်ရင်း ဘေးမှာ လာထိုင်သည်။

"စာသင်ပေးနေတာပါလို့ ငါကပြောပါတယ်၊ ညည်းရှေ့မှာတော့ လက်မှတ်ထိုးနေတာ အကောင်းပဲလေ၊ ငါက မြင်တဲ့အတိုင်း ပြောတာပါပေမယ့် အဲဒီ နောလေးက မအေနိုင်းရင် ဘာမှမရတော့ဘူး၊ ရေးပါဆို မရေး၊ ပြောပါဆို မပြော .."

"ကလေးက လက်မှတ်ထိုးသင်ပြီး ဘာလုပ်ရတာလဲဟင်"

ဒေါ်ကြင်ကြင် က စဉ်းစားသလို ခဏငြိမ်သွားကာ ...

"အမွေကိစ္စ ထင်တာပဲ"

ဟု ခပ်လေးလေး ပြော၍ ...





"ညည်းမို့လို့ ပြောပြတာ၊ သူတို့အိမ်က အရှမ်းရှုပ်တာအေ့၊ ညီအစ်ကို မောင်နှမတွေချင်း အမွေကိစ္စနဲ့ သိပ်မတည့်ကြဘူး"

"မိုင်း ရဲ့အမေ ရှိနေသေးတာပဲ၊ မိုင်း အတွက် ဘာရှုပ်စရာရှိလို့လဲ"

"သူ့ဘိုးဘွား အမွေလားမှ မသိတာ၊ ငါလည်း ထဲထဲဝင်ဝင် မသိဘူး၊ လစဉ် ရှေ့နေနဲ့ လက်မှတ်ထိုးယူနေတာတော့ သိတယ်"

"အဲဒါ ကလေး ဒီလိုဖြစ်နေတာကို ရှေ့နေက မသိဘူးလား၊ လက်မှတ်ထိုးဖို့ အဆင်မပြေနိုင်ဘူးဆိုတာ ..၊ သူ လက်ခံရင် ..."

"အဲဒါလည်း ငါ မသိဘူး၊ ရှေ့နေကတော့ မိုင်း ရဲ့လက်မှတ် မပါရင် မပေးဘူးထင်တယ်၊ ဘယ်သူက ဘယ်သူ့ကိုမယုံလို့ ရှေ့နေကိုအပ်ခဲ့တာမှ မသိတာ၊ သူ့အမေကိုယ်တိုင်က သားက အမိကမဟုတ်ဘူး၊ ဆရာတွေ ခေါ်ပြီး စာသင်နေတာ လစဉ် လက်မှတ်ထိုးနိုင်ဖို့ အဓိကပဲ"

"သြော် .."

"ထိုးပါဂူး၊ မား .. မားက ရိုက်တယ်၊ မုန့် နော့ကို ကျွေးဂူး"

ပြောနေကြတာကို မိုင်း က သိနေသဖြင့် ထိပ်ထား ပခုံးကို လှမ်းကိုင်ပြီး သူ့ရင်ဘတ်သူ ပုတ်ပြ၍ ပြောနေသည်။

"ဟဲ့ .. တိတ်တိတ်နေစမ်း"

ဒေါ်ကြင်ကြင် က မိုင်း ငြိမ်ကုတ်သွားတတ်သည့်အသံမျိုးနှင့် လှမ်းခေါက်၍ ...

"ညည်း နောက်ကို ဒီတိုင်းဝင်ထွက်နေလို့ မရတော့ဘူး ထိပ်ထား၊ ညီကို အပြောင်းအလဲမြန်လိုက်တာလို့ ထင်လည်း မတတ်နိုင်ဘူး၊ အခုကောင်လေး ညည်းမလာရင် အပြင်ထွက်ဖို့ အပေါက်ရှာတဲ့အကျင့်တွေ ဖြစ်နေပြီ၊ ညည်းလည်း အရင်လို တောင်တောင်သာသာရှိတော့တာ မဟုတ်တာ၊ တစ်ယောက်တည်း မတ်တတ်အိပ်နေရတာမို့လား၊ မျက်နှာကန်းလို့ တောင်ဇော်ကူရတာမှာ တောင်ဇော်ကလည်း အကျိုး ဖြစ်နေတော့ ဘယ်မှာမှ အထောက်အကူဖြစ်လာမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား ခေါင်းညိတ်မိသည်။

"ဟုတ်ပါတယ် အန်တီ၊ ထိပ်ထား .. ကျွန်မ သိပါတယ်၊ မိုင်းကို သနားတဲ့သံယောဇဉ်နဲ့ စားမယ့်ထဲက ဖဲ့ချန်ပြီး ဒီရောက်အောင် လာမိတာပါ၊ နောက်ဆို သူတို့သဘောမကျဘူးဆိုရင် .."

မလာတော့ပါဘူးလို့ မပြောဖြစ်သေးဘဲ ငေးစိုက်နားထောင်နေသည့် မိုင်း ရဲ့မျက်နှာစောင်းစောင်းလေးကို လှည့်ကြည့်မိသည်။ မလာတော့ဘူးလို့ပြောလိုက်ရင် မိုင်း ငြိမ်ငြိမ်လေး ကျန်ခဲ့မှာ မဟုတ်။

ဒေါ်ကြင်ကြင် ကလည်း နားလည်သည့်မျက်နှာနှင့် ခေါင်းညိတ်၏

"အေးလေ .. ငါလည်း ပြောရခက်နေလို့ သူ့အမေက ကြိမ်းမောင်းနေတာ ကြာပြီ၊ စာသင်တဲ့ဆရာမဆိုရင်တောင် ကိုယ့်အတွင်းရေး ဘာမပြောရဘူးလို့ သေချာမှာထားတာ၊ အခု ညည်းတို့က ရင်းနှီးပြီး ဝင်ထွက်နေတော့ ဘယ်လိုထင်သလဲ မသိပါဘူး၊ သူတို့က သားတစ်ယောက်လုံးကို ချောင်ထိုးပြီး အရူးကို သားမတော်ချင်တဲ့လူမျိုးလေ၊ အဲဒီတော့ လူသိမခံချင်ဘူးပေါ့၊ နောက်လည်း ဘယ်တော့မှ မလာပါနဲ့တော့လို့ ပြောရတော့မှာပဲ၊ အားတော့နာပါတယ်၊ ငါ့မှာ နီးရာဓားကို ကြောက်ရတာ"

အားလုံးက မှန်နေကြပါသည်။ သူမလည်း ကိုယ့်ကိုယ်ကိုယ် မှားနေသည်လို့ ဘယ်တော့မှ မြင်မှာမဟုတ်ပေ ...။

ဒါပေမယ့် ဆက်တိုက်လွဲလာခဲ့တာတွေလည်း ရက်ပေါင်း လေးဆယ်တိတိ ...။

နောက်နေ့ .. နောက်ရက်များမှာလည်း ...၊







## အခန်း [ ၂၄ ]

"Hello, is that Mr.Eonest. Jannar speaking"

"... ... ... ..."

"I'm fine, thanks can you help me something, please?"

"... ... ... ..."

"You know my driver Ko Zaw ?"

"... ... ... ..."

"Yes .. Yes, he is please tell him to contact me."

"... ... ... ..."

"That's right ! I want him to contact with me."

"... ... ... ..."

"Nice ! I appreciate your help. Thank you verymuch."

နောက်ထပ် စကားတွေပြောဖြစ်ရင်း ပြန်တွေ့ကြဖို့ ပြန်ချိန်းပြီးတာနှင့် မစ္စတာအွန်းနက်ဘက် က ဖုန်းချသွားသည်။

ထိပ်ထား နားကျပ်လေးမှာ လက်နှစ်ဖက်နှင့်ဖိကပ်ရင်း ပြုံးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီဒရိုင်ဘာ ကိုဇော် နှင့် အဆက်အသွယ်ပြတ်ကာ ဒီဘက်မှာ တစ်ယောက်တည်း ကမ်းမမြင် လမ်းမမြင်ဖြစ်နေတုန်း မစ္စတာအွန်းနက်ကို ဆက်သွယ်ဖို့ ကြိုးစားရတာ ဖြစ်သည်။

ဒါတောင် သုံးကြိမ်မြောက်ကျမှ အောင်မြင်ခဲ့သည်။ စကားပြောခွင့်ရတော့လည်း ပြောင်းလဲသွားသည့် ကိုယ့်အခြေအနေကြောင့် လိုလားပါမလားလို့ တွေးပူခဲ့ရသည်။

ခုတော့ အားလုံး အဆင်ပြေသွားပြီဖြစ်၏။ မစ္စတာအွန်းနက် က အမေရိကန်စစ်စစ် မဟုတ်သလို မြန်မာနဲ့လည်း ဘာမှမဆိုင်။

ဒါပေမယ့် ဒက်ဒီ့ကို အထင်တကြီးရှိခဲ့ပြီး ထိပ်ထား နဲ့ လုံးဝ ရင်းနှီးသည်။ မိတ်ဆုံစားပွဲတွေ၊ ဒင်နာတွေမှာ သူများတွေ စုံတွဲတွေပဲတက်ကြပေမယ့် ဒက်ဒီက မြီးကောင်ပေါက် သမီးငယ်လေးရဲ့လက်ကိုဆွဲ၍ တက်ရောက်ခဲ့၏။

ထိပ်ထား တို့ သားအဖကို ဒက်ဒီ့အသိုင်းအဝိုင်းထဲမှာ အားလုံး ခင်မင်ကြသည်။ ထူးထူးကဲကဲ နေရာပေးကြတာမျိုးလည်း ရှိ၏။

ထိုအထဲမှာ မစ္စတာအွန်းနက် က ထိပ်ဆုံးဖြစ်သည်။ ဘယ်လောက်ထိ ပြောဆိုရင်းနှီးကြသလဲဆိုလျှင် ထိပ်ထား အသံကိုကြားတာနှင့် ဒီလို နှုတ်ဆက်ပြီဆို ထိပ်ထား ပဲဆိုတာ တန်းသိသည်။

သူ ပြန်နှုတ်ဆက်တာလည်း ဟိုတုန်းကအတိုင်း ဘာမှမပြောင်းလဲ။

ကိုဇော် ကို ရှာပေးမည့်အကြောင်း တက်ကြွစွာပြောသည်။ ဘယ်နေ့မှာ ပြန်ဆက်သွယ်မည်ဆိုတာလည်း အတိအကျ သတ်မှတ်ပေး၏။

စိတ်ချမ်းသာဖွယ်ကြားရတာက ဖြစ်ခဲ့သည့် ဆုံးရှုံးမှုကြီးမှာ လိမ်လည်မှု တကယ်ဖြစ်ခဲ့ကြောင်း၊ ခံရတာလည်း ဒက်ဒီသာဖြစ်ကြောင်းနှင့် လိုက်ပါကြသူတွေက ဒက်ဒီ့အတွက် ရပ်တည် ဖြေရှင်းကြဖို့ဖြစ်ကြောင်းပါ ပြောပြခဲ့၏။

တရားခံမပေါ်သေးဘဲ အားလုံး လုပ်ကြံခံခဲ့ရတာကတော့ ကံကြမ္မာ





ဖြစ်သည်။ ခုချိန်မှာ လုပ်ကြံသူတွေ သတင်းလွှင့်ထားတဲ့အတိုင်း အရှုံးခံနဲ့ တရားလိုက ပြောင်းပြန်ဖြစ်နေသဖြင့် ဒက်ဒီဘက်မှာ ကောင်းခြင်းအားလုံး ပျောက်ဆုံးနေဆဲ ဖြစ်၏။

ဒါတွေကို ရှင်းပြပြီး အားမငယ်ဖို့ပါ ပြောသည်။ ထိပ်ထား ခုလို ဆက်သွယ်လာတာကို ဝမ်းသာကြောင်းနှင့် ဟိုဘက်မှာ ဒက်ဒီ့ရဲ့မိတ်ဆွေကောင်းတွေ ဒက်ဒီ့အတွက် အာရုံစိုက် ကြိုးစားပေးနေကြောင်းလည်း ပြောသည်။ ထိပ်ထား မရမနေ ဆက်သွယ် ကြိုးစားခဲ့ရကျိုး နပ်ခဲ့၏။

နားကျပ်ဖြုတ်လိုက်ပြီး လက်သီးလေးနှစ်ဖက်ဆုပ်၍ 'ဟား' ခနဲ အသံထွက်မိတဲ့အထိ မျက်နှာလေးငုံ့ချ၍ ရယ်မိသည်။

ဒုက္ခအကျဉ်းအကျပ်ထဲမှာ တစ်ယောက်တည်း ရုန်းချင်နေတုန်း ဒီအချိန်မှာ ဝမ်းသာလွန်းလို့ ထခုန်ချင်သည်၊ ဟားတိုက်ရယ်ချင်၏။

တကယ်ပဲ အားလုံးကို မေ့လျော့ခဲ့လျက် ကိုယ့်အိတ်လေးကို ပခုံးတစ်ဖက်မှာ ကောက်ချိတ်၍ ထရပ်လိုက်ကာမှ ပြုံးစိစိလှည့်ကြည့်သည့် မျက်နှာတွေကို သတိထားမိသည်။ ထိတ်ခနဲတော့ ဖြစ်သွားသေးသည်။

ဘာပဲဖြစ်ဖြစ် မစ္စတာအွန်းနက် ပြောတာတွေကို ဘယ်သူမှ ကြားဘာမဟုတ်ဘဲ ကိုယ့်အကြောင်းကိုတော့ သူတို့ မသိနိုင်ပါ ...။

သူမကိုယ်တိုင် အသံတိုးတိုးနှင့်ပြောတာမို့ နားစွန်နားဖျားကြားပြီး ကိုရှုးလို့ ထင်တာလောက်ပဲဆိုလျှင် ထင်ကြပါစေ ...၊

ကိုယ့်ပုံစံနှင့် အင်တာနက်ဆိုင်ဝင်ပြီး မြန်မာစကား တစ်လုံးမှမပြောဘဲ ရယ်ချင်နေကြမည်သာ ...။

သူမလည်း လူတွေကြားထဲမှာ တော်ရုံစကားကို မပြောချင်ပါ။ ဖုန်းနဲ့ရော လူကြုံရော ဘယ်လမ်းကြောင်းနဲ့ကြိုးစားမရလွန်း၍သာ အွန်လိုင်းပေါ်တက်ရတာ ဖြစ်သည်။

ဆိုင်ရှေ့ လမ်းဘေးမှာ ခဏရပ်ရင်း ဒီနေ့ ပိုက်ဆံ ဘယ်လိုရမလဲ ခြေးစားဖို့ သတိရလာသည်။ နာရီကိုကြည့်တော့ ညနေ သုံးနာရီ ...၊



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ထိ ဗိုက်ထဲမှာ အိမ်ကအထွက်တုန်းက တစ်ရာတန် ကော်ဖီ တစ်ထုပ် ရေထဲသွန်ထည့်၊ နွှန်းနဲ့ခေါက်ပြီး မော့လာတာ တစ်ခွက် ပြီးတော့ ကိုးရာနဲ့ဝယ်ထားခဲ့သည့် ကွတ်ကီးထုပ်ထဲက အချပ် တစ်ချပ်ရယ် ဒါပဲရှိသေးသည်။

ဆာတာ လောင်တာတွေကြောင့် စိတ်မဆင်းရဲတတ်ပေမယ့် ကိုယ်ကြီးက 'ငါ ဘာမှမစားရသေးဘူး၊ ဘာမှမလုပ်ချင်တော့ဘူး' အော်နေတဲ့အတိုင်း ဗိုက်က တဂွီဂွီမြည်ကာ လမ်းလျှောက်ရမှာ မပျင်း တတ်ခဲ့ဘဲ လမ်းကိုမျှော်ကြည့်ပြီး အင်အားမဲ့သလို ဖြစ်လာ၏။

မာမီ သင်ပေးခဲ့တဲ့ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားတို့ရဲ့ဂုဏ် ရည်ရွှတ်လိုက်သည်။ ဒက်ဒီယုံကြည်ချက်က လိုချင်ဆုံးအရာကို မှန်းပြီး စိတ်ကို ပြင်းပြင်းထန်ထန် စူးစိုက်ထားလိုက် ...၊

လူသွားလူလာတွေရှိနေကြတဲ့လမ်းဘေးမှာပဲ ထိပ်ထား ခြေစုံရပ်ရင်း မျက်လုံးတွေကို မှိတ်လိုက်သည်။ သူမ လိုချင်နေ၏။ ပြင်းပြင်းထန်ထန် လိုအပ်နေသည်။

ခုချက်ချင်း ဘေးမှာ ဘွားခနဲပေါ်လာမည့် လမ်းပြ ကူညီလိုသူ တစ်ဦး ...၊ စိတ်သည် ကိုယ်နှင့်တကွသော ပတ်ဝန်းကျင်အရာအားလုံးကို မေ့လျော့ကာ စူးစိုက်ထားခြင်းမှာပဲ ပါဝင်နစ်မျောနေခဲ့ရင်း စက္ကန့်တွေ တချပ်ချပ် ပြေးကုန်၏။

"တီ .."

နားထဲမှာ အသံတစ်ချက် စူးစူးဝါးဝါးဆောင့်သွား၏။ ဘာသံဆိုတာ ခွဲခြားဖို့ သတိမရသေး ...။

"ဟော .."

"ဟား!... လမ်းပေါ်မှာရပ်ပြီး တရားမှတ်နေတယ်"

"ကား ဘက်ခ်ဆုတ်နေတယ် ကလေးမ"

စကားသံတွေနှင့်အတူ မိန်းမကြီးတစ်ဦးက သွားလာရင်း လက်





ဆောင်းတို့ပြီး သတိပေးသွား၏။

ထိပ်ထား ဖျတ်ခနဲ မျက်လုံးဖွင့်လိုက်လျှင် ညာဘက်ဘေးမှာ တစ် တောင်လောက်အလိုနှင့်ရပ်နေသော ကားတစ်စီး၏နောက်မြီး။

"မဖယ်ချင်ဘူးလား"

ဘေးကို ကမန်းကတန်း ရွှေ့ရပ်ပေးလိုက်ကာမှ ကားထဲက ခပ် ဆောင်းဆောင်းငုံ့ကြည့်လာသည့်မျက်နှာကို မြင်လိုက်၏။

နက်ပြာရောင်မျက်မှန် တပ်ထားသော်လည်း ထိုလူကို ထိပ်ထား ကောင်းကောင်းမှတ်မိသည်။ သူက ကားကို တဖြည်းဖြည်း ထပ်ဆုတ် ရင်း ထိပ်ထား နဲ့ နီးသွားမှ ...

"တခြားရှောင်ထွက်သွားလို့မရတဲ့နေရာမှာရပ်နေတော့ မင်း မဖယ် ဘဲ တိုက်ချလိုက်ရင်လည်း ဘေးမှာ သက်သေတွေရှိတယ်၊ ဘာလို့ ရှောင် သွားတာလဲ"

ဒီလူ တမင်ရန်စနေမှန်း သိနေသဖြင့် ထိပ်ထား စိတ်တိုတာ မဟုတ် ဘဲ မျက်နှာတင်းတင်းနှင့် မေးဖျားလေးပင့်၍ ...

"အစကတော့ ကားတိုက်ခံမလားလို့ပဲ၊ ရှင့်ကားဖြစ်နေလို့ ရှောင် လိုက်တာ"

သူက မောင်းထွက်မသွားသေးဘဲ ပြုံးကာ ...

"ဟုတ်လား .. ဘာဖြစ်လို့လဲ"

"ရှင်က စိတ်ပုပ်လေ၊ ကားကလည်း သန့်မှာမဟုတ်ဘူး"

သူ ရယ်သွားတာ သွားတန်းတွေကိုပါ မြင်လိုက်ရ၏။

"ဟွန်း .."

မှတ်ထားလို့ မပြောဖြစ်ဘဲ ဘက်ခ်မှန်လေးကိုပဲ မေးဆတ် မျက် စောင်းထိုးမိ၏။ ကူညီမယ့်သူကို တမ်းတနေတာ အကုသိုလ်များရမယ့် သူနဲ့မှ တည့်တည့်လာတိုးသည်။

ဒီကားကို သူမ ဆိုင်ထဲကထွက်လာကတည်းက အဝင်ဝဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့သည်ပဲ။ ဒေါသပိစိကွေးနှင့် ဖျတ်ခနဲ သတိရသွားမိသည်။ ဒီ
အင်တာနက်ဆိုင်ထဲက ထွက်လာတာလား ...။

သူ့ဟာသူ ဘယ်ထဲကထွက်လာလာ ကိုယ့်အလုပ် မဟုတ်ပေမ
တွေးလိုက်မိသည်။ ထို့စဉ် ...

"ထိပ်ထား .."

"ဟင်!... ချိုချို"

"ဟုတ်ပ .. အမလေး ရင်ပူလိုက်ရတာ .. တွေ့မှတွေ့ပါ့မလားလို့"

ချိုချို က လူကိုမြင်ကာမှ ရင်ဘတ်လေး မောက်ကြွနေအော
အသက်ရှူပြရင်း ...

"နှင့်ကို အန်ကယ်လ်စိုး က ရှာခိုင်းနေတာ"

"အန်ကယ်လ်စိုး .."

"ဟုတ်တယ် .. နှင့်ကို ငါ တစ်ခါ အလုပ်ရမလားလို့ ခေါ်သွားပေ
သေးတယ်လေ၊ ဟန်းဆက် အရောင်းဆိုင်က .."

"ငါ သိပါတယ်၊ ဘာဖြစ်လို့ ခေါ်တာလဲလို့"

"အရောင်းစာရေးမတစ်ယောက် မလာတဲ့ နှစ်ရက်ရှိပြီ
ယောကျ်ားနောက်လိုက်ပြေးတာ ဖြစ်ဖို့များနေတယ်ဟ၊ အဲဒါ နော
နှစ်ရက်ထိ စောင့်ကြည့်မယ်တဲ့၊ အဲဒီနှစ်ရက်ကို နင် ဝင်ပေးပါတဲ့၊ သူ
ဆိုင်က နာမည်ကြီးတော့ လူစည်တယ်ဟ၊ အရောင်းစာရေးမ တ
ယောက်တလေမှ လျော့လို့မဖြစ်ဘူး၊ နင့်ကို မြင်ကတည်းကလည်း
အန်ကယ်လ်စိုး က အလုပ်ပေးချင်တာပါ၊ ချက်ချင်းဆွဲခန့်ထားလို့မဖြ
တော့ အလုပ်ရှုပ်နေတာနဲ့ ငြင်းလွှတ်လိုက်တာ"

"အေးပါ၊ အခု ငါက ..."

"ခုပဲလိုက်ခဲ့၊ ညနေ ဆက်ရှင်မှာ ဝင်ထိုင်ပေးလိုက်လေ၊ နင့်ကို
သူ ကြည့်ကျက်ပေးမှာပါ၊ အလုပ်လုပ်တာ ပြောဆိုဆက်ဆံတာကို အက
ခတ်ပြီး နောက်လည်း အမြဲခန့်ဖို့ အလားအလာတွေရှိတယ်၊ သူ့စာရေးမ





လာလည်း နင့်ကို ဒီတိုင်းကြီး ကန်မထုတ်ဘူးလို့ ငါ ပြောရဲပါတယ်၊
က တော်ပြီးသားဥစ္စာ၊ ပြီးတော့ ငါ နင့်အကြောင်း ပြောပြထား
ယ်"

"ဘာ!..."

"သြော် .. တော်တဲ့အကြောင်းပါ၊ ငါ သိပါတယ် နင်ကလည်း.."

"မဟုတ်ပါဘူး၊ ငါ ပရိဂရမ်ရေးတာတွေ .. ဖုန်းဆော့ဖ်ဝဲနဲ့ ပတ်
က်တာတွေ .."

"မပြောပါဘူး၊ နောက်ထပ် အဲဒါတွေ ဘယ်မှာမှထပ်မပြောဖို့ နင်
ားတဲ့ဟာကို ..၊ လာ သွားမယ် .. ငါတို့ ဟိုညောင်ပင်အောက်မှာ
င်မုန့်တီ ဝင်သောက်ရအောင် .. ပြီးမှသွားမယ်၊ ငါက နင့်ကို ရှာရဦး
လို့ ပြောထားတာ .. ရတယ်"

ထိပ်ထား ဝမ်းသာသွားသည်။ ဂိမ်းစီးတီးမှာ ပရိဂရမ်ရေးပြီး ရောင်း
က လောလောဆယ် ငွေတော့ထိုက်ထိုက်တန်တန်ရမှာ ဖြစ်၏။ ဒါပေ
ယ့် ကိုယ့်လက်ရာ ထွက်သွားတာနှင့် ဦးမြတ်ထွတ်ခေါင် ရဲ့မျိုးဆက်
ားဆိုတာ ရိပ်မိ သိရှိကုန်မည့် မလိုသူတွေ ရှိသေးသည်။

ဦးမင်းမြတ်သွင် ရဲ့ ဆော့ဖ်ဝဲတွေထွက်လာတိုင်း လုပ်ငန်းတူ ပြိုင်
က်တွေ လှုပ်လှုပ်ရွရွ ဖြစ်တတ်ကြ၏။ ခုဖြစ်ခဲ့သည့်ပြဿနာနှင့် သက်
ိုင်သူဖြစ်စေ၊ မသက်ဆိုင်သူဖြစ်စေ ကျန်ရှိနေသော သူမကို နည်းမျိုးစုံ
ှင့် ဒုက္ခပေးနိုင်တာ ဒီနည်းက အဖြစ်နိုင်ဆုံး ...။

ထို့ကြောင့် သေသေချာချာစဉ်းစားပြီးမှ ပရိဂရမ်ရေးခြင်းအလုပ်နှင့်
မ်းစာမရှာဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်သည်။

နေပါစေတော့ ...၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၂၇]

ဒီကား ...၊

ခြံထဲဝင်သွားသည့်ကားကို မြင်လိုက်ကာ ပထမဆုံးတွေ့တုန်းက လည်း အန်တီနန်း တို့ အိမ်ကို မေးလာတာပဲဆိုတာ သတိရသွားမိ၏။

ထိုစဉ်က မျက်နှာကို မော့မကြည့်ဖြစ်ခဲ့ပေ။ နောက်ထပ်တွေ့နေ တော့လည်း အဲဒီနေ့ကကားနဲ့ နောက်ထပ်တွေ့သည့်ကား တူနေတာ အမှတ်တမဲ့ ...။

ဒီလူဟာ ကိုသု ဆိုတဲ့လူများလား ...၊

လမ်းကြားဘက်ကိုကွေ့လိုက်ပြီးမှ ခြေလှမ်းတွေ တုံ့နှေးသွားခဲ့ သည်။ 'အမှတ်တမဲ့'ဆိုတာကို မကြိုက်။ 'မေ့လျော့ခြင်း'ကို မုန်းတတ် သည့် ကယ်ကြီးနဲ့ ဒက်ဒီ့မျက်နှာကို မြင်ယောင်ကာ ကိုယ့်အဖြစ်ကို အပြစ်ရှိခဲ့ပြီမှန်း နားလည်မိသည်။

ဒီလောက် ဆက်စပ်ရှင်းလင်းနေတာကို ဘာလို့ အမှတ်တမဲ့ နေခဲ့ တာလဲ၊ ဆုံးမခဲ့တဲ့လူတွေ မရှိတော့လို့ ဆင်ခြင်နိုင်စွမ်းတွေပါ မဲ့ကုန်တာ လား ...၊

မဟုတ်ပါဘူး ... ထိပ်ထား အရမ်းကိုပူလောင်သွားခဲ့လို့ပါ၊ ထိပ်ထား ကို ခွင့်လွှတ်ပါ။





နည်းနည်းလေး တမ်းတစိတ်ဝင်မိတာနှင့် ဝမ်းနည်း လှိုက်ဟာခြင်း ... ဘားမရ ဆီးမရ ဖြစ်၏။

မှောင်ရိပ်သမ်းနေပြီဖြစ်သည့် ခြံစပ်မှာ ဆောင့်ကြောင့်လေးထိုင်ကာ မျက်တောင်တွေ ဖိခတ်ရင်း မျက်ရည်လည်ချင်တာကို တိုက်ထုတ်နေရ သည်။ ပြီးတော့မှ ပခုံးကအိတ်ကို ဘေးကချုံပုတ်လေးပေါ် တင်လိုက် သည်။

ငုတ်တုတ်အတိုင်း ခေါင်းငုံ့ လက်ထောက်ဝင်ရမှာမို့ မလွယ်ပေါက် တံခါးတိုလေးကို လွှတ်လွှတ်လပ်လပ်ပွင့်သွားတဲ့အထိ ကုန်းဖွင့်လိုက် ၏။ တံခါးပွင့်သွားမှ အထဲကိုဝင်ဖို့ အိတ်ကိုပြန်ဆွဲလိုက်လျှင် ...

"ပလတ်စတစ်ကောက်ရတာ အဆင်မပြေဘူးလား"

ဟင်!... ဒီလူ ...၊

ကားနဲ့ဝင်သွားပြီးမှ ရှေ့ကနေပြန်ပတ်ပြီး လမ်းကြားထဲကို တမင် ဘာဝင်လိုက်လာတာ သက်သက် သူ့ခိုးဖမ်းချင်လို့ လိုက်ချောင်းတာ..။

ရှက်လည်းရှက် .. စိတ်ကလည်း တို ..၊

"ဟုတ်တယ် .. အခု ခိုးစားတော့ဖို့ ဆုံးဖြတ်လိုက်တာ"

"ဟွန်း .."

သူက မျက်နှာလွှဲလိုက်ပြီး ပြုံးသည်။

"ရှင်က ဒီထိ ဘာလိုက်လုပ်တာလဲ"

"မင်းကို မြင်လိုက်လို့"

မျက်နှာက တည်မလိုပြုံးမလို ဘာမှန်းမသိဘဲနှင့် ...

"ဒီထဲချည်း ဝင်ဝင်သွားတော့ ဒီကြားထဲမှာ ပလတ်စတစ်တွေ ဘယ် သောက်စုပုံနေသလဲလို့"

"စုပုံမနေဘူး .. အခု ခိုးစားမလို့၊ ရှင် ဝေစုလိုချင်လို့လား"

ထိပ်ထား တော်ရုံနှင့် စိတ်မတိုတတ်ဘဲ ခုကျမှ ထိန်းလို့မရဘဲဖြစ် နေသည်။ အကြောင်းရင်းက ရှက်စိတ်မွန်နေခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းသက်ခဲ့သည့် မျက်စောင်းထိုးခြင်းအလုပ်သည် သူ့အတွက်က
တရင်းတနှီးကြီး ထဖြစ်ကာ မျက်နှာတည့်တည့်ကြည့်၍ မျက်စောင်း
လည်း ထိုးမိ၊ အိတ်ကိုလည်း ဆွဲ။ စိတ်တိုနေကာမှ အိတ်ကြိုးက ဘာ
ငြိနေမှန်း မသိ။

မရလို့ ဖိဆွဲလေ ပိုတင်းလေ ...။

မင်းသားစတိုင်လ်နှင့် ခြေဖျားထောက်၍ ကြွကြွဖွဖွထိုင်နေသည့်
သူ့မျက်စိအောက်မှာ အိတ်ကလည်း တင်းခံနေသည်။

"ကျွတ် .. ဘာဖြစ်တာလဲ၊ အဲဒါ .."

"ငြိနေတာလေ"

"ရှင့်ကို ဘယ်သူက မေးလို့လဲ"

"ဒီမှာ မင်းနဲ့ကိုယ်ပဲရှိတာ၊ ကိုယ့်ကိုမဟုတ်ရင် ဘယ်သူ့ကိုလဲ"

စိတ်ညစ်ဖို့ကောင်းလိုက်တာ ...၊

ဒေါသဖြစ်တတ်ပေမယ့် ပေါက်ကွဲတဲ့အထိ ဘယ်တော့မှ န
မလွန်တတ်ခဲ့သည့်အကျင့်က စိတ်ပျက်ခြင်းသို့ ချက်ချင်း အသွင်ပြော
၏။ မျက်စောင်းလည်း မထိုးဖြစ်၊ ရန်ဖြစ်ဖို့လည်း စိတ်ကုန်ကာ အိ
ဖြုတ်ဖို့အတွက် မျက်နှာလေးရှုံ့တွတွပဲ ပြန်လှည့်လိုက်ရသည်။

ငုတ်တုတ်လေးအတိုင်းနှင့် ကိုယ့်ဒူးကိုယ်ဖက်၍ စိတ်ပျက်လ
ပျက် လှည့်လာတာကို သူက စိုက်ကြည့်ပြီး ပြုံးနေ၏။ ပြီးတော့ သူ
ငြိနေတာကိုဖြုတ်ပေးလိုက်ပြီး အိတ်ကို ဆုပ်ကိုင်ထားကာ ...

"ဒီထဲ ဘာဝင်လုပ်တာလဲ .. နိုးမလို့လို့ မဖြေနဲ့၊ အတည်မေးတာ"

"ရှင် .."

တစ်ခုခုပြောဖို့ပြင်ပြီးမှ ထိပ်ထား ကျွတ်ခနဲ ပါးစပ်ပြန်ပိတ်
အိတ်ကိုထပ်ဆွဲသည်။ သူက မလွှတ်ဘဲ ထပ်မေး၏။

"ဒီထဲမှာနေတာ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ နောက်ဖေးက
တာလဲ"





"ကျွန်မက ခြံထဲမှာ သန့်ရှင်းရေးလုပ်တဲ့သူ၊ သူများအိမ်ရှေ့က ဝင်
လို့ဖြစ်မလား၊ ဖယ်ပါ အိတ်ကို"

"သန့်ရှင်းရေးလုပ်တဲ့သူက နေ့တိုင်း အပြင်မှာချည်းပဲနော်"

"အဲဒါ ရှင်နဲ့မဆိုင်ပါဘူး"

ဒီတစ်ခါ သူ့လက်ကိုပါ တစ်ဖက်နဲ့တွန်းချပြီး အိတ်ကိုဆွဲလိုက်
သဖြင့် ပါလာ၏။ အထဲကို ကုန်းကွင့်ဝင်ကာ တံခါးကို နေရာမကျ
ကျအောင် သေချာပြန်ကပ်ပိတ်လိုက်သည်။

သူက ခြေဖျားထောက်၍ ဒူးတစ်ဖက်နှိမ့်ထိုင်လျက်အတိုင်း မလှုပ်
ယှက်ရှိနေဆဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၂၈ ]

ခြေသံဖွဖွနှင့် မသိအောင်ဝင်လာတာပေမယ့် ထိပ်ထား အိပ်နေ... သိတော့ ကိုယ်ကိုမတ်မတ်ပြင်ကာ ဂိုဒေါင်တစ်ခုလုံးကို သေချာလို... ကြည့်မိသည်။ ခန်းလုံးပြည့် ရှုပ်ပွနေခဲ့သည့်ပစ္စည်းတွေကို ခြေ... တစ်ခြမ်းတည်းမှာပဲ စနစ်တကျ စုပုံထပ်ပြီးသားဖြစ်အောင် တစ်ယော... တည်းနဲ့ ဘယ်လိုများ ရွှေ့ပြောင်းပစ်လိုက်သည် မသိ ...။

အစကတည်းက အထင်တကြီးရှိခဲ့သည့်စိတ်နှင့် ဆားဆောင်း မ... တကျလေး အိပ်နေသည့် ထိပ်ထား မျက်နှာလေးဆီ အကြည့်ရောက်... သည်။ ဘယ်လိုနေရာမှာပဲ တိုးဝင်အိပ်ရအိပ်ရ ကျောခါစနေရာစ... တော့ ကောင်းမှ သန့်မှ အိပ်မည်ဆိုတာမျိုး ...။

သံခုတင်စုတ်ကို တက်အိပ်လို့ရအောင် ဖြည့်စွက်ပြင်ဆင်ထားပုံ... ကာ အပေါ်မှ ဖျာခင်းထားသည်။ ထိုအပေါ်မှ မွေ့ရာပါးလေးနှင့် ခေါ... ခေါင်းအုံးကအစ အပြာရောင်လွှင်၍ သန့်စင်နေ၏။

တန်ဖိုးနည်းပေမယ့် စားစရာမရှိသည့်ကြားထဲကနေ မွေ့ရာခင်း... အိပ်နိုင်အောင် ကြိုးစားတာကို ပြုံးမိ၏။ သူမကို 'သွားတော့' ဆို... နှင်ထုတ်လိုက်ကတည်းက အသုံးအဆောင်ပစ္စည်းနဲ့ တူတာဆို... တဘက်တစ်ထည်တောင် ယူခွင့်ပြုခဲ့တာ မဟုတ်။





သုံးစရာရှိတော့မှ ဦးလေးဆီမှာ လက်ဖြန့်တောင်းသည့်မိန်းမ...၊ ...လေးဖြစ်သူက သုံးပါ စားပါ ဆိုပြီး ပေးထားတာကိုတောင် အန်တီ ...ထားပေးပါဆိုတာ ရှိသေးသည်။

ဒုက္ခတွေပြီဆိုသည့်အချိန်မှာ သင်းလက်ထဲမှာ တစ်ပြားတစ်ချပ်မှ ...နေမှာ မဟုတ်တာ သေချာသည်။ လာကတည်းက ပါသည့် သူ့မပိုင် ...ဝတ်အထည်လေးနှင့် ဒီဂိုဒေါင်ထဲ ရောက်သွားခဲ့တာပါ။

"ကိစ္စရှိလို့လား ဆွန်း .."

"ဟင်!..."

သတိလက်လွတ် ငေးနေမိသည့်မျက်လုံးကို အကောင်းစား သရေ ...ခဲစစ်နှင့်ဖိနပ်ဆီကနေ အလန့်တကြား ပြန်သိမ်းရသည်။

အိပ်ပျော်သေးပုံမရှိသော ထိပ်ထား မျက်လုံးတွေက ဆွန်း ဝင်လာ ...တည်းက သိနေတာမျိုး ...။

"ခြံထဲဆင်းလာရင်းနဲ့ ဝင်ကြည့်တာလေ၊ ငါ့ခြံထဲမှာ ငါ ဘယ်သွား ...သွား ကိစ္စရှိဖို့မလိုပါဘူး"

ဟန်ကိုယ်ဖို့မျက်နှာနှင့် ဆွန်း က လက်ပိုက်လိုက်သေးသည်။ ...ထိပ်ထား က မျက်တောင်မခတ်ကြည့်နေရင်း ပြုံးလိုက်၏။

"ဟုတ်တယ် .. ငါမေးတာ မှားသွားတယ်"

ချက်ချင်းပြင်ပြောကာ လှဲနေရာကနေ ငုတ်တုတ်လေးထထိုင်သည်။ ...တင်ပေါ်က မဆင်းသေးဘဲ ခြေထောက်နှစ်ဖက်ကို ဖိနပ်ပေါ်ချလိုက် ...တော့ ဆွန်း ရဲ့အကြည့်တွေ ပါသွားပြန်သည်။

တစ်နေကုန်လိမ့်နေရသည့်ခြေထောက်တွေက ဖြူနု နီမြန်းနေတော့ ...လိုလားစွာဖြစ်သွားသည့်မျက်နှာမှာ မဲ့ပြုံးတစ်ချက် ထင်၏။

ထို့ပြင် မတွေးချင်ပေမယ့် ဒါပဲတွေးဖြစ်သွား၏။ အိပ်ရာဝင် ခြေ ...ဆေးရအောင် ဒီဂိုဒေါင်ရဲ့အထဲနဲ့အပြင်မှာ ရေရှိနေတာဆိုလို့ ဖလားစုတ် ...တစ်ခွက်တောင် မမြင်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ခြံထဲကရေပိုက်မှာ ခြေထောက်သွားဆေးသလား ထိပ်ထား"

"မဆေးဘူး"

"ငါ မယုံဘူး၊ နင့်ကို အိမ်ရှေ့က မဝင်မထွက်ရဘူးလို့ပြောထားတာ နော်၊ အမှိုက်ကောက်ခိုင်းတုန်းကတောင် မျက်နှာစာရှေ့ကို ချန်ထားခိုင်းခဲ့တာ"

ထိပ်ထား ရေသန့်ဘူးဆီ လှမ်းလိုက်သည့်လက်က တုံ့ခနဲ ရပ်သွားသည်။ ဆွန်း ကို ပြန်လှည့်ကြည့်ပြီးမှ ရေဘူးကိုဆွဲယူကာ ...

"ငါလာတာ နင်တို့မြင်သလား ဆွန်း"

ဆွန်း က ထိပ်ထား ကိုင်ထားသည့်ရေဘူးကို မျက်မှောင်ကုတ်နှင့် ကြည့်နေ၏။

"ငါ့မျက်နှာကိုမြင်ရရင် နင်တို့ ဒေါသထွက်ရမယ်၊ မောင်းထုတ်ရမယ်၊ မောင်းထုတ်ခံရမယ့် ငါက ခွေးတစ်ကောင်မဟုတ်တဲ့အတွက် တစ်ခါပြီးတစ်ခါ ခံရမယ့်အဖြစ်မျိုး နောက်ထပ် မလုပ်ဘူး"

ပြောနေပြီး ရေသန့်ဘူးကို မြင်အောင်ပြကာ ...

"ထမင်းဝအောင်မစားရတဲ့နေ့မျိုး ရှိရင်ရှိမယ်၊ ငါသောက်တဲ့ရေကို မနက်မျက်နှာသစ်စရာကျန်အောင်တော့ ငါ ချန်ထားနိုင်တယ်"

ရေအိမ်ဝင်တာကတော့ ညက မနက်မိုးလင်းတဲ့အထိ ဘယ်အချိန် ဖြစ်နေနေ အလုပ်သမားတွေသုံးတဲ့ရေအိမ်ကို ရောက်အောင်သွားရတာ တစ်မျှော် တစ်ခေါ်ပါ။

"ပြောနေရတဲ့သူတောင်မှ စိတ်ညစ်တတ်ရင် ခံရတဲ့လူက ပျော်ရွှင်နေပါ့မလား ဆွန်း ရယ် .."

"နင်က နာကြည်းနေတယ်ပေါ့"

"အဲဒါ ငါ့ရင်ထဲကကိစ္စပါ"

ထိပ်ထား က ပျော့ပျောင်းခြင်း၊ တင်းမာခြင်း မမည်သော မျက်နှာနှင့် ထိုင်လျက်ကနေ ဆွန်း ကို ကြည့်၏။





"ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ငါ့အတွက် အခု အရေးကြီးဆုံးက နည်းဖွယ် - ကြေကွဲဖွယ် တစ်ခုခုအပေါ်မှာ တမြေ့မြေ့ခံစားပြီး မျက်ရည်တွေကို ပုလဲဖြစ်မလား၊ ရွှဲဖြစ်မလား စောင့်ကြည့် အချိန်ကုန်နေဖို့ မဟုတ်ဘူး၊ ကောင်းဖို့လုပ်နေရင်း ဆိုးတာတွေဖြစ်လာတာက ကိုယ့်ကံလို့ပဲ၊ တော်အောင်ကြိုးစားဖို့ပဲ ငါ စဉ်းစားတယ်"

"ဒါပေါ့ - နင့်မျက်နှာကိုကြည့်လိုက်တာနဲ့ ငါ ယုံပါတယ်၊ ဖအေနဲ့ လူလေး သေတာတောင် မျက်နှာတစ်ချက်မှမပျက်ဘဲ 'ပေ'ဖြစ်တုန်း ဖြစ်လိုက်မယ်၊ ငါ့အလှည့်ကျမှ တင်းပုတ်အကြီးကြီးနဲ့ ပြန်ထုမယ်ဆိုတဲ့ နာကြည်းချက်တွေနဲ့ တုံ့ပြန်နိုင်အောင် ကြိုးစားနေတာ"

"ဟွန်း -"

ထိပ်ထား က ပခုံးလေးလှုပ်သွားအောင် မဲ့၍ ခေါင်းညိတ်၏။

"ဟုတ်လား၊ ငါ့မျက်နှာမှာ အဲဒီလိုပေါ်နေသလား"

ထပ်မေးပြီး အသံမထွက်ဘဲ ရယ်သည်။ ထိပ်ထား ပြုံးတာရယ်တာတွေအပေါ်မှာ ဘယ်လိုမှ ကျေနပ်ပေးလို့မရသည့်အကြည့်တွေ ဆွန်း မျက်ဝန်းမှာ အုံ့ဖွဲ့လာ၏။ ကိုယ့်ဘဝနဲ့ကိုယ် နေတတ်အောင်မနေဘဲ ဟန်မရာပြုံးနေတာကို ဘယ်အချိန်မြင်မြင် ဒေါသထွက်သည်။

"နင်ထင်နေတာတွေ ဖြစ်မှာပါ၊ ငါ့အတွက် ဒီအဖြစ်လောက်က အံ့သြထိတ်လန့်စရာတစ်ခုနဲ့ ရင်ဆိုင်လိုက်ရတာမျိုးပဲ၊ အုံ့ဖွဲ့နာကြည်း လောက်အောင် ဖြစ်ဖို့မရှိဘူး"

ထိပ်ထား က ဖိနပ်စီးပြီး နေရာမှ ထရပ်သည်။

"ဘာနဲ့တူသလဲဆိုတော့ ကားမောင်းသင်နေတုန်း ကားတိုက်မိတာမျိုး၊ ကိုယ်မှားလို့ ရဲဖမ်းတာလေ၊ အပြစ်ပေးရင် အပြစ်၊ ဒဏ်ငွေဆို ဒဏ်ငွေပေါ့၊ 'စားစရာမရှိ လျော်စရာရှိ'တဲ့၊ စားစရာရှိရှိ မရှိရှိ ဒီအဖြစ်ဆိုး တစ်ခုမှာ ရပ်တည်နေနိုင်ဖို့ ငါ တတ်နိုင်သေးတဲ့အတွက် ကျေနပ်တယ်"

ဘာအဓိပ္ပာယ်လဲ ..၊ ရဲဖမ်းခံရတာလောက်ပဲဆိုတော့ ပစ္စည်းခွေး



www.burmeseclassic.com

www.burmeseclassic.com



အားလုံး တစ်စိုးတစ်စိမှမကျန်အောင် အသိမ်းခံလိုက်ရတာကို ဟန်ဆ
ပြီး မဟုတ်သလိုလို ကြွားပြနေတာလား ..။

မျက်လုံးချင်းဆုံနေရင်း ဆွန်း က မဲ့ပစ်သည်။

"ဟုတ်တယ် .. အမှိုက်ပုံထဲမှာ ခွေးတိုးဝက်ဝင် အိပ်ခွင့်ရနေသေ
တယ်ဆိုတော့ နင် တော်တာပေါ့၊ ဒါပေမယ့် အခနေမတတ် အပြေ
မတတ်ရင်တော့ လမ်းဘေးရောက်သွားနိုင်တယ်၊ အဲဒါ မမေ့နဲ့"

"မမေ့ပါဘူး .. ဒါပေမယ့် ဖြစ်လာမလားလို့ တွေးပြီးကြောက်တတ
တဲ့အကျင့်တော့ ငါ့မှာမရှိဘူး၊ ဘဝမှာ ရှင်သန်ခွင့်ရနေသရွေ့ အကောင
ဆုံးဖြစ်အောင် ကြိုးစားမယ်၊ နောက်ဆုံးထွက်သက်အထိ"

"အဲဒီထဲမှာ သုရာဇဝင် ဆိုတဲ့ သူဌေးသား ရှိသေးတယ်ဆိုတဲ့ အ
ကိုးစိတ် မပါဘူးလား၊ ငါတို့ နေရာယူထားကြတယ်ဆိုပေမယ့် အမှ
တရားက ပေါ်လာနိုင်တယ်လေ၊ အဲဒီကျရင် နင် သူဌေးကတော်ဖြစ်ခွ
ရှိသေးတယ်ဆိုတော့ .."

"ငါပိုင်ထားတဲ့အရာအားလုံး ဆုံးရှုံးသွားတာတောင် ရှုံးလော
အောင် မခံစားခဲ့ဘူး ဆွန်း၊ ထပ်ရမရ စိတ်ကူးယဉ်ပြီး ကြံမိကြံရာ ကြ
အောင် စည်းစိမ်ဥစ္စာအတွက်နဲ့ ငါ မရှုံးဘူး"

"ယုံအောင် ဖြီးစမ်းပါ ထိပ်ထား-ရယ် .. စည်းစိမ်ဥစ္စာ မမက်ဘ
ဆိုတဲ့လူကမှ ရှုံးတာ၊ နင် လေကျယ်နေတာ အရှုံးစကားတွေပါ၊ လ
ဆိုတာ ကိုယ်နဲ့တန်တဲ့စကားကို ပြောရတယ်၊ လူတွေအားလုံး ဘဝ
တိုက်ပွဲလိုသဘောထားခဲ့ကြတာ အမြင့်ဆုံးကိုရောက်ဖို့ပဲ၊ အမြင့်ဆုံး
တာ ချမ်းသာဆုံးနေရာပဲ မဟုတ်ဘူးလား၊ ငါတို့ကတော့ ရှင်းရှင်း
လိုချင်တာကို ရအောင်ယူနိုင်တာက အရည်အချင်း"

ဒေါသကြောင့် ဆွန်း လေသံက ရန်တွေ့နေသလို မာကျောလာ၏။

"ငါ အခုလာတာ နင့်ကို သတင်းကောင်းပြောချင်လို့ပါ၊ မျက်နှာ
ချင်းဆိုင်မိတာနဲ့ နင့်မျက်နှာက မေတ္တာထားချင်စရာဖြစ်နေတော့ စကား





ဆွ ဟိုဒီလျှောက်ဝေ့ကုန်တာ၊ ဒီမှာ စောစောက ငါပြောသလို သူဌေး
ကတော်ဖြစ်နိုင်သေးတယ်ဆိုတဲ့ စိတ်ကူး တိတ်တိတ်လေးရှိထားရင်
လည်း ဖျက်လိုက်တော့"

ထိပ်ထား ငြိမ်သက်နေတာကို စိတ်ဝင်စားနေပြီဟု သတ်မှတ်၍
ဆွန်း က ပခုံးတွန့်ရယ်သည်။

"သုရာဇဝင် ငါ့ကို ဘာပြောသလဲ သိလား"

ပြောပြမလို့ စလိုက်တာပဲဖြစ်သည်။ ဒါပေမယ့် ကိုယ်တိုင်နားဆင်
ခံစားခဲ့ရတာကို ပြန်လည်ကြားယောင်ကာ စိတ်က နောက်ပြန်ပြေးသွား
၏။ "ကိုယ် အခု ဘာဖြစ်လို့ ဒီကိုရောက်လာတာလဲ သိလား၊ မြတ်သော
ထိပ်ထား ဆိုတဲ့ မိန်းကလေးတစ်ယောက်တည်း ဒုက္ခတွေ့နေပြီ ကူညီဖို့
မင်းသွားသင့်တယ်ရှို့ ဒက်ဒီ ညွှန်ကြားလိုက်လို့၊ လက်ထပ်ဖို့ မပါဘူး"တဲ့။
ဆွန်း နှုတ်ခမ်းလေးမဲ့သွားကာ ထိပ်ထား ဆီ အကြည့်ပြန်ရောက်လျက်...

"မြတ်သောထိပ်ထား ကို လက်မထပ်နိုင်ပါဘူးလို့ သူ့အဖေဆီမှာ
ငြင်းပြီးသားတဲ့၊ ဒီကိုလာတာ မိတ်ဆွေဝတ္တရားအတိုင်း ကူညီဖို့ သူ့အဖေ
လွှတ်တာတဲ့၊ အဲဒါ ထိပ်ထား အဖြစ် ငါရှိနေတာနော်၊ နင့်ပုံစံ စုတ်စုတ်
ပြတ်ပြတ်ကို မြင်သွားရင်တော့ တစ်ခါတည်း ပြန်ပြေးမလားမသိဘူး"

ထိပ်ထား က ပေါ့ပါးသည့်မျက်နှာလေးနှင့် ရယ်သည်။

"ဖြစ်နိုင်တယ် .. နင်တို့ သူ့ကို ပြန်ပြေးသွားစေချင်တဲ့အခါ အချိန်
မရွေး ခေါ်လိုက်ပါ၊ သူမြင်သွားအောင် ငါ လာခဲ့မယ်"

"ဟွန်း .. ငါတို့က နင့်လို အရှုံးမှုမဟုတ်တာပဲ၊ မကြိုက်နိုင်ပါဘူး
ဆိုတဲ့ယောကျ်ားက ဘာသားနဲ့ထုထားတာမို့လို့လဲ"

စိုက်ကြည့်နေသည့် ထိပ်ထား မျက်ခုံးလေးတွေ ပင့်တက်သွား၏။
နှုတ်ခမ်းလေးပါပွင့်လျက် ခေါင်းညိတ်လိုက်ရင်း ပြုံးသည်။ ပြီးမှ ...

"အောင်မြင်ပါစေ .."



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၂၉ ]

"ဒီကို ဘာလုပ်ဖို့လဲ ကိုသု"

"ကိုယ် ခေါင်းလျှော်မလို့၊ ဘာဖြစ်လို့လဲ .. မင်း လာနေကျဆို"

"ဘယ်သူပြောတာလဲ"

"မင်းပဲပြောတာလေ၊ 'ရွှေသုန္ဒရီ'က မမလင်း ဆိုတာ ..."

မမလင်း ဆိုတာတောင် မှတ်ထားလိုက်သေးသည်။ ရွှေသုန္ဒရီ ဆိုတာရော ဒီဆိုင်ပဲဆိုတာ သူ ဘာဖြစ်လို့ သိနေတာလဲ၊ ဒီလိုပဲ နာမည်တူတာတွေ အများကြီး။

ကားပေါ်ကဆင်းလိုက်ရရင်း ဆွန်း မျက်နှာလေးပျက်နေ၏။ ဒီဆိုင်အကြောင်း သူ့ကို ဆွန်း တစ်ခါမှ ပြောမပြခဲ့ဖူးပေ။

ပြောရလောက်အောင် သူ့ကို ဟိုလိုက်ပို့ပါ၊ ဒီလိုက်ပို့ပါလည်း နိုင်းရဲခဲ့တာမဟုတ်။ ဒီဆိုင်အကြောင်းချည်းပဲ ကြားရဖန်များနေလို့ သိနေတာဆိုရင်တောင် သဘာဝကျသေးသည်။ ခုတော့ ...

"သူနဲ့ ဟိုဟိုဒီဒီ သိပ်မထွက်နဲ့၊ ကိုယ့်ကိုသိတဲ့လူနဲ့တွေ့ရင် ခက်မယ်" တဲ့။ ဒေါ်ဒေါ် သတိပေးထားခဲ့တာကို သတိရရင်း မှန်တံခါးကို တွန်းဝင်လိုက်တော့ အဲကွန်းကြောင့် စိမ့်ခနဲ ဖြစ်သွား၏။





"ဟော ..."

အားလုံးက ရင်းနှီးနေကြတာမို့ လှည့်ကြည့်လိုက်ကြတာနှင့် နှုတ်ဆက်ဖို့ အသင့် ..။

'ဟော..'ဆိုတာရဲ့နောက်က 'ဆွန်း'ဆိုတာ မပါခင် သူ့ရှေ့ကကျော်၍ ဆွန်း ဝင်သွားကာ ...

"မသက် ရေ .. တို့မိတ်ဆွေကို ခေါင်းလျှော်ပေးလိုက်ပါ"

ကြားအောင်ပြောပြီး အနားကပ်၍ ခပ်တိုးတိုးပြောရသည်။

သုရာဇဝင် က မျက်မှန်နက်၊ ရှပ်အင်္ကျီအနက်နဲ့ဖြစ်ကာ မီးခိုးရောင်အရိပ်တွေပါသည့် ခါးပတ်မှလွဲ၍ ဘောင်းဘီရှည်ကလည်း အနက်ပဲဖြစ်သည်။ လေးထောင့်ဆန်သည့် မျက်နှာဝင်းဝင်းမှာ မျက်မှန်အနက်နှင့်မို့ ထင်းနေသည်။

ဆွန်း တို့ စကားပြောနေတာကို ဂရုမစိုက်ဘဲ ခပ်လှမ်းလှမ်းမှာ ရုပ်လျက် ဆိုင်ထဲကိုပဲ ဝေ့ပတ်ကြည့်နေသည်။

"ဒါဆို မမလင်း ကို မစောင့်တော့ဘူးပေါ့၊ သူ့ဇည့်သည် ပြန်တော့မှာပါ"

တိုးကြိတ်ကြိတ်ကနေ အသံပြန်ထွက်လာကာ မသက် က ပြောလိုက်ရင်း သုရာဇဝင် ကို လှမ်းကြည့်၏။

"သူဇာ ရေ .. ဟိုမှာ ဧည့်သည်က ခေါင်းလျှော်မလို့တဲ့ .. ဂရုစိုက်နော်"

"ရှင် .. ဟုတ်ကဲ့ မမသက်"

'တော်ပါသေးရဲ့ အချိန်မီအုပ်လိုက်နိုင်လို့'လို့ ကြိတ်တွေးကာ ဆွန်း သက်ပြင်းချမလို့ပဲ ရှိသေးသည် ...

"အံမယ် .. ဆွန်း ရောက်နေတယ်ပေါ့"

သွားပြီ..၊ မမလင်း က ဧည့်သည်အမျိုးသမီးတစ်ယောက်နှင့် အပေါ်ထပ်ကဆင်းလာ၏။ အောက်မရောက်ခင် လှမ်းပြောလိုက်တာ အကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ..၊ ဆွန်း သူ့ကိုလှမ်းကြည့်လိုက်လျှင် မမလင်း ဆီကို မျက်နှာတစ်ချက် ငဲ့ကြည့်သွားကာ ဘာမှ ပုံစံမပျက်ပေမယ့် ...

"မနေ့ကတွေ့လိုက်သားပဲ၊ တူဝရီးသုံးယောက် 'ကမ္ဘာကျော်'စိန်တိုက်ထဲဝင်သွားကြတာ၊ ဟွန်း .. တို့ကိုတောင် မမြင်ကြဘူး"

အရင်အချိန်တွေမှာဆို စိန်တိုက်ထဲဝင်သွားသည်ပြောလိုက်သည့် ပါးစပ်ကို ရွှေချပေးချင်စိတ်တွေတောင် ဖြစ်သွားနိုင်သေးသည်။ လူအများကြီးရှေ့မှာ ဂုဏ်ယူစရာ ..။

ခုတော့ ..၊ ဆွန်း ဘာစကားမှမပြန်နိုင်သည့်ပြင် ပြုံးလိုက်ရတာတောင် မဲ့မဲ့လေး ဖြစ်သွား၏

'ဆွန်း သူ့ရှေ့မှာ ကိုယ့်ကိုယ်ကိုယ် ဆွန်း လို့ ယောင်ပြောမိသေးတယ် မမ' လို့ စင်ဒရဲ ကို ပြောပြတုန်းက 'ဘာဖြစ်လဲ၊ မေးတော့လည်း ငယ်နာမည်လို့ ပြောလိုက်ပေါ့'တဲ့ ..။

ခု ဒါတွေကြားသွားပြီးကာမှ သူ ယုံပါ့မလား ..။



BURMESE CLASSIC .com



အခန်း [၃၀]

"မ ...မ .."

ခေါ်သံလေးလေးပင်ပင်နှင့် အနားကို ချက်ချင်းရောက်လာသည့် လှုရိပ်ကြောင့် ထိပ်ထား အံ့သြသွား၏။

"မိုင်း .."

"ဟီး .. ဟီး .. တွေ့ပီ .. ဟို .. ဟိုမှာ .. လိုက်ဘူး .. လိုက်ဘူးနော်"

"ဟဲ့ .. မိုင်း .. မိုင်း .. ဩော် .. အတင်းမဆွဲနဲ့လေ"

အင်တာနက်ဆိုင်ထဲဝင်ခါနီးမှ မိုင်း က ရယ်လိုက် မဲ့သွားလိုက်နှင့် ဘယ်ဟာကို လက်ညှိုးထိုးမှန်းလည်း မသိ ..။

ပြီးတော့ ထိပ်ထား ပခုံးကိုဖက်ကာ ကျောနောက် ပြေးပုန်း၏။ ကိုယ့်ထက် အသက်ငယ်ပေမယ့် မိုင်း က လူကောင်ထွားသည်။ သူ ဆွဲလွဲလှုပ်ခါနေသမျှ ထိပ်ထား ဒယိမ်းဒယိုင်တွေ ဖြစ်ကုန်လျက် ...

"ဘာဖြစ်လာတာလဲ မိုင်း၊ အန်တီကြင်ကြင် လိုက်လာလို့လား၊ နေပါဦး .. ထိပ်ထား ပြောပေးပါ့မယ်"

အရူးနဲ့ကောင်မလေး ဘာဖြစ်မလဲဆိုပြီး ပတ်ဝန်းကျင်ကလူတချို့ ရပ်ကြည့်တဲ့လူက ကြည့်၊ ထိပ်ထား မသွားတာကြာလို့ မိုင်း ထွက်ပြေးလာတာလား ..။



www.burmeseclassic.com

www.burmeseclassic.com



မိုင်း ကို ဒေါသမဖြစ်သည့်ပြင် သနားစိတ်လေးနှင့် နောက်ပြန်လှည့်ကြည့်မိ၏။

"မိုင်း .. မိုင်း.. လက်ကိုလွှတ်လိုက် .. ရှေ့ကို လာ .."

"လာဘူး .. ပြန်ဘူးနော် .. မမနဲ့ နေမှာ .."

"ဟိုမှာ ဟိုမှာ ဂြိုဟ်ကောင်လေး"

ဒီတစ်ခါ ကားအကောင်းစားနှင့်မဟုတ်ဘဲ တက္ကစီပေါ်ကဆင်းလာကြတာ ဖြစ်သည်။ အမျိုးသမီးကြီးလည်း မဟုတ်။ လူရွယ်တစ်ယောက်နှင့် လူကြီးတစ်ယောက် ..။

"မိုင်း .. မိုင်း .. မပြေးနဲ့လေ"

မိုင်း က သူ့ဟာသူ မပြေးဘဲ ထိပ်ထား လက်ကိုဆွဲပြေးသဖြင့် ရုတ်တရက် ဖြုတ်ချလို့မရဘဲ ထိပ်ထား ပါ လိုက်ပြေးရတော့သည်။

"ဟိတ် .. ရပ်စမ်း"

"အား!..."

လမ်းဆုံလမ်းခွကြီးရဲ့ထောင့်မှာ မမိမိရ လှမ်းဆွဲလိုက်တော့ ထိပ်ထား ရဲ့လက်ကို ဖြစ်သည်။ မညှာမတာဆောင့်ဆွဲလိုက်သဖြင့် နာကျင်သွားကာ စိတ်လည်းတိုလျက် ...

"ဘာလုပ်တာလဲ .. လွှတ် .."

အော်သံကြောင့် အတင်းစွတ်ပြေးနေသည့် မိုင်း တုံ့ခနဲ ရပ်သွား၏။ အားလုံး မျက်နှာချင်းဆိုင်မိသွားခဲ့ပြီး ...

"ဒီကောင်လေးကို နင် သွေးဆောင်ဖြားယောင်းနေတာမို့လား၊ ဆေးသွားမယ် .. ဘာမှတ်လဲ"

မျက်နှာမည်းမည်း မျက်လုံးပြူးပြူးနှင့် ပြူးသလောက် ဖြဲခြောက်နေသည်။ ထိပ်ထား က မိုင်း ဆွဲထားသည့်လက်ကို ခါချပစ်လိုက်ကာ—

"ဘယ်သူကဆွဲပြေးတာလဲ ရှင် မမြင်ဘူးလား"

"မြင်တယ် .. ခင်ဗျား ဆွဲပြေးတာ"





"ဘာ!..."

လူရွယ်က ဝင်ပြောပြီး မိုင်း ကို အတင်းဆွဲချုပ်၏။ လူကြီးက မငြိမ်သက်ရုန်းကန်နေသည့် မိုင်း ရဲ့ဇက်ပိုးကို ခပ်ဆတ်ဆတ်ရိုက်ပစ်လိုက်ကာ မျက်လုံးက ထိပ်ထား ဆီမှာ စူးစူးရဲရဲ ..။

"စိတ်ဝေဒနာရှင်တစ်ယောက်ကို ပဋ္ဌည်းမက်ပြီး နင် စည်းရုံးရေးဆင်းနေတာတွေ ငါတို့အားလုံး သိပြီးပြီ"

လူတွေအများကြီး သွားလာနေကြသည့်လမ်းပေါ်မှာ ဘယ်သူမှ မကြားအောင် မျက်နှာရှေ့တိုး၍ ခပ်ကြိတ်ကြိတ် ပြော၏။

"နင့်မျက်လုံးတွေကြည့်ရတာ သတ္တိက မခေဘူးပဲ"

"အန်တီသူ ပြောလိုက်သားပဲ ဘကြီးတိုး၊ ကောင်းကောင်းပြောမရရင် မှတ်လောက်အောင် ပညာပေးခဲ့တဲ့"

ဘကြီးတိုး ဆိုသူက မျက်လုံးတွေ မီးတောက်မတတ်ဖြစ်လျက် ငယ်တဲ့လူက မီးထိုးပေး၏။

"ဟုတ်တယ် .. နင် အခုလိုက်ခဲ့"

"ဘာလို့လိုက်ရမှာလဲ"

ထိပ်ထား နောက်ဆုတ်လိုက်တာနှင့် လူကြီးက လက်ကိုဖမ်းဆုပ်ပြီးသား ဖြစ်သွားသည်။ ပြီးတော့ ...

"ရုတ်ရုတ်သဲသဲဖြစ်ကုန်အောင် မလုပ်နဲ့နော်၊ နင့်ကို ခုချက်ချင်း ရဲလက်အပ်လိုက်လို့ရတယ်၊ ဒီကောင်လေးကို မြူဆွယ်ဖို့ ချောင်းမြောင်းလာနေတဲ့အကြောင်း မကြင် သက်သေရှိတယ်"

ထိပ်ထား ရုတ်တရက် ထိတ်လန့် ကြောင်ငေးသွား၏။ ဖြစ်နိုင်တာ မဖြစ်နိုင်တာထား .. လောလောဆယ် သူမ ရဲစခန်းရောက်လို့ မဖြစ်။

ထိုစဉ် ငြိမ်သက်နေပြီးမှ မိုင်း ခုန်ပေါက်ရုန်းကန်ပစ်လိုက်သဖြင့် လူရွယ် ယိုင်နဲ့သွားကာ မိုင်း က ထိပ်ထား ကို ဆွဲထားသည့်လူကြီးလက်ကိုပါ သူ့ကိုယ်နဲ့ ဖြတ်တိုက် ဖြုတ်ပစ်၏။ သူ ပီသအောင် ပြန်မပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အားလုံးကို နားလည်နေပုံရှိကာ ဒီတစ်ခါ ထိပ်ထား လက်ကို ဆွဲမပြေးတော့ပေ ..။

လက်ကိုတော့ ဆွဲ၏။ လူကိုဆွဲသွားကာ နှစ်ပတ်လောက်လှည့်ပြီးမှ တစ်ယောက်တည်း ဆက်ပြေးလေသည်။

"ပြေးပြီ ဘကြီးတိုး၊ ကျွန်တော့်ခြေထောက် နာနေပြီ"

လူရွယ် ထော့နင်းထော့နင်းပြေးလိုက်ရင်း ဦးတိုး ကိုလည်း လှည့်ပြော၏။ ထိပ်ထား ဆီ ဘယ်သူမှ အာရုံမထားနိုင်တော့ဘဲ မိုင်း နောက်ကိုပဲ ပြေးလိုက်ကြလေသည်။

ကိုယ့်ဒုက္ခကိုမေ့ကာ မိုင်း ပြေးသွားတဲ့ဆီကို ငေးရင်း စိတ်မကောင်းဖြစ်ရပြန်သည်။ ရုပ်ရှင်ဇာတ်လမ်းထဲကလို ပြေးလွှားရင်း၊ လမ်းဖြတ်ကူးရင်း ကားတွေဘာတွေနဲ့ မတိုက်မိပါစေနဲ့ ..။

ဘယ်ကိုမှပြန်မရောက်ဘဲ မသွားတတ်မလာတတ် စားရမဲ့ သောက်ရမဲ့ မဖြစ်ပါစေနဲ့ ဆုတောင်းရင်း လက်ထဲကို မိုင်း ထည့်ပေးသွားသည့် ပစ္စည်းလေးကို လက်ဝါးဖြန့်ကြည့်လိုက်မိ၏။ ရွှေအိုရောင်မွဲမွဲ ကျောက်တုံးလေး ဖြစ်သည်။

ဘဲဥပုံသွယ်သွယ်လေးဖြစ်ကာ ဘဲဥလောက် မကြီးပေ။ ထို့ပြင် မျက်လုံးသူငယ်အိမ်လေးလို ကျောက်သားထဲမှာ ခပ်ဖျော့ဖျော့လေးမြင်နေရလျက် စိုက်ကြည့်လေ မျက်လုံးနဲ့တူလာလေ ..၊

လက်ထဲမှာဆုပ်လိုက်တော့ အေးနေတာလေးက သိသာသည်။ ကစားစရာလေးပဲ နေမှာပါ၊ ဒါပေမယ့် သူ့ခမျာ ပြေးလွှားနေရတာတောင် ဆုပ်ကိုင်ထားရှာသည်။

ကိုယ့်လက်ထဲကိုပဲ မမေ့မလျော့ထည့်သွားခဲ့တာမို့ ထိပ်ထား လွယ်အိတ်လေးရဲ့ အတွင်းဇစ်ထဲမှာ သေချာ ထည့်ပိတ်ထားလိုက်သည်။

စိတ်ထဲမှာတော့ မိုင်း ထွက်ပြေးသွားသည့်ပုံရိပ်လေးက စွဲထင်နေဆဲ ..။





အရာအားလုံးကို မြင်နေရလျက် ထိပ်ထား လေးလံသောခြေလှမ်း
နှင့် ထွက်သွားတဲ့အထိ ကားတစ်စီးပေါ်ကနေ လှမ်းကြည့်နေသူ
ယောက် ရှိနေသည်။

ထိုသူက သုရာဇဝင် ...

မေးရိုးနှစ်ဖက် ခပ်လှုပ်လှုပ်နှင့် ပီကေဝါးရင်း မျက်မှန်ကိုင်ထား
ည့်လက်က စတီယာရင်ပေါ်မှာ ဆန့်လျက်သား ...၊

ထိပ်ထား မြင်ကွင်းထဲကပျောက်သွားမှ ကူရှင်မှာ ကပ်မှီထားသည့်
ကိုယ်ကို နေရာတကျပြန်ထိုင်ကာ မျက်မှန်ပြန်တပ်သည်။

ကားကို အရိပ်အောက်ကနေ ပြန်ဝိုက်ထွက်ရင်း ဖြစ်လာသည့်
ွေးကြောင့် ဟွန့်ခနဲ အသံသဲ့သဲ့နှင့် မဲ့သွား၏။

'မင်းပဲ ငါ့ရှေ့ ရောက်ရောက်လာတာ'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၁၁ ]

"ဒေါ်သူဇာလင်း .. ဟုတ်လား"

လိပ်စာက ဒီလမ်းထဲမှာမို့ အထဲမဝင်သေးဘဲ လမ်းထိပ် မုန့်ဟင်း... ဆိုင်ကို ဝင်စုံစမ်းခဲ့မိ၏။ ဆိုင်ထဲမှာ စားပွဲပုလေးနှစ်ဝိုင်းချထားကာ ... ဝိုင်းမှာပဲ လူကြီးတစ်ယောက် မုန့်စားနေတာ ရှိသည်။

ဒါပေမယ့် ဆိုင်ရှင်လင်မယားအသံကြောင့် ထိုလူကြီးကပါ ... ကြည့်ပြီး ပြုံး၏။ ပြန်ကြည့်လိုက်တော့ ဆိုင်ရှင်တွေက စိတ်မရှည်... သလို၊ အံ့သြသလိုလို ပင့်သက်ရှိုက်၍ သက်ပြင်းပါ မှုတ်ထုတ်လိုက်ရ...

"လာမေးတာ နှစ်ယောက်ရှိပြီ"

"ရှင်!..."

"ဩော် .. တူမနဲ့ သိပ်မကွာဘူး တစ်ယောက် မေးသွားတာ ... ဒေါ်သူဇာလင်း ပဲ"

"ဟုတ်လား .. ဘယ်သူလဲဟင်"

"ယောက်ျားပဲ၊ အမေရိကန်မင်းသားနဲ့တူတယ်၊ ဒါပေမယ့် မြန်... ပဲ ထင်ပါတယ်နော်"

အမျိုးသမီးကြီးက ယောက်ျားကြီးကို လှည့်မေးလိုက်သေးသည်... လူကြီးက ခေါင်းညိတ်ပေမယ့် ဘာမှမပြော ...။





"သူကတော့ ကားနဲ့ပါ၊ တူမတို့ အတူတူ မဟုတ်ဘူးမို့လား"

"မဟုတ်ပါဘူး အန်တီ၊ ထိပ် .. ကျွန်မက ဒေါ်သူဇာလင်း ရဲ့ညီ့... သည်လည်း မဟုတ်ပါဘူး၊ သူ့သားလေးကို စာသင်ပေးဖူးတဲ့ ဂိုက်ပါ"

"သား .. ဟုတ်လား၊ ဒေါ်သူဇာ မှာ ကလေးမရှိပါဘူးနော်"

နောက်ထပ်လှည့်မေးတော့ လူကြီးက သူ့မိန်းမ စကားရှည်နေတာ... ကို မကြိုက်သည့်မျက်နှာတည်တည်နှင့် အရိုးတွေ စီရိကိုင်ထားသည့် ...နံ့ပင်တွေကို ဇကာထဲထည့်လိုက်ပြီးမှ ...

"ဒီလို တူမ၊ ဒေါ်သူဇာလင်း တို့ အစက ဒီမှာနေသွားဖူးတယ်၊ ...ဒါပေမယ့် ပြောင်းသွားကြတာ ကြာပြီ၊ ဒီကဝင်သွားရင် ခြံနံပါတ်ပြား ...တပ်ထားပြီး နံပါတ်မရှိတဲ့ခြံပဲ"

"နံပါတ် မရှိဘူး"

"ဟုတ်တယ်၊ တမင်ဖျက်သွားတာလို့တောင် ပြောလို့ရတယ်၊ သူတို့ ...အကြောင်း မစုံစမ်းစေချင်တာ ဖြစ်မှာပေါ့"

"ဟုတ်ပ .. ဒေါ်သူဇာ ဆိုတာလည်း နိုင်ငံခြား သစ်ကိုယ်စားလှယ် ...ရဲ့မိန်းမလေ၊ မာနကလည်း ခေါင်ခိုက်နေတာ .."

"ကဲ .. မင်းလည်း ကိုယ့်အလုပ် ကိုယ်လုပ်တော့"

အမျိုးသမီးကြီးက စပ်မိစပ်ရာပြောရင်း နောက်ထပ်ပြောဖြစ်တာမျိုး ...ပါ။ လူကြီးကတော့ စုံစမ်းတာမကြိုက်မှန်း ဒေါ်သူဇာလင်း နဲ့ ကိုင် ...ပေါက် ပြောသွားပြီ ဖြစ်သည်။

ဒါပေမယ့် ထိုင်စားနေသည့်လူကြီးက ထိပ်ထား ကိုမော့ကြည့်ကာ...

"သူတို့မှာ ကလေးမရှိပါဘူး သမီးရဲ့ ...၊ ညည်း စာသင်ပေးရတာ ...ဘယ်အရွယ်လဲ"

ဒီမှာရှိနေသူတွေက ဒီအရပ်မှာ ငယ်မွေးခြံပေါက်နေလာကြတဲ့လူ ...တွေလား၊ ကိုယ့်မှာလည်း ဒီနာမည်လေးတစ်ခုကိုပဲ သိလာရကာ မရဲတရဲ ...မေးမြန်းနေတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြင်ကြင် က သူ့အတွက် အပြစ်လွတ်အောင် ဖြစ်သလို ရှာ ထွက်ရမှာဖြစ်ကြောင်း ပေါ်တင်အသိပေးလိုက်ပြီဖြစ်ကာ ဒုက္ခမရော ချင်ရင် မိုင်း နဲ့ကင်းအောင်နေဖို့ ပြောသည်။

ပြီးတော့ မိုင်း ကို သူ့အိမ်က ပြန်ခေါ်သွားပြီပြောသဖြင့် မိုင်း အမေ အမည်ကို ထိပ်ထား က ထပ်မေးတာကို တအံ့တသြ မယုံသင်္ကာကြည့် ခဲ့သေးသည်။ ပြောတော့ ပြောပြလိုက်ကာ ...

"ငါက ကိုယ့်အတွက်တစ်ခုကလွဲပြီး ဘာကိုမှကြည့်မှာမဟုတ်ဘူး နော်၊ ခုကစပြီး ညည်းနဲ့ငါ ရန်သူဖြစ်ချင်ဖြစ်သွားမှာ၊ နောက်ထပ် လုံး မလာခဲ့နဲ့" တဲ့။

ထိပ်ထား စိတ်တွေ ဒေါ်ကြင်ကြင့် ထံ ခဏလေး ပြန်ပြေးသွား လျက် ...

"ဟုတ်ကဲ့ပါ.. အရမ်းကျေးဇူးတင်ပါတယ်နော်၊ ကျွန်မ ကလေး အမေနာမည် မှားပြီး မေးမိတာထင်တယ်၊ ခွင့်ပြုပါရှင်"

အားလုံးကိုနှုတ်ဆက်ပြီး ထွက်လာခဲ့တော့ မိုးဖွဲလေးတွေ တဖွားဖွား ကျလာကြ၏။ ဒီလထဲမှာ မိုးသိပ်ရွာတာလည်းမဟုတ်ဘဲ အုံ့မှိုင်းမှိုင်း ဖြစ်နေတတ်ကာ ရွာပြီဆိုလည်း ဒီလောက်နဲ့ပဲ ပြီးသွားတတ်၏။

ထီးမပါ အရိပ်မဲ့သူတစ်ယောက်အတွက်တော့ မိုးရွာနေတိုင်း မြေ လမ်းတွေက ညစ်ထေးနေခဲ့၏။ ရာသီအုံ့မှိုင်းနေသလို ပစ္စုပ္ပန် အနာဂတ် တွေပါ ဝေဝါးသွားသလိုပင် ..။

ထိပ်ထား တမင်တကာ စလွယ်သိုင်းချိတ်ထားခဲ့သည့်အိတ်ကြီး လေးမှာ လက်နှစ်ဖက်စလုံး ဆုပ်ကိုင်ထားရင်း မိုးရွာထဲမှာ လျှောက်နေ ပေမယ့် ရေပြင်ကို မြေပြင်လိုပဲ ထားခဲ့လိုက်သည်။

ဆံပင်တွေစိုအောင် မိုးစက်တွေ အားများလာလျှင် မျက်နှာလေးမော့ လိုက်၊ ဆံပင်တွေကို လက်နဲ့ထိုးသပ်ချလိုက် ..။

ထိုစဉ် တီခနဲ ကားဟွန်းသံနှင့်အတူ လမ်းမဘက်ကို ဝိုက်တက်လာ





သည့်ကားက လှုပ်ရှားမှုနှေးကွေးနေသည့် သူမအပြစ်အတွက် ညှာတာ ခြင်းမဲ့စွာ ..၊

"အား!.."

ဆုတ်လိုက်သော်လည်း ကမန်းကတန်းမို့ လမ်းဘေး အနိမ့်ပိုင်းမှာ ထိပ်ထား နောက်ပြန် ပုံခနဲ ပစ်လဲ၏။

ကားက ရှေ့ရောက်သွားပြီးမှ ပြန်ဆုတ်လာသည်။ နောက်နည်း နည်းထပ်ဆုတ်သွားပြီးမှ ရပ်ကာ ဆင်းလာသူက သုရာဇဝင် ..၊ ရှပ်အင်္ကျီ အဖြူပေါ်မှာ ကုတ်အင်္ကျီအနက်၊ ဘောင်းဘီအရှည်အနက်နှင့် ...

"ဆောရီးကွာ .. လွတ်မှာပဲထင်ပြီး ဟိုဘက်ကချိုင့်ကို ရှောင်လိုက် တာ"

ချိုင့်ဆိုတာကို သူ မေးဆတ်ပြသဖြင့် ထိပ်ထား မျက်လုံးရောက်သွား သည်။ လမ်းအစပ်ကနေ ဝလုံးလို ဝိုင်းစိုင်းခွက်ခွက်နှင့် ချိုင့်ကြီး တကယ် ရှိနေတာကိုမြင်ရသဖြင့် ကိုယ့်အဖြစ်ကိုပဲ တရားကျမိခဲ့သည်။

အကာသိုလ်ဝင်ပြီဆို အလုံးလိုက် အခဲလိုက် တဲ့။

သူမ ဤသို့ဖြစ်နေပြီလား ..။

"မင်း ဘာဖြစ်သွားလဲ"

ထိပ်ထား ရှေ့မှာ ခြေဖျားထောက်ထိုင်ကာ လူနဲ့အတူ မြက်ဖုတ်ပေါ် မှာ ဖေးတင်နေသည့် ထိပ်ထား ရဲ့အိတ်ကို ကောက်ကိုင်သည်။

"ရပါတယ်"

ထိပ်ထား ကိုယ့်အိတ်ကိုပြန်ဆွဲယူလိုက်ကာ နောက်ရောက်သွား အောင် ပခုံးပေါ် ထပ်ဆွဲတင်ပြီး ပြုပြင်၏။ ပြီးမှ သေချာထိုင်ချနေသလို ရှိသည့် ကိုယ့်အဖြစ်ကို ပြန်ထရပ်ဖို့ ကြိုးစားသည်။

"ဘာလဲ .. မင်း ငါ့ကို စိတ်ဆိုးသွားတာလား"

သူက ထပ်မေးပြီး အလွယ်တကူ ထမရပ်နိုင်သေးသည့် ထိပ်ထား လက်မောင်းကို သူ့ဆုံးဖြတ်ချက်နှင့်သူ ဆုပ်ကိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်ပါ .. ရှင့်ကို ဘယ်သူက ထူခိုင်းနေလို့လဲ"

"မခိုင်းလည်း ကိုယ့်ကားနဲ့ဖြစ်တာမို့လို့ ထူပေးတာလေ၊ မင်း အ ထလို့ရသလား"

ထိပ်ထား သူ့လက်ကို ဖယ်ချပစ်လိုက်ပြီး ခေါင်းခါသည်။

"ကိုယ့်ဘာသာပဲ ရအောင်ထမယ် .. ဖြစ်တယ်"

သူ စိတ်မရှည်သလို ဆတ်ခနဲ ထရပ်၏။ ထိပ်ထား ခပ်နှဲ့နှဲ့ထရပ်ကာ ကိုယ့်ဒူးနှစ်ဖက်ကို ခါးလေးကုန်း၍ သေချာဖိနှိပ်နေသည်။

ဒါကိုကြည့်၍ သုရာဇဝင် ရှေ့ပြန်တိုးလာကာ ...

"ဘာဖြစ်သွားသေးလဲ၊ ဆေးခန်းဖြစ်ဖြစ် လိုက်ပို့မယ်၊ မင်းကို ဘယ် မှမထိဘူး"

"ရပါတယ်ဆို ဘယ်လိုဖြစ်နေတာလဲ"

ပြောလိုက်တုန်းက ရန်တွေ့သလိုပဲဖြစ်လျက် ပြောရင်း ထိပ်ထား မျက်နှာလေး ပြေပြေငေးငေးလေး ဖြစ်သွား၏။

တကယ်ခံစားလိုက်မိတာက ဘာမှအဆင်မပြေသေးတဲ့ ကိုယ့်ရဲ့ ခြေလှမ်းတွေကိုပါ။ သူ့ကို ဒေါသထွက်တာ မဟုတ်ပေ။ ထို့ပြင် ဒီလူ သုရာဇဝင် ဆိုတာ သိနေပြီးမှ ရောနှောခေါ်ပြောနေလို့ မဖြစ် ...။

"ကျွန်မလည်း ကားတိုက်ခံချင်လို့ မဟုတ်ဘူး .. ရှင်လည်း တမင် လုပ်တာ မဟုတ်ဘူး၊ ကျွန်မက ကျေနပ်တယ်ဆိုရင် ပြီးတာပဲ"

"နေဦး .."

ထိပ်ထား ဟန်ဆောင်ထားပေမယ့် ခြေထောက်က နည်းနည်းတော့ နာနေသည်မို့ ခပ်ယောင့်ယောင့် ...။

"ဟိုတစ်ခါ ကိုယ်ပြောဖူးတာကို မင်း တင်းနေတာလား"

"မဟုတ်ပါဘူး .. ဘာမှမဟုတ်ဘူး၊ ရှင့်လမ်း ရှင်သွားပါ"

"သွားလို့ရပါတယ်၊ ဒါပေမယ့် ဘေးလူ အမြင်မတော်ဘူးလေ မတိုက်မိပေမယ့် ကိုယ့်ကြောင့်ဖြစ်သွားတာ"





"အမြင်မတော်တာ တော်တာ သူတို့ကိစ္စပါ"

ထိပ်ထား ခွတ်ထွက်သွားသည်။ နောက်က လေးငါးလှမ်းထိ လိုက် ပြီးမှ သုရာဇဝင် ရပ်ကျန်ခဲ့၏။

ဘေးအိတ်တွေ နှစ်ထပ်လောက်ဆင့်ပါသည့် ဂျင်းဘောင်းဘီ သရီး ထားအသိုရောင်လေးနှင့် အဖြူအနက်ကွက် စပို့ရှပ်ရိုးရိုးလေးကို ထားသည်။ သူမကို မြင်နေကျပုံအတိုင်း နီကျင်ကျင် မတိုမရှည် ဆံပင်ပါးလေးတွေကို နှစ်ဖက်ခွဲစည်း၍ ရှေ့မှာချထား၏။

အရောင်တောက်တောက်လည်း ဝတ်တာ မမြင်ဘူးပေ။ ဒါပေမယ့် အဝတ်ထားထား ဖြူနုဝင်းအိနေသော သူမရဲ့မျက်နှာနဲ့ လက်မောင်း လေးတွေက အဝတ်စားရောင်ပေါ်မှာ အမြဲတမ်း လွှမ်းမိုးပေါ်လွင်နေ ၏။ ကားပေါ်တက်လိုက်ပြီး သူမ ထွက်သွားသည့်နောက်ကို ဖြည်း ည်း ကပ်သွားမိလျက် ...

"ဟိတ် .."

ဘေးချင်းယှဉ်မိတော့ ကားရပ်ခေါ်လိုက်သည်။ သူမကလည်း ခြေ မ်းတွေ ရပ်သွားပြီး မော့ကြည့်သည်။

"မင်းရဲ့ဘောင်းဘီနောက်မှာ ပေကျံကုန်ပြီ၊ ကားပေါ်တက်ပါ၊ မင်း အဝတ်လဲလို့ရတဲ့ တစ်နေရာရာ ကိုယ် ပို့ပေးခဲ့မယ်"

ပြောနေရင်း သူ ဆင်းလိုက်သဖြင့် ထိပ်ထား ရဲ့ဘေးမှာ မျက်နှာချင်း ဆိုင် ...

"တကယ်ပြောနေတာ .. ရွှံ့တွေ အရမ်းပေနေတယ်"

ထိပ်ထား လက်နဲ့ပြန်စမ်းကြည့်လိုက်ပြီး ရှက်ကိုးရှက်ကန်းလေးဖြစ် သွား၏။ လမ်းမပေါ်လည်းရောက်နေပြီမို့ လမ်းဘေး လက်ဖက်ရည်ဆိုင် ထဲက လူတချို့ လှမ်းကြည့်နေကြတာကိုလည်း မြင်သည်။ သို့သော် သူ့ကားပေါ်လိုက်သွားဖို့ မဖြစ်နိုင်တာက ကိုယ့်အကြောင်းနဲ့ ကိုယ် ...။

"နေပါစေတော့ .. ဘယ်မှမသွားတော့ဘဲ ပြန်လိုက်ရင်ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သုရာဇဝင် ဒေါသတော့ဖြစ်ချင်လာ၏။ ဘာလဲ ..၊ လူကို မတူသ
မတန်သလို ..၊

ဒါမှမဟုတ် ရောကောသောကော လိုက်ဖောနေတယ် ထင်လို့လား
ဘောင်းဘီနောက်မှာ ရေစိုကွက်ကြီးနှင့် အမှိုက်တချို့ကပ်နေတာလည်း
ရှိသေးသည်။ သူမ မရှက်ဘူး ဘယ်လိုပြောပြော ဒါ မဖွယ်ရာသည့်
မြင်ကွင်း ဖြစ်သည်။ လူကို ရှောင်ထွက်ဖို့ပဲ အရေးကြီးနေတာ သူ
ဘာကောင်မို့လို့လဲ ..၊

"ကျွတ်!.."

တွေးရင်း ခံရ[illegible]လာသည်။ ကိုယ်နဲ့ဘာမှမဆိုင်ဘဲ ရေစိုကွက်ကြီး
နဲ့ သူမကို ဒီတိုင်းကြည့်မနေနိုင်သည့်ခံစားချက်ကလည်း နှိပ်စက်၏

တွေ့မယ် .. မင်း ..၊ သူ ကားပေါ်ပြန်တက်သည်။ ဒီတစ်ခါ
သူမဘေးမှာ ကားရပ်လိုက်တာနှင့် တံခါးပါဖွင့်ထားလိုက်ပြီးဖြစ်ကာ-

"အို!... ဘာလုပ်တာလဲ၊ ရှင်နော်"

"ဘာလဲ .. အော်မလို့လား၊ လုပ်လေ .. ဒါ သူ့ဈေးကို တစ်ခါတည်း
အပိုင်ရတဲ့နည်းပဲ"

"ဖယ် .. လက်ကို"

ထိပ်ထား ကားပေါ်ရောက်မှ လက်ကို ဆောင့်ဖြုတ်ပစ်၏။ သူ
တံခါး သေချာပိတ်ကာ ဟိုဘက်မှာ သွားထိုင်လိုက်ပြီးမှ ...

"မာနတွေ ငယ်ထိပ်တက်စုပြီး လူလည်း ပိပြားသွားဦးမယ် သိလား"

"မာနကြီးတယ်ထင်လည်း မခေါ်နဲ့ပေါ့၊ ဒီမှာ .. ရှင် ခုနပြောလိုက်
တဲ့စကားကြောင့် ကျွန်မ ငြိမ်နေလိုက်တာ၊ ဟိုရှေ့မှာ ဆင်းမယ်"

"ကိုယ့်ကားမှာလည်း ပေကုန်ပြီလေ၊ မင်းဆင်းသွားတော့ ဘာထူး
မှာလဲ၊ အဝတ်စားလဲပြီးမှဆိုရင် မင်း အိမ်ပြန်လှည့်ဖို့လည်း မလိုဘူး
မဟုတ်ဘူးလား"

"ကျွန်မမှာ အဝတ်အစားဝယ်ဖို့ ပိုက်ဆံမပါဘူး၊ ရှင်က လိုက်ဝယ်





ပေးပြီး နောက်ထပ် ..."

"နောက်ထပ် ဘာမှမရှိစေရဘူး၊ မင်းလိုချင်တာ ဝင်ယူ၊ ကိုယ့်ကို
မင်း မတွေ့ရင်ပြီးရောပေါ့"

ပြောပြီး သူက ခဏစောင့်သည်။ ထိပ်ထား ဘာမှမပြောတော့မှ
ကားမောင်းထွက်လိုက်ကာ ...

"ကိုယ့်ကို မင်း သိတယ်မဟုတ်လား ..၊ ဒေါ်နန်း အိမ်ကို လာတဲ့
ဧည့်သည်"

ထိပ်ထား ခေါင်းခါမလို့ပဲ ဖြစ်သည်။ ဒါပေမယ့် ကိုယ်က ဒီအိမ်ထဲ
ကို ဝင်ထွက်နေတာ သူသိနေတာမို့ ခေါင်းညိတ်ခေါင်းခါရဲ့ကြားထဲမှာ
ဘာမှလည်း မဖြစ်မြောက်ခဲ့ ..။ သူက ထိပ်ထား ကို ကြည့်ပြီး ပြုံးသည်။

"ဒေါ်နန်း အိမ်မှာ မြတ်သောထိပ်ထား ကိုတော့ မင်း သိမှာပေါ့"

ဒါလည်း သူမ မပြောနိုင် ..။

"ကိုသု နဲ့လက်ထပ်ဖို့ လူကြီးချင်း သဘောတူထားတာလေ၊ အခု
ကိုယ်က ကိုသု ကိုယ်စား လာတဲ့သူ"

"ဘယ်လို .."

"အပွန်း .. ရှေ့ပြေးလေ့လာသူပေါ့၊ ကိုသု နဲ့ ကိုယ်တို့က နှစ်
ယောက် တစ်ဘဝလို နေကြတာ"

"နှစ်ယောက်တစ်ဘဝဖြစ်ဖြစ်၊ နှစ်ကိုယ့်တစ်စိတ်ဖြစ်ဖြစ် မိန်းမ
တစ်ယောက်ကို နှစ်ယောက်စလုံး ယူလို့မှ မရတာ"

သူက ကားမောင်းရင်း သွားတွေပေါ်အောင် ရယ်သည်။ အသံ
မထွက်ပေမယ့် နှုတ်ခမ်းတွေက တော်တော်နဲ့ပြန်မစေ့ခဲ့ပေ။ ထိပ်ထား
မျက်လုံးထဲမှာလည်း ဒီလူ ပြုံးတာရယ်တာကိုပဲ ရိုးရိုးမြင်လို့မရဘဲ ဖြစ်
နေခဲ့ရာ ခုလို သုရာဇဝင် မဟုတ်တဲ့လူမှန်းသိတော့ ပိုဆိုးသည်။

သူနဲ့တော့ မဆိုင်ပေမယ့် ကိုယ်က ထိပ်ထား ဖြစ်နေသည်မို့ သု
ရာဇဝင် လုပ်ချလိုက်ပုံကြောင့် ရင်ထဲမှာ အောင့်သက်သက်ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က သူတို့ကို ဘာမှမပြောဘဲ ဟိုလူလိုလိုနဲ့ ဟန်ဆောင်နေတာလား"

"ဟုတ်တယ်၊ ဒါမှ ကိုသု သိချင်တာတွေ သိရမှာပေါ့"

"တကယ့်လူထင်ပြီး အတင်းယုံကြည်ချင်နေမယ့် မိန်းကလေးအတွက်တော့ မတွေးဝံ့စရာပဲ"

"ကိုယ် တကယ့်လူပါ"

အဲဒီပြောတာကိုလည်း မျက်နှာပြောင်သည်လို့ထင်ကာ ထိပ်ထားလှည့်ကြည့်မိသေးသည်။ သူက ရှေ့ကိုပဲကြည့်မောင်းနေလျက် ...

"ဘယ်သူထင်ထင်ကွာ .. ကိုသု အတွက် အဆင်ပြေဖို့ပဲလိုတာ၊ ကိုယ့်ကို သူ ယုံကြည်တယ်၊ မြတ်သောထိပ်ထား ယုံကြည်ဖို့ မလိုဘူး"

"သူက မလိုချင်လို့ တမင်အကွက်ရွှေ့တာမျိုးလား"

"ဟုတ်နိုင်တယ်၊ ဒါပေမယ့် သူ မယုံကြည်တာ အပြစ်မဟုတ်ဘူးလေ၊ အဲဒီအိမ်ကလူတွေလည်း ရိုးသားကြတာမှ မဟုတ်ဘဲ"

ကားက ကားနဲ့မတူလောက်အောင် တအိအိနှင့်လိမ့်သွားနေသလိုရှိလျက် ညာဘက်အတိုင်း ကွေ့ဝင်သွားခဲ့ပြီး ...

"မြတ်သောထိပ်ထား ကိုယ်တိုင် မရိုးသားတာလား၊ အဲဒီမိသားစုက မရိုးသားလား တစ်ခုခုလွဲနေပြီဆိုတာ ကိုယ် တွေ့တယ်"

ထိပ်ထား မျက်နှာပူသွားသည်။ သူ လှည့်ကြည့်လိုက်မှန်းသိကာ မျက်နှာ တစ်ဖက်လွှဲပစ်မိ၏။

"မင်း သူတို့ခြံထဲမှာနေတာ ဟိုညီအစ်မနဲ့ မရင်းနှီးဘူးလား"

"မရင်းနှီးဘူး"

"ဘာမှမတော်ဘူးပေါ့"

"နေစရာမရှိလို့ တောင်းပန်ပြီး ကပ်နေရတာ"

ဒါကတော့ မုသားမပါသည့်စကားပါ။ သူက လှည့်ကြည့်ပြီး မျက်မှောင်ကုတ်လျက် ...





"နောက်ဖေးပေါက်က တိုးဝင် .. ပြန်ထွက်ဆိုတဲ့ ခွင့်ပြုချက်နဲ့လား"

"ဒါက ကိုယ့်အကြောင်းနဲ့ကိုယ်ပါ"

ထိပ်ထား မျက်နှာလေးတင်းနေသလို သူကလည်း အဖြေပေါ်မှာ အနုပ်ပုံမရှိသည့် မျက်ခုံးနှစ်ဖက် စုတွန့်လျက်နှင့် ...

"ကိုသု ရဲ့အဖေက မြတ်သောထိပ်ထား အတွက် စိတ်ပူတယ်၊ သူ့မိတ်ဆွေရဲ့သမီးတစ်ယောက် ဒုက္ခရောက်နေရှာတယ်ဆိုပြီးတော့ .."

ဒီလူ ပြောသမျှတွေက ထိပ်ထား ရဲ့နားစည်ကို တစ်စုံတစ်ခုနဲ့ ဆွနက် ရိုက်ပုတ်နေသလိုပင်။ မသိဘူးဆိုလည်း မေး၊ မဆိုင်ဘူးဆိုတာတွေလည်း ပြော ..၊ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိနေသလို ခံစားလာရကာ အနေကျုံ့ခြင်းကို စိတ်ပျက်လာမိ၏။

"ဒါပေမယ့် ကိုယ်မြင်နေတဲ့ မြတ်သောထိပ်ထား က အန်ကယ်လ်ထင်သလို မဟုတ်ဘူး၊ သူ ဒီမှာ အဆင်ပြေနေတယ်"

"ဒါဆိုလည်း ရှင့်ရဲ့ ကိုသု အတွက် အကြောင်းပြကောင်းကောင်းရတာပေါ့၊ ဒီက အကြောင်းတွေစုရုံးပြီး သူ့အဖေဆီ တင်ပြလိုက်ရုံပဲ"

"သူ့အဖေနဲ့ သူ့အကြောင်း မင်းကို ကိုယ် မပြောရသေးဘူး ထင်တယ်"

"ဟင်!..."

ထိပ်ထား မျက်လုံးလေး ဖျတ်ခနဲဝိုင်းသွား၏။ ချက်ချင်းပဲ မျက်လွှာချပစ်မိကာ ချက်ချင်း ပြန်မော့၏။ ခဏအတွင်း အမျိုးမျိုးလှုပ်ရှားသွားသည့် ထိပ်ထား မျက်နှာလေးကို သူက မှန်ထဲကနေ လှမ်းကြည့်ပြီး ပြုံးသည်။

"မင်းက သူတို့နဲ့မရင်းနှီးဘူးဆိုလို့ အံ့သြသွားတာပါ၊ သူတို့နဲ့ ပြောဆိုဖူးလို့ ဒါကိုသိထားတယ်ဆိုလည်း ကိုယ် လက်ခံပါတယ်"

သူ့ဘက်က ပြန်လျှော့ချလိုက်သော်လည်း နှုတ်ခမ်းမှာတင်နေသည့် အပြုံးကြောင့် ထိပ်ထား နေရတာ အထာမကျနိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကားက ဘယ်လိုလဲ၊ ရပ်နေတာလား .. သွားနေတာလား"

"သွားနေတာပါ"

ရွှဲ့မေးတာကို ရွှဲ့ဖြေသည်။ မျက်နှာက ဘာမှမသိလိုက်သလို ခပ်တည်တည်၊ သိသာစွာကားနေသည့် မေးရိုးနှစ်ဖက်မှာ နားသယ်စပ်က ဆင်းကျနေသည့်မွေးညင်းတို့ဖြင့် ဘေးကကြည့်တော့ ခနဲ့တာတွေ ရှဲ့တာတွေ ဘာမှမတတ်သည့် လူကြီးတစ်ယောက်ပုံစံ ...။

"မင်းနဲ့ကိုယ် စကားပြောချင်တာနဲ့ ကားက ပိုင်ရှင်အလိုကျဖြစ်သွားတယ် ထင်တယ်"

"ရှင်က ကျွန်မနဲ့ ဘာပြောစရာတွေ ရှိနေလို့လဲ"

"မင်းနာမည် .."

"မြတ် .."

"တစ်လုံးတည်းလား၊ ကိုယ့်နာမည်ကလည်း 'ကို' တစ်လုံးပဲ"

ဟုတ်လို့လား ..၊ ထိပ်ထား သူ့ကို သေချာကြည့်မိတုန်း သူက ပြန်လှည့်ကြည့်ကာ ...

"မင်း အဆင်ပြေသလို ခေါ်လို့ရပါတယ်"

"ဘယ်လိုခေါ်ခေါ် အဆင်ပြေမှာ မဟုတ်ဘူး"

"ဟွန်း .."

"ခေါ်ကြည့်ဖို့လည်း မရှိပါဘူး၊ ရှင့်ကို ကျွန်မ တစ်ခါတည်း ပြောပါရစေ၊ ရှင်က ကျွန်မအိမ်ရှင်တွေရဲ့ဧည့်သည်၊ ကျွန်မက သူများကြည်ဖြူဖြူ မဖြူဖြူ ခိုကပ်နေရတဲ့ဘဝ၊ ရှင့်ကို ကျွန်မ မပတ်သက်ချင်ဘူးဆိုတာကို ရှင် နားလည်သင့်တယ်"

"အဲဒီတော့ ကိုယ် ဘာလုပ်ပေးရမလဲ"

"နောက်ကို နှုတ်ဆက်ခေါ်ပြောတာတွေ ဘယ်မှာတွေ့တွေ့ မလုပ်ပါနဲ့"

"ဘယ်မှာတွေ့တွေ့ဆိုတာတော့ လွန်တာပေါ့၊ အဲဒါ မဖြစ်နိုင်ဘူး"





သူကလည်း ဂရုမစိုက်တတ်သည့်မျက်နှာနှင့် အတိအကျပြင်းသည်။ ပြီးတော့ သူ့မျက်နှာလှည့်လာလျှင် မကျေညက်သည့်မျက်ဝန်းတွေ ဆုံမိကြ၏။ သူက ရှေ့ပြန်လှည့်သွားပြီးမှ ...

"မင်းအတွက် ကိုယ် အစကတည်းက နားလည်ခဲ့တာပါ၊ အဲဒါ ဘာလဲ သိလား .. ဒီနေ့ထိ မင်းအကြောင်း သူတို့ကို ဘာမှမမေးခဲ့ဘူး"

ဟုတ်သည်၊ ဆွန်း လာပြောတဲ့ပုံစံက သူ့ကို သုရာဇဝင် အမှတ်နဲ့ ဖြစ်ကာ ထိပ်ထား နဲ့သူ ဆုံစရာအကြောင်းမရှိဘူးလို့ တွက်ထားတာမျိုး။

ပြီးတော့လည်း သူက သုရာဇဝင် မှ မဟုတ်ဘဲ။

ထိပ်ထား ကိုယ့်ခြေလှမ်းကိုယ် လွတ်လပ်ခွင့်ရဖို့ ကြံဖန်တွေးကြည့်နေမိသည်။ ဒါပေမယ့် ဆွန်း တို့အမြင်မှာ သူက သုရာဇဝင် ပဲမို့ တစ်နေရာရာမှာ သူနဲ့ ထိပ်ထား ကို တွဲလျက်မြင်သွားလျှင် မလွယ်။

ကြောက်ရွံ့စရာမဟုတ်ပေမယ့် ကိုယ်လည်း ကတိပေးထားပြီးပြီ၊ နောက်ထပ် စွပ်စွဲပုတ်ခတ်ပြောလာမှာတွေကိုလည်း မခံချင်။ ထို့ကြောင့် ...

"ဘာပဲဖြစ်ဖြစ် ကျွန်မဘက် တုံ့ပြန်မှုတွေက ရှင့်အတွက် ယဉ်ကျေးချိုသာဖွယ်ဖြစ်မှာ မဟုတ်ဘူး၊ ကြိုပြောတာပါ"

သူက ခပ်မဲ့မဲ့ပြုံးလိုက်ပြီး ကားကို အရှိန်တင်လိုက်၏။

"အိုခေ .. မင်းနဲ့ကိုယ် စလို့ရပြီ"

"ဘာ!..."

သူက ပြန်မဖြေတော့ပေ။ မီးပွိုင့်ဖြတ်ဖို့ စွတ်တင်ပစ်လိုက်သဖြင့် ကားထဲက စိတ်တွေ လမ်းဆီရောက်သွား၏။

ဘာကို 'စ' လိုက်မှန်းတော့ မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၂]

ဗိုက်ဆာနေပြီ ဖြစ်သည်။ လွယ်ထားသည့်အိတ်ထဲမှာ ပေါက်စီ တစ်လုံးလည်း ရှိနေ၏။ ဒါပေမယ့် စားသောက်ဖို့ထက် အရေးကြီးတာ က နိုင်ငံခြားဧည့်သည်တွေနဲ့ ပြောလက်စမပြတ်သဖြင့် ရေသောက်ဖို့ တောင် အချိန်မပေးချင် ..။

မဟာဝိဇယကုန်းတော်ပေါ်ကနေ ရွှေတိဂုံစေတီတော်ကြီးကို လှမ်း မြင်ပြီး သူတို့မေးသမျှ ထိပ်ထား အားလုံးပြောပြနေရ၏။

ရန်ကုန်မရောက်ခင်ကတည်းက မာမီ သင်ပေးထားခဲ့သမျှကို လေယာဉ်ပေါ်မှာပဲ ပြန်လှန် ဖတ်ရှု မှတ်သားခဲ့သည်။

"ဘယ်နိုင်ငံရောက်နေနေ မြန်မာလူမျိုးနဲ့ သူ့ဘာသာတရားက ကွဲ ကွာနေတာ မဟုတ်ဘူး၊ ကိုယ့်နိုင်ငံက တန်ခိုးကြီးဘုရားတွေရဲ့သမိုင်း ကြောင်းတွေကို သမီး သိရမယ်၊ လက်လှမ်းမီသလောက် လေ့လာထား တာမျိုး မဟုတ်ဘူး၊ နှိုက်နှိုက်ချွတ်ချွတ် ဘာမဆို သိနေတာမျိုး" တဲ့။

မာမီ့ကျေးဇူးတွေကို တမ်းတကြည်နူးရင်း နိုင်ငံခြားသားတွေ အတွက် ထိပ်ထား ဂိုက်ဒ်လုပ်နေတာ ဒါနဲ့ပါဆို သုံးကြိမ်လောက်ရှိပြီ ဖြစ်၏။





ရည်ရွယ်ခဲ့တာ မဟုတ်ပါ။ သူတို့အချင်းချင်းပြော၍ ပဟေဠိဖြစ်နေ တာတစ်ခုကို ထိပ်ထား ဝင်ပြောပေးလိုက်ရင်း နောက်ထပ် မေးဖြစ် ပြီဖြစ်သွားတာ ဖြစ်သည်။ ထိပ်ထား စကားပြောတာကို သဘောကျကာ ဒုတိယအဖွဲ့ကဆို သူတို့ခေါ်လာသည့်ဂိုက်ကိုတောင် ဘာမှပြန်မမေး တော့ဘဲ ခင်ခင်မင်မင်တွေ ဖြစ်သွားခဲ့ကြ၏။

အလုပ်အကိုင်မရှိ၊ ရှိတဲ့အလုပ်ကို မြဲအောင်မလုပ်နိုင်သော သူမ အတွက် ရှာဖွေနေရသည့်ငွေကြေးထက် အဆများစွာပိုသည့် ဝင်ငွေ ကြောင့် ဘုရားပေါ်ကိုပဲ မကြာခဏ လာဖြစ်သည်။

ဒါက စည်းကမ်းမဲ့သလို ရှိပေမယ့်လည်း မတတ်နိုင် ..။

ဒီနေ့က တတိယအကြိမ် ပြောဆို ပါဝင်ခဲ့ရတာ ဖြစ်သည်။ မဟာ ဝိဇယဘုရားမှာ လူကလည်း ရှင်းနေသဖြင့် ပိုလွတ်လပ်၏။

အားလုံးက ထိပ်ထား ကို လက်ဆွဲနှုတ်ဆက်ကြသည်။ စကားပြန် ဂိုက်ဒ်တစ်ယောက်လိုမဟုတ်ဘဲ မိတ်ဆွေတွေလို တလေးတစားဖြစ်၏။

နောက်နေ့ ဘယ်ကိုလိုက်ခဲ့ပါ၊ ဘယ်မှာတွေ့မယ်ချိန်းတော့ ခေါင်း မညိတ်နိုင်ခဲ့ပေ။ ကိုယ့်ဘဝက ညဥ့်ငှက်လိုတော့ အဖြစ်မဆိုးသေးပေမယ့် တခြားသူတွေနဲ့ ယှဉ်ပြိုင်ရှေ့တက်ပြီး နေရာဝင်ယူလို့ မဖြစ်နိုင်..။

အမှတ်တမဲ့ဆိုတာ သတ္တိမွေးလိုက်လို့ ရသည်။ တမင်တကာကျ တော့ ရှောင်ရှားရမှာတွေရှိသည်မို့ ခေါင်းခါခဲ့ရ၏။

ရတာလေးတွေကို ကျောပိုးအိတ်လေးထဲ သေချာထည့်သိမ်းရင်း အရိပ်ကောင်းသည့်နေရာလေးမှာ ကျကျနန ထိုင်လိုက်၏။ စိတ်ညစ် စရာတွေ ခဏဖယ်ထားကာ တိုင်လုံးကြီးကိုကျောကပ်၍ ပေါက်စီစားရ တာ ဘယ်အရသာနဲ့မှ မတူ ..။

တစ်နေ့တစ်နေ့ ထမင်းမစားဖြစ်တဲ့နေ့ ရှိသွားတတ်ပေမယ့် ပေါက်စီ မစားတဲ့နေ့ မရှိခဲ့သေး။ ပိုက်ဆံရှိလို့ဖြစ်စေ၊ မရှိလို့ဖြစ်စေ သူမအတွက်က စားသောက်ဖို့ဆိုတာ မသေရုံ၊ ဝမ်းဝရုံ ဒီလောက်ထိပဲ



www.burmeseclassic.com

www.burmeseclassic.com



နေရာထားသည်။

မကုန်မဖြစ် ကုန်ရမှာတွေကျတော့ မစားရလို့ ဗိုက်မှောက်နေရမယ့် အဖြစ်ထက် ပိုဆိုးမှာတွေရှိသည်။ အထူးသဖြင့် ဒက်ဒီ့ကိစ္စအတွက် သူမ မျက်ခြည်မပြတ် လိုက်နိုင်ဖို့ဆိုတာ ငွေမရှိလို့ မဖြစ် ..။

ထို့ကြောင့် စားသောက်နေထိုင်ရေးအတွက် ကြံသလို ကျသလို ရင်ဆိုင်နေရကာ ရသမျှကို အိတ်ထဲထည့်ပိတ်ပြီး ကုတ်ခြစ် ကိုင်စုထားရ၏။ ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ်မို့ ထိပ်ထား ဆင်းရဲပင်ပန်းလှသည် မထင် ..။

မျိုချရတာလေးတွေ အရသာရှိနေသည်။ ဆင်းရဲနေတာကိုလည်း နိမ့်ကျပါလားလို့ မတွက်မိအောင် ကြိုးစားခဲ့၏။ ခုဆို .. သူမ ကြိုးစားသမျှ အရာထင်နေပြီပဲ။

"အဟွတ် .. အဟွတ် .. အဟွတ်"

စိတ်အတွေးတွေနဲ့ မျိုချလိုက်တဲ့ရေ ဘယ်လို ကတောက်ကဆတ် ဘယ်လိုဖြစ်ကုန်သည် မသိ။ ရုတ်တရက် ရေသီးကာ နောက်ဆုံးလက်ကျန် မျိုမချရသေးတာလေးတွေတောင် ပြန်၍ ခုန်ပေါက်ပါသွားကြ၏။

"အဟမ်း .. အဟမ်း"

ချောင်းဆိုးရပ်သွားအောင်ထိန်းရင်း မျက်ရည်တွေပါ ကျ၏။ ရေသန့်ဘူးလေးပြန်ပိတ်ကာ ရေနည်းနည်းပဲကျန်တော့တာကို မြှောက်ကြည့်ပြီး ထပ်မသောက်တော့ဘဲ အိတ်ထဲပြန်ထည့်လိုက်စဉ် ...

"ရေတော့ ဝအောင်သောက်ပါကွာ ..၊ ကိုယ့်မှာ ပုလင်းအသစ် ရှိတယ်၊ ရော့ .."

နောက်ကအသံ ..၊ ထိပ်ထား ဆတ်ခနဲ လှည့်ကြည့်၏။ တိုင်လုံးကြီးရဲ့ဟိုဘက်မှာ 'ကို' ဆိုတဲ့လူ ..။

"ရှင်က ဒီမှာ .."

မေးရင်း သူ့ဘက်ကို ထိုင်လျက်လေးအတိုင်း လှည့်လိုက်မိကာ -





"တိုက်ဆိုင်တာဆိုရင် အံ့သြစရာပဲ၊ ရှင် ဘယ်တုန်းကရှိနေတာလဲ"

သူက ထိပ်ထား မေးတာတွေကို ဆုံးအောင်နားထောင်ပြီး ပြုံးသည်။ ရှပ်အင်္ကျီအဖြူ ကုတ်အင်္ကျီနဲ့ပဲဖြစ်ကာ မျက်မှန်တပ်ထား၏။

"မင်းနဲ့ကိုယ် ချိန်းထားတာမှ မဟုတ်ဘဲ"

"ဒါပေမယ့် ..."

"မင်း ပြင်သစ်စကားပြော တော်တော်ကျွမ်းတာပဲ"

"ရှင်!..."

ထိပ်ထား မျက်စိမျက်နှာပျက်လေ သူက ပြုံးလေ ..။

"ရှင် .. ရှင် ဘာပြုံးနေတာလဲ"

"ပြုံးတဲ့အထိတော့ မင်း မပိတ်ပင်နဲ့လေ၊ ကိုယ်က မင်းကိုမြင်တော့ အံ့သြလို့ပါ၊ မညာတတ်တစ်ယောက်က သူများနောက်ဖေးပေါက်က ဘားဝင်ပြီး သန့်ရှင်းရေးလုပ်ပေးနေရတဲ့ဘဝမျိုး ရောက်နေတယ် ဆိုတော့ .."

"ဦးကို .."

ဒီလောက်ထိ စိတ်လှုပ်ရှားတာကို ထိပ်ထား ထိန်းချုပ်နိုင်စွမ်းမရှိ..။

"ရှင်ပြောတော့ ကျွန်မအကြောင်း ဘာမှမမေးခဲ့ဘူးဆို"

"မမေးခဲ့ဘူး ပြောတာလေ၊ ဘယ်တော့မှမမေးပါဘူးလို့ ကိုယ် ပြောခဲ့လို့လား"

"ဘာတွေသွားမေးလိုက်တာလဲ၊ ရှင် တော်တော်စပ်စုပါလားဟင်"

"မေးတာရှိတိုင်း စပ်စုတယ်ဖြစ်စရာလားကွ၊ မင်းအကြောင်း မဟုတ်ဘဲ အကြောင်းတစ်ခုခုကို ဆွဲပြောလိုက်တာနဲ့ မင်းအကြောင်း ပါလာတာ၊ သူတို့ကပြောတော့ ဆွေမျိုးမကင်းတဲ့ထဲကမို့လို့ ခေါ်ထားတာတဲ့၊ မင်း မိဘနောက်ကြောင်းက ဇယားရှုပ်လွန်းလို့ အိမ်ပေါ်မတင်တာတဲ့"

"ဘာ!..."



www.burmeseclassic.com

ထိပ်ထား မျက်နှာလေး ဖျန်းခနဲ ရဲတွတ်သွား၏။ မျက်ဝန်းတွေ မှာ မီးပွင့်သွားမလောက်ဖြစ်ခဲ့ပေမယ့် နှုတ်ခမ်းသားတို့ကို အတင်းဖိ ထားမိသည်။ သူက တိတ်ဆိတ်စွာ ကြည့်နေပြီးမှ ...

"နောက်တစ်ခုက မင်းနာမည်ကို သူတို့ပြောတာ 'မြတ်' မဟုတ် ဘူး"

ထိပ်ထား ဖျတ်ခနဲ မျက်နှာလွှဲပစ်၏။

"သူတို့ မရိုးသားတာကို ကိုယ် မကြိုက်ပေမယ့် မင်းကို နားလည်နေပါတယ်"

"မလိုပါဘူး .. သူတို့ ဘာပြောပြော၊ ရှင် ဘယ်လိုထင်ထင် ကို ဘဝနဲ့ကိုယ်"

ထိပ်ထား နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ သူ့ကိုမကြည့် "ရှင် သိချင်တာ သိခဲ့ပြီးပြီမို့လား၊ နောက်ထပ် ကျွန်မအကြော စပ်စုဖို့ မကြိုးစားပါနဲ့"

"ကြိုးစားရဦးမှာ .. အဲဒါ သေချာတယ်"

ထိပ်ထား ပြန်ငုံ့ကြည့်လိုက်မှ သူက အေးဆေးသည့်ပုံစံနှင့် ခပ်ပြ ပြည်း ထရပ်၍ ...

"မင်းတို့အားလုံးက စိတ်ဝင်စားဖို့ ကောင်းနေတယ်၊ မင်းကို ပို ဝင်စားတယ်၊ မင်းနဲ့ပတ်သက်ပြီး မသိရတာတွေများလာလေ သိချင် အဲဒါကြောင့် ကြိုးစားရဦးမှာတွေ ရှိသေးတယ်"

ထိပ်ထား နဲ့ သူ သိပ်အလှမ်းမကွာဘဲ စူးစူးရဲရဲ ကြည့်မိကြသည်

"မြန်မာပြည်ကကိုက်ဒ်တွေလောက် မင်း မညံ့လောက်ပါဘူး၊ ဖြစ်လို့ ခိုးချောင်ခိုးဝှက် လုပ်နေတာလဲ၊ ကိုယ့်ရဲ့ကျွမ်းကျင်မှုကို လ နေကြကာမှ ဘာဖြစ်လို့ လိပ်လိုခေါင်းလျှိုခဲ့တာလဲ၊ ကိုယ့်ဘဝနဲ့ကိုယ် မပြောနဲ့နော် .. ကိုယ်က သိချင်တာကို မရမကမေးတတ်တယ်"

မရမကမေးတာကလည်း မေးသင့်တာကိုပဲ မေးပါလား၊ ဒေါသ





တာ လူတိုင်းမှာရှိပေမယ့် ထိပ်ထား ရဲ့ဒေါသက ပြေလွယ်ပျောက် လွယ်ပါ၊ ဒီလူ့စကားတွေကြားနေရကာမှ ပြေချိန်မရှိအောင် ဖြစ်နေရ သည့်ဒေါသက ပိုပိုပြီး အရှိန်မြင့်လာသလား မသိ ...။

"မင်းမှာ ဘယ်လိုအခက်အခဲတွေ ရှိနေတယ်ဆိုတာ ကိုယ် သိချင် တယ်၊ မင်းရဲ့မျက်လုံးတွေကိုကြည့်လိုက်တာနဲ့ မင်း ဖုံးကွယ်နေတာတွေ ဟာ ဘယ်လိုသက်ရောက်မှုတွေကြောင့်လဲဆိုတာ မျက်လုံးတွေမှာ ခြေရာ ထင်နေတာ"

"ရှင့်ကိုယ်ရှင် သိပ်တော်လှပြီထင်ရင် လုပ်ပါ၊ ကျွန်မကတော့ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး၊ ကျွန်မကို သူများ စိတ်ဝင်စားနေတာ နေတာလည်း ကျွန်မအလုပ် မဟုတ်ဘူး၊ တစ်ခုပြောလို့ ရတယ်၊ ရှင် ခုလို အလိုက်မသိတာတွေများနေရင် ရှင့်အပေါ်မှာ ကျွန်မ ဒီထက်ရိုင်းရ တော့မယ်"

သူ ပြုံးနေဆဲဖြစ်နေတာကို မျက်မှောင်ကုတ်ကြည့်မိရင်း ဖုန်းမြည် သံကြောင့် သူက ကုတ်အကျႌထဲက ထုတ်ယူလိုက်၏။

ထိပ်ထား ချာခနဲလှည့်ကာ ဆောင်မှာချထားသည့်ဖိနပ်အိတ်ကို ပြန်ငုံ့ ကောက်မိသည်။ ထိုစဉ် သူမရဲ့ဆောင်ကို လျှောခနဲကျလာသည့် လှပ်ရှား မှုလေးကြောင့် ယူကြည့်လိုက်တော့ ဓာတ်ပုံလေးတစ်ပုံ။

မှောက်လျက်လေး ငြိမ်သက်သွားသောကြောင့် မျက်လုံးတွေ ပြန်လွှဲ တာ မတ်မတ်ပြန်ရပ်လိုက်မိစဉ် ...

ဒါ .. ဒါ ဘာလဲ ..၊ အမှတ်တမဲ့ မျက်လုံးထဲမှာ ကပ်ထင်ပါလာ သည့် စာတမ်းလေးကို သတိထားမိသွား၏။

ထိပ်ထား ကမန်းကတန်း ပြန်ငုံ့ကြည့်လိုက်သည်။

ချစ်ခင်ပွန်းအတွက် အမှတ်တရ ...

ထား (သေစွာကျွမ်)

www.burmeseclassic.com



"မာမီ .."

ထိပ်ထား အသက်ရှူတွေ မှားကုန်ပြီလား မသိ..။

မာမီ ဒေါ်ထိပ်ထားဝတီ ..၊

ဟုတ်သည် .. မာမီ့လက်ရေးကို ထိပ်ထား သိသည်။ ကုမ္ပဏီ[...] အတွက် ဂျပန်မှာ တစ်လလောက်နေခဲ့တုန်းက မွေးနေ့ကို ဂျပန်မှာ[...] တစ်ယောက်တည်း တိတ်ဆိတ်စွာ ပြီးဆုံးခဲ့ရ၏။

"အသက် တစ်နှစ်ကြီးသွားတိုင်း ကိုယ့်ရဲ့မျက်နှာပေါ်က ဇရာ[...] တွေ ပြောင်းလဲနေတာကို ဓာတ်ပုံရိုက်ထားမှ သိရမှာ" ဆိုတာ မာ[...] မပျက်မကွက်ခဲ့သော အကျင့်ကောင်းလေး ဖြစ်သည်။

ထိုနှစ်ကလည်း တစ်နေ့ရာစီ ရောက်နေကြပေမယ့် မွေးနေ့[...] ဓာတ်ပုံရိုက်ခဲ့တာကို ဒက်ဒီ့ဆီ ပို့ပေးလိုက်တာဖြစ်၏။ မျက်လုံးထဲ[...] စာတမ်းလေးက ဝေ့ဝါးပေမယ့် သိနေသည်။ လက်မှတ်နဲ့ နေ့စွဲလေး[...] ငေးရင်း ထိပ်ထား ဓာတ်ပုံလေးကို ကောက်မလို့ ငုံ့လိုက်၏။

"သင့်ခ်ယူ"

ဖုန်းပြောရင်း ကောက်ယူသွားကာ အိတ်ထဲပြန်ထည့်လိုက်ပြီး ပြ[...] သည်။

သူပြုံးလိုက်တိုင်း ခံရခက်သလိုဖြစ်ခဲ့ရခြင်းသည် ဒီတစ်ခါ မျ[...] ရည်ဝေ့လာတဲ့အထိ ဆိုးဝါးခဲ့၏။ ဓာတ်ပုံကိုမြင်လိုက်ရသည့် အမှတ်[...] ပေမယ့် အနက်ပေါ်မှာ စိမ်းပြာရောင်ချိတ်ထဘီလေးနှင့် အနက်[...] လည်ကပ်လက်မြတ် အပြောင်သားအင်္ကျီလေး။

မာမီ့ပုံရိပ်လေးကို ဖျတ်ခနဲ မြင်လိုက်ရပြီး မချိမဆန့် ဆွေးသွား[...]

ဒါပေမယ့် ထိပ်ထား ကျောခိုင်းခဲ့လိုက်သည်။ ခြေလှမ်းသွက်သွ[...] လျှောက်ရင်း မျက်ရည်တွေပါ ပိုးပိုးပေါက်ပေါက် ကျလာကြသည်[...]

သူက ကိုသု ဖြစ်နေရင်တောင် မာမီ့ဓာတ်ပုံက သူ့ဆီရောက်နေ[...] အကြောင်း မရှိ။ အခု ဘာဖြစ်လို့ သူ ကိုင်ထားတာလဲ ..။





သုရာဇဝင် ဆိုတဲ့လူကို လုံးဝမပတ်သက်အောင်နေတော့ဖို့ ထာဝရ [...]င်းထဲကထုတ်ပစ်ဖို့ထိ ဆုံးဖြတ်ခဲ့ခြင်းသည် ဆွန်း တို့နဲ့ သက်ဆိုင်ခဲ့ပေ [...]ဉ် နိုင်မာခဲ့တာက သီးသန့်ခံစားချက် ဖြစ်သည်။

အစကတည်းက သူ့ဘက်က ငြင်းပယ်ခဲ့တာကို သူမ မသိခဲ့ရပေ။ [...]ယ့်ဘက်မှာ အရိပ်မဲ့ ဘဝပျက်ခဲ့ရတဲ့အထိ သုရာဇဝင် ဆိုတာကို [...]ည်တောင် သိခဲ့တာ မဟုတ်။

သူ့မိဘနှင့်သူ့ ချိတ်ဆက်ပြီး သနားသဖြင့် ရောက်လာပေးတာကို [...]ယ်တင်ရှင်ကြီးလို လက်ကမ်းကြိုဆိုရအောင် ထိပ်ထား ဒုက္ခိတမ [...]တ်ဘဲ။

အခြေအနေအရ လောလောဆယ် မလှုပ်သာပေမယ့် ကိုယ့်ဘဝ [...]တည်ဖို့အတွက် သူမမှာ ပညာရှိသည်။ သင်ယူထားခဲ့သမျှ အတတ် [...]ညာအားလုံးကို အသိပညာတွေဖြစ်ချင်လို့ စာတွေနဲ့လက်တွေ့ ရော [...]မွှေကြည့်နေတဲ့ကာလလေးမှာ ဒုက္ခရောက်နေလည်း အခိုက်အတန့် [...]။ မျက်ရည်တွေကို မျက်နှာငုံ့သုတ်မိစဉ် သူမအေးမှာ လူရိပ်တစ်ရိပ်..၊

"ဘယ်လိုဖြစ်သွားတာလဲ .. ဒီမှာ ဓာတ်ပုံက ကိုသု ဆီက တောင်း [...]ခဲ့တာ၊ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး"

ထွက်ပြေးလာခဲ့ကာမှ မျက်နှာရှေ့ကို သေချာလာပြသည်။ စိုက်ခနဲ [...]ာ့ ငေးမိသွား၏။ ဒါပေမယ့် သူ့ကိုမော့ကြည့်လိုက်တော့ ဒေါသများ [...]ဖြစ်ကာ ...

"ရှင့်ကို ဘယ်သူက ဘာပြောနေလို့လဲ"

"မပြောဘူးလား၊ မသိဘူးလေ .. မင်း က ဓာတ်ပုံမြင်ပြီး စိတ်လိုက် [...]ပါ လှည့်ထွက်သွားတော့ .."

"ဘယ်လိုပုံစံ ထွက်ခဲ့ထွက်ခဲ့ ရှင်နဲ့ပတ်သက်လိမ့်မယ်လို့ ထင်[...] [...]၊ ဒီမှာ ဦးကို - ရှင့်ကို ကျွန်မ အထင်မကြီးပေမယ့် လေးစား[...] [...]တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလေးစားပါနဲ့ .. ဘာလုပ်ဖို့လဲ၊ ကိုယ်က မင်းကို ဆုံးမပဲ့ပြင်နိုင်တဲ့ သူလည်း မဟုတ်ဘူး၊ ဆရာသုံးမျိုးထဲက တစ်မျိုးနဲ့မှလည်း မငြိခဲ့ဖူးဘူး မိတ်ဆွေဖြစ်ဖြစ် .. အသိတစ်ယောက်လိုဖြစ်ဖြစ် .. ဒါဆို ရပါပြီ"

"ရှင့်ကို ဘယ်လိုမှ မသတ်မှတ်ဘူး"

"ခက်တာပဲ"

သူက ဓာတ်ပုံကိုပြန်သိမ်းပြီး ဆံပင်တစ်ချက်သပ်၏။ မျက်နှာက ပြုံးသည်၊ တည်သည် မမည်ဘဲနှင့် ...

"မသတ်မှတ်ရင်လည်း ရတယ်၊ အရမ်းဒေါကန်ပြီး နောက်ထပ် စော်ကားဖို့စကားတွေ ရှိသေးရင် ခဏသိမ်းထားဦး၊ မင်းကို ကိုယ် ကူညီ နိုင်တာတစ်ခု ရှိတယ်၊ အဲ .. ကိုယ်လည်း အဆင်ပြေအောင်ပေါ့"

သူက စလိုက်ပြီးသည်နှင့် ထိပ်ထား ကို အပြောမခံဘဲ သူပဲ ဆက်၍-

"မင်းကို ဒီနေ့တွေ့လိုက်မှ စိတ်ကူးဖြစ်သွားတာ၊ မင်း ဘာသာ စကား ဘယ်နှစ်မျိုးလောက် တတ်လဲ"

ထိပ်ထား က မဖြေပါ။ သူပဲ ဆက်ပြောမည့်မျက်နှာနှင့် ခေါင်းညိတ် ၍ ...

"ဘာပဲဖြစ်ဖြစ် အင်္ဂလိပ်လိုကျွမ်းကျင်တာနဲ့ပဲ ကိုယ့်အတွက် အဆင် ပြေတယ်၊ မင်း အဆင်ပြေအောင်လည်း ကိုယ် စီစဉ်ပေးမှာပါ၊ မင်း ကိုယ် လိုအပ်ကြတာချင်း ဖလှယ်တဲ့သဘော"

"ရှင် ဘာကိုဆိုလိုတာလဲ၊ ကိုသု ဆိုတဲ့လူနဲ့ ရှင်တို့က အလဲအလှယ် တွေ အလောင်းအစားတွေ တော်တော်ဝါသနာပါတဲ့ပုံပဲ"

ထိပ်ထား စကားကြောင့် သူက ရယ်သည်။ အပြင်ရောက် ထိပ်ထား ဖိနပ်ချစီးတော့ သူ့ဖိနပ်က ကားထဲမှာ ချွတ်ခဲ့ပုံရှိလျက် ကလည်း နီးနီးလေးမှာ ရှိနေသည်။

"ခဏနေဦးလေ .. မင်းနဲ့ကိုယ် အလုပ်စကားပြောနေတာ၊ ကိုယ် အပြောအဆိုတွေ မပြေလည်ခဲ့တာကို ထားလိုက်၊ မင်း အလုပ်အ





အဆင်မပြေဖြစ်နေတာရော ကိုယ့်အတွက်ပါ အားလုံး ပြေလည်သွား အောင် မင်းအတွက် ကိုယ် အလုပ်ပေးမယ်၊ လက်ခံမလား"

"ဘယ်လို .."

"လစာ မနည်းစေရဘူး၊ ဂုဏ်သိက္ခာနဲ့လည်း မဆိုင်ဘူး၊ မင်းမှာ အရည်အချင်းရှိလို့ ဒီအလုပ်ကိုအပ်တယ်လို့ သဘောထားလိုက်ပါ၊ နောက်ထပ်တစ်ခု ဝန်ခံရရင် မြတ်သောထိပ်သား နဲ့ပတ်သက်ပြီး ကိုသု က တစ်မျိုး၊ သူ့အဖေ သူ့ဒွေး ဦးရာဇမာန် က တစ်မျိုး၊ ကိုယ် ထမ်း ဆောင်ရမယ့်တာဝန်တွေက လျှို့ဝှက်ထားရမှာတွေ ရှိတယ်"

ရုတ်ချည်းဆိုသလို တလွဲတွေးလိုက်ပြီး အထင်မြင်လွဲခဲ့သည့်စိတ် တွေပျောက်ကာ ထိပ်ထား သူ့မျက်နှာကို ငေးစိုက် နားစွင့်နေမိ၏။

"အဲဒါကြောင့် ကိုယ့်လိုအပ်ချက်အတွက် တခြားတစ်ယောက်နဲ့ လက်တွဲဖို့က မဖြစ်နိုင်ဘူး၊ မြတ်သောထိပ်ထား အပေါ်မှာ မင်း ဘယ်လို သဘောထားခဲ့တယ်၊ ဆက်ဆံရေး ဘယ်လိုရှိခဲ့ကြတယ်ဆိုတာ ကိုယ် သေချာမသိဘူး၊ ဒါပေမယ့် သူတို့အတွက် လျှို့ဝှက်ထားနိုင်တဲ့ ရင်းနှီး တဲ့ ... လေးတော့ မင်းမှာ ရှိပါတယ်"

သူတို့နဲ့ ဘာတော်တာလဲ၊ ဘယ်လိုပတ်သက်တာလဲဆိုတာ သေချာ မသိဘဲနဲ့ ဒီလူ ဘာမှလည်းထပ်မမေးခဲ့ပေ၊ ခုလည်းပဲ သူထင်တဲ့အတိုင်း ပြောသွား၏။

"ကိုယ်ထင်တာ မမှားဘူးဆိုရင် မင်းမှာ စောင့်ထိန်းတတ်တဲ့စည်း ကမ်း ရှိတယ်၊ အဲဒါကြောင့် ကိုယ်တို့ လက်တွဲကြဖို့ စဉ်းစားပေးပါ"

"ကျွန်မက ဘာလုပ်ရမှာလဲ"

"ကိုယ် မပြန်ခင်အထိ ကိုယ့်ရဲ့စက္ကူနတ်ထရီ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၃၃ ]

"သူ ဘာသာစကားသုံးမျိုးလောက်တော့ နားလည်တယ်၊ စပီကင်
မကျွမ်းဘူး၊ ကွန်ပျူတာရှေ့မှာ ဆယ်မိနစ်လောက်ထိုင်ရရင် သူ ဘာ
ပျက်သလို စိတ်ညစ်တတ်တယ်တဲ့၊ အမြဲတမ်း ကိုသု နဲ့ တတွဲတွဲနေလာ
ခဲ့ကြပြီး ခုမှ အလုပ်နဲ့အကိုင်နဲ့ကျတော့ ဘာမှ အထာမကျဘူးတဲ့"

"ဒါဆိုလည်း မင်းအလုပ် မင်းလုပ်ဆိုပြီး မလာဘဲနေပေါ့၊ သူငယ်
ချင်းဆိုပြီးတော့ သုရာဇဝင် ကို သူက ကြောက်နေရလို့လား"

ထိပ်ထား ပြောပြနေတာကို ချိုချို က ဖြတ်မေးသည်။ ပြီးတော့
ကျောက်ပွင့်သုပ်ပန်းကန်ကို ထိပ်ထား ရှေ့မှာချပေးလိုက်ပြီး ကုလားထိုင်
မှာ ဝင်ထိုင်သည်။

"မဟုတ်ဘူး ထိပ်ထား ရဲ့ .. နင် စဉ်းစားကြည့်ပါဦး၊ နောက်ဆေ
ခွေးတိုးပေါက်မှာ ဝင်တိုးနေတာကိုမြင်ပြီးကတည်းက ခဏခဏဆုံဖြ
နေတာ တမင်လိုက်နေတာ မဖြစ်နိုင်ဘူးလား၊ စားစရာနေရာမရှိ ငတ်
ပြတ်နေတာမျိုးဖြစ်ပြီး ဖျက်ဆီးချင်တာရော .."

"မဟုတ်နိုင်ဘူး"

ထိပ်ထား က ကျောက်ပွင့်သုပ်ကို ပန်းကန်ကောက်ကိုင်ပြီး စိတ်
မပါသလို တစ်ချက်နှစ်ချက် ဆွဲဖွသည်။





ပြီးတော့ မစားသေးဘဲ ပြန်မော့လာကာ ...

"သုရာဇဝင် ဆိုတဲ့လူကို ငါ အထင်တကြီးမဖြစ်တာပဲ ရှိတယ်၊ အထင်သေးတော့မသေးဘူး ချိုချို၊ သူ့အဖေက ဒက်ဒီမိတ်ဆွေဆိုတာ သိရလို့ ယုံကြည်လိုက်တယ်လို့လည်း ထင်တယ်၊ သူ့ရဲ့သူငယ်ချင်းဆိုတဲ့လူက လူယုတ်မာတော့ မဖြစ်နိုင်ပါဘူး"

ချိုချို က ခေါင်းမညိတ် ခေါင်းမခါနှင့် ပါးစပ်ထဲထည့်ထားသည့် အသုပ်ကို တလှုပ်လှုပ်ဝါးရင်း နားထောင်နေသည်။

"ငါတို့မိသားစုအပေါ်မှာ သစ္စာရှိနေလို့ ဒရိုင်ဘာ ကိုဇော် က အရိုးကျေကျေ အရေခန်းခန်းကြိုးစားနေရှာတာ၊ သူ့ခမျာ ဟိုမှာ အသိုင်းအဝိုင်းမဲ့ တစ်ယောက်တည်းရယ်ဟာ၊ သူလည်း ငါ့လိုပဲလေ၊ မိန်းကလေးမဟုတ်တဲ့အတွက် သူ သာနေတာ၊ ဦးရာဇမောန် လို ပုဂ္ဂိုလ်တစ်ယောက်နဲ့ ဆက်သွယ်မိပြီး အကူအညီရမယ်ဆိုရင် ကိုဇော့် အတွက်ရော ငါ့အတွက်ပါ တာဝန်ကျေတဲ့သမီး၊ တာဝန်သိတဲ့တပည့် ဖြစ်ခွင့်ရပြီ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ငါကတော့ နင့်ကို လမ်းလွဲလိုက်နေတာထက် ဖြစ်သင့်တာကိုပဲ ဖြစ်သွားစေချင်တာ"

"ဘာလဲ .."

"သုရာဇဝင် နဲ့ နင် ..."

"မဖြစ်နိုင်တာ မပြောစမ်းပါနဲ့ဟာ၊ နင် ငါ့အဖြစ်ကိုသိနေသားနဲ့ ငါ့ဆုံးဖြတ်ချက်ကို ခိုင်မာခွင့် ပြုစမ်းပါ၊ တစ်လောကလုံးမှာ တစ်ဦးတည်းသောသူငယ်ချင်းကောင်းအဖြစ် ငါ နင့်ကို ယုံကြည်ချင်တယ်၊ ငါ့စိတ်နဲ့ထပ်တူ ရှိပေးပါ"

"ရှိပါ့မယ် ထိပ်ထား ရယ် .. ငါက နင့်ကိုမြင်တိုင်း ရင်နင့်နေရလို့ပါ၊ နင်က ကြံ့သလိုကျသလို ရင်ဆိုင်နိုင်ပေမယ့် နင့်မျက်နှာလေးကလေ အရမ်းဖြူစင်ပြီး နုဖတ်နေတာပဲ၊ ထူးခြားပေါ်လွင်နေတဲ့အလှမျိုးမဟုတ်ပေမယ့် ငါ့မျက်လုံးထဲမှာ နင်က တော်ဝင်မင်းသမီးလေးပဲ ဖြစ်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ဘ၀က နိမ့်ကျနေတယ်ဆိုတာတောင် နင့်ကိုယ်မှာ မှိန်ဖျော့သွားတယ် မရှိဘူး၊ အဲဒါ ဘာဖြစ်လို့လဲသိလား၊ မိဘကျေးဇူးကို အမြဲသတိရပြီး ငါ့မိဘအတွက် ဆိုတဲ့ဇွဲနဲ့ ကြိုးစားနေလို့ နင့်မျက်လုံးလေးတွေမှာ အမြဲတမ်း တောက်ပနေတာ"

"ငါ့ကို ဘယ်သောအခါမှ အထင်မြင်သေးတဲ့စကား မပြောခဲ့တာ ကျေးဇူးတင်ပါတယ် ချို ရယ် .. အထင်သေးတဲ့မျက်လုံးနဲ့တောင် မကြည့်ခဲ့ကြတဲ့ နင်တို့မိသားစုအားလုံးကိုလည်း ငါ အရမ်းခင်ပါတယ်၊ အဲဒါ လှိုက်လှိုက်လှဲလှဲ ပြောတာပါ၊ ပြီးတော့ နင်က ငါ့ရဲ့ဆရာ ဆိုရင်တောင် မှန်ပါသေးတယ်"

"တော်ပြီ .. အဲဒါကြီးတွေ မပါနဲ့"

စာမျက်နှာတစ်ခုဖွင့်ထားပေးလိုက်တာနဲ့ မှတ်ပြီးသားဖြစ်သွားတာကို ဘယ်မှာ ဆရာလုပ်ဖို့ အချိန်ရှိလို့လဲ။

မေးတာရှိလို့ ပြောပြလိုက်ပြီဆို ဘယ်တော့မှမမေ့သွားလို့ပါဆိုတာ မရှိ။ မာန်မာနကင်းသည့် ထိပ်ထား ဆိုတဲ့ သူငယ်ချင်းလေးက အဲဒီလောက်ထိ ချစ်ဖို့ကောင်း၏။

ချိုချို က ကျောက်ပွင့်သုပ်ကို ပြန်ယူကာ ထိပ်ထား ကို သူကိုယ်တိုင်ခွံ့ကျွေးပြီးမှ ကိုယ့်ပါးစပ်ထဲကို တစ်ဇွန်းထပ်ထည့်သည်။

ထိပ်ထား ကလည်း ခွံ့ကျွေးမှပဲ စားဖြစ်တော့ကာ ...

"ငါ သူ့အလုပ်ကို လက်ခံခဲ့တာ မှားတယ်လို့ နင်ထင်လား ချို"

"မှားတော့မမှားပါဘူး၊ နင့်မှာ ဒီလောက်ဒုက္ခရောက်နေတာ .. ခုလို အဆင်ပြေမယ့်ကိန်းဆိုက်တာကို/ထခုန်လောက်အောင် ဝမ်းသာသင့်ပါတယ်"

"ဘာကိုဝမ်းမသာသင့်လဲဆိုတာ ငါသိပါတယ်၊ သူ့ဆီမှာ ငါရှိနေဖို့ မသင့်ဘူး"

"ဟုတ်တယ်၊ နင် ဟိုနောက်ဖေးက အငြိမ်းအပိုင် နတ်ထွက်မှာလား"





"နင် တစ်ခါပြောဖူးသလို ငါ အဆောင်မှာပြောင်းနေလိုက်မယ်"

"အဲဒါက ဟိုနောက်ဖေးမှာနေတာလောက် သိက္ခာရှိပါ့မလား ထိပ်ထား"

"မတတ်နိုင်ဘူးဟာ၊ ဒက်ဒီနဲ့နီးစပ်ဖို့အတွက် ငါ ဒါကို ဆုံးဖြတ်ခဲ့တာ"

"သုရာဇဝင် ကိုကျတော့ နင် ဘာလို့ ဘေးချိတ်ထားတာလဲ"

ပြောပြီးမှ ထိပ်ထား တလွဲထင်မှာစိုးကာ ...

"တိုက်တွန်းတာ မဟုတ်ပါဘူး .. ထည့်တွေးကြည့်ဖို့ ပြောတာ၊ နင် ဘယ်သူမှန်းသိသွားရင် သူတို့သားအဖ နင့်ကို အထင်တကြီးရှိပါ့မလား ထိပ်ထား ရယ် .. ဟိုက သူ့သားနဲ့မှန်းထားတာ၊ အဲဒါကြောင့် ကူညီနေတာလည်း ဖြစ်နိုင်တာပဲ၊ နင်ကကျတော့ ..."

"ဒါကို သူလည်း သဘောကျမှာပါ၊ ဟားတိုက်မရယ်ဘူးဆိုရင်တောင် ကြိတ်ပြုံးနေပေမယ့်မယ်"

"ဘယ်သူလဲ"

"သုရာဇဝင်"

"အဲဒီတစ်ယောက်ကိုရော သုရာဇဝင် ဖြစ်မနေဘူးလို့ နင် ပြောနိုင်လား"

မထင်မှတ်သည့်မေးခွန်းကြောင့် ထိပ်ထား ကြောင်တောင်တောင်ဖြစ်သွား၏။ မျက်တောင်တွေခတ်နေပြီးမှ ...

"မဖြစ်နိုင်ဘူး"

ဘာကို ယုံကြည်လိုက်မှန်းတော့ မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၄]

"ကိုသု အိမ်မှာမအိပ်တာ နှစ်ညရှိပြီ၊ ဘာတွေ အလုပ်ရှုပ်နေလို့လဲ ဟင်"

အခန်းဝမှာ ပခုံးလေးမှီရပ်နေရင်း မေးသံကြားသည်။ သုရာဇဝင် က လှည့်မကြည့် ...၊

"ရှုပ်နေတာတော့ မဟုတ်ပါဘူး၊ လုပ်စရာရှိတာတွေ ပြီးချင်လို့"

"ထင်သားပဲ .. အန်ကယ်လ် လွှတ်လို့လာရတာ၊ ထိပ်ထား အတွက် သက်သက်မဟုတ်ဘူးဆိုတာ"

ဆွန်း က လျှောက်ဝင်သွားရင်း သူ ဘာပြောမလဲ နားစွင့်သည်။ လက်ပ်တော့ပ်မှာ အာရုံစိုက်နေသည့် သုရာဇဝင် က လှည့်လည်းမကြည့်၊ ဘာမှလည်းမပြောတော့ ပျော်သွားသည်။

သူ့အခန်းထဲကို ဝင်နိုင်သည့်အခွင့်အရေးတစ်ရပ် ရပြီဆိုသည့် ကျေနပ်ခြင်းဖြင့် ပြုံးလိုက်ရင်း ခုံဆွဲ၍ သူ့ဘေးမှာ ကပ်ကပ်လေးထိုင်သည်။

ပြီးတော့ စားပွဲစွန်းမှာ တံတောင်လေးတင်၍ ခါးလေးညွတ်နေအောင် လှလှပပလေး ပြုပြင်ပြီးမှ သူ့ကိုကြည့်၍ ...





"ဒက်ဒီမှာပဲ အမိမြန်မာပြည်ကိုချစ်တဲ့စိတ် ရှိနေတယ်ထင်တာ ...၊ ကိုကို့ဒက်ဒီ .. အဲ .. ကိုကိုလို့ပဲ ခေါ်တော့မယ်နော်"

"ရပါတယ်"

စီးကရက်ညှပ်ထားသည့် လက်တစ်ဖက်က ပေါင်ပေါ်မှာဖြစ်ကာ တစ်ဖက်က မောက်စ်ပေါ်မှာ တင်ထားသည်။

နက်စွေးကြမ်းရှသော မွေးညင်းခပ်ပါးပါးတို့နှင့် မောက်စ် ရွှေ့နေသည့်လက်ချောင်းတွေက ဆွန်း ရဲ့မျက်လုံးတွေ မခွာနိုင်အောင် ဖမ်းစားထားသလိုပင် ...။ ယောက်ျားဆန်ဆန်သွယ်သောလက်ချောင်းတို့နှင့် မေးဖျားထိ ခပ်မှောင်မှောင်ဆင်းကျနေသည့် ပါးမြိုင်းမွေးရာတို့ အဆုံး။

သူ့ တစ်ခုခု အာရုံစိုက်ပြီး လုပ်ကိုင်နေတိုင်း ဆွန်း အမြဲတမ်း ငေးကြည့်နေခဲ့ရသည့်ကောင်းခြင်းတွေပဲ ဖြစ်သည်။

ဒါပေမယ့် ခုလို အိပ်ခန်းထဲက လက်ပ်တော့ဖွင့်ထားသည့်အခန်းမှာ ကြည့်နေခွင့်ရတာ ဒါ ပထမဆုံး ...။

"ကိုကို့ဒက်ဒီနဲ့ မာမီက ချောမှာပဲနော်"

"ဘာဖြစ်လို့လဲ"

"ကိုကိုက ချောလို့လေ"

သူက လှည့်မကြည့်ဘဲ စီးကရက်တစ်ရှိုက်မှုတ်၍ ...

"အဲဒါပြောမလို့ လာတာလား"

"ဟုတ်တော့မဟုတ်ပါဘူး၊ အရေးတကြီး ပြောစရာရှိလို့လည်း မဟုတ်ဘူး၊ ကိုကို့ဘေးမှာထိုင်ပြီး စကားတွေပြောချင်လို့၊ ဘာလဲ မရဘူးလား"

သုရာဇဝင် က မီးခိုးဖြူဖြူတွေကို နှုတ်ခမ်းစေ့ထားရင်း တလွန့်လွန့်လွင့်ထုတ်နေလျက် ...

"ရပါတယ်"

"ကိုကို့ဒက်ဒီကလည်း မြန်မာပြည်မှာ လုပ်ငန်းတွေရှိတာပဲလား

www.burmeseclassic.com



ဟင်၊ ခုနကပြောမလို့ အဲဒါကိုစလိုက်တာ၊ စကားတွေ လမ်းကြောင်းလွဲကုန်လို့၊ ကိုကို့မာမိက မရှိတော့ဘူးဆို"

"အဲဒါ မင်းရဲ့အဒေါ်ကို ပြောပြီးပြီ"

"သြော် .. ဒါပေမယ့် ..."

ဆွန်း ဒီတိုင်းဆက်ပြောဖို့ဖြစ်သွားပြီးမှ မျက်မှောင်ကုတ်လျက်—

"မိထွေးပါ ကိုကိုရဲ့ .. အဒေါ် မဟုတ်ပါဘူး"

သူက ပြုံးလိုက်ပြီး ဘာမှ ထပ်မပြောဘဲနေ၏။ ဆွန်း သူ့မျက်နှာကို ကြည့်၍ ...

"ကိုကိုတို့ ဘာလုပ်ငန်းတွေ ထူထောင်ထားတာလဲဟင်"

"မင်းအဖေလိုပဲ"

"သြော် .."

ဒါလည်း သုရာဇဝင် မဖြေ။ သူ လက်လှုပ်နေသမျှ စခရင်နံမှာ ပြေးလွှား အလုပ်ရှုပ်နေသည့် မြားလေးက သူ လှည့်မကြည့်နိုင်၊ ပြန်မပြောနိုင်အောင် အာရုံများနေကြောင်း ဖော်ပြနေသလိုပင်။

ပြီးတော့ တရှပ်ရှပ်ပြောင်းလဲနေသည့် စခရင်နံကိုပဲ ဆွန်း အကြာကြီးကြည့်နေမိလျက် ...

"ဒေါ်ဒေါ် ပြောတယ် သိလား၊ သူဌေး .. အဲ .. ဒက်ဒီ လာရင် သူ အလုပ်လုပ်နေတုန်း အနားမှာသွားထိုင်တာ မကြိုက်ဘူးတဲ့၊ အရမ်းလှိုဝှက်တာတဲ့၊ ကိုကို့ကျတော့ သဘောကောင်းတယ်နော်၊ ထိပ်ထား အရမ်းဝမ်းသာတာပဲ၊ ကျေးဇူးလည်း တင်တယ်"

"အဟွန်း .."

စီးကရက်ထပ်ရှိုက်ရင်း သူ ခပ်သဲ့သဲ့ရယ်သည်။ ဘာမှတော့မပြော။

"ကိုကိုက ဘာသဘောကျလို့ ရယ်တာလဲ"

"ကိုယ့်ကို သဘောကောင်းတယ်ဆိုလို့"

"မဟုတ်ဘူးလား .. ထိပ်ထား က ထိပ်ထား ကို ကိုကိုက ယုံကြည်





တာပဲဆိုပြီး မီးမြင့်နေတာ"

"ဟွန်း .."

ပထမဆုံးအဖြစ် သူ ဖျတ်ခနဲ ငုံ့ကြည့်သည်။ ပြီးတော့ စီးကရက်ထပ်ရှိုက်ရင်း မျက်နှာလွှဲ၍ မီးခိုးတွေ ထုတ်လွှတ်လိုက်ပြီးမှ ...

"မင်းကို ဘာမယုံကြည်စရာရှိလို့လဲ ထိပ်ထား၊ ကိုယ် ဘာတွေလုပ်နေသလဲ မင်း သိတာမှမဟုတ်တာ"

"ဘာရယ် .."

ဆွန်း မျက်နှာလေး အံ့သြခြင်းပြီးသွားမှ ပစ်စလက်ခတ် အရှက်ရသွားသည့်ပါးပြင်တွေမှာ အနီရောင်ရင့်လာသည်။

"ကိုကို အဲဒါတော့ ထိပ်ထား ကို နှိမ်တာ"

"မနှိမ်ပါဘူး၊ နှိမ်ရအောင် မင်း အရည်အချင်း ဘယ်လောက်ရှိလဲ ကိုယ် သိတာမှ မဟုတ်တာ"

"မသိရင် မပြောနဲ့ပေါ့၊ ကိုကို ကွန်ပျူတာစခရင်နံကိုပါ သိမ်းကျုံးငေးကြည့်ပြီး မျက်ခုံးထိုးသည်။

စီးကရက်ရှိနေသည့်လက်ကို ဘေးမှာ ဒီတိုင်းဆန့်ချထားကာ သုရာဇဝင် က နောက်မှီမှာမှီသည်။ ပြီးတော့ ဆွန်း ကို စူးစိုက်ကြည့်နေသည့်မျက်နှာမှာ ပြုံးယောင်သမ်းလျက်...

"ခုနေ မင်း ဝင်ပါလိုက်ရင်တော့ ကိုယ်ကြိုက်ပါတယ်၊ ဘယ်လိုလဲ စိတ်ဝင်စားလား"

"လုပ်ပြန်ပြီ .. ကိုကို့အလုပ်တွေကို ထိပ်ထား နားမလည်သေးဘူးဆိုပြီး သက်သက်ဖွဲ့တာလား"

"ကိုယ် အလုပ်လုပ်နေတာမဟုတ်ဘူး၊ သီချင်းတွေ ဒေါင်းလော့ဒ်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲနေတာ"

"ဟင်!..."

"သေချာကြည့်ပါဦး"

ဆွန်း ဟန်မဆောင်နိုင်အောင်ဖြစ်သွားလျက် ကွန်ပျူတာဆီ မျက်လုံးဝေ့သွားပြီးမှ ဆတ်ခနဲ လွှဲ၍ မျက်နှာလေးမော့သည်။

"မကြည့်တော့ပါဘူး၊ ထိပ်ထား က ဒေါ်ဒေါ်လို ငြိုငြင်မခံချင်လို့ တမင်တကာ မဆိုင်သလိုနေတာ၊ ဒီလိုအထင့်သေးရဖို့တွေရှိမယ်မှန်း မသိဘဲ"

သူ့ရယ်သံကြောင့် တစ်ကိုယ်လုံး ပူရှိန်းသွားသလိုပင်။ ဆွန်း တို့ နှယ်ကတော့မဟုတ်ခဲ့ပေမယ့် ရန်ကုန်ပတ်ဝန်းကျင် တောပိုင်းက ဖြ သည်။

အဆင်ပြေလာမှ စည်ကားရာ တွင်ကျယ်ရာ တဖြည်းဖြည်းပြောင်း နေခဲ့ကြရင်း ဒေါ်ဒေါ်က လာနေကြဖို့ခေါ်သည့်အချိန်ဟာ နတ်ရေကန် ထဲ ခုန်ချလိုက်သလို ပြောင်းလဲခွင့်ရခဲ့တဲ့အချိန် ဖြစ်သည်။

ဆွေမျိုးထဲမှာ အဆင်းရဲဆုံးလို့ပြောရလောက်ကာ ဆွန်း တို့ညီအစ် မှာရှိခဲ့တာ အလှအပတစ်ခုသာ ဖြစ်၏။ ဒေါ်ဒေါ် မြှောက်စားလို့ တောက်ကြွားခဲ့ရပေမယ့် မိဘက ချမ်းသာလာတဲ့သားသမီးတွေလို ပျော်ကြီး သုံးစွဲလည်ပတ်ခဲ့ကြတာလည်း မဟုတ် ...။

အပြင်ထွက်ဖြစ်ရင်လည်း လည်ပတ်ဖို့၊ အလှပြင်ဆိုင်၊ အထည်ဆိုင် သွားဖို့ – ဒါပဲ။ ကွန်ပျူတာရှေ့မှာထိုင်ပြီး မောက်စ်ပေါ် လက်တစ်ချက် တောင် မတင်ခဲ့ဘူးပေ။

မှားတော့ မှားခဲ့ပြီဖြစ်ကာ ဘယ်သူကစပြီး ဘယ်လိုမှားယွင်းခဲ့မှန်း မသိ ...၊ စီးကရက်မီးခိုးဖြူဖြူတွေ တလွန့်လွန့်တက်နေသည့် ပဝါလေး နောက်က သူ့မျက်နှာကိုလည်း ပြန်မကြည့်ချင်တော့သလို ဖြစ်သွားသည်။

"မင်း တွေးမိဖို့ကောင်းတာက ယောက်ျားတိုင်း တစ်သဘော





ည်း စရိုက်တူနေကြတာ မဟုတ်ဘူးလေ၊ ယောက်ျားအားလုံး သူတို့ န်းမတွေကို ဒီတိုင်းပဲ ရှိနေစေချင်ကြတာ ဖြစ်နိုင်မလား"

သူ ထပ်ပြောလိုက်မှ ဆွန်း နေသာထိုင်သာ ရှိသွားသည်။ ဆက် က် တည်ရှိနေခြင်းထက် ဒီနေရာကနေ သက်သောင့်သက်သာ ကြော့ ကြော့မော့မော့လေး ထွက်သွားချင်၏။

ထို့ကြောင့် အင်အားရှိသမျှ စုစည်း၍ အပြုံးတစ်ခု ဖန်ဆင်းလိုက် ကာ ...

"ဟုတ်ပါတယ် .. မှားသွားပါတယ် ကိုကို၊ ကိုကို့သိချင်းတွေကို ည်း မကြည့်ချင်တော့ပါဘူး၊ လူကို ထိုင်ငြိဆိုကာတည်းက ဖွဲ့နေတာ"

ခံစားချက်နှင့် တကယ်ပြောဖြစ်လိုက်ရင်း ဆွန်း နေရာမှ ထရပ် လိုက်သည်။

"မခေါ်ဘဲနဲ့ ဝင်လာပြီး ကိုယ် မနှင်ဘဲ ပြန်တော့မလို့လား"

သူက ကွန်ပျူတာကို ပိတ်လိုက်ပြီး ဆွန်း ကို ကြည့်ပြောကာ ...

"တစ်ခုလောက် ကူညီပေးပါလား၊ ကိုယ့်ကို ဟိုအံဆွဲထဲက စီဒီ အလွတ်နှစ်ချပ်လောက် ယူပေးပါ"

"ဟုတ် .."

သူနဲ့ လက်တစ်ကမ်းမှာပဲရှိတာကို ကိုယ့်ဟာသာ မယူဘဲ ခိုင်းတာ န်း သိပေမယ့် ဆွန်း မျက်နှာလေး ပြုံးသွား၏။ ဒါပေမယ့် အံဆွဲကိုဖွင့် လိုက်တာနှင့် စီဒီချပ်ကို ကောက်ဖို့ လက်က တွန့်သွားသည်။

စီဒီပေါ်မှာတင်ထားသည့် အမျိုးသမီးတစ်ယောက်ပုံက အသက် သုံးဆယ်ဝန်းကျင်လောက်လို့ ခန့်မှန်းရကာ ပိုငယ်မလား ပိုကြီးနိုင်လား ဆိုတာ မသေချာ ...။

ရိုးသည့်ဆန်းသည့်ကြားမှာ ယဉ်စစလေးနှင့် လှနေသည်။ သေား နှစ်ဖက် ဆံစတွေသိမ်းကာ ကျောလယ်လောက်မှာ ဖြန့်ချထားသည့် ဆံစတချို့ ရင်ဘတ်လေးတွေပေါ်မှာ ပြန်ကျနေတာကြောင့် ယဉ်နေ၏



www.burmeseclassic.com

www.burmeseclassic.com



"လှသားပဲ .. ဒါ ကိုကို့အမေ ငယ်တုန်းကပုံလား"

ကိုယ်သုံးတဲ့ပစ္စည်းပေါ်မှာတောင် တင်ထားသည်ဆိုတော့ ဆွ က သူ့ကို ကောက်ယူပေးရင်း အပိုင်တွက်ပြီးသား မေး၏။

"အပြွန်း .."

သူက စီဒီချပ်ကို ယူလည်း မယူ၊ ဆွန်း ကိုလည်း မကြည့် နေရာကူနေ ထရပ်သည်။ ကိုယ့်မျက်နှာထက်မှာ မိုးသွားတော့ ဆွ က သူ့ကို မော့ကြည့်လိုက်ရင်း ...

"ရယ်ပြန်ပြီ .. ဒီက ပြောတာ ဘာမှားသွားလို့လဲ"

"သိပ်တော့ မမှားပါဘူး၊ ပါးပါးလေးပဲ"

သူ့ရာဇဝင် မျက်နှာက ပြုံးနေလျက်နှင့် အေးစက်သည့် အ အသက်တွေ ပြောင်းလဲဖြစ်ထွန်းကာ ...

"သူ ဘယ်သူလဲဆိုတာ မင်းရဲ့အဒေါ် သိမှာပေါ့"

ဟင်!...

အေးစက်စက်အကြည့်တွေကြောင့် ဆွန်း ရင်ထဲမှာ ဒိန်းခနဲ ဆောင့်သွား၏။ သူက လက်ထဲက စီးကရက်တိုကို စားပွဲစွန်းမှာ ဖိ ချေပစ်လိုက်ပြီး ဆွန်း ကို ပြန်ကြည့်တော့ ခပ်ချဉ်ချဉ်မဲ့ပြုံးနှင့် ...

"အဲဒါ မင်းအမေလေ .. ကိုယ့်ကို လူဖြစ်အောင် မွေးခဲ့တဲ့အမေ မမှတ်မိဘူးလား"

ဆွန်း မျက်လုံးတွေ ပြာမိုက်သွား၏။

သူ ထွက်သွားပြီပေမယ့် ရပ်တည်လို့မရတော့သည့် ခြေထော တွေက လူကို စားပွဲစွန်းမှာ ပစ်ကပ်မှီကျသွားအောင် တွန်းချလိုက်သ ပင် ...၊ အားလုံး ပြီးဆုံးခဲ့ပြီလား ...။





အခန်း [၃၅]

သယ်စရာ ဘာမှမရှိဘူးဆိုပေမယ့် အိပ်ရာလိပ်လေးတော့ ယူရမှာ ဖြစ်သည်။ ဒါကြောင့် အားလုံး လိပ်ပတ်ပြင်ဆင်ထားလိုက်ကာ ခုတင် ပေါ်မှာပဲ ထိုင်၍ ပစ္စည်းအတိုအထွာလေးတွေကို ကောက်ထည့်သည်။

ဇစ်ဆွဲပိတ်တော့ အိတ်ကလေးခမျာ ဖောင်းကားနေတာ လှလှပပ ရှိတော့ရှာ ..။ ထိပ်ထား ပြုံးလိုက်မိရင်း အိတ်ကို အသာပြန်ချ၏။ ရှီကြည့်လိုက်တော့ ညနေ လေးနာရီ ..။

ဒီအချိန်ဆို ဒေါ်နန်း ပြန်ရောက်လာတတ်သည်မို့ စောင့်နေတာ ဖြစ်သည်။ မရောက်သေးရင်လည်း စင်ဒရဲ တို့ကိုပဲ နှုတ်ဆက်၍ ဒီ နေရာကနေ ထွက်သွားတော့မည်။

"ကိုယ်တို့ရဲ့ခြံဟောင်း ရှိတယ်၊ ဒက်ဒီနဲ့ မာမီ အိမ်ထောင်ဦးတုန်း က နေခဲ့တာ၊ ကိုယ် မြန်မာပြည်ရောက်လာတိုင်း အဲဒီမှာပဲ နေတာလေ၊ င်း ကိုယ့်အလုပ်ကို လုပ်တဲ့အတွက် ရှေ့ရေးနောက်ရေး ပူဖို့ မလိုပါဘူး၊ ကိုယ် ပြန်သွားရင်လည်း အဲဒီမှာပဲ ဆက်နေလို့ ရတယ်၊ ကိုယ်တို့က နောက်ပိုင်းဆို တစ်နှစ်တစ်ခေါက်တောင် ပြန်မလာဖြစ်တာ များတယ်"

ဦးကို ဆိုတဲ့လူ ပြောတာကို ခဏခဏ ပြန်တွေးမိ၏။



www.burmeseclassic.com

တွေးမိတိုင်းလည်း ကျေနပ်သည်။ ကိုယ့်ရဲ့ရည်ရွယ်ချက် မပြည့်
မီ မိန်းမသားဖြစ်နေသည့် သူမအတွက် လုံခြုံမှုရှိဖို့က အရေးကြီးဆုံး

"သြော် .. ဟော် .. မင်းက ပြင်ဆင်ပြီး ဖြစ်နေတာကိုး"

ဟင်!...

ဟန်းဆက်အဟောင်းလေးကို နေရာမကျလို့ သေချာပြန်ထည့်
အောင် ထုတ်ယူလိုက်တုန်း ရှေ့မှာ လူရိပ်တွေ ပေါ်လာကြ၏။

ဒေါ်နန်း နဲ့ စင်ဒရဲ ..၊ မျက်နှာတွေက မီးဟပ်ခံထားရသလို နီရဲ
လျက် မျက်လုံးတွေက တလက်လက် အရောင်ထွက်နေကြ၏။

"ဘာဖြစ်လို့လဲ အန်တီ"

ထိပ်ထား သူတို့ကိုကြည့်ရင်း နေရာမှ ထရပ်လိုက်၏။ ဒေါ်နန်း
က ရှေ့မှာလာရပ်ပြီးမှ လူကို ခြေဆုံးခေါင်းဆုံးကြည့်၍ ...

"ညည်းကို မာနကြီးကြီးနဲ့ ခေါင်ကျကျ ပြားကျကျ နေတော့မယ့်
မိန်းမလို့ ငါက ထင်ခဲ့တာ၊ ကိုယ့်ကို မလိုချင်တဲ့ယောကျ်ား .. ကျွန်
သခင်လောက် အဆင့်အတန်းမျိုး ကွာသွားတဲ့ယောကျ်ားကို မိရာကား
ပုဆိုးစဆွဲလိုက်မယ့် အရှက်မရှိတဲ့ မိန်းမမှန်း ခုမှ သိရတယ်၊ ညည်း
အော်တော် လည်ပါလား ထိပ်ထား"

စကားလုံးတွေမှာ အဖြစ်အပျက်တစ်ခုဆိုတာ မပါခဲ့ပေမယ့် ထိပ်
ထား နားလည်လိုက်၏။ ထို့ပြင် မျက်နှာရှေ့ကို ရောက်လာသည့် စီဒီ
ချပ်လေးကို ကြည့်လိုက်မိလျှင် ...

"ဒါ .."

"ဟုတ်တယ် .. ညည်းရဲ့အရည်အချင်းပါ၊ မျက်လုံးတဝင်းဝင်းနဲ့
အမူအရာတွေ ပိုမနေပါနဲ့၊ နောက်ဖေးကြားထဲက ဝင်၊ ကြားထဲက ပြန်
ထွက်နိုင်းထားတာတောင် သုရဲဇဝင် နဲ့ တွေ့ပြီး ဒီထိ အောင်မြင်အောင်
လုပ်နိုင်သေးတယ်၊ ဆွန်း တို့ညီအစ်မနဲ့ ညည်း ဘာတွေပြောခဲ့သလဲ
ငါ့ရှေ့မှာ မျက်လွှာချပြီး ဘာကတိတွေ ပေးခဲ့သလဲ"





"ကတိ ဆိုပေမယ့် ဒါက အလဲအလှယ်ပါ"

"ဘာ!.. ပြောတယ်"

"ထိပ်ထား ကို အရှက်မရှိတာတွေ၊ ကတိမတည်တာတွေ မစွပ်စွဲ
ခဲ့ အန်တီ .. ငါရော တည်နိုင်ခဲ့သလားဆိုတာ ပြန်စဉ်းစားပါ၊ ဘဏ်ကို
အန်တီ ထိန်းသိမ်းအုပ်ချုပ်ခွင့် လွှဲယူခဲ့တုန်းက ဒက်ဒီ့ရှေ့မှာ လက်မှတ်
အောင် ထိုးခဲ့ရတာ .."

'မြတ်သောထိပ်ထား' ဆိုသည့် သူဌေး ဦးမြတ်ထွတ်ခေါင် ၏
တစ်ဦးတည်းသော ရင်သွေးရတနာလေးကို မိမိသမီးရင်းကဲ့သို့ ရာသက်
ပန် ပြုစုစောင့်ရှောက်သွားပါမည်' လို့ သူမ လက်မှတ်ထိုးခဲ့သည်။

ဒေါ်နန်း မျက်နှာ ကွက်ခနဲ ပျက်၏။ ဒါတွေကို ဘာမှသိမထားခဲ့
သလိုလို နေခဲ့သည့်ပုံစံကို မြင်ယောင်ကာ ထိပ်ထား ဆိုသည့် မိန်း
ကလေးဟာ မျက်လုံးထဲမှာ ဘီလူးမတစ်ကောင် ...။

"အေး .. မင်း ကြိတ်ကြံနေတဲ့ဘုဆိုတော့ လက်နက်ခဲယမ်း ပြည့်
စုံအောင် ပြင်ဆင်ထားမှာပေါ့၊ ဒါပေမယ့် ငါ ပြောင်းလဲခဲ့တာက မင်း
အတွက် ဝမ်းစာမရှိတော့တာကို ငါ့ဘက်က ပြနိုင်တယ်၊ တာဝန်ပေး
အပ်ခဲ့တဲ့ မင်းအဖေကိုယ်တိုင် လူရော ပစ္စည်းတွေရော ငါ့ဆီကနေ
အပြီးအပိုင် နှုတ်ထွက်သွားခဲ့တာ၊ အခု မင်း လုပ်လိုက်ပုံက ယုတ်မာတာ
ပဲ .. လူတော်လူကောင်းတစ်ယောက်အတွက် မျက်နှာချင်းဆိုင် ပြောဆို
အပ်နှင်းခဲ့ကြတဲ့ ကတိတစ်ခုကို မျက်နှာကြည့်ပြီး ပြောင်ပြောင်ငြင်းရဲဖို့
လွယ်ကူမှာ မဟုတ်ဘူး"

"ထိပ်ထား ကတိဖျက်တာ မဟုတ်ဘူး အန်တီ၊ သူက .."

"မင်းကို အတည်ယူမယ်ထင်လို့လား၊ ဆွန်း က မင်းလို ပညာ
မတတ်ပေမယ့် အုပ်ထိန်းသူ ရှိတယ်၊ စည်းစိမ်ဥစ္စာ ကျန်သေးတယ်"

"ထိပ်ထား မှာ ဘာမှမရှိဘဲနဲ့ အစတည်းက မမက်လို့ အမှိုက်
ကောက်ရတဲ့တာဝန်နဲ့ သူဌေးဆိုတဲ့လူကို လဲယူခဲ့တာ၊ အဲဒီတုန်းကရော



www.burmeseclassic.com

www.burmeseclassic.com



ခုရော ဘယ်တော့မှလည်း မက်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ဒ
အတွက် ထိပ်ထား မှာ တာဝန်တွေရှိသေးတယ်၊ အဲဒါကို အောင်မြ
လိုအပ်တာတွေ အများကြီးပဲ၊ အမှိုက်ကောက်တဲ့တာဝန်နဲ့ လဲထား
ကတိ ဖြစ်တဲ့အတွက် ထိပ်ထား ဒီခြံထဲက ထွက်သွားတာနဲ့ ဒီကေ
ပြယ်သွားပြီ"

"ဘယ်လို!... နင်က အခု ဒီကထွက်တာနဲ့ .. ဒီကထွက်တာ
ဘာလုပ်မှာလဲ .."

စင်ဒရဲ ထစ်ထစ်ငေါ့ငေါ့ မေး၍ ရှေ့တိုးလာ၏။ ဒေါ်နန်း
ခါးတစ်ဖက်ထောက်ကာ ...

"မေးနေတာကို ဖြေစမ်း ...၊ ကတိတစ်ခုကို ကိုယ့်သဘော
ပြေလိုက်တာ မျက်နှာပြောင်တတ်တိုင်း ရတယ်၊ ဘာဆက်လုပ်မှာ
ဆိုတာ ပြောသွား"

"အန်တီတို့ သုရာဇဝင် လို့ ထင်နေတဲ့ ဦးကို နဲ့ ထိပ်ထား .."

"တိတ်စမ်း"

အသံနဲ့လက်က တစ်ထပ်တည်းဖြစ်ကာ ရိုက်ချက်က ထိပ်ထား
ပါးတစ်ဖက်ပေါ် ဖြောင်းခနဲ ကျ၏။ လူက ခွေခနဲ ပုံကျသွားလျ
ကိုင်ထားသည့် ဖုန်းလည်း လွတ်ကျလေသည်။

"ကြီးကြီးကျယ်ကျယ် .. သူကများ ဖုန်းနဲ့ဘာနဲ့"

"မလုပ်နဲ့ .."

မူးမိုက်နာကျင်နေတာကို ဂရုမစိုက်နိုင်၊ ဖိနင်းပစ်တော့မည်
ဒေါက်ချွန်ဖိနပ်နဲ့ ကြွသွားသည့် ခြေထောက်တစ်ဖက်ကို ထိပ်ထား
အတင်း လှမ်းဆွဲထားမိ၏။

"ဖုန်း မဟုတ်ဘူး .. ဟန်းဆက်ပါ"

"တောက် .."

ခြေထောက်ကိုအဆွဲခံလိုက်ရကာ စားပွဲပေါ်ကို အွန့်ခနဲမှောက်လျ





သွားသဖြင့် စင်ဒရဲ ရုတ်တရက် မထနိုင် ..။ ဒေါ်နန်း က တက်ခေါက်
ာ ဖုန်းကို ကောက်ယူလိုက်ပြီး အားရှိပါးရှိ ကိုင်ပေါက်ခွဲပစ်၏။
တ်တချို့ မြေကြီးတချို့နှင့် ကြမ်းပြင်မှာ ဖုန်းက ခွမ်းခနဲ ကွဲသွားသည်။

"ဟင့်အင်း .."

ထိပ်ထား ဒီအချိန်မှာ ဒေါသထွက်ဖို့ သတိမရ၊ နာကျင်တာကို
သည်း မေ့လျော့ကာ တစ်စစီဖြစ်သွားသည့် ဖုန်းကို အပြေးအလွှား လိုက်
ကောက်သည်။ အရိုပ်ကျနေသည့် ဂိုဒေါင်ထဲမှာမို့ မျက်လုံးတွေက
ကောင်းကောင်း မမြင် ..။ မျက်မှန် ပြန်ထယူ၊ ဟန်းဆက် အပိုင်းအစ
တွေကို ပြန်ကောက်၍ ထိပ်ထား ယောက်ယက်ခတ်သွားတာကို သူတို့
ဒီတိုင်း ကြည့်နေခဲ့၏။ စင်ဒရဲ ကတော့ မတ်မတ်ဆန့်လို့မရတော့သည့်
ခါးကို ဖိနှိပ် ရှုံ့မဲ့နေလျက် ...

"ပါးထပ်ရိုက် ဒေါ်ဒေါ် .. အဲဒီ ဟန်းဆက်ကို မီးရှို့ပစ်"

ဒေါသထွက်သမျှ လက်ညှိုးငေါက်ငေါက်ထိုး ပြော၏။ ဒေါ်နန်း
က မလှုပ်မယှက် ကြည့်နေဆဲ ...

ထိပ်ထား လက်တွေတုန်နေအောင် တယုတယ ပြန်လည် ချိတ်
ဆက်နေသော ဟန်းဆက်ဟောင်းက ဖုန်းပြောမရဘူးဆိုတာ သင်း ပြော
လိုက်ကတည်းက ဘာကြောင့်မှန်း သိလိုက်သည်။ ထို့ပြင် ဒီထဲမှာ ဦးမြတ်
ထွတ်ခေါင် နှင့်ပတ်သက်တာတွေ အရေးတကြီးကိစ္စ မဟုတ်ရင်တောင်
အမှတ်တရတွေ ရှိနေနိုင်သည်ကို တွက်မိသွားသည်မို့ ...

"အဲဒါ ထားခဲ့ပြီး မင်း သွားလို့ရပြီ"

"ဘာ!..."

ထိပ်ထား မျက်နှာလေး တင်းလျက် ဟန်းဆက်ကို အကွဲအတိုင်း
ရောထပ်ဆုပ်ကိုင်ပြီး ထရပ်၏။

"ဒါ နောက်ထပ်အမိန့်လား အန်တီ ...၊ ထိပ်ထား သက်ဦးဆံပိုင်
ဘုရင်ခေတ်ထဲ ပြန်ရောက်နေတာ မဟုတ်ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဟုတ်မဟုတ်ဟုတ် ငါ့ခြံဝင်းထဲကနေ မင်း ဘာမှ ယူသွား ခွင့် မရှိဘူး၊ အဲဒါ ဥပဒေဘောင်ထဲက ပြောနေတာ"

"ဟုတ်လား .. ဒါဆိုလည်း ဥပဒေက ဒီခြံထဲမှာ မရှိဘူး၊ ရုံးမှာ ရှိတာ၊ ရုံးမှာ ရှင်းမယ်"

ထိပ်ထား မျက်ရည်ကျနေသည့် ပါးတစ်ဖက်ကို လက်မောင်းနဲ့ ပင့်သုတ်၍ ပြင်ထားသည့်အိတ်ကို ပခုံးပေါ် ဆွဲချိတ်လိုက်သည်။

"မင်းက ဘာအားကိုးနဲ့ မောက်မာသွားတာလဲ ထိပ်ထား၊ ဒီခြံထဲက နေ ထွက်လိုက်တာနဲ့ မြန်မာပြည်မြေပေါ်မှာ နောက်ထပ်တစ်နာရီတောင် နေခွင့်မရှိတော့အောင် ငါ လုပ်နိုင်သေးတယ်၊ အဲဒါကို မေ့နေသလား"

ဒေါ်နန်း က မနိုင်နိုင်ရာနဲ့ ဆွဲပြောသည်။ တကယ်လုပ်မှာဖြစ်သည့် မျက်ဝန်းတွေကလည်း အေးစက်ခြင်းတွေ အပြည့်နှင့် ...

"အဲဒါကို မထားခဲ့ဘဲ မင်း သွားကြည့်လိုက်၊ ကိုယ့်ကိုယ်ကိုယ် ဘယ်ဘဝရောက်နေလဲဆိုတာ သိလိမ့်မယ်"

ထိပ်ထား လှမ်းထားသည့် ခြေလှမ်း တုံ့ခနဲ ရပ်သွားသည်။

စင်ဒရဲ က ကောင်းလိုက်တာဆိုသည့် ရေရွတ်သံနှင့် မဲ့ရွဲ့ မျက်စောင်းထိုး၏။ ဒါပေမယ့် ပြန်လှည့်ကြည့်လာသည့် ထိပ်ထား မျက်နှာက ကြောက်ရွံ့ တောင်းပန်ခြင်း အလျဉ်းကင်းလျက် ...

"အန်တီ ကြိုက်သလို စီရင်ပါ၊ ထိပ်ထား ဟာ မြတ်သောထိပ်ထား ဖြစ်နေတဲ့အတွက် ကိုယ့်ခြေထောက်တွေကိုပဲ အားကိုးတယ်၊ ခြေထောက် တွေ မခိုင်လို့ လဲကျသွားရင်လည်း အဲဒီနေရာမှာ ဖမ်မွေ့ရာနဲ့ ရွှေကော်ဇော အသင့်ရှိနေလိမ့်မယ်"

'အားကိုးကြည့်လိုက်ပေါ့'ဆိုသည့် စိန်ခေါ်သောမဲ့ပြုံးနှင့် ဒေါ်နန်း က မဲ့သည်။ ထိပ်ထား ကလည်း ထိုနှုတ်ခမ်းတွေကိုပဲ ကြည့်ကာ ...

"သတင်းစာထဲက အကြီးအကဲ ပုဂ္ဂိုလ်တွေရဲ့ပုံကို ခြေထောက် အောက်မှာ ချနင်းပြီး 'ခုတော့ ငါ့ခြေထောက်အောက်မှာ ဘာတတ်နိုင်





သေးလဲ'လို့ ကြွေးကြော်ရယ်မောတဲ့ သူတောင်းစားလို ထိပ်ထား ကို ပါးရိုက်လိုက်နိုင်တဲ့အတွက် အန်တီ ကျေနပ် ဝမ်းမြောက်နေတယ်ဆို လည်း ဟားတိုက်ရယ်လို့ ရပါတယ်"

"ကြည့်စမ်း .. ညည်း .. ညည်းက .."

ဒေါ်နန်း မျက်လုံးပြူးလျက် လက်ညှိုးထိုးသည်။ ရှေ့ကို လှမ်းထွက် လိုက်ပြီး ဆန့်တန်းထားခဲ့သည့်လက်က ရိုက်တော့ ရိုက်ဖို့ပေမယ့် မအောင်မြင်..၊ ထိပ်ထား က နည်းနည်းမှ မရှေ့လျားဘဲ နာကြည်းစွာ ခိုက်ကြည့်လျက် ...

"ခုချိန်မှာ ထိပ်ထား က အသက်မဝင်နိုင်သေးတဲ့ အရုပ်တစ်ရုပ်ပဲ၊ အန်တီ့စိတ်ကြိုက်ပါ"

ပြောပြီး စူးစိုက်ကြည့်သည်။ ခဏကြာမှ ချာခနဲ လှည့်ထွက်ခဲ့၏။ မျက်မှန်တပ်ထားလျက်နှင့် ဘယ်ကိုကြည့်ကြည့် ဝါးတားတားပဲ မြင်နေ သည်။ မျက်မှန်ကိုချွတ်၍ မျက်ရည်တွေ စင်အောင် သုတ်ပစ်လိုက်မှ အရင်လို ပြန်မြင်ရ၏။

ဝမ်းနည်းလို့မဟုတ်ဘဲ အံကြိတ်ရင်း တက်ခေါက်မိရင်း ကျပြီး ရင်း ကျနေခဲ့၏။ လူတွေအကြောင်းဆိုတာ ဒီလိုရက်စက်ခြင်းတွေလား။

ဒီကိစ္စကို သူမ မဖော်ခဲ့ပါဘဲ ဘယ်လို သိသွားတာလဲ ..၊ မာမီ့ ဓာတ်ပုံကို ဦးကို ဆီက ရတာလား ..၊ ဦးကို က ပေးပြီး ဖော်ထုတ်လိုက် တာလား ..၊ သူတို့ ရောက်လာကြပုံအရ ဆွန်း ညာထားတာကို ဦးကို သိသွားပြီဆိုတာ သေချာသည်။ ဒါဆို ထိပ်ထား ဘယ်မှာလဲဆိုတာ မတွေးမိဘဲ နေမလား ..၊ ကိုယ့်ကိုသိနေလို့ ဒါကို ဖော်လိုက်တာလား..။

ခြေလှမ်းတိုင်းမှာ မေးခွန်းတွေပဲ ဖြစ်နေ၏။ သူ သိနေပြီဆိုရင် နင် ဘာလုပ်မလဲ..၊ ကိုယ့်ကိုယ်ကိုယ် ပြန်မေးတာတောင် အဖြေကမရှိ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၆]

မရှိတော့သည့်အခါကျမှ လူနေအိပ်ခန်းလေးတစ်ခုလိုဖြစ်ကာ ဂိုဒေါင်တစ်ခုလုံး ရှင်းပြောင်နေတာကို မျက်လုံးက တစ်ပတ်ဝေ့သည်။

မြေပြင်ထက်မှာတောင် မာကြောသောအရာကို ပြောင်ရှင်းနေအောင် လှဲကျင်းထားတာ သံမံတလင်းနဲ့ နှင်လား ငါလားပင် ..။

ပစ္စည်းအပေါင်း အပျက်တွေက ခုကျမှ ခုတင်လည်း ဖြစ်၊ စာကြည့်စားပွဲလည်း ဖြစ်၊ ရေ လက်တစ်လုံးလောက်ပဲရှိတော့သည့် ရေသန့်ဘူးအသေးလေးကို လှမ်းကြည့်မိရင်း မငြိမ်သက်သေးသောရင်ထဲမှာ ထိပ်ထား ရဲ့မျက်လုံးတွေ .. သူမရဲ့အသံတွေကြောင့် တင်းကျပ်လာပြန်သည်။

"သူတောင်းစားလို .."

"အန်တီ ထိပ်ထား ရဲ့ပါးကို ရိုက်လိုက်နိုင်တဲ့အတွက် .."

"ကျေနပ် ဝမ်းမြောက်နေတယ်ဆိုလည်း ဟားတိုက်ရယ်လို့ရပါတယ်"

"သူတောင်းစားလို .."

"သူတောင်းစားလို .."

"တောက်!.. နင့်ကို ငါ လုပ်ပြမယ် ထိပ်ထား .."





နားထဲမှာ မြည်ဟီးကျန်ရစ်သည့်အသံကို ခေါင်းခါထုတ်ပစ်ရင်း ဒေါနန်း တက်ခေါက်သည်။ လက်သီးဆုပ်၍ ကြိမ်းဝါး၏။

"ထိပ်ထား က အသက်မဝင်နိုင်သေးတဲ့ အရုပ်တစ်ရုပ်ပဲ"တဲ့ ..။

နင် ဘယ်တော့မှ အသက်ဝင်ခွင့် မရစေရဘူး၊ အရုပ်အဖြစ်ကနေ ကော်ရည်ကျိုစက်ထဲကို နင် ရောက်ရမယ်၊ ဒါမှမဟုတ် သစ်တိုသစ်စလို သူမျှားခုတ်ထစ်ပြီး မီးမွှေးပစ်ကြလိမ့်မယ်၊ အဲဒါ နင် ဖြစ်မယ့် အနာဂတ်..၊

ဒေါနန်း ဒေါသမောဟတွေကြောင့် ရင်ထဲမှာ ကြိမ်းဝါးမြည်တမ်းရင်း နှုတ်ခမ်းတွေကို ဖိပိတ်ထားလျက်နှင့် တုန်ယင်နေ၏။

မောနေတာမဟုတ်ဘဲ အသက်ရှူပြင်းလာသည့်ရင်ဘတ်က ဖားဖိုထိုးနေတဲ့အတိုင်း ..၊ ဘေးမှာ စင်ဒရဲ ရှိနေသော်လည်း ဒေါနန်း ပြင်းထန်စွာ ခံစားနေရမှန်းသိကာ ထွက်လည်း မသွားရဲ နှစ်သိမ့်စကားလည်း မပြောဝံ့ ..။

"တောက် .."

တွေးနေတုန်း တက်ခေါက်၍ ဖျတ်ခနဲ လှည့်ကြည့်လိုက်သဖြင့် သူမ လန့်သွား၏။

"အသုံးမကျတဲ့ မိန်းမတွေ .."

ဒေါနန်း ပေါက်ကွဲရာ ရှာပြီမှန်း သိလိုက်၏။

"တောသားရဲ့တော့ ဆွဲထုတ်ရတယ်တဲ့၊ နင်တို့ အဲဒီလို တော်ကြပါလား .. ရဲပါလား၊ ထိပ်ထား ရှေ့ ရောက်ရင် အားကိုးရှာတဲ့ မျက်လုံးတွေနဲ့ပဲ ဖြစ်နေကြတာ ဘာလဲ .."

စင်ဒရဲ ခါးနာနေတာကို မေ့လောက်အောင် လန့်သွားခဲ့၏။ ပြဿနာကို အသာထား၊ ဒီနေရာလေးမှာ ဖြစ်ပျက်သွားသမျှမှာတော့ ကိုယ့်အဒေါ် အထိနာခဲ့တာကို နားလည်နေသည်။

"အဲဒါ နင်တို့ကြောင့် .. ငါကလည်း ကောင်းစားပါစေတော့ဆိုပြီး ခိုင်းပေးခဲ့တာ၊ အိမ်မှာ ကွန်ပျူတာတွေ နှစ်လုံး သုံးလုံး ရှိတယ်၊ ဖွင့်တာ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်တာလေးတောင် မကျွမ်းကျင်ဘူး၊ အဒေါ် အလုပ်လုပ်နေရင် တစ်ချက်လေးမှ လာ့ရပ်မကြည့်ဘူး၊ ကူညီဖို့ဆိုတာ ဝေးရော၊ ခုတော့ သိသွားပြီမို့လား"

စင်ဒရဲ မရဲတရဲ မော့ကြည့်ရင်း စောဒကတက်ကြည့်ဖို့တော့ ကြိုးစားမိသေးသည်။ ဒါပေမယ့် ဘာမှ မပြောဖြစ်ခဲ့ပါ ..။

သူမတို့ ညီအစ်မကို ခိုင်းမှ လုပ်၊ မမေးဘဲ နေရာတကာ မပါနဲ့ စပ်စုတာလည်း မကြိုက်ဖူးလို့ ဒီကိုရောက်ကတည်းက ဒေါ်ဒေါ်ပဲ ပြောခဲ့တာ မဟုတ်ဘူးလား ..။

အမြဲတမ်း ငွေကြေးစာရင်းအင်းတွေနဲ့ အလုပ်ရှုပ်နေတဲ့ ဒေါ်ဒေါ်နားကို မခေါ်ဘဲနဲ့ သူမတို့ ဘယ်လိုအကြောင်းရှာပြီး သွားရမလဲ ..။

ဒေါ်နန်း ကလည်း စိတ်လိုက်မာန်ပါ ပြောနေပေမယ့် သိတော့ သိနေပါ၏။ ထို့ကြောင့် မျက်နှာလွှဲလိုက်ပြီး အခင်းကျင်းမဲ့နေခဲ့သည့် သံခုတင်ဆီ အကြည့်တွေ ပြန်ရောက်ကာ ...

"တွေ့မယ် .. ညည်း နောက်နေ့မကူးခင် အမှိုက်တစ်စလို လွင့်ပြီမှတ် .."

ပါးစပ်ကနေ ထုတ်ဖော် ကြိမ်းဝါး၍ တံခါးဝဆီ ပြန်လှည့်လိုက်လျှင် ဆွန်း မျက်နှာ ထိတ်ထိတ်ပျာပျာနှင့် ...

"ဒေါ်ဒေါ် .. ကိုသု ရောက်နေတယ်၊ ရှေ့နေတွေရောပဲ"

"ဘာ!..."





အခန်း [ ၃၇ ]

"ဖုန်းခေါ်လို့လည်း မရဘူး၊ တွေ့လည်း မတွေ့ဘူး၊ ငါ သူနဲ့ တွေ့မှဖြစ်မှာ ချို ..၊ ဒေါ်နန်း က ပြောသလိုလုပ်မှာ၊ လောလောဆယ် သူ့ရဲ့အကူအညီ လိုတယ်"

"အရမ်းလည်း စိုးရိမ်မနေပါနဲ့ ထိပ်ထား ရယ် .. မိဘ စီးပွားရေးလုပ်ငန်းတွေအရ ဘယ်မှာပဲနေနေ နင်က မြန်မာစစ်စစ်ပါ၊ အခိုက်အတန့်အားဖြင့် ရှင်းရလင်းရဖြစ်လည်း ငါတို့ ရှိပါတယ်၊ ခုနကပဲ ငါ့အစ်ကိုက အားပေးလိုက်သေးတယ်၊ သူ့မှာ အဲဒီဘက်မှာ အားကိုးရတဲ့ အပေါင်းသင်းမိတ်ဆွေတွေ ရှိပါတယ်ဆိုမှ .."

ချို တို့ တစ်မိသားစုလုံး အားပေးနေကြတာကို သူမ ယုံကြည်သည်၊ မယုံကြည်နိုင်တာက ဒီလိုနေရာတွေမှာ ပေးဆပ်ကူညီပါမယ်ဆိုရင်တောင် ကူညီချင်တိုင်း မရနိုင် ..။

ဒါကို သူပဲ သိသည်။ သိပေမယ့် ပြောပြလို့လည်း မထွက်ခဲ့ပါ။ ချိုချို က သူမ လက်တစ်ဖက်ကို ကိုင်၍ ဖိဆုပ်အားပေးရင်း ...

"စိတ်အေးအေးထားပါ ထိပ်ထား ရယ် .. နင့်လို ဖြူစင်တဲ့သူ ဒုက္ခရောက်လည်း ခဏပါ၊ ဘယ်တော့မှ ဆိုးဝါးတဲ့ဘေးဒုက္ခမျိုး ရမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ အခု နှင် ဖြစ်ပျက်ခဲ့တာတွေကိုပဲ ကြည့်ပါဦး၊ ဒီ့ထက် ဆိုးဝါးတာ ဘာများရှိဦးမှာလဲ၊ မုန်တိုင်းစဲရင် လေပြည်လေညင်းလေးတွေ ရောက်လာမှာပါ"

ထိပ်ထား သက်ပြင်းလေးချပြီး ခေါင်းခါသည်။ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း ယုံကြည်ခဲ့ပေမယ့် ဒီနေ့နဲ့ မနက်ဖြန်အတွက်ကို မယုံကြည်နိုင် ...၊

ကယ်ကြီး နဲ့ ပတ်သက်သမျှ ကယ်ကြီးရဲ့ပစ္စည်းတွေ အကုန်ဖျောက်ဖျက်ခံရခြင်းနောက်မှာ ထိပ်ထား အတွက် လကွယ်ည သန်းခေါင်ပဲ ဖြစ်သည်။ နံနက်မိုးသောက်လာရင်တောင် နေထွက်ပါ့မလား...။

"အခု အဆောင်မှာ နှင် အဆင်မပြေရင် ငါတို့အိမ်မှာ နေပါလား၊ ဘွားဘွားပြောတဲ့ ဘုရားစင်နောက်က အခန်းကို ရှင်းလိုက်ရင် အကျယ်ကြီးပဲ၊ ငါလည်း လာအိပ်မယ်လေ"

ခုတင်တစ်လုံးတည်းမှာ နှစ်ယောက် အတူမအိပ်စတတ်ဘူး ပြောထားသဖြင့် ကြမ်းပေါ်မှာ မွေ့ရာခင်း နှစ်ခုချပြီး အတူအိပ်ကြဖို့ ချို တို့ လူကြီးတွေက အကြံပေးကြသည်။

ထိပ်ထား ကို ဟိုတုန်းကအတိုင်း ခင်မင်နေကြဆဲ မိသားစုတွေပါ၊ ဒါပေမယ့် ထိပ်ထား ခေါင်းခါ၍ ...

"ငါ ဘယ်သူနဲ့မှ မနေချင်ဘူး ချို ရယ် .. အဲဒါကို နားလည်ပါဟာ မာမီ ပြောဖူးတယ် .. 'နီးတကျက်ကျက် ဝေးတသက်သက်' တဲ့၊ ဒက်ဒီနဲ့ မာမီ အတူနေရင် စကားတွေပဲ များနေရတာ၊ တစ်ယောက်ယောက် ခရီးဝေးထွက်သွားပြီဆို နှစ်ယောက်စလုံး လွမ်းပြီး စာတ်ပုံတွေ ပို့ကြ ကဗျာတွေပို့ကြနဲ့ ငယ်ရွယ်တုန်းလိုပဲ ချစ်မိကြပြန်ရောတဲ့၊ ငါ အဲဒါကို မှတ်ထားတယ်၊ နီးနီးနေတော့ အပြစ်တွေ့တယ်တဲ့၊ ငါလေ နှင်တို့ မိသားစုကို ဒီတိုင်းပဲ ထာဝရ ချစ်ခင်သွားချင်လို့ပါ"

"အေးပါ .. စကားတတ်တိုင်း ပြောပါ၊ ငါလည်း အလုပ်လျှောက်ထားတာ ရဖို့များတယ်၊ နောက် သင်တန်းတစ်ခုကို အလုပ်လုပ်ရင်းပဲ တက်တော့မယ်၊ အဲဒီကျရင် နှင်နဲ့တွေ့ချိန် မရှိသလောက်ဖြစ်တော့မှာ အတူတူနေကြရင်တော့ ညအိပ်ရာဝင် စကားတွေပြောပြီးမှ အိပ်လို့ရတာပေါ့"

ထိပ်ထား ပြုံးလိုက်မိ၏။ အချို့နေရာတွေမှာ သူမ မိန်းမ မပီသဘူးထင်သည်။ မိတ်ဆွေစစ် မိတ်ဆွေမှန်ကို တန်ဖိုးထားသည်၊ တစ်ဖက်သားအတွက် အပြည့်အဝ ကူညီဖို့အတွက်လည်း သူမ လက်မတွန့်ပေ..။

ဒါပေမယ့် သူငယ်ချင်း အပေါင်းအသင်းတော့ မမက်ခဲ့ပါ။ ရှိနေရင်လည်း ခင်သည်၊ မရှိနေရင်လည်း ဖြစ်သည်။

စာတွေ၊ လက်တွေ့တွေမှာ တစ်ချိန်လုံး နှစ်မြှုပ်ထားခဲ့တတ်သည့် အကျင့်က တစ်ယောက်တည်း နေရမှာကို မကြောက်တော့တာ ဖြစ်သည်။

ထို့ကြောင့် သူငယ်ချင်းနဲ့ အတူရှိနေချင်တာတွေ၊ ရယ်မောအားပေးသံတွေကို လိုလားခြင်းတွေ ထိပ်ထား မှာ ပြင်းပြမနေတာ အမှန်ပင် ...။

သူငယ်ချင်းနှစ်ယောက် အတူလျှောက်နေကြရင်း ပခုံးဖက်ထားလိုက်၊ လက်ချင်းဆုပ်လိုက်နှင့် ညီညွတ်နေကြသည်။

ဒါပေမယ့် တွေးမိနေကြတာက တစ်ယောက်တစ်မျိုးစီ ...။

"နှင် ခုကျတော့ နင့်ကို ထိပ်ထား မုန်း သိသွားမှာ မစိုးရိမ်တော့ဘူးလား"

"စိုးရိမ်တာပေါ့၊ ဒါပေမယ့် တွေးကြည့်တော့ ဦးကို နဲ့ ငါ ပြောဆိုပြီးခဲ့တာ မကြာသေးဘူး၊ သူတို့ဆီမှာ ဒီကိစ္စကို ဖော်ထုတ်သွားတယ်၊ သူ ငါ့ကို ဆက်ဆံပုံအရ မသိဘူးဆိုတာ သေချာပါတယ်"

"ဆွန်း မုန်း ဘယ်လိုလုပ် သိသွားလဲ မသိဘူးနော်၊ နင့်ကို ပြောသလား"







www.burmeseclassic.com

"မပြောပါဘူး .. စီဒီချပ်ပေါ်က မာမီ့ပုံကိုပဲ ခေါ်နန်း ယူလာပြတာ ဆွန်း ကို မာမီ့ပုံ ပြလိုက်တယ်ထင်တယ် .. ဆွန်း က မသိလို့ဖြစ်မှာ မာမီက ငါ အရွယ်မရောက်ခင်ကတည်းက ဆုံးသွားတာ၊ ဒက်ဒီက လည်း လျှို့ဖုံးတတ်ထဲ့အကျင့် ရှိတယ်၊ မာမီ့ကို ခေါ်နန်း သိရင်တောင် သူတို့က နောက်မှ ရောက်လာကြတာဆိုတော့ မသိနိုင်ဘူး၊ ငါ သူ့လက်ထဲမှာ မာမီ့ပုံမြင်လိုက်ကတည်းက ကိုသူ ဆိုတဲ့လူ ပေါ့ပေါ့လေး ခိုင်းလိုက်တာ မဟုတ်မှန်း တွေးမိတယ်"

"အဲဒီတော့ နင် စိတ်လေးဘာလေး လျှော့ဖို့ မတွေးမိဘူးလား"

ချိုချို က သွေးတိုးစမ်းသလို မေးသည်။

"မတွေးပါဘူး .. ဘာတွေးရမှာလဲ"

"ဪ .. နင် ဒုက္ခရောက်နေတာ သူ သိရက်နဲ့ ဒီထိ ရောက်လာတယ်လေ၊ ထိပ်ထား အစစ်အမှန်နဲ့တွေ့ဖို့အတွက် သူ သေချာစီစဉ်လိုက်တာ မဟုတ်ဘူးလား၊ အခု နင် မဟုတ်မှန်း သိတာကိုလည်း ဖော်ထုတ်ပြီးပြီ၊ နင် ထင်သလိုလူ မဟုတ်နိုင်ပါဘူးဟာ ..၊ တချို့က မိဘပေးစားတာကို လက်ခံချင်တဲ့ဉာဉ်ကို မရှိကြတာဟ၊ တခြားလူ အဖြစ်နဲ့ ကိုယ့်နည်းကိုယ့်ဟန်အတိုင်း နီးစပ်အောင် ကြိုးစားပြီးမှ လက်ထပ်တာတွေ နင် မကြားဖူးဘူးလား၊ ဦးကို ဆိုတဲ့လူက သူရာဇဝင် မဟုတ်မှန်း ဝန်ခံတယ်ဆိုတော့ နင့်ကို သူ လက်ထပ်ဖို့ထိ စိတ်မဝင်စားရင်တောင် ကူညီချင်တဲ့စိတ် .."

"တော်ပါဟာ .. ကူညီချင်လို့ လက်ထပ်လိုက်ရတာမျိုးရော နင် ကြားဖူးလား၊ ငါ အစက ဒီကိစ္စမျိုးတွေကို စိတ်မဝင်စားခဲ့ပါဘူး၊ ဒက်ဒီ တို့ရှိနေလို့ လက်ထပ်ပေးမယ်ဆိုရင်တောင် နှစ်ဦးနှစ်ဖက် ခေါင်းညိတ် ဖြစ်ကြရင် ယူဖြစ်ဦးမှာ၊ ခုတော့ ငါ့ကို ငြင်းထားတဲ့လူမှန်း သိလိုက်တဲ့ အတွက် အိမ်ထောင်ရေးဆိုတဲ့ ခံစားချက်တွေကို ငါ စိတ်ဝင်စားလို့ မရတော့ဘူး"





"အဲဒါနဲ့ပဲ မုန်းတဲ့အထိ ဖြစ်ရတာလား၊ သူ ငြင်းတာက နင့်ကို မြင်ပြီးမှ မကြိုက်လို့ ငြင်းတာမှ မဟုတ်တာ၊ ခုချိန်ထိတောင် နင့်ကို မမြင်ဖူးဘူး၊ ငါဖြင့် အဲဒါကို အံ့သြနေတာ သူ့အဖေက နင့်ဓာတ်ပုံ လောက်တော့ ပြထားသင့်တာပေါ့၊ အခုလို ရှုပ်ထွေးနေချိန်မှာ ပို လိုအပ် တယ်လေ .."

"သူတို့သားအဖမှာ မငြိမ်းတဲ့မီး လောင်နေတာတစ်ခု ရှိတယ်၊ အဲဒါလောက်ပဲ ဦးကို က ပြောပြတယ်ဟ၊ ဒီကိုလာတဲ့အထိ သားအဖ မဆုံခဲ့တာမှာ တစ်ခုခု လွဲနေတာ ဖြစ်မယ်"

"ဘယ်လိုလွဲလို့ ဓာတ်ပုံပို့တဲ့အလုပ်လောက်ကို .. ခုခေတ်မှာ အယ်လ်ဘန် ဖွင့်ကြည့်တာထက် မြန်အောင် လုပ်လို့ရတယ်"

ထိပ်ထား ခြေလှမ်းတွေ နှေးသွားရင်း ခဏ ငိုင်သွားခဲ့၏။ ပြီးမှ...

"ငါ သိချင်တတ်ချင်တာ မဟုတ်တဲ့ ပဟေဠိတစ်ခုကို ခေါင်းခံရ လောက်တဲ့အထိ ငါ့ခေါင်းထဲမှာ ကြာကြာထည့်မထားတတ်ဘူး၊ တစ်ခု တော့ ရှိတယ် ချို .. ဒီလူ ငါ့ကို မမြင်ဖူးဘူးဆိုတာ ငါ ယုံတယ်၊ ဘာဖြစ်လို့ယုံတာလဲဆိုတာ မသိဘူး၊ ငါ့ကို စိတ်မဝင်စားတဲ့လူတစ် ယောက်က ငါ့အကြောင်း ငါ့ရုပ်ပုံကို ဘာမှမသိခဲ့တာလည်း သဘာဝ ကျတာပဲ"

"ငါကတော့ ထင်တယ်၊ နင့်ကိစ္စ မကြာခင် ပေါ်မှာပဲ"

"ပေါ်ပေစေ .. ငါ ဦးကို ရဲ့အလုပ်ကို လက်ခံခဲ့တာ သူ့သူငယ်ချင်း မို့လို့ မဟုတ်ဘူး၊ ဒက်ဒီ့အတွက် တစ်ခုပဲ"

"အေးပါ .. နင် ဦးကို လို့ ခေါ်တာကြီးကိုလည်း ပြင်ပါဦး၊ နင် ပြောတဲ့ပုံဆိုရင် ဦးတပ်ခေါ်ရလောက်အောင် မဟုတ်သေးပါဘူး"

"ဒါပေမယ့် 'ကို'ဆိုတဲ့နာမည်ကို ငါ ဘယ်လို ခေါ်ရမှာလဲ"

ချို က လှည့်ကြည့်ပြီး ခစ်ခနဲ ရယ်သည်။ ပြီးတော့ လက်ဖဝါး လေးကို ဆုပ်ကိုင်ပြီး နားနားကပ်၍ ...

"ကိုကိုလို့ ခေါ်ကြည့်ဖူးလား"

"ဘာလို့ ခေါ်ရမှာလဲ"

ခပ်ဆတ်ဆတ်လေး ပြန်မေးသံကြောင့် ပခုံးတွေ လှုပ်အော
ရယ်မိလျက် ...

"ထိပ်ထား ရယ် .. အဲဒီလူ နင့်ကိုပဲ အလုပ်အပ်ဖို့၊ ပတ်သက်
ကြိုးစားနေတာ ရိုးမှရိုးရဲ့လားဟင်၊ တော်ကြာ .. နာမည်ကျော်တေ
တစ်ယောက်၊ ညားတာက တစ်ယောက် ဖြစ်နေပါဦးမယ်၊ သ
တကယ် မြတ်သောထိပ်ထား ကို ကူညီဖို့ ကြိုးစားနေတာမှန်ရ
သုရာဇဝင် က ခိုင်းနေတာနော်...၊ သူ့ကိုပဲ ကျေးဇူးတွေတင်ပြီး စေတ
သဒ္ဒါတွေ ပိုနေရင် မှားမယ်"

"ဘာမှ သဒ္ဒါပိုဖို့ မရှိဘူး၊ ငါ သူ့အလုပ်လုပ်ပြီး ငါ့လိုအပ်ချ
အတွက် ယူသင့်တာပဲ ယူမှာ၊ အလကား တစ်ခုမှ မပါဘူး"

စကားဆုံးသည်နှင့် ထိပ်ထား ခြေလှမ်းတွေ တုံ့သွားသည်။ ချိ
လှမ်းကြည့်လိုက်တော့ မိုင်း နေခဲ့သည့်အိမ်က အထဲအပြင် သေ
ခလောက် အထူကြီးတွေ ခတ်ထားလျက် ...။

"ငါ မပြောဘူးလား၊ တံခါးပိတ်ထားတာ တွေ့ပါတယ်လို့၊ အဲ
လူတွေ မရိုးသားပါဘူးဟာ၊ ခေါင်းထဲ ထည့်မနေစမ်းပါနဲ့ .."

ထိပ်ထား စိတ်မကောင်းဖြစ်သွားသည်။ ကိုယ်မလာတော့သည်
အတွက် နောက်ထပ် မတွေ့ကြတော့ဘူးဆိုလည်း အကောင်းသား -

နတော့ ဟိုတလောကတင်ပဲ ကိုယ့်ဆီကို ရှာဖွေပြေးလာခဲ့သည်
လက်ထဲကို ကျောက်မျက်လုံးလေးတစ်လုံး ထည့်ပေးသွားခဲ့၏။

တစ်နေ့ကုန် သတိမရဖြစ်ရင်တောင် ညဘက် အိတ်ကိုဖွင့်ရင်
တော့ ကျောက်တုံးလေးကို စမ်းမိတိုင်း သတိရသည်။ ထုတ်ကြည့်
တိုင်း စိတ်ထဲမှာ မကောင်း ...။ အားလုံး ကိုယ့်ဘဝနဲ့ကိုယ် ရှိကြပေမယ့်
မိုင်း ကတော့ ကိုယ့်ဘဝကိုတောင် မသိရှာတဲ့ ကောင်လေး ...။





"ထိပ်ထား .."

"ဟင် .."

"ပြောနေတာ ကြားလား .."

"အင်း"

"မေ့လိုက်ပါဟာ .. နဆို ကိုယ့်အတွက်တောင် အန္တရာယ်ရှိနေပြီ၊
ရှင်းနေရတဲ့ပြဿနာတစ်ခုက မပြီးသေးဘူး နောက်တစ်ခု တက်နေရင်
ခင် မလွယ်ဘူးနော်"

ချိချို က ပြောနေရင်း ထိပ်ထား လက်လေးကိုဆွဲ၍ ထိုရှေ့ကနေ
မြန်မြန်ကျော်ဖြတ်ဖို့ ခြေလှမ်းတွေကို အရှိန်တင်သည်။

တော်ကြာ ဒီကောင်လေးက ဟိုချောင်ဒီကြားကနေ ပေါ်လာတတ်
သွန်းလို့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၈]

"ရောက်လာသားပဲ"

တံခါးကို သူကိုယ်တိုင် လာဖွင့်ပြီး နှုတ်ဆက်သည်။ ပြီးတော ဆံပင်တွေကို နောက်မှာ မြှင့်တင်စည်းထားသည့် ထိပ်ထား မျက်နှာ စိုက်ကြည့်၏။

သူ တစ်ခုခု ပြောလာနိုင်တာကို နားစွင့်နေမိသဖြင့် ဘာမှမပြော သလို ဖိနပ်ချွတ်နေရင်း ရင်တွေ ခုန်နေခဲ့သည်။ ဒါပေမယ့် ဘာ နောက်ထပ်မကြားရတော့ဘဲ လှည့်ဝင်သွားသဖြင့် အိမ်ကို မျက် ကစားခွင့် ရသွားသည်။ ,

"ထိုင်ဦး"

ကိုသု က ဆိုဖာတွေနားရောက်မှ ပြန်ငဲ့ကြည့်ပြီး ဆိုဖာတွေ ညွှန်ပြသည်။ ထိပ်ထား ထက်အရင် သူက ထိုင်ကာ နှစ်ယောက် မျ နှာချင်းဆိုင်ဖြစ်မှ ...

"မနေ့က မင်းဖုန်းဆက်တာ ကိုယ့်ဖုန်းမှာ တွေ့တယ်၊ အလု နေတာနဲ့ မကိုင်ဖြစ်ဘူး၊ တစ်ခုခု အရေးကြီးနေတာ ရှိလို့လား"

"အရေးကြီးလို့ ဆက်တာလို့ ထင်ရင်လည်း ရှင် မနေ့က သင့်တာပေါ့၊ ဒီနေ့ ပြောပြတော့ရော ဘာထူးမှာလဲ ..."





သူက ထိပ်ထား မျက်နှာကို မျက်ခုံးခပ်တွန့်တွန့်နှင့် တစ်ချက် စိုက်ကြည့်၏။ ပြီးမှ ...

"မင်း အရေးကြီးနေသလို ကိုယ်လည်း အရေးကြီးနေတာရှိတယ် ဆိုရင် ဖုန်းမကိုင်တော့ အပြစ်ရှိသေးလား"

"ပြောပြတာလေ .. ရှင် မမေးရင် ဒါကို အစဖော်ဖို့စိတ်ကူး ကျွန်မ မှာ မရှိပါဘူး"

"မေးတာကတော့ မင်းရဲ့ဖုန်းကို မကိုင်လိုက်ပေမယ့် မင်း ဘာဖြစ် လို့လဲဆိုတာ တွေးမိနေလို့ပါ၊ အဲဒီအချိန်မှာ ကိုယ် ပြဿနာတစ်ခု ရှင်း နေရတယ်၊ မြတ်သောထိပ်ထား နဲ့ ပတ်သက်တာတစ်ခု .."

ဟင်!...

ထိပ်ထား ဖျတ်ခနဲ ရင်ခုန်သွားသည်။

"မနေ့က .."

"ဟုတ်တယ်"

မနေ့ကပဲ သူမလည်း ဖြစ်ခဲ့ရတာ၊ သူ့ကို ဖုန်းခေါ်တာက အဲဒီက ထွက်လာပြီးမှပါ။

မျက်ဝန်းလေးတွေ မသိမသာ လှုပ်ရှားနေပေမယ့် ထိပ်ထား ခင်းချထားသည့် မျက်တောင်ဖျားလေးတွေ မငြိမ်သက်တာကို ကိုသု မြင်နေသည်။ ထို မျက်တောင်ဖျားလေးတွေကို စိုက်ကြည့်ရင်း ...

"မင်း သိချင်လား .."

ထိပ်ထား မျက်လွှာပင့်ကြည့်သည်။ ပြီးတော့ လွှဲဖယ်သွားပြီး တုံ့ဆိုင်းဆိုင်း အသံလေးနှင့် ...

"သူတို့အတွင်းရေးတွေ ကျွန်မနဲ့ မဆိုင်ပါဘူး"

"သတင်းဆိုတာ ခင်မင်ရင်းနှီးတဲ့သူတွေ၊ ဆွေမျိုးတွေချင်းပဲ ပြော ကြ သိကြတာ မဟုတ်ဘူး၊ သာမန်မဟုတ်တဲ့ အကြောင်းအရာတစ်ခုကို သူတိုင်း စိတ်ဝင်စားတယ်"



www.burmeseclassic.com

နောက်ထပ် အကြည့်ချင်းဆုံတော့ ထိပ်ထား အသံတိတ်နေခဲ့သည်။ အနက်နဲ့ပန်းနုရောင် ကွက်စိပ်ရှပ်လက်တိုလေးနှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထားသည့် သူမပုံစံလေးကို ကိုသု မျက်လုံးဝေ့သွားသည်။ ပြီးမှ ...

"မြတ်သောထိပ်ထား ပျောက်နေတယ်"

သူ ပြောလိုက်တိုင်း ထိပ်ထား မျက်နှာပျက်နေတာ အံ့ဩလို့ မဟုတ်ဘဲ စိုးရိမ်စိတ်တွေ များလာခြင်းသာ ဖြစ်၏။

"မင်း မအံ့ဩဘူးလား"

လို့ ထပ်မေးတော့ မလုံသည့်စိတ်နှင့် သူ့မျက်နှာကို ပြန်စိုက်ကြည့်မိသည်။ ကိုယ့်ကို တမင် ကပ်ရိနေတာလား .. ဒါမှမဟုတ် သတင်းတစ်ရပ်ကို ရိုးသားစွာ ပြောပြနေခြင်းလား ..။

"အံ့ဩလည်း သူတို့အကြောင်းနဲ့ သူတို့ပဲ"

သူ့နှုတ်ခမ်းက ပြုံးမလို မဲ့မလိုနှင့် ဘာကို ခေါင်းညိတ်နေမှန်း မသိဘဲ ...

"အဲဒီအိမ်မှာ မိန်းကလေး ဘယ်နှစ်ယောက်ရှိသလဲ မင်း သိလား"

မသိဘူးလို့ ပြောလိုက်ရင် သဘာဝကျပါ့မလား၊ ထိပ်ထား အဖြေကို ရွေးနေရသည်။

"အဲဒီမှာ တကယ်ရှိနေရမှာက မိန်းကလေး သုံးယောက်၊ အဲ - , မင်းမပါဘဲနဲ့ ပြောတာ"

"အို .. ဘာဆိုင်လို့ ကျွန်မကို ထည့်တွက်နေတာလဲ"

သူက လှစ်ခနဲ ပြုံးကာ ...

"ခြံဝင်းတစ်ခုတည်းမှာ ရှိနေကြတာ မဟုတ်ဘူးလား"

"ဟုတ်ပေမယ့် ကျွန်မက အပြင်လူ .."

"မြတ်သောထိပ်ထား ကလည်း အပြင်လူပဲ"

ထိပ်ထား ကိုယ်မှာ သွေးတွေ ဆူပွက်လာသလား မသိ ..၊ သူ





သိနေပြီလား .. မသိသေးဘူးလား ..။

ဟုတ်နေတော့ ဘာဖြစ်လဲဆိုပြီး ဆတ်ခနဲ ထရပ်၍ ရန်တွေ့ချင်သည့်စိတ်တွေ ရန်းကြွလာတာကိုလည်း ထိန်းရခက်နေ၏။

"မင်းကို မြတ်သောထိပ်ထား ပါလို့ ကိုယ် မပြောရသေးဘူး၊ မင်းမျက်နှာမှာ ဒေါသတွေနဲ့ပါလား"

"ဟုတ်တယ် .. ကျွန်မ သူတို့အိမ်မှာ နေရပေမယ့် သူတို့ရဲ့အရှုပ်တွေကို စိတ်လည်း မဝင်စားဘူး၊ ကိုယ်နဲ့လည်း မပတ်သက်ချင်ဘူး"

မဆုတ်သာ မလွှန့်သာတော့ ပြောလိုက်မိသည်။ သူက ခေါင်းမညိတ် ခေါင်းမခါ စိုက်ကြည့်နေလျက် ...

"သိပြီ .. နားထောင်ရုံသက်သက်တော့ ရတယ်မို့လား"

ထိပ်ထား မျက်ခုံးလေးတွေ တွန့်ကုတ်နေလျက် ဘာမှမပြောဘဲ နေလိုက်၏။

"တကယ်ဆို .. သူတို့ ခုလို အကွက်ရွှေ့နိုင်ဖို့ အခွင့်အရေး ရသွားတာ ကိုသု နဲ့ သူ့အဖေ တိုက်ရိုက်ဆက်သွယ်မှု မရှိခဲ့လို့ပါ၊ လူကြီးချင်း ရင်းနှီးနေကြတော့ လူကြီးတွေက လူငယ်ချင်းလည်း တွေ့ဖူးမြင်ဖူးကြမှာပဲလို့ တွက်ပြီး ဒီကိစ္စကို အရေးကြီးစာရင်းမှာ မထည့်ဘဲထားလိုက်တာ ထင်တယ်၊ နောက်ပြီး ကိုသု ကိုယ်တိုင် လိုလိုလားလားနဲ့ ဒီထိရောက်အောင် လာခဲ့လိမ့်မယ်လို့ မထင်တာလည်း ပါမယ်၊ သူ့ဘွေးဦးမြတ်ထွတ်ခေါင် ရဲ့ကော့စ် ပေါ်သွားခဲ့တဲ့နောက်မှာ လက်ထပ်ဖို့အရေးထက် ကျန်ခဲ့တဲ့သမီးကို ကူညီပေးစေချင်တာပေါ့၊ အစတုန်းက ငြင်းခဲ့ပြီးမှ ကိုသု က မထင်မှတ်ဘဲ ရောက်သွားခဲ့တဲ့အတွက် သူတို့ချင်း မြင်ဖူးခြင်း၊ မမြင်ဖူးခြင်းကိစ္စမှာ ပြဿနာရှိသွားတာ"

"သူ ရောက်မလာဘူးဆို .."

စကားထဲမှာ ရောက်လာတဲ့ပုံစံတွေပဲ ဖြစ်နေသောကြောင့် မနေနိုင်ဘဲ မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ်လေ .. ကိုယ်ရောက်နေတာ သူ ရောက်နေသလိုပဲပေါ့”

မရည်ရွယ်ပါဘဲ ထိပ်ထား နှုတ်ခမ်းလေး မဲ့သယောင် ဖြစ်သွားသည်။ မျက်ဝန်းတွေ အေးခဲသွားတာကအစ သူက သတိထားမိလိုက်ပုံရှိကာ ...

“သူတို့နှစ်ယောက်ရဲ့ကိစ္စမှာ ကိုသု ကိုယ်တိုင် ရောက်မလာတဲ့ အကြောင်းက ပြဿနာရှိနိုင်လို့လား၊ မင်း ဘယ်လိုထင်လဲ”

ထိပ်ထား တစ်ခုခု ပြောချလိုက်မှာကို သိကာ မေးပြီးမှ လက်ကာ၍ ...

“မင်းကို ကိုယ်က မိတ်ဆွေလို့ သဘောထားပြီး အကြံညဏ်တောင်းတဲ့သဘောနဲ့ပါ”

“ကျွန်မက ဒီနေ့ အလုပ်စဆင်းတာ၊ ဒါတွေပြောရင်း အချိန်ကုန်တော့မယ် ထင်တယ်”

“ကုန်လိမ့်မယ် .. ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ရောက်နေတာက ဒီကေ့စ်အတွက်ပဲဆိုတော့ ကိုယ့် လုပ်စရာရှိသမျှ မင်း လုပ်ရမှာတွေပဲ၊ မင်းနဲ့ ဆိုင်တယ်”

“ကျွန်မက စက္ကန့်ထရီလုံးလုံး ဖြစ်သွားမှာပေါ့”

“ကိုယ်ကလည်း MD တစ်ယောက်မှ မဟုတ်တာ၊ အဲဒီတော့ ခေါင်းစဉ်တပ်ဖို့တွေ စဉ်းစားမနေပါနဲ့ ..၊ မင်းနဲ့ ကိုယ့်အတွက်မှာ ရာထူးတွေ အဆင့်တွေ မလိုဘူး၊ အခု မြတ်သောထိပ်ထား ကို ကိုယ် ရှာရတော့မယ်၊ သူနဲ့ပတ်သက်တာတွေ ကိုယ် သိဖို့ လိုတယ်”

“ဒါဆိုရင်တော့ ..”

“မင်း ပြန်ပြီး နုတ်ထွက်လို့မရဘူး မြတ် ..၊ ဘာဖြစ်လို့လဲဆိုတာ မင်းကိုယ်မင်း သိမှာပါ”

စိုက်ကြည့်ပြီး ပြောပုံက ဘာလဲ ..။ ထိပ်ထား မြန်မာပြည်မှာ





နေစရာမရှိတော့တာကို ပြောချင်တာလား၊ ဒေါ်နန်း ရဲ့ခြံဝင်းထဲကနေ နှင်ထုတ်ခံလိုက်ရတဲ့အဖြစ်ကို ရည်ရွယ်တာလား ..။

“မင်း မာနကြီးတာ ကိုယ် သိတယ်၊ တစ်နေ့ကို ပေါက်စီတစ်လုံးစားပြီး ရေသောက် ဗိုက်မှောက်နေနိုင်တဲ့အထိ မင်း လုပ်ချင်တာကို ဖြစ်အောင် လုပ်တတ်တာထိ ..”

သူ့မျက်နှာက ပြုံးထေ့ထေ့နှင့် ထိပ်ထား ကို ဘာပြောချင်သလဲလို့ ရန်စနေတာနှင့် တူ၏။

“တစ်ခုရှိတာက ဘုရားရှင်တောင်မှ အစွန်းရောက်သွားတဲ့အတွက် ဘုရားအဖြစ်ကို မရောက်ဘဲ နှောင့်နှေးခဲ့ရတယ်၊ အခု မင်းရဲ့ မာနတွေကို ကိုယ် ရိုက်ချိုးနေတာ မဟုတ်ဘူး၊ မင်းကိုယ်တိုင် ဆင်ခြင်ဖို့ သတိပေးနေတာ၊ မြတ်သောထိပ်ထား နဲ့ပတ်သက်ပြီး ဘာမေးမေး မကြိုက်တတ်တာလည်း တစ်ဖက်မှာ စိတ်ဝင်စားဖြစ်နေရင် မကြိုက်တာတွေကိုပဲ မေးနေမှာပဲ”

“အဲဒီတော့ ကျွန်မက ရှင် ကျေနပ်အောင် မသိတာကို သိသလို ပြောပေးရမယ်ပေါ့”

“သိထားသလောက်ကို မသိသလို မနေဖို့ပါ၊ အဲဒီတော့ ကိုယ် မေးခဲ့တာကို ပြန်ကောက်ရအောင် .. ဖြစ်တယ်နော်”

သူ့စကားတွေကို ထိပ်ထား ခုခံအားမဲ့နေစဉ် သူပဲ မေး .. သူပဲ ဆုံးဖြတ်၏။

“ကိုယ့်ကို နည်းနည်းလောက် စဉ်းစားပေးပါ .. မြတ်သောထိပ်ထား က ဒေါ်နန်း တို့ရဲ့ အိမ်သားတစ်ယောက် မဟုတ်ဘူး၊ သူ ပျောက်နေတာ အဲဒီလူတွေနဲ့ ပတ်သက်နိုင်လား၊ သူကိုယ်တိုင် ကိုသု တို့သားအဖ အဲ .. ကိုသု အပေါ်မှာ တစ်ခုခု လက်မခံနိုင်စရာ ရှိနေတာမျိုးလား”

ထိပ်ထား မဖြေဘဲ ပါးစပ်ပိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထား ဆိုတဲ့ မိန်းကလေးက ဒီမှာဆိုရင် ဧည့်သည်ပဲကွ၊ ဒေါ်နန်း တို့ကိုဖြစ်ဖြစ် ကိုသု တို့ကိုဖြစ်ဖြစ် ကျောထောက်နောက်ခံ တစ်ခုခု မရှိဘဲ လောလောဆယ် သူ ရပ်တည်နေနိုင်ဖို့ မလွယ်ဘူး၊ ဒါကို သူ ဘာဖြစ်လို့ ပျောက်နေနိုင်တာလဲ .."

"သူ့ကို ရှင် မြင်တောင် မမြင်ဘူးဘဲနဲ့ သူ့စိတ်ကို ခန့်မှန်းနေတာ အဆင့်တွေ မကျော်လွန်ဘူးလား ဦးကို၊ အဲဒါကို ကျွန်မကရော ဘယ်လိုလုပ် သိနိုင်မှာလဲ"

"မင်း အဲဒီမှာ နေခဲ့တာပဲ၊ ကိုယ့်ထက် မင်း သိနေတာတွေ ရှိမှာပါ၊ ဥပမာ ဒီအိမ်မှာ လူဘယ်နှစ်ယောက် နေထိုင်တယ်ဆိုတာလောက်ပေါ့"

"မသိဘူး .. ကျွန်မကိုလည်း သူတို့က လူရာသွင်းတာ မဟုတ်ဘူး၊ ခြံထဲမှာတောင် ခွေးတစ်ကောင်သာသာပဲ နေခဲ့ရတာ"

"ဒါပေမယ့် မင်း သူတို့အားလုံးထက် သာပါတယ်၊ ဒီအခြေအနေ အားလုံးက အရမ်းကို စိတ်ဝင်စားစရာ ကောင်းတယ်ကွ၊ မင်း မဖြေချင်လည်း နေပါ၊ ကိုယ် ပြောတာတွေကိုပဲ စဉ်းစားပေး .."

မစဉ်းစားနိုင်ဘူးလို့ ပြောချင်နေသည့် ထိပ်ထား မျက်နှာလေးကို သူက နားလည်နေသလိုပင် ..၊ ဘာမှ ပြန်မပြောဘဲနေတာကို ခပ်မဲ့မဲ့ ပြုံး၍ ...

"မင်း ဒီနေ့ အဆောင်ကို ပြောင်းလိုက်တာလား"

"ဟုတ်တယ်"

"တိုက်ဆိုင်တယ် .. ကိုယ်လည်း မနေ့က အဲဒီမှာ လူချင်းချိန်းထားတဲ့ကိစ္စအတွက် ရှင်းခဲ့တာ၊ ပြီးတော့ မြတ်သောထိပ်ထား ရဲ့ ပိုင်ဆိုင်ခွင့်တွေကို မတရားသိမ်းပိုက်ထားတဲ့ အမှုအတွက်ရော .."

"ဟင်!..."

ထိပ်ထား မျက်လုံးဝိုင်းသွား၏။ အကြည့်ချင်းဆုံလိုက်ပြီး ဖြစ်သွားသဖြင့် လှုပ်ရှားသွားတာကို မလှုပ်ရှားသလို နေလိုက်ဖို့လည်း





မလွယ်တော့ ...။

"ဒါတွေတော့ မင်း သိနေတယ်ပေါ့၊ ကိုယ် မေးတာကိုပဲ မဖြေချင်တာ ထင်တယ်"

တော်တော်လည်တဲ့ လူ ..၊ ဟာကွက်တွေ့တာနဲ့ အပိုင်ဖမ်းမေးသည်။

"သိချင်တယ်မို့လား .. ကိုယ် ဆက်ပြောရမလား"

သူ့စကားနဲ့သူ ပြုံးလိုက်သေးသည်။ ပြီးမှ ...

"ဒေါ်နန်း က ဦးမင်းမြတ်သွင် ရဲ့ ရှာပနန်းအတူ အားလုံးကို ဖျောက်ပစ်ခဲ့တာ ထင်တယ်၊ မြတ်သောထိပ်ထား ဒီလောက် မညံ့နိုင်ပေမယ့် သူ့လှည့်ကွက်ထဲမှာ မိသွားတယ်၊ တကယ်ဆို သူ့ဦးလေးနဲ့ အဖေက အမွေခွဲပြီးသား၊ လုပ်ငန်းတိုင်းမှာလည်း ဦးမြတ်ထွတ်ခေါင် က သူ့နာမည်နဲ့ချည်းပဲ လုပ်ခဲ့တာ မှန်တယ်၊ ညီအစ်ကိုနှစ်ယောက်က တစ်ယောက်က စီးပွားရေးသမား၊ တစ်ယောက်က နည်းပညာရှင်၊ မြတ်သောထိပ်ထား က ဦးလေးနဲ့ အနေများတော့ သူ့ဦးလေးလိုပဲ တော်တယ်၊ စီးပွားရေးပိုင်းမှာ သူ့အဖေရဲ့ဆန္ဒအတိုင်း မျက်ခြည်မပြတ်ခဲ့ပေမယ့် မကျွမ်းကျင်ဘူး၊ တကယ်တော့ 'မြတ်မြန်မာ'တစ်က ဦးမြတ်ထွတ်ခေါင် နာမည်နဲ့ မဟုတ်ဘူး၊ ဦးမင်းမြတ်သွင် ပိုင်တာ .."

ထိပ်ထား ဒါတွေကို ဘာမှမသိခဲ့ဘဲ ကိုသု က ဘာလို့ သိနေတာလဲ၊ ဒက်ဒီလည်း မရှိတော့ဘဲ ဒီအတွင်းရေးတွေကို သူ့အဖေက အစတည်းက သိနေခဲ့လို့လား ...။

"ဒေါ်နန်း က အားလုံး အပိတ်ခံလိုက်ရတဲ့ပုံစံနဲ့ ဘဏ်လုပ်ငန်းတွေကို အပိုင်စီးလိုက်တာ၊ ဒါပေမယ့် တကယ်တမ်းကျတော့ ဦးမင်းမြတ်သွင် က သူမရှိတဲ့အခါ မြတ်သောထိပ်ထား ကလွဲပြီး ဘယ်သူမှ ထိန်းချုပ်လို့မရအောင် ကွန်ပျူတာလက်ဗွေနှစ်ခုနဲ့ မှတ်ပုံတင်ထားခဲ့တယ်၊ ပြီးတော့ ပင်မရင်းနှီးမြှုပ်နှံမှုကို သူ မရှိခဲ့ရင် မြတ်သောထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဖွင့်လို့ရတဲ့နည်းနဲ့ ချက်စ်ပြားထည့်ပြီး စီရင်ခဲ့တယ်၊ ဒီရက်ပိုင်းမှာ ဘဏ်ကိစ္စတွေနောက်လိုက်ပြီး ဒေါ်နန်း မျက်လုံးပြူးနေတာ – သူ လုပ်ခဲ့တဲ့ လျှို့ဝှက်ခြေလှမ်းကိုလည်း လျှို့ဝှက်မထားနိုင်တော့ဘူး၊ အဲဒီမှာ အစကောက်ပြီး ကိုယ် တောက်လျှောက်လိုက်တာပဲ''

ထိပ်ထား သူ့ကို ကျေးဇူးတင်သွားတာလား၊ အထင်ကြီးစိတ်လေး နည်းနည်းဖြစ်မိတာလား မသိ ..။ တွန့်ကုန်နေသည့် မျက်ခုံးတန်းလေးတွေ သိသာစွာ ပြေကျသွားသည်။

''မြတ်သောထိပ်ထား ကို တွေ့ဖို့ အရေးကြီးတယ်၊ သူ့အဖေ ဖြစ်နေတဲ့ ပြဿနာရပ်အတွက် သူ တစ်ယောက်တည်း ဖြေရှင်းဖို့ ကြိုးစားနေတာ ဘာနဲ့တူသလဲဆိုတော့ စက်ပိုင်းရဲ့အနားနှစ်ဖက်ကိုထိဖို့ အချင်းမျဉ်းက မဟုတ်ဘဲ တစ်ပတ်လည်အောင် ပတ်ပြေးနေတာ၊ အဲဒါကြောင့် သူ ဘာကြောင့် ကိုယ်ယောင်ဖျောက်နေသလဲဆိုတာ ကိုယ် သိရမှ ဖြစ်မယ်၊ သူ့လိုမိန်းကလေးက သာမန်မိန်းကလေးတွေလို ယောက်ျားမလိုချင်လို့ ပတ်ပြေးနေတဲ့အထိ အဓိပ္ပာယ်မရှိ မလုပ်ဘူးလို့ ကိုယ် ထင်တယ်၊ တစ်နေရာရာမှာ သူ ဒုက္ခရောက်နေနိုင်သလား၊ ဒါမှမဟုတ် သူ့ကို မင်း သိနေတယ်ဆိုရင် မသိတဲ့ကိုယ့်ထက်တော့ ရှာဖွေဖို့ လွယ်မှာပါ၊ အဲဒါ ကူညီမလား ..''

ထိပ်ထား ကိုယ့်အလှည့်ရောက်လာတော့ နေရခက်သည့် မျက်နှာလေးနှင့် နဖူးပွတ်ရင်း မျက်တောင်တွေ ခတ်နေမိကာ ...

''အင်း .. မြင်ဖူးပါတယ်''

''ဒါဆို .. ကိုယ် အဲဒီကို ရောက်ကတည်းက အညာခံနေရတာကို မင်း သိနေတယ်ပေါ့''

''ရှင်တို့ ဘာတွေလုပ်နေကြမှန်း ကျွန်မမှ စိတ်မဝင်စားတာ''

''ဪ .. အင်း ... ကျေးဇူးတင်ပါတယ်''

''ဘာ!...''





''အခု ကိုယ့်ကို စိတ်ဝင်စားပြီး အလုပ်လုပ်ဖို့ လက်ခံပေးတဲ့ အတွက်ပါ''

''ရှင့်ကို စိတ်မဝင်စားပါဘူး၊ ကျွန်မ ဝမ်းရေးအတွက် ခက်ခဲနေလို့''

''ဒါလည်း ကျေးဇူးတင်သင့်တာပဲ''

''ဘာကိုလဲ ..''

''မင်းရဲ့ဝမ်းရေး ခက်ခဲနေတာကို''

''ရှင် .. ကျွန်မကို ရိနေတာလား ဦးကို''

''အဲဒီလို လုပ်စရာတွေ မင်းမှာ ရှိနေလို့လား''

ညာမိတဲ့ဒုက္ခ ထင်သည်။ သူ တစ်ခုခုပြောလိုက်တိုင်း အနေခက်ခြင်းဆိုသည့် ခံစားချက်က နှိပ်စက်၏။

''ဆောရီး .. မင်းနဲ့ကိုယ် စကားပြောရင် အဆင်မပြေတာတွေက စိတ်ဝင်စားဖို့ ကောင်းနေလို့ပါ၊ ပြီးခဲ့တာတွေကို ကိုယ် ပြန်မပြောတော့ဘူး၊ မေးလည်း မမေးဘူး၊ တခြားမှာ မင်း သူ့ကိုတွေ့ရင်သာ ပြောလိုက်ပါ၊ အမေရိကားမှာလည်း ဦးမြတ်ထွတ်ခေါင် ရဲ့ကေ့စ်အတွက် သူ့ရှိမှ ရှင်းလို့ဖြစ်မယ့်အပိုင်းတွေ ရှိနေတယ်၊ အဲဒါကြောင့် ကိုယ်နဲ့ လာတွေ့ပါလို့''

မျက်လုံးချင်း စူးစိုက်မိကြစဉ် သူ ဘာကို နှိုက်ထုတ် စူးစမ်းနေမှန်း မသိသလို ထိပ်ထား လည်း သူ့စကားတွေရဲ့ ဆိုလိုရင်းကို သူ့မျက်လုံးထဲမှာ ရှာဖွေနေမိသည်။

အတိအကျ ခံစားမိနေတာတစ်ခုက သူ တကယ်မသိလို့ မေးနေတာတွေ မဟုတ်နိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၃၉]

"ချိုချို.."

မထင်မှတ်ဘဲ မြင်လိုက်ရတော့ အံ့သြ ဝမ်းသာသွားမိ၏။ အထဲကို ခေါ်လာပြီး စကားတွေ ဖောင်လောက်အောင် ပြောနေကြကာမှ သတိရကာ ...

"ထိပ်ထား လို့ မခေါ်ပါနဲ့ဆိုမှ ချို ရယ် .. အိမ်မှာ အလုပ်သမား ရှိတယ်"

မလှမ်းမကမ်းမှာ ကြမ်းတိုက်နေသည့် အမျိုးသမီးတစ်ယောက်ကို ချိုချို က လှမ်းကြည့်၍ အသံလည်း တိုးလျှသွားကာ ...

"ခုနက အအေးလာချသွားတာ ကောင်မလေးနော်၊ ရောက်တုန်း ခဏပဲ နေတဲ့အိမ်က အိမ်အကူနှစ်ယောက်တောင်မှ၊ ကြည့်ရတာ နင့် အတွက် ထားပေးတာ ထင်တယ်"

"ချိုချို .."

ထိပ်ထား ချိုချို့ ဘေးကို ဆွဲခနဲ ပြောင်းလိုက်ကာ လက်မောင်းကို ကြိတ်လိမ်ဆွဲ၏။ ချိုချို က ရှုံ့မဲ့မဲ့နှင့် ပါးစပ်ကိုလည်း မပိတ်၊ ပြီးတော့ နားနားထပ်တိုးကာ အသံပိုတိုး၍ ...





"ငါ ပြောတာ မဟုတ်လို့လား .. သူက အပြင်ထွက်နေတာ များ တယ်ဆို၊ အိမ်မှာ နင်ပဲ ကျန်ခဲ့တာ၊ အလုပ်လုပ်ရတဲ့အချိန်က ဘယ် လောက်ရှိလို့လဲ၊ စားစရာတွေ အလျှံပယ်နဲ့ ခိုင်းရမယ့်လူတွေနဲ့ .."

"ချို့ .. တော်တော့"

"မကြားပါဘူးဟာ .. ငါက ဝမ်းသာလို့ပါ၊ နင် ထိပ်ထား ဖြစ် နေတာကိုလည်း သိပါစေတော့လား ထိပ်ထား ရယ် .. သူ့ကို လက် မထပ်ချင်ရင် ခေါင်းခါလိုက်ပေါ့၊ နင် ပြောတဲ့အတိုင်းဆို လက်ထပ်ဖို့ ထက် အရေးကြီးတာတွေ နင့်အတွက် သူ လုပ်ပေးနေတာပဲ၊ တော်ကြာ ကိုယ်က မကြိုက်ဘဲနဲ့ ကြိုက်နေတယ် ထင်သွားဦးမယ်"

"ဘယ်လို!..."

"ဟုတ်တယ်လေ .. မမြင်ဘူးခဲ့တဲ့လူချင်း သူက ရိုးသားစွာ ရောက် လာခဲ့တယ်၊ နင်ကတော့ နင့်ကို ငြင်းရကောင်းလားဆိုပြီး ငြိုးမယ်ဖွဲ့ နေတာ၊ အဲဒါကိုက နင့်ဘက်က မရိုးသားတာလို့ ထင်စရာပေါ့"

"နင်က ငါ့ကို ထင်နေတာလား ချို"

"ထင်စရာလားဟဲ့ .. နင်က အငြင်းခံခဲ့ရတဲ့လူ၊ ပြီးတော့ ကိုယ့်ဘဝ အောက်ထိုးမိုးမျှော်ဖြစ်သွားပြီးမှ ဒါတွေကို သိရတာ မာနတော့ ထားမှ ပေါ့၊ ငါ နားလည်ပါတယ်၊ သူ ထင်သွားမှာကို ပြောပြတာ"

"ဟုတ်တယ် .. အဲဒီလိုပုံစံ ဖြစ်နေပြီနော်"

ထိပ်ထား စိတ်ညစ်သွားသည့် မျက်နှာလေးနှင့် ဆိုဖာမှာ နွမ်းလျစွာ မှီချလိုက်သည်။ ပြီးတော့ မျက်နှာကြက် မီးဆိုင်းတွဲကြီးကို မော့ငေး နေရင်း ...

"ငါလည်း ငါ့အမှန်တရားအတိုင်း ထင်သလို ပြောနေခဲ့တာတွေ လွန်နေပြီ၊ ဝန်ခံဖို့က မလွယ်တော့ဘူး"

"ဘာလို့ မလွယ်ရမှာလဲ .."

စကားမပြတ်သေးခင် သူ ပြန်ရောက်လာ၏။ ချို့ ကို ငဲ့ကြည့်ကာ...

www.burmeseclassic.com



"ညွှ်သည် ရောက်နေတာလား"

"ဟုတ် .."

ထိပ်ထား က ခေါင်းညိတ်၍ နေရာမှ ထရပ်လိုက်လျှင် ...

"လုပ်ပါ .. အေးဆေးနေပါ၊ ကိုယ် လုပ်စရာရှိလို့ ပြန်လာတာ"

"ကျွန်မ ဘာလုပ်ပေးရမှာလဲ၊ ရပါတယ် .. သူက ချိုချို တဲ့ အရင်းနှီးဆုံး သူငယ်ချင်း .."

"ဟုတ်ပါတယ် .. အလုပ်ရှိရင် လုပ်ပါ၊ ချို က ထိပ်ထား နဲ့ ညီအစ်မထက်တောင် ရင်းနှီးသေးတယ်"

သွားအဖြီးသားနှင့် ပြောနေပြီးမှ ထိပ်ထား မျက်နှာကို သတိထားမိသွား၏။ ချိုချို ကိုယ့်ပါးစပ်ကိုယ် ပြန်ပိတ်၍ မျက်တောင်တွေ တဖျတ်ဖျတ် ခတ်နေတာလည်း အကြောလိုက်သွားတဲ့အတိုင်း ...။

မျက်လုံးသုံးစုံ တန်းခနဲ ဆုံသွားမိကာ သူက ပြုံးလိုက်ပြီး ...

"ရင်းနှီးတော့လည်း သူ့အတွက် အဖော်ရတာပေါ့၊ ကိုယ်က ခုပဲ ပြန်သွားမှာ .."

ကုတ်အင်္ကျီ မီးခိုးရောင်အရှည်နှင့် ဘောင်းဘီနက်နဲ့ ကျောပြင်ကို ချိုချို ပါးစပ်အဟောင်းသားနှင့် ငေး၏။

"တွေ့လား .. နင့်ပါးစပ် အကျင့်ပါနေတာတွေ .."

"နင်ကလည်း ယောင်သွားတဲ့ဟာကို"

ထိပ်ထား ကျွတ်ခနဲ ဖြစ်ကာ မျက်နှာလေး ရှုံ့မဲ့နေ၏။

ဒီလူ 'ထိပ်ထား'ဆိုတဲ့နာမည်ကို သတိမထားမိလိုက်တာ ဖြစ်နိုင်ပါ့မလား ...။





## အခန်း [ ၄၀ ]

"ဟင်!... မိုင်း .."

ဒီနေရာမှာ လာတွေ့ရလိမ့်မယ်လို့ မထင်ခဲ့မိပေ ...။

မိုင်း က ဘုရားမုခ်ဝမှာ ငုတ်တုတ်ထိုင်လျက်၊ ပေါက်စီနှစ်လုံး ထည့်ထားသည့်အိတ်လေးကို ဒီတိုင်း ဆွဲကိုင်ထားသည်။

မိုးလိုလို ဆောင်းလိုလိုနှင့် အေးနေတတ်သည့်ရာသီကြောင့် ထင်သည်။ အဝါခြောက်ခြောက် ကွက်စိပ်နှင့် အနွေးထည်ပုံစံ ရှပ်အင်္ကျီအထူကို ဝတ်ထားသည်။

လုံးဝ ပြောင်းလဲသွားသည့်ပုံစံသည် ဟိုတုန်းကလို ယောက်ယက်ခတ် ပြေးလွှားနေတာ မဟုတ်ဘဲ စားစရာကိုလည်း စားစရာလို မမက်တော့သည့် ငူငူငိုင်ငိုင် မျက်နှာနှင့် ...။

သူ့ကို ကြည့်လိုက်တော့ ညွှ်သည်နှင့် စကားပြောနေရင်း အမျှင်ပြတ်သေးပုံ မပေါ် ...။ ထိပ်ထား ခြေလှမ်းတွေ မိုင်း ထိုင်နေတဲ့ဆီ သုတ်ခြေတင်သွားခဲ့၏။

ဒီထိ မိုင်း ဘယ်လို့လုပ် ရောက်နေတာလဲ၊ ဝတ်စားထားပုံ သပ်သပ်ရပ်ရပ် ဖြစ်နေတာကလည်း ထူးဆန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကဆို ဘာတွေဝတ်ထားထား ကသုတ်ကရိုက် ဖရိုဖရဲ ပုံစံကြောင့် အရူးလို့တောင် သတ်မှတ်ခဲ့ကြတာ ဖြစ်၏။

ထိပ်ထား ဝမ်းသာရမလို ဝမ်းနည်းမိသလိုနှင့် ရှေ့တိုးသွားတုန်းမှာ ခြေလှမ်းတွေ တုံ့သွားသည်။ မိုင်း ရဲ့ဆေးကို သူမထက်အရင် ရောက်သွားကြတာ လူကြီးနှစ်ယောက် ..။

"ဟိတ်ကောင် .. သွားမယ်"

"နေ .. ဦး ..."

အာလေးလျှာလေးနှင့် ရောဂါသည်မှန်း သိသာနေဆဲ စကားသံကတော့ မပြောင်းလဲသေးပါ။

"ဘာလုပ်ဖို့ နေမှာလဲ၊ ဟိုသွားမယ် ဒီသွားမယ်နဲ့ အရေးပေးတိုင်း အခွင့်အရေးယူနေတာ၊ မင်းကို ငါတို့ ရေထဲ နှစ်သတ်မိတော့မယ်"

လက်မောင်းကို ဆောင့်ခါပစ်လိုက်သဖြင့် မိုင်း က လွဲရုန်းကာ—

"သတ် ကြည့် ပါ ရား၊ ငါ့ မ မ ဆီ ပြေးမှာပေါ့"

"အံမာ .."

ပြောပြီး ပေါက်စီထုပ်လေးကို မြှောက်ကြည့်လိုက်သေးသည်။ ထိပ်ထား ရင်ထဲမှာ နင့်ခနဲ ဖြစ်၏။ သူ့အတွက် မုန့်တွေဝယ်သွားပေးပြီး ထိပ်ထား က ပေါက်စီစားနေတော့ ပါးစပ်ဟာပေးလို့ ခွံ့ကျွေးခဲ့ဖူးသည်။ ပြီးတော့ 'အဲဒါ မမ ကြိုက်လား' လို့ မေးဖူးသည်။ 'ကြိုက်တယ်.. ဒါပဲ စားတာ' လို့ ဖြေလိုက်တုန်းက သူနဲ့ နောက်ဆုံး အေးဆေးတွေ့ခဲ့ရတဲ့နေ့ ဖြစ်သည်။ ဒါကို မိုင်း မှတ်ထားရှာ၏။

"ကဲ .. ထားလိုက်ပါကွာ ..၊ မင်း သတ်ချင်လည်း မရဘူး၊ အခု မမကြီးက သူ့ရှိမှ ဖြစ်မှာ၊ လာ .. ခဏကြာမှ ပြန်ခေါ်တာပေါ့"

လူကြီးနှစ်ယောက် ပေစောင်းစောင်းကြည့်ပြီး လှည့်ထွက်သွားသည်နှင့် ထိပ်ထား ကွယ်ရပ်ကနေ ထွက်လိုက်သည်။ မိုင်း ဆီကို သွားဖို့.. သို့သော် ...





"ဘာသွားလုပ်မှာလဲ"

ရှေ့မှာ ပိတ်ကာထားလိုက်သဖြင့် မော့ကြည့်ငိုက်မိသည်။

"သူက ရောဂါသည်လေးပါ၊ ကျွန်မနဲ့ အရင်တည်းကရင်းနှီးခဲ့တာ"

"သူနဲ့ ရင်းနှီးတဲ့အတွက် မင်းမှာ ကောင်းကျိုးရှိလာသလား"

ထိပ်ထား စိတ်တိုသွားသဖြင့် မျက်ဝန်းလေးတွေ အရောင်ထွက်လာသည်။

"ခင်မင်ကြတာ ကောင်းကျိုးဖြစ်ဖို့ရှိမှာကို ရွေးနေရမှာလား၊ ဖယ်ပါ ရှေ့က .."

"မဖယ်နိုင်ဘူး"

"ရှင် .. ရှင် .. ဘာလုပ်တာလဲ၊ လွှတ် .."

မဖယ်နိုင်ဘူးဆိုပြီး လက်ကိုပါ အလှမ်းကွာတဲ့နေရာတစ်ခုအထိ ဆွဲခေါ်ချသွားကာ ..

"ကောင်းဖို့ မမျှော်ကိုးရင်လည်း ဆိုးမှာကို သိရက်နဲ့ တွင်းတူးကိစရာလား၊ ဒီကောင်လေးကြောင့် မင်း ဘာတွေ ဖြစ်ခဲ့သလဲ၊ ခုရောမင်း သူ့နားသွားလိုက်ရင် ဘာတွေဖြစ်လာမလဲ၊ အဲဒါတွေ မတွေးမိဘူးလား .."

လက်ကို လွှတ်လိုက်ပြီး သူ့လက်တွေကို ဘောင်းဘီအိတ်ထဲ အကျအန ထည့်သည်။ ထိပ်ထား မျက်နှာရှေ့ထိ ငုံ့မိုးပြောနေပုံက ကလေးတစ်ယောက်ကို ဆူနေတဲ့အတိုင်း ..၊

သူ ဒါတွေ ဘယ်လိုလုပ် သိနေတာလဲ ..။ ထိပ်ထား အံ့ဩသွားကာ သူ ဆူနေတာကိုတောင် အမှတ်တမဲ့ ထားလိုက်မိ၏။ ပြီးတော့ မိုင်း ရှိနေသည့်နေရာကို လှမ်းကြည့်လိုက်မိရင်း ...

"ရှင် .. သူနဲ့ ကျွန်မကို သိနေတယ်ပေါ့"

"သိတယ် .. သိနေတာ ဘာဖြစ်သွားနိုင်လို့လဲ ..၊ နောက်ထပ် သိနေတာတွေပါ ရှိသေးတယ်၊ မပြောချင်သေးလို့ ပါးစပ်ပိတ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကားဆီကို ခြေလှမ်းကျဲတို့နှင့် လျှောက်ထွက်သွား၏။ ထိပ်ထား က ငိုင်နေဆဲ ...

"ကဲ .. အဲဒီမှာ ဘာလုပ်နေတာလဲ"

စိတ်မရှည်အောင် ဖြစ်လာရင်း ခပ်ကြိတ်ကြိတ် တက်ခေါက်ေ သည်။ ပြီးတော့ သူပဲ ကားစက်နှိုးကာ နေရာကျယ်သလောက် ဝိုက်ေ ဆွဲပစ်ရင်း သူမဘေးမှာ ထိုးရပ်လိုက်တာ သိမ့်ခနဲ ...။

နေတော့ ပုံစံက အေးတိအေးစက် မာကျောကျောလေး ...၊ ဒီ ကောင်လေးနဲ့ ဆုံနေတဲ့အခါ မြင်လိုက်ရရင်တော့ နူးညံ့ကြင်နာတတ် နေတဲ့ မျက်နှာက ပြစရာ မရှိ ...။

ရင်ဆိုင်ရဲတဲ့သတ္တိရှိတိုင်း နေရာတကာ ရင်ဆိုင်ဖို့ပဲ မကြိုးစားရာ ဆိုတာ နားမလည်ဘူးလား ...၊ ဘေးမှာ ဝင်ထိုင်လာသည့် မျက်နှာကို မှုန်ကုတ်ကုတ် ငုံ့ကြည့်မိရင်း ကားက ဆောင့်ထွက်၏။

သူ့မှာ သူငယ်ချင်းလည်း မဟုတ်၊ မိတ်ဆွေလည်း မဟုတ် ...။

ဘာဖြစ်ဖြစ် ကိုယ်က စလိုက်ပြီဆို ပြောမကောင်းဆိုမကောင်း မဘည့်ရာ မတည့်ကြောင်း ...၊ လုပ်ချင်တာလုပ်ဖို့ကျတော့ ပတ်ဝန်းကျင် ပြောလာမှာတွေကို ဂရုမစိုက်တော့ဘူးလား ...။

"အမလေး .."

ကားနှစ်စီးလောက်ကို လွတ်အောင် မစောင့်ဘဲ အတင်းဖြတ်ဝင် ပစ်လိုက်သဖြင့် ထိပ်ထား ဆိုဖာပေါ်မှာ ယိမ်းထိုးသွားသည်။ ရင်ဘတ် လေး ဖိလိုက်ရင်း အကြည့်တွေ သူ့ဆီ ရောက်လာတော့ မသိသလို နေလိုက်သည်။

နေတတ်အောင် နေလိုက်ရင် ပြီးပြီ ...။





အခန်း [ ၄၁ ]

"ဟိုနေ့က မင်းသူငယ်ချင်း မင်းကို ထိပ်ထား လို့ ခေါ်လိုက် သလားလို့"

"ဟင်!..."

မော့ကြည့်လိုက်တော့ စီးကရက် မီးညှိပြီး ဘေးမှာ လာထိုင်သည့် မျက်နှာက လုံးဝ ရိုးသားနေသည်။ မရိုးသားသည့် ကိုယ့်စိတ်ကို ပြင်ရင်း ခါးလေး မသိမသာ မတ်ထိုင်မိ၏။

"ဟုတ်တယ် .. ကျွန်မကို ဒီလိုပဲ နာမည်ပြောင်တွေ ခေါ်နေကျ၊ ချို့ က ပျော်တတ်တယ်"

မေးတော့မည်လို့ ထင်တုန်းက မမေးဘဲ မထင်မှတ်သည့်အချိန် မှာမှ လာမေးသည်။

ဘယ်လိုပြန်ပြောဖို့ကို ပြင်ဆင်ထားခဲ့လို့ တော်သေးသည်။ သူ့ကို ကြည့်ဘဲ မျက်လုံးတွေကို မော်နီတာပေါ်မှာ စူးစိုက်ထားပေမယ့် စူး စိုက်ကြည့်နေတာကို မြင်နေရသည်။

"မင်း ထိပ်ထား ကို ရှာပေးမယ်ဆိုတာ အဆင်မပြေဘူးလား"

နောက်မေးခွန်းတစ်ခု ထွက်လာတော့ ခေါင်းပဲ ခါပြလိုက်မိ၏။



www.burmeseclassic.com

"ရပါတယ် .. သူကတော့ သွားလာနေမှာပဲ၊ ကိုယ်က မမြင်[illegible] တဲ့သူဆိုတော့ အနားမှာ ထိုင်နေရင်တောင် သိမှာမှ မဟုတ်တာ

ထိပ်ထား လက်လေး လှုပ်ရှားနေရင်းကနေ တုံ့ခနဲ တစ်[illegible] ရပ်သွား၏။

"ကိုသု ဆီ ကိုယ် လှမ်းမေးထားတယ်၊ သူလည်း ဘာမှမတတ်[illegible] တော့ သူ့အဖေနဲ့ ပြန်ဆက်သွယ်ဖို့ပဲ ရှိတော့တာလေ၊ မကြာခင် [illegible] ခတ်ပုံ ရောက်လာမှာပါ"

စိတ်တွေ တင်းကျပ်ကျပ်ကြီး အုံ့မှိုင်းကာ ကီးဘုတ်ပေါ်မှာ ကတ်[illegible] ကပါး ပြေးနေသည့်လက်တွေကို လုံးဝ ရပ်ပစ်လိုက်ရခြင်းသို့ ရောက်[illegible]

"ဦးမြတ်ထွတ်ခေါင် ရဲ့ လက်ပ်တော့ ပျောက်နေတာက ဘယ်[illegible] မှန်း မသိပေမယ့် အခု မက်ဆေ့ချ်တစ်ခု ရောက်နေတယ်၊ ကျွန်[illegible] ကို ဖွင့်ဖို့အတွက် လျှို့ဝှက်ကုတ်နံပါတ် တောင်းထားတာ၊ ဒါကို ဦး[illegible] မြတ်သွင် မသိရင်တောင် သူ့သမီး သိနေမှာပဲ၊ ဒါကြောင့် မြတ်[illegible] ထိပ်ထား ကို တွေ့မှ .."

"ဒါကို ဖွင့်နိုင်ရင် ဘာတွေ ဖြစ်လာမှာလဲ .."

ထိပ်ထား မေးလိုက်တာကို အုံ့သြသွားသလို ဖျတ်ခနဲ လှည့်[illegible] သည်။ ပြီးမှ ...

"မသိဘူး .. အခြေအနေတွေက ရှုပ်ထွေးနေတာလေ၊ ထိပ်[illegible] ကို တွေ့ရင်တောင် သူ အမေရိကားကို ချက်ချင်းလိုက်လို့ မရ[illegible] အမှုမှန် မပေါ်သေးဘဲ သူ့သမီး ထပ်ရောက်လာရင် သားအ[illegible] ယောက်စလုံး အတူတူ သတ်မှတ်ခံရမှာ၊ ကိုသု ပြောတာက[illegible] အားလုံးက ထိပ်ထား ရောက်လာတာနဲ့ ဖြေရှင်းဖို့အတွက် တစ်ခု[illegible] လာနိုင်တယ်တဲ့၊ သူ့အဖေ မဆီမဆိုင် ခေါင်းစားခံပြီး ဖြေရှင်[illegible] ကြိုးစားပေးနေရတဲ့အတွက် သူ ကူညီနေတာ၊ တကယ်တမ်း သူ ပြန်လာရတဲ့ တခြားကိစ္စတစ်ခုဆိုတာ ဘာမှကို မစရသေးဘူး"





"သူ ဒီမှာ ရောက်နေတယ်ပေါ့"

ထိပ်ထား မေးခွန်းထောက်လိုက်တာကို သူက မချိမချဉ်ပြုံးပြီး ဟိုဘက်လှည့်၏။

"ကျွန်မ မေးတာက .."

"မမေးသင့်ဘူးလေ .. မင်း တွေးကြည့်ပါလား၊ မြတ်သောထိပ်ထား ဘာဖြစ်လို့ ထွက်မလာတာလဲ၊ သူ့အဖေအတွက် ဖြေရှင်းနေရတဲ့ ပြဿနာ ရှိတယ်၊ အားလုံးက ကူညီကြဖို့ အသင့်ရှိတယ်၊ ဥပမာ ကူညီနေတဲ့ လက်တွေ့အဖြစ် .. အခုလောလောဆယ် သူ့ဦးလေးရဲ့ ပိုင်ဆိုင်မှုတွေကို သူ ပြန်ရတော့မယ် .. ကျေးဇူးမတင်ထိုက်သေးဘူးလား၊ နောက်ထပ်လည်း ကြိုးစားနေကြဆဲပဲ သူ ရှိနေတာပဲကွာ၊ ဒါကို သိကို သိတယ်၊ သိရက်နဲ့ .."

"သူ့မှာလည်း အခက်အခဲ ရှိချင်ရှိမှာပေါ့၊ အဖေတစ်ယောက်လုံး အတွက် ချောင်ကပ်ထိုင်နေမယ်လို့ ရှင်က ထင်လို့လား .."

"ဘယ်လိုလုပ် သိမှာလဲ .. ကွယ်ရာမှာ ခြေထောက်နှစ်ချောင်း မိုးပေါ်ထောင်ပြီး အထက်ဘဝဂ် အောက်အဝီစိထိကြားအောင် အော် ငိုနေလည်း အပိုပဲ၊ တကယ်ဖြစ်ချင် တကယ်လုပ်နေရတာ .."

သူ့စကားကြောင့် ထိပ်ထား ပါးလေးနှစ်ဖက် ရဲတွတ်သွားသည်။

"ဖြစ်အောင်လုပ်ရင် ဖြစ်တယ်၊ သူ့မှာလည်း ခြေနဲ့လက်နဲ့ .. အကြံဉာဏ်နဲ့"

"ဒါတွေ ကန်နေပါလား .. ကိုယ်က ထိပ်ထား နဲ့တွေ့မှ ရန်ဖြစ်ရမယ် ထင်နေတာ"

ပြုံးချင်နေသည့် ရယ်ချင်ပက်ကျိ မျက်နှာကို မျက်စောင်းထိုးပစ်လိုက်မိသည်။ ဘေးနှစ်ဖက်မှာ စည်းထားလျက်နှင့် ပါးရိုးပေါ် ကျနေသည့် တစ်ပင်စ နှစ်ပင်စ ဆံပင်တွေကို ဒေါသမကင်းစွာ ပွတ်သပ်ဖယ်ပစ်မိ၏။



www.burmeseclassic.com

ီလူ သိနေသည်။ သိလို့ တမင် ကပ်ရိနေတာ ..၊

လုပ်စမ်း ..၊ သိသိမသိသိ ကိုယ်ဝန်ခံမှ ဖြစ်တာ ..။

ဒေါသဖြစ်ဖြစ်နှင့် ထိပ်ထား နှုတ်ခမ်းလေး တင်းသွားလိုက် သွားလိုက်ရှိကာ စကားသံမထွက်ပေမယ့် တကယ်ပြောနေတဲ့အတိုင်း

မြတ်သောထိပ်ထား ဆိုသည့်မိန်းမ သုရာဇဝင် ဆိုတဲ့လူနဲ့မှ အ မိ မဆက်သွယ်ရင် ချိန်ကိုက်ဗုံးကြီး ကိုင်ထားတဲ့လူလို သေကို သေ တော့မှာလား ..။

ခဏခဏ ပြောလွန်းတော့ ခြိမ်းခြောက်နေသလို ခံစားလာရကာ ကျေးဇူးတင်တာတွေတောင် ပျောက်သည်။

'မင်းက မြတ်သောထိပ်ထား ပဲ မို့လား' လို့ မေးလိုက်ပါလား သတ္တိရှိရှိ ..။

"သူ ဘာအတွက် သတ္တိမရှိ ဖြစ်နေတာလဲလို့ ကိုယ် တွေး မရဘူး"

စကားပြန်ပြောလာတော့ စောစောက ရယ်ချင်ပက်ကျိမျက်နှ ဘယ်မှာ ကွာကျခဲ့သလဲ မသိ ..။

"ကိုသု နဲ့သူ မမြင်ဘူးကြတဲ့လူချင်း သူ လက်မထပ်ချင်ဘူး ဆိုရင်တောင် ဟိုကလည်း လက်ထပ်ချင်လွန်းလို့ ခြေတုန်လက်တု ဖြစ်နေတာမှ မဟုတ်ဘဲ .. မဟုတ်ဘူးလား"

သူ့ဟာသူ ပြောပြီး နီးနီးလေးကို မေးဆတ် မေးနေသေးသည် ထိပ်ထား တည်တည်နေလိုက်၏။

"ကိုယ့်အဖေရဲ့ပြဿနာ ရှင်းရဖို့ရှိနေတာတောင် သူ ထွက်မလာ ဘူးဆိုတော့ တွေးလို့ရတာ တစ်ခုပဲ ရှိတယ်"

ဒီစကားရောက်တော့ ထိပ်ထား မျက်ခုံးတွေ ပင့်တက်သွား၏ သူက စီးကရက်ကို ဖိချေပစ်၍ ...

"ကိုသု နဲ့ပတ်သက်ပြီး သူ အစကတည်းက စိတ်ဝင်စားမှု ရှိ-





"ဒီမှာ .."

"ဟုင် .."

ထိပ်ထား စိတ်တိုနေတာကိုပဲ သူက အံ့သြနေသည့်မျက်နှာနှင့်...

"ရှင်လည်း သုရာဇဝင် မဟုတ်ဘူး၊ ကျွန်မကလည်း ဘေးကနေ ကြားရတာ သဘာဝမကျတော့ ပြောချင်တယ်၊ အဲဒီတော့ သူများ အကြောင်းမဟုတ်ဘဲ ကျွန်မတို့ ကိုယ့်အလုပ် ကိုယ်လုပ်ကြရင် မကောင်း ဘူးလား"

"မင်း ပြောပြန်ပြီနော် .. အခု ငါ အလုပ်လုပ်နေတာ ဘယ်သူ့ အတွက်လဲ .."

"ဒါဆိုလည်း လုပ်ရမှာကို ညွှန်ကြား .. ကျွန်မ လုပ်ပေးစရာရှိတာ လုပ်ခဲ့မယ်"

"ပြီးရင် ပြန်မယ်ပေါ့"

"ဟုတ်တယ်လေ .. ကျွန်မ အလုပ်ချိန်က .."

ထိပ်ထား ဆက်မပြောနိုင်တဲ့အထိ နားထောင်နေပြီးမှ သူက မဲ့၍...

"ပြောပါ .. အလုပ်ချိန် ဘယ်လို သတ်မှတ်ထားတာရှိလဲ .."

"ဘာပဲဖြစ်ဖြစ် ညနေစောင်းရင် ပြန်ချိန်ပဲ"

"ကိုယ် သတ်မှတ်ပေးတာပဲ မင်း နာခံရမှာ၊ မင်းရဲ့အလုပ်ချိန်ကို မင်း သတ်မှတ်လို့ မရဘူး"

"ဒါဆို အခုပဲ ပြောပါ၊ အလုပ်ဆင်းချိန် .. ပြန်ချိန်"

"အကန့်သတ် မရှိဘူး"

"ဘယ်လို .."

သူက နေရာမှ ထထွက်သွားသဖြင့် ထိပ်ထား ကွန်ပျူတာကို ခဏထားခဲ့ပြီး သူ နောက်ကို ထလိုက်ခဲ့၏။

"ရှင် .. ဘာပြောလိုက်တာလဲ၊ ကျွန်မ က ဒီမှာ .."

"ဒီမှာ မင်းကို အလုပ်လုပ်ပေးဖို့ ကိုယ် ခေါ်ခဲ့တာ၊ လုပ်ငန်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အတွက် မဟုတ်သလို အလုပ်ရှင် အလုပ်သမားတွေလို အတိအကျ သတ်မှတ်ဆက်ဆံနေဖို့လည်း မလိုဘူး''

"အဲဒါ ဘာဖြစ်သလဲ''

သူ ရေခဲသေတ္တာနားကို လျှောက်သွားတော့ ထိပ်ထား လည်း အတူပါသွားသည်။ သူ ကုတ်ဘူးထုတ်ယူပြီး လှမ်းပေးတော့ ...

"မသောက်ဘူး''

"ဟုတ်လား .. မင်း ရင်ပူနေသလားလို့''

မထိတထိပြောပြီး ရေမော့သောက်နေတာ မပြီးနိုင်..၊ ဖန်ခွက်တွေရှိလျက်နှင့် ဒီတိုင်း မော့သည်။ မော့စင်းနေသည့် လည်ပင်းပြောင်ပြောင်ကို မမြင်ချင်လို့ မျက်နှာလွှဲပစ်တော့လည်း မျိုနေသည့်အသံက မရမက လက်တို့ခေါ်နေ၏။

သူ့အလုပ် အေးဆေးပြီးတာတောင် ရေဘူးအဖုံးပိတ်တာကို တခမ်းတနား မပြီးနိုင်မစီးနိုင် လုပ်နေလျက် ...

"မင်း နာမည်တွေအမျိုးမျိုးနဲ့ ဘယ်ဟာ အမှန်တရားပါလို့ ပြောနေနေ ကိုယ် လက်ခံခဲ့တယ်လေ၊ မင်းရဲ့အရည်အချင်း ဘယ်မြို့နယ် ဘယ်လိပ်စာမှန်း မသိဘဲ ကိုယ် ဘာမေးခဲ့သလဲ၊ ဒါတွေက မင်းနဲ့ငါ ပါစင်နယ်ပိုင်းနဲ့ ပတ်သက်ခဲ့ကြတာကို ဖော်ပြတာ၊ ကိုယ့်ဘက်က ဘာမှ စည်းကမ်းကလနား မသတ်မှတ်တာကို .. မင်းလည်း မတောင်းဆိုသင့်ဘူး၊ ကိုသု ကို ကူညီချင်ပေမယ့် ဒါတွေ ကိုယ် စိတ်မဝင်စားလို့ မင်းကို ကူညီခိုင်းခဲ့တာ၊ ဟိုက မက်ဆေ့ချ် ပို့ဝင်လာတဲ့အချိန် ကိုယ့်ဘက်က ထူးခြားမှုရှိတဲ့အချိန် ဒါမှမဟုတ် ကိုယ် တစ်နေရာရာ သွားဖို့ရှိတဲ့အခါ မင်းပါမှ ဖြစ်မှာမျိုး ..''

ကိုသု က ဘာသာစကား ကျွမ်းကျင်ပေမယ့် သူက စပီကင် မကျွမ်းကျင်ဘူးဆိုတာကိုပါ ထပ်ထည့်ပြောလိုက်ရင်း ...

"အဲဒါကြောင့် မင်းရဲ့ပြန်ချိန်ကို သတ်မှတ်လို့ မရဘူး ပြောတာ





နောက်တစ်ခုက မြတ်သောထိပ်ထား ကို တွေ့ဖို့ နီးစပ်တာ မင်းပဲရှိလို့၊ ကိုယ့်ရဲ့ကိစ္စတိုင်းကို ဖွင့်ပြောနေရတယ်၊ ထိပ်ထား နာမည် ပါလာတိုင်း မင်း ဆေါကန်နေတာ ဘာဖြစ်လို့လဲဆိုတာတော့ မင်းပဲ သိမှာပေါ့''

သူက ရေဘူးပိတ်ပြီး ရေခဲသေတ္တာဆီ ပြန်လှည့်သွားပြန်သည်။ သေချာပြန်ထားပြီးမှ ဒီဘက်ကို ဖျတ်ခနဲ လှည့်၍ တံခါးကို နောက်ပြန် ပိတ်ကာ ...

"နောက်တစ်ခု ရှိသေးတယ်၊ ဒီမှာ သူ့ရဲ့ နေရေးထိုင်ရေး ပြဿနာ ရှော့ခ် အကြီးကြီးနော် ..''

မီးခိုးရောင်ပေါ်မှာ အနက်စင်းပါသည့် ရှပ်လက်ရှည်နှင့် သူ့မျက်နှာက ဝင်းမှန်နေသည်။ ပြီးတော့ ရှေ့မှာ နီးကပ်စွာ လာရပ်လိုက်သဖြင့် ထိပ်ထား ကြိုက်သည့် ပြင်သစ်ရေမွှေးနံ့က တိုးဝင်လာ၏။

"မင်း သူ့ကိုတွေ့ရင် ပြောလိုက်၊ ဆံပင်နီကျင်ကျင် မတိုမရှည်၊ ဖြူခြောက်ခြောက်မုံစံကို သုရာဇဝင် က မြင်မြင်ချင်း တမ်းတမ်းစွဲ မသွားပါဘူးလို့၊ အကျိုးအကြောင်း ထွက်ထားပြောလည်း ရတယ်လို့..''

မျက်လုံးချင်းဆုံရင်း တစစ အနီရောင်ရင့်လာသည့် မျက်နှာလေးကို စီးမိုးကြည့်ရင်း သူက နှုတ်ခမ်းတွန့်တွန့် ပြုံးလျက်...

"လက်ထပ်ဖို့က ..''

"ရှင် စကားကို ယောက်ျားပီပီသသ ပြော ..''

"ပြောနေတာပဲလေ၊ ဘာလဲ .. မင်းရှေ့မှာ ကိုယ် ရပ်နေတာတောင် ယောက်ျားမပီသဘူး ထင်လို့လား''

ထိပ်ထား နှုတ်ခမ်းလေးကို သိသိသာသာ ဖိကိုက်ပစ်သည်။

"အဲဒီပုံစံ .. ဘယ်သူပြောတာလဲ''

"ဘာလဲ .. မင်းနဲ့ တူနေလို့လား၊ တူလည်း ပုံစံလောက်ပဲ နေမှာပါ၊ မြတ်သောထိပ်ထား ကို ကိုယ် ကြားရသလောက် ထက်ထက်မြက်မြက် နူးနူးညံ့ညံ့ပဲ''



www.burmeseclassic.com

www.burmeseclassic.com



"မေးတာကိုပဲ ဖြေစမ်းပါ၊ ဘယ်သူ ပြောလိုက်တာလဲ"

"ကိုယ် ဖြေချင်မှ ဖြေမှာပေါ့၊ မင်း ခိုင်းတာ ကိုယ် လုပ်ရမှာလား မင်းက ကိုယ်ခိုင်းတာကို လုပ်ရမှာလား၊ ထိပ်ထား နဲ့ ဆင်ဆင်တူသွားတယ်ဆိုတာ မင်းဘက်က ဒီလောက် နာစရာမလိုဘူး ထင်တယ်"

သူက ခပ်တည်တည် ပြင်လိုက်သည့် မျက်နှာနှင့် ထိပ်ထား ကို စိုက်ကြည့်ကာ ...

"ကိုယ် ပြောနေတာ ခုနက မပြီးသေးဘူး၊ သူ မြန်မာပြည်မှာ ဆက်ပြီး နေနိုင်ဖို့အတွက် သုရာဇဝင် ကို လက်ထပ်မှ ဖြစ်မယ်ဆိုတာ ထည့်ပြောပေး .."

"ဘာ!..."

"ဘာလဲ .. ကြွားခံ ဒေါသတွေ ဖွင့်ပြဦးမလို့လား၊ မဆိုင်ရင် မဆိုင်သလိုပဲ နေလိုက်ပါ၊ မြတ်သောထိပ်ထား ဒီသတင်းကိုကြားရင် ဝမ်းသာလွန်းလို့ ခုန်ပေါက်ပြီး ဌမ်း ရှစ်ပတ်လောက် ထိုးသွားလိမ့်မယ်၊ ဟွန်း .. ဘယ်သူ့ဘက်ကမှ စဖို့မလိုတဲ့ မဖြစ်မနေ အခြေအနေကို သူ အလိုရှိနေမှာ ကိုယ် ပြောရဲတယ်"

ထိပ်ထား မျက်ဝန်းလေးတွေ ပန်းနုရောင်သမ်းတဲ့အထိ အသက်ရှူ ပြင်းလာတာကို သူက အောင်နိုင်သူ့အပြုံးနှင့် အားမနာတမ်း ကြည့်သည်။

"မင်း သူနဲ့တွေ့မှပါ၊ မယုံကြည် ပြောကြည့်လိုက်၊ ကိုယ် ပြောသလို ဖြစ်မဖြစ် .."

"ရှင် .. တော်တော့ .."

မျိုသိပ်နိုင်စွမ်းက ဒီနေရာမှာတင် နိဂုံးချုပ်၏။ အနီးကပ် ရပ်နေပြီး အားပါးတရ ပြောနေသည့် ရင်ဘတ်ကြီးကို လက်နှစ်ဖက်နဲ့ ဆောင့်တွန်းပစ်လိုက်ကာ ...

"မြတ်သောထိပ်ထား ဆိုတာ ကျွန်မပဲ .. ရှင် သိသိနဲ့ တမင်





ကပ်ရိ လှောင်ရယ်နေတာ .."

"ဟုတ်တယ် .."

သူက ခြေတစ်လှမ်းစာလောက် နောက်ပြန်ယိုင်သွားပြီးမှ ခြေတစ်ဖက် ချရပ်လိုက်ရင်း ဘောင်းဘီအိတ်ထဲ လက်ထည့်သည်။

"သိနေတယ် .. သိပေမယ့် မင်း ဝန်ခံတာကို လိုချင်လို့ စောင့်နေတာ"

သူကလည်း ဒေါသနဲ့ပဲဖြစ်ကာ ...

"မင်း လုပ်နေတာ ဘာအကျိုးတွေ ဖြစ်ထွန်းလာသလဲ၊ ဘယ်အာက်မှာ တိုးတက်သွားသလဲ၊ အခု မင်းမျက်နှာကို ကြည့်ပြီး ငါ မေးမယ်၊ သုရာဇဝင် ကို လက်မထပ်ချင်တာကြောင့်လား .."

"ရှင် .. ရှင် ပြောပြန်ပြီ"

"ပြောခဲ့တာက မင်း ဒေါသတွေ ဖောင်းပွပြီး ဝန်ခံလာဖို့ပါ၊ တော်ကားသလို ဖြစ်သွားခဲ့တဲ့အတွက် ဆောရီးပဲ၊ မင်း ကိုယ့်ကို ပွင့်လင်းလို့ရတယ်၊ အခက်အခဲရှိနေတာကို ပြော .. မင်းတို့ပြဿနာအတွက် မင်းရှိမှ ဖြစ်မှာ၊ ရှိမနေချင်လို့ ပုန်းနေတာ ဘာကြောင့်လဲ .."

ထိပ်ထား ဒေါသတွေ ချက်ချင်း ဝပ်ဆင်းသွားသည်။ ဟုတ်နေသည်ပဲ ..၊ ဒီဖြစ်ရပ်ထဲမှာ သူက ကြားဝင် ဖြေရှင်းရတဲ့လူ ..။ မလိုအပ်တဲ့ အလုပ်ပိုရှုပ်ခဲ့ရသည့်အဖြစ်အတွက် ဒေါသဖြစ်ထိုက်ပါသည်။

"မင်း ကိုယ့်ကိုတော့ လျှို့ဝှက်ဖို့ မသင့်ဘူး ထင်တယ်"

သူ ထပ်မေးလိုက်မှ ထိပ်ထား မျက်နှာ လွှဲပစ်ရင်း စည်းထားသည့် ဆံပင်တစ်ဖက်ကို ဖွတ်သပ် ကိုင်လိုက်မိကာ ...

"ဆောရီး .. ထိပ်ထား အရမ်းရှက်သွားလို့ပါ၊ တစ်ခါမှ အဲဒီလိုမျိုး ချက်လုံးတွေပြာအောင် မရှက်ခဲ့ဖူးဘူး"

"မင်း တောင်းပန်ရမှာ မဟုတ်ပါဘူး၊ ကိုယ် တမင်ပြောတာလို့ ဝန်ခံပြီးပြီပဲ၊ မေးတာကို ဖြေပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထား ဒီနေ့ ပြန်ပါရစေ၊ မိုးချုပ်သွားရင် .."

"ဒီအိမ်မှာ အလုပ်သမားချည်းပဲ ငါးယောက် ရှိတယ်၊ အဲဒါ မင်းရဲ့သိက္ခာအတွက် ကိုယ် စီစဉ်ခဲ့တာ၊ အိမ်ပြန်မိုးချုပ်တဲ့အတွက် ဒါပြဿနာ မရှိနိုင်ဘူး၊ ကိုယ်တို့ ပြောဆိုပြီးတဲ့အခါမှာလည်း ဒီပြဿနာက အလိုလို ရှင်းသွားမှာပါ"

စောစောကနဲ့ လုံးဝ မတူတော့သည့် ထိပ်ထား မျက်နှာက ဆုံးဖြတ်ရခက်သည့် ရှုပ်ထွေးမှုများနှင့် ...

"ထိပ်ထား သူ့ကို လက်မထပ်ဘူး .."

"ဘယ်လိုအခြေအနေ ဖြစ်ဖြစ်လား .."

"ဟုတ်တယ် .. အဲဒါ ပြဿနာအကြောင်းကြောင်းနဲ့ မသက်ဆိုင်တဲ့ မိန်းမမာနနဲ့ ဆုံးဖြတ်ခဲ့တာ"

"မိန်းမဖြစ်ရတဲ့ဘဝမှာ မာနထားနိုင်ရုံ တစ်ခုတည်းနဲ့ အားလုံးဖြစ်မြောက်ပြီးစီးသွားမှာ မဟုတ်ဘူး၊ မင်း ပညာတတ်တစ်ယောက်ဖြစ်နေပြီး အတ္တနဲ့ မာနကို ဘာဖြစ်လို့ ရောထွေးနေတာလဲ"

"ရောထွေးနေတာ မဟုတ်ဘူး၊ မာန ဆိုတာ ထိပ်ထား ရဲ့ဘဝနဲ့ပဲသက်ဆိုင်တဲ့ အိမ်ထောင်ရေးအတွက်ပါ၊ ဒီလိုဖြစ်နေရတဲ့ အခြေအနေမျိုးမှာ ယောကျ်ားတစ်ယောက်ကို အားကိုးတကြီးနဲ့ မရမနေ ဆုပ်ဖမ်းထားလိုက်ရတာမျိုး မဖြစ်စေရဘူး"

"မင်းရဲ့ဥပမာက ရေနစ်နေတဲ့သူ မြက်တစ်ပင်ဖြစ်ဖြစ် လှမ်းဆွဲမိတာမျိုးလား ..၊ ဒါဆိုရင် သုရာဇဝင် က မြက်တစ်ပင် မဟုတ်ဘူးဆိုတာလည်း မင်း သတိရဖို့ကောင်းတယ် ထိပ်ထား၊ မိန်းကလေးမှာပဲ မဟုတ်ဘူး .. ယောကျ်ားမှာလည်း မာန ရှိတယ်၊ မင်းနဲ့ သူ့ရဲ့အနေအထားမှာလောလောဆယ် ကိုယ့်ပြဿနာ ကိုယ်ရှင်းရဖို့အတွက် မင်း သည်းခံရမယ်၊ သူ့ဘက်က လိုက်လျောပေးရတဲ့ပုံစံ ဝင်သွားရင်လည်း ဒါ မင်းအတွက်ဆိုတာကို နားလည်ပါ"





"ရှင်က ရှင့်လူဘက်ကချည်း ပြောနေတာလား"

"လောလောဆယ် ကိုယ် မင်းရဲ့ဘေးမှာပါ၊ သူက သူငယ်ချင်းဖြစ်သလို မင်းကလည်း တစိမ်းသက်သက်မှ မဟုတ်တာ"

"ဘာဖြစ်ဖြစ် ဆုံးဖြတ်ပြီးသားကို ထိပ်ထား မပြင်ဘူး၊ ဒက်ဒီပြဿနာကို အခု ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားနေတာ၊ အင်အားနဲ့ဘစ်မိုင်လောက်ရွေ့မယ့်လမ်းကို ထိပ်ထား တစ်ယောက်တည်းမို့လို့ဘစ်ဖာလုံလောက်ပဲ ရွေ့နေလည်း ဖြစ်တယ်"

"မင်းရဲ့ ရွေ့လျားမှုနှုန်းကို ဘယ်သူက စောင့်မှာလဲ၊ အားလုံးသောအကြောင်းတွေကို ထားလိုက်နိုင်ပါတယ်ဆိုရင်တောင် နောက်ဆုံး မင်းဘဝ မြောင်းထဲပဲရောက်ရောက်လို့ သဘောထားနိုင်ဦး မင်းအတွက် သက်ခံမယ့်မြောင်း မရှိတော့ဘူး"

"ဘယ်လို .."

သူက တည်တင်းနေသည့်မျက်နှာနှင့် ရှေ့ပြန်တိုးကာ 'ဘာမှ မသိဘူးလား' ဆိုသည့် အကြည့်တွေ စူးရဲလျက် ...

"ဒေါ်နန်း နဲ့ ငါ ရင်ဆိုင်ခဲ့ရတာတွေ မင်း မသိဘူးမို့လား .. သူ့ ချိန်ထိ မာန်မချသေးဘူး၊ ဦးမင်းမြတ်သွင် ရဲ့ ပိုင်ဆိုင်မှုတွေနဲ့ စာရွက်စာတမ်း ဖျောက်ဖျက်မှု၊ မြတ်သောထိပ်ထား ကို ခြိမ်းခြောက် ဖျောက်ဖျက်ပြီး အယောင်ဆောင် လိမ်လည်မှု၊ အဲဒါတွေနဲ့ ငါ တရားပြန်စွဲတယ်၊ မင်း ဒုက္ခရောက်နေတာကို မြင်နေရလို့ ထိုက်တန်တဲ့အပြစ်ပေးနိုင်အောင် အစွမ်းကုန်ကြိုးစားခဲ့တာ၊ သူ ဘာပြောတယ် ထင်လဲ.."

ထိပ်ထား နှုတ်ခမ်းလေးတွေ ပွင့်ဟနေတဲ့အထိ သူ့စကားကို စောင့်ငေးနေမိသည်။

"ဒီအမှုကို ငါ တကယ် ရုံးမတင်ရဲဘူးတဲ့၊ ရုံးထိရောက်ရင် သူ့မှာလည်း ထုချေစရာ ရှိတယ်တဲ့ ..၊ အဲဒါ မင်း ဒီနိုင်ငံသားမဟုတ်တော့ဘဲ နေနေတာကို လက်ညှိုးထိုးတာ၊ သူ့အိမ်နဲ့ သူ့ရဲ့ရပ်တည်ခွင့်ကို ဒီတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထားပေးမယ်ဆိုရင် ပါးစပ်ပိတ်နေပေးမယ်တဲ့"

ထိပ်ထား မျက်တောင်ခတ်ဖို့ မေ့နေရင်း မျက်နှာလေး တိမ်းဖယ်သွား၏။ ရင်ထဲမှာ နာနာကျင်ကျင် ထိရှသွားခြင်းသည် မြန်မာစစ်စစ်ဖြစ်နေရက်နှင့် မြန်မာပြည်မှာ နေခွင့်မရှိတော့ခြင်း ...။

"အချိန်မရွေး သွားလို့ရနေတာပဲ သမီး၊ ပြီးတော့ သမီးရဲ့ကယ်ကြီးက မြန်မာပြည်သားပါ၊ ဦးလေးနဲ့အဖေ တစ်နေရာစီမှာ ရှိနေတယ်၊ သမီးက ကိုယ့်အဖေနဲ့အတူ နေတယ် .. ဒါ ဘာဆန်းလို့လဲ နောက်ပိုင်း သမီးဘဝ အထိုင်ချတော့မယ်ဆိုရင် ကြိုက်တဲ့အရပ်ကို ရွေးပါ သမီးရယ်.. အခု သမီး ငယ်ပါသေးတယ်၊ အမိမဲ့သမီးလေးမို့ ပိုပြီး စိုးရိမ်နေမိတယ်၊ သမီးလေးတစ်ယောက်တည်းရှိတာကို ဒက်ဒီ ခွဲမထားပါရစေနဲ့"

မာမီ ဆုံးသွားပြီး ဒက်ဒီ ဂရုစိုက်ခဲ့သည်။ ဇဟုသုတခရီးတစ်ခုခုကို ရွေးချယ်ဖို့ရှိတိုင်း မြန်မာနိုင်ငံကိုပဲ ခြေဦးလှည့်မိ၏။ ဒက်ဒီကလည်း မြန်မာပြည်မှလွဲပြီး ဘယ်သွားသွား ကယ်ကြီးနဲ့ဆို စိတ်ချတဲ့သူ ...။

"သမီးရဲ့စိတ်ကို ငါ သိတယ်၊ ဟိုရောက်သွားရင် သူ ပြန်လာချင်မှာ မဟုတ်တော့ဘူး"လို့ ကယ်ကြီးကို ပြောခဲ့တာတွေလည်း ကြားဖူးခဲ့သည်။ နောက်ပိုင်းမှာတော့ 'သမီး စိတ်ချမ်းသာသလို စီစဉ်ပေးမှာပါ၊ ဒက်ဒီ ခွင့်ပြုပါ့မယ်'လို့ ကတိပေးခဲ့လေသည်။

ခုတော့ ကတိတွေ အထမမြောက်သေးခင် ဒက်ဒီ ဆုံးသွားခဲ့သည်။ မြန်မာပြည်သားဆိုသော ကယ်ကြီးကလည်း အောင်မြင်သည့် အိုင်တီပညာရှင်တစ်ယောက်လို မဟုတ်ဘဲ ဈော်ရွက်ဝါလေး တစ်ရွက်လို ကြွေလွင့် ပျက်စီးခဲ့၏။

ကံကြမ္မာလက်ကြမ်းကြီးထဲမှာ ဖိဆုပ်ချေမွခံရမှာလား .. ဆူးချုံပေါ် ပစ်ချလိုက်မလား ..၊ ဘယ်ဘက်ကမှ ကောင်းဖို့မရှိသော အဖြစ်ဆိုးနှင့် ထိပ်ထား ကျန်ရစ်ခဲ့သည်။





ဘာကို မှန်းဆပြီး တမ်းတ ငိုကြွေးရမလဲ ..၊ သူမ သင်ယူတတ်မြောက်ခဲ့သည့် ပညာတွေထဲမှာ ခွေးတစ်ကောင်လို မောင်းထုတ်ခံရတဲ့ အခါ ဘယ်လိုလမ်းကြောင်းနဲ့ ခေါင်းမော့ထွက်ခဲ့ဖို့ဆိုတာ မပါဘူးလား..။

"ကယ်ကြီးဆိုရင် ဒက်ဒီ့ဘေးမှာပဲ နေလာတာ၊ သူ့ကိုယ်သူ မြန်မာပါလားလို့တောင် မှတ်မိရဲ့လား မသိဘူး၊ ဘယ်မှာပဲနေနေ လူမျိုးဘာသာဆိုတာ ပြောင်းလဲသွားမှာမှ မဟုတ်ဘဲ၊ သမီး ပြန်ရမှာပေါ့၊ အခုတော့ ပညာမစုံသေးဘူးလေ .. ဒက်ဒီ့စကားကို နားထောင်"တဲ့..။

ထိပ်ထား မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်ပြည့်သိပ်သိပ် ဖြစ်လာခဲ့၏။ အခု ပညာတွေစုံပေမယ့် ထိပ်ထား အတွက် နေရာမရှိတော့ဘူး ဒက်ဒီ ..၊ မျက်နှာငုံ့လိုက်သည်နှင့် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလေသည်။

"ထိပ်ထား .."

သူ့အရိပ် ဘေးမှာကျလာတော့မှ မျက်ရည်တွေ သုတ်ပစ်လိုက်ပြီး ...

"သူကရော ထိပ်ထား လိုပဲ မဟုတ်ဘူးလား"

"မဟုတ်ဘူး .."

ပြောပြီး ထိပ်ထား မျက်နှာ သူ့ဘက် လှည့်လာတဲ့အထိ စောင့်သည်။ ပြီးမှ ...

"မင်းက ဒီကို အလည်လာသလို သူက နိုင်ငံခြားခရီးသွားပဲ၊ အဲဒါကြောင့် ဒီမှာ သူက အိမ်ရှင်"

"အခု ပြန်မလာဘဲ တခြားကနေ ညွှန်ကြားနေတာကရော .."

"ဒါ သူ့အပိုင်းပါ .. မင်းရဲ့ပြဿနာမပါဘဲ သူတို့သားအဖချင်း အစတည်းက ညှိနှိုင်းမရခဲ့တဲ့ မိသားစုပြဿနာမျိုး ရှိခဲ့တယ်လို့ ကိုယ် ပြောဖူးသားပဲ၊ အခု လက်ထပ်ဖို့ကိစ္စ ပြီးပြီဆိုရင် မင်းရဲ့နေထိုင်ရေး အတွက် ဆက်လုပ်ရမှာတွေ ရှိသေးတယ်၊ ပြီးတော့ ဒေါ်နန်း ကိုဖိုကို



www.burmeseclassic.com

www.burmeseclassic.com



အပြတ်ရှင်းရမယ်၊ အားလုံး ပြေလည်ပြီးတဲ့နောက်ကျမှ မင်းဆန္ဒရှိတဲ့ အတိုင်း စီစဉ်ပေးဖို့ သူ့အဖေ မင်းကို တွေ့လိမ့်မယ်''

ထိပ်ထား သူ့ကို ကြည့်နေရင်း စိုကပ်ကပ်ဖြစ်နေဆဲ မျက်တောင်တွေကို လက်ခုံနဲ့ ထပ်ပွတ်မိကာ ...

''ဟုတ်ပါပြီ.. ကျွန်မက ကယ်တင်ရှင်ကို ဘယ်တော့တွေ့ရမှာလဲ''

''မင်း သူ့ကို အထင်လွဲနေတုန်းပဲ ထင်တယ်''

''မလွဲပါဘူး .. ထိပ်ထား ဘက်ကဆိုရင် ရှင် အပါအဝင် အားလုံးက ကယ်တင်ရှင်တွေ .. ကျေးဇူးရှင်တွေချည်းပဲလေ''

ပြောပြီး နှုတ်ခမ်းမဲ့မဲ့လေးကို မချိတရိ ဖိပိတ်သည်။ မျက်တောင်ဖျတ်ခနဲ ခတ်ပစ်ပြီး မျက်နှာလွှဲ၏။

မာနကြီးသော မိန်းမတစ်ယောက်၏ အရှုံးပေးခြင်းကို သူ ဟိတ်ဆိတ်စွာ ကြည့်နေမိ၏။ မြတ်သောထိပ်ထား ဆိုသည့် မိန်းမငယ်လေးတစ်ယောက်မှာ ဒီလောက်ထိ ခိုင်ခံ့သော မာနထုထည်တွေ ပြည့်ပြည့်သိပ်သိပ် ရှိနေခဲ့သည်လား ..။

သုရာဇဝင် ကို ဒီဘဝ အခြေအနေနှင့် လက်မထပ်နိုင်ပါဟု ပြတ်သားစွာ ဆုံးဖြတ် ငြင်းဆိုခဲ့ခြင်းသည် ယောကျ်ားတစ်ယောက်အပေါ် နိုင်လိုခြင်း၊ အရှုံးမပေးနိုင်ခြင်း စသည့် ခံစားချက်နှင့် မသက်ဆိုင်သော ဘဝတိုက်ပွဲတစ်ခုအဖြစ် ကျရှုံးမခံလိုခြင်းသာ ဖြစ်၏။

''မင်း သူနဲ့တွေ့ရင် အားလုံး ရှင်းသွားမှာပါ၊ မြင့်မြတ်တည်ကြည်သော ယောကျ်ားမျိုး မဖြစ်နိုင်ရင်တောင် သူ့စိတ်ရင်း ဖြောင့်မတ်တယ်ဆိုတာ ကိုယ် ပြောရဲတယ်၊ အဲ .. တစ်ခုရှိတာက လက်ထပ်ဖို့ မင်း ဆုံးဖြတ်ပြီးမှ သူ့ကိုမြင်လိုက်ရင် စိတ်တော့ ကသိကအောက် ဖြစ်သွားလိမ့်မယ် ..''

''ဘာ!...''

တစ်ခုခုပြောမလို့ ပြင်ပြီးမှ သူက မျက်ခုံးခြစ်ရင်း ပြုံးလိုက်ကာ..





''ရုပ်သိပ်မချောဘူးကွ .. ကိုယ့်လူဆိုတော့ အတင်းပြောသလို ဖြစ်မှာလည်း စိုးတယ်၊ သူက ခပ်ဝဝ အသားမည်းမည်း ..''

''အားကစားသမားက အဲဒီပုံစံလား''

''ဟုတ်တယ် .. အားကစားဆိုတာ ထရိန်နင်တစ်ခုလိုပဲလေ .. စားလိုက်တာနဲ့ ဝိတ်က တက်လာတာပဲ၊ သူက ဆရာတစ်ပိုင်း ဖြစ်နေတော့ ဖရိုးတိုင်းမ်က များတယ်၊ ဘယ်လိုလဲ နည်းနည်းညစ်သွားပြီလား''

''မညစ်ပါဘူး .. ထိပ်ထား အတွက် လိုအပ်တာက လက်ထပ်ခြင်းပဲ၊ ယောကျ်ားတစ်ယောက်ရဲ့ ဆွဲဆောင်မှု မဟုတ်ဘူး''

''ဘာပဲဖြစ်ဖြစ် မင်းဘဝကို သူ ပိုင်သွားမှာ၊ အိမ်ထောင်ရေးကင်းပြောသလောက် မလွယ်ဘူး ထင်တယ်''

''ရှင် .. ကျွန်မကို စကားတွေ လာအစ်မနေနဲ့ ဦးကို .. ကျွန်မကမိန်းမ၊ မလွယ်တဲ့အကြောင်းတွေ ရှင် တွေးတာထက် အများကြီး ပိုတွေးတယ်၊ ဒါပေမယ့် အခု လိုအပ်တာက ကျားကိုက်ခံရဖို့ မဟုတ်ဘူး၊ သင်းရဖို့ ..''

ထိပ်ထား ဒေါသမကင်းစွာ ပြောပြီး ဖျတ်ခနဲ လှည့်ထွက်သွားပေမယ့် သူ့မျက်နှာမှာ ကျေနပ်၍ အထင်ကြီးသည့်အပြုံးတွေ ခိုတွဲနေခဲ့သည်။

မင်းမှ အပြောကောင်း ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း [ ၄၂ ]

"ငါ့အတွက် သူ လှုပ်ရှားနေတယ်လို့ ပြောတာပဲ"

ဖြေသံက အသက်မပါ။ ချိုချို ခေါင်းဖြီးပေးနေတာကိုလည်း ချလိုက်ကာ ...

"တော်ပါပြီဟာ .. ဒီလောက် မလိုပါဘူး"

"ဩော် .. ထိပ်ထား ရယ် .. မျက်နှာမှာလည်း အနီမပါ၊ အန မပါနဲ့၊ ဝတ်ထားတော့ အနက်ခံပိုးချိတ်ကြီး၊ ရှေ့ဆံပင်လေး နည်းနည်းသိမ်းပြီး ကပ်ပန်းလေးတော့ ပန်ပါဟယ်၊ တကတည်း ပြောနေ စကားတောင် ဘယ်ရောက်သွားမှန်း မသိဘူး"

"ဘယ်ရောက်မှန်း မသိလည်း မပြောနဲ့တော့"

"ပြောတော့ ပြောပါရစေဟယ် .. ဟို ညက သူ့အဖေနဲ့တွေ့တော့ ဘာတွေ ပြောလဲ .."

"ငါက လက်ခံလို့ ဝမ်းသာတဲ့အကြောင်းပေါ့"

ထိပ်ထား က အင်အားမဲ့နေသည့်မျက်နှာလေးနှင့် ချိုချို လုပ်ကိုင် ပေးနေတာကိုလည်း မငြင်းတော့ဘဲ မှန်ထဲကို ငေးနေ၏။

ကိုယ့်ကိုယ်ကိုယ် လှရဲ့လားလို့ ကြည့်နေတာမဟုတ်မှန်း ငြိ သက် ရီဝေနေသည့် မျက်ဝန်းတွေက သက်သေပြုနေကြသည်။

"ပြီးတော့ရော .."





"ဒက်ဒီ့လုပ်ငန်းတွေအကြောင်း ပြောပြတယ်၊ ဟိုအစကအကြောင်း တွေရော ခုဖြစ်ရတဲ့အကြောင်းရင်းတွေရော ငါလေ ဒက်ဒီ့အလုပ်တွေကို သိနေတယ်လို့ ထင်ခဲ့မိတာ၊ တကယ်တော့ မသိသေးတာတွေ အများ ကြီးပဲ၊ ငါ အရမ်းခံစားရတယ် သိလား၊ ဒက်ဒီက ငါ့ကို သူ့ထက်ပိုပြီး တော်စေချင်တာ၊ သူ မသိခဲ့တာတွေ .. မတတ်ခဲ့တာတွေ ငါ့ကိုတတ်စေ ချင်တယ်၊ သူ့ရဲ့အလုပ်တွေကိုတော့ အချိန်မရွေး ရင်းနှီးလို့ရတယ်ဆိုတာ ပေါ့၊ ကယ်ကြီးနဲ့ ငါ နေပြီး ကယ်ကြီး တတ်ထားသလို အတတ် ပညာတွေ .. အသိပညာတွေ စုဆောင်းနေတဲ့အချိန်မှာ ဒက်ဒီက အတွင်း လျှိုနဲ့ စစ်မျက်နှာဖွင့်နေရရှာတာ .."

"ဒါဆို အခု လုပ်ကြံခံရတာပေါ့"

"ဟုတ်တယ် .. ငါ့ကြောင့် .."

"ဘာ!..."

"နင် မသိချင်ပါနဲ့ ချို ရယ် .. ပြောရရင် အရှည်ကြီးပဲ၊ ပညာသင် ဘ၀ သိသလောက် မှတ်သလောက် ဦးနှောက်လေးနဲ့ သူများ မြောက် းတိုင်း ကွေးအောင် 'က'ခဲ့မိတာ ငါပဲ၊ ဒက်ဒီရဲ့ပြိုင်ဘက် စီးပွားရေး မားဘက်က ငါ့ကို ကစားကိမ်းတစ်ခုပုံစံ ဆော့ဖ်ဝဲ ရေးခိုင်းပြီး ဒက်ဒီ ရဲ့ ဝက်ဘ်ဆိုက်ကို တစ်ဖက်လှည့်နဲ့ ရအောင် ယူသွားတာ .."

"ဟင်!..."

ဒီလိုပညာရပ်တွေအထိ မသိပေမယ့် ထိပ်ထား လုပ်ခဲ့သည့်ပြစ်မှု ဘယ်လောက်ကြီးမားသွားတာကိုတော့ ချိုချို ခန့်မှန်းလိုက်မိ၏။

"ငါ တကယ်ကို မထင်ခဲ့ဘူး၊ အဲဒီတုန်းက ပညာအခြေခံနဲ့ ဒီလို က်ယူသွားလို့ရမယ်ဆိုတာလည်း မတွေးမိခဲ့ဘူး၊ အဲဒီအချိန်မှာ ငါ ညာနဲ့ ပထမဆုံးရတဲ့ ချီးကျူးထောပနာပြုကြတဲ့ လက်ခုပ်သံတွေ၊ ဘာလာဘတွေ အကုန်လုံးက နားဝင်ချိုလိုက်တာ .."

"အို .. တော်ပါတော့၊ ငါ မမေးတော့ဘူး၊ မျက်ရည်တွေ မကျပါ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထိပ်ထား ရယ် .. ခုပဲ တရားရုံးကို သွားရတော့မှာ''

ထိပ်ထား ရဲ့ပါးလေးကို တို့ပတ်လေးနဲ့ ဖိကပ်သိပ်ပေးရင်း
ရင်းနှင့် ဆံပင်အလှပြင်ခြင်းကို မြန်မြန် အဆုံးသတ်ရသည်။ မိတ်
ဆရာမလေးဘာလေး ခေါ်ဖို့ ထိပ်ထား ကလည်း ခေါင်းခါသည်။ ဟို
ကလည်း မတိုက်တွန်း ..။ ''ထိပ်ထား အတွက် လိုအပ်တာ ဝိုင်းကူ
ပေးပါ''ဟုဆိုကာ ချို့ လက်ထဲကို ပိုက်ဆံတွေ ထည့်ပေးနေသေးသည်

ကိုယ့်သူငယ်ချင်းအကြောင်း သိပြီးသားမို့ သူမ မယူခဲ့ပါ။ ဖြစ်
ချင်သလို ဖြစ်လာခဲ့တာမို့ ချို့ ဝမ်းသာလုံးဆို့နေမိလျက် ကိုယ့်မှာ ရှိ
လေးကိုပဲ ခြစ်ခြုပ်ထုပ်ကာ ထိပ်ထား နဲ့ ပူးပေါင်းလိုက်သည်။

နိုင်ငံကျော် အထင်ကရ ပုဂ္ဂိုလ်နှစ်ဦး၏ လက်ထပ်ပွဲက သတို့သား
အရံတစ်ယောက် သတို့သမီးအရံတစ်ယောက် အားလုံးပေါင်းမှ လူ
ယောက်တည်း။ သတို့သား ဘယ်သောင်ဘယ်ကမ်းကပ်နေမှန်း မ
သေးသလို သတို့သမီးက သူ့သူငယ်ချင်းလေးနဲ့ တိတ်ဆိတ်စွာ မှန်ရှေ့
ငုတ်တုတ်..။

''ဦးကို က မပြောပေမယ့် ကိုသု ရောက်လာရင်တော့ နင် အန
ရောင်ကြီး ဝတ်ထားတာ သိပ်သဘောကျမှာ မဟုတ်ဘူး ထင်တယ်
ပြီးတော့ ဘာမှလည်း မပြင်ထားဘူး''

ပြင်ဆင်ပြီးခြင်းကို ကြည့်၍ ချို့ က အားမလိုအားမရ ပြောသည်
ထိပ်ထား က မဲ့လိုက်ပြီး ...

''ဘာမှပြင်ဆင်ထားဖို့ မလိုဘူး ချို့ .. ဒါ စိတ်ကူးယဉ်ဆန်တဲ့
မဟုတ်ဘူး၊ အခက်ခဲတစ်ခုကို ဖြတ်သန်းနိုင်ဖို့အတွက် လက်မှတ်တ
စောင် ရယူဖို့ပဲ''

ဖြစ်ရလေ .. ချို့ တံတွေးမျိုချရင်း ကိုယ့်ကိုယ်ကိုယ် မှန်ထဲမှာ
သေချာပြန်ကြည့်မိသည်။ ဆံပင်တွေကို မနေ့ညနေကမှ အဖျားလေး
တွေ ပြေးလိပ်ထားရတာဖြစ်ကာ မျက်ခွံစပ်စပ်မှာ ခရမ်းရင့်ရောင် ပြ





မှိုင်းမှိုင်း နှစ်ထပ်ရစ်ထားသည်။ နှုတ်ခမ်းနီ ပန်းနုရောင်နှင့် ပန်းသွေး
ရောင် ကီမိုနိုအပြောင်သားက တစ်ရောင်တည်း ပြေးနေ၏။ ပြီးတော့
ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ် တို့သည် သူ့နေရာနဲ့သူ ပြည့်ပြည့်စုံစုံ
လေး ဖြစ်သည်။ ပြန်ကြည့်လိုက်တော့ ထိပ်ထား က ညာဘက် လက်
ကောက်ဝတ်မှာ ကော်စေ့အညိုရောင် လက်ပတ်ပျော့တွဲတွဲလေးနှင့် ..၊

ဒုက္ခပါပဲ သတို့သမီးထက် ပိုပြင်ထားမိသလို ဖြစ်နေရင် ခက်ပြီ..။

''တင်း .. တောင် ...''

''ဟော .. လာကြပြီ ထင်တယ်''

နှစ်ယောက်စလုံး သတိအနေအထားဖြစ်သွားကာ ချို့ ပဲ အခန်းဝကို
ပြေးကြည့်၏။ နောက်ထပ်ခြေတစ်လှမ်းထပ်ကျွံကာ ဟိုဒီလိုက်ရှာပြီးမှ...

''ဘယ်သူမှ ဝင်လာတာ မတွေ့ဘူး၊ ငါ အပြင်ထွက်ကြည့်လိုက်ဦး
မယ် ထိပ်ထား''

ပြောပြီး လှစ်ခနဲ ထွက်သွား၏။ သိပ်မကြာလိုက်ခင် ပြန်ဝင်လာ
တော့ လက်ထဲမှာ နီညိုရောင်ကတ္တီပါဘူးပြားလေးနှင့် စာအိတ်တစ်လုံး..။

''သူတို့ မရောက်သေးဘူးဟ၊ ထမင်းချက်တဲ့အမျိုးသမီး ဒါ ယူ
ပေးတာ၊ ဦးကို ပေးသွားတာတဲ့''

''သူက ဝင်မလာဘူးလား''

ထိပ်ထား က မှန်ထဲကို ကြည့်မေးတာဖြစ်ကာ ချို့ချို့ က မှန်ထဲက
ထိပ်ထား မျက်နှာကိုပဲ ပြန်ကြည့်ပြီး ခေါင်းခါ၍ ...

''ဒါပေးပြီး ပြန်ထွက်သွားတယ်တဲ့၊ စာဖတ်ကြည့်ပါဦး''

ဆိုပြီး သူမပဲ စာအိတ်ကိုဖွင့်၍ စာရွက်ဖြန့်လျက်သားကို ထိပ်ထား
မျက်နှာရှေ့ တိုးပေးသည်။

ထိပ်ထား ..

ကိုသု နဲ့ တိုယ် တွေ့ပြီးပြီ၊ သူ ရုံးကိုပဲလာလိမ့်မယ်၊

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် ပေးလိုက်တာတွေကို ဝတ်ထားလိုက်_ နောက် မိနစ်နှစ်ဆယ်လောက်ဆို ကိုယ် လာခဲ့မယ်။

"ဟယ် .. ဒီမှာ စိန်တွေလား မသိဘူး၊ ထိပ်ထား ကြည့်စမ်း"

ကြည့်စမ်းဆိုတာကို မျက်လုံးလေးပဲ ဖွေကြည့်ကာ နေရာ ထသွားသဖြင့် ဘူးကို ပြန်ချ၍ စာကို ယူဖတ်လိုက်မိသည်။

ပြီးတော့ နှစ်ခုစလုံးကို ကိုင်ပြီး ထိပ်ထား လက်ကိုင်အိတ် သွားယူ တဲ့ဆီ လိုက်သွားရင်း ...

"နေဦးလေ .. ဒါတွေ ဝတ်ရအောင်၊ နင် ဝတ်ထားတဲ့ အနက် ရောင်လေးနဲ့ အရမ်းလိုက်မှာ"

ထိပ်ထား က ဘာမှလည်း မပြော၊ လှည့်လည်း မကြည့်ပေ ..။

ဒီတိုင်း အပြင်ကို တောက်လျှောက်ထွက်သွားသဖြင့် ချိုချို အထဲ ဝင်ရမလို ထွက်လိုက်သွားရမလို ဖြစ်သွား၏။ ပြီးတော့မှ အထဲပြန်ဝင် ကာ ပစ္စည်းတွေကို အံဆွဲထဲ သေချာထည့်ပိတ်ပြီး ပြန်ပြေးထွက်ခဲ့ရသည်။

ထိပ်ထား က ကြိုးသိုင်းပါသည့် အနက်ရောင် စလစ်ပါဖိနပ်လေး ငုံ့စီးနေ၏။

"ထိပ်ထား ရယ် .. လက်ပဲ လက်ထပ်တော့မှာကို၊ နင့်စိတ်ကို လျှော့လိုက်ပါဟာ၊ သူနဲ့တွေ့မှ ဘဝင်မကျတာတွေ ပြောပေါ့၊ မလိုချင် လည်း ပြန်ပေးလို့ ရတယ်၊ အခု ထားခဲ့ရတာ ပျောက်ရှကုန်ရင် အဲ့ဒါ နင့်ပစ္စည်းတွေနော် .. လက်မှတ်ထိုးရုံလေးဖြစ်ဖြစ် .."

ဝတ်လိုက်ပါဟယ်လို့ ပြောမထွက်ခင် ချိုချို ဟင်ခနဲ ဖြစ်သွား၏။

ဖိနပ်ငုံ့စီးနေသည့် ထိပ်ထား မျက်နှာအောက်ကို လက်ခနဲ ကြွေ ဆင်းသွားသည့်အရာလေးက စိန်ပွင့်ကလေးတစ်ပွင့်တော့ မဟုတ်နိုင်..။





အခန်း [ ၄၃ ]

"ဦးသု က မလာသေးဘူးလားဟင်"

"သု လာမှာပါ"

ဖြေပုံက အေးဆေး၊ တရားရုံးရောက်ပြီဆိုကတည်းက ထိပ်ထား က ပါးစပ်ပိတ်နေသလို သူက ပီကေဝါးနေသလား၊ ပါးစပ်ထဲမှာ ဘာလဲ မသိ ..။

နှုတ်ခမ်းတွေ စေ့ထားလျက် တစ်ခုခုကို ဝါးနေတာမျိုး အောက် မေးဖျားက တစ်ချက်တစ်ချက်မှ လှုပ်သည်။ တကယ်ဆို ဖုန်းလေးဖြစ် ဖြစ် ဆက်ကြည့်သင့်သည်။ ရုံးပြင်ကို ထွက်ကြည့်တာမျိုးဖြစ်ဖြစ် ..။

"ဟော .."

လက်မှတ်ထိုးဖို့ အချိန်ရောက်လို့ လူကြီးတွေစုံကာမှ အပြင်ကို ထထွက်သွား၏။ အားလုံး စိတ်ဝင်တစား လှမ်းကြည့်နေကြချိန်မှာ အသားမည်းမည်း ဂင်တိုတိုနှင့် လူတစ်ယောက် သူနဲ့ ပါလာသည်။

ထိပ်ထား မျက်ဝန်းတွေ ရှုးစိုက် ငြိမ်သက်နေပေမယ့် ချိုချို မျက် လုံးပြူးသွား၏။ ဒါကြီးလားလို့ တွေးနေတုန်း တံခါးဝမှာပဲ ထိုလူ ပြန် လှည့်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တည်း ဝင်လာတာကို ချိုချို မျက်တောင်မခတ်ကြည့်ရင်း ထိပ်ထား အတွက် ပူလောင်လာသည့်ရင်ထဲမှာ ဘယ်လိုမှ မငြိမ်သက်တော့ပေ ..။ လက်မှတ်ထိုးကာနီးမှ သတို့သား မလာတော့ဘူးဆိုလျှင် ထိပ်ထား ဘယ်လိုနေမလဲ ..။

သူက သတို့သားနေရာမှာ ဝင်ထိုင်လိုက်၏။

"ကဲ .. ကဲ .. မောင်သုရာဇဝင် နဲ့ အဲ .. မြတ်သောထိပ်ထား .."

တရားသူကြီးက လက်ထပ်စာချုပ်ကို မျက်မှန်တဝင်းဝင်းနဲ့ ဖတ်ပြီး လူတွေကို ကြည့်၏။

"မောင်သုရာဇဝင် နော်"

"ဟုတ်ကဲ့ပါ"

"သတို့သားဘက်က သက်သေမပါဘူးလား"

"ပါပါတယ် ခင်ဗျ"

သူ ပြောပြီးတာနှင့် လူကြီးနှစ်ယောက် တိုက်ပုံအင်္ကျီကိုယ်စီနှင့် သေသေသပ်သပ် ဝင်လာကြ၏။

"ဪ ဦးသန်းထွန်း"

"ဟုတ်ပါတယ် ခင်ဗျာ .. သူက မြို့နယ်ဆက်သွယ်ရေးကညွှန်မှူး ဦးအောင်နိုင် ပါ"

လူကြီးချင်း ပြုံးရယ်နှုတ်ဆက်ကြတာကို ထိပ်ထား စိတ်မဝင်စားတော့ပါ။ ဘေးမှာထိုင်နေသော သေးတစောင်းမျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေမိ၏။

နားသယ်စပ်ကနေ ခပ်ရိုပ်ရိုပ် ဆင်းနေသော ပါးသိုင်းမွေးရာတွေက ပခုံးပေါ်ထိ ချွေထောက်အောင် ရှည်သည့်ဆံပင်တွေနှင့် ရောနေသလိုလို ..။

ထူအုပ်အုပ်ဆံပင်တွေကို ဒီနေ့ကျမှ ဖြစ်သလို သိမ်းလုန်ဖြီးထားသဖြင့် နဖူးပြင်ကျယ်ကို ထင်းရှင်းစွာ မြင်နေရသည်။





သူ ဒီဘက်လှည့်လာမှာကို စူးစိုက်ကြည့်ရင်း စောင့်နေမိသည်။ သူက ထိပ်ထား ကို လှည့်ကြည့်ဖို့မဟုတ်ဘဲ တစ်ခုခုကို သတိရသွားတာမျိုး၊ တိုက်ပုံအင်္ကျီ အတွင်းအိတ်ထဲကို လက်နှိုက်ကာ ...

"မင်းအတွက် ဝယ်လာတာ"

ဟု ပြောရှ ဒီအခြေအနေကို သူ ဖန်တီးခဲ့တာမဟုတ်သလိုမျိုး တည်တည်ငြိမ်ငြိမ် ..။

"ရှင်က သုရာဇဝင် .. ဟုတ်လား"

ဘူးဝိုင်းလေးကို တစ်ဖက်ကကိုင်ကာ မေးတာကိုမဖြေဘဲ ထိပ်ထား လက်တစ်ဖက်ကို ဆွဲယူ၏။ ထိပ်ထား လက်ကို ရုတ်ပစ်လိုက်ပြီး ...

"မေးတာကို ဖြေ .."

"ဟုတ်တယ်"

ဖြေသံကလည်း ခပ်ပြတ်ပြတ်ပင် ..။ ပြီးတော့ လက်ကို ဖျတ်ခနဲ ဆွဲယူ၍ ဘူးလေးကို လက်ဖဝါးထဲမှာ ဆုပ်မိပြီးသားဖြစ်အောင် အတင်းအကျပ် အင်အားသုံးသည်။

"ပြီးရင် ရန်ဖြစ်လို့ ရတယ်၊ 'ကို'ကနေ သုရာဇဝင် ဖြစ်သွားတာကလွဲရင် မင်းအပေါ်မှာ မကောင်းရာမကောင်းကြောင်း ကြံစည်ဖို့ ဘာမှမပါဘူး၊ ကလေးမဆန်ချင်နဲ့"

လက်ကို သူ ဒီတိုင်း ဖိဆုပ်ထားသည်။ ချိုချို က နောက်ကနေ တွင်တွင် လက်တို့နေ၏။

ထိပ်ထား အံကြိတ်နေရင်း မျက်ရည်ဝေ့လေသည်။ ဒီတစ်ခါလည်း ရှုံးပြန်ပြီ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း | ၄၄ |

"ဘယ်ကိုလဲ .."

ချိုချို့ လက်ကိုဆွဲ၍ တက္ကစီစောင့်နေသည့်ဘက်ကို ထွက်လာခဲ့စဉ် နောက်လက်တစ်ဖက်ကို ကိုသု က ဖမ်းဆွဲထားလိုက်ကာ ...

"သူ့ကို ပြန်ပို့ဖို့ ကိုယ် စီစဉ်ပေးထားတယ်၊ မင်း သူနဲ့ လိုက်ရမှာ မဟုတ်ဘူး"

"အို .. ဘာလို့လိုက်ရမှာလဲ .. ဖယ်နော်"

ထိပ်ထား က အားကိုးတကြီး ဆုပ်ကိုင်လိုက်မှန်း သိသည်။ သူမ လည်း ကယောင်ကတမ်းတော့ ပြန်ဆွဲလိုက်မိသေးသည်။

ဒါပေမယ့် ခေါ်နေတာက သူလက်ထပ်ထားတဲ့ ယောကျ်ား ...။

"လိုက်သွားပါဟာ .."

အတင်း ဖိဆုပ်ထားသည့် လက်ကလေးကို ချိုချို ဖြည်ချပစ်လိုက်၏။ လက်မှတ်ထိုးဖို့အတွက် တပ်ထားခဲ့သည့် မျက်မှန်က ဒီတိုင်း ရှိနေ[illegible]သဖြင့် မျက်မှန်လေးကို တစ်ဖက်နဲ့ ဖိကပ်ထားရရင်း သူ ဆွဲခေါ်သွားတဲ့အတိုင်း ထိပ်ထား မရုန်းနိုင်...။

ကိုသု က ခုံမှာ ဝင်ထိုင်လိုက်ပြီး တံခါးကို ဆောင့်ပိတ်၍...





"မင်း မြန်မာလူမျိုးဖြစ်နေလို့ နားလည်လား .. လူမျိုးကွဲဖြစ်နေခဲ့ရင် ဒီလိုပုံစံ လိုက်တာ ငါတို့အတွက် အခက်အခဲတွေ ဘယ်လောက်ဖြစ်ကုန်မလဲ နားလည်လား ..၊ ဒီပတ်ဝန်းကျင်မှာ ဒေါနန်း ရဲ့စပိုင်တွေ ရှိတယ်"

"ရှိရင်လည်း ဒီက အလိုလိုက်နေရတဲ့ယောကျ်ားပုံစံမျိုး ရှင် နေလိုက်ပါလား၊ ခုလို ဆွဲလွဲခေါ်ရတာ မဖြစ်သင့်မှန်း ရှင်က ပိုသိတာပဲ"

"မဖြစ်သင့်တာကို မင်း လုပ်တာကျတော့ မှန်တယ်ပေါ့၊ လက်ထပ်ပြီးကာစ မိန်းမကို ရုံးထဲက ထွက်လာတာနဲ့ တခြားကားတစ်စီးပေါ် တင်လွှတ်လိုက်တာ သဘောထားကြီးမားတဲ့ မဟာလူစွမ်းကောင်းလား၊ စောင့်ကြည့်နေကြတဲ့လူတွေကရော မျက်မမြင် နားမကြားတွေလား၊ ဟော့ .. ပြောလေ"

သူ ပြောသမျှကို ထိပ်ထား ဆုံးအောင် နားထောင်နေပြီးမှ ဆတ်ခနဲ လှည့်ကြည့်တာ ...

"သူများ မြင်မြင်မမြင်မြင်၊ ကြားကြားမကြားကြား ရှင့်ကိုတော့ မြင်လည်း မမြင်ချင်ဘူး၊ ကြားလည်း မကြားချင်ဘူး၊ အန်ကယ် ဦးရာဇ ကို ကျေးဇူးတင်ပေမယ့် ဟိုဘက်တစ်မျိုး ဒီဘက်တစ်မျိုး ကောက်ကွေ့နေတဲ့ သူ့သားကို မတင်နိုင်ဘူး၊ ငါယောကျ်ား၊ ငါ ကယ်တင်လိုက်ရတာဆိုပြီးတော့ .."

"ဟုတ်တယ်.. အဲဒီလို ငါ့ပုံစံဖြစ်သွားတယ်ဆိုလည်း မင်းကြောင့်.. အဲဒါ မင်း သင်ပေးတာ"

ကိုသု က တည့်တည့်လှည့်ထိုင်ပြီး ကားစက်နှိုးဖို့ပြင်လျှင် ထိပ်ထား ဏ သော့ကို လှမ်းယူပစ်လိုက်ကာ ...

"ရှင် ဘာပြောလိုက်တာလဲ"

"ဩော် .. မသိဘူးကိုး"

သူက ကားထွက်ဖို့ကို မကြိုးစားတော့ဘဲ စောစောကအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား ဘက်ကို ပခုံးတစ်ခြမ်းစောင်းနှင့် ပြန်လှည့်လိုက်သည်။ လက်တစ်ဖက်ကို စတီယာရင်မှာ တံတောင်ဆစ်ကွေးနှင့်တင်၍ မျက်လုံးချင်း ဆုံအောင် သေချာကြည့်ပြီးမှ ...

"မင်းကိုယ်မင်း မြတ် လို့ ပြောခဲ့တာလေ၊ ပြီးတော့ ပလတ်စတစ်ကောက်သမား ဖြစ်လိုက်၊ ခြံသန့်ရှင်းရေးဖြစ်လိုက် ..."

"အဲဒါတွေထက် ထိပ်ထား အဖြစ်ဆိုးနေတာ ရှင် မမြင်ဘူးလား"

"မမြင်ဘူးလေ ... ငါက မင်းကို လိုက်ကြည့်နေတာမှ မဟုတ်တာ၊ ကိုယ် ဒက်ဒီ့ဆီမှာ အပြတ်အသက် ငြင်းခဲ့ဖူးတဲ့အရှိန်နဲ့ ဒီရောက်တော့ ဘာမှ သေချာသိမလာခဲ့ဘဲ ကွယ်ရာမှာ ကြိတ်ရယ်နေကြတဲ့မိန်းမတစ်စုရှေ့မှာ အရှုး ..."

"အဲဒီအထိ ရှင့်ပြဿနာ ရှင့်အပိုင်းလေ ... ရှင့်ကိုရည်ရွယ်ဖို့ ထိပ်ထားမှာ ဘာမှကြိုတင်ကြံစည်ခဲ့တာ မရှိဘူး၊ ရှင်လည်း ..."

"ကိုယ်က မင်းကို စာနာစိတ်နဲ့ လာခဲ့တာ၊ ကိုယ် ငြင်းနေခဲ့တုန်းက မင်းတို့ဘဝ သာယာနေတဲ့အချိန်၊ မထင်မှတ်ဘဲ ဖြစ်ပျက်သွားတာတွေကို သိရတော့ ဆုံးဖြတ်လိုက်တယ်၊ အဲဒါ မင်းကို ကူညီဖို့ ..."

"မသိဘူး .. ထိပ်ထား ဆိုတဲ့ ကျွန်မမှာ အဲဒီအချိန်က ဆီဝနေတဲ့ မီးစာ၊ စနက်တံဖြုတ်ထားတဲ့ ဗုံး၊ လောင်မြိုက်အောင် ပေါက်ကွဲအောင်ပဲ အားလုံး ဖိနှိပ်နေကြတာ၊ မိုးပေါ်ကနေ သနားသဖြင့် ကူညီမယ့်သူ ကျကောင်း ကျလာနိုင်မလားလို့ မျှော်ချိန် တွေးချိန် မရှိဘူး"

"မင်းက သနားခံရတာကို ရှက်တဲ့လူမျိုးပဲ၊ ပြဿနာတစ်ရပ် ရှိလာရင် ကြီးကြီးငယ်ငယ် ဒါကို ကိုယ်တိုင် မရှင်းနိုင်ရင် အရင်ဆုံး လိုအပ်လာမှာက အကူအညီတစ်ခုခု ရဖို့ ..."

"အဲဒီအချိန်မှာ ကျွန်မ လိုအပ်နေတာကို ဘယ်သူမှ မကူညီနိုင်ဘူး"

"ကောင်းပြီ .. မင်းရဲ့ဘေးမှာ ချီချီ ဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိမနေခဲ့ရင်ရော ..",





ထိပ်ထား ဘာမှ ပြန်မပြောနိုင် ...။

"မင်း သူ့ဆီကို သွားတွေ့တဲ့အခါ သူ ဘာတွေပေးလဲ"

သူ မေးတာကို ရုတ်တရက် နားမလည်ခဲ့ပေ..၊ ဒါပေမယ့် ပြုံးတော့မလို မဲ့တော့မလိုနှင့် နှုတ်ခမ်းတွေကို မှန်းဖို့မေ့ကာ နားစိုက် ငေးနေခဲ့မိ၏။

"သူ့ဆီက မင်း အများကြီး ရနေခဲ့တာပဲ၊ မင်းကို သူ ပေးနေတာ အကူအညီတွေ .. အဲဒါ သိလား၊ မာနဆိုတာ ကိုယ် သိသလောက်ပြောရရင် မိမိကိုယ်ကို ယုံကြည်ခြင်းပဲ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ရင် သူများရဲ့တန်ဖိုးကိုလည်း ထည့်တွက်ရတယ်"

"ထိပ်ထား .. ဘယ်သူ့ကိုမှ အထင်မြင်သေးတဲ့မျက်လုံးနဲ့ မကြည့်ခဲ့ဘူး"

"ဟုတ်ချင်ဟုတ်မှာပေါ့၊ ဒါပေမယ့် မင်းရဲ့မာနက ကိုယ် မတတ်နိုင်လို့ အပေါ်ကလူကို ခိုတွဲချင်တယ်၊ ပြန်ငုံ့ကြည့်လာမယ့် မျက်လုံးကိုတော့ မလိုလားဘူး၊ အနိမ့်အမြင့်တွေ ရှိနေတဲ့ ကမ္ဘာမြေပေါ်မှာ မင်းရပ်တည်နေသရွေ့ ငုံ့ကြည့်ရတာ မော့ကြည့်ရမှာတွေကို လက်မခံလို့ မရဘူး"

ထိပ်ထား တစ်ခုခုပြောမလို့ ပြင်လိုက်တာနှင့် သူက လက်ကာ၍...

"နေဦး .. အဲဒီသဘောတရားအတိုင်း မင်းနဲ့ကိုယ် ဆုံကြဖို့ ဖြစ်လာတာ၊ ကိုယ် မိုးပေါ်ကပဲ ခုန်ချလာလာ မြေပြင်ကိုပဲ ခွဲထွက်ထွက် မင်း နားလည်ထားရမှာက မိန်းမတစ်ယောက်ကို အထက်စီးက ကြည့်နိုင် ပြောနိုင်ဖို့အတွက် နိုင်ငံရပ်ခြားကနေလာပြီး ပုန်းနေတဲ့နေရာထိ ဆွဲထုတ်ခေါ်စရာ လိုသလား"

"ထိပ်ထား အဲဒီစေတနာအပိုင်းကို စော်ကား ပြောဆိုနေတာ မဟုတ်ဘူး"

ခုကျတော့ အရိုက်ခံရမှာစိုးလို့ ဟိုဒီ လှီးလွှဲ ဖြေရှင်းဖို့ ကြိုးစားနေမ



www.burmeseclassic.com

www.burmeseclassic.com



သည့် ကလေးငယ်လေးလို …

"အဲဒီအိမ်မှာ အိမ်ရှင်အဖြစ်ကနေ ချက်ချင်း အလုပ်သမားအဖြစ် ရောက်သွားခဲ့တာ တကယ်၊ မြတ်သောထိပ်ထား ဆိုတဲ့နာမည်ကို စွန့်လွှတ်လိုက်ဖို့ ဖိအားတွေ ရှိခဲ့တာလည်း တကယ်ပဲ"

ငိုချင်နေပေမယ့် မျက်တောင်တွေ အတင်းဖိခတ်ရင်း မျက်နှာလွှဲပစ်လိုက်မိသည်။ နှုတ်ခမ်းတွေစေ့၍ ပင့်သက်ရှိုက်လိုက် …။

"အခြေအနေကိုက ဒီနေ့နဲ့ မနက်ဖြန်မှာ နာမည်ရော ဘဝရော အားလုံး ပြောင်းလဲပစ်ဖို့ စီရင်ချက်ချခဲ့တာပါ"

"မင်း ကိုယ့်ကို လိုချင်တဲ့လူ ယူ ဆိုပြီး မြတ်သောထိပ်ထား ဘဝထဲက ကျေကျေနပ်နပ် နုတ်ထွက်သွားခဲ့တာ မဟုတ်ဘူးလား"

ပြန်ကြည့်လာသည့် ထိပ်ထား မျက်ဝန်းလေးတွေမှာ မျက်ရည်တို့ ခိုတွဲနေလျက် …

"ဟုတ်တယ် .."

စေ့စေ့ကြည့်ပြီး ခေါင်းညိတ်သည်။ ကိုသု က နှုတ်ခမ်းမဲ့၏။

"ဝန်ခံတာ ကျေးဇူးပါပဲ၊ မင်းရဲ့ နုတ်ထွက်ရတဲ့အကြောင်းတွေကိုပါ ထပ်ဆင့် နားလည်ပေးဦးမယ်"

ခုနကလို မဟုတ်တော့သည့် ကိုသု မျက်နှာက အရွှတ်ဆန်ချင်သည့် မဲ့ပြုံးတွေနှင့် …

"မင်းကို သူတို့ ချိုးဖဲ့ နှိပ်ချခဲ့ပေမယ့် အထင်တကြီး ရှိနေကြတာတော့ သေချာတယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ မွန်ဆွန်း ဆိုတဲ့တစ်ယောက်ကို မေးတော့ သူ အားလုံး ပြောပြတယ်၊ ခြံထဲမှာ အမှိုက်မကောက်ရရေးနဲ့ မင်း ကိုယ့်ကို လဲယူသွားတဲ့အထိ .."

"ဦးသုရာဇဝင် .."

"ပြောပါ"

"ထိပ်ထား မှားခဲ့တာရှိရင် ရှိမယ် .. အဲဒါက ကိုယ့်ကို တကယ်





ကူညီချင်တဲ့ မိတ်ဆွေကောင်းတွေ ရှိနေသေးတယ်ဆိုတာကို မသိနိုင်ခဲ့တဲ့အတွက် .."

"ဒါပဲလား .."

"ဒါပဲ .. ရှင့်ကို အခု ဘယ်လိုမှ ကျေနပ်ပေးဖို့ မဖြစ်နိုင်တာကတော့ ထိပ်ထား မမှားဘူး"

"ဩော် .."

"ထိပ်ထား ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ် ဖြစ်လာခဲ့တဲ့ အခြေအနေအတိုင်း ညာခဲ့တာ၊ တမင်တကာ ရည်ရွယ်ခဲ့တာ မပါဘူး"

"ဒါပေမယ့် မင်းကြောင့် အဓိပ္ပာယ်မရှိတာတွေ အချိန်ပိုအလုပ်ရှုပ်ခံပြီး ရှင်းခဲ့ရတယ်၊ မင်းအတွက်ရော ဘာတွေ အကျိုးယုတ်ခဲ့သလဲ"

"ဖြစ်လာမယ့် ဆိုးကျိုးတွေကို ကြိုသိနေကြရင် အမှားကို ဘယ်သူမှ တမင်တကာ မကျူးလွန်ဘူး ကိုသု"

ထိပ်ထား စိတ်တွေ ပြန်လည် ဆူပွလာကာ ကိုယ့်ကိုယ်ကိုယ်လည်း ပြောချင်သလို ပြောမိ၊ သူ့ကိုလည်း ကိုသု ခေါ်မိလိုက် .. ဦးသု ဖြစ်လိုက် …။

"ရှင်ကတော့ ကျွန်မကို တမင်တကာ ပညာပြတာ"

"ဟုတ်တယ် .. ဖေးမမယ်၊ ကူညီမယ်ဆိုပြီး လာခဲ့တာ၊ သူများ မျက်လှည့်ပြတာကို ခံလိုက်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်းတောင် မသိတော့ဘူး၊ အဲဒါကို မင်း ကိုယ်ချင်းစာတတ်ဖို့ လိုတယ်လေ .. မင်းလိုပဲပေါ့၊ ဒီအဖြစ်မှာ ကိုယ် မမှားပါဘူး"

"မမှားဘူး .. ရှင် နိုင်လည်း နိုင်ပါတယ်"

"ကိုယ်တို့ ပြိုင်ပွဲဝင်နေကြတာမှ မဟုတ်ဘဲ"

"မပြိုင်ပေမယ့် ရှင် အနိုင်ရသွားတယ်လေ .. ရိုးရိုး နိုင်းရရင် ကျွန်မက ကိုယ်စီးတဲ့မြင်း အထီးမှန်း အမမှန်း မသိခဲ့တဲ့သူ၊ လူလယ် ခေါင်ရောက်သွားတဲ့အထိ ကျကျနန အညာခံထိနေတုန်း"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား မျက်ရည်တွေ ပြည့်သိပ်လာခဲ့၏။ မေးဖျားလေးကို ပင့်၍ ပြုံမကျအောင် မျက်တောင်ဖျားတို့ လှုပ်ခတ်ထိန်းရင်း ...

"ရှင်ကိုယ်တိုင် ဖွင့်မပြောသရွေ့ ကျွန်မက သုရာဇဝင် ရဲ့ ခြေသံ ကိုပဲ .."

"အဲဒီထိ မင်း ခံစားသွားရရင် ဆောရီးပဲ ထိပ်ထား ..၊ မင်းပဲဆိုတာ ကို ကိုယ် အစောကြီးကတည်းက ရိပ်မိခဲ့သလို မင်းကို သိနေတဲ့ ကိုယ့် မျက်လုံးကိုလည်း မင်း နားလည်လာမှာလို့ ထင်ခဲ့တာ"

"ကျွန်မက ရှင်လောက် မတော်လို့ ဖြစ်မှာပေါ့"

ထိပ်ထား မျက်ရည်စက်တွေ ပြုံကျသွားအောင် တမင်လုပ်၍ မျက်မှန်ကိုချွတ်ကာ လက်ခုံနဲ့ ဖိကပ် သုတ်ပစ်လိုက်သည်။

မငိုနဲ့ မငိုနဲ့တော့ ထိပ်ထား ..၊ အဲဒါတွေ အားလုံး ပြီးသွားပြီ ဒီလူနဲ့ နင် ဘယ်လို ရှေ့ဆက်မှာလဲ၊ အဲဒါကို စဉ်းစားစမ်း ..။

နင် ငိုနေသမျှ ဘေးကနေ ကျေနပ်အားရနေတဲ့ မဲ့ပြုံးတွေနဲ့ ရှိ နေတာ၊ နင်က ဒါကိုပဲ အထပ်ထပ် ရှုံးပြနေတာလား ..။

မျက်ရည်ကို ပြန်လည် တိုက်စစ်ဆင်ဖို့က မလွယ်ပေ။ ကိုယ့်ကိုယ် ကိုယ် အမျိုးမျိုး ဖြေသိမ့်အားပေးရင်း မျက်ရည်သုတ်နေတာ ကြာသွား သည်။

သူက တစ်သျှူးတစ်စ လှမ်းပေး၏။

"ရတယ် .."

ထိပ်ထား ခေါင်းခါလိုက်ရင်း မျက်မှန်ကို ပြန်မတပ်ဘဲ ဒီတိုင်း ကိုင်ထားလိုက်သည်။

ပြီးတော့ လက်ကိုင်အိတ်ထဲ ထည့်ထားသည့် သူ အတင်းပေးခဲ့ သော ဘူးကလေးကို ဒက်ရှ်ဘုတ်ပေါ် တင်ထားလိုက်၍...

"ထိပ်ထား ကို နောက်ထပ် ဘာပစ္စည်းမှ ထပ်မပေးပါနဲ့ .."

"မလိုချင် မပေးရုံပဲ၊ ဒါပေမယ့် ..."





သူက ထိပ်ထား ဘေးမှာချထားသည့်သောကို ကောက်ယူလိုက်ပြီး ဘားစက်နှိုးကာ ...

"မင်းလက်နဲ့ ထိသည်ဖြစ်စေ မထိသည်ဖြစ်စေ ကိုယ့်ဖေနီး ဖြစ်နေ တဲ့အတွက် .."

"အား!..."

လုပ်ချလိုက်ပြီဆို အမြဲတမ်း ဒီတိုင်း..။

စိတ်တိုနေတုန်းဆိုရင် စိတ်နောက်ကိုယ်ပါဖြစ်သွားတာဘာ နား လည်လို့ ရသေးသည်။ ခု ဘာမှမဟုတ်ဘဲနဲ့ ...

ထိပ်ထား ကိုယ်လေးယိမ်းထိုးသွားတာကို လှည့်မကြည့်ဘဲ ဘား ကို လမ်းကြောင်းပေါ်တင်ပြီးမှ ...

"ဆောရီး" တဲ့ ..။

အဲဒီမှာ စတီယာရင်နဲ့ ခေါင်းနဲ့ ပစ်ဆောင့်ပြီး သေလိုက် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄၅]

နှစ်ယောက်အတူတူ ခြံထဲဆင်းလာကြတာတောင် ချိုချို က အိမ်ကို လည်ပင်းလိမ်အောင် ပြန်ကြည့်နေသေးသည်။

"နင်တို့လက်ထပ်ပြီး ပြန်ရောက်လာကတည်းက အဲဒီလိုဖြစ်ထား ပြီးသား ဖြစ်နေတာ ဟုတ်လား"

"ဟုတ်တယ် .. ငါ့ကို တစ်နေ့လုံး ဟိုခေါ်ဒီခေါ်နဲ့၊ နာရီတကြည့်ကြည့် လုပ်နေတာလေ၊ အိမ်မှာ ဒါတွေခိုင်းထားခဲ့မှန်း ပြန်လာမှသိတာ"

"ဟုတ်တယ် .. လက်ထပ်ပြီးကာစ လျှောက်လည်နေရတော့ နင် ရင်မခုန်ဘူးလား"

"ရန်ပဲ ဖြစ်နေရတယ်"

"ဟင်!..."

ချိုချို ရယ်နေတဲ့နှုတ်ခမ်းလေး ဟိုမရောက် ဒီမရောက် တွန့်ချိုး သွားသည်။

"ဘာတွေ ဒီလောက်ဖြစ်စရာရှိလို့လဲ ထိပ်ထား ရယ် .. သူသာ ကိုသူ မဟုတ်ဘူးဆိုရင် ကိုသူ ဆိုတဲ့ လူစိမ်းတစ်ယောက်ကို နင် ချက်ချင်းကြီး လက်ထပ်လိုက်ရပြီး ဘယ်လောက်ထိ စိမ်းသက်နေမလဲ တွေး ကြည့်ပါဦး"





"သူပဲဖြစ်နေတော့ရော ငါ့အတွက် ဘာများထူးခြားမှုရှိသွားမှာလဲ ချို၊ သူနဲ့ငါ တစ်ယောက်ရဲ့လိုအပ်ချက်ကို တစ်ယောက်ကယူမယ်ဆိုတဲ့ အလုပ်သဘောတစ်ခုတည်းနဲ့ ပတ်သက်ခဲ့မိတာ၊ ဘယ်တုန်းကမှ စကား ကောင်းကောင်း ပြောလို့ရခဲ့တာ မဟုတ်ဘူး"

"ဒါကတော့ နင် ညာနေတာကို သူက သိရက်နဲ့ အညာခံပြီး လိုက် လျှောနေရတာကိုး"

"သိသိနဲ့ သူ ထိုးနက်လှောင်ရယ်သမျှ ငါ သွေးပျက်ခဲ့ရတာတွေ တော့ နင် မသိဘူးမို့လား"

ချိုချို ရှုံ့မဲ့မဲ့လေးဖြစ်သွားပြန်သည်။ တစ်အိမ်လုံးမှာ ပြင်ဆင်ထား သည့် decoration နဲ့ ခေတ်မီပရိဘောဂတွေထည့်ထားပုံကို သူမ တအံ့ တသြငေးမောရင်း ကိုယ့်သူငယ်ချင်းအတွက် ဝမ်းသာလိုက်ရတာ ..။

ဘာပဲဖြစ်ဖြစ် ဒါတွေဟာ ကိုယ့်အပေါ်တန်ဖိုးထားတဲ့ ပြယုဂ်တွေပဲ မဟုတ်ဘူးလား ..။

"အဲဒါတွေကို သူ့အဖေက အားလုံး စီစဉ်ခိုင်းခဲ့တာ"

သူတွေးနေတုန်း ထိပ်ထား က ပြောလိုက်သဖြင့် ဖျတ်ခနဲ ပြန် ကြည့်မိကာ ..

"သူ ပြောတာလား"

"ဟုတ်တယ်"

"ထိပ်ထား ရယ် .. ဟိုမှာဆို သူ့စီးပွားရေးနဲ့ နင့်အဖေပြဿနာနဲ့၊ ဒီမှာ လက်ထပ်ဖြစ်သွားလို့၊ နင် အားမငယ်အောင် ဆက်သွယ်ချက်တွေ လုပ်ရတာက ရှိသေးတယ်၊ ဒီအိမ်ထဲက ဒီကရေးရှင်းထိ သူ့အဖေက စီစဉ်ပေးနိုင်ပါ့မလား၊ ဒါ လုပ်ပေးသင့်တယ်လို့ တွေးမိရင်တောင် နင် ပြောပြီး ဦးချသင့်နေပြီ"

"ဘာလဲ ..၊ သူလုပ်ပေးနေတယ်လို့ နင် ထင်လို့လား"

"အေးလေ .. ဒါပဲရှိမှာပါဟယ်၊ တချို့ယောက်ျားလေးတွေက



www.burmeseclassic.com

www.burmeseclassic.com



ချစ်.. အဲ .. အလိုလိုက်ရမှာကို ရှက်ကြတယ်တဲ့၊ တချို့ကျတော့ ရိုက်မောင်း
ပုတ်မောင်းနဲ့လက်ရွယ်ထားရင်း မိန်းမက ဝခုံးနဲ့ပစ်တိုက်လို့ လဲကျသွား
တာတောင် ရှက်စရာလို့မမြင်ဘူး၊ ချစ်လို့ အလိုလိုက်တာဆိုပြီး ဂုဏ်ယူ
ကြသေးတာ၊ ငါက ရည်းစားမထားဖူးပေမယ့် ငါ့ပတ်ဝန်းကျင်မှာ အတွေ့
တွေရှိတယ်၊ အိမ်ထောင်ကျသွားတဲ့ သူငယ်ချင်းလည်း ရှိတာပဲ၊ နင်က
ဘာသိလို့လဲလို့ နင် ပြန်မေးမှာစိုးလို့ ပြောပြတာ"

"မမေးဘူး .. စိတ်လည်းမဝင်စားဘူး၊ အဲဒါ တော်ပါတော့ဟာ..
နန်းတော်ကြီးလို ခမ်းနားအောင်ပြင်ထားလည်း ငါ့ကိုယ်ငါ ဂုဏ်ယူမိမှာ
မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါပြုခဲ့တဲ့အိမ်ထောင်ရေးက ဥပဒေကို
အကျုံးဝင်ဖို့ လက်မှတ်တင်ခဲ့ရတာမျိုး၊ သာယာလှပမှုတွေ ရှာဖွေခံစားဖို့
မဟုတ်ဘူး"

ထိပ်ထား မျက်နှာ ပြောင်တင်းတင်းလေးဖြစ်နေတာကို ကြည့်ကာ
ညက ကြိတ်ငိုနေခဲ့မှန်း သိလိုက်သည်။ အဝေးရော အနီးရော သိပ်ကြည့်
ကောင်းတာမဟုတ်ဘဲ မျက်မှန်ကို တစ်ချိန်လုံး မတပ်ဘဲ နေခဲ့တဲ့သူ
ကြာရင် ပုလင်းဖင်ဖြစ်ပြီး မျက်လုံးကြီး ဖောင်းကြွလာမှာစိုးလို့တဲ့
ခုတော့ သူမမျက်ခွံတွေ ဖောင်းဖောင်းမို့မို့လေးတွေ သရုပ်ပြနေခဲ့ပြီ -

"ထိပ်ထား .. ဟို .. နင် .. နင့်ကို သူက အတင်းအနိုင်ကျင့်.. ကျင့်–

"ဟာ!... မဟုတ်ပါဘူး"

"မဟုတ်ဘူး .. ဟုတ်လား"

မဟုတ်ဘူးဆိုတော့လည်း ချိုချို ပြူးပြူးပြဲပြဲ ထဖြစ်ကာ ...

"ဒါဆို နင်တို့ ဘာမှ .."

"ချို ရယ် .. နင်ကလည်း ဘာတွေမေးနေမှန်း မသိဘူး၊ သူနဲ့ငါ
မျက်နှာချင်းဆိုင်လို့တောင် မရတဲ့ဟာ .."

"ဒါ .. ဒါပေမယ့် လက်ထပ်ပြီးကြရင်တော့ .."

"ချိုချို .."





"ဘာမှမဟုတ်ပါဘူး၊ ဟို .. ဟိုဥစ္စာ .."

ချိုချို လက်ညှိုးထိုးလိုက်ပြီး ဟိုဒီလိုက်မော့နေမိစဉ် ...

"ဟယ် .. ဟိုမှာတော့ .."

"ဘာလဲ .."

"မိုင်း .."

"မိုင်း ဟုတ်လား .. ဘယ်မှာလဲ"

အရုပ်ကြိုးပြတ်သလို အေးစက်စက် ခွေခေါက်ခေါက်လေး ထိုင်
လိုက်ပြီးမှ ထိပ်ထား နံတန်းပေါ်ကနေ ကမန်းကာတန်း ထရပ်သည်။

"ဟိုမှာ .. ဟိုမှာ .. လာ"

ချိုချို လည်း ထိပ်ထား လက်လေးကိုဆွဲ၍ ခြံစည်းရိုးနားကို ပြေး
သည်။

"မိုင်း .."

မိုင်း က ချိုချို့ အသံကြားတာနှင့် တစ်ခုခုကို သဲကြီးမဲကြီး အာရုံ
စိုက်နေသည့်မျက်နှာ ဖျတ်ခနဲ မော့၏။ ပြီးတော့ ဝရန်တာပေါ်ကနေ
ဆင်းဖို့ ပြေးပေါက်ရှာသည်။

"မိုင်း အဲဒီလိုမဆင်းရဘူး .. အိမ်ထဲပြန်ဝင်ပြီး ဆင်းလေ"

ထိပ်ထား က ခြေရောလက်ရောပါအောင် ပုံစံလုပ်ပြသည်။ မိုင်း
က ကိုင်ထားသည့်ဂိမ်းစက်လေးကို ချိုင်းကြားထဲ ပြောင်းညှပ်ကာ ခေါင်း
ညိတ်ပြီး နောက်ပြန်လှည့်၏။ သို့သော် ...

"အေး .. အေး.. ထင်သားပဲ၊ နင် .. နင် တစ်ခုခုဖြစ်နေပြီဆိုတာ.."

အိမ်ထဲကထွက်လာသည့် ဒေါ်ကြင်ကြင် နဲ့ ပက်ပင်းတိုးသွား
လျက် နှစ်ယောက်စလုံး ဒီဘက်ကို ငံ့ကြည့်ကြသည်။

မိုင်း က ခေါင်းခါရမ်းကန့်နေလျက် ...၊ ဒေါ်ကြင်ကြင် က အံ့သြ
သွမ်းသဖြင့် ခဏတစ်ဖြုတ် ငေးနေသေးသည်။

"ဒါနဲ့ ဒီမိန်းမကြီးဆီမှာ မိုင်း မနေတော့ဘူးဆို၊ တွေ့ပြန်ပြီ ဒေါ်ငွေ



www.burmeseclassic.com

www.burmeseclassic.com



ခင် နဲ့ ..''

ချိုချို က ကိုယ့်ဘာသာပြောသလို ညည်းညူရင်း ...

''မိုင်း .. ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ မသိဘူးနော်''

''သူ့အမေက ချမ်းသာတာပဲဟာ၊ မကြင်နာတတ်ပေမယ့် ပိုအဆင်ပြေအောင်တော့ စီစဉ်ပေးမှာပေါ့''

''ငါဖြင့် ဒီလိုမထင်ပါဘူး၊ ပိုအဆင်ပြေအောင် စီစဉ်ရင် အကြင်နာတရားမရှိတဲ့ ဒီမိန်းမကြီးနဲ့ ပစ်စလက်ခတ်ထားပါ့မလား၊ ချမ်းသာတဲ့လူတွေထဲမှာ တချို့မိခင်တွေဆို ကိုယ့်ကလေး ကိုယ့်ဟာကိုယ်ထိန်းတာဆိတ်ဆွဲလို့ ငိုမှန်းမသိ၊ အငိုတိတ်သွားရင်လည်း ပါးစပ်ပိတ်ထားတာလား၊ အငိုကြီးပြီး တက်ချက်သွားတာလား မသိ၊ နာနီတွေနဲ့ ပေးမထိန်းခိုင်းဘူး၊ မိုင်း ကလည်း ကလေးပေါက်စလိုပဲလေ၊ သူ့ခမျာ ရုတ်တရက် မပြောနိုင် မဖြေနိုင်ရှာတဲ့ ရောဂါသည် ..''

ချိုချို ပြောလိုက်ကာမှ ထိပ်ထား စိတ်မကောင်းဖြစ်သွားမိသည်၊ မိုင်း နဲ့ သူမ ဘယ်လိုရေစက်တွေနဲ့ ကြုံဖန် ဆုံစည်းနေကြတာလဲ ..။

မိုင်း ဒီကိုရောက်နေတာ သူမနဲ့ပတ်သက်မိတဲ့ ပယောဂလည်း ပါမယ်မှန်း တွေးလိုက်မိသည်။ ဘယ့်နှယ် ကိုယ့်ကိုရှောင်ထွက်သွားတဲ့သူက ကိုယ့်နားမှာ ခြံချင်းကပ်လျက် ရောက်လာတာလဲ..။

ခက်နေတာက အခြေအနေဘယ်လိုရှိရှိ အရင်လို ခေါ်ပြောဆက်သွယ်မယ်ဆိုရင်တောင် ကိုယ့်ဘက်မှာ တားမြစ်မယ့်သူက ရှိနေပြီ။

မိုင်း နဲ့ သူမ ဆက်သွယ်ဖို့ကို သုရာဇဝင် ကြိုက်မှာမဟုတ် ...၊

''ဆုံမှဆုံတတ်ပါအေ .. လှမ်းမြင်လိုက်ပေမယ့် ငါ့များ မျက်စိမှားသလားလို့''

ခြံနှစ်ခြံရဲ့စည်းရိုးအဖြစ် သတ်မှတ်ပိုင်းခြားထားတာက ကျောက်မျက်စိခေါ် အရွက်ဝိုင်းထူထူလေးတွေနှင့် သစ်ပင်အုပ်အုပ်လေးတွေ ဖြစ်သည်။ ဟိုဘက်ဒီဘက် ရပ်လိုက်လျှင် ခေါင်းတစ်လုံးစာတော့ ထွက်နေ





သေးသည်မို့ ဟိုဘက်မှာ ခေါ်ကြင်ကြင့် မျက်နှာကြီး ဘွားခနဲ ပေါ်လာ၏။

ပြီးတော့ ပတ်ဝန်းကျင်မှာ ထူးခြားစွာ တိုးချဲ့ပြင်ဆင်ထားသည့် မိုးပြာရောင်လွှင်နေသော တိုက်ကြီးကို လည်ပင်းရှည်ထွက်နေအောင် ကြည့်၏။ ချိုချို က ပြုံးလိုက်ကာ ...

''ထိပ်ထား က လက်ထပ်ပြီးပြီလေ၊ အဲဒါကြောင့် သျှောင်နောက်ဆံထုံးပါ ဒီရောက်လာတာပေါ့''

''အော် ...''

အော် .. သံရှည်ကြီးနှင့် ထိပ်ထား ကိုပြန်ကြည့်ကာ မျက်နှာကလည်း ချက်ချင်း ပျော့ပျော့ပျောင်းပျောင်း ဖြစ်သွားခဲ့ပြီး ...

''ဟုတ်လား .. ဦးလေး ဆုံးသွားလို့ ပစ္စည်းတွေ မိထွေး သိမ်းသွားသလိုလို ကြားတော့ ..''

''အဲဒါတွေက ပြီးသွားပြီ၊ အခုက မိဘချင်း အစကတည်းက စေ့စပ်ထားခဲ့တဲ့သူပါ''

''ဟုတ်လား ..''

ချိုချို က ဒိုင်ခံရှင်းပြနေသဖြင့် ထိပ်ထား နောက်နည်းနည်းဆုတ်ရပ်လိုက်ကာ ...

''ဒါနဲ့ မိုင်း ကို သူ့အမေ ပြန်ခေါ်သွားပြီဆို၊ အခု ဒီမှာ သူ့အမေ ရှိလား''

''မရှိပါဘူးအေ ..''

ခေါ်ကြင်ကြင် မျက်နှာ ပြန်လည်မဲ့ရွဲ့သွားကာ ကိုယ့်ရဲ့ထမင်းရှင်ကိုလည်း ကျေနပ်ပုံမရဘဲ ...

''သူ့အမေက ပြန်ခေါ်တာဟုတ်တယ်၊ အနားမှာ စောင့်ရှောက်ဖို့မဟုတ်ဘူး၊ ညည်းတို့ လူစိမ်းတွေ သူ့သားဘေးကို ရောက်နေတာ မကြိုက်လို့''

''ထိပ်ထား တို့က မိုင်း ကို ခင်လို့ပါ၊ ဘာတစ်ခုမှ အကျိုးယုတ်-

www.burmeseclassic.com



အောင် မလုပ်ခဲ့ပါဘူး"

"အေးလေ .. ဒါပေမယ့် သူတို့က ရှုပ်နေကြတာကိုး၊ သူ့မှာ ဝင်ရှုပ်မှာ ဘယ်ကြိုက်မလဲ၊ တစ်လတစ်သ ဒီကလေးကို လာခေါ်ရတာတောင် စိတ်မရှည်လက်မရှည် ဝက်သတ်တာကျနေတာပဲ"

"ဘာဖြစ်လို့လဲ .."

"ဖြစ်လိုက်ရင်သာ မိုင်း က မေး .. မေး .. နဲ့ အမေကို တဲ့ ငိုတာ မအေ လာခေါ်ရင် လိုက်ချင်တာမဟုတ်ဘူး၊ ညည်းဟို့ရွှေ့မှာဆို ရေးတာ ဖတ်တာ အကောင်း၊ မအေချေ့ရောက်ရင် ဘာမှမတတ်တော့ဘူး"

သိတော့သိပြီးသားတွေပေမယ့် ဒေါ်ကြင်ကြင် က ခုမှ စိတ်လိုလက်ရ လုံးရေပက်ရေ ပြောပြနေတာ ဖြစ်သည်။

"သူတို့ ငါ့ကိုလည်း မကျေနပ်ပါဘူး၊ ဒါပေမယ့် ရန်သူကို မိတ်ဆွေဖွဲ့ထားတာမျိုးပေါ့အေ၊ ငါ့ကို ကန့်ထုတ်လိုက်ရင် သူတို့အကြောင်းတွေ လူသိကုန်မှာပေါ့၊ ငါက ငါ သိသလောက်တော့ သာသာထိုးထိုး လျှောက်ပြောပစ်မှာပဲ"

ခုလို ကန့်မထုတ်ဘဲထားတော့လည်း ပြောနေတာပဲ မဟုတ်ဘူးလား၊ ထိပ်ထား သက်ပြင်းချမိကာ ချိုချို က မသိမသာ မှဲ့၏။

"မိုင်း ကို အခု အခန်းသဲ ထည့်ပိတ်ခဲ့တာလားဟင်"

"ဟုတ်တယ် .."

"မလုပ်ပါနဲ့ အန်တီရယ်.. ထိပ်ထား တခြားကနေ လာတွေ့မှာလည်း မဟုတ်ပါဘူး၊ အိမ်ရှေ့ကနေ မျက်စိရှုပ်အောင် အဝင်အထွက်လည်း မလုပ်ဘူး၊ ခုလိုမျိုး ဟိုဘက်ဒီဘက် စကားပြောခွင့်လေးတော့ ပေးပါ"

ဒေါ်ကြင်ကြင် က သွားကျဲကျဲကြီးတွေပေါ်အောင် ရယ်ကာ ...

"ပေးပြီကောအေ .. သူတို့က ပက်ခန်းကျင်ကနေ စောင့်ကြည့်နေတာပဲ၊ အထဲကအကြောင်း ဘာမှဝင်ကြည့်တာ မဟုတ်ဘူး၊ ညည်းကို မြင်ရင်လည်း မိုင်း က ဘယ်လိုမှ တားလို့ရမှာမဟုတ်ကဲ့ဟာ၊ ဟိုဘက်





ဒီဘက် ကူးသန်းလို့ရအောင် မလွယ်ပေါက်တစ်ခု လုပ်လိုက်ရင် ပြီးတာပဲ၊ ဒီကောင်လေးရဲ့ မုန့်ဖိုးပဲဖိုး ငါ မကုန်ရတော့ဘူးဆိုရင် ငါ့အတွက် ကျန်အောင်တော့ လုပ်ရမှာပေါ့"

ထိပ်ထား မိုင်း ကို ကလေးတစ်ယောက်လို ဘယ်လိုကျွေးမွေးစောင့်ရှောက်တတ်မှန်း ဒေါ်ကြင်ကြင် က သိနေပြီးဖြစ်ကာ ခုလည်း ညည်းပဲ ကျွေးမွေးပေတော့လို့ တာဝန်ပေးလိုက်တာမျိုး။ ခုံတန်းလေးမှာ အတူပြန်ထိုင်ဖြစ်လျှင် ချိုချို က စိတ်မချသည့်မျက်နှာနှင့် ...

"ဒီမိန်းမကြီးက လူရောစိတ်ရော ကြမ်းတမ်းလွန်းဘယ်နော် ထိပ်ထား၊ မိုင်း က အသက်ငယ်တယ်၊ ရောဂါသည်လေးဆိုပေမယ့် ယောကျ်ားလေး လောက်ယောက်လားလားအရွယ်၊ အတူကူ ယှဉ်ရပ်လိုက်ရင် နင့်အရပ်လောက် ရှိတာ"

"အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ ကလေးမဟုတ်သူငယ်မဟုတ် ကိုယ်နဲ့ သွေးသားတော်စပ်တာလည်းမဟုတ်ဘဲ နင် တာဝန်ယူလိုက်ရသလို ဖြစ်လိမ့်မယ်၊ တကယ်တမ်း ပြဿနာဖြစ်လာရင် ဒီမိန်းမကြီး ယုတ်မာဟာလည်း သိရဲ့သားနဲ့"

"ဘာဖြစ်လဲဟာ .. သူ့ဆီကို သွားမှာမှမဟုတ်တာ၊ ကိုယ့်ဆီ လာတာပဲ"

"ကိုသူ က ကြိုက်ပါ့မလား"

ထိပ်ထား အသံတိတ်သွား၏။ ချိုချို ရင်မောသည့် သက်ပြင်းဝေစ်မှုထင်ဖြစ်ရင်း ...

"နင်တော့ ခက်တယ် .. တကယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၆ ]

သူ အပြင်ကပြန်ရောက်သည်နှင့် ပိတ်ထားသည့် လက်ပ်တော့ရှေ့မှာ ငုတ်တုတ်လေးငိုင်နေသည့် ထိပ်ထားကို လှမ်းကြည့်သည်။

"ဘာဖြစ်နေတာလဲ .."

ကုတ်အင်္ကျီချွတ်လိုက်ရင်း မီးခြစ်နဲ့စီးကရက်ကိုင်၍ အနားရောက်လာ၏။

"ရှင် အန်ကယ်လ်နဲ့ပြောဖို့ ချိန်းထားတယ်မို့လား၊ ဘာလို့ ထွက်သွားတာလဲ"

"အခု မင်းနဲ့ပြောလိုက်တယ်မို့လား၊ ပြီးတာပဲ"

စီးကရက်မီးညှိရင်း အနားမှာလာထိုင်မယ့်ပုံစံကနေ ချက်ချင်း ပြန်လှည့်သွား၏။ သားအဖနှစ်ယောက် မပြေလည်ခြင်းက ကိုသူ မျက်နှာကို တစ်ချက်ကြည့်လိုက်တာနှင့် သိသာနေသည်။ ဖအေဖြစ်သူကတော့ ထိပ်ထား ကိုတောင် သူ့သားအတွက် ရှင်းပြနေပါသေးသည်။

"သားကိုဟော့ နားလည်ပါ၊ သူ့စိတ်က မာသလို နိုင်းရင် ဘာမှ မလုပ်ဘူး၊ တောင်းရင်လည်း ဘယ်တော့မှမပေးဘူး၊ တားနေရင် ဖွတ်လုပ်ချင်တယ်၊ သူ့စိတ်ကဖြစ်လာရင် ဘယ်လောက်ဆုံးရှုံးသွားပစေ ပုံချပေးပစ်တတ်တယ်၊ သမီးကပဲ နားလည်ပေးဖို့ ပြောနေရတာ၊ သမီးကိုပဲ သည်းခံခိုင်းရာကျနေမှန်း အန်ကယ်လ် သိတယ်၊ ဒါပေမယ့် သားနဲ့





အန်ကယ်လ်က စကားပြောခွင့်မသာသေးလို့ပါ၊ တစ်ခုရှိတာက သမီးကိုတော့ သူ တကယ် စေတနာထားတယ်ဆိုတာ ယုံကြည်စေချင်တယ်"

"မင်းကိုဗျ ဘာပြောသွားလဲ"

သူ ပြန်လှည့်မေးတော့မှ ထိပ်ထား နေရာကနေတရပ်ကာ ပြတင်းပေါက်နားထိ လျှောက်သွားရင်း ...

"ဒက်ဒီ နာမည်ကောင်းပြန်ရဖို့ မလွယ်တော့ဘူးတဲ့"

"ကိုယ်ပြောခဲ့သားပဲ"

သူက ထိပ်ထား ဘေးမှာ လာရပ်လိုက်၏။ မျက်နှာတစ်ဖက်လွှဲ၍ စီးကရက်ငွေ့တွေ ထုတ်လွှတ်နေရင်း ...

"မင်းကြောင့်ဆိုတာရော သိရဲ့လား .."

"သိတယ် .."

ထိပ်ထား မျက်မှန်ကိုချွတ်၍ အပေါ်ထပ်အင်္ကျီလေးဆဲ ထည့်လိုက်သည်။ စည်းနှောင်မထားဘဲ ဒီတိုင်းဖြန့်ချထားသဖြင့် နီရွှေရိပ်သမ်းနေသည့် ဆံနွယ်ပျော့ပျော့လေးတွေက မျက်နှာလေးကို ပို၍နုငယ်စေကာ ဒီနေ့မှ သူမ လှနေသလိုပင် ..။ ထို့ပြင် စကားဝါရောင် စိုဝင်းနေသော လည်ကပ်အင်္ကျီပေါ်မှာ အဖြူရောင်ထပ်ဝတ်ခါးရှည်လေးနှင့် သူမ တစ်ကိုယ်လုံး ဖြူနုနု ဝင်းစက်စက်ကလေး ဖြစ်နေ၏။ ကိုယ့်အရပ်က မိုးနေတိုင်း သူ့မျက်လုံးတွေ ထိပ်ထား ဆီမှာပဲ လွှတ်လပ်စွာ ရူးစိုက်နေခဲ့မိသည်။

နှာတံပေါ်လှသည်လည်း မဟုတ်၊ နှုတ်ခမ်းကျယ်နေတာကလည်း နည်းနည်းလေးမောက်လိုက်တာနှင့် ရုပ်ဆိုးသွားနိုင်သေးသည်။ မျက်လုံးလေးတွေ စိမ်းဖျော့ဖျော့၊ မျက်တောင်မတိုမရှည်လေးတွေ ခပ်ကျဲကျဲနှင့်..။

မြတ်သောထိပ်ထား ဆိုသည့် ကောင်မလေး သိပ်တော့မလှပါ။

ဒါပေမယ့် ဖြူနုနေသည့်မျက်နှာမှာ ထူးခြားစွာ နီမြန်းနေသည့် နှုတ်ခမ်းလေးတွေနဲ့ပဲ ချစ်ဖို့ကောင်းနေ့သည်။ ရန်တွေ့ပြီဆို မျက်တောင်တစ်ချက်မှမခတ်တော့ဘဲ စူးစူးရဲရဲကြည့်ပြီး ခွန်းတုံ့ပြန်၏။ မျက်ရည်ကျ-



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်ဆို မျက်နှာလွှဲပစ်တတ်လေသည်။ အရပ်လေး မနိမ့်မမြင့်နှင့် ပိန်သည့်ဘက်ကိုလုနေတော့ လူပုံက ခပ်သေးသေးလို့ ပြောရမည်သာ။

သူ့အတွက်ကတော့ အရပ်မလေးတစ်ရပ် ကောက်ရထားသလိုပဲ ပြောရမလား .. ဒါမှမဟုတ် အစ်ကိုကြီးနဲ့ ညီမအငယ်ဆုံးလေးလိုပုံစံ ပေါက်နေပြီလား မသိ။ သေချာတာကတော့ သူဟာ ကိုယ့်ရဲ့ဆရာကြီး။

"ရှင် အဲဒါတွေအားလုံး အစတည်းက သိနေခဲ့တာလား"

သူ့စိတ်တွေ ပြောလက်စ စကားဆီ ပြန်ရောက်ဖို့ ခဏတော့ ကြာသွား၏။ ပြီးမှ ...

"ဟုတ်တယ် .. ဒါပေမယ့် မင်းမိုက်တာမျိုးတော့ မဟုတ်ပါဘူး။ မင်းအဖေနဲ့ ဦးလေးက နောက်ကရှိနေတဲ့အကြောင်းတွေကို ပြောပြမထားခဲ့လို့ မှားခဲ့တာ၊ ဒက်ဒီ မင်းကို နားလည်တယ်၊ အဲဒါကြောင့် မင်းဘက်ကပဲ ရပ်တည်ခဲ့တာပေါ့"

"ရှင်က စိတ်မဝင်စားဘဲ ထိပ်ထား အတွက် သတင်းတွေနားထောင်ပေးတာ ကျေးဇူးတင်ပါတယ်"

"ကိုယ် စိတ်မဝင်စားတာက စီးပွားရေးနဲ့ နည်းပညာရပ်တွေကို မဟုတ်ဘူး၊ ဒက်ဒီ့ရင်ထဲက အမှန်တရားတွေကို .."

သူ့စကားသံ ဘာတွေ သဘောပေါက်သွားမှန်းမသိဘဲ ပခုံးတွန့်၍ မဲ့သည်။ ပြီးတော့ ပြတင်းပေါက်ပေါ်မှာ စီးကရက်ညှပ်ထားသည့် လက်နဲ့ထောက်၍ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်တည့်ရင်း ...

"မိသားစု နွေးထွေးဖို့ကြိုးစားချင်တဲ့ ဖနီးမယားနဲ့ အလုပ်ကလွဲပြီး ဘာကိုမှ အဓိကကျတယ်မထင်တဲ့ ယောကျ်ား၊ ဒါမျိုးတွေ အများကြီးရှိကြတာပဲ၊ ဒီထဲမှာ ကိုယ့်ဒက်ဒီကတော့ နည်းနည်းပိုတယ်ကွ၊ ဘာလဲ သိလား .."

သူက ထိပ်ထား ကို ငုံ့ကြည့်၍ မထိမဲ့မြင် အံ့ကြိတ်ခြင်းဖြင့် ...

"ရက်စက်တတ်တာ"





ဘာတွေရက်စက်ခဲ့လို့ သူ ဒီလောက်စိတ်နာနေတာလဲလို့ ထိပ်ထား တွေးလိုက်မိ၏။ သူမနဲ့ VZO မှာပြောကြတော့ လေးထောင့်အနံဆန် နှုတ်ခမ်းပါးတို့နှင့် ခက်ထန်ချင်ပုံရှိပေမယ့် စကားလုံးတိုင်းက ဖလေးနက် သိမ်မွေ့ပါ၏။

"ဟုတ်ရဲ့လားလို့ မင်း တွေးနေတာလား"

"ဟင်!..."

ထိပ်ထား မျက်ဝန်းလေးတွေကိုကြည့်ကာ သူက နာကျင်သည့် မျက်နှာကို ပြုံးရိပ်ဆင်ဖို့ ကြိုးစားရင်း ...

"စလောက်ဆိုရင်တော့ သူ့ရင်ထဲမှာ မာန်မာနတွေ အနည်းအကျဉ်း လျှော့ရင် လျှော့နေမှာပါ၊ လူ့ဘဝမှာ ငွေကြေးစည်းစိမ်ရှိသရွေ့ ထာဝရ ပြီးပြည့်စုံမှုကို မရနိုင်ဘူးဆိုတာ သိနေပြီကိုး၊ ကိုယ် လူလားမြောက်တဲ့ အရွယ်မှာ သူ ကိုယ့်လက်ကိုဆွဲပြီး စီးပွားရေးဈေးကွက်ထဲမှာ လျှင်မြန်လည်တယ်၊ မာမီက အငယ်ကောင်ရဲ့လက်ကိုဆွဲပြီး ကိုယ်ပါနေတဲ့ နောက် တကောက်ကောက်လိုက်တယ်၊ မိသားစု နွေးထွေးဖို့မဖြစ်နိုင်တော့ဘူးဆိုတာ နားလည်လိုက်တဲ့အတွက် သားနှစ်ယောက်ကိုတော့ အနားမှာပဲ ရှိစေချင်တာပေါ့၊ အဲဒီတုန်းက ကိုယ်ကလည်း ငယ်သေးတယ်၊ ဒက်ဒီနဲ့သွားလာနေရတာကို သဘောကျလို့ ကောင်းတုန်း .."

"အန်ကယ်လ်နဲ့အန်တီက အတူတူမနေကြဘူးပေါ့"

"မနေဘူး .."

ထိပ်ထား အံ့ဩသွား၏။ ကိုယ့်လိုမိသားစုဘဝတွေ ရှိနေပါသေးလားလို့လည်း တွေးလိုက်မိသည်။ ဒါပေမယ့် မာမီကတော့ ကျေနပ်မှု ရှိသည်ဖြစ်စေ .. မရှိသည်ဖြစ်စေ ဒက်ဒီဘေးမှာ ပါရမီဖြည့်ခဲ့သူသာ။

"သားတစ်ယောက်စီ အနားမှာရှိနေကြတယ်ဆိုတော့ ဒက်ဒီက သူ့ရှာသမျှကို ပို့ပေးမယ်၊ မာမီကို ပြန်လာပြည်မှာ ချူဘာသော်နဲ့ သိမ်းဆည်းစုဆောင်းပြီး အေးအေးနေ .. အဲဒီလိုဖြစ်စေချင်တာ၊ မာမီက ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



နှားကမချာလေ သူ အထင်လွဲလေ၊ သူ့ရဲ့မာနက မဖောက်မပြန် မခိုမကပ်ဘဲ စီးပွားရှာနေတဲ့ယောက်ျားကို ဒီလောက်တောင် မယုံကြည်ရလားဆိုတဲ့ နာကြည်းမှုဘက်ကို ပြောင်းသွားတာ၊ မာမီ့ဘက်ကတော့ သားတွေကို သူ့ရင်ခွင်ထဲမှာပဲ ထိန်းကျောင်း မွေးမြူချင်တာသက်သက်၊ သူ စွပ်စွဲလိုက်တာကျတော့ သားတစ်ယောက်ကိုတောင် သူ အုပ်ထိန်းခွင့် မရှိဘူး၊ သူ့ကို မယုံကြည်ဘူးဆိုတာမျိုး"

"သူများပြဿနာဆိုပေမယ့် ထိပ်ထား အမြင် ပြောရရင်တော့ လူကြီးတွေက သူ့အမှန်တရားနဲ့သူ ပဋိသန္ဓေတွေ ရှိခဲ့ကြတာပါ၊ အဲဒါကို ရှင်က ဘာဖြစ်လို့ ရီးမယ်ဖွဲ့နေတာလဲ၊ မိဘကို မကောင်းမြင်နေတဲ့ ပြစ်မှားစိတ်နဲ့ ရှင် နေ့တိုင်း ငရဲကြီးနေမှာပဲ၊ သံသရာလည်း မကောင်းဘူး"

"ကိုယ်လည်း ဦးရာဇမာန် ရဲ့သားပဲ၊ အနာဂတ်ဆိုတာကို ယုံကြည်ရင်တောင် သုရာဇဝင် အဖြစ် ရှိနေရမယ့် အနာဂတ်ကိုပဲ ယုံကြည်တယ် လူတစ်ယောက်မှာ အနာဂတ်နှစ်ခု မရှိဘူး"

နောင်တမလွန်မှာ ဘာဖြစ်ဖြစ်လို့ မပြောပေမယ့် အေးစက်စက်မျက်နှာမှာ စိန်ခေါ်သည့် မဲ့ပြုံးတွေနှင့် ...

"မာမီ နောက်ထပ် ရောက်မလာတော့တာ ဘာဖြစ်လို့ဆိုတာ ကိုယ် မသိခဲ့ဘူး၊ ရက်စက်ပြတ်သားတဲ့စကားတွေနဲ့ ပစ်ပေါက်ပြီး လမ်းခွဲကြပြီး ဒက်ဒီ စိန်ခေါ်ခဲ့တာတွေ မာမီ့ဒရိုင်ဘာနဲ့တွေ့မှ ကိုယ် သိလိုက်ရတယ် အဲဒီအချိန်တုန်းက ကိုယ်က ဟားဗက်မှာ .."

သူက စီးကရက်တစ်ရှိုက်ယူကာ ပြတင်းဘောင်မှာ ဖိချေပစ်လိုက်၏။ စီးကရက်သောက်တိုင်း တစ်ဝက်မကျိုးခင် စွန့်ပစ်တတ်မှန်း ထိပ်ထား သတိထားမိနေသည်။

"အရည်အချင်းကောင်းတွေနဲ့ ပြည့်နက်နေတယ်လို့ သူ့ကိုယ်သူ ထင်နေပေမယ့် ကိုယ့်အမြင်မှာတော့ ဘာမှမဟုတ်ဘူး၊ တစ်ဖက်မှာ စိန်ဘောင်ရွှေတောင်ကြီး တည်ဆောက်ပြီး မိသားစုတစ်စုထဲက ဘဝတွေကို





တော့ ဖြိုခွဲပစ်ခဲ့တယ်"

"အိမ်ထောင်ကွဲကြတယ်ဆိုတာလည်း .."

"ဖြစ်တတ်တာပဲလို့ ပြောမလို့လား၊ ခုက မတတ်သာလို့ဖြစ်ခဲ့တာ မဟုတ်ဘူး၊ ဖြစ်သွားအောင် တမင်လုပ်ခဲ့တာ၊ မာမီနဲ့ အငယ်ကောင်ကို ကိုယ် ဆက်သွယ်ဖို့ကြိုးစားတယ် .. ဘယ်လိုမှမရဘူး၊ အဲဒါကို သူ ဘာမှမသိသလိုနဲ့ ပါးစပ်ပိတ်နေခဲ့တာ၊ အပျော်တမ်း သေနတ်ပစ်ပြိုင်ပွဲမှာ ကိုယ် ချန်ပီယံအဆင့်ထိ ဝင်ပြိုင်ဖို့ အရွေးခံရတယ်၊ ဒါပေမယ့် ကိုယ် မပါခဲ့ရဘူး၊ အဲဒီအချိန်မှာပဲ မာမီတို့သားအမိ ဆုံးသွားကြပြီလို့ သိလိုက်ရတာလေ"

"ဟင်!... ဟုတ်လား"

"မဟုတ်ဘူး .. အဲဒါတွေ ကိုယ် ဖြစ်ပျက်ခံစားနေတဲ့အထိ ဒက်ဒီ ပါးစပ်ပိတ်နေတုန်း၊ မာမီ တစ်ယောက်တည်း ဆုံးသွားပြီး ညီလေး ကျန်နေသေးတယ်ဆိုတာ ကိုယ် ထပ်သိရမှ ဝန်ခံတယ်၊ ဒါတွေအားလုံး သူ သိနေတယ်တဲ့ .."

"ဟင်!..."

"မာမီ ဆုံးသွားပြီဆိုတော့ ဘာမှမထူးတော့တာကို ကိုယ် မခံစားစေချင်လို့တဲ့၊ တကယ်တော့ ကိုယ့်ရဲ့ပညာရေးတွေ၊ သူ့ရဲ့ အနီးကပ်ပို့ချနေတဲ့ ကမ္ဘာ့စျေးကွက် စီးပွားရေးတွေ ဒါတွေ လေ့ကျင့်ပျက်သွားမှာစိုးတာ၊ အငယ်ကောင်ကိုတော့ သူ တတ်နိုင်သမျှ စုံစမ်းနေတယ်တဲ့၊ မြန်မာပြည်ကို တစ်ပတ်လောက်သွားလိုက်၊ နှစ်နဲ့ချီပြီး ပြန်ထိုင်နေလိုက်၊ သူ့ခြေလှမ်းတွေကို သိနေတဲ့ကိုယ်က ဒီစကားတွေကို ယုံကြည်ပေးရမလား"

သူက ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီး ထိပ်ထား နဲ့ ဘေးတိုက်ရပ်လိုက်သည်။

"နောက်ပိုင်းမှာ ကိုယ် မြန်မာပြည်မှာ အခြေချဖို့ လုံးဝရပ်တည်ပြီ လိုက်တယ်၊ သွားချင်ရာသွားနေလည်း သူ့ပတ်ဝန်းကျင်ကို သိအောင်



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး၊ ကိုယ် စိတ်ဝင်စားခဲ့ကဲ့ ဈေးကွက်စီးပွားရေးတွေကိုပါ ခေါင်း
ကထုတ်ပစ်ဖို့ ကြိုးစားခဲ့တဲ့အထိပဲ”

“ဘာပဲဖြစ်ဖြစ်ပါ ထိပ်ထား သူများမိသားစုထဲကို ဝင်မပါသင့်
ပါခဲ့မိတာ တောင်းပန်ပါတယ်”

“မလိုပါဘူး .. မင်းရဲ့မိသားစုမဟုတ်ပေမယ့် ကိုယ်နဲ့ မိသားစု
ကို ထူထောင်ကြမှာ .. မင်း ပြောလို့ရတယ်၊ ကိုယ်ကလည်း မိသား
ဘဝထဲက နင့်နေအောင် ချစ်တာတွေ လွမ်းတာတွေကို ဖိသိပ်ခံစား
တာမျိုး မဟုတ်ဘူး ထိပ်ထား၊ ညာတာကို မကြိုက်တာ”

သူ့အကြောင်းပြောနေတာပေမယ့် ထိပ်ထား မျက်နှာပူရပြန်သည်

“ကိုယ့်အဖေ ဖြစ်နေတဲ့အတွက် ပိုပြီး ခံစားရတယ်၊ ဘယ်လက်
ဖြစ်ဖြစ်၊ ညာလက်ကိုဖြစ်ဖြစ် လက်တစ်ဖက် ဆုံးရှုံးသွားရင် ဒါကို
ရမှန်းတော့ သိရမယ်၊ အမျိုးမျိုးသော မာနတွေနဲ့ စွန့်လွှတ်နိုင်နေ
ဘယ်လိုအမှန်တရားတွေနဲ့လဲ မင်း တွေးကြည့် ..”

“တွေးကြည့်ဆိုရင်တော့ အဲဒါတွေကို မတွေးဘဲထားလိုက်
တော့လို့ပဲ ပြောချင်တယ်၊ အခု ရှင့်ရဲ့ညီကို ရှာနေကာလား”

“အင်း ..”

“သူ့ကိုတွေ့ဖို့က အရေးကြီးတယ်မို့လား၊ အန္တကယ်လ်က ကို
ရဲ့အဖေလည်း ဖြစ်တယ်၊ သူလည်း နောင်တရနေပြီဆိုရင် ဘယ်မှ
အကျိုးမရှိတာကို ထားခဲ့ဖို့ ကောင်းတယ်”

“အကျိုးရှိတယ် မရှိဘူးဆိုတာ ကိုယ့်ရဲ့လိုအပ်ချက်နဲ့ပဲ ဆိုင်
တယ်၊ မင်းရော အကျိုးမရှိတဲ့အလုပ်တွေ မလုပ်ခဲ့ဖူးဘူးလား”

ထိပ်ထား မျက်ခုံးလေးတွေ ဆက်ခနဲ တွန့်သွားသည်။ သူက မ
ခနဲ ရယ်ကာ ...

“ပြောပြတာ .. နောက်ထပ် ဒက်ဒီနဲ့ ကိုယ် ပဋိပက္ခဆန်
ရင်ဆိုင်မိတိုင်း ဒါမှမဟုတ် ကိုယ် ခုလို သူနဲ့မပြောမဆိုဖြစ်အောင်





ထွက်လိုက်တိုင်းပေါ့၊ မင်း ကိုယ့်ကိုပဲ တရားပြဖို့ မကြိုးစားဘူးဆိုရင်
ကျေးဇူးတင်တယ်”

“မတင်ပါနဲ့ .. ဒီကလည်း ကိုယ့်သောကနဲ့ကိုယ်တောင် မီး ဘယ်
လိုငြိမ်းရမယ်မှန်း မသိတဲ့လူပဲ၊ ဒါပေမယ့် မြင်ရကြားရရင်တော့ ရှုပ်ရှင်
ကြည့်တာတောင် ကောင်းတယ်မကောင်းဘူး ဝေဖန်ဖြစ်ကြသေးတာ၊
ပြောတာမကြိုက်ရင် ထိပ်ထား ကို နောက်ထပ်-ဘာမှလာမပြောပြနဲ့”

ထိပ်ထား သူ့နားကနေ လှည့်ထွက်လာခဲ့ရင်း ...

“ဒီမှာ ပူလောင်နေတာတွေတောင် ဘယ်ရောက်ကုန်မှန်း မသိဘူး၊
နားလည်းထောင်ပေးရသေးတယ် .. ကျေးဇူးမတင်တဲ့အပြင် .. ဟွန်း”

တစ်ယောက်တည်း ရေရွတ်သွားတာကို နားထောင်ရင်း ကိုသူ
ပြုံးမဲ့မဲ့နှင့် နောက်ကပါလာကာ ...

“မင်းကို မေးစရာ ရှိသေးတယ်”

ကွန်ပျူတာနားရောက်မှ ထိပ်ထား ပြန်လှည့်ကြည့်သည်။

“ဘာလဲ ..”

“ပိုတက်ခြံမှာ မင်းရဲ့ရောဂါသည်လေး ရောက်နေတယ် တွေ့လား”

သူ ဘယ်လိုသိသွားတာလဲ ..၊ တစ်နေကုန် အိမ်မှာရှိမနေတတ်တဲ့
သူက အပြင်ကို လုံးဝထွက်ခွင့်မရသည့် မိုင်း ရှိနေတာကို သိတာ အံ့ဩ
ဖွယ်ပင်။ သူက ထိပ်ထား မျက်နှာလေးကို စိုက်ကြည့်ကာ ချက်ချင်း
သဘောပေါက်သွားပုံ ရ၏။

“သိနေပြီပဲ .. ဒါဆိုလည်း တစ်ခါတည်း ပြောထားမယ်၊ လုံးဝ
အဆက်အဆံ မလုပ်ပါနဲ့”

ထိပ်ထား ဘာမှမပြောရသေးခင် သူ အပေါ်ထပ်တက်သွားသည်။
စိတ်ထဲမှာ ထိုင်းမှိုင်းလေးလံသွားသော်လည်း အမိန့်ပေးတာကို မခံချင်..။

ဘယ်လိုနေနေ ဘာဖြစ်လဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄၇]

"ဘာလုပ်နေတာလဲ"

"ဟင်!..."

ဒိတ်ခနဲ ဆောင့်ခုန်သွားသည့် ကိုယ့်ရင်ဘတ်ထဲကအသံကို ပြ
ကြားလိုက်ရသလိုပင် ...။ သူ ပြန်မလာသေးဘူးထင်ကာ ခြံထဲဆင်း
မိုင်း ကို မသိမသာ ရှာဖွေနေမိတာ သူနဲ့မှ တည့်တည့်တိုးရတဲ့ အခြ

"ဒီမှာ ရပြီ"

ကိုသု က နိုင်ငံသားမှတ်ပုံတင်ကတ်လေး လှမ်းပေးကာ —

"ကိုယ့်သူငယ်ချင်းက အဲဒီရုံးမှာ လက်ထောက် ညွှန်ကြား
မှူးလေ"

ဒါကြောင့် မြန်မြန်ဆန်ဆန်ကြီး ရတာလား ...

စောစောကစိတ်တွေ ဘယ်ရောက်ကုန်မှန်းမသိဘဲ ကိုယ့်မှ
တင်ကို မမြင်ဖူးသလို သေချာ ကိုင်ကြည့်နေမိသည်။

ဒါတစ်ခုကြောင့် သူများလက်အောက်မှာ ရက်ပေါင်းများ
ဆင်းရဲဒုက္ခခံပြီး နေခဲ့ရသည်။ နေ့ရှိသမျှ စိတ်ဆင်းရဲခဲ့ရ၏။ ဒါကို
လဲယူလိုက်ရသည့်အရင်းအနှီးက မဆုံးဒင်ကာပေမယ့် ကျေနပ်အော
နေတတ်ဖို့လည်း ဆုံးဖြတ်ပြီးပါပြီ။





"မင်း ဒီနေ့ အပြင်ထွက်ဦးမလား၊ လိုအပ်တာ ဝယ်ခြမ်းဖို့ဖြစ်ဖြစ်"

"မထွက်တော့ဘူး"

"ဘာဖြစ်လို့လဲ .. မင်းအတွက် အသုံးအဆောင် အဝတ်အစား
ဘာမှ ပြည့်ပြည့်စုံစုံ မရှိသေးဘူး၊ မဝယ်ဘူးလား"

"မဝယ်ဘူး၊ လိုအပ်မှပဲ လိုတာ ထွက်ဝယ်လိုက်မယ်၊ ဘာဖြစ်လို့လဲ"

"ကိုယ် အပြင်သွားမလို့၊ မင်းသွားမှာဆိုရင် ပလာဇာလိုက်ပို့မယ်၊
နေ့ပိုင်းကျမှ ကိုယ် သွားလို့ရတယ်"

"ရှင် သွားပါ"

ထိပ်ထား ကို သူက စိုက်ကြည့်နေ၏။ ဒီမျက်လုံးတွေက တရားခံ
သလိုကြည့်နေပြီမှန်း ပြန်မကြည့်ရဘဲ ထိပ်ထား သိနေသည်။

ကိုယ့်ဟာကိုယ် မဝယ်ချင်လို့မဝယ်တာ ဘာဖြစ်သွားနိုင်လို့လဲ..။

ကိုသု ကလည်း ဘာမှဆက်မပြောဘဲ နေလိုက်ပေမယ့် လက်ထပ်
တဲ့အထိ ပေါက်စီစားနေရတဲ့ မနေ့တစ်နေ့က ကောင်မလေးပုံစံအတိုင်း
နေတာကို တစ်ခုခုတော့ ပြောချင်နေပြီဖြစ်သည်။

တစ်နေ့တစ်နေ့ ပခုံးချိတ်သာသာ လက်ပြတ်ဖွတ်ကျယ်လို အင်္ကျီ
ပျော့ပျော့လေးတွေနှင့် ဂျင်းပင် အနက် အပြာ အဖျော့ အမျိုးမျိုးကို
ကို အရှည် အကျပ် အပွ ဒါတွေနဲ့ပဲ ထည်လဲ မြင်နေရသည်။

တစ်နေကုန် ကွန်ပျူတာထိုင် နားကျပ်နဲ့မြင်ရလိုက်၊ စာရွက် စာ
တမ်းတွေ တဖျန်းဖျန်းနှင့် ရှုပ်ယှက်ခတ်နေလိုက်။

ကိုယ်ကတော့ လင်နဲ့မယားဖြစ်လာခဲ့ပြီမို့ ကိုယ့်အကြောင်း၊ ကိုယ့်
အားချက်တွေနဲ့ပတ်သက်ပြီး ပြောသင့်သလောက် ပြောပြခဲ့သည်။ ပြော
အတွက် အချိန်သပ်သပ်ပေးထားခဲ့၏။

သူမကတော့ ဘာလုပ်လုပ် ဘယ်အရပ်မျက်နှာကိုမှ ခေါင်း တစ်
ချက် မော်မကြည့်။ ထိုစဉ် တိတ်ကျသွားခဲ့သည့် နှစ်ယောက်ကြားမှာ
ရှိုက်တစ်ရှိုက် ဘွားခနဲ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုင်း .."

"မ .. မ .. ဟိုး .. ဟီး .. ဟီး"

မိုင်း က မလွယ်ပေါက်ကနေ ကုန်းကွ တိုးဝင်လာပုံရှိကာ တစ်ကိုယ်လုံးကို ပွတ်သပ်ခါနေရင်း သွားအဖြီးသားနှင့် ...

"မားမ မုန့်ကျွေးမယ်ဆို"

ထိပ်ထား နားကို တန်းကပ်ကာ လက်ကိုဆွဲ၍ ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားလိုက်သည်။ ထိပ်ထား က သူ့မျက်နှာကို လှမ်းကြည့်လိုက်မိ၏။ ကိုသု က မိုင်း တစ်ကိုယ်လုံးကို ပိုက်စိတ်တိုက်သလို စေ့စေ့စပ်စပ်ကြည့်သည်။ ပြီးတော့ ထိပ်ထား ကို မျက်တောင်ဖျားတွေ ခပ်စင်းစင်းနှင့်ကြည့်၍ ...

"မင်း အပြင်မထွက်ချင်တာ သူ့ကို မုန့်ကျွေးဖို့တာဝန်ကြောင့်လား"

"မဟုတ်ပါဘူး .. မေးလ်ပို့နေရင်း ခေါင်းတွေအုံလာလို့ ဆင်းလာတာ၊ သူ့ကို ထိပ်ထား က မုန့်ကျွေးနေကျမို့လို့ လူကိုမြင်ရင် သူ ဒီတိုင်းပဲ"

"မားမ .. မားမ .. ဦးက ဘယ်ကတုံး"

"သူက ဒီအိမ်ကပဲလေ"

"မားချို ရော .."

ထိပ်ထား က ပြုံးလိုက်ရင်း မိုင်း ရဲ့ပခုံးတစ်ဖက်ပေါ်မှာ ကပ်တွယ်နေသည့် အမှိုက်တစ်စကို အသာလေး ခါချပေးလိုက်သည်။ ပြီးမှ ...

"ချိုချို က သူ့အိမ်မှာပေါ့၊ ထိပ်ထား က သူနဲ့လက်ထပ်ထားတာ၊ အဲဒါကြောင့် သူနဲ့ ဒီမှာ တူတူနေတာလေ"

လက်သိုးလေးနှစ်ချောင်းပူးကပ်၍ မိုင်း နားလည်အောင် ထိပ်ထား က ရှင်းပြသည်။ မိုင်း ကလည်း လက်သိုးနှစ်ချောင်းပူးပြတာကို သေချာလိုက်ငေးကာ မတည်မငြိမ် ငုံစောင်းသွားတတ်သော မျက်နှာကို သေချာညိန်းနေ၏။ ပြီးတော့ ...

ကိုသု ကို လှည့်ကြည့်ပြီး ဟီးခနဲ ရယ်ချလိုက်သည်။





"မားမ ယောက်ျား .."

"အင်း .. ဟုတ်တယ်၊ မိုင်း နားလည်သားပဲ"

"အင်း .. သိတယ်၊ ဦးက နော့ကို မခေါ်ချင်ဘူးတဲ့လား"

သူ့မျက်နှာကြီး တည်တင်းနေတာကို မိုင်း ကတောင် ခံစားမိသွားရှာသည်။ ထိပ်ထား စိတ်မကောင်းဖြစ်သွားမိလျက် ...

"ခေါ်ချင်ပါတယ် .. အခု ထိပ်ထား ခေါ်နေတာပဲဟာ၊ မုန့်စားမယ်ဆို လာ .. လိုက်ခဲ့"

ထိပ်ထား က ဦးဆောင်သွားဖို့ ပြင်သည်။ မိုင်း က ထိပ်ထား လက်ကို လှမ်းကိုင်လိုက်ပြီး ထပ်ကြပ်မကွာလိုက်ဖို့ ဖြစ်၏။ သို့သော်...

"သူ့ကို ခေါ်မသွားနဲ့"

ကိုသု က ရှေ့မှာပိတ်ကာတာ မဟုတ်ဘဲ မထိတထိ တားလိုက်တာမို့ ပခုံးချင်းတိုက်သွားကာ ထိပ်ထား နောက်ဆုတ်ယိုင်သွားမှ ...

"ကျွေးချင်ရင် သူ့ကိုထားခဲ့ပြီး မင်း သွားယူကျွေးလိုက်"

"ဘာဖြစ်လို့လဲ .. အိမ်ထဲမှာ ဒေါ်ဖော့ တို့ မရွှေ တို့ ရှိနေတာပဲ"

"ဘယ်သူရှိရှိ"

မျက်နှာက တင်းနေသည်။ တစ်ခုခုပြောချင်သည့်ဟန်နှင့် မိုင်း က ရယ်ပြရင်း ပါးစပ်ပြင်သော်လည်း သူ့အကြည့်တွေကြောင့် မပြောခဲ့တော့ဘဲ ငြိမ်ကျသွား၏။

ထိပ်ထား သူ့ကိုပဲ မကျေနပ်စိတ်တွေ ဖြစ်လာခဲ့လျက် ...

"အိမ်နီးချင်း စားသောက်ဖို့ခေါ်တာ ခြံထဲမှာယူကျွေးတော့ ဘယ်လိုပုံစံ ဖြစ်သွားမလဲ၊ မိုင်း က မိကောင်းဖခင်သားသမီးပါ"

"ဘယ်သူ့သားသမီးဖြစ်ဖြစ် မင်းကို သူနဲ့ပတ်သက်ခွင့် မပြုဘူး ခြံထဲမှာဖြစ်ဖြစ် အိမ်ပေါ်ဖြစ်ဖြစ် နောက်ထပ် ဘယ်နေရာကိုမှလည်း ခွင့်မပြုနိုင်ဘူး၊ ဒါ နောက်ဆုံးပဲ"

"ကိုသု .."



www.burmeseclassic.com

www.burmeseclassic.com



သူ ဖျတ်ခနဲ လှည့်လိုက်တော့ ထိပ်ထား လှမ်းခေါ်ကာ ...

"ရှင် အဲဒီလို ပါဝါတွေပြလိုက်ရတာ ပျော်လား"

ကိုသု က မဖြေဘဲ မျက်နှာချည်းပဲ ခပ်စောင်းစောင်းပြန်ငုံ့ကြည့်၏။

"တကယ်ပဲ .. ရှင့်ကို ဒီလိုလူမှန်း ထိပ်ထား မထင်ခဲ့ဘူး"

"မထင်တာတွေဖြစ်လာရင် ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာ နောက်ဆို စဉ်းစားထား၊ ကိုယ်ကတော့ စဉ်းစားပြီးသားမို့လို့ မင်းကို ကြိုပြောခဲ့တာ၊ အဲဒါကြောင့် နောက်ထပ်မရဘူး"

"ကိုကိုကြီး .."

လှမ်းထွက်ပြီးသည့် သူ့ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွားသည်။ အသံမကြည်လင်၊ စုစုစည်းစည်း ခေါ်လိုက်နိုင်ဖို့ မရမက ကြိုးစားလိုက်ရတာမျိုး ...။ ကိုသု နောက်လှည့်ကြည့်လိုက်တော့ မိုင်း က ထိပ်ထား နောက်ကို ထိုးကွယ်လိုက်ကာ ...

"ဟုတ်ဘူး .. ဟုတ်ဘူး .. တွား .."

ထွက်သွားဖို့ လက်ကာပြနေရင်း မျက်နှာကို တွင်တွင်ကွယ်သည်။ ပြီးတော့ ထိပ်ထား ရဲ့ခါးကို ဖက်လိုက်၊ ပခုံးဖက်လိုက်နှင့် သူ့မှာ ပုန်းကွယ်ဖို့ချည်းပဲ ပြင်နေတာ မပြီးနိုင် ...။

ကိုသု နားထဲမှာ တစ်မျိုးတစ်မည်ဖြစ်သွားသည့်စိတ်တွေ မြင်ကွင်းကြောင့် မှုန်ကုတ်ကုတ်ကြည့်မိသည်အထိ ဖြစ်၏။

သူ ပြန်လှည့်ထွက်လာတော့ မလိုလားသည့်မြင်ကွင်းရယ်၊ ကိုကိုကြီး ဆိုသည့် ခေါ်သံရယ်၊ အနီအဝါမျဉ်းကြောင်းနှစ်ခုကို ရှုပ်ထွေးစွာမြင်လိုက်ရသလို ခေါင်းထဲမှာ ဘာတွေဖြစ်ကုန်မှန်း မသိ ...။

ဒီကောင်လေးက ဘာဖြစ်လို့ ဒီလိုခေါ်တာလဲ ...၊ သူ့ကို ညီလေးဒီတိုင်းပဲခေါ်ခဲ့တာ ဖြစ်သည်။ ညီအစ်ကိုနှစ်ယောက်ကို အသက် အများကြီးကွာမွေးခဲ့သည်မို့ ညီလေး ရှိနေမယ်ဆို ဒီအရွယ်ပဲ ဖြစ်မည်။

သို့သော် ညီလေးက သူ့ထက်အသားဖြူကာ သူ့ထက် ချောသည်။





မိုင်း ဆိုတဲ့ကောင်လေး 'ကိုကိုကြီး'ခေါ်လိုက်တာကို ပြန်တွေးမိရင်း စိတ်ထဲမှာ မနှစ်မြို့သလိုကြီး ဖြစ်သွားသည်။

ဘာဆိုင်လို့လဲ ...၊

"မား မ"

"ဟင် .. လာ ရှေ့ကိုလာ .."

ထိပ်ထား သူ့ကိုပဲငေး၍ စိတ်ပျက်နေတုန်း မိုင်း က ပခုံးတို့လိုက်သဖြင့် သူ့လက်ကို ရှေ့ပါလာအောင် ဆွဲယူလိုက်ပြီး ...

"စိတ်ထဲမှာ ဘာမှမထားနဲ့ သိလား မိုင်း၊ သူက တို့ကို စိုးရိမ်လို့ပါ"

"စိုး .. ရိမ် .. တာ .."

"ဟုတ်တယ်၊ မိုင်း ကို လိုက်ဆွဲနေကြတဲ့လူကြီးတွေနဲ့ ထိပ်ထား ကျန်ခဲ့တာ သိတယ်မို့လား .."

"ဟုတ်"

"အဲဒါကို သူ မြင်သွားဖူးတယ်၊ သူက ထိပ်ထား အန္တရာယ်ဖြစ်မှာစိုးလို့ ပြောတာ၊ မိုင်း ကို မုန်းလို့မဟုတ်ဘူး၊ စိတ်မကောင်းမဖြစ်နဲ့နော်"

မိုင်း က ခေါင်းညိတ်၍ တွေးနေပုံလေးတော့ ရှိနေဆဲဖြစ်သည်။

"မိုင်း ရေ ..."

ခြံဟိုဘက်မှာ ခေါ်ကြင်ကြင် မျက်နှာ ပေါ်လာကာ ...

"ပြန်လာခဲ့ .. တော်ကြာ သူတို့ လာခေါ်တော့မှာ၊ ဒီနေ့ လက်မှတ်ထိုးရမှာလေ"

မိုင်း ကို ဘယ်လိုပြောဆိုထားသည် မသိ၊ ဒီတစ်ခါတော့ ခေါင်းညိတ်လိုက်တာ ရှောရှောလျှုလျှုပဲဖြစ်ကာ ...

"မားမ .."

"ဟင်"

"မ .. မ လိုက်ခဲ့ပါလား"

"အို .. လိုက်လို့ဖြစ်မလား၊ တော်ကြာ နင့်အစ်မကို ကိုမြဘောင်း

တို့ လည်ပင်းညှစ်သတ်လိမ့်မယ်၊ လာခဲ့ .. ဒီမှာ အတူတူရှိနေကြတာ တောင် အသိမပေးရဲတဲ့ ဥစ္စာ"

ကိုမြသောင်း တို့ဆိုတာ မိုင်း နောက်က တကောက်ကောက်လိုက် နေကြတဲ့လူတွေမှန်း ထိပ်ထား သိလိုက်သလို မိုင်း ရဲ့အကြည့်တွေက ထိပ်ထား နောက်ကို လှမ်းကျော်ကြည့်ပြီးသား ဖြစ်လျက် ...

"ဟုတ်တယ် .. ကို ကို ကြီး ဆူ မှာ .. နော်"

"မိုင်း ရယ် .."

စွဲလမ်းပြီဆို ပြန်လည်ပျောက်ရှတတ်သည်မရှိသော မိုင်း ရဲ့မှတ် ဉာဏ်ကို နမြောမိသည်။ ဒီရောဂါကို တကယ်ပျောက်အောင် ကုလို့ရနိုင် လျက်နှင့် ဘာဖြစ်လို့ မကုဘဲထားသည်ကိုလည်း စဉ်းစားမရနိုင် ..။

မိုင်း ကို အထဲဝင်အောင် ချော့မော့ပြောပြီးမှ ဒေါ်ကြင်ကြင် က ကျန်နေခဲ့ကာ ...

"ညည်းကိုပြောရဦးမယ် သိလား၊ မိုင်း ကို သူ့အမေက ရန်ကုန်မှာ မထားတော့ဘူး တဲ့"

"ဟင်!..."

"ဟုတ်တယ်၊ ဒီကို အေးရာအေးကြောင်းဆိုပြီး ပို့လိုက်တုန်းက ဒီအစီအစဉ် မရှိပါဘူးအေ၊ ခုမှ ဘာထဖြစ်တယ် မသိပါဘူး၊ သူတို့တွေ ဒီကောင်လေးအပေါ် မရိုးသားတာတော့ သေချာတယ်၊ ငါက သိပ်တော့ မသိဘူး၊ ဒါပေမယ့် မအေက သားကို မချစ်၊ သားကလည်း တမ်းတမ်း တတ မရှိ"

"မိုင်း က သူ့အမေကိုတော့ တမ်းတနေတာပဲမို့လား"

"တမ်းတတာက ဘယ်အမေလဲမှ မသိတာ၊ ဒီအမေက အမေနဲ့ တစ်စက်မှမတူတာတော့ သေချာတယ်၊ သူတို့ တကယ်ပြောင်းပစ်ကြ မှာဆိုရင် ဘာအတွက်ပဲပြောင်းပြောင်း ငါ့အတွက် စားပေါက်ပိတ်တယ်၊ လုံးဝ သည်းခံမှာ မဟုတ်ဘူး"





ဒေါ်ကြင်ကြင် ခုမှ ဟန်ကျနေတာမို့ အခြေအနေပြောင်းသွားမှာ ကို ကြိုတင်ကြိမ်းဝါးနေတာ ဖြစ်သည်။ အရင်တုန်းက ဒီကလေးကို ကိုယ်ကပဲ ရှာကျွေးနေရသည့်အဖြစ်ကြောင့် နေ့စဉ် အကုသိုလ်ပွားများ နေခဲ့ရပေမယ့် နဂါးမှန်းသိအောင် နည်းနည်းလေး အမောက်ထောင်ပြ လိုက်တာနှင့် အခု စားရေးနေရေးအတွက် အားလုံး အေးဆေး။

ထို့ပြင် ထိပ်ထား တို့နဲ့ ကပ်လျက်နေဖြစ်ကြတော့ မိုင်း က ထိပ်ထား နဲ့ကိုင်ပေါက်ပြီး ဆုံးမလျှင် နာခံလွယ်သည်။ ထိပ်ထား နာမည်ခေါ်လိုက် တာနှင့် ခေါင်းညိတ်ပြီးသား ..။

စားရေးသောက်ရေးဆိုလည်း ထိပ်ထား နဲ့ရှိနေလျှင် ကိုယ်ပူရတာ မဟုတ်တော့ .. ဒီကလေးအတွက် ရလာသမျှကို စိတ်ကြိုက် သုံးစမ်း။

"စိတ်ချ ထိပ်ထား .. ဒီတစ်ခါ ငါတို့ပြန်ဆုံကြတာ အရင်လို မဟုတ်ဘူး၊ သူတို့ ဘာလုပ်လုပ် ငါတို့ တိုင်ပင်မယ်၊ ဒီလူတွေ ဘာလဲ ဆိုတာ သိရအောင် လုပ်မယ်၊ မိုင်း အတွက် ညည်းလည်း သိချင်မှာပါ"

ထိပ်ထား ခေါင်းပဲညိတ်ပြလိုက်မိသည်။ မိုင်း အတွက် ဆင်းရဲဒုက္ခ ရောက်ရမယ့်ကိစ္စမျိုးဆိုရင်တော့ သူမ သိထားချင်တာ တကယ်ပါ..။

ကိုယ်တတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင်သည်ဖြစ်စေ မိုင်း အပေါ် မှာ ဖြစ်ခဲ့မိသည့်သံယောဇဉ်က သိနေလျက်နှင့် မဆိုင်သလိုနေလိုက်ဖို့ ကို ခွင့်မပြုတာ ဖြစ်သည်။

ဒါပေမယ့် တစ်ဖက်မှာ သုရာဇဝင် ရှိနေသေး၏။

ဒီလူနဲ့ သူမက အစကတည်းက အဆင်ပြေခဲ့တာ မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၈ ]

"မမြတ် ကော်ဖီရပါပြီ"

ထိပ်ထား လှည့်မကြည့်ဘဲ ခေါင်းညိတ်လိုက်သည်။

"ထားခဲ့လေ .."

"ညလယ်စာစားဖို့ ဘာလုပ်ပေးရဦးမလဲဟင်"

"ရပြီ မရွှေ၊ တံခါးတွေပိတ်ခဲ့ပြီးရင် သွားနားတော့"

ညရှစ်နာရီခွဲနေပြီမို့ ဦးရာဇမောန် နှင့် စကားပြောဖို့အချိန်ကို တွက်ပြီး အလုပ် ဆက်လုပ်နေလိုက်သည်။ ခဏကြာတော့ အဖြူရောင် ခပ်မှိန်းမှိန်းနှင့် ညဝတ်အင်္ကျီအရှည်ပွပွနှင့် ကိုသု အပြင်ထွက်လာ၏။ လက်ထဲမှာ ဗီစီဒီတစ်ချပ်ကို ကိုင်လာတာဖြစ်ကာ ဧည့်ခန်းဘက်ကို ထွက်သွားသဖြင့် ...

"ရှင် ဘယ်ကိုလဲ"

"ဘာလုပ်မလို့လဲ"

"အန်ကယ်လ်က ရှင်နဲ့ စကားပြောမလို့"

"ဘယ်သူက ပြောမယ်ပြောလို့လဲ"

ထိပ်ထား မောက်စ်ကို တစ်ချက်ရွှေ့ကာ သူ့ကိုမော့ကြည့်လိုက်၏။





"ဒီညအတွက် ရှင့်ကို နေ့လယ်ကတည်းက ထိပ်ထား ပြောနေခဲ့ရတာ၊ ရှင် တော်တော်ကပ်သပ်ပါလား"

"ကပ်သပ်တာ ဘာဖြစ်လဲ၊ မင်းကို ကိုယ် အဲဒီပြဿနာတွေ ပြောပြီးပြီ၊ နောက်ထပ်ရှိလာမှာတွေအတွက် ကိုယ့်ကို မဝေဖန်နဲ့ဆိုတာ.."

"ဒီမှာ .."

ထိပ်ထား သူ့ဘက်ကို ထိုင်လျက်ကနေ လှည့်ရင်ဆိုင်မိကာ ...

"ရှင်ပြောလိုက်ရင် ကိုယ့်ဘက်က လုံခြုံပြီးသားဖြစ်နေအောင် အမြဲပြင်ဆင်ထားတယ်၊ ထိပ်ထား က ရှင်နဲ့အတူရှိနေပြီး ပြောပြထားပေးပါဆိုတာကို ဘယ်လိုငြင်းမလဲ"

"ပြောမရဘူး ပြောလိုက်"

"ကိုသု .."

"ဘာလဲ"

"ရှင် ကလေးဆန်သလိုဖြစ်နေပြီနော်၊ အန်ကယ်လ်က ရှင့်အဖေ"

ထိပ်ထား မတ်တတ်ရပ်လိုက်သလို သူက ပြန်လှည့်လာသည်။ မျက်နှာချင်းဆိုင်လိုက်မိကာမှ ညဝတ်ဂါဝန် အဝါရောင်ပါးပါးလေးနှင့် ကိုယ့်အဖြစ်ကို သတိရကာ ဖျတ်ခနဲ ထိုင်ချလိုက်ရ၏။

သူက ထိပ်ထား ပခုံးလေးကျုံ့လိုက်ပြီး ကိုယ်တစောင်းလှည့်ထားလိုက်တာမို့ စူးစိုက်ကြည့်၍ ...

"ကိုယ်က ကလေးဆန်နေတယ်ဆိုတော့ မင်းက လူကြီးပီသနေတယ်ပေါ့"

"မဟုတ်ဘူးလေ .. ထိပ်ထား က ရှင့်ကို ပြောဆိုပေးဖော်မရဘူးလို့ တလွဲထင်သွားမှာပေါ့"

ကိုသု က နှုတ်ခမ်းတွန့်သွားအောင် မဲ့သည်။

"ကိုယ် ဘယ်တုန်းကမှ ပြောဆိုမကောင်းခဲ့ဘူးဆိုတာ သူသိတယ်၊ မိန်းမရသွားမှ ပြောင်းလဲသွားနိုင်တယ်ထင်ရင် ပြောပြလိုက်၊ သူ့ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောင်းလဲဘူး .. ဒီတိုင်းပဲလို့"

တကယ့်ကို ရှားပါးရုပ်ကြွင်းပါပဲ။ ဒီအဖေ နောင်တတွေနဲ့ လွမ်းတတ်နေပြီဆိုတာလည်း သူ့ပဲပြောတာ..၊ ပြီးတော့ တစ်လောကလုံး ပြေးကြည့်မှ ဒီသားအဖတွေပဲရှိတော့တာ မဟုတ်ဘူးလား ..။

ချိန်းထားသည့်အချိန် ကွက်တိမှာ ဦးရာဇမာန် နဲ့ မျက်နှာချင်းဆိုင် ပြောဖြစ်ကြ၏။ သူ့သားအကြောင်းကို ပြောစရာမလိုဘဲ သိနေပြီးသား ဖြစ်နေပုံရှိလျက် ...

"အန်ကယ်လ် သိပါတယ် သမီးရယ် .. သမီးနဲ့ သူ လက်ထပ်ပြီး သွားတဲ့သတင်းနဲ့ အမေရိကားက သမီးတို့ပတ်ဝန်းကျင်မှာ အန်ကယ်လ်က ဝမ်းမြောက်ဂုဏ်ယူစွာ ကိုယ်တိုင် စီစဉ်ပေးခဲ့တဲ့ အထိမ်းအမှတ်မိတ်ဆွေတွေကို ဒင်နာဖိတ်ကျွေးပြီး ဧည့်ခံခဲ့တယ်၊ အဲဒါတွေကို ပြောပြချင်လို့ပါ၊ ပြီးတော့ သမီးဒက်ဒီကိစ္စတွေကို သူ သိသင့်တာလည်းရှိလို့ ပြောချင်တာ၊ ခုတော့ သမီးကပဲ ပြောပြလိုက်ပါ၊ သူ သမီးကိုယ်စား ဒီကို လာမှဖြစ်မယ်"

ဦးရာဇမာန် က ဒက်ဒီပြဿနာအချို့ကိုပါ ပြောပြခဲ့သည်။ ကိုယ်တိုင်မှားယွင်းခဲ့တာမို့ တရားခံအစစ်ကို ဖော်ထုတ်နိုင်ပေမယ့် ပစ္စည်းတွေနဲ့ စီးပွားရေးလုပ်ငန်းအားလုံးကို ပြန်လည်ခံစားခွင့်ရဖို့က မဖြစ်နိုင်သလောက်ရှိသည့် အခြေအနေကို သိလိုက်ရ၏။

"အားမငယ်နဲ့ သမီး .. ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အရည်အချင်းနဲ့ ဖွဲ့ရှိဖို့ပဲ လိုတာ၊ စည်းစိမ်ဥစ္စာတွေ ဆုပ်ကိုင်ထားနိုင်ဖို့ထက် စည်းစိမ်ရှာနာတွေဖြစ်လာအောင် လူက ဖန်တီးခဲ့ဘယ်ဆိုတာကို မှတ်ထား .. မရှိတာကို ရှိအောင်လုပ်နိုင်ရမယ်၊ သမီးမှာ ပညာတွေကတ်ထားပြီးသား .. ဘာမှအားမငယ်နဲ့၊ မိဘအမွေဆိုတာကို လူတိုင်းတော့ သိမ်းအညီးခွင့် ရချင်တာပေါ့၊ ဖြစ်လာခဲ့တာကလည်း ကြိုတင်ကာကွယ်ထားလို့ရတဲ့ နည်းပညာတစ်ခုမှ မဟုတ်ဘဲ"





ဦးရာဇမာန် ရဲ့စကားသံတွေလည်း တစ်ခါထက်တစ်ခါ ပြောင်းလဲ နူးညံ့လာခဲ့သလိုပင်။ ထိပ်ထား ပုံစံလေးကိုကြည့်၍ သဘောကျကျေနပ်သောအပြုံးတွေနှင့် ...

"သမီးတို့ အိမ်ထောင်ရေး အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ် အန်ကယ်လ်"

"သားဘက်က ချို့ယွင်းချက်ရှိမှာကို အန်ကယ်လ် သိတယ်၊ အနိုက်အတန့်ပဲ ဖြစ်မှာပါ၊ သမီး နားလည်ပေးလိုက်ပါ၊ ဘာဖြစ်လို့ အန်ကယ် ပြောရဲတာလဲဆိုတော့ သမီးတို့ အိမ်ထောင်ရေးကို မိဘတွေ စီစဉ်ဖို့ ကြိုးစားခဲ့ပေမယ့် တကယ်ဖြစ်လာတာက ဘယ်သူ့စီရင်ချက်မှ မပါဘဲ သူ့သဘောအတိုင်း ဖြစ်သွားခဲ့တာ၊ သူ့ရာဇဝင် ဆိုတဲ့ ကလေးက ဘယ်သူ့အမိန့်ကိုမှ မနာခံတတ်လို့ ဒီနာမည်က သူ့အတွက်ဖြစ်လာတယ်လို့တောင် ပြောလို့ရတယ်၊ သမီးကို သူ့ဆုံးဖြတ်ချက်နဲ့သူ လက်ထပ်ခဲ့တာ"

ထိပ်ထား ကြည်နူးဝမ်းမြောက်ခြင်း မဖြစ်ခဲ့တာတော့ သေချာပါသည်။ ဒါကို ယုံလည်းယုံပေမယ့် လက်ထပ်ခဲ့တဲ့ သူ့ရည်ရွယ်ချက်ကို ကိုယ် နားလည်ခဲ့တာ ဒီလိုမဟုတ် ..။

အားလုံးပြောဆိုပြီး မှတ်စရာတွေကို ဗိုင်ထဲမှာ စုထည့်သိမ်းကာ ကွန်ပျူတာရှေ့ကနေ ထလာခဲ့သည်။ နာရီကြည့်လိုက်တော့ ဆယ့်နှစ်နာရီ ခွဲနေပြီ။

ကိုသု မရှိတော့ပေ..၊ တီဗီပိတ်ထားခဲ့ပြီး အောက်စက်က ပွင့်နေ၏။ ထိပ်ထား ကော်ဖီလက်ကျန် အေးစက်စက်ကို အကုန်မော့သောက်လိုက်ကာ တီဗီပြန်ဖွင့်၍ ခွေးခြေပုလေးနဲ့ နောက်ဆုတ် နေရာယူ၏။

ခဏတစ်ဖြုတ် စိတ်အပန်းဖြေထိုင်ကြည့်ပြီး အိပ်ရာဝင်မည်။ ဆိုဖာပေါ်ကနေကြည့်လျှင် တီဗီနဲ့ကပ်နေတာမို့ ခွေးခြေခုံပေါ်မှာ အကျအနထိုင်ချလိုက်ပြီးမှ ခပ်လှမ်းလှမ်းကနေ ကြည့်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဖားလျားနှင့် ခေါင်းပြတ်ကြီးက လည်ပင်းကနေ တွဲလွဲ
ကျနေတာ ဘာကြီးမှန်းမသိဘဲ မျက်လုံးအပြူးသားနဲ့ဖြစ်ကာ ...

"အမလေး .."

"ဒုန်း .."

ခုံရောလူရော ပက်ခနဲ လန်ကျ၏။ ထတော့ပြေးလိုက်တာပဲဖြစ်
ထလိုက်ရင်း ဘယ်လိုဖြစ်ပျက်ကုန်သည်မသိဘဲ ထိပ်ထား ကြမ်းပေါ်
ခုံနဲ့ ရောလဲလေသည်။

"အား .. သေပါပြီ"

"ဘာဖြစ်တာလဲ"

ကိုသု ဘယ်ကနေ ထထွက်လာသည်မသိ၊ လက်ထဲမှာ မီးခိုးလွှ
နေသည့်စီးကရက်နှင့် ..၊

ထိပ်ထား ပက်လက်ကနေ ထထိုင်ဖို့ကြိုးစားရင်း ခါးမျက်
သဖြင့် မအောင်မြင် ..။

"နာလိုက်တာ .. ရှင့် .. ရှင့်ဟာကြီးကို အရင်လုပ်လိုက်စမ်းပါ"

"ဘာရယ် .."

ထိပ်ထား ကိုယ့်ဟာကိုယ် အရင်းအဖျားမရှိပြောပြီးမှ လက်ညှိုးထိုး
ပြဖို့ သတိရကာ ...

"ဟိုမှာ .. ဟိုမှာ ..."

ထပ်ကြည့်လိုက်တော့လည်း ခေါင်းပြတ်ကြီးက လေမှာ ဝဲနေဆဲ
ထိပ်ထား မျက်နှာလွှဲပစ်မိကာ ...

"သွားပိတ်လိုက်ပါဆို .."

ကိုသု လှည့်ကြည့်လိုက်ပြီး သွားတွေပေါ်အောင် ပြုံးသည်။

"ဘာဖြစ်လို့လဲ .. ထိုင်း စုန်းကားလေ၊ တမင်ကြောက်အောင်လုပ်
နေတာကို ကြောက်ရလား"

"ပြုန်းခနဲကြီး ထွက်လာတာကိုး၊ ရှင် မကြီးမငယ်နဲ့ သရဲတွေ



စုန်းတွေ ထိုင်ကြည့်နေရသလား"

အနားမှာ ခြေဖျားထောက်ထိုင်လိုက်ပြီး ကိုသု မျက်နှာက မချို
မချဉ် ..၊ ထိပ်ထား မချိမဆန့်ရှုံ့မဲ့၍ ငုတ်တုတ်လေးထိုင်လိုက်တာကို
ကြည့်နေကာ ...

"ဗီဒီယိုကြည့်တာ လက်ထဲမှာ ရီမုကိုင်ထားပေါ့ကွ၊ ပြီးတော့ သူ
များကြည့်ထားတာကို ဘာမှန်းမသိဘဲ ထိုင်ကြည့်တာ မင်းပဲ၊ တော်သေး
တယ် စုန်းကားမို့လို့ .. မဟုတ်မဟပ်တွေ .."

"ကိုသုရာဇဝင် .."

"ဘာလဲ .."

"ရှင် အဲဒါကို သွားပိတ်လိုက်ရင် ပြီးတာပဲ၊ ဘာမဟုတ်တာတွေ
ပြောနေတာလဲ"

"မင်း အလုပ်မဟုတ်တာကို ပြောပြတာ"

သူက ထသွားပြီး တီဗီနဲ့အောက်စက်ကိုပါ ပိတ်ပစ်လိုက်၏။ ပြီး
တော့ ရယ်ချင်နေသည့်မျက်နှာနှင့် ...

"သရဲ ဒီလောက်ကြောက်ရသလား .. မထင်ရဘူး"

"ဘာမထင်တာလဲ၊ အချိန်မတော်ကြီး ပြူးပြဲပေါ်လာတာ"

ပြောလိုက်မှ သူက ရယ်ပြီး လှည့်ထွက်သွား၏။

"ဒီမှာ .."

ထိပ်ထား ဒီတိုင်းဖြစ်နေတာကို တစ်ချက်မှ ပြန်ငဲ့ကြည့်ဖော်မရ။

"ထိပ်ထား ထလို့မရဘူး၊ နည်းနည်း ထူပေး"

သူ ပြန်လှည့်လာကာမှ ဦးရာဇမောန် နဲ့စကားပြောခါနီးမှ ထပ်ဝတ်
ထားခဲ့သည့် အပေါ်ထပ်အင်္ကျီရင်ဘတ်ကို သေချာပြန်ဆွဲကပ်လိုက်ကာ...

"တန်းမလွှတ်လိုက်နဲ့နော် .. နည်းနည်း လျှောက်ကြည့်ရဦးမှာ"

လျှောက်ဖို့နေနေသာသာ မတ်တတ်ရပ်လိုက်တာနှင့် ကျောထဲမှာ
စုးခနဲ ..။

www.burmeseclassic.com

www.burmeseclassic.com



"အား!..."

ထိပ်ထား ညွတ်ကျသွားသည်နှင့် သူက ဆွဲထိန်းလိုက်သောကြောင့် ရင်ဘတ်ချင်း ထိကပ်သွား၏။ သူက ငုံ့ကြည့် .. ကိုယ်က မော့ကြည့် တိုက်ဆိုင်သွားစဉ်မှာ ခဏတော့ တိတ်ကျသွားခဲ့သည်။

"ဘယ်ကိုပို့ပေးရမလဲ ပြော"

"ထိပ်ထား အခန်းကိုပေါ့၊ ဘယ်သွားရမှာလဲ"

"မသိဘူး၊ ကိုယ့်အခန်းကိုများ စိတ်ဝင်စားသွားတာလားလို့"

"ဟွန်း .. ဝင်စားစရာအကြောင်းကို မရှိဘူး"

ထိပ်ထား နှုတ်ခမ်းပါးလေးတွေတွန့်ကျသွားကာ မျက်စောင်းထိုးပစ်လိုက်တော့ သူက စိုက်ကြည့်ပြီး တော်တော်နှင့်မျက်နှာမလွှဲ ..။ ပြီးမှ ထိပ်ထား တစ်ကိုယ်လုံးကို အသာလေး ပွေ့ယူလိုက်၏။

"ဟင့်အင်း .. တွဲလျှောက်ပေးရင် ရပြီ၊ ပြန်ချပေးပါ"

"အဲဒါမျိုးကို စိတ်မရှည်လို့၊ ငြိမ်ငြိမ်နေ"

ထိပ်ထား အခန်းထဲထိ သူပွေ့လာကာ ခုတင်ပေါ်မှာ ချပေးလိုက်ပြီးမှ ...

"ဒီတစ်ခါ မေးလ်ပို့ဖို့ရှိရင် ညီ့ကိုတွေ့ရင် ဒီကိုလာဖြစ်အောင် လာခေါ်ဖို့ .."

"ဟင်!... တကယ်တွေ့တော့မှာလား"

"ဟုတ်တယ် .. ဒါပေမယ့် သေချာနီးစပ်ဖို့တော့ မလွယ်သေးဘူး၊ ဒီတစ်သက် ညီလေးကို ပြန်မတွေ့တော့ဘူးဆိုရင်လည်း သူနဲ့ကိုယ် ဘယ်တော့မှ အဆင်ပြေဖို့ မရှိတော့ဘူးဆိုတာ သူ သိပါတယ်"

ဒါ ဖအေကို ပြောတဲ့စကားလား ..၊

"မင်းအတွက် မင်္ဂလာလက်ဖွဲ့ပို့လိုက်တာ ရှိတယ်၊ မပြောဘူးလား"

"ဟင့်အင်း .."

သူ ထွက်သွားပြီး သိပ်မကြာလိုက်ဘဲ ပြန်ဝင်လာသည်။





နှစ်လက်မ ထုလောက်နှင့် ခြောက်လက်မပတ်လည်လောက်ရှိသော အပြာရောင်ဘူးလေးတစ်ဘူးကို ကိုင်လာကာ ...

"မလိုချင်ရင် နောက်ဖေးလမ်းကြားထဲရောက်အောင် သွားလွှင့်ပစ်လိုက် .. ဒါအတွက် ပြဿနာရှာရင် မင်းနဲ့ကိုယ် သိပ်မလွယ်ဘူး"

သူချည်းပဲပြော၍ ဒီတိုင်းချပေးခဲ့ပြီး ပြန်ထွက်သွားသည်။

ရတနာပစ္စည်းတစ်ခုခုမှန်း သိလိုက်သဖြင့် ထိပ်ထား ကလည်း ဖွင့်တောင်မကြည့်မိပါ။ ဒီတိုင်းကောက်ယူကာ လက်လှမ်းမီသည့် အံဆွဲတစ်ခုထဲ ထည့်ပိတ်ထားလိုက်သည်။

လှုပ်လိုက်တာနဲ့တောင် ခါးထဲက နာသွားတာ စူးခနဲ ..၊

ဒီပုံစံနဲ့ဆို မနက်ဖြန် ဒေါ်ကြင်ကြင် နဲ့ ပြောထားတာရှိသည်။ ဘယ်လိုလုပ်မလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၄၉ ]

"ခင်ဗျားကို အားကိုးနေတာ မဟုတ်ဘူး ဒေါ်ကြင်၊ နိုင်းထားတာ နိုင်းတာမှန်း အားကိုးတာမှန်း မသိလောက်အောင် မာန်တွေတက်မနေနဲ့"

"မင်းတို့နဲ့ငါ အတူတူပဲ မြသောင်း၊ ငါ့ကို ပြုံးပြဲပြောက်မနေနဲ့၊ ဒီအရွယ် သူ့သဘောနဲ့သူ ဆုံးဖြတ်တတ်နေပြီ၊ ဘယ့်နှယ် ပြောဆိုမကောင်းတိုင်း ငါ့ကိုချည်း ဥပါဒ်နေရတာလဲ"

"ဒါကတော့ ခင်ဗျားနဲ့ကျတော့ ကောင်လေးက ချောနေတာပဲလေ၊ မိုင်း ကို ခင်ဗျား ကောင်းကောင်းစည်းရုံးထားတယ်ဆိုတာ သူ့မွေးကလည်း သိတယ်"

ပြောနေသမျှကို ထိပ်ထား ကြားနေရသည်။ ဒီနေ့ ဒီနေရာမှာ တွေ့ဖြစ်ဖို့ရှိတာကို ဒေါ်ကြင်ကြင် က သတင်းပေးထားသဖြင့် အနက်ရောင်မှန်အလုံပိတ်ကားနှင့် လာစောင့်နေခဲ့သည်။

သူတို့နှစ်ဦးဆုံကာမှ နောက်မှန်ကို အသာလေးချလိုက်ပြီး အသံတွေဝင်လာအောင် မသိမသာ လုပ်ထားလိုက်၏။

မိုင်း က ဒေါ်ကြင်ကြင့် ဘေးကနေ အခြေအနေအရ ထွက်ပြေးသင့်ရင်ပြေးဖို့ ကုတ်ချောင်းချောင်းနှင့် ပြင်ဆင်နေ၏။





မြင်ကွင်းထဲမှာ ထိပ်ထား ကို ဝိုင်းဆွဲခဲ့ဖူးသည့် လူကြီးနှင့် လူငယ်တစ်ယောက်အပြင် တခြားလူလတ်ပိုင်းတစ်ယောက်က ကားကိုမှီ၍ ဘာမှမပြောဘဲ လက်ပိုက်ကြည့်နေ၏။

ဘာအတွက်နဲ့ မိုင်း ကို ခေါ်လာဖို့ချိန်းမှန်း ဒေါ်ကြင်ကြင် ကိုယ်တိုင်လည်း မသိပေ။ ထိပ်ထား ကိုတော့ မိုင်း ထွက်ပြေးတာနှင့် နောက်ကနေလိုက်ကာ မိုင်း ကို တင်ခေါ်သွားဖို့ ပြောပြထားခဲ့သည်။

"မင်းကို နှိပ်စက်ကြမှာ၊ သူတို့ ဘယ်လိုခေါ်ခေါ် မလိုက်နဲ့၊ မင်းရဲ့မမနဲ့ ဘယ်တော့မှမတွေ့ရအောင် သူတို့က လုပ်နေတာ"

လို့ ထိပ်ထား ရှေ့မှာပဲ ဒေါ်ကြင်ကြင် မှာနေတာပါ။ ကိုမြသောင်းဆိုသည့်လူကြီးက စိတ်တိုနေပြီဖြစ်သည့်မျက်နှာကြီးနှင့် ...

"ဒီကလေးမှာ အန္တရာယ်ရှိနေလို့ သူ့အမေက လုံခြုံအောင် ရွှေ့ပြောင်း စီစဉ်နေရတာ၊ ကျုပ်တို့ ခင်ဗျားတို့က နိုင်းတဲ့အတိုင်း လုပ်ရုံပဲ၊ သူများသားသမီးကို ခင်ဗျား ဒီလိုစည်းရုံးထားတာ မကောင်းပါဘူး၊ ကောင်လေးကလည်း ဒင်းပြည့်ကျပ်ပြည့်ကလေး မဟုတ်ဘူး"

"အဲဒီ ဒင်းပြည့်ကျပ်ပြည့် မဟုတ်တာလေးကို ဘယ်လိုလူက အန္တရာယ်ပေးမှာလဲ မြသောင်း၊ ကိုယ် ကောင်းတာလုပ်နေရင် နေရာတကာ သက်တော်စောင့်တွေနဲ့ ချီတက်သွားလာနေဖို့ မလိုဘူး၊ မချစ်ရင် ပစ်မှာပဲ၊ မပစ်စေချင်ရင် ချစ်အောင်နေရုံပဲ၊ ငါတော့ ကလေးမှာ အန္တရာယ်ရှိမယ် မထင်ပါဘူး၊ မအေက သားသမီးကို တူတူခေါ်မထားနိုင်ဘဲ ဒီလိုပြေးလွှားခိုင်းနေတာ နားကိုမလည်ဘူး၊ သူ့မှာ မလုံခြုံတာ တစ်ခုခုရှိလို့လားမှ မသိတာ"

"ဒေါ်ကြင် ... ခင်ဗျား ဒီလိုပြောရဲတဲ့အထိ ဖြစ်နေပြီပေါ့"

ဒေါ်ကြင်ကြင် က ချိုင်းကြားထဲညှပ်ထားသည့်ပိုက်ဆံအိတ်ကို ခပ်တင်းတင်း ပြန်ထည့်ညှပ်ကာ ...

"အေး... ပြောကြည့်တာလေ၊ သူ့မွေးကလည်း ငါ့ကို မဖြစ်သုံး



www.burmeseclassic.com

www.burmeseclassic.com



သုံးနေတာ၊ ငါကလည်း ငါ ရထားတဲ့နေရာ ပျောက်မသွားအောင်တော့ ကြိုးစားရမှာပေါ့၊ ဒီမှာ .. မိုင်း ကို ငါ့ဆီကနေခေါ်ထုတ်သွားဖို့ စိတ်မကူးနဲ့၊ ငါက ဒီရာထူးပြုတ်ပြီး သူများအိမ်မှာ ကြမ်းတိုက် အဝတ်လျှော် ပြန်လုပ်ရလည်း ပြဿနာမရှိဘူး၊ သူ့ဒွေး ဘုံပျောက်သွားရင် ဘာဖြစ်သွားမယ် ထင်လဲ"

"ကြည့်စမ်း .. ခင်ဗျား ..."

"ထပ်သိတာတွေ ရှိသေးတယ် မြသောင်း၊ ဒီမှာ နင်တို့က ပါးစပ်ပိတ်ထားနိုင်လောက်အောင် ရထားလို့ ပိတ်နိုင်ပေမယ့် မယ်ကြွင် က အစတည်းက အိမ်ဖော်၊ အမြဲတမ်းပဲ ဒီတိုင်းနေလာခဲ့ရတာ၊ အခု မရှိတော့ဘူး .. ရတနာထုပ်ကို ချေးထုပ်လို့ပြောပြီး ငါ့ကို ယင်ခြောက်နိုင်ခဲ့တာ ဘယ်လောက်ကြာပြီလဲ၊ ငါ့ပါးစပ်ကို ပိတ်စေချင်ရင် စိတ်ပေးချင်လောက်အောင် ရမှဖြစ်မယ်၊ မဟုတ်ရင် ဒီကောင်လေး ဒေါ်သူဇာလင်းရဲ့သား မဟုတ်ဘူးဆိုတာရော .. လစဉ် မုန့်ဖိုးငွေထုတ်ဖို့ ရှေ့နေရှေ့မှာ ရှောရှောလျှူလျှူလက်မှတ်ထိုးအောင် ရိုက်နှက်နှိပ်စက်တာက အစ .."

"ခင်ဗျားပါးစပ်ကို ပိတ် .."

ကိုမြသောင်း က ဒေါ်ကြွင်ကြွင့် ရှေ့ထိ တိုးသွားပြီး လက်ရွယ်သည်။ ဒေါ်ကြွင်ကြွင် ကသာမကဘဲ မိုင်း ပါ မျက်လုံးပြူးသွား၏။

ဆိတ်ငြိမ်ရပ်ကွက်တစ်ခုရဲ့ လမ်းသွယ်ထိပ်မှာဖြစ်ကာ တစ်ဖက်ခြမ်း ခပ်လှမ်းလှမ်းမှာ ဌာနဆိုင်ရာ အဆောက်အအုံကြီးတစ်ခု ရှိသည်။

ထိုရှေ့မှာ ကားတစ်စီးရပ်ထားတာရှိလျက် ဒီဘက်မှာ ထိပ်ထားရဲ့ကား ..၊ အခြေအနေတင်းမာလာသည်နှင့် မိုင်း ထွက်ပြေးဖို့ကြိုးစား၏။ စွတ်ရွတ်ထွက်ပြေးလျှင် နောက်က အသာလိုက်သွားရုံပဲဖြစ်ပေမယ့် မိုင်း က ထိပ်ထား ရဲ့ကားနောက်ကို ပြေးကပ်လာတာဖြစ်၏။ ထို့ကြောင့်...

"ဟား!... မားမ .. မားမ..."

ထိပ်ထား ဘာမှလုပ်ချိန်မရလိုက်ဘဲ မိုင်း က မြင်သွားကာ ခုန်ဆွ





ခုန်ဆွနှင့် အော်၏။ ပြီးတော့ မှန်ချထားသည့်ကြားထဲကို လက်ထည့်၍ ဖွင့်ပေးဖို့ အော်ပြောနေတာ အကျယ်ကြီး ..။

"ကြည့်စမ်း .. ဒီကောင်မလေးပဲ"

"ဒေါ်ကြွင် .. ခင်ဗျားက ဒါအားကိုးနဲ့ပေါ့ ဟုတ်လား"

အားလုံး မထင်တာတွေဖြစ်ကုန်လျက် မတတ်နိုင်သည့်အဆုံးမှာ မိုင်း ကို ကားထဲဝင်စေကာ ထိပ်ထား မောင်းပြေးရတော့သည်။

"ရပ်လိုက်စမ်း .."

ကားကို ဘက်ခ်ဆုတ်၍ လမ်းဖြောင့်ပြန်ယူနေတုန်း ကိုမြသောင်းတို့က တန်းစီ၍ ရှေ့ကပိတ်လိုက်ကြ၏။

လူတွေကို တိုးတိုက်ဖောက်ထွက်မသွားရဲသည်မို့ ကားကို ရပ်ပစ်လိုက်ရသည်။ သို့သော် သူတို့ လူစုခွဲ၍ ကားရဲ့တစ်ဖက်တစ်ချက်စီကို ရွေ့လျားလာကြသည်နှင့် ထိပ်ထား လီဗာကို ဖိနင်းပစ်လိုက်သည်။

"ဟာ!..."

"ကန်းမလေး .. လိုက်စမ်း"

လမ်းတွေက ကိုယ်နဲ့စိမ်းသက်နေပေမယ့် ကားမောင်းတာကိုတော့ ထိပ်ထား ကျွမ်းကျင်ပြီးသား။ နောက်ကကားကို မျက်ခြည်ဖြတ်ဖို့ ကြိုးစားရင်း ယာဉ်ကြောပိတ်ဆို့မှုတွေကြောင့် ထင်သလိုမမောင်းနိုင်။

ထိုစဉ် မျက်လုံးထဲမှာ ထင်ရှားသည့်ပုံရိပ်တစ်ခုကို မြင်လိုက်၏။ ပြိုင်ကားပုံစံ အနက်ရောင်ဂျစ်ကားလေးတစ်စီးနှင့် သုရာဇဝင် ...။

အားယာဉ်ကြောထဲကနေ သူ့မျက်လုံးတွေက ထိပ်ထား တို့နောက်ကို ရောက်နေသဖြင့် သူ ဘာလုပ်တော့မယ်ဆိုတာ သိလိုက်ကာ လိုက်ခနဲ ပျော်သွားသည်။

မိုင်း ကလည်း မျက်စိလျှင်၏။ ဟိုဘက်ကားပေါ်က ကိုသု ကို လှမ်းမြင်သွားကာ လက်ခုပ်ထတီးပြီး အသံထွက်အောင် ရယ်သည်။

"မား မ .. မောင်း .. မောင်း .. ဟိုမှာ .. ကို ကို ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေး .. တို့ ဒီကလွှတ်ပြီ"

ထင်တဲ့အတိုင်း ကိုသု ရဲ့ကား ကြားဖြတ်ဝင်လိုက်တာ မြင်ကာကားကို အေးဆေးမောင်းနှင် ရသွားခဲ့သည်။

ရှေ့ကားကိုကျော်တက်ဖို့ ကြိုးစားရင်း မအောင်မြင်နိုင်သဖြင့် ခေါက်လာတော့ မောင်းနေသည့် အောင်စည် က သတိထားမိသွားကာ—

"မြသောင်း ဟိုကား ငါတို့ကို တမင်လိုက်ပိတ်နေတာကွ၊ ဒီကောင် ဘာကောင်လဲ"

"ဟုတ်တယ် .. မိုင်း လည်း ပါသွားပြီ၊ ဒီကောင် ငါတို့ကိုသိလို့ တမင်လိုက်ပိတ်တာ၊ ဟိုကောင်မလေးနဲ့ပတ်သက်တဲ့ တစ်ယောက်ယောက်ဖြစ် .."

ရှေ့ကားက ဖယ်လိုက်သလိုလိုနှင့် ခေါင်းနဲ့ဖြတ်ခံပစ်လိုက်ရာ အောင်စည် အသေအလဲ ရှောင်ပစ်လိုက်ရ၏။

ကားချင်းလွတ်သွားကာ လှမ်းဆားကသစ်ပင်ကြီးနှင့် ခြောက်လက်မအကွာလောက်မှာ သူတို့ကား ထိုးရပ်သွားလေသည်။ ကိုမြသောင်း ဆေးခြောက်ကြောင် ဖြစ်သွား၏။

"သူပဲ ဟုတ်တယ်"

ဒေါသမောဟတွေနှင့် ကားပေါ်ကဆင်းဖို့လုပ်နေသည့် အောင်စည့်လက်ကို ခပ်ဖိဖိဆွဲထားလိုက်ရင်း ...

"ပြီးခဲ့တဲ့ ဖရိုက်ဒေးက သူဌေးကို လာပြီး ကြိမ်းမောင်းသွားတာ သူပဲ"

"ဘာ!..."

အောင်စည် လှုပ်ရှားမှုတွေ ရပ်တန့်ကုန်၏။ လမ်းပေါ်မှာ ဒီတိုင်း ရပ်ထားကာ ဆင်းချင်တဲ့ကောင် ဆင်းလာခဲ့လို့ စိန်ခေါ်နေတာမျိုး ..။

ပန်းတစ်ဖက်ပေါ်မှာ အဖြူအနီစင်း လက်တစ်ဝါးလောက်ပဲပါသည့် ရှပ်အင်္ကျီလက်ရှည်အနက်၊ မျက်မှန်အနက်နှင့် ..။





စတီယာရင်မှာ လက်တစ်ဖက်ဆန့်တင်ထားကာ သူတို့ လှမ်းကြည့်လိုက်မှ မျက်မှန်တောင် ချွတ်လိုက်သေးသည်။

"ကား ဘာဖြစ်သွားသေးလဲ အောင်စည်၊ မဖြစ်ရင် ပြန်ဆုတ်"

"ဒီကောင် လူပါးဝတာကွ၊ သူဌေးဆီမှာ စွာကျယ်စွာကျယ် လာလုပ်ကတည်းက ငါ ကြည့်မရတာ"

"အေးလေ .. ဘာပြဿနာတွေရှိသလဲ ငါတို့မှမသိတာ၊ သူဌေးက ဒီလူကို လုံးဝအမြင်မခံနဲ့လို့ မှာထားတာ မေ့လို့မရဘူး၊ အခု ရှောင်ထွက်သွားပြီးမှ လုပ်သင့်တာ လုပ်ရအောင်"

ဘယ်သူ ဘယ်လိုထင်ထင် သူတို့ပဲ မောင်းပြေးလာခဲ့ရသည်။ ဒီကောင် ဟိုကောင်မလေးနဲ့ တစ်ခုခုပတ်သက်နေတာ သေချာသည်။

သူဌေး အထိမခံနိုင်ဖြစ်နေသည့် မိုင်း ကို ဟိုကောင်မလေးက ထိဖို့ကြိုးစားနေလျက် ဒီကောင်က ကောင်မလေးကို ကာကွယ်မယ့်သူ ..။

ထို့ပြင် သူဌေးကိုယ်တိုင်ကလည်း ဒီကောင့်ကို ဂရုစိုက်နေပုံရှိကာ—

"အောင်စည် ဘယ်ဘက်ကို ချိုးဝင်လိုက်၊ ငါတို့ ကားချိန်းပြီး ပြန်လှည့်မယ်"

"ပြန်လိုက်မလို့လား .."

"ဟုတ်တယ်၊ ဘာတွေပတ်သက်နေကြမှန်း မသိတာကို သိရမှ ဖြစ်မှာ"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း | ၅၀ |

"တောက် .."

ရင်ဘတ်နဲ့ဒေါသက မဆုံတော့တဲ့ တစ်ယောက်တည်း တက်ခေါက်မိ၏။ ဟိုလူတွေကို တားဆီးထားခဲ့ပြီးမှ သူ လိုက်လာတော့ ကားကိုပဲ တွေ့သည်၊ လူတွေကို မတွေ့ ...။

ရှာနေတုန်း ဖုန်းလာသဖြင့် နားထောင်လိုက်တော့ သူမက အိမ်ပြန်ရောက်နေပြီ။ ကားကိုထားခဲ့ပြီး လူချည်းပဲ ဆင်းပြေးကာ ကိုယ်ယောင်ဖျောက်ရတဲ့အဖြစ်။

တစ်လမ်းလုံး ဖြစ်လာခဲ့သည့်ဒေါသက ပေါ်တီကိုအောက်မှာ ကားရပ်လိုက်တာတောင် ကားက ကျွမ်းပစ်တော့မလို ဖင်ထောင်လုလု။

"မင်း တော်တယ် .. အဲဒီလို ဟီးရိုးလုပ်ပေါ့၊ ခြေကျင်တစ်လှည့်၊ ကုန်းကြောင်းတစ်လှည့် ပြေးနိုင်တာပဲ"

"ကိုသု .. ကိုသု .. ဘာလုပ်တာလဲ"

"မင်း .. ဖယ်စမ်း"

"မားမာ .. မားမ .. လိုက်ဘူး .. ကိုကိုကြီး .."

"ရှင် အဲဒီလို မလုပ်နဲ့နော်"





ကိုသု က မိုင်း လက်ကို ပေါ်တီကိုအောက်ရောက်အောင် ဆွဲချသွား၏။ မိုင်း က အတင်းပြန်ရုန်း၊ ထိပ်ထား က ဆွဲနှင့် အခြေအနေက ဝရုန်းသုန်းကား ဖြစ်ကုန်၏။

"ထိပ်ထား .. မင်း .. မင်း ငါ့စိတ်ကို မဆွနဲ့နော်၊ လွှတ်လိုက် .. ခု .."

"မလွှတ်ဘူး၊ မိုင်း ကို သူတို့ရိုက်ထားကြတာ ကျောမှာ ဒဏ်ရာတွေချည်းပဲ၊ သူတို့မိသားစုထဲမှာ ရှုပ်ထွေးမှုတစ်ခုခု ရှိတယ်၊ မိုင်း က သူတို့ရဲ့သားလည်း မဟုတ်ဘူး၊ သူ့ခမျာ အားကိုးမဲ့နေရှာတာပါ၊ ရှင် သူ့ကို လွှတ်လိုက်ပါ"

ထိပ်ထား တရစပ် ရှင်းပြနေရင်း မိုင်း ကို အတင်းပြန်ဆွဲထားသည်။

"တောက် .."

ပြန်လွှတ်ပေးလိုက်ပြီး မျက်မှန်ကိုဆွဲချွတ်၍ နံရံနဲ့ကိုင်ပေါက်ပစ်လိုက်မိသည်။ ဒေါသက အဲဒီမိန်းကလေးကို စိတ်ရှိလက်ရှိ ကိုင်ပေါက်ပစ်ချင်တာ ဖြစ်သည်။

"မင်း ကြောက်တတ်တဲ့မိန်းမ မဟုတ်ဘူး ထိပ်ထား၊ အခု မမှန်ကန်တာလုပ်ခဲ့လို့ ခွေးပြေးပြေးခဲ့ရတယ်၊ ဒီမှာ ..."

သူ့မျက်နှာကို ရှေ့တိုး၍ လက်ညှိုးနဲ့ပြန်ထိုးပြရင်း ...

"သုရာဇဝင် ဆိုတဲ့ကောင်ကလည်း သူများ သေးသေးတင်မခံချင်လို့ ပြောစရာမဖြစ်ရအောင် တစ်သက်လုံး နေလာခဲ့တာ၊ မင်းပြတဲ့ သနားကရုဏာတွေနဲ့ လူတစ်ယောက်ရဲ့ဘဝတစ်ခုကို ကယ်တင်ချင်လို့မရဘူး၊ သူ့မှာ မိသားစုရှိတယ်၊ သူ့မိသားစုထဲမှာ သူ့ပြဿနာနဲ့သူ"

ထိပ်ထား က မိုင်း ရဲ့ရှေ့ကနေ တားဆီး၍ လက်နှစ်ဖက်ကာတောင်းပန်၏။

"ဟုတ်ပါတယ် .. အဲဒီပြဿနာတွေကို မသိဘူး၊ ဒါပေမယ့် ..."

"ဒါပေမမယ့်နဲ့ .. အမိပွာယ်မရှိတာတွေကို သနားတာတာန့်တည်း



www.burmeseclassic.com

နဲ့ ထုပ်ပိုးပြီး ရင်ဆိုင်ဖို့ ဥပဒေမှာ ပြဋ္ဌာန်းချက်မရှိဘူး၊ ဒီကောင်လေး ကြောင့် တစ်မှုမပြီးသေးဘဲ နောက်တစ်မှု ဖြစ်ရတော့မယ်၊ လာစမ်း..."

"အား!... ကို ကိုကြီး"

မားမ လို့ ခေါ်သံတွေပါ ငိုသံနှင့်ရောထွေး ဆူညံသွား၏။ ကိုကိုကြီး လို့ခေါ်လိုက်တိုင်း ခေါ်သံကြောင့် လှုပ်ခတ်ရခြင်းသည် ဘာဖြစ်လို့ ဒီလိုပဲ ခေါ်နေတာလဲဆိုသည့်ဒေါသနှင့် ပူးတွဲဖြစ်ချင်၏။

ရှန်းကန်နေသည့်ကောင်လေးကို ခြံပြင်ထိ ဆွဲထုတ်ပစ်လိုက်၍ တံခါးပိတ်နိုင်းသည်။ ပြီးတော့ ပေါ်တီကိုအောက်မှာ မျက်ရည်တွေ ကျနေသည့် ထိပ်ထား ရှေ့မှာ ပြန်ရပ်၍ ...

"မင်း ဒုက္ခရောက်မှာစိုးရိမ်လို့ ငါ တားနေတာ၊ မင်းအတွက်ဆိုတာ နားလည် .."

ခြေလှမ်းကျဲများနှင့် သူ အထဲဝင်သွားသည်။ အဆက်မပြတ် မျက်ရည်ကျခြင်းကို ကိုယ်နဲ့ သွေးသားမတော်စပ်သည့် ကောင်လေး တစ်ယောက်အတွက် ဖြစ်ရသည်မို့ မထင်မှတ်ဘဲဖြစ်မိခဲ့သည့် သံယောဇဉ်ကို ထိပ်ထား ကိုယ့်ဘာသာ နားလည်သွားမိ၏။

ဒါပေမယ့် ထိပ်ထား ကို ခွင့်လွှတ်ပါ မောင်လေးရယ် ...၊

အံကြိတ်ထားမိရင်း စိတ်ထဲမှာ တောင်းပန်သံတွေ ဖြစ်ပေါ်နေ၏။ သူပြောတာတွေလည်း တစ်ခုမှ မမှားသည်မို့ ဒီနေရာမှာပဲရပ်ကျန်ခဲ့ရပေမယ့် ရတ်တရက် ကျောခိုင်း လှည့်ဝင်မသွားနိုင် ...။

အပြင်ကနေ တံခါးထုပြီး ခေါ်နေပြီလား၊ ဒါမှမဟုတ် ငိုနေရှာသလား။

ခေါ်ကြင်ကြင် အိမ်ပြန်မရောက်သေးတာ သေချာသည်။ ခြံတံခါးလည်းဖွင့်မှာ မဟုတ်ပေ။

ထိပ်ထား စိတ်ထိန်းလို့မရနိုင်တော့ဘဲ ခြံတံခါးဆီ တအား ပြေးသွားမိ၏။





ဆံပင်တွေ လွင့်ခါနေအောင်ပြေးရင်း မျက်ရည်တွေ ပွတ်ဆွဲသုတ်ပစ်၏။ ခြံစောင့်က ထိပ်ထား ပြေးလာတာမြင်သည်နှင့် ကပျာကယာ ထ, ထွက်လာသည်။

ဒါပေမယ့် ဘာမှမပြောဘဲ ကြည့်နေ၏။

"သူရော - ဟိုကောင်လေးလေ .."

သံချပ်အထူကြီးတွေ တစ်ရပ်စာလောက် ပိတ်ထားလျက် အပေါ်ရစ်ကျမှ သံပန်းအလှတွေနဲ့ ကပ်ထားတာဖြစ်သည်။ ထို့ကြောင့် ...

ထိပ်ထား ကျော်ခွတက်တော့မလိုလို၊ ခုန်ပျံကျော်လွှားတော့မလိုနှင့် အထဲကနေ ယောက်ယက်ခတ်ရင်း မေးလိုက်မိသည်။

"ခုလေးတင်ပဲ ကားတစ်စီး ဒီရှေ့မှာရပ်သွားတယ် သမီး၊ ကောင်လေးကို အတင်းဆွဲခေါ်သွားကြတယ် ထင်တယ်"

"ဟင်!..."

မိုင်း ရယ် ...

ထိပ်ထား မျက်ရည်တွေ ပြည့်တက်လာ၏။ ချက်ချင်း ပိုးပိုးပေါက်ပေါက်ကျကာ ...

ငါတို့မဆုံခဲ့ကြရင် အကောင်းသား မောင်လေးရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ ၅၁ ]

အမြဲတမ်း ညဘက်ဆို ကွန်ပျူတာရှေ့မှာ မြင်နေကျမို့ မမြင်ရတော့ လိုက်ရှာမိသည်။

"ဒေါ်ထွား .. ထိပ်ထား အပြင်ထွက်မလာဘူးလား"

"အေး .. လူလေး၊ ခေါင်းကိုက်လို့တဲ့၊ ဆေးသောက်မလို့ဆိုပြီး ခုနကတော့ နို့နဲ့မုန့်တစ်ခု ယူခဲ့ပေးပါပြောလို့ ပို့လိုက်ရတယ်၊ နေမကောင်းဘူးထင်တယ်၊ မျက်နှာလေး နီရဲနေတာပဲ"

သူ စီးကရက်ရှိုက်လိုက်ရင်း အခန်းဆီကို လှည့်ထွက်လာခဲ့သည်။ ရှေ့ရောက်တော့ တံခါးခပ်ဟဟပွင့်နေသဖြင့် အထဲမှာ သူမ မရှိဘူးဆိုတာ သိလိုက်၏။ သူမရှိနေချိန်ဆို အထဲကနေ တံခါးပိတ်ထားတာကို သတိထားမိနေသည်။

ဝရန်တာဘက်ကို ထွက်လိုက်ခဲ့လျှင် အပြာရောင် မီးသုံးပွင့်၏အောက်မှာ ကျောပေးရပ်နေသည့် ထိပ်ထား က ညဝတ်အင်္ကျီပွပွ၊ ဘောင်းဘီရှည်ပွပွ အဖြူရောင်နှင့်..။

မီးရောင်နှင့်ဆိုတော့ သူမတစ်ကိုယ်လုံးကလည်း ပြာလဲ့လဲ့ဝတ်စုံဝတ်ထားသလိုရှိကာ ဆံပင်ရွှေရောင်တို့က ခိုပြာရောင် သမ်း၏။





"မင်း ကိုယ့်ကို စိတ်ဆိုးနေတာလား"

နှုတ်မဆက်ဘဲ ပြောလိုက်သဖြင့် ထိပ်ထား ဖျတ်ခနဲ လှည့်ကြည့်သည်။ မျက်နှာလေးနီနေပေမယ့် မျက်ရည်စတို့ ရှိမနေပါ ..။

သူ့ကိုမြင်မှ ရှေ့ပြန်လှည့်သွားကာ ...

"မဟုတ်ပါဘူး .. ထိပ်ထား က မှန်တယ်ထင်ရင် ဘယ်တော့မှ အလျှော့မပေးဘူး၊ လျှော့သင့်လို့ လျှော့လိုက်ရတယ်ဆိုရင်လည်း အဲဒီအတွက် အုံ့ဖွဲ့ ခံစားမနေတတ်ဘူး"

"ဒါပေမယ့် မင်း စိတ်ထိခိုက်နေတယ်မို့လား"

"အဲဒါ ရှင်နဲ့မဆိုင်ပါဘူး"

"ကိုယ့်ကြောင့်မဟုတ်ဘူးလို့ ပြောတာလား .. မေးစရာမလိုဘူးဆိုတဲ့ အဓိပ္ပာယ်လား"

ထိပ်ထား လိုပဲ ဘေးမှာ အတူတွဲရပ်ကာ တန်းပေါ်မှာ လက်နှစ်ဖက်တင်ပြီးမှ တစ်ဖက်ကိုလွှတ်၍ ထိပ်ထား ဘက်ကို မျက်နှာမူလိုက်တော့ ...

"ပြောပါ .. ကိုယ်က စည်းကမ်းအတိုင်း ဖြစ်သင့်တာကို လုပ်ပစ်လိုက်ပေမယ့် မင်းဘက်ကကြည့်တော့ နိုင်ထက်စီးနင်းလုပ်သွားသလို ဖြစ်နေမှာပဲ"

"ရှင့်ကို အဲဒီလိုထင်ခဲ့ရင် ထိပ်ထား က အရှုံးပေးပြီး ရပ်ကျန်ခဲ့လိမ့်မယ်လို့ ထင်လား"

လှည့်မေးလိုက်သည့် မျက်နှာဖြူနုနုလေးကို စိုက်ကြည့်ရင်း သူ ဘာမှမပြောဘဲ နေလိုက်၏။

ထိပ်ထား က တန်းပေါ်မှာ တံတောင်နှစ်ဖက်တင်ကာ ထပ်ဆုပ်ထားသည့် လက်ဖဝါးနှစ်ဖက်ထဲမှာ ဘာစ်ခုခုကို ဖိဆုပ်ကိုင်ထားတာမျိုး၊ လက်ခုပ်လေး ဖွင့်ကြည့်လိုက်၊ ပြန်ဆုပ်ပြီး နှုတ်ခမ်းလေးရှေ့မှာ ဖိကပ်ထားလိုက်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



သူ ကြည့်တော့ကြည့်ပေမယ့် ဘာကိုင်ထားမှန်း မသိ။

"ရှင်ပြောသလိုပဲ စည်းကမ်းအရ ရှင် မှန်တယ်၊ ထိပ်ထား အတွက် စဉ်းစားပေးတယ်ဆိုတာလည်း ဖြစ်နိုင်တာပဲ၊ အဲဒါကြောင့် .."

"စဉ်းစားပေးတာ မဟုတ်ဘူး၊ မင်းအတွက် စိုးရိမ်ပြီး ကိုယ် ဘာတွေဖြစ်သွားမှန်းကို မသိခဲ့တာ၊ အဲဒါ မင်းအတွက် ဖြစ်နိုင်ခြေရှိတယ်လို့ သတ်မှတ်တဲ့အဆင့်လောက်ပဲလား၊ မင်းနဲ့ကိုယ်က ဘာလဲ .. ကိုယ့်ကို မင်း ဘယ်လိုမြင်နေသလဲ"

"မေးခွန်းတွေ များလှချေလား ဦးသုရာဇဝင်၊ အဲဒါတွေကိုဖြေဖို့ ထိပ်ထား စဉ်းစားဖူးတာ တစ်ခုမှမရှိဘူး၊ လောကကြီးတစ်ခုလုံး .. ပတ်ဝန်းကျင် .. နောက်ပြီးတော့ ရှင်၊ အဲဒါတွေကို ဘာတစ်ခုမှ စိတ်မဝင်စားဘူး"

"တစ်ခုခုတော့ ရှိနေမှာပါ၊ စဉ်းစားပြီးမှ ပြော"

"ဟုတ်တယ် ရှိတယ် .. အဲဒါက ရှင်နဲ့ကျွန်မ လက်ထပ်ခဲ့ကြတဲ့ အကြောင်းရင်း၊ ဒီအကြောင်းရင်းတွေ ရှင်းလင်းပြီးဆုံးသွားတဲ့ တစ်ချိန်ချိန်မှာ ကျွန်မတို့ လွတ်လပ်ဖို့ပဲ၊ လောကအသိုက်အမြုံ ဘယ်လောက်ကြီးကြီး ပတ်ဝန်းကျင် ဘယ်လိုအရေးပါနေနေ အချိန်တန်တော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၊ ကိုယ့်ဘဝနဲ့ကိုယ် လွတ်လပ်ခြင်းရဲ့နောက်မှာ ကျွန်မ ကိုယ့်ဘဝကို ထိန်းကျောင်းနိုင်တယ်၊ ဘယ်လိုတစ်စုံတစ်ရာရဲ့ အရိပ်အမိုးကိုမှ မလိုချင်ဘူး"

ပြောနေသည့် နှုတ်ခမ်းပါးလေးတွေကို ကြည့်နေရင်း သူ ခပ်မဲ့မဲ့ ပြုံးသည်။

"မင်းနဲ့ကိုယ် လက်ထပ်ခဲ့တာ ပြီးလွယ်ပျောက်လွယ် လိုသလို ဖြစ်ပျက်ရလို့ရမယ် ထင်နေသလား"

"ရအောင် ထိပ်ထား ကြိုးစားမယ်"

"ကြိုးစားမှာတွေထဲမှာ ကိုယ်က ကွာရှင်းပေးမှ ဖြစ်မယ်ဆိုတာ ပါသေးလား"





စူးခနဲ လက်သွားသည့် မျက်ဝန်းလေးတွေကိုကြည့်၍ သူ သွားတွေပေါ်အောင် ပြုံးမိသည်။ ပျော်ရွှင်ဝမ်းမြောက်နေလို့တော့ မဟုတ်ပါ။

လက်မခံလို့မရသည့် အမှန်တရားအတွက် သူမ လက်ခံပေးခဲ့ပြီးမှ ကိုယ့်ကို ကျေးဇူးတင်နေရသည့်အဖြစ်တွေနှင့် ပြန်လည်ထုပ်ပတ်ကာ သိမ်းကျုံးခံစားနေရသည်မှန်း နားလည်လိုက်လို့ ဖြစ်သည်။ ထို့ကြောင့် မှောင်မိုက်နေသည့်ခြံထဲကိုပဲ ပြန်လှည့်ငေးရင်း မီးခိုးလွှန့်နေသည့် စီးကရက်ကို ပြာခြွေ၏။

"ကိုယ်က နိုင်ငံတော်တော်များများကို သွားလာနေ့စပ်ခဲ့ပေမယ့် ဘယ်ယဉ်ကျေးမှုထဲကိုမှ မျောပါမသွားခဲ့ဘူး၊ အဲဒါ တမင်ဟကာ ထိန်းချုပ်ခဲ့တာလည်း မဟုတ်ဘူး၊ မျိုးချစ်စိတ်ပြင်းထန်လွန်းလို့လည်း မဟုတ်ဘူး၊ မွေးလာကတည်းက တသမတ်တည်း မပြောင်းလဲခဲ့တဲ့ သန္ဓေစိတ်၊ ကိုယ် လက်ထပ်မှာမဟုတ်ဘဲ မိန်းမတစ်ယောက်ကို မကျူးလွန်ခဲ့ဘူး၊ လက်ထပ်ပြီးခဲ့ရင်လည်း အဲဒီအိမ်ထောင်ရေးဟာ ကိုယ့်ကြောင့် မပျက်စီးစေရဘူး၊ အထူးသဖြင့် ကိုယ့်ဒက်ဒီလို ဘယ်နေရာမှာဖြစ်ဖြစ်၊ ဘယ်သူတွေ ဘယ်လိုနေနေ၊ ကိုယ်ထင်ရာလုပ်ခွင့်တစ်ခုတည်း အမိကထားတာမျိုး မဖြစ်ဖို့"

"ရှင် ထိပ်ထား ကို ကွာရှင်းမပေးနိုင်ဘူးလို့ ပြောတာလား"

"သိပ်မှန်တာပေါ့၊ နောက် မင်း မသိသေးတာကို ထပ်ပြောမယ်၊ မင်းကို ဒက်ဒီ တိုက်တွန်းလို့ လက်ထပ်ခဲ့တာ မဟုတ်ဘူး"

သူ စိုက်ကြည့်နေတော့ ထိပ်ထား ရှက်သလိုဖြစ်သွားကာ မျက်နှာလွှဲပစ်မိ၏။

"ကိုယ့်သဘောနဲ့ကိုယ် လက်ထပ်ဖို့ ကြိုးစားခဲ့တာ၊ ရအောင် ယူထားတာ"

ထိပ်ထား မနေတတ်သလိုကြီးဖြစ်လာကာ ဟိုဘက်တိုးရပ်ဖို့ မသိမသာ ခြေလှမ်းရွှေ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်လို့လဲလို့ မေးချင်သေးလား"

"မမေးဘူး ... အဲဒါတွေကို စိတ်လည်း မဝင်စားဘူး"

"ကိုယ်ကတော့ စိတ်ဝင်စားခဲ့တယ်၊ ကိုယ် ရန်ကုန်ကို ဘယ်သူ့ တိုက်တွန်းချက်မှမပါဘဲ လာခဲ့တာ၊ ညီကိုရှာဖို့ ... နောက်ဆက်တွဲကမှ ဒက်ဒီဆီက အကြောင်းကြားတဲ့ မင်းရဲ့အခြေအနေကို အကဲခတ်ဖို့၊ လိုအပ်ရင် ကူညီဖို့၊ အဲဒီထိ လက်ထပ်ဖို့မပါသေးဘူး ..."

လေတိုက်တော့ အေးစိမ့်စိမ့်ဖြစ်လာကာ ထိပ်ထား လက်လေးပိုက်လိုက်သည်။ အေးတာကို မခံတဲ့အထိတော့ မဖြစ်သေးပေ။

ဒါပေမယ့် မနေတတ်သည့်လက်က ဆံပင်တွေ ခဏခဏသပ်နေရရင်း အလုပ်မရှိ အလုပ်ရှာလိုက်တာ ဖြစ်သည်။

ဒါကိုမြင်ပြီး ကိုသု က ဝတ်ထားသည့်ကုတ်အင်္ကျီကို ချွတ်ကာ ထိပ်ထား ပခုံးလေးပေါ်ကနေ ခြုံပေးလိုက်၏။

"ရပါတယ်၊ ထိပ်ထား ဝင်တော့မှာ"

ခြုံပေးသည့် သူ့လက်ကို ဖယ်ချလိုက်သည်။ ရှောင်ထွက်သွားဖို့ ခြေလှမ်းပြင်သည်နှင့် ကိုသု က ပါးစပ်နေ တားဆီးမနေဘဲ ထိပ်ထား တစ်ကိုယ်လုံးကို ပိုင်စိုးပိုင်နင်း ဆွဲဖက်ထားလိုက်ပြီး ...

"မရဘူး .. ပြီးအောင် နားထောင်ရမယ်"

"ရှင် .. ရှင် အဲလိုမလုပ်နဲ့၊ ဖယ်ပေး .. လွှတ်"

"မင်း ဆက်ရုန်းနေရင် အတင်းအကျပ် နမ်းချင်စိတ်တွေဖြစ်လာနိုင်တယ်နော်"

"အို .. မသိဘူး .. မနေတတ်ဘူး၊ ရှင့်လက်တွေကို လွှတ်၊ ဒီတိုင်းပဲပြော .."

သူ အတင်းပွေ့ဖက်ထားတာကို ဖြေပေးလိုက်ပေမယ့် အင်္ကျီခြုံထားတာကို ဖယ်ပစ်လိုက်မှာစိုးသလိုလိုနှင့် ပခုံးပေါ်မှာ သူ့လက် ဖွဖွတင်ထားလျက်နှင့် ...





"ဒေါ်နန်း တို့ အိမ်မှာ မင်းရှိနေရင် ဒါမှမဟုတ် မြတ်သောထိပ်ထား နဲ့ မွန်ဆွန်း ဆိုတဲ့ နှစ်ယောက်ကို အကွက်ရွှေ့ထားတဲ့ပြကွက်မှာ မင်း အကြိတ်ခေါင်းငုံ့ပြီး နောက်ဆုတ်နေပေးခဲ့ရတယ်ဆိုရင်တောင် ကိုယ့်ရဲ့စိတ်ဝင်စားမှုမှာ ကာလရှည်တွေဖြစ်လာမှာ မဟုတ်ဘူး၊ အဲဒါ သိလား"

သူ့မျက်နှာငုံ့လာတော့ ထိပ်ထား မျက်နှာလေး ဟစ်ဖက်လွှဲထားမိကာ ပခုံးပေါ်က သူ့လက်ကိုပါ တွန်းချပစ်ချင်စိတ်တွေ ဖြစ်နေမိသည်။

နုနကလို အဖြစ်ဆိုးသွားမှာ စိုးရိမ်နေလို့ ...။

"မင်း အခက်အခဲ တကယ်ရှိနေရင် အကူအညီပေးလိုက်တာမျိုးနဲ့ပဲ ပြီးသွားမှာ၊ ခုကျတော့ ပေါက်စီတွေစားပြီး အလံမလှဲတဲ့မာနတွေနဲ့ တစ်ယောက်တည်း အချိန်တွေကို တိုက်ခိုက်နေခဲ့တဲ့ မင်းက .."

သူ စကားမဆက်ဘဲ ထိပ်ထား မျက်နှာလေးကိုငုံ့ကြည့်ပြီး ရယ်သည်။

"ဒီနေရာမှာ မင်းလောက် ကိုယ်မတော်နိုင်ဘူး၊ အဲဒါသေချာတယ်"

"ရှင် အဲဒီကတည်းက သိနေတာလား"

"ဟုတ်တယ်၊ ကိုယ့်ဒက်ဒီနဲ့ တိုက်ရိုက် မဆက်သွယ်ဘဲ မင်းရဲ့ပုံကို ကိုယ့်သူငယ်ချင်းနဲ့တစ်ဆင့် ပို့ခိုင်းလိုက်တာ၊ အဲဒီကျမှ ကိုယ် မင်းအတွက် လှုပ်ရှားဖို့ ခြေလှမ်းဝင်လိုက်တာကို ဒက်ဒီ သိသွားတာလေ၊ အဖြစ်အပျက်အားလုံးကို သိချင်တာရယ်၊ မင်း တမင်တကာ ကိုယ်ယောင်ဖျောက်နေတာမှန်းသိလို့ နားမလည်နိုင်တာရယ်၊ အဲဒါကြောင့် မသိသလိုဘဲ နေခဲ့တာ၊ ဘယ်ကမှန်း ဘယ်လိုမိန်းကလေးမှန်း မသိဘဲနဲ့ မင်းကို အနားမှာခေါ်ထားလိုက်တာ မရိုပ်မိဘူးလား"

"မရိပ်မိဘူးလေ .. ရှင်က လိမ်တဲ့နေရာမှာ ပိရိတာကိုး"

"မင်းလည်း ပိရိပါတယ်ကွာ၊ တတ်သည့်ပညာ မနေသာ ဆိုသလို မင်းတတ်ထားတဲ့ပညာတွေက မင်းကို မီးမောင်းထိုးပြလိုက်တာပါ၊ နောက်ပြီး ဒီလောက်ဒုက္ခရောက်နေတာတောင် ကူညီနိုင်မယ့်သူမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိလျက်နဲ့ မင်း ကိုယ့်ကို သူများလက်ထဲ ထည့်ခဲ့သေးတယ်၊ အဲဒီ လောက်ထိနော် ..''

''ဘာလဲ ..''

''မာနတွေလေ''

''မာနမဟုတ်ဘူး .. သူများဒုက္ခရောက်နေတာမြင်ရင် ကူညီချင်စေ မယ့် ကိုယ့်ဒုက္ခကို သူတစ်ပါးဆီ မကူးစက်စေချင်တာ၊ မနေ့က ဒီမိန်း ကလေးက ဒီနေ့ ဒီလိုဖြစ်သွားသလားဆိုတဲ့ မျက်လုံးတွေကို မလိုချင်ဘူး အဲဒီလို အားမငယ်တတ်အောင် လောကရဲ့အလှအပ၊ ဒုက္ခမျိုးစုံကို ကယ် ကြီးက သွားလာရင်း သိအောင်ပြောတယ်၊ မြင်အောင်ပြတယ်၊ ငါ့မှာ ဒုက္ခကိုရင်ဆိုင်ဖို့ အင်အားရှိရမယ်ဆိုတဲ့သတ္တိ မွေးနိုင်ခဲ့တာ အဲဒါကြောင့် ပါ''

''ကိုယ်ကလည်း အဲဒါတွေကြောင့်ပဲ မင်းကို စိတ်ဝင်စားခဲ့တာ''

ဒီစကား ပြန်ရောက်လာတော့ ထိပ်ထား ပခုံးလေးကို ဖြဲ သူ့လက် ကို မသိမသာ ဖယ်ချမိ၏။ ကိုသု က မသောက်ဖြစ်ဘဲထားသည့် စီး ကရက်ကို တစ်ရှိုက်ဖွာပြီးမှ ဝရန်တာတန်းနဲ့ ဖိချေပစ်သည်။

ပြီးတော့ တန်းမှာ ကျောကပ်လိုက်ပြီး ထိပ်ထား ကို မျက်နှာချင်း ဆိုင်ကြည့်လိုက်ကာ ...

''ပြန်ပြေးချင်နေတာလား''

''ဟုတ်တယ်၊ အလုပ်လုပ်စရာရှိသေးတာ ညဉ့်နက်သွားမှာစိုးလို့''

''မလုပ်ဖြစ်လည်း ပြဿနာမရှိပါဘူး၊ ဒီနေ့ မင်းကို ငိုသွားအောင် ကိုယ် ပြုခဲ့မိတဲ့အတွက် တောင်းပန်ချင်တယ်''

''ဘာမှမဖြစ်ဘူးလို့ ပြောပြီးပြီပဲ''

ပခုံးတစ်ဖက်မှာတင်ထားသည့် သူ့လက်ကိုဖယ်ချပစ်ကာ ထိပ်ထား မျက်နှာကို တင်းထားမိသည်။

သူ့အကြည့်တွေ ရွှန်းရွှန်းစားစားဖြစ်နေတာကို မသက်သာချင် ..





ပြီးတော့ သည်အကြောင်းအရာနှင့်ပတ်သက်တာတွေကို မကြားလို မပြောလိုကာမှ ...

''နောက်ပြီး ဒီည မင်းကို ရည်းစားစကားပြောမလို့ ဆုံးဖြတ်ထား တယ်''

''ဘာ!...''

''အတိအကျ ထုပ်ပြောရရင် မင်းနောက်ကို တကောက်ကောက် လိုက်ကြည့်ပြီး ပတ်သက်ပိုင်ဆိုင်ဖို့ ကြိုးစားနေမိကတည်းက ကိုယ့်ရင်ထဲ မှာ လောဘတွေအပြည့်နဲ့''

မျက်နှာလွှဲပစ်လိုက်တော့ ဖျတ်ခနဲ အုပ်ကွယ်သွားသည့်ပါးရိုးပေါ် ကဆံပင်တွေကို သူက လက်ခုံနဲ့ ထိကပ်ဖယ်သည်။

ထိပ်ထား က ထိုလက်ကို ဖယ်ချပစ်လိုက်သဖြင့် ပခုံးနှစ်ဖက်ကို သူဆွဲယူလိုက်တာ မျက်နှာချင်း နီးကပ်သွားလေသည်။

သူ ပြောရင် နားထောင်နေမှ၊ သူ ထိကိုင်တာကို ငြိမ်နေမှ ...

ဘာကိုမှ ငြင်းဆန်ခွင့် မပြုချင်သူ ..။ ထိပ်ထား စိတ်တိုသွားကာ သူ့လက်တွေကို မရမကဖယ်ချဖို့ ကြိုးစားရင်း ...

''ရှင် လွှတ်နော် .. လုပ်ချင်တာကို ရှင် ဖြစ်အောင်လုပ်တတ်သလို ထိပ်ထား ကလည်း အဲဒီလိုလူပဲ''

''ပိုကောင်းတာပေါ့ .. အခု မင်း ဘာဖြစ်ချင်လဲ''

''ရှင့်ပါးကို ဆယ်ချက်လောက် ရိုက်ချင်တယ်၊ ဖယ် .. လွှတ်''

''ပါးရိုက်ပါ့မယ်ပြောနေသားနဲ့ လွှတ်ပေးရအောင် ကိုယ် တုံးမှ မဟုတ်ဘဲ''

''ရှင်နော် .. ဟင့်အင်း ..''

ထိပ်ထား ရဲ့ပါးလေးတွေကို သူ အတင်းနမ်းသည်။ ပြီးတော့ အရိုင်းဆန်သည့်အနမ်းတွေနှင့် နှိပ်စက်လေသည်။

အစကတည်းက သူ့ဘေးမှာ ကိုယ်ရပ်နေလျှင် လိုက်ဖက်မညီဘူး.



www.burmeseclassic.com

www.burmeseclassic.com



ပြောရလောက်အောင် ထိပ်ထား ပုံစံလေးက သွယ်သွယ်ပါးပါးလေး။

အတင်းအကျပ် သိမ်းပိုက်ထားခြင်းမှာ ထိပ်ထား ဆုပ်ကိုင်ထား သည့်အရာလေး ဒေါက်ခနဲ လွတ်ကျ၏။ အသံကြောင့် နှစ်ယောက်စလုံး လှုပ်ရှားသွားကြလျက် ထိပ်ထား ဟန်မဆောင်နိုင်အောင် ငုတ်တုတ်ထိုင် ချလိုက်ပြီး လိုက်ရှာသည်။

"ဘာလဲ"

"ထိပ်ထား ကိုင်ထားတာလေး ရှင့်ကြောင့် .."

"ဒီမှာ .."

မီးအလင်းရောင်ရှိနေသားနှင့် ထိပ်ထား မတွေ့တာက သူ့ ခြေ ထောက်ကြားထဲ ရောက်နေသို့ဖြစ်၏။ ကိုသု·က ကောက်ယူလိုက်ပြီး မတ်မတ်ပြန်ရပ်၍ သေချာကြည့်သည်။

သူ့ မျက်ခုံးနှစ်ဖက် တွန့်ချိုးသွားကာ ထိပ်ထား ကို မယုံနိုင်သည့် အကြည့်တွေနှင့် ...

"ဒါ မင်း ဘယ်က ယူလိုက်တာလဲ"

"မေးလိုက်တဲ့ပုံက ရှင့်ပိုင်ဆိုင်မှုတွေထဲကနေ ထိပ်ထား က ခိုးယူ ထားသလိုပါလား .."

"မင်းကို ခိုးတယ်လို့ထင်တာ မဟုတ်ဘူး၊ ကိုယ့်ဆီက ဒါကိုလည်း မင်း အလွယ်တကူယူလို့ မရဘူး၊ ဒါပေမယ့် မင်းလက်ထဲ ရောက်နေ တာ .."

သူ ဆုံးအောင်မပြောနိုင်ဘဲ မီးပွင့်တွေရှိတဲ့အောက်ကို တိုးသွားပြီး သေချာကြည့်သည်။ ကြည့်နေရင်း မျက်လုံးတွေ စူးစူးရဲရဲဖြစ်လာကာ–

"ထိပ်ထား ပြောစမ်းပါ .. ဒါ ဘယ်ကရတာလဲ"

အနားကိုပြန်ရောက်လာကာ လက်ကောက်ဝတ်လေးတစ်ဖက်ကို ဆုပ်ကိုင်၍ အလျင်စလို မေးသည်။

"ဒါကို ကျောက်မျက်ရှင် လို့ ခေါ်တယ်၊ မာမီကိုယ်တိုင် ကိုယ်တို့





ညီအစ်ကိုကို တစ်ဖက်စီ ပေးထားတာ၊ ကိုယ့်ဆီမှာ ညာဘက်မျက်လုံး၊ ဒါက ဘယ်ဘက်၊ ညီလေးဆီမှာရှိတာ .."

"ဟင်!..."

ထိပ်ထား နှုတ်ခမ်းလေးတွေ ပွင့်ဟသွားခဲ့၏။ ဒါ ဖြစ်နိုင်ရဲ့လား..။

"ပြောလေ .. ကိုယ့်အတွက် အရမ်းအရေးကြီးနေတာ၊ ညီ မသေ ဘူးဆိုတာ သိနေရက်နဲ့ ပျောက်နေတယ်၊ အဲဒါ မရှိသားဘူးဆိုတာ သိပေ မယ့် စုံစမ်းတာ မရဘူး၊ ဒီပစ္စည်းပိုင်ရှင် ဘယ်သူလဲ .."

"မိုင်း .. အဲဒါ မိုင်း ပေးထားတာ .."

"ဘာ!..."

ကိုသု မျက်နှာတစ်ပြင်လုံး ညို့ခနဲဖြစ်သွား၏။ ထို့နောက် တဖြည်း ဖြည်း ခေါင်းယမ်းကာ ...

"မဖြစ်နိုင်ဘူး .. ညီလေး ဒီလိုအဖြစ်မျိုးနဲ့ရှိနေတာ မဖြစ်နိုင်ဘူး၊ အရမ်းချစ်ဖို့ကောင်းပြီး စကား အရမ်းတတ်တဲ့ကောင်လေး"

"သူကလည်း မွေးရာပါမှ မဟုတ်တာ၊ သူ့အသားအရေ တကယ့် အရောင်က အတွင်းသားနေရာတချို့မှာ ဖြူနေတာ သိသာပါတယ်၊ ရှင့်အမေနဲ့ သူပါသွားတာ ဘယ်အရွယ်လဲ၊ သူ ဒီလိုဖြစ်သွားတဲ့အကြောင်း ရင်းကို ရှင် ဖော်ထုတ်နိုင်ရင် ဒါ သေချာသိရမှာပဲလေ"

ကိုသု မျက်နှာ ပြန်လည် ကြည်လင်လာ၏။

ဟုတ်သည် ..၊ မာမီ ကားမှောက်လို့ဆုံးသွားတာပဲ၊ ကားမှောက်တဲ့ အထဲမှာ ညီလေး ပါနိုင်သည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားမယ်ဆို ဒီလိုပုံစံ ဖြစ်သွားနိုင်တာလည်း သဘာဝကျ၏။

"ထိပ်ထား .. မင်း သူ့အမေနာမည်ကို သိလား"

"အခု အမေအရင်း မဟုတ်ဘူးဆိုတဲ့ အမေကတော့ ဒေါ်သူဇာ လင်း တဲ့၊ ဟိုတစ်ခါက မိုင်း ကို တွေ့ချင်တာနဲ့ သူတို့အိမ်ကိုသွားရှာသေး တယ်၊ ရှင့်ကားနဲ့ တိုက်မိမလိုဖြစ်ပြီး ထိပ်ထား ချော်လဲသေးတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ကိုယ်လည်း ဒေါ်သူဇာလင်း ကိုပဲ သွားရှာတာ အဲဒါ မာမိုညီမအရင်း၊ ကိုယ်တို့ရဲ့အဒေါ်ပဲ၊ ငွေတစ်မျက်နှာပဲကြည့်တာ လောင်းကစားဆို ဘုရင်ပဲ"

ပြောနေရင်း ကိုသု မျက်နှာ နီရဲတင်းမာလာကာ တက်ခေါက်၏။ ပြီးတော့ နေရာကနေ ချာခနဲ လှည့်ထွက်သွားသည်။

"ရှင် .. ဘယ်လဲ"

"ကိုယ် လိုက်သွားမှဖြစ်မယ်၊ ဒီနေ့ ဟိုလူတွေ ကိုယ့်ကိုသိနေတာ ခုမှ ကိုယ် သဘောပေါက်တယ်၊ ဒီနေ့အဖြစ်ကြောင့် သူတို့ ချက်ချင်း တခြားရွှေ့ဖို့ သေချာနေပြီ၊ ညတွင်းချင်း ရှင်းရမယ်"

ဒီတစ်ခါ ထိပ်ထား က ပြေးလိုက်နေရသူဖြစ်ကာ ကိုသု အခန်းထဲ ဝင်ပြီး အကျီဆွဲယူ၊ ဟိုဟာဆွဲ ဒီဟာဆွဲနှင့်အလုပ်ရှုပ်ရင်း ပြောသွားသမျှ တအံ့တဩ ခေါင်းညိတ်နေမိ၏။

ထို့ပြင် သူ ကားထွက်ပြီး ထွက်ခါနီးထိ ထိပ်ထား ဘောင်းဘီပွပွ လေးတကားကားနှင့် အပြေးတစ်ပိုင်း လိုက်နေဆဲဖြစ်ကာ ...

"ရှင် သတိထားဦးနော်"

"ရတယ် .. မင်း အထဲဝင်"

"မိုင်း ကို ခေါ်လာမှာပေါ့နော်"

သူ ကားထွက်သွားမှ ပြန်ငဲ့ကြည့်ပြီး ခေါင်းညိတ်သွား၏။

ထိပ်ထား နေရာမှာပဲ ခြေစုံရပ်ကာ ဘယ်လိုဖော်ပြရမှန်း မသိနိုင်သော ကြည်နူးဝမ်းသာခြင်းကြောင့် ကိုယ့်ရင်ဘတ်လေးကို ပြန်ဖိထားရင်း သက်ပြင်း တဝကြီးရှိုက်လိုက်၊ ဖြည်းဖြည်းချင်း ရှူထုတ်လိုက် ...

မိုင်း တခြားကို ရောက်မသွားပါစေနဲ့ ...။





## အခန်း [၅၂]

"ဘာ!... ကိုသု အိမ်ထိ သူ ရောက်သွားတယ် ဟုတ်လား"

ဒေါ်သူဇာလင်း ဒေါသကြီးနေမှန်းသိလေ မိုင်း က ဆိုဖာတွေ နောက်က မထွက်လေ ...။

"ခွေးသူတောင်းစားလေး .. လာ .. အခုထွက်ခဲ့စမ်း၊ သင်းက အားကိုးရလို့ အာခံတာ"

"ကိုကိုမောင် .. ရှင် အဲဒီဟာလေးကိုနှိပ်စက်ဖို့ပဲ လက်သံပြောင်နေလား၊ ပြဿနာက ရိုက်နှက်နေတာနဲ့ ပြီးမှာ မဟုတ်ဘူး"

ခါးပတ်ချွတ်ပြီး မိုင်း ကို ဆွဲထုတ်ဖို့သွားနေသည့် ဦးကိုကိုမောင် ကို လှမ်းအော်ပြောကာ ဒေါ်သူဇာလင်း ကိုမြသောင်း တို့ဘက် ပြန်လှည့်၏။

"အဲဒါကို နင်တို့က ဘာဖြစ်လို့ တစ်ညနေလုံး ဖုန်းတစ်ချက် မဆက်တာလဲ၊ ညဦးကရော ဘာလုပ်နေကြတာလဲ"

ကိုမြသောင်း က ဘေးလူကို တစ်ချက်ကြည့်ကာ မျက်လွှာချလိုက် ပြီးမှ ...

"အဲဒီကပြန်ခေါ်လာပြီးမှ ကောင်လေးက ကားပေါ်ကနေ ခုန်ချပြီး ထွက်ပြေးသေးတယ် သူ့ဌေး၊ သူ့ကိုတွေ့တော့လည်း ရေ့နေနဲ့ပက်ပင်း တိုးလို့ ဝင်မဖမ်းရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ .. ရွှေနေနဲ့လည်း တွေ့တယ် .. ဟုတ်လား၊ နင်တို့တွေ ဒီလောက်ထိ ဖြစ်ခဲ့ကြတယ်ပေါ့"

"ကျွန်တော်တို့ကို သူ မမြင်ပါဘူး၊ အဲဒါ ရုတ်ရုတ်သဲသဲ လုပ်လိုက်ရင် တွေ့သွားမှာစိုးလို့ ဖောင့်ဖမ်းနေရင်းနဲ့ မိုးချုပ်သွားတာ၊ ပြန်မိတော့လည်း ဖုန်းဆက်ပါတယ်၊ သူဌေးရဲ့ဖုန်းကို ခေါ်တာ မရလို့ပါ၊ မယုံရင် ကျွန်တော့်ရဲ့ဖုန်းကို အခု ဖွင့်ကြည့်လို့ ရပါတယ်"

"တော်စမ်း .. သက်သေသာဓကတွေ ခုမှလုပ်မနေနဲ့၊ မင်းကိုတွေ ငွေယူထားပြီး တာဝန်မကျေတာ ဘာအပြစ်နဲ့ ထိုက်တန်သလဲ နားလည်လား၊ ငါ ငွေထုတ်ပေးခဲ့တာ မှောင်ခိုပေးပေးခဲ့တာ မဟုတ်ဘူး၊ အပိုင်းအရင်းနဲ့ ငွေချေးစာချုပ် ချုပ်ထားတာ၊ တာဝန်မကျေရင် အချိန်မရွေး ထောင်ချပစ်လို့ရတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ ပေါ့လျော့မှုအတွက် .."

"ဟေ့ .. သူဇာ၊ မင်းလည်း အကျိုးမရှိတာတွေ လုပ်နေတာပဲ၊ ဟိုကောင် ဒီအရှုံးကို သူ့ညီလို့ ဘယ်လိုမှ ထင်ဦးမှာ မဟုတ်ဘူး၊ အဲဒီတော့ ကိုယ်ကျိုးမရှိမယ့်အတူတူ မင်းပြောခဲ့တဲ့အတိုင်း ဒီကောင့်ကို လက်စဖျောက်ပစ်လိုက်"

"ဖျောက်လို့ရမလား .. မမဝတ် ကိုယ်တိုင် လွှဲခဲ့တဲ့ရွှေနေကြီးက ဒီကောင်လေး မသေမပျောက်ရှိနေတာကို သိနေတဲ့ဟာ၊ ကိုသု က လူလည် .. သူ စုံစမ်းတာ ရွှေနေကြီးကိုပဲသိနေလို့ အဖြစ်မှန်ကို မဖော်နိုင်ဘဲ ဒီနားမှာပဲ ပတ်ဝဲနေတာ၊ ရွှေနေ ကိုဝင်းဦး နဲ့ တစ်ဆင့်လွှဲထားတာ သိလို့ကတော့ ဒီကိစ္စ ဇာတ်သိမ်းတာ ကြာပြီ"

"အဲဒီတော့လည်း ဘန်ကောက်က ပြန်လာမယ့် ရွှေနေကြီးရော၊ ဝင်းဦး ဆိုတဲ့ ရွှေနေစုတ်ကိုရော ဒီအရှုံးနဲ့ သုံးလောင်းပြိုင် လုပ်ပစ်ပေါ့၊ ကိုယ့်သိက္ခာတရားနဲ့ ရပ်တည်မှုအတွက် ဘာဖြစ်ဖြစ် လုပ်ရမှာပဲ၊ ဟော့-ဒီကိစ္စ မင်းတို့ တာဝန်ယူမလား၊ စာချုပ်ကိစ္စ ပြီးမယ့်အပြင် နောက်ထပ်





ထပ်ရမယ်"

ထပ်ရမှာကို လိုချင်ပေမယ့် ကိုမြသောင်း တို့ ရုတ်တရက် အသံမထွက်နိုင်။ မိုက်ရဲတိုက်ရဲတာက သပ်သပ်၊ လူသတ်မှုးတဲ့လက်တွေ မဟုတ်တော့ တွန့်ဆုတ်နေခဲ့ကြသည်။ ဒေါ်သူဇာလင်း ကလည်း မိန်းမသားပီပီ ဒီလောက်ထိတော့ မကြမ်းရဲတာမို့ ...

"လူသတ်ရင် ထောင်ကျမှာပဲ ကိုကိုမောင်၊ မတရားမှုဆိုတာ တစ်နေ့နေ့ ပေါ်မှာပဲ၊ အခု ကျွန်မတို့မှာ အခွင့်အရေး ရှိပါသေးတယ်၊ ကိုသုက သူ့ညီကို မသိလို့ သူကိုယ်တိုင် ခြံပြင်ဆွဲထုတ်လိုက်တာ၊ ဟိုအယောင်ဆောင်ဆရာမ ဆိုတာလေးကရော မိုင်း အကြောင်း ဘာသိလို့လဲ၊ သူတို့သားအမိ ရွှေဆင့်နောက်ဆင့် သေသွားကြတယ်လို့ ပြောထားပြီးသား၊ မိုင်း ကို သင်း လုံးဝ ခြေရာမခံမိတဲ့နေရာ ပို့လိုက်ရင် ပြီးပြီ"

"သူဇာ .. မသေသေးဘဲနဲ့ လူအရှင်လတ်လတ်ကြီးကို မင်း ဘယ်လိုဖျောက်ဖျက်မှာလဲ၊ ခုပဲ ထွက်ထွက်ပြေးလို့ ကြိုးကွင်းစွတ်ဖမ်းဖို့လည်း မဖြစ်၊ ကြိုးတုပ် ဝက်ခြံထဲထည့်ပိတ်ပြီး ခေါ်ဖို့လည်း မတော် .."

"အဲဒါ ပြောရရင် ရှင့်ကြောင့်ပဲလေ၊ ကလေးအရွယ်ကတည်းက ကျွန်မ ပြောတယ်၊ ကလေးဆိုတာ အချော့ကြိုက်တယ်၊ ချစ်ချစ် မချစ်ချစ် ကိုယ်လိုချင်တာ ချော့မော့ယူလို့ ရတယ်၊ ထစ်ခနဲရှိ လက်ပါ၊ ရိုက်ပြီဆို အသေအကြေ .."

"မင်းက မကျေနပ်သံတွေ ထွက်လာတာလား"

"မကျေနပ်မဖြင့် ရှင့်ကို ဒီတိုင်းကြည့်မနေဘူး ကိုကိုမောင်၊ ဒါပေမယ့် ဒီကလေးက ကျွန်မရဲ့သွေးသား၊ သတ်ပစ်ဖို့အထိတော့ မဖြစ်နိုင်ဘူး"

"သူ မသေရင် ကိုယ် သေမှာဆိုရင်ရော .."

"မသေပါဘူး၊ ဥပဒေက လက်နဲ့ဆုပ်ဖျစ်တာထက် ပိုနာအောင် ဆုံးမနိုင်တယ်"

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



"သု .. ကိုသု .."

အားလုံး ကြောင်ငေးကုန်ကြကာ ဒေါ်သူဇာ လက်ညှိုးထိုးလိုက်ပေမယ့် ရှေ့တည့်တည့်မရောက်၊ သူဝင်သွားသည်နှင့် မျက်လုံးတွေ တန်းခနဲ ရောက်သွားတာက မိုင်း ဆီကို ဖြစ်သည်။

"သုသမိုင်း .."

သူ့နှုတ်ဖျားမှ တစ်လုံးချင်း ပီသစွာခေါ်လိုက်တာနှင့် မိုင်း ခေါင်းလေးထောင်သွားသည်။ ကိုသု ကို ခုကျမှမြင်သွားပုံပေါ်ကာ သူ့ကို မလိုလားတဲ့သူမှန်း သိလျက်နှင့် မျက်နှာလေး ဝင်းထိန်သွား၏။ ပြီးတော့ အေးလူတွေကို တစ်ချက်မှမကြည့်တော့ဘဲ ကိုသု ဆီ အတင်းပြေးလာ၏။

"နေဦးကို ခေါ်ပါ၊ သူတို့က ဟိုဟာကြီးနဲ့ ရိုက်မို့"

သူ့ခါးကိုဖက်၍ ကျောနောက်ကို ပြေးကွယ်သည်။ ပြီးတော့ ချိုင်းအောက်ကနေ လက်လျှိုသွင်း၍ဖက်ကာ တတွတ်တွတ် တိုင်တော့သည်။ တဒင်္ဂ မှင်တက်မိသလိုဖြစ်သွားပြီးမှ ဒေါ်သူဇာလင်း မျက်နှာတစ်ပြင်လုံး တဖြည်းဖြည်း နီရဲ တင်းမာလာခဲ့လျက် ...

"သုရာဇဝင်"

"ဟုတ်တယ် .. အန်တီလင်း ပါးစပ်ထဲမှာ သွေးသားဆိုတဲ့စကားပါလာသေးတဲ့အတွက် ညီလေးနဲ့ပတ်သက်ခဲ့တဲ့ ယုတ်မာလိမ်လည်မှုတွေအပေါ် သက်ညှာစဉ်းစားပေးဖို့ ကျွန်တော် ကြိုးစားကြည့်မယ်၊ ဒီကနေ ခြေရာဖျောက်ဖို့၊ နောက်ထပ် မကောင်းမှုတစ်ခုခု ထပ်ကျူးလွန်ဖို့လုံးဝ မကြိုးစားပါနဲ့"

"ဒီမှာ သုရာဇဝင် .."

ဒေါ်သူဇာလင်း မထူးစိတ်ပိုက်ထားပြီးသည့်မျက်နှာနှင့် ရှေ့ကို တိုးသည်။ ဦးကိုကိုမောင် က ပြန်ဆွဲထားကာ ...

"မင်းရောက်နေတာ ဘယ်သူ့ပိုင်နက်လဲဆိုတာ သိရဲ့လား သုရာဇဝင်"





"ကျွန်တော့်မာမီ ပိုင်နက် လေ .. သုသမိုင်း ရဲ့ပိုင်ဆိုင်သမျှကို အပိုင်စီးဖို့ကြိုးစားရင်း လစဉ် အသုံးစရိတ်ငွေကိုရဖို့ မသန်စွမ်းတော့တဲ့ ရောဂါသည်ကို နှိပ်စက်ရိုက်နက်ပြီး ခိုင်းခဲ့တယ်၊ ရှေ့နေတွေကိုတောင် လိမ်ညာ လှည့်ပတ်ခဲ့တာဆိုတော့ တော်ပါတယ်"

မိုင်း ဟာ ကိုယ့်ရဲ့ညီလေးမှန်း မသိခင်ကတည်းက မိုင်း နဲ့ပတ်သက်တဲ့အကြောင်း ပါလာတိုင်း ထိပ်ထား ပြောပြခဲ့သည့် ဟိုတစ်စ ဒီတစ်စ အကြောင်းအရာတွေဟာ ခုချိန်မှာ ဆက်စပ်ကြည့်လိုက်တာနှင့် အခွေလိုက်ပုံချထားသည့် ကြိုးစအဖျားကို ဆွဲလိုက်သလို ..။

ဒေါ်သူဇာလင်း ကို ကိုယ့်ရဲ့အဒေါ်ရင်းတစ်ယောက်အဖြစ် မရင်းနှီးခဲ့ပေမယ့် သူမအကြောင်းကို မာမီ ပြောပြောနေလို့ အားလုံးသိထားသည်။

ညီအစ်မသာဆိုပေမယ့် အကြင်နာ နည်းသည်၊ တစ်ကိုယ်ကောင်းဆန်သည်၊ နူးညံ့သည်းခံတတ်သည့် မာမီ့စရိုက်နှင့် ဆန့်ကျင်ဘက်၊ ထက်ထက်မြက်မြက်ရှိကာ လည်လည်း လည်သည်။

သူ့ရှေးကြီးတွေအဖြစ်ကနေ အထည်ကြီးပျက်ဘဝရောက်ခဲ့ပြီး မိဘနှစ်ပါးစလုံး အသေစောခဲ့ရတာလည်း ဒေါ်သူဇာလင်း ကြောင့်ပဲဆိုတာ သိခဲ့ရ၏။ မိဘတွေက အကျင့်စရိုက်သန့်စင်ပါလျက်နှင့် ဒေါ်သူဇာလင်း က လောင်းကစားဝါသနာပါသည်။ အပေါင်းအသင်းစုံသလောက် သူ့ကိုယ်သူ မိသားစုထဲမှာ ထူးချွန်ပေါက်ရောက်သူအဖြစ် ဂုဏ်ယူသူလည်း ဖြစ်၏။

အိမ်ထောင်တွေကျကြတော့ မိဘအမွေအနှစ်ဆိုတာ မရှိသလောက်ဖြစ်လျက် ရှိတာကို အားလုံးသိမ်းပိုက်သွားခဲ့တာလည်း သူမ အားမရနိုင်။

မာမီ့ဆီရောက်လာပြီး ခနဲ့တာ၊ ရွဲ့တာတွေအထိ ကိုသု လူမမယ်အရွယ်တုန်းက မြင်ခဲ့ ကြားခဲ့ရသေးသည်။

သူမ မနာလိုတာက မရှိလို့ တောင်းရမ်းချေးငှားတာမျိုး မဟုတ်ဘဲ အမြဲတမ်း အတိုက်အခံစိတ်တွေထားကာ မွေးချင်းစိတ် မရှိသောမျိုး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာ ဘဝအခြေအနေချင်း လုံးဝကွာခြားသွားတော့မှ အတိုက်အခံတွေ လျော့ပါးသွားခဲ့ပြီး ဒေါ်သူဇာလင်း ဆိုတာလည်း ပျောက်ကွယ်သွားသလို ဖြစ်ခဲ့သည်။

ထို့ကြောင့် ဟိုတုန်းက မရင်းနှီးခဲ့သလို နောက်ပိုင်းမှာ ဒေါ်သူဇာလင်း ဆိုသည့်နာမည် ပြန်ပေါ်လာတာတောင် မျက်နှာကို ပုံဖော်ကြည့်လို့ မရတော့ပေ …။ မာဇီ ညီလေးနဲ့ပြန်သွားသည့် နောက်ဆုံးအခေါက်ဟာ ဒက်ဒီနဲ့လည်း ပြတ်စဲခဲ့တာမို့ ဒေါ်သူဇာလင်း နဲ့ ဘယ်လိုချိတ်ဆက်လက်တွဲမိခဲ့သည်ဆိုတာ မျက်ခြည်ပျက်ခဲ့ခြင်း ဖြစ်သည်။

"မင်း စဉ်းစားလိုက်စမ်းပါ"

ဒေါ်သူဇာလင်း အသံ ရုတ်တရက် ပြန်ပေါ်လာကာ …

"လင်နဲ့ သားတစ်ယောက်လုံးက စွန့်ပစ်ခံလိုက်လို့ ဘဝပျက်မဟတ် ကြေကွဲနေတဲ့ မင်းရဲ့အမေကို ငါ ဖေးမကူညီခဲ့တာ"

"ပြောပါဦး .."

"လူမမယ်ပေါက်စလေး ကျန်ခဲ့တဲ့ မင်းရဲ့ညီ ဒီအရွယ်ထိ လူလားမြောက်ခဲ့တာရော ဘယ်သူစောင့်ရှောက်ခဲ့တာလဲ"

"ဪ …"

"ကားမှောက်ပြီး မီးလောင်ဒဏ်ရာတွေ ကိုင်စရာမရှိအောင် ပွထနေတဲ့အဖြစ်ကနေ အသက်လေးတစ်ချောင်း ပြန်ရှင်လာအောင် ငါ ဘယ်လိုဆွဲထုတ်ယူခဲ့ရလဲ သိလား၊ အဲဒီအချိန်မှာ မင်းအမေက ရောက်လာကတည်းက သူ့ပစ္စည်းတွေကို ဥစ္စာခြောက်ပြီး ရွှေနေတွေနဲ့ ချည်တုပ်သိမ်းဆည်းခဲ့တာ"

"သူ့ညီမကို ယုံကြည်တာတွေ ဖြစ်မှာပေါ့"

"အေး .. မယုံကြည်တဲ့ ညီမက မကယ်ရင် မင်းညီ ခုလောက်ဆို အရိုးဆွေးနေပြီ၊ အဲဒီတုန်းက ငါ့မှာရှိသမျှ ပုံအောပြီး အကုန်ကျခံ ကုသခဲ့ရတယ်၊ ရွှေနေဆီက မုန့်ဖိုးပြန်ထုတ်လို့ရအောင် ငါ မကြိုးစားရဘူး





လား၊ အဲဒါကို ငါ သုံးတာရော .. အပြစ်လား"

"သူဇာ .. မင်းရဲ့စကားတွေက စိန်ခေါ်ချင်တာလား၊ ဒူးထောက်တောင်းပန်တာလား"

ဦးကိုကိုမောင် ဝင်ပြောလိုက်သော့ မိုင်း ကုန်ခနဲဖြစ်သွားကာ ကိုသုကို ကင်းနေအောင်ဖက်၏။ မိုင်း ကို လှည့်ကြည့်ပြီး သူ့စိတ်တွေ ဝင်လာတုန်းကအတိုင်း ပြင်းထန် ရှန်းကြွလာကြ၏။ ထို့ကြောင့် မိုင်း ရဲ့လက်ကို ထပ်ဆုပ်ကိုင်လိုက်ရင်း ခပ်မဲ့မဲ့ အံကြိတ်ကာ …

"တောင်းပန်ရင်တော့ ကျေနပ်လိုက်မယ်ဆိုတဲ့ စိတ်ကူးလည်း မပါဘူး ဦးကိုကိုမောင်၊ ဒီတော့ စိန်ခေါ်ချင်တယ်ဆိုရင် လုပ်လေ .. ခင်ဗျား ဘာလုပ်မလဲ၊ ကျွန်တော်က ချေးတွင်းထဲကို မတော်တဆပြုတ်ကျလာတာ မဟုတ်ဘူး၊ ရွှေထုပ်ကျသွားလို့ ဆင်းကောက်တာ၊ အကာအကွယ်မလုပ်ဘဲ ခြေဗလာ လက်ဗလာနဲ့ ဒီတိုင်းဆင်းပြီး လောက်ကိုက်ခံမလား"

သူ့စကားကြောင့် လင်မယားနှစ်ယောက်စလုံး မျက်နှာတွေပျက်ကုန်ကြ၏။ ကိုမြသောင်း တို့ လူမိုက်ပုံစံတွေ ရပ်နေရာကနေ တဖြည်းဖြည်း နောက်ဆုတ်သွားကြသည်။ သုရာဇဝင် ဆိုတဲ့ကောင် ရဲတွေခေါ်လာတာဆိုလျှင် ကြေးမဆပ်နိုင်လို့ ထောင်ကျမှာသက် အဆမတန်ဆိုးဝါးလိမ့်မည်ဆိုသည့်အကြည့်တွေ တစ်ယောက်နဲ့တစ်ယောက် ဖလှယ်ပြီး မကြာခင် ဖြေးကွက် ပျောက်ကွယ်သွားကြ၏။

"ကိုသု .. မင်း အဲဒီလို ကျေးရှူးမကန်းပါနဲ့"

"ဘာကျေးရှူးလဲ .. သုမနကျောမှာ ဒဏ်ရာတွေနဲ့ဆိုတာမျိုးလား၊ ခင်ဗျားတို့ နှိပ်စက်ထားတာ မိုင်း ရဲ့ကိုယ်မှာလေ .."

"အဲဒါ သူ အရမ်းဆိုးလို့ပါ၊ ငါတို့စိတ်မရှည်မိလို့ လက်ပါရတာကို ခွင့်လွှတ်ပေးပါ"

ဒေါ်သူဇာလင်း ချက်ချင်းကြီး ပြောင်းလဲသွားခဲ့လျက် ဦးကိုကိုမောင် လက်သီးဆုပ် အံကြိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို တခြားမှာခွဲထုတ်ရတာလည်း မင်း .. မင်းတို့သားအဖ ပြန်လာရှာပြီး ခေါ်သွားရင် အားလုံးကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာစိုးလို့ပါ၊ ပညာမသင်ပေးခဲ့တာရယ် .. သူ့ကို ဆေးကုမပေးဘဲထားခဲ့တာရယ် အားလုံးကလည်း အဲဒါကြောင့်ပဲ၊ ငါ စေတနာမရှိလို့ မဟုတ်ပါဘူး၊ သားအမိနှစ်ယောက်စလုံး သေသွားပြီလို့ ကိုရာဇမာန် ဆီ အကြောင်းကြားလိုက်တာလည်း .."

"ဩော် .. ဒက်ဒီက တကယ် ဒီတိုင်းပဲ သိခဲ့တာကိုး"

ကိုသု နားလည်သွားသည်။ သူ စွပ်စွဲခဲ့တုန်းက ဒက်ဒီ ငြင်းခဲ့သေးသည်။

"ဒက်ဒီ တကယ်မရှိတော့ဘူးပဲ သတ်မှတ်ခဲ့တာပါ၊ ရှိနေသေးတယ်ဆိုတာ ထပ်သိရပေမယ့် မသေချာတာရယ်၊ ဒက်ဒီ ရှာဖွေခဲ့သမျှ ဘာသတင်းအစအနမှ မရခဲ့တော့ မင်းကို မပြောဘဲထားခဲ့တာ"

လို့ တစ်ခါပဲငြင်းပြီး နောက်ထပ် သားအဖ မျက်နှာချင်းဆိုင်လို့မရတော့တဲ့အထိ အခြေအနေတွေ ဖြစ်သွားခဲ့၏။

ခုတော့မှ ခေါ်သူဇာလင်း သူမကိုယ်တိုင် လိမ်ညာခဲ့သမျှအတွက် အကြောက်ကြီး ကြောက်နေခဲ့သည်။

မိသားစုနှစ်ခြမ်းကွဲကာ တစ်ဖက်အကြောင်းကို တစ်ဖက်က ဘာမှ မသိနိုင်ခဲ့ဘဲ ရုတ်တရက်သေဆုံးသွားခဲ့သည့်အဖြစ်ကြားမှာ သူမအတွက် အခွင့်အရေးကောင်းကောင်း ရသွားခဲ့တာ ဖြစ်သည်။

ကိုသု မျက်နှာ ပျော့ပျောင်းခြင်းအစား တစ်စတစ်စ တင်းမာခြင်းတွေသာ ဖြစ်လာခဲ့လျက် နောက်ဆုံး သေချာခဲ့သည်က သူ ဘယ်လိုမှ ခွင့်မလွှတ်နိုင်..။





## အခန်း [ ၅၃ ]

"ညီ .. ကိုကိုကြီး ကို စိတ်ဆိုးလား"

"ဟင့်အင်း .."

ခေါင်းခါပြီး သူ့လက်မောင်းကို တအားဖက်လိုက်တော့ ကိုသု မျက်နှာ မချိတရိအပြုံးနှင့် အကြာကြီး ငေးကြည့်နေ၏။ ပြီးမှ မိုင်း ခေါင်းလေးကိုပွတ်၍ ပခုံးကိုဖက်ကာ ...

"ဆောရီးပါ .. ကိုကိုကြီး မှားသွားတယ်၊ ညီလေး ပြေးလွှား ဖြစ်ပျက်နေတာတွေကို မြင်ရက်သားနဲ့၊ ထိပ်ထား လည်း သူထင်တာတွေကို ပြောပြနေခဲ့တယ်၊ အဲဒါတောင် ဆက်စပ် မတွေးမိခဲ့ဘူး၊ ကိုကိုကြီး တောင်းပန်ပါတယ်"

"ဟား .. ကိုကိုကြီးကို .. ညီ စိတ်ဆိုးဘူး .. ချစ်တယ်"

ထိပ်ထား က ဘေးကထိုင်ကြည့်နေရင်း ပြုံးသည်။

"မိုင်း ရဲ့ အရေပြားတွေနဲ့ သူ့ရောဂါကို တတ်နိုင်သမျှ ကုပေးသင့်တယ်၊ ရှင် ဘယ်လိုစိတ်ကူးထားလဲ"

"ဒက်ဒီ့ကို အကြောင်းကြားထားတယ်လေ၊ ညီ့ကို ဒက်ဒီ လာခေါ်လိမ့်မယ်၊ အကောင်းဆုံး ဖြစ်သွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မိုင်း က သူတို့အခြေအနေတွေကို နားထောင်နေ၏။

"ဒေါ်သူဇာလင်း ကလည်း ရှင့်အဒေါ်အရင်းနော်၊ ကိုယ့်သွေးသား ထဲမှာ ဒီလိုအဖြစ်တွေရှိတာ ဂုဏ်ယူစရာ မဟုတ်ပါဘူး၊ အကြီးအကျယ် တွေ မလုပ်ရင် ကောင်းမယ်ထင်တယ်"

ကိုသု က စီးကရက်နဲ့ မီးခြစ်ကို ကောက်ကိုင်လိုက်ရင်း ပြုံးကာ—

"အဲဒါက ကိုယ်လုပ်ဖို့ကို မလိုတာ၊ ကလေးရဲ့အုပ်ထိန်းသူ သူ တစ်ယောက်ဟည်းပဲ ရှိတော့တယ်လို့ သိထားခဲ့တဲ့ရှေ့နေတွေက ဒီကိစ္စ ပေါ်သွားကတည်းက ဘယ်သူက ငြိမ်နေမှာလဲ"

"ဒါဆို အန်တီကလည်း အန်ကယ့်လ်ကို စိတ်နာသွားတာပေါ့၊ အဆုံးထိပြောထားခဲ့လို့ ရှေ့နေတွေက အုပ်ထိန်းသူမရှိတော့ဘူးထင်တာ"

"ဟုတ်တယ် .. အိမ်ထောင်နဲ့ကွဲရတဲ့အဖြစ်ကို မုဆိုးမ ဖြစ်ရတာ ထက် ပိုရှက်စရာကောင်းတယ်လို့ မြင်တာလေ၊ အသိုင်းအဝိုင်းရဲ့ ဂုဏ် သိက္ခာကို ဘဝနဲ့လဲပြီး စောင့်ရှောက်ချင်တဲ့အတွာတွေပေါ့၊ ကိုယ်ကတော့ မရဘူး .. ပုပ်ရင် ပုပ်တဲ့အနံ့ ထွက်မယ်၊ ဒါကို ကာကွယ်ဖုံးဖိစရာ မလိုဘူး၊ အမွေမက်ပြီး အိမ်သားချင်း သတ်ဖြတ်နေတာကို ဂုဏ်သိက္ခာ ကြောင့် ရဲမတိုင် အမှုမဖွင့်ဘဲ လူမသိအောင် ဖုံးဖိထားတာမျိုးတွေပေါ့၊ ဂုဏ်သိက္ခာနဲ့ အမှန်တရားကို တစ်တူပြုလို့ မရဘူး"

"ရှင်က ထိပ်ထား ပြောတာကို ပြက်ရယ်ပြုနေတာလား"

"မပြုပါဘူး .. မင်းက ကိုယ့်အဒေါ်တစ်ယောက်အမြင်နဲ့ သူ့အပေါ် ဘာလုပ်သင့်တယ်ဆိုတာ အကြံပေးတာပဲ၊ ကိုယ်ကလည်း ကိုယ့်အယူ အဆကို ပြောပြတာ၊ ဒါပေမယ့် အန်တီလင်း တို့အမှုကိုတော့ ကိုယ် ဒေါသနဲ့ချည်းပဲ ဆုံးဖြတ်လိုက်တာ မဟုတ်ဘူး"

"အစ်ကိုလေး ကလေး ထမင်းစားဖို့ ပြင်ပြီးပါပြီ"

ကလေးဆိုတာ သူ့ကိုပြောမှန်း သိလိုက်သဖြင့် ကြားမဝင်သာ သော စကားတွေကို နားထောင်ရင်းမှ မိုင်း ဝမ်းသာအားရ ထရပ်သည်။





ပြီးတော့ ထိပ်ထား ကို လှမ်းကြည့်ကာ ...

"မင်းစားမယ် မားမ .."

"ညီ သွားစားလေ .. မမနဲ့ ကိုကိုကြီး စကားပြောနေတာ"

"ရတယ် .. ပြောဖို့မရှိတော့ဘူး"

ထိပ်ထား က ထရပ်လိုက်၏။ မိုင်း က အရင်လို ပြေးဆွဲမခေါ်ဘဲ သူ့အစ်ကိုမျက်နှာကို ပြန်ကြည့်နေသည်။

"မဟုတ်ဘူး .. နေဦး"

ကိုသု နေရာမှထလိုက်ကာ မိုင်း ရဲ့ပခုံးကို လက်တစ်ဖက်တင် လိုက်ရင်း ...

"ဒီမှာ သူ့အတွက် အနှောင်အဖွဲ့ မရှိဘူး၊ သူ့အိမ် သူ့နေရာမှာ ကြိုက်တာ စား၊ လွတ်လပ်သလို နေလို့ ရတယ်၊ ထမင်း လိုက်ကျွေးတဲ့ အထိ မင်း အမြဲတမ်း လိုက်လုပ်ပေးနေမှာလား"

ထိပ်ထား ပြောမည်ပြင်တော့ ခေါင်းခါလိုက်ပြီး သူပဲ ...

"သူ့ကိုယ်သူ အားကိုးပါစေ၊ ကလေးလိုဖြစ်နေတာ မကောင်းမှန်း မင်းလည်း သိတယ်၊ ညီ လိုက်သွား .. ကြိုက်တာလုပ်နိုင်ပြီး စားလို့ ရတယ် .. ဟုတ်လား"

"ဟုတ် .."

ဟုတ် ဆိုတာကိုပြောတိုင်း 'ဝုတ်'သံထွက်နေသဖြင့် မိုင်း ကိုကြည့် ရင်း ထိပ်ထား နားလည်သွားသည်။ သူ့ကိုယ်တိုင် စိတ်လိုလက်ရ လိုက် သွားပြီမို့လည်း နေရာမှာပဲ ရပ်နေမိခဲ့၏။

"ထိပ်ထား .."

သူ ထိပ်ထား နားကို တိုးလျှောက်သွား၍ ...

"ညီနောက်ကို လိုက်သွားတဲ့ညက ကိုယ်ပြောနေတဲ့စကား မပြီး သေးဘူးနော်"

ထိပ်ထား သူ့ကိုလှည့်ကြည့်မိပြီးမှ မျက်နှာမှာ နွေးခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပြောမလို့ ကိုယ် မင်းကို စောင့်နေတာ"

"မပြောနဲ့ .. ထိပ်ထား မအားဘူး"

ဂျင်းဘောင်းဘီ သရီးကွာတားအနီရဲလေးနှင့် ဆွယ်တာလက်ပြတ်ခါးရှည်အဖြူလေးကြောင့် ဒီနေ့ ထိပ်ထား ပုံစံလေးက သွယ်သွယ်နွဲ့နွဲ့လေးနှင့် လှနေသည်။

သွားလာလှုပ်ရှားနေသမျှ စိတ်မြန်လက်မြန်မို့ မိန်းကလေးပီသစွာ နွဲ့နှောင်းနေတာမျိုး မဟုတ်ဘဲ နုနုငယ်ငယ် ပေါ့ပေါ့ပါးပါးနေတာမျိုးလေး ဖြစ်၏။

လှည့်ထွက်သွားသည့် ထိပ်ထား ရဲ့ပုံရိပ်လေးကို စူးစိုက်လိုက်ကြည့်ရင်း ကိုသု နှုတ်ခမ်းမှာ မပြီးဆုံးနိုင်သည့် အပြုံးရိပ်တွေနှင့် ...၊

ချစ်ဖို့ကောင်းတယ် .. မင်း ...။





အခန်း [ ၅၄ ]

"ထိပ်ထား .. မင်း အဲဒါကို ဒီလိုဖြေရှင်းလို့ မရဘူးနော်"

"ရရ မရရ ဒီနည်းပဲရှိတယ်၊ ရှင် အသာလေး ဖယ်နေပေးပါ"

"ဖယ်လို့ရမလား .. ဒီပြဿနာကို ဟိုမှာ ဒက်ဒီတို့ ဖြေရှင်းနေကြတယ်၊ အခု မိုင်းနက်စ်နဲ့ အဖြေထွက်လာပေမယ့် မင်းအဖေရဲ့ဂုဏ်သိက္ခာအတွက် အများကြီးတင်ကျန်ခဲ့မှာ၊ အဲဒီလောက်ထိ ပြီးစီးနေကာမှ မင်းဘာဖြစ်လို့ ကိုယ့်နာမည်ကိုပြန်ထည့်ပြီး တစ်က ပြန်စဖို့ လုပ်တာလဲ"

အလုပ်တစ်ဖက်နှင့် သူ့ကိုလှည့်ပြောနေရသဖြင့် ထိပ်ထား စိတ်တိုလာကာ နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ ထိုင်ခုံကိုပါ နှစ်ပတ်သုံးပတ်လည်အောင် တိုးတိုက်ပစ်လိုက်ပြီး သူ့ရှေ့ကို သွား၍ ...

"ပြန်စမယ် .. တစ်က မဟုတ်ဘူး၊ ဖီးရိုးကဖြစ်ဖြစ် ပြန်စမယ်၊ ဒက်ဒီလုပ်ငန်းတွေ၊ ဒက်ဒီ တိုးတက်အောင် ကုန်းကျုံးရှာခဲ့သမျှတွေအားလုံး မိုင်းနက်စ်ထွက်နေကာမှ ဂုဏ်သိက္ခာတော့ ကျန်ခဲ့မယ်ဆိုတာ ထိပ်ထား ဘယ်လိုကျေနပ်ရမှာလဲ၊ မသမာမှုတွေနဲ့ရှာဖွေထားလို့ အားလုံးမြိတ်ပိတ်ခံလိုက်ရတယ်ဆိုတာ အတည်ဖြစ်သွားကာမှ ကျန်ခဲ့မယ့် ဂုဏ်သိက္ခာက ဘယ်နေရာမှာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထား အသံတွေတုန်အောင် ဖြစ်နေသည့်ဒေါသကို သတိထား မိလိုက်သဖြင့် ကိုသု ဆံပင်တစ်ချက်သပ်လိုက်ပြီး သက်ပြင်းချသည်၊ ဒီစကားကို ဒီအခြေအနေကနေ လျှော့ချပြောင်းလဲဖို့ ကြိုးစားလိုက်သေ မယ့် ထိပ်ထား က သူ မျက်နှာလွှဲတဲ့ဘက်ကို လိုက်မော့ကြည့်ကာ ...

"ဒီအဖြစ်တွေအားလုံးကို ဒက်ဒီ ရင်ဆိုင်လိုက်ရတဲ့အချိန်မှာ ကျွန် ကြောင့်ဆိုတာ သိလိမ့်မယ်၊ ဒါပေမယ့် ဘာမှမဟနဲ့ဘူး၊ သူ့ဟာသူ ဖြေရှင်းဖို့ ကြိုးစားရင်း လုပ်ငန်းတွေမှာ မိုင်းရပ်စ်ကိုက်ခံခဲ့ရတာ၊ တ ဖက်ကနေ လူယုံသတ်ပြီး ဘဏ်နှစ်ခုစလုံး ပျက်စီးသွားခဲ့တယ်"

"အဲဒါ မင်းပြဿနာ တစ်ခုတည်းမှ မဟုတ်ဘဲ"

"ဟုတ်တယ် .. လုပ်ငန်းကြီးတွေကို ကိုင်တွယ် ဖြေရှင်းနေရတဲ့ ဒက်ဒီလိုလူရဲ့ခေါင်းထဲမှာ အမြဲတမ်း ကလီးယားဖြစ်နေရမှာ၊ ဆော့ဖ်တို ကစပြီး ဖရိုဖရဲဖြစ်သွားပြီမှန်း သိလိုက်ရကာမှ ဒက်ဒီခေါင်းထဲမှာ ကောင်း ခြင်းအားလုံး ပျောက်ကုန်ပြီပေါ့၊ အဲဒါတွေဖြစ်ရတာ ထိပ်ထား ကြောင့် ဒီလောက်ထိ ယုတ်မာနိုင်လွန်းတဲ့လူတွေကို ထိပ်ထား အရှုံးမပေးနိုင်ဘူး ဘဏ်ကိစ္စတွေမှာ တရားခံအစစ်ကို လက်စဖျောက်တဲ့နည်းနဲ့ အ တရားကို သူတို့ဖျောက်ကွယ်နိုင်တာ ထားလိုက်တော့၊ ဒါပေမယ့် ပြဿနာနှစ်ရပ် ဆက်စပ်နေတာကို လူတွေသိအောင် ထိပ်ထား လုပ် တယ်၊ မီးရှို့တဲ့တရားခံကို မမိပေမယ့် မတော်တဆမီးလား .. ရှို့မီးလာ ဆိုတာ အားလုံး သိရမယ်"

"ထိပ်ထား .."

"ဦးသုရာဇဝင် ကျေးဇူးပြုပြီး ကျွန်မကို မတားဆီးဖို့ ပြောပါရစေ"

ထိပ်ထား လက်ကာတာရော ခေါင်းခါတာရော စုံသွားကာ ပြ လိုပြောလိုက်၊ အင်္ဂလိပ်စကားတွေ ဖြစ်သွားလိုက်နှင့် ကွန်ပျူတာ ဖျတ်ခနဲ ပြန်လှည့်သည်။

ကိုသု က လက်ကို ဖမ်းဆွဲထားလျက် ...





"နေဦး .. ဆော့ဖ်ဝဲတွေ ရေးပြီး ပညာရှင်လို မင်း မြောက်ကြွမာန် ဝင့်နေတဲ့အချိန်မှာ ဒါကိုအသုံးချပြီး လူငယ်တွေရဲ့စိတ်ကို သူတို့က နှိုးဆွ နှိုက်ယူသွားတာ၊ မင်းကလည်း ကိုယ့်အဖေရဲ့နယ်ပယ်ထဲကလူတွေမို့ ရင်းနှီးပြီးသားစိတ်နဲ့ ရိုးရိုးပဲတွေးပြီး မေးတာကိုဖြေတယ်၊ တောင်းတာ ကို ပေးခဲ့တယ်၊ ဒါပေမယ့် လူတွေက အဲဒီလိုမြင်မှာ မဟုတ်ဘူး"

ထိပ်ထား က လက်ကိုဆောင့်ရုန်းလိုက်ပြီး စူးစိုက်ကြည့်နေ၏။ ကိုသု မျက်နှာကလည်း စိတ်မရှည်မှုတွေ သိသာစွာဖြစ်နေလျက် ...

"မင်း ဒါကို တစ်ကနေ ပြန်စလိုက်တာနဲ့ ဦးမြင့်ထွတ်ခေါင် ဒီလိုဖြစ်ခဲ့တာ သူ့သမီးက လုပ်ငန်းရဲ့ဝက်ဘ်ဆိုက်တစ်ခုလုံးကို သူများ လက်ထဲ ရောင်းစားခဲ့လို့ဆိုတဲ့သတင်း ကြီးသွားမယ်၊ မင်း မှားခဲ့တဲ့ မတော်တဆမှုကို မဖော်နိုင်ခင် မင်းအဖေရော မင်းရော အတွဲလိုက်ကြီး ပြုဆင်းသွားမှာ .."

ထိပ်ထား မျက်ခုံးတန်းလေးတွေ တွန့်ကျသွားကာ နှုတ်ခမ်းသား တို့ကို ခပ်ဖိဖိ ကိုက်၏။

"မသိဘူး .. ထိပ်ထား ရေးခဲ့တဲ့ ပရိုဂရမ် ထိပ်ထား ပြန်ဖျက်မယ်၊ သူတို့လုပ်ထားတဲ့ ဝက်ဘ်ဆိုက်မှာ ချန်နယ်ဘယ်လောက်ကနေ ဘယ် လောက်ထိ အရောင်တင် ဖန်တီးမှုလဲ ..၊ ဘာက အစစ်အမှန်လဲဆိုတာ ထိပ်ထား အလွတ်ရပြီးသား၊ နံပါတ်နှစ်ခု နှိပ်လိုက်တာနဲ့ သူတို့ ဒက်ဒီ လောက် အဖြစ်ဆိုးသွားအောင် လုပ်နိုင်တယ်"

"ဒါကို တည်ဆောက်ဖျက်ဆီးနိုင်တာ ဘယ်နှစ်ယောက်ရှိမလဲ၊ ဘယ်သူဖြစ်နိုင်မလဲဆိုတာ သူတို့က မသိဘူးတဲ့လား၊ လျှို့ဝှက်ဝက်ဘ် ဆိုက်ထားပြီဆိုကတည်းက မင်းတင်ထားတဲ့အတိုင်း ထားရဲတာကို ပြန် တွေးကြည့်၊ ပြိုင်ဘက်ကို ဘယ်တော့မှ လျှော့မတွက်နဲ့ ထိပ်ထား၊ မင်း သိမ္မတော်နေလည်း သူတို့ မင်းထက် မညံ့နိုင်ဘူး၊ အခု မင်းကို ရဲဘော် ရဲဘက်စိတ်နဲ့ ကိုယ် သတိပေးတာ၊ ဒီပြဿနာထဲကို ပြန်မဝင်ပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ထိပ်ထား ကြောင့် ပျက်စီးကုန်တာလေ .. သူတို့ကိုလည်း ထိပ်ထား သိနေတယ်၊ သူတို့ ယုတ်မာတာကိုလည်း တုံ့ပြန်နိုင်တယ်၊ အဲဒါ ထိပ်ထား ဘယ်လိုအေးချမ်းစွာနဲ့ ငုတ်တုတ်ထိုင်နေရမှာလဲ"

"အတိတ်ကိုပြန်ပြီး အလှဆင်ဖို့ ကြိုးစားတာထက် အနာဂတ်မှာ အကောင်းဆုံးဖြစ်သွားမယ်ဆိုရင် ပိုပြီး အဓိပ္ပာယ်ရှိပါတယ်"

"မဟုတ်ဘူး .."

ထိပ်ထား က သူ့စကားကို ချက်ချင်း ပယ်ချ၏။

"စင်ပေါ်ကိုတက်ပြီး ပန်းကုံးစွပ်ခံနေပေမယ့် နောက်ကနေ သားရေကွင်းနဲ့ပစ်၊ ပြောင်းဖူးရိုးနဲ့ ပေါက်နေကြရင် အဲဒီလူ ပျော်နေမလား၊ ပြုံးနေရင်တောင် နှုတ်ခမ်းထောင့်တွေ မဲ့နေမှာပဲ"

"ထိပ်ထား .."

"ရှင့်ကို ထိပ်ထား ပြောပြီးပြီနော် .. လွှတ် .."

ထိပ်ထား ကွန့်ပျူတာရှေ့ ပြန်ရောက်မသွားအောင် ကိုသု အတင်းဖိဆုပ်ဆွဲထားလိုက်သည်။ ဒီကောင်မလေး မောက်စ်တစ်ချက် ရွှေ့လိုက်တာနှင့် အားလုံး ပြောင်းဆန်ကုန်မှာကို မတွေးရဲ ..။

"မင်းကို အစစ အဆင်ပြေအောင် မိဘလိုစေတနာထားဖို့ ကြိုးစားပြီး ဒက်ဒီနဲ့ မင်းရဲ့လူယုံတွေ အားလုံး ဟိုမှာ ဝိုင်းကြိုးစား လုပ်နေကြတာ၊ အခု မင်း ဒီမှာပဲအခြေကျဖို့ ကြိုးစားစမ်းပါ၊ ဒါတွေ မဖြစ်မနေ လုပ်ရမှ စိတ်ချမ်းသာမယ်ဆိုလည်း .."

"နောက်မှလို့ ပြောမလို့လား၊ ဒီမှာ ဦးသုရာဇဝင် ..."

"တော်စမ်း .. မင်း ငါ့ကို အဲဒီလို ရင့်ရင့်သီးသီးခေါ်တာကို ပြင်"

"မပြင်နိုင်ဘူး .. ထိပ်ထား အတွက် စိမ်းတာကျက်တာ အားလုံး အတူတူပဲ၊ ရှင်နဲ့ လက်ထပ်ခဲ့တာလည်း အားကိုးရှာပြီး တစ်ဘဝစာ အေးအေးချမ်းချမ်းနေတော့ဖို့ စိတ်ကူးနဲ့မဟုတ်ဘူး"

"ဒါဆို ပြော .. ဘာအတွက်လဲ"





"ဘုရားကို ကြည်ညိုလွန်းလို့ သာသနာ့ဆွေမျိုး ဖြစ်ချင်တာမျိုး၊ အန်ကယ်လ်ဟာ ဒက်ဒီရဲ့ တကယ့်မိတ်ဆွေကောင်းလို့ ထိပ်ထား လက်ခံမိတယ်၊ သူ ကူညီနေတာကို ယုံကြည်တယ်၊ ထိပ်ထား ဘဝမှာ သူတစ်ပါးရဲ့ အကူအညီရလိုက်လို့ မျက်ရည်လည်အောင် ဝမ်းသာခဲ့မိတာ အန်ကယ် ဦးရာဇမာန် ရဲ့နာမည်ကို ကြားလိုက်ရတာ ပထမဆုံးပဲ"

"ဪ .."

ဝမ်းသာဂုဏ်ယူသွားတာမျိုး မဟုတ်ဘဲ ကိုသု မျက်နှာက ချဉ်တူးတူးအကြည့်တွေနှင့်သာ ..။

ထိပ်ထား က ဂရုမစိုက်ပေ။

"အဲဒါကြောင့် အန်ကယ်လ် တစ်မျိုးတစ်မည်ထင်ပြီး ငြိုငြင်မှာကို စိုးတာ၊ နောက်ဆုံးတစ်ချက်က ထိပ်ထား လုပ်ချင်တာတွေ လုပ်ဖို့အတွက် ရှင်နဲ့ လက်ထပ်မှဖြစ်မှာမို့လို့ ..."

"အဲဒီလိုရင်းကို ကိုယ် သိပါတယ်၊ အဲဒါကြောင့် ဒက်ဒီကို ယုံကြည်နေတာလေး ရှိနေသေးတဲ့အတွက် ကျေးဇူးတင်တယ်"

ပြောပြီး မျက်လုံးချင်း စူးစိုက်သွားခဲ့လျက် ...

"ကိုယ်ကတော့ မင်းကိုလက်ထပ်ခဲ့တာ အဲဒါတွေနဲ့ပတ်သက်ပေမယ့် ဒါတွေကြောင့် မဟုတ်ဘူး၊ မြင်ကတည်းကကြိုက်တာ၊ ကြိုက်သွားပြီဆိုကတည်းက လိုက်ခဲ့တာ မင်း သိပါတယ်"

"သိတယ်၊ သိသမျှအကြောင်းတွေထဲမှာ ထိပ်ထား စိတ်မဝင်စားဆုံးက အဲဒါတွေပဲ"

"စိတ်မဝင်စားပေမယ့် လက်ထပ်ခဲ့ကြတာ တိုင်းသိပြည်သိ၊ သတင်းစာထဲမှာ သုံးရက်ဆက်တိုက် ထည့်ထားတာ၊ ဒက်ဒီ ရောက်လာရင်လည်း မင်းအဖေနဲ့ပတ်သက်တဲ့ မိတ်ဆွေအသိုင်းအဝိုင်းက ဖော်ရိန်နာတချို့ ပါလာလိမ့်မယ်၊ ကိုယ်တို့ကို လက်ထပ်ပွဲလုပ်ပေးမယ်၊ မင်းရဲ့ ဆွေးနွေးတင်ပြချက်တွေကို နားထောင် အကြံပြုကြမယ်"



www.burmeseclassic.com

"ဘယ်လို!..."

"ဟုတ်တယ် .. ကိုယ် ဒက်ဒီနဲ့ပြောတုန်းက လာမယ့်နေ့ကိုပါ သတ်မှတ်ပေးလိုက်တယ်၊ ဖောရိန်နာတွေပါလာမှာက ခုနက မင်း အားငယ်နေတာတွေကို ပြေပျောက်အောင် ဦးမြတ်ထွတ်ခေါင် ရဲ့သစ္စာတရားကို ယုံကြည်လက်ခံကြတဲ့မိတ်ဆွေတွေ၊ မင်းနဲ့တွေ့လိုက်ရင် မင်း ကျေနပ်သွားမယ်ဆိုတာ သိလို့ အထူးစီစဉ်နေတာ၊ ကိုယ်ကတော့ လက်ထပ်ပွဲ တခမ်းတနားဖြစ်အောင် ဒီက စီစဉ်ထားရုံပဲ"

"အို .. ခမ်းနားစရာ မလိုပါဘူး"

"ဘာလို့ မလိုရမှာလဲ၊ သတင်းစာထဲထည့်ရုံနဲ့ ဂရုမစိုက်ချင်သလို မင်းရဲ့မျက်လုံးတွေဖြစ်နေတာ အခြေအနေက အဝါကဒ်ကျဖို့ပဲ များနေတယ်"

ရယ်မြူးရိပ်တို့နှင့် မျက်ဝန်းတွေက မုန်းစရာကောင်းသလို နှုတ်ခမ်းတွေ တွန့်တက် လှုပ်ခတ်နေပုံက မေတ္တာထားချင်ဖွယ် တစ်စက်မှ မရှိ ...။

သူ့ကို ချစ်ခင်ဖွယ်ကြည့်နေသည့် ထိပ်ထား မျက်ဝန်းတွေကိုလည်း ကိုသု က နားလည်နေလျက် မချိုမချဉ် ပြုံးလိုက်ကာ ...

"မင်း ဘယ်လိုမှ နှုတ်ထွက်ရှောင်ပြေးမသွားနိုင်အောင် ကိုယ့်ဘက်က ဘာဖြစ်ဖြစ် လုပ်ရတော့မှာ ...၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"မသိချင်ဘူး .."

"မသိချင်လည်း ပြောရမှာပဲ"

သူက ထိပ်ထား လှည့်ပစ်လိုက်သည့်ရှေ့မှာ ဝိတ်ရပ်ပြီး လက်ပိုက်ထားလျက် ...

"တစ်လောကလုံးမှာရှိတဲ့ အချောအလှတွေ စုပုံပြီး ကံစမ်းမဲပါ အပိုဆောင်းဦးမယ်ဆိုရင်တောင် မင်းတစ်ယောက်နဲ့ ကိုယ် မလဲနိုင်ဘူး အဲဒီလောက်ထိ .."





"သေလိုက် .."

"ဟား .. ဟား .. ဟား"

တမင် ရွဲ့ချိတ်ချိတ်ပြောနေသည့်မျက်နှာကြီး မျက်စောင်းထိုးကာ ရင်ဘတ်ကြီးကိုပါ တွန်းပစ်ခဲ့မိသည်။

စိတ်တွေရှုပ်ထွေးနေပြီဆို မတည့်တာတွေ သူ ပြောမည်။ ဒေါသဖြစ်နေမှန်းသိနေလည်း ရင်ခုန်တာတွေ ဖင်တုန်တာတွေ မပါဘဲနဲ့ မပြီး။

သူရောက်လာပြီဆို ထိပ်ထား ရဲ့စူးစိုက်နေသမျှတွေ၊ ရည်ရွယ်ထားသမျှတွေ ဘာတွေ ဘယ်လိုပျောက်ရှကုန်မှန်း မသိ ...။

တတ်လည်းတတ်နိုင်တဲ့လူ ...၊

www.burmeseclassic.com



## အခန်း [ ၅၅ ]

"သူက ကျွန်တော့်သားငယ်လေးပါ၊ နာမည်က သုသမိုင်း"

ကားမှောက်ပြီး ဒီလိုဖြစ်သွားတဲ့အထိ ဦးရာဇမောန် က ညွှန်သည် အားလုံးကို ရှင်းပြသည်။ မြန်မာပေမယ့် ဂျပန်လူမျိုးလို့ ထင်ရလောက်အောင် မျက်နှာကျပုံ ပြင်ဆင်နေထိုင်ပုံနှင့် ဦးရာဇမောန် သည် ရောဂါသည်ဖြစ်နေသော မည်းမည်းညစ်ညစ်ပုံ သားရဲ့လက်ကို ဟယုတယ ဆွဲကိုင်ထားပုံက သနားကြင်နာမှုတွေ အပြည့် ..။

ပြီးတော့ ပခုံးဖက်လိုက်၊ ခေါင်းလေးပွတ်လိုက်နှင့်ရှိကာ မျက်ဝန်းအိမ်မှာ မျက်ရည်ရောင်တွေနှင့် စိုလက်နေသေးသည်။

နိုင်ငံခြားဧည့်သည်တွေ၊ နိုင်ငံခြားသားမိတ်ဆွေတွေ ပြည့်သိပ်နေသည့် ဧည့်ခံပွဲထဲမှာ ဒီသားငယ်ကို ဆွဲကိုင်ထားရတာ သိမ်ငယ်သည် မထင်သည့်ပြင် မိုင်းကို ကြည့်နေသည့်အကြည့်တွေက တစ်ချက်တစ်ချက် ဧည့်ခံပွဲနဲ့ ပရိသတ်တွေကိုတောင် မေ့သွားတတ်သလိုပင် ..။

ပျက်စီးသွားခဲ့သမျှ အတိတ်ကဖြစ်ရပ်အားလုံးသည် လူတွေမသိနိုင်သော လေညှာအရပ်တစ်ခုဆီမှာ အဆိပ်တို့ဖြင့် အတိပြီးခဲ့သလိုမျိုး..။

"သားငယ်ကို ကျွန်တော် ချစ်တယ် .. သိပ်ကိုချစ်ခဲ့တာပါ၊ သူ ဒီလိုဖြစ်နေခဲ့တာ ကျွန်တော် မသိခဲ့တဲ့အတွက် .."





ရှင်းပြနေရင်း ဆက်မပြောနိုင် ..၊ သူ့ကိုပြန်ကြည့်ရင်း မျက်ခုံးလေးတွေ စုကျုံ့သွားသည့် မိုင်း ရဲ့အကြည့်တွေကို သူ စိုးရိမ်သွားကာ ...

"တကယ်ပါ .. သားကို ဒက်ဒီ ချစ်ပါတယ်"

ဧည့်သည်တွေကို မေ့ကာ အထပ်ထပ် အတည်ပြုနေခဲ့သည်။ တကယ်တော့ သူ ရက်စက်သလို ပြုခဲ့မိတာတွေဟာ သားငယ်က သူ့အမေအတွက်လို့ တစ်ခြမ်းစီ သူကိုယ်တိုင် ခွဲခြားမိခဲ့တဲ့အထိ ..၊

ဒါပေမယ့် ကြေလွင့်ပျက်စီးကုန်ကြပြီဆိုကတည်းက ပူလောင်ခဲ့ရတဲ့ရင်ထဲမှာ သားငယ်အတွက် စိုးရိမ်စိတ်တွေ ဖိစီးခဲ့သည်။ ဒါဟာ မေတ္တာတရားတွေပါ၊ ရက်စက်တာတွေကိုပဲ သူ ပြောဖြစ်ခဲ့သလောက် တသိမ့်သိမ့် ကြေကွဲခံစားခဲ့ရတာတွေကိုတော့ မကြေငြာရဲခဲ့ပေ ..။

ထိုအကြောင်းအရာတွေဟာ သူတို့မိသားစုအတွက် ပဋ္ဌလက်ဆန့်သည့်ဒုက္ခတွေ ဖြစ်သည်။

"ဟိုင်း .."

"ဟိုင်း .. မစ္စစ်ဂျန်နာ"

"ကွန်ဂရက်ကျူလေးရှင်း မစ္စစ်ဂျန်နာ"

"သင့်ခ်ယူ"

ဧည့်ခံရေးကနေ ဆွေးနွေးခြင်းသို့ရောက်သည်နှင့် စားပွဲရှည်ကြီးမှာ သူတို့တွေ ဝိုင်းဖွဲ့ကာ ထိပ်ထား ကို လေးစားခင်မင်ခြင်းများဖြင့် နှုတ်ဆက်ကြ၏။ နိုင်ငံအသီးသီးကနေ ရောက်အောင်လာခဲ့ကြသည့် ဒက်ဒီ မိတ်ဆွေတွေကို နှုတ်ဆက်ရင်း ထိပ်ထား မျက်ရည်ဝေ့မိသည်။

အရေအတွက်အားဖြင့် မများသော်လည်း နိုင်ငံလုံးကျွတ်က ထောက်ခံမဲတွေ ရလိုက်သလို ကြည်နူးစိတ်တွေကြောင့် ပြုံးလည်း ပြုံးနေမိလျက်နှင့် ငိုချင်လာသည်။ သူတို့က စပြီး မေးကြသည်။ သူတို့ကပဲ နားလည်ကြောင်းပြော၍ သိချင်တာကို မေးကြသည်။

ထိပ်ထား က ပြောချင်နေသူမို့ မေးသမျှ မေးခွန်းတွေကို ဖြေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မဆန်းပြားပေမယ့် ခမ်းနားသောမင်္ဂလာပွဲက သတင်းမီဒီယာတွေကြောင့် အကျယ်တဝင့်ဖြစ်ဖို့ရှိကာ ဦးရာဇမာန် ကိုယ်တိုင် တားဆီး ဖြေရှင်းနေရသည်။ ဓာတ်ပုံသမားတွေကိုတော့ ကိုသု ရဲ့သူငယ်ချင်း ကျော်ရဲ က တောင်းပန် ကာဆီးနေလျက် ...

"ဓာတ်ပုံရိုက်လို့ မရပါဘူး၊ အသံမဖမ်းပါနဲ့ .. မင်္ဂလာပွဲပါ၊ ဒါ ညှိခံရေးအစီအစဉ်ပါဗျာ၊ အားလုံးပဲ ကျေးဇူးပြု၍ပါ၊ ပါစင်နယ်ကော့စ်နဲ့ ပတ်သက်တာ ဘာမှ ကျွန်တော်တို့ ခွင့်မပြုနိုင်ပါဘူး"

ရိုင်းတာ ယဉ်တာတွေလည်း မတတ်နိုင်တော့ဘဲ ဓာတ်ပုံကင်မရာတွေနှင့်လူတစ်စုကို ကျော်ရဲ ပြောတတ်သလိုပဲ ပြောမိတော့သည်။ အဆင်မပြေနိုင်သည့်အပိုင်းကိုတော့ ဦးရာဇမာန် ကိုယ်တိုင် ဝင်ပါရကာ ...

"မလွယ်ပါလား" လို့ ခပ်တိုးတိုး ညည်း၏။ ညှိခံပွဲ၏ လေးပုံတစ်ပုံလောက်က ဖော်ရိုန်နာတွေ ဖြစ်နေသည့်ပြင် ဒီပွဲမှာ ဒေါ်နန်း ရဲ့တူမတွေ မဖိတ်ဘဲ ရောက်လာတာမြင်လိုက်ကတည်းက ကိုသု က သတိထားဖို့ ပြောခဲ့သည်။ ဒီလိုဖြစ်လာဖို့ရှိသလို ဖြစ်အောင် တိုက်တွန်းကြံဆောင်မယ့်လူတွေ ရှိနေတာကို ထောက်ပြထားပြီးသား ..။ ဒါတောင် သူတို့တွေ ရှင်းမနိုင်ဖြစ်နေတာကို စင်ဒရဲ က ကပ်ရိသွားသေးသည်။

"ဒေါ်ဒေါ်ကိုလုပ်သလို ရှင့်ရဲ့ ထိပ်ထား ကို ထောင်ထဲရောက်သွားအောင်တော့ မလုပ်နိုင်ပါဘူး၊ ဒါပေမယ့် ကျွန်မတို့ကြောင့် ရှင်တို့ ဒီညအိပ်ရေးပျက်ရတယ်ဆိုရင်ပဲ ကျေနပ်ပြီ" တဲ့။

သူတို့သားအဖတွေ ဘယ်လောက်ရင်ဆိုင်လိုက်ရတာကို ထိပ်ထားကတော့ တစ်ချက်မှမကြည့်ပေ။ သူမက ဓမ္မသမျှလူကို ဘာသာစကားမျိုးစုံနှင့် ပြောမကုန်နိုင်အောင် ရှိနေခဲ့လျက် .. သုရာဇဝင် ဆိုတဲ့ကောင် သူမအားကနေ ယထွက်သွားတာ၊ ပြန်ဝင်တိုင်တာ ဘယ်နှစ်ခါရှုပ်ရှုပ်၊ ဘာတွေဖြစ်ဖြစ် ..။

နှုတ်ဆက်ထွက်ခွာကြပြီးဆိုမှ သူ စီးကရက်သောက်ခွင့် ရသည်





ပြန်ကြည့်လိုက်တော့ ထိပ်ထား ဘယ်ရှောက်သွားမှန်း မသိ ..။

"ဘာတွေရှာနေတာလဲ၊ မျက်လုံးကြီး ပြူတ်ထွက်ကျဦးမယ်"

ကျော်ရဲ က လက်မောင်းကို လက်သီးဆုပ်နဲ့ဖိထိုး၍ စပ်ဖြဲဖြဲ ..။

"ပြောတုန်းကတော့ ဖြူဖပ်ဖပ် ပိန်ညှော်ညှော်နဲ့ ဘာလေးမှန်း မသိဘူးဆို"

"မင်းကလည်း တစ်မျိုး"

"ဟား .. ဟား .."

"ဘာရယ်တာလဲ .. ပြန်မှာဖြင့် ပြန်၊ ဆယ့်တစ်နာရီကျော်နေပြီ"

"ဘယ်နှစ်နာရီဖြစ်ဖြစ်ပေါ့ကွ၊ လူစိမ်းတွေမှ မဟုတ်တာ၊ ဒီည မင်းရဲ့ဘာချလာနိုက်"

"ဘာနိုက်မှ မဟုတ်ဘူး၊ လက်ထပ်ပြီးတာ ကြာပြီ"

"လုပ်မနေပါနဲ့ ဖိုးသု ရာ .."

ကျော်ရဲ က ဟက်ဟက်ပက်ပက်ရယ်ပြီး မျက်နှာကိုငုံ့ကြည့်သဖြင့် ကိုသု မျက်နှာမချိုမချဉ်နှင့် အတင်းကြီးတည်ထားရခြင်းသို့ရောက်လျက်...

"အဲဒါညီပြောတာ .. ပြဿနာရှာဖို့မကြိုးစားဘဲ ပြန်လိုက်တော့"

"အေးပါ.. ပြန်ဆိုလည်း ပြန်ပါ့မယ်၊ မင်း သတ္တိမရှိခဲ့တာကို ဝန်ခံလိုက်၊ မြကီသောထိပ်ထား ဆိုတဲ့ ချာတိတ်မလေးကို မတို့ရဲမထိရဲနဲ့ ပတ်ချွေနေရတုန်းကဲဆိုတာ .."

"ဟောကောင် မတွေ့ခဲ့တာမဟုတ်ဘူး၊ သနားလို့ချမ်းသာပေးထားတာ"

"လုပ်ပြီကွာ .. အေးပါ လုပ်ပါ၊ လူရှိန်တာပေါ့"

ရယ်သံတွေ အတော်မသဘ်နိုင်ပေမယ့် ကျော်ရဲ ပြန်သွားရှာသည်။ သူ အခန်းထဲဝင်လာတော့ ရေချိုးပြီးစပုံစံနှင့် အဖြူရောင်ဂါဝန်ရှည်ကိုခါးစည်းအနိုလေးနဲ့ ဖြစ်သလိုပတ်ချည်ထား၏။ ဒက်ဘီနဲ့ မိုင်း အတွက် ပန်းသီးတွေ သချွန်းစိပ်ကျွေးနေတာ ခုချိန်ထိ သူ့အတွက် ခေါင်းထဲမှာ ရှိနေဟုခံပေါ့။

မျက်နှာလေးက အပြောင်သားနှင့်၊ ဆံပင်တွေကို နဖူးကနေ နောက်ပြာ

www.burmeseclassic.com



ရောင်ခေါင်းပတ်လေးနဲ့ ဘီးကုပ်ကြိုးနဲ့တင်သလို သိမ်းတင်ထား၏။

"ကိုယ့်အတွက် အဆာပြေ ဘာစဉ်ခုခုရော မပါဘူးလား"

ခပ်ချဉ်ချဉ်ဖြစ်လာတာနှင့် အနားမှာ သွားကပ်ပြီး ရိုလိုက်သည်။

"ကိုကိုကြီး .. ကိုကိုကြီး စား မ လား .. မား မ ကိုကိုကြီးကို ကျွေး ဦး .."

သုံးယောက် ခေါင်းချင်းဆိုင်သွားတာကို လှမ်းမြင်ကာ ဦးရာဇမာန်က လက်ပ်တော့ပ်ကိုပိတ်၍ နေရာမှထရပ်ရင်း ...

"သားငယ် ဒီကိုလာ၊ ဒက်ဒီနဲ့ ဝရန်တာမှာ စကားပြောရအောင်"

"ဒီ မာ .. ကိုကိုကြီး .."

"အေးပါ.. သားကိုကိုကြီးအတွက် မမ လုပ်ပေးမှာပေါ့၊ လာ.. ဒီကို"

"အန်ကယ်လ် .. မိုင်း က ပန်းသီးစားချင်တယ်ဆိုလို့ ထိပ်ထား လုပ်နေတာ၊ ဝရန်တာကို လာပို့ပေးမယ်နော်"

အဲဒီလောက်ထိ ဂရုစိုက်တာတွေထဲမှာလည်း သုရာဇဝင် ဆိုတဲ့ ကောင် မပါ..။ သူ ဘာမှမပြောတော့ဘဲ မဲ့ချင်နေပေမယ့် ပြုံးဟန်ဆောင်ရင်း ဒီတိုင်းပဲ ကြည့်နေလိုက်သည်။

"တော်ပါပြီ သမီးရယ် .. အိပ်ချိန်နီးနေကာမှ အစာမကြေဖြစ်ပါ့မယ်၊ ခုနကပဲ ပျားလိမ္မော်တွေ ဒက်ဒီတို့ကို သမီး ခွာကျွေးခဲ့သေးတယ်၊ နေပစေ .. နားကြတော့"

သူလည်း နားချင်ပါပြီ။ ဒါပေမယ့် မိုင်း က လတ်ဆတ်နေတာမို့ ထိပ်ထား နားက တော်တော်နဲ့ခွာမှာ မဟုတ်တာကို သိနေသည်။

ထို့ကြောင့် ဝရန်တာကို ခေါ်ထွက်ခဲ့ရခြင်း ဖြစ်၏။ ထိပ်ထား က တော့ အခွံခွာပြီးဖြစ်နေသည့် ပန်းသီးကို ပြီးဆုံးအောင် စိပ်ချလိုက်ပြီးမှ—

"ရှင် ဒါပဲ စားမလား"

"မစားဘူး"

မျက်လုံးချင်း ဒိုင်းခနဲ ဆုံသွားသည်။ တမင် ဘုကြည့်ကြည့်နေ





သည့်မျက်နှာကို ထိပ်ထား က စိုက်ကြည့်၍ ...

"ရှင်က အပေါင်းအသင်းတွေနဲ့ ကျန်ခဲ့တော့ သောက်စားပြီးမှ ထ,လာတာ မှတ်လို့"

"ကိုယ့်ရုပ်က မူးယစ်တွေပြားနေတဲ့ပုံ ပေါက်နေသလား"

"မသိဘူးလေ .. အဲဒါမျိုး ထိပ်ထား မှ မမြင်ဘူးတာ"

"ကိုယ်လည်း မင်းလိုမိန်းမမျိုး မမြင်ဖူးဘူး"

"ခု - မြင်ဖူးသွားပြီပေါ့"

"ဟုတ်တယ် .. တော်တော် စိတ်ပျက်ဖို့ကောင်းတာ၊ စိတ်ရှိလက်ရှိ ကိုင်ပေါက်ပစ်ချင်အောင် လှုပ်နှိုးနိုင်တာ၊ အဲဒါမျိုး မင်းလိုမိန်းမပဲ တတ်နိုင်မှာ သေချာတယ်"

"နောက်ထပ်သေချာတာ ရှိသေးတယ် .. မှတ်ထားဦး"

ထိပ်ထား က ပန်းကန်ကိုရော ဓားလေးကိုပါ အသံမြည်အောင် ချထားလိုက်ပြီး လက်ဖဝါးချင်း ပွတ်သပ်ခါ၍ ...

"ခုညတွင်းချင်း ကွာရှင်းကြပါစို့လို့ ရှင့်ပါးစပ် ပြောလာအောင် ကျွန်မ တတ်နိုင်သေးတယ် .. ယုံလား"

"မယုံဘူး"

မျက်နှာက ရယ်မလို မဲ့မလို မှန်းစရာ ..။ ထိပ်ထား မျက်စောင်းထိုးကာ သူ့ရှေ့ကနေ လှည့်ထွက်လာခဲ့သည်။ သူက နောက်ကနေ ထပ်ချပ်မကွာ လိုက်ပါလာလျက် ...

"မင်းက တတ်နိုင်လည်း ကိုယ်က ဘယ်တော့မှ ကွာရှင်းပေးမှာ မဟုတ်ဘူး၊ အဲဒါလည်း မှတ်ထားဦး၊ ခေါသဖြစ်နေလေ ချစ်ဖို့ကောင်းလေ၊ မင်းကို ကိုယ်က ချစ်ဖို့ပဲ စဉ်းစားနေတာ"

ထိပ်ထား အခန်းထဲဝင်ခါနီးမှ သူ့ကို ပြန်လှည့်ကြည့်ကာ ...

"ရှင်က ကိုယ့်အခန်းကိုမဝင်ဘဲ ဘယ်ကိုလဲ"

"ကိုယ့်အခန်းက မင်းအခန်းပဲလေ"



BURMESE CLASSIC .com
www.burmeseclassic.com

"ဒီမှာ .."

"ဟင် .."

"ရှင် အစတုန်းက ဒီလိုမဟုတ်ဘူး"

"မင်းက ဘယ်လိုထင်လို့လဲ"

"မိန်းမရပြီဆိုတဲ့အသိနဲ့ကျမှ သွေးပွက်ပွက်ဆူနေတယ်လို့ထင်တယ်"

"ဒါဆို မင်းကို ကိုယ် လက်ထပ်ပြီးကတည်းက ဒီနေ့ထိ ဘာမှ မဟားတရားမကြံခဲ့တာကျတော့ရော .."

ထိပ်ထား က မဖြေ ..။

"ကိုယ့်အတွက် အမှတ်ပေးဖို့လည်း စဉ်းစားဦး"

"မစဉ်းစားနိုင်ဘူး .. ထိပ်ထား လက်ထပ်ထားတဲ့အဖြစ်ကို သတိကို မရချင်တာ"

ရှုံ့မဲ့မဲ့လေးဖြစ်သွားတော့ သူ ထိပ်ထား ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ မီးရောင်ဖြာနေသည့်အောက်မှာ ဖြူနုသည့်မျက်နှာလေးက ထူးထူးဆန်းဆန်း လှနေ၏။ သူ့မျက်လုံးထဲမှာ သူမ ဘယ်လိုနေနေ၊ ဘာတွေပြောပြော ရင်ခုန်သံတွေချည်း ဖြစ်နေခဲ့တာ ဘယ်လိုတိုက်တွန်းချက် ဖိအား တစ်စုံတစ်ရာမှ မပါခဲ့ပေ။

"ကိုယ် မင်းကို သွေးဆူနေလို့ အနားကပ်ချင်တာ မဟုတ်ဘူး၊ 'ဦးကို' ဆိုတဲ့ကောင်အဖြစ် ရှိနေတုန်းကလည်း ချစ်တယ်၊ ဦးသု ဖြစ်သွားတော့ ပိုင်ဆိုင်ချင်တယ်၊ လက်ထပ်ထားပြီးတော့ ဘယ်လိုမှ ဆုံးရှုံးမခံနိုင်မှန်း ကိုယ်တစ်ယောက်တည်း သေချာခဲ့တယ်၊ မင်းဘက်က ဘာဖြစ်လို့ ဒီလောက်ထိ အေးစက်နေရတာလဲ"

"ဖယ်ပေးပါ .. စိတ်ညစ်နေလို့ပါဆို"

"မင်းကို ကိုယ် အရမ်းချစ်တယ်"

နမ်းမယ်ပြင်လာတော့ ထိပ်ထား မျက်နှာလွှဲမိကာ ...

"မနက်ကျမှ ပြောပါ၊ အခု သွားအိပ်ပါတော့"





"ဘယ်သွားအိပ်ရမှာလဲ"

"ရှင် မင်္ဂလာခန်းပြင်ထားတဲ့အခန်းမှာ အိပ်၊ ထိပ်ထား ဒီမှာပဲ အိပ်မယ်"

တံခါးဖွင့်လိုက်တော့ လက်ကို သူက ပြန်ဆွဲထားကာ ...

"စာချုပ် ချုပ်ထားလိုက်တုန်းက လက်ထပ်ပွဲအဖြစ် မသတ်မှတ်နိုင်သေးဘူးလို့ သဘောထားပြီး မင်းရင်ထဲကို ကိုယ် စာနာပေးခဲ့တာ၊ မင်းရဲ့ရင်းနှီးမြှုပ်နှံမှုကိုလည်း လိုချင်လို့၊ အခု ကိုယ်တို့ တံခမ်းတနားလက်ထပ်ပြီးပြီ .. ခွဲအိပ်ရဦးမလား"

"ရှင် အခွင့်အရေးတွေ ရွှတ်ပြမနေပါနဲ့၊ အန်ကယ်လ်လည်း မအိပ်သေးဘူး၊ လူကြီး သိသွားတဲ့အထိ ရှင်နဲ့ ထိပ်ထား ပဋိပက္ခတွေဖြစ်ရရင် မကောင်းဘူး၊ အိမ်ထောင်ရေးတွေ နောက်မှ ဆွေးနွေးရအောင်၊ တောင်းပန်ပါတယ် ဒီည .."

"ကိုယ် ခွင့်မပြုနိုင်ဘူး"

သူ ထိပ်ထား ပခုံးလေးကိုဖက်၍ အခန်းထဲ လှည့်ဝင်လိုက်သည်။ သူပဲ တံခါးပြန်ပိတ်ကာ ...

"ကဲ .. ကိုယ်နဲ့ ရန်ဖြစ်ချင်သလား၊ ဒီထဲမှာ အသံလုံတယ်"

"ရှင် .. ရှင့်ကို .. ဟင်!..."

ထိပ်ထား စကားပြောရင်း မျက်လုံးရောက်သွားတော့ အံ့ဩနုနုနှစ်ယောက်အိပ်ခုတင်နှင့် မွေ့ရာကြီးက ပြုံးပြုံးရယ်နေလျက် ..။

"ဒါ .. ဒါကြီးကို ဒီမှာပြင်ထားတယ်"

"ဟုတ်တယ်၊ ဒက်ဒီ ရောက်လာလို့ မင်းအိပ်ခန်းပြောင်းပြီး ပြင်ထားကတည်းက မင်းရဲ့စိတ်ကူးတွေကို ဖျက်ပစ်ဖို့ ကိုယ် စီစဉ်ခဲ့တာ"

ထိပ်ထား မျက်လုံးလေး ဝိုင်းလျက် ကြောက်ရလန့်ရမှန်းလည်း သတိရလာသည်။ လက်ထပ်ခြင်းရဲ့နောက်မှာ ဒီလို ရှောင်လွှဲမရနိုင်တာတွေ ရှိနေသည်မှန်းလည်း ထည့်မတွက်မိခဲ့ ..။

www.burmeseclassic.com



'ငါ့သူငယ်ချင်း အိုတော့်မှာပေါ့' လက်ထပ်ပွဲကို မလာနိုင်အောင် အဝေးရောက်နေသည့် ချိုချို့ ထံမှ မေးလ်ရောက်လာတုန်းကလည်း စိတ်ထဲမှာ ဖျင်းခနဲ ဖြစ်မိရဲ့ ..။

"ဟင့်အင်း .. ရှင် .. ရှင် ထွက်သွားပါ"

"ကြောက်နေတာလား"

သူက ဘောင်းဘီအိတ်တွေထဲ လက်ထည့်ထားရင်း ရယ်နေသည်။

"သတ္တိကောင်းနေတော့လည်း မင်းပဲ၊ ဒါပေမယ့် ကြောက်နေတာလည်း ချစ်ဖို့ကောင်းတာပဲ"

"ရှင်နော် .."

ပြေးချိန်မရလိုက်ဘဲ ထိပ်ဘား ကိုယ်လေး သူ့ရင်ခွင်ထဲရောက်သွား၏။ နွေးနေသည့် သူ့နှုတ်ခမ်းအစုံက ထိပ်ထား မျက်နှာလေးရှေ့မှာ ဝေ့ဝဲလျက် ...

"ကြောက်ရင် ကိုယ့်ကို ပြန်ဖက်ထားလိုက်၊ ပြီးရင် မျက်လုံးတွေ မှိတ်ထား .."

ဒီတစ်ခါ ကြောက်ကြောက်လန့်လန့် နာခံခဲ့မိသည်။ တပ်မက်စွာ ဖြန့်ခင်းလာသည့်အနမ်းတွေကြောင့် တုန်ယင် ညွတ်နွေလာတော့ သူ့ ကျောပြင်ကို ပြန်ဖက်ထားမိ၏။ ပြီးတော့ အလင်းရောင်ကို ကြောက်ရွံ့ အရှက်သည်းနေသည့် မျက်ဝန်းတွေကို အတင်းဖိကပ်မှိတ်ထားရင်း ပို၍ သိပ်သည်းသော အမှောင်တိုက်ထဲသို့ ..။

ပရိသတ်အတွက်

ထားဝေ



BURMESE CLASSIC .com

www.burmeseclassic.com